www.burmeseclassic.com

ဟက္ကသိုင်၏

သိုင်းကျမ်းရမွှက်
ဆွေးနွေ့စကာ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၄၉၀၃၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၀၅၀၃၀၇

၂၀၀၇ - ခုနှစ်
ပထမအကြိမ် - အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၀၀၀/- ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၅-H နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးဝင်းကျော်မိုး၊ မုံရွေးပုံနှိပ်တိုက်
အမှတ် ၁၄၀၊ ၄၅-လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

**နိုင်ငံတော်အရေးသုံးပါး**

☆ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
☆ ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

☆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်၌ရှိရေး၊

**လူမှုရေးဦးတည်ချက်(၄)ရပ်**

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
☆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## သံမဏိတံခွန်ဟူသည်

ဖူချောင်မြို့သည် ရှန်စီးပြည်နယ်အတွင်းရှိသောမြို့ကြီးတစ်မြို့ဖြစ်၍ လူဦးရေထူထပ်သောမြို့ကြီးဖြစ်သည်။ လှေ၊ မြင်း၊ မြင်းရထားတို့ ကြုံဆုံရာခရီးလမ်းဖြစ်ခြင်းကြောင့် အထူးပင် စည်ကားလှပေသည်။

တောင်မှမြောက်၊ မြောက်မှတောင်၊ အရှေ့မှအနောက်၊ အနောက်မှအရှေ့သို့ သွားလာရာတွင် ဤမြို့၌ပင် ကုန်စည်ဖလှယ်ကြပေသည်။

ထို့ကြောင့် စီးပွားရေးအချက်အချာကျသော မြို့ကြီးတစ်မြို့ဖြစ်သည်ဟုလည်းဆိုနိုင်ပေသည်။

ဤမြို့တွင် ....

ကုန်သည်ပွဲစား လက်လုပ်လက်စားများ စည်ကားများပြားသလို သူဌေးသူကြွယ်၊ ဆင်းရဲသားများလည်း မိုးတွင်း နေ့ထိုင်လျက်

www.burmeseclassic.com

www.burmeseclassic.com



ရှိကြသည်။

ထိုအထဲတွင် အာမခံသယ်ယူပို့ဆောင်ရေးလုပ်ငန်းများလည်းရှိသည်။ ကုန်သည်ပွဲစား သူဌေးသူကြွယ်များရှိသည်ဆိုသည့်နောက်တော့ အာမခံသယ်ယူပို့ဆောင်ရေးလုပ်ငန်းလည်း ရှိရတော့မည်ပေါ့။

ဤအာမခံလုပ်ငန်းများအနက် ....

လူသိထင်ရှားအရှိဆုံးမှာ သံမဏိတံခွန်အမည်ရှိ အာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့ပင်ဖြစ်၏။

ဤအဖွဲ့မှာ ဖူချောင်မြို့တွင်သာမက ရှန်စီးပြည်နယ်တစ်ခုလုံးတွင် ထင်ရှားကျော်ကြားလေသည်။

မှန်သည်။ မြန်သည်ဟူသော ကြွေးကြော်ချက်မှာ ဤအဖွဲ့၏ကြွေးကြော်ချက်ပင်ဖြစ်သည်။

ရှန်စီးပြည်နယ်ရှိအခြားမြို့ကြီးများတွင် အာမခံလုပ်ငန်းများ မရှိမဟုတ်။ ရှိပါသည်။

သို့သော် .... သံမဏိတံခွန်အဖွဲ့ကဲ့သို့ မှန်ခြင်း မြန်ခြင်း မရှိသဖြင့် သံမဏိတံခွန်အဖွဲ့လိုကျော်ကြားခြင်းမရှိပေ။

အဖိုးတန်ပစ္စည်းများသယ်ယူပို့ဆောင်လိုသူတိုင်းက သံမဏိတံခွန်အဖွဲ့ကိုသာ လုပ်ငန်းအပ်နှံလေ့ရှိကြသည်။

သံမဏိတံခွန်အာမခံပို့ဆောင်ရေးအဖွဲ့၏ပိုင်ရှင်ကား သိုင်းပညာရှင်ကြီး မိန့်ဂူးချုန်ပင်ဖြစ်သည်။



မိန့်ဂူးချုန်သယ်ပို့သောပစ္စည်းများကို လူဆိုးဓားပြများသည် ဝင်ရောက်မလုယက် မတိုက်ခိုက်ရဲပေ။

မိန့်ဂူးချုန်ကိုယ်တိုင်သည်လည်း အလွန်ရိုးသားဖြောင့်မတ်သူဖြစ်သည်။ သစ္စာရှိသူဖြစ်သည်။

သူသယ်ယူပို့ဆောင်ပေးရသောပစ္စည်းများ မပျောက်ရလေအောင် အထူးဂရုစိုက်သည်။

သူ့အဖွဲ့သားများလည်း အလွန်ရိုးသားကြသည်။

သစ္စာရှိကြသည်။

သူတို့ပစ္စည်းတစ်ခုကို အောင်မြင်စွာပို့ဆောင်ပြီးတိုင်း အပိုကြေးငွေများကိုရရှိကြသဖြင့် အားလုံးပျော်ပျော်ရွှင်ရွှင် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ကြလေသည်။

မိန့်ဂူးချုန် အဓိကထားသော အချက်တစ်ချက်ရှိသည်။

ဤသည်မှာ အဖြစ်မကောင်းသောပစ္စည်းဆိုလျှင် လုံးဝသယ်ယူပို့ဆောင်မပေးခြင်းပေတည်း။

ထိုသို့သောအချက်များကြောင့် ....

သံမဏိတံခွန်အာမခံပို့ဆောင်ရေးအဖွဲ့သည် အားလပ်ချိန်မရှိသလောက် အလုပ်များနေပေတော့သည်။

သံမဏိတံခွန်အာမခံပို့ဆောင်ရေးအဖွဲ့ဟု အမည်ရေးထိုးထားသော မြို့ကြီး၏တစ်ဖက်တွင် အိမ်ဂေဟာကြီးတစ်ခုရှိ၏။

ထိုအိမ်ဂေဟာကြီးမှာ မိန့်ဂူးချုန်နေထိုင်သော အိမ်ဂေဟာ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကြီးပင်ဖြစ်သည်။ ထိုအိမ်ဂေဟာ၏ ရှေ့မြေကွက်လပ်တွင် မိန်းမပျို တစ်ဦးသိုင်းလေ့ကျင့်နေလေသည်။ အဘိုးအိုတစ်ဦးသည် မြေကွက်လပ်ရှိရာခြံထဲသို့ ဆင်းသွားလေ၏။

"ဖေဖေပါလား၊ လာလေ"

မိန်းမပျိုကား မိန်ဝူးချန်၏သမီးပင်ဖြစ်သည်။

နာမည်ကား မိန်ချန်ယူဖြစ်၏။

မိန်းမပျိုသည် သိုင်းကစားခြင်းကိုရပ်ပြီး ဖခင်အား လှမ်း၍ ကြိုဆိုလိုက်ခြင်းဖြစ်သည်။

မိန်ဝူးချန်က ......

"သမီး ကစားတာ တော်တော်သေသပ်ပါတယ်၊ မြန်လည်း မြန်ဆန်ပါတယ်"

မိန်ချန်ယူက ချစ်စဖွယ်ပြုံးလိုက်ပြီး ......

"ဒါကတော့ ဖေဖေ့သမီးဖြစ်နေတာကိုး"

မိန်ဝူးချန်သည် မိန်ချန်ယူ၏စကားတတ်ပုံကို ကျေကျေနပ်နပ်ပြုံးရယ်လိုက်သည်။

"အင်း ..... သိုင်းပညာထူးချွန်ပုံကတော့ ဖေဖေနဲ့တူပါတယ်၊ စကားတတ်တာကတော့ သမီးမေမေနဲ့တူတယ်၊ သမီးမေမေသာရှိနေဦးမယ်ဆိုရင် သမီးကိုကြည့်ပြီး အရမ်းကျေနပ်နေမှာသေချာတယ်"

မိန်ဝူးချန်သည် ဆွေးဆွေးမြည့်မြည့်ပြောလိုက်၏။

သမီးငယ်သည် ချက်ချင်းပင် မျက်နှာညှိုးကျသွားတော့



သည်။ မိန်ဝူးချန်သည် သမီး၏မျက်နှာကိုကြည့်ကာ ......

"သမီး ...... ဖေဖေပြောလိုက်လို့ သမီး စိတ်မကောင်းဖြစ်သွားပြီလား၊ ဘာမှအားမငယ်ပါနဲ့ သမီးရယ်၊ သမီးမေမေ မရှိတော့ပေမယ့် ဖေဖေတစ်ယောက်လုံးရှိပါသေးတယ်"

မိန်ချန်ယူသည် မျက်ရည်များကျလာသည်။ သူ့ဖခင်က ချော့လိုက်မှ ပို၍ဝမ်းနည်းသွားဟန်တူသည်။

"မေမေ ...... မေမေရယ်"

"သမီး ...... ဖေဖေတစ်ယောက်လုံး ရှိပါသေးတယ်၊ သမီးရှေ့ရေးကို ဖေဖေတာဝန်ယူနိုင်ပါတယ်သမီးရယ်"

"မေမေ့ကို သတိရလို့ပါဖေဖေရယ်"

မိန်ချန်ယူသည် ဖခင်မိန်ဝူးချန်၏ရင်ခွင်တွင်း၌ ငို၍ပြောလေသည်။ သူတို့သားအဖသည် တတ်နိုင်သမျှ မိခင်အကြောင်း မပြောကြပေ။

ပြောလျှင် မိန်ချန်ယူ ဝမ်းပန်းတနည်း သတိရငိုကြွေးတတ်ခြင်းကြောင့်ဖြစ်သည်။

မိန်ဝူးချန်သည် စိတ်မကောင်းပါ။

ဇနီးဖြစ်သူအား သူလည်း သတိရမိပါသည်။

သူသည် မိန်ချန်ယူကို ချော့မော့နှစ်သိမ့်လိုက်ပါသည်။

မိန်ဝူးချန်၏ဇနီး မိန်ချန်ယူ၏မိခင် လူ့လောကထဲမှထွက်ခွာသွားသည်မှာ ရှစ်နှစ်မျှရှိပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



မေ့မည်ဆိုက မေ့လောက်သည့်အချိန်ပါပေ။

သို့သော် သမီးဖြစ်သူမိန်ချွန်ယူက မမေ့နိုင်သေးပါချေ။

မိန်ချွန်ယူသည် အသက်ဆယ့်ရှစ်နှစ်မျှရှိပေပြီ။

"ကဲ ...... သမီးရယ်၊ စိတ်မကောင်းစရာတွေ လျှောက်တွေး မနေပါနဲ့တော့၊ ကိုယ်ကလွမ်းဆွေးနေလို့လဲ သေတဲ့လူက ပြန်ရှင်လာမှာ မဟုတ်ပါဘူး၊ ဒီတော့ ကိုယ်စိတ်ထိခိုက်ရတာပဲ အဖတ်တင်နေလိမ့်မယ်၊ ဒါနဲ့ သမီးအစ်ကိုလဲ မမြင်ပါလား၊ ဒီကောင် ဘယ်ရောက်နေပါလိမ့်"

မိန်ဝူးချွန်သည် သမီးဖြစ်သူ စိတ်ပြောင်းသွားစေရန် စကားလမ်းကြောင်းပြောင်းလိုက်သည်။

မိန်ချွန်ယူက .....

"အစ်ကိုလား ..... အစ်ကိုကတော့ ထုံးစံအတိုင်းပေါ့ဖေဖေ၊ ကစားဝိုင်းတစ်ခုခုကို ရောက်နေမှာပေါ့၊ သူ့ အိမ်မှာ ဟုတ်တိပတ်တိ နေဖူးလို့လား၊ ကစားဝိုင်းသွားရင်သွား၊ မသွားရင် ဒီပြင် အပျော်အပါး တစ်ခုခုကိုလိုက်နေမှာပေါ့"

မိန်ချွန်ယူကနှုတ်ခမ်းလေးကိုကိုက်၍ သူ့အစ်ကိုအကြောင်း ပြောသည်။

သူ့သမီးမိန်ချွန်ယူပြောသည့်စကားကမမှားပေ။ သားကြီး မိန်စုပင်မှာ တကယ့်ကို ပေါ့ပေါ့နေပေါ့ပေါ့စား အပျော်အပါးမက်မောသည့်လူပေါ်ကြော့တစ်ယောက်ဖြစ်သည်။



မိန်ဝူးချွန်တွင် သားတစ်ယောက် သမီးတစ်ယောက်ရှိရာတွင် သားဖြစ်သူမှာ ဆိုဆုံးမ၍မရဘဲ သမီးဖြစ်သူသာ လိမ္မာရေးခြားရှိသူဖြစ်နေပေသည်။

ဤသို့ဖြစ်ရခြင်းမှာ မိန်ဝူးချွန်ကြောင့်ဖြစ်သည်။

မိန်ဝူးချွန်သည် မိခင်မရှိတော့သည့်ကလေးများကို အလွန်အလိုလိုက်သည်။

မိန်းကလေးဖြစ်သူမှာ လိမ္မာရေးခြားရှိပါသော်လည်း သားယောကျ်ားလေးမှာ သုံး၍မရဘဲဖြစ်နေလေသည်။

ဖခင်ဖြစ်သူသည် သိုင်းပညာရှင်တစ်ယောက်ဖြစ်နေသော်သည်း မိန်စုပင်ကတော့ မည်သည့်သိုင်းပညာမျှမတတ်ပေ။

မိန်စုပင်သည် သိုင်းပညာကို ကြိုးကြိုးစားစား မသင်သဖြင့် ဤသို့သိုင်းပညာမတတ်ဘဲဖြစ်နေရသည်။

နောက်ဆုံး ဝီရိယမရှိသောသားဖြစ်သူကို လက်လျှော့လိုက်ရလေသည်။ သားဖြစ်သူအား သိုင်းပညာသင်ပေးရန် လုံးဝမကြိုးစားတော့ပေ။

သိုင်းပညာမသင်ကြားချင်၍ လုပ်ငန်းမှာစိတ်ဝင်စားသလားဆိုတော့လည်း လုပ်ငန်း၌လည်း စိတ်မဝင်စားပြန်ပေ။

သားဖြစ်သူ စိတ်ဝင်စားသည့်အလုပ်ကတော့ရှိနေသည်။ သူစိတ်ဝင်စားသည့်အလုပ်မှာ အရက်သောက်ခြင်း၊ လောင်းကစားဝိုင်းသွားခြင်းနှင့် လည်ပတ်ခြင်းပင်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအလုပ်များမှာ စိတ်လေသည့်အလုပ်များဖြစ်၍ မလုပ်ရန်၊ မသွားရန် မိန့်ဝူးချွန်တားမြစ်သည်။

သားဖြစ်သူသည် အဖေ ကျေနပ်စေရန် ခေါင်းတော့ညိတ်သည်။ သို့သော် နောက်ကွယ်ကျတွင်တော့ သွားသည်။

ခွေးမြီးကောက်ကျည်တောက်စွပ်ဆိုသကဲ့သို့ အချိုးမပြောင်းသောသားကို နောက်ဆုံး မိန့်ဝူးချွန်လွှတ်ထားလိုက်ရလေတော့သည်။

သမီးငယ်မိန်ချွန်ယူကတော့ သည်သို့မဟုတ်ချေ။

အစ်ကိုဖြစ်သူနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်၏။

အနေအထိုင်ပိရိသည်။

ဖခင်ဖြစ်သူ၏စကားကို မြေဝယ်မကျနားထောင်သည်။

ဖခင်၏သယ်ယူပို့ဆောင်ရေးအာမခံလုပ်ငန်းများကိုလည်း စိတ်ဝင်စားသည်။

ဖခင်ကြီးမှာ တက်တခေါက်ခေါက်ဖြစ်ရသည်။ သားဖြစ်သူက သူ့လုပ်ငန်းကို စိတ်မဝင်စားဘဲ သမီးဖြစ်သူက စိတ်ဝင်စားနေသဖြင့် အားမလိုအားမရဖြစ်ရသည်။

သမီးဖြစ်သူသည် သိုင်းပညာရပ်များကို အတော်ကျွမ်းကျင်တတ်မြောက်နေလေပြီ။

အထူးသဖြင့် ....

သူ၏နာမည်ကျော်ကြားသော မိုးခွဲလက်ချောင်းသိုင်းကို သမီးဖြစ်သူ အမွေရရှိထားလေပြီ။



"ဖေဖေ .... ဘာတွေစဉ်းစားနေသလဲဟင်"

တစ်ယောက်တည်း အတွေးလွန်နေသော မိန့်ဝူးချွန်မှာ သမီးဖြစ်သူ၏အသံကိုကြားလိုက်ရမှ သတိပြန်ဝင်လာလေ၏။

"ဟို ..... ဟို ..... ဘာမှမစဉ်းစားပါဘူးသမီးရယ်"

"စဉ်းစားပါတယ်၊ သမီးကြည့်တာနဲ့သိတယ်၊ ဖေဖေအတွေးလွန်နေတယ်၊ တစ်ခုခုကိုစဉ်းစားနေတယ်"

"အေး ..... စဉ်းစားနေပါတယ်၊ ကဲ ..... ကဲ ..... သမီး ခုန က ဘာပြောလိုက်သလဲ"

"အစ်ကို့ကို ဒီအတိုင်း လွှတ်ထားလို့မဖြစ်ဘူးလို့ ပြောတာ ပါ၊ အစ်ကို့ကို ဖေဖေဆုံးမမှဖြစ်မယ်"

မိန့်ဝူးချွန် သက်ပြင်းချမိတော့သည်။

"သမီး အစ်ကိုအကြောင်းလဲ သမီးသိသားပဲ၊ ဖေဖေပြောရင် သဲ ရှေ့တင်ခေါင်းညိတ်ပြီး ကွယ်ရာကျတော့ ထင်ရာလုပ်တာပဲ"

"ဖေဖေ ဆုံးမတာကိုက ပျော့တာကိုး၊ ခပ်မာမာပြောရင် အစ်ကိုကကြောက်ချင်ကြောက်မှာပေ့ါ"

"မထင်နဲ့သမီး၊ မထင်နဲ့၊ ခပ်မာမာပြောလို့ အလျင်ကလို ငြိမ်ကုပ်နေရင် အကြောင်းမဟုတ်ဘူး၊ စိတ်ဆိုးပြီး အိမ်ကထွက်သွား ဖို့ဆိုးနေမယ်၊ သိုင်းပညာမတတ် ဘာမတတ်နဲ့ သူများစော်ကား တာကို သူချည်းခံနေရမယ်"

မိန့်ဝူးချွန်ပြောသည်ကို မိန်ချွန်ယူ လက်ခံမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်ကိုသည် သိုင်းပညာမတတ်ချေ။

သိုင်းပညာတတ်သည့်အသိုက်အဝန်းတွင်လည်း မနေချေ။

ထို့ကြောင့် သူ့အစ်ကို သိုင်းပညာမတတ်ခြင်းမှာ မပေါ်လွင်တော့ချေ။ သူ့အစ်ကို အိမ်ကထွက်သွားမည်ကိုတော့ မလိုလားပေ။

ရှားရှားပါးပါး မောင်နှမနှစ်ယောက်တည်းသာရှိသဖြင့် သူ့အစ်ကိုတစ်ခုခုဖြစ်သွားမှာကို သူမ မလိုလားပေ။

မိန့်ဝူးချန်က .....

"သမီးရဲ့အစ်ကိုကို သမီးကလဲ နည်းနည်းပါးပါးပြောကြည့်ပါလား"

မိန်ချန်ယူက ခေါင်းခါလိုက်သည်။

"ဖြစ်မှာမဟုတ်ပါဘူးဖေဖေရယ် ... သမီးကအငယ်၊ သူကအကြီး။ သမီးစကားကို အစ်ကိုကနားထောင်မှာမဟုတ်ပါဘူး"

"အဲဒီလိုမထင်ပါနဲ့သမီးရယ်၊ သမီးကို သူတော်တော်ချစ်ရှာတာပဲမဟုတ်လား။ သမီးပြောရင် ရပါလိမ့်မယ်"

"အစ်ကိုက သမီးကိုချစ်တာတော့မှန်ပါတယ်၊ ဒါပေမယ့် ဆုံးမလို့ရတော့မှာမဟုတ်ဘူး။ သမီးက အစ်ကို့ကို ဘယ်မှမသွားပါနဲ့၊ ဘာမှမလုပ်ပါနဲ့လို့ ပြောလို့မှမသင့်တာ၊ သမီး အဲဒီလိုတားမှ သူ ပိုပြီးစိတ်ဆိုးမှာ"

မိန့်ဝူးချန်သည် စဉ်းစားတွေးတောနေမိလေ၏။ အတန်ကြာစဉ်းစားပြီးမှ ခေါင်းညိတ်သည်။



"အင်း ..... သမီးပြောတာ မှန်ပါတယ်၊ ညီမကအစ်ကို့ကို ဆုံးမတယ်ဆိုတော့ မိကျောင်းမင်း ရေခင်းပြသလိုဖြစ်နေတော့မှာပေါ့၊ ဖေဖေပဲ ကြည့်ဆုံးမလိုက်ပါ့မယ်၊ မာမာထန်ထန်လဲ ပြောလို့မရ၊ ပျော့ပျော့ပျောင်းပျောင်းပြောတာလဲ နားမထောင်ဆိုတော့ ဆုံးမရ အတော်ခက်နေတာပဲ"

"သြော် ..... ဒါနဲ့ဖေဖေ၊ ဦးလေးဟုန်တို့ ဘယ်တော့မှပြန်ရောက်လာမှာလဲ၊ သူတို့ပစ္စည်းသွားပို့တာ အတော်ကြာနေပြီနော်"

"ဟုတ်တယ် ... သူတို့သွားပို့တဲ့ပစ္စည်းက သိပ်အရေးကြီးတယ်၊ အဲဒီတော့ အထူးဂရုစိုက်ပြီးသွားနေရတာပေါ့။ နားသင့်တဲ့နေရာမှာနား၊ သွားသင့်တဲ့နေရာမှာ သွားရတယ်၊ အဲဒီလို မလုပ်ရင် လူမသမာတွေနဲ့ တွေ့ရတတ်တယ်၊ လူမသမာတွေနဲ့တွေ့ရင် ကိုယ်ကနိုင်ရင်ကောင်းရဲ့၊ ကိုယ်ကမနိုင်ရင် ပို့ဆောင်ဖို့အပ်ထားတဲ့ပစ္စည်းဆုံးရော၊ စောင့်ရှောက်တဲ့သိုင်းသမားတွေလဲ သေကြေဒဏ်ရာရတတ်တယ်၊ ဒါကြောင့် ပစ္စည်းပို့တယ်ဆိုတာ အချိန်အခါကိုနားလည်ရတယ်"

"ဦးလေးဟုန်ကတော့ အချိန်အခါကို ကောင်းကောင်းနားလည်ပါတယ်နော်"

"နားလည်ပြီလားသမီးရယ်၊ သူဟာ ပို့ဆောင်ရေးအလုပ်ကိုလုပ်တာ နှစ်ပေါင်းသုံးဆယ်ကျော်နေပါပြီ၊ ဖေဖေ သူ့ကို[illegible]လွှဲထားတာသာ ကြည့်တော့"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲနော် ... ဖေဖေလိုက်တဲ့အခေါက်ကျရင် သမီးလဲလိုက်မှာပဲ"

"လိုက်ခဲ့ .... ဖေဖေသွားရင် သမီးကိုခေါ်မှာပေါ့"

မိန့်ဝူးချန်က လိုလိုလားလားကတိပေးလိုက်သောကြောင့် မိန့်ချန်ယူမှာ ဝမ်းသာသွားလေသည်။



## သဘင်္ဂါထားရမည့်သူ

မိန့်ဝူးချန်၏အိမ်ဂေဟာသည် ကြီးမားလှ၏။

သို့သော် သံမဏိအဖွဲ့သားများ ပြန်လည်ဆိုက်ရောက်လာသည့်အခါတွင်မူ အိမ်သည် လက်ရှိထက်ပို၍ကျဉ်းမြောင်းသွားသည်ဟုထင်မှတ်ရပေသည်။

သံမဏိအဖွဲ့သားများသည် ဌာနချုပ်တွင်နေထိုင်သည့်ပြင် နေရာထိုင်ခင်း မလုံလောက်သဖြင့် မိန့်ဝူးချန်၏အိမ်ဂေဟာကြီးတွင် တည်း ခွဲဝေနေထိုင်ရသောကြောင့်တည်း။

အမိပတိဓားဟုန်ရှူထိန်တို့ ပြန်လည်ရောက်ရှိလာသဖြင့် ထိုသို့ အိမ်ဂေဟာကြီးစည်ကားနေခြင်းဖြစ်ပေသည်။

အမိပတိဓားဟုန်ရှူထိန်သည် အခြေအနေအရပ်ရပ်ကို ရှင်းပြရန် မိန့်ဝူးချန်ထံသို့သွားလေ၏။

ဟုန်ရှူထိန်၏နောက်မှ ပျံလွှားဓားတန်လင်ချူးနှင့် ကျောက်[illegible]ဝါးစီထန်းတို့လည်းလိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ညှိဆောင်ထဲတွင် မိန့်ဝူးချန်ကိုတွေ့ရှိရလေ၏။

"အားလုံး အဆင်ပြေကြတယ်မဟုတ်လား"

မိန့်ဝူးချန်က မေးလိုက်သည်။

ဟုန်ရှုထိန်က ...

"အဆင်ပြေပါတယ်ဆရာကြီး၊ သူဌေးကြီးရဲ့ပစ္စည်းအားလုံးဟာ မာစူးမြို့ကိုရောက်သွားပါပြီ"

"လမ်းမှာ အန္တရာယ်အနှောင့်အယှက်တွေ တွေ့ကြသေးသလား"

ဟုန်ရှုထိန်က ခေါင်းညိတ်ပြသည်။

"မာစူးမြို့အဝင်မှာတော့ ရန်သူတစ်သိုက်နဲ့ရင်ဆိုင်ခဲ့ရပါသေးတယ်"

"ဟုတ်လား၊ ရန်သူတွေကဘယ်လိုအမျိုးအစားမျိုးလဲ"

မိန့်ဝူးချန်က မေးလိုက်သည်။

ထိုအခါ ကျောက်လက်ဝါးစီထန်းကဝင်၍ ......

"ရန်သူတွေကို ကျွန်တော်တို့ လွယ်လွယ်နဲ့နိုင်လိုက်ပါတယ်၊ သာမန်တောပုန်းဓားပြတွေဖြစ်ပုံရပါတယ်၊ အဆင့်မြင့်မြင့်သိုင်းပညာတတ်မြောက်တဲ့လူ မပါပါဘူး"

"သူတို့ အင်အားများသလား"

"အင်အားကတော့များတယ်၊ စုစုပေါင်းလေးဆယ်လောက်ရှိပါလိမ့်မယ်၊ ဒါပေမယ့် ကျွန်တော်တို့ကို လုံးဝမယှဉ်နိုင်ပါဘူး၊ အင်



တိုကလေးအတွင်းမှာ သူတို့လူ တော်တော်များများ ကျဆုံးကုန်တယ်၊ သူတို့ တောအုပ်ထဲကိုပြန်ဝင်ပြေးသွားကြတာပဲ"

မိန့်ဝူးချန်က ပြုံးလိုက်သည်။

"အဲဒီလိုပဲ ဖြစ်ရမှာပေါ့"

သူက ဆက်ပြော၏။

"အဲဒီလို တော်ရုံတန်ရုံ အင်အားနဲ့ လုယက်လို့ မရနိုင်လို့လဲ ယခုမဏီတံခွန် အာမခံပို့ဆောင်ရေးဟာ နာမည်ကျော်ကြားတာပေါ့၊ မင်းတို့ကို ငါစိတ်ချလက်ချ လွှတ်လိုက်တာကိုပဲကြည့်၊ မင်းတို့ကို စိတ်မချရရင် ငါကိုယ်တိုင်လိုက်မှာပေါ့"

မိန့်ဝူးချန်၏စကားသည် သူတို့ကို ချီးမြှောက်သောစကား ဖြစ်၍ အမိပတိဓားဟုန်ရှုထိန်၊ ပျံလွှားဓားတန်လင်ချူးနှင့် ကျောက်လက်ဝါးစီထန်းတို့သည် လွန်စွာအားရကျေနပ်ဖြစ်ကြလေ၏။

တကယ်တမ်းမှာလည်း ထိုသုံးယောက်စလုံးမှာ မိန့်ဝူးချန်အားကိုးလောက်သည့်သိုင်းပညာရှင်များ ဖြစ်ကြလေ၏။

အမိပတိဓားဟုန်ရှုထိန်မှာ နာမည်နှင့်လိုက်အောင်ပင် ဓားပညာတွင် ကျွမ်းကျင်သူဖြစ်၏။

တော်ရုံတန်ရုံလူသည် သူ့ဓားဖျားတွင် အသက်ပါသွားရပေ

ပျံလွှားဓားတန်လင်ချူးမှာ ဓားပညာအရာတွင် ပျံလွှားပျံသို့ ဖျတ်ခနဲ ဖျတ်ခနဲ လျင်မြန်သွက်လက်လှပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်လက်ဝါးစီထန်းမှာလည်း လက်ဝါးရိုက်ချက် ပြင်
ထန်သူဖြစ်၏။

မိန်ဝူးချန်၏သံမဏိအာမခံအဖွဲ့တွင် ဤကဲ့သို့သော သိုင်း
ပညာရှင်များ ရှိရုံတင်မက ....

သူကိုယ်တိုင်လည်း အဆင့်မြင့်သိုင်းပညာရှင်တစ်ဦးဖြစ်
ခြင်းက သံမဏိတံခွန်အာမခံအဖွဲ့ကို ထိပ်တန်းသို့ တွန်းပို့ခဲ့ခြင်း ဖြ
ပေသည်။

သံမဏိတံခွန်အာမခံအဖွဲ့ကပေးပို့သော ပစ္စည်းများကို
အကြောင်းများကြောင့် .... လုယက်သူများက လက်ရှောင်ကြခြင်းဖြ
ပေသည်။

မာစူးမြို့အဝင် လာရောက်တိုက်ခိုက်သောတောပုန်းမ
များမှာ အကြောင်းမသိဘဲ လုယက်တိုက်ခိုက်သူများဖြစ်သည်။

ထို့ကြောင့် ... အကျအဆုံးများစွာဖြင့် သူတို့ထွက်ပြေး
ခြင်းဖြစ်သည်။

မိန်ဝူးချန်သည် အခေါက်တိုင်း ကိုယ်တိုင်မလိုက်ပေ။

လက်ထောက် အစီပတိဓားဟုန်ရှုထိန်ကိုလွှတ်သည်
များသည်။

အလုပ်လာအပ်သူမှာ အလွန့်အလွန်ရင်းနှီးသူဖြစ်ပြီး ပ
ကလည်း အလွန်အဖိုးထိုက်တန်သောပစ္စည်းများဖြစ်သည့်အခါ
ကိုယ်တိုင်ကြပ်မတ်လိုက်ပါခြင်းဖြစ်သည်။



သမီးဖြစ်သူ မိန်ချန်ယူလိုက်မည်ဆိုသည့်အခေါက်မှာ မိန်
ဝူးချန်ကြီးကြပ်မည့်အခေါက်ကိုဆိုခြင်းဖြစ်သည်။

သားကြီးဖြစ်သူမိန်စုပင်ကတော့ စိတ်လိုသည့်အခါတွင်မှ
လိုက်ပါလေ့ရှိသည်။

စိတ်မလိုသည့်အခါ မလိုက်ပါတတ်ချေ။

မိန်ဝူးချန်က အစေခံများကိုလက်ခုပ်တီးအချက်ပေးလိုက်
၏။ အစေခံများက စားသောက်ဖွယ်ရာများကို ပြင်ဆင်တော့သည်။

မကြာမီ .... ကြီးကျယ်သောစားသောက်ဖွယ်ရာများသည်
အဆင်သင့်ဖြစ်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ..... စားကြ သောက်ကြ၊ ဘာမှအားမနာကြနဲ့၊ မင်းတို့ကိုတမင်ညှော်ခဲ့တာကွ"

သူတို့လေးယောက်သည် စကားတပြောပြောနှင့် အေးအေးလူလူစားသောက်နေကြ၏။

"ဒါနဲ့ ဆရာကြီးရဲ့သမီး မိန်ချန်ယူကိုကော မမြင်ပါလား"

"ဩော် ..... မင်းတူမလား၊ မင်းတူမ မရှိဘူးလေ၊ မြို့ထဲကိုသွားတယ်"

"ဩော် ..... ဒါကြောင့် ပျော့ကျ်ချက်သားကောင်းနေတာကိုး။ ဟိုကောင်ကြီးကော မိန်စုပင်လေ"

"ဟား ..... ဟား ..... ဟား ..... သူ့အကြောင်းလဲ မင်းသိသားနဲ့၊ မြို့ထဲက စားသောက်ဆိုင်တစ်ဆိုင်ဆိုင်၊ ဒါမှမဟုတ် လောင်းကစားဝိုင်းတစ်ခုခုကိုရောက်နေမှာပေါ့"

အမိပတိစားဟုန်ရှူထိန်က .....

"အင်း ..... သူလဲလောင်းကစားဝိုင်းနဲ့ပဲ အချိန်နေတာပဲ"

မိန်ဝူးချန်က ......

"ဟုတ်တယ်၊ သူလောင်းကစားဝိုင်းကိုချည်း လျှောက်သွားနေတော့ ငါ့ရဲ့သံမဏိတံခွန်အာမခံအဖွဲ့ကြီးကို ဒီကောင် ဘယ်လိုဆက်ပြီး ဦးဆောင်မလဲ၊ ငါ ဒီကောင့်အတွက်ရင်လေးတယ်"

ဟုန်ရှူထိန်က .....

"ဒီလောက်လဲ စိတ်ပျက်မနေပါနဲ့ဆရာကြီးရယ်၊ နောက်





တော့လဲ သူနားလည်လာလိမ့်မပေါ့၊ မိန်စုပင်ဟာ ဒီလောက်ကြီးပျက်စီးနေသေးတာ မဟုတ်ပါဘူး၊ လူငယ်ဆိုတော့ အပျော်အပါးကိုမက်မောနေတာပေါ့လေ"

"အင်း ..... မင်းတို့ ပြောသလိုဖြစ်လာပါစေလို့ ဆုတောင်းတာပဲ၊ ဒီထက်ပိုပြီး ဆိုးရွားသွားရင်တော့ ဘယ်လိုမှအဖတ်ဆယ်လို့ရနိုင်တော့မယ်မထင်ဘူး"

"ဒီထက်ပိုတော့ မဆိုးနိုင်ပါဘူးခင်ဗျာ၊ ကျွန်တော် ရှိနေတာပဲ့စွာ၊ ဝိုင်းဝန်းစောင့်ရှောက်ကြမှာပေါ့"

"အင်း ..... ထားပါတော့၊ ဒီကောင့်ကိစ္စထက်အရေးကြီးတဲ့ကိစ္စတစ်ခုကိုပြောချင်တယ်"

ထိုအခါ .....

အမိပတိစားဟုန်ရှူထိန် .....

ပျံလွှားမားတန်လင်ချူးနှင့် .....

ကျောက်လက်ဝါးစီထန်းတို့သည် ဆရာကြီးမိန်ဝူးချန်အားကြည့်မိကြလေသည်။

အမိပတိစား ဟုန်ရှူထိန်က .....

"ဆရာကြီး ပြောပါခင်ဗျာ၊ ကျွန်တော်တို့ နားထောင်နေပါတယ်"

"အင်း ..... ပြောပါ့မယ် ပြောပါ့မယ်၊ သံမဏိတံခွန်အာမခံအဖွဲ့ဟာ နာမည်ကျော်ကြားလာတဲ့အတွက် ပြိုင်ဘက်အဖွဲ့တွေက

www.burmeseclassic.com



မကျေနပ်ကြတော့ဘူးလေ၊ ဒီတော့ ငါတို့အဖွဲ့ နာမည်ပျက်အောင် နောက်ဆုံး အဖွဲ့ကြီးတစ်ခုလုံးပျက်စီးအောင် နည်းအမျိုးမျိုးနဲ့လုပ်ဆောင်လာကြလိမ့်မယ်၊ အဲဒါကို မင်းတို့သတိပြုမိရဲ့လား"

ဟုန်ရှုထိန်က .....

"အင်း ..... ဟုတ်တယ်၊ ဆရာကြီးပြောတာမှန်တယ်၊ သူတို့တစ်တွေကို အလုပ်မအပ်ဘဲ ကျွန်တော်တို့ဆီမှာပဲ စုပြုံပြီး အလုပ်အပ်နေတော့ တခြားအာမခံအဖွဲ့တွေက ဘယ်ကျေနပ်ကြမလဲ"

စီထန်းက .....

"သူတို့မကျေနပ်တာကို ကျုပ်တို့ ဘာမှဂရုစိုက်စရာမလိုပါဘူး သူတို့ဆီ အလုပ်မအပ်တာကြာရင် သူတို့သိုင်းအဖွဲ့တွေ ပြုတ်သွားမှာပေါ့"

"စီထန်း ..... အဲဒီလိုမပြောနဲ့၊ ရန်သူကို အထင်မသေးသင့်ဘူးကွ၊ ရန်သူကို ရန်သူလိုပဲမြင်ထားရမယ်၊ ပြုတ်သွားတဲ့ အာမခံသိုင်းအဖွဲ့တွေရှိသလို မပြုတ်ဘဲ ကျန်နေတဲ့ အာမခံသိုင်းအဖွဲ့တွေလဲရှိတာပဲ၊ အဲဒီမပြုတ်တဲ့သိုင်းအဖွဲ့တွေက ငါတို့ကိုမလိုမုန်းထားရှိကြမှာပဲကွ"

အဓိပတိဓားဟုန်ရှုထိန်က ပြန်ပြောလေ၏။

ပျံလွှားဓားတန်လင်ချူးက .....

"ဟုတ်တယ်၊ အဓိပတိဓားပြောတာမှန်တယ်၊ ရန်သူဆိုတာလျှော့တွက်လို့မရဘူးဗျ၊ သတိလက်လွတ် ခပ်ပေါ့ပေါ့နေမိရင်တော့



ကျုပ်တို့အငိုက်မိမှာ သေချာတယ်၊ ကျုပ်တို့ သတိထားရမယ်"

မိန်ဝူးချန်က .....

"စီထန်း ..... ငါတို့ဟာ ဘယ်ရန်သူကိုမှလျှော့တွက်လို့မရဘူး၊ ဘယ်ရန်သူကိုမှလဲ လျှော့မတွက်နိုင်ဘူး၊ ရန်သူဟူသမျှဟာ မီးကြီးကြီးနဲ့ မီးသေးသေးလိုပဲ ကွာတယ်၊ မီးဟာ လောင်စေတတ်တာတော့ သေချာတယ်၊ အားလုံး မီးကိုဂရုစိုက်ကြရမယ်"

အဓိပတိဓားဟုန်ရှုထိန်က .....

"စိတ်ချပါဆရာကြီး၊ ကျွန်တော်တို့က ဘယ်တော့မှ သတိလက်လွတ်မနေပါဘူး၊ အထူးသဖြင့် အလုပ်တာဝန်အရ ခရီးထွက်ရတဲ့အခါမျိုးမှာ ပိုပြီးတော့ သတိထားပါသေးတယ်"

မိန်ဝူးချန်က .....

"မင်းတို့ကို ငါယုံကြည်ပြီးသားပါ ..... လိုရမည်ရ ထပ်မှာတဲ့သဘောပါ၊ ပြိုင်ဘက်အာမခံ သိုင်းအဖွဲ့တွေက အောက်လမ်းဂိုဏ်းသိုင်းသမားတွေကို ငှားရမ်းအသုံးမပြုဘူးလို့ ဘယ်သူမှ အာမ မခံနိုင်ဘူး၊ အောက်လမ်းဂိုဏ်းသိုင်းသမားဆိုတာကလဲ စည်းကမ်းရှိတာဟုတ်ဘူး၊ ငှားတဲ့လူရှိရင် လိုက်မှာပဲ"

ထိုအခါ စီထန်းမှာ ပေါ့ပေါ့ဆဆသဘောမထားရဲတော့ချေ။

မိန်ဝူးချန်က .....

"ငါတို့ ဖူချောင်မြို့မှာတင် အောက်လမ်းသိုင်း ဂိုဏ်းသားတွေရှိနေတယ်၊ ချိန်လီကျန်ဟာ အောက်လမ်းသိုင်းဂိုဏ်းသားတွေထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ထင်ပေါ်ကျော်ကြားတဲ့သိုင်းသမားဖြစ်နေတာယ်၊ သူ့ကိုလဲ သတိထားရမယ်”

အဓိပတိဓားဟုန်ရှူထိန်က မေးလိုက်၏။

“မြို့တောင်ဘက်မှာ ခြံကျယ်ကြီးနဲ့နေတဲ့ ချိန်လီကျန်မဟုတ်လား”

မိန်ဝူးချန်က ခေါင်းညိတ်၏။

“ဟုတ်တယ် ..... ချိန်လီကျန်ဟာ နေရင်းထိုင်ရင်းနဲ့ ချမ်းသာကြွယ်ဝလာနေတယ်၊ အဲဒီအချက်ဟာ အံ့သြစရာအချက်ပဲ၊ တပည့်လက်သားတွေမွေးပြီး မကောင်းမှုဒုစရိုက်လုပ်ငန်းတွေ လုပ်ကိုင်နေတယ်လို့ ယူဆစရာအကြောင်းတွေရှိနေတယ်”

အဓိပတိဓားဟုန်ရှူထိန်က .....

“ဟုတ်တယ်၊ ကျွန်တော်လဲကြားဖူးတယ်၊ သူဟာ လိပ်ပြာနှုတ်သိုင်းပညာရှင် ချိန်လီကျန်မဟုတ်လား”

“ဟုတ်တယ်၊ လိပ်ပြာနှုတ်သိုင်းပညာရှင် ချိန်လီကျန်လို့ခေါ်ကြတယ်”

ကျောက်လက်ဝါးစီထန်းကမေးလိုက်၏။

“လိပ်ပြာနှုတ် သိုင်းပညာရှင်လို့ ဘာကြောင့်ခေါ်ကြတာလဲ ဆရာကြီး”

မိန်ဝူးချန်က .....

“ငါလဲ ဒါတော့ အသေအချာမသိဘူး၊ ငါကြားဖူးသလောက်



ာတော့ လူကိုစိတ်ညှို့ပြီး လိပ်ပြာအနှုတ်ခံရသလိုဖြစ်သွားအောင် လုပ်နိုင်တယ်ဆိုလားပဲ၊ အဲဒီလို တိုက်ခိုက်ခံရပြီးတဲ့အခါမှာ သူ့လူ လုံးလုံးဖြစ်သွားတော့သလဲ”

“ဒါဆို သူ့မှာ လူအင်အား အတော်များများရှိမှာပေါ့နော်”

“ဟုတ်တယ် ... အင်အားအတော်ကြီးမားတယ်လို့ အဆိုရှိတယ်၊ ဒါကတော့ သတင်းကြားပါ”

အဓိပတိဓားဟုန်ရှူထိန်က .....

“နောက်ပြီး သူ့သူ့တင်း ဘာများကြားသေးသလဲဆရာကြီး”

“သိုင်းပညာထိပ်တန်းမှာရှိသလို ရက်စက်ယုတ်မာတဲ့နေရာမှာလည်းပြိုင်စံရှားတယ်လို့ ပြောဆိုကြတယ်၊ ဒီတော့ ငါတို့ဟာ သူ့ကို ချက်ခြည်းမပြတ်ကြည့်နေရမယ်၊ သူပဲ ငါတို့အဖွဲ့ကို ဒုက္ခအပေးနိုင်ဆုံးမဟုတ်လား”

“ခုအချိန်ထိတော့ ဒုက္ခမပေးသေးပါဘူး၊ ငါတို့အဖွဲ့မှာ သိုင်းပညာရှင်အကျော်အမော်တွေရှိနေလို့ ရှောင်နေတာလား၊ တစ်စုံတစ်ယောက်က သူ့ကိုမငှားရမ်းသေးလို့ ငါတို့ကိုမတိုက်တာလား၊ တစ်ခုခုတော့ တစ်ခုခုပဲ”

အဓိပတိဓားဟုန်ရှူထိန်က .....

“ကျွန်တော်တို့ အထူးသတိဝီရိယထားပါမယ်ဆရာကြီး”

မိန်ဝူးချန်စိတ်ထဲ ပေါ့ပါးလန်းဆန်းသွားသည်။

“ကဲ .... ကဲ .... အလုပ်အကြောင်းတော်ရှောင်၊ စားစရာ

www.burmeseclassic.com

www.burmeseclassic.com



သောက်စရာတွေကို ပျော်ပျော်ပါးပါးစားသောက်ကြပေတော့"

မိန့်ခွန်းချွန်၏စကားအဆုံးတွင် ....

အဓိပတိစားဟုန်ရှထိန်၊

ပွဲလွှားစားတန်လင်ချူးနှင့် ကျောက်လက်ဝါးစီတန်းတို့သည် မြိန်ရေရှက်ရေ စားသောက်ကြလေတော့၏။



## အချိုသတ်လေ့သောဧည့်သည်

လိပ်ပြာနတ်သိုင်းပညာရှင်ချိန်လီကျန် ....

သူ့အမည်မှာ အောက်လမ်းသိုင်းလောက၌ ထင်ပေါ်ကျော်ကြားပြီးလေပြီ။

အောက်လမ်းသိုင်းလောကသားများသည် ... ချိန်လီကျန်ကို လေးစားကြောက်ရွံ့ကြပေသည်။

သူ့အား အောက်လမ်းသိုင်းလောကသားများ ကြောက်ရွံ့ခြင်းမှာ အလွန်တရာထူးဆန်းအံ့သြဖွယ်ကောင်းလှသောလိပ်ပြာနတ်သိုင်းပညာရပ်ကြောင့်ဖြစ်သည်။

သိုင်းလောကထဲတွင် ....

ထိုသိုင်းပညာရပ်မျိုးတတ်မြောက်သည့် သိုင်းပညာရှင်ပင်လျှင် တစ်ဦးတစ်ယောက်မျှ မပေါ်ပေါက်သေးပေ။

လိပ်ပြာနတ်သိုင်းပညာဟူသည်မှာအဘယ်နည်း။

ထိုသိုင်းပညာရပ်မှာ ....

www.burmeseclassic.com

www.burmeseclassic.com



စိတ်ညှို့နည်းနှင့် အကြောပိတ်သိုင်းပညာရပ်ကို ပေါင်းစပ်ထားသည့်ပညာရပ်ဖြစ်သည်။

ထိုပညာရပ်ကိုအသုံးပြုခံရပြီးသည့်နောက် ထိုလူမှာ အရုပ်သဖွယ်ဖြစ်သွားတော့သည်။

ထိုလူသည် ခံစားမှုမရှိတော့ချေ။

မှားသည်မှန်သည်ကို ဆင်ခြင်နိုင်စွမ်းမရှိတော့ဘဲ အမိန့်ပေးသည့်အတိုင်း တစ်သဝေမတိမ်းလျှောက်လုပ်တော့သည်။

ထို့ကြောင့် သိုင်းသမားအတော်များများသည် ချိန်လီကျန်နှင့်ရင်ဆိုင်ရမည်ကို ထိတ်လန့်ကြောက်ရွံ့ကြခြင်းဖြစ်သည်။

ဤသို့ဖြင့် ....

ဖူချောင်မြို့ပတ်ဝန်းကျင်မှ အောက်လမ်းသိုင်းသမားများသည် အလိုအလျောက်ပင် ချိန်လီကျန်၏လက်အောက်သို့ ရောက်ရှိလာလေတော့၏။

ချိန်လီကျန်သည် သိုင်းကျမ်းတစ်ကျမ်းကို စိတ်ဝင်စားစွာဖတ်ရှုနေသည်။

ထိုအချိန်တွင် ....

ချိန်လီကျန်၏နောက်ကွယ်မှ တစ်စုံတစ်ယောက်သည် တိုးကပ်လာနေလေ၏။

တိတ်တဆိတ်ချဉ်းကပ်လာနေသူမှာ ကိုယ်ဖော့ပညာသုံး၍ ချဉ်းကပ်လာခြင်းဖြစ်၍ ....



ချိန်လီကျန်တစ်ယောက် ဘာမျှသိဟန်မတူပေ။ ချိန်လီကျန်ကလည်း သိုင်းကျမ်းကိုသာဖတ်ရှုနေသည်။

တိုးကပ်လာနေသူကတစ်ချက်ပြုံးပြီး လက်ဝါးတစ်ချက်ရိုက်ချလိုက်လေသည်။

“ဝုန်း ....”

လက်ဝါးရိုက်ချက် ကျောပြင်ပေါ်ကျလုဆဲဆဲ၌ ချိန်လီကျန်သည် နောက်မှတိုက်ခိုက်လာသူကို ခြေဖြင့်တစ်ချက်ကန်လိုက်၏။

တော်ရုံတန်ရုံလူဆိုလျှင်တော့ ....

ထိုကန်ချက်ကို ....

မည်သို့မျှ ရှောင်တိမ်းနိုင်လိမ့်မည်မဟုတ်ချေ။

ကန်ချက်မှာ အားပါပြီးပြင်းထန်လှပေသည်။

သို့သော် ....

နောက်မှတိုက်ခိုက်လာသူမှာ လေထဲလှပစွာပျံဝဲ၍ အလွယ်တကူရှောင်တိမ်းသွားလေ၏။

ထိုသူသည် ကြမ်းပြင်ပေါ်ပြန်အကျ၌ လက်ခုပ်တီး၍ချီးကျူးလိုက်လေသည်။

“ဖြောင်း .... ဖြောင်း .... ဖြောင်း ....”

“ဖေဖေက သိပ်လျင်တာပဲ”

သူမကား လှပသောမိန်းမပျိုကလေးတစ်ယောက်သာ ဖြစ်နေပါလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မြင်ရသူတိုင်း ငေးလောက်သည့် မိန်းမလှလေးဖြစ်နေပါ၏။

ထိုမိန်းမလှလေးကား ....

ဝိညာဉ်နှုတ်သိုင်းပညာရှင်ကြီးချိန်လီ ကျန်၏တစ်ဦးတည်းသောသမီးကလေး ချိန်ယင်ခုန်ပင်ဖြစ်ပါသည်။

"သမီးက ဖေဖေ့ကိုသာပြောတယ်၊ သမီးကလေးကျတော့ကော မလျင်လို့လား၊ ဖေဖေ့ကနံချက်ကိုလွတ်အောင် ခုန်ရှောင်လိုက်တာများ တကယ့်ကိုလျှပ်စီးလက်တာကျနေတာပဲ"

ချိန်ယင်ခုန်၏မျက်နှာ၌ အပြုံးကလေးတစ်ခု လက်ခနဲပေါ်လာလေသည်။

"သမီးက ဖေဖေ့ချီးကျူးလိုက် ... ဖေဖေကသမီးကိုချီးကျူးလိုက်နဲ့ဆိုတော့ ကျေပြီပေါ့"

"ဟား .... ဟား .... ဟား ...."

"ခစ် .... ခစ် .... ခစ် ...."

သားအဖနှစ်ယောက်စလုံး ရယ်မောကြသည်။

ချိန်လီကျန်မှာ ဇနီးမယားမရှိတော့ပေ။

ချိန်ယင်ခုန်၏မိခင်မှာ ချိန်ယင်ခုန်ကိုမွေးဖွားပြီးပြီးချင်း သေဆုံးသွားခဲ့ပေသည်။

သို့ဖြစ်၍ ....

သမီးဖြစ်သူကို ငယ်စဉ်ကပင် .... ဖအေလိုတစ်မျိုး မိခင်လိုတစ်မျိုး ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။



ချိန်လီကျန်သည် သမီးဖြစ်သူကို ငုံထားမတတ် ချစ်ခဲ့ရပေသည်။ သမီးဖြစ်သူ ချိန်ယင်ခုန်ကလည်း ဖခင်ဖြစ်သူကို အတော်ပင် ချစ်ရှာသည်။

တစ်ခါတစ်ရံ .... နွဲ့ဆိုးဆိုးတတ်သည်ကလွဲ၍ သူ့စကားကို ကလန်ကဆန်မလုပ်ပေ။

သမီးဖြစ်သူချိန်ယင်ခုန်သည် ဉာဏ်ပညာထက်မြက်ပြီး သိုင်းပညာကို ထိထိရောက်ရောက်သင်ယူလိုစိတ်ရှိသည်။

ထို့ကြောင့်လည်း အရွယ်နှင့်မမျှအောင် သိုင်းပညာထူးချွန်နေခြင်းဖြစ်သည်။

ချိန်ယင်ခုန်သည် သာမန်ပညာရပ်များကိုသာမက နက်နဲ၍ အစွမ်းထက်မြက်လှသော လိပ်ပြာနှုတ်သိုင်းပညာကိုပါ တတ်မြောက်အမွေရထားပြီဖြစ်သည်။

ဤသိုင်းလောကတွင် ....

လိပ်ပြာနှုတ်သိုင်းပညာရပ်ကို တတ်မြောက်ထားသူဟူ၍ သူတို့သားအဖနှစ်ယောက်သာ ရှိလေသည်။

"ဖေဖေ ....."

"ဘာလဲသမီး၊ ပြောလေ"

"သမီး ကိုယ်ဖော့ပညာသုံးပြီး ဖေဖေ့အနားကို ချဉ်းကပ်တာကို ဖေဖေဘယ်လိုလုပ်သိသလဲဟင်"

"ဖေဖေမသိနိုင်ပါဘူး၊ သမီး လက်ဝါးနဲ့ရိုက်လိုက်တဲ့အခါကျ

www.burmeseclassic.com



တော့မှဖေဖေသိတာပါ၊ သမီးလက်ဝါးရိုက်တဲ့အခါ လေလှိုင်းက လာဟပ်တယ်လေ"

"သမီးက တော်တော် အဆင့်နိမ့်သေးတာပဲ၊ ဖေဖေ့ကို လေလှိုင်းလာမဟပ်အောင်တောင် မရိုက်တတ်သေးဘူး"

ချိန်လီကျန်ကပြုံးလိုက်သည်။

"ဘာလဲ ..... စိတ်ပျက်သွားသလားသမီး၊ ဘာမှစိတ်မပျက်ပါနဲ့၊ သမီးသိုင်းပညာက သိုင်းလောကထဲက နာမည်ကျော်ကြားနေတဲ့လူတွေနဲ့တောင်ယှဉ်ပြိုင်နိုင်တယ်၊ နောက်ပြီး ဖေဖေက တိုက်ပွဲအတွေ့အကြုံတွေများနေတော့ သမီးချဉ်းကပ်လာတာနဲ့ ဖေဖေ့မှာ အန္တရာယ်တစ်ခုခုကျရောက်တော့မယ်ဆိုတာ စိတ်ထဲက အလိုလိုသိနေတယ်၊ အဲဒါမျိုးက အဋ္ဌမအာရုံလို့ခေါ်တယ်၊ သမီးလဲ ကြီးပြင်းလာလို့ တိုက်ပွဲအတွေ့အကြုံများရင် ဒီလိုသဘောမျိုးဖြစ်လာမှာပါ"

သူက ဆက်၍ပြောလိုက်၏။

"သမီး စောစောက တိုက်တဲ့တိုက်ကွက်ဟာ တကယ်ပြင်းထန်ပါတယ်၊ တော်ရုံတန်ရုံသိုင်းပညာရှင်ဟာ သမီးရဲ့တိုက်ကွက်ကို ဘယ်လိုမှမရှောင်နိုင်ပါဘူး"

ဖခင်ဖြစ်သူက နှစ်သိမ့်စကားပြောလိုက်သောအခါ ချိန်ယင်ခုန်၏မျက်နှာသည် တဖြည်းဖြည်းပြုံးလာလေ၏။

ချိန်လီကျန်က သမီးဖြစ်သူ စိတ်ချမ်းသာစေရန် ရွေးချယ်ပြောသောစကားဖြစ်သော်လည်း အပိုစကားမဟုတ်ချေ။



ချိန်ယင်ခုန်သည် မည်သူနှင့်တိုက်တိုက်၊ အချိန်မရွေးတိုက်က်နိုင်သော အနေအထားသို့ရှိလေ၏။

ချိန်ယင်ခုန်က .....

"ဒါဖြင့် သမီးသွားတော့မယ်နော်"

"ဘယ်သွားမလို့လဲသမီး"

"မြို့ထဲကိုဈေးဝယ်ထွက်မလို့ပါ"

"အဖော်ခေါ်သွားဦးလေသမီးရဲ့"

"မလိုပါဘူးဖေဖေရယ်... သမီးကိုယ်သမီး ကောင်းကောင်းကွယ်နိုင်ပါတယ်၊ နောက်ပြီး ဒီ ဖူချောင်မြို့ကလေးမှာ သမီးကိုသိများပါတယ်ဖေဖေ၊ ဒါကြောင့် ကြီးကြီးမားမား အန္တရာယ်မရှိဘူး"

"အေး ..... အေး ..... ဒါဖြင့်လဲသွား"

ချိန်ယင်ခုန်တစ်ယောက် ဝမ်းသာရွှင်မြူးစွာဖြင့် ခုန်ပေါက်သွားထွက်ခွါသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



“သခင်ကြီး ......”

မိန့်ဝူးချန်သည် မော့ကြည့်လိုက်၏။

အခန်းပေါက်ဝတွင်ရပ်နေသော အလုပ်သမားတစ်ဦးကို တွေ့လိုက်ရ၏။

“ဘာတုန်း၊ ဘာကိစ္စရှိလို့လဲ”

“သခင်ကြီးရဲ့မိတ်ဆွေ ရွှေနဂါးအာမခံဌာနက သူဌေးကြီး အန်ပေါင်ကျောက် ခြံဝကိုရောက်နေပါတယ်”

မိန့်ဝူးချန်သည် အနည်းငယ်စဉ်းစားလိုက်၏။

ထို့နောက် ခေါင်းညိတ်လိုက်သည်။

“အေး ..... အေး ..... ငါသွားကြိုလိုက်မယ်”

မိန့်ဝူးချန်သည် လုပ်လက်စအလုပ်များကိုချထားခဲ့ပြီး အိမ်ရှေ့သို့ ထွက်သွားရလေတော့သည်။

သူ့ခြံရှေ့တွင် တန်ဖိုးကြီးမားသောမြင်းရထားကြီးတစ်စီး ရောက်ရှိနေသည်ကိုတွေ့မြင်ရလေ၏။

သူကြည့်နေစဉ်မှာပင် ....



သူနှင့်သက်တူရွယ်တူလောက်ရှိသည့် လူကြီးတစ်ယောက် ခြေနှင့်ဆင်းသက်လာသည်ကိုတွေ့ရှိရ၏။

ထိုလူကြီးသည် အဖိုးထိုက် အဖိုးတန် ပိုးဖဲများကိုဝတ်ဆင်ထားသည်။

ထိုသူသည်ကား အခြားသူမဟုတ်။

ရွှေနဂါးအာမခံပို့ ဆောင်ရေးလုပ်ငန်းပိုင်ရှင် သူဌေးကြီး အန်ပေါင်ကျောက်ဆိုသူဖြစ်လေသည်။

မိန့်ဝူးချန်သည် အန်ပေါင်ကျောက်ကို ခြံဝသို့ဆင်း၍ ခရီးကြိုဆိုလေ၏။

အန်ပေါင်ကျောက်သည် နှုတ်ခမ်းတွန့်ရုံပြုံးလေ၏။

“မိတ်ဆွေကြီး အန်ပေါင်ကျောက်ပါလား၊ လာဗျာ၊ ခင်ဗျား မတွေ့ရတာကြာလို့ တွေ့ချင်နေတာနဲ့ ခင်ဗျားလာတာ အတော်ပဲ သွားတယ်”

မိန့်ဝူးချန်က ကြိုဆိုနှုတ်ခွန်းဆက်လေ၏။

အန်ပေါင်ကျောက်က .....

“ခင်ဗျားက ကျုပ်ကိုတွေ့ချင်ရင် ကျုပ်အိမ်ကိုလာလို့ရနေ ပဲ၊ ခင်ဗျားနဲ့ ကျုပ်က တစ်မြို့တည်းသားတွေပဲဗျာ၊ အပိုတွေပြော နေပါနဲ့”

“အင်း ..... ခင်ဗျားပြောရင်လဲ ခံရမှာပဲ၊ ဒါပေမယ့် ဒီမှာက ပ်တွေတစ်ခုပြီးတစ်ခု လာအပ်နေကြတော့ မအားမလပ်အောင်

www.burmeseclassic.com



ဖြစ်နေရတယ်ဗျာ"

မိန်ဝှူးချန်က ရှင်းပြလိုက်ရသည်။

အန်ပေါင်ကျောက်က ....

"အင်း ..... ခင်ဗျားတို့သံမဏိတံခွန်အဖွဲ့ကတော့ နာမည်ကျော်ကြားလှုကြိုက်များနေတဲ့အဖွဲ့ဖြစ်လို့ အလုပ်တွေ လက်မလည်အောင် ရနေတယ်၊ ကျုပ်တို့အဖွဲ့ကတော့ အလုပ်မရလို့ အိပ်ဖော်သွားနိုင်တဲ့ အခြေအနေမှာရှိနေတယ်ဗျ"

"ခင်ဗျားကလဲ ရယ်စရာပြောနေပြန်ပါပြီ၊ ခင်ဗျားတို့အဖွဲ့ အလုပ်တော့ ရပါသေးတယ်ဗျာ၊ ခင်ဗျားတို့အဖွဲ့ကို အလုပ်အပ်တဲ့ တွေ့ရှိနေတယ်ဆိုတာ ကျုပ်တို့သိပါတယ်ဗျ၊ သံမဏိအဖွဲ့ကို ညာ မရပါဘူးဗျာ၊ ကဲ ..... ကဲ ..... အိမ်ထဲဝင်ပါဦး"

မိန်ဝှူးချန်က ဖိတ်ခေါ်လိုက်လေ၏။

ဧည့်ခန်းဆောင်တွင် နှစ်ဦးစလုံး အေးအေးဆေးဆေး ထိုင်မိကြသောအခါမှ မိန်ဝှူးချန်က စတင်မေးလိုက်၏။

"မလာစဖူး အလာထူးတယ်၊ ဘာကိစ္စများ အရေးပေါ်လာသလဲဗျာ၊ ရှင်းစမ်းပါဦး"

"ကိစ္စအထွေအထူးတော့ မရှိပါဘူးဗျာ၊ ပျင်းလို့ လာလည်တဲ့သဘောပါပဲ၊ ဒါနဲ့ မိန်ယူချန်ကိုကော မတွေ့ပါလား၊ ဘယ်သွားနေသလဲဗျ"

အန်ပေါင်ကျောက်သည် အခန်းပတ်လည်ကို လှည့်ကြည့်



မေးလိုက်၏။

အန်ပေါင်ကျောက်တွင် သားတစ်ယောက်ရှိသည်။

အန်ဟွာချူးဟု အမည်တွင်သည်။

ထိုအန်ဟွာချူးနှင့်မိန်ချန်ယူတို့မှာ မိဘများအလိုကျ စေ့စပ်ထားပြီးဖြစ်ကြသည်။

လူငယ်ချင်း ချစ်ကြိုက်နေကြသည်တော့မဟုတ်ပေ။

မိန်ချန်ယူက ....

ဖခင်စိတ်ချမ်းသာလျှင် ပြီးရောဟူသည့်သဘောဖြင့် ခေါင်းညိတ်ခဲ့ခြင်းသာဖြစ်သည်။

သို့ဖြစ်ရာ ....

မိန်ဝှူးချန်နှင့် အန်ပေါင်ကျောက်တို့သည် မကြာမီကာလအတွင်း ခမည်းခမက်တော်ရမည့်အနေအထားမျိုးဖြစ်ရှိသည်။

"မိန်ချန်ယူလား ..... ရှိပါတယ်ဗျာ၊ ရှိပါတယ်၊ နောက်ဖေးခြံဝင်းထဲမှာသိုင်းလေ့ကျင့်နေပါတယ်၊ ဟော ..... ပြောရင်းဆိုရင်း သမီးတောင် လေ့ကျင့်လို့ပြီးလာပြီနဲ့တူတယ်၊ သမီးရေ ... လာပါဦး၊ သမီးရဲ့ဦးလေးရောက်နေတယ်"

မိန်ချန်ယူသည် အန်ပေါင်ကျောက်ကို ဦးညွှတ်ဂါရဝပြုလိုက်ပြီးမှ ....

ခုံလွတ်တစ်လုံးတွင်ဝင်ထိုင်လိုက်လေ၏။

"ဦးလေးရောက်နေတာ ကြာပြီလား"

www.burmeseclassic.com



"မကြာသေးပါဘူးသမီးရယ် ... ခုမှ ထိုင်ကာစပဲ ရှိပါသေးတယ်၊ အဲ ..... သမီးအစ်ကိုကတော့ ဦးလေးနဲ့အတူတူလိုက်ဖို့ပြင်ထားပြီးမှ ခေါင်းမူးသွားလို့ မလိုက်နိုင်ခဲ့ဘူး၊ အိမ်မှာကျန်ရစ်ခဲ့တယ်"

အမှန်တော့ သူ့သား အန်ဖွားချိုင်းမှာ သူအိမ်မှာထွက်လာသောအခါ အိမ်မှာပင် မရှိချေ။

သူ့သားသည် မိန်စုပင်ကဲ့သို့ အပျော်အပါး လောင်းကစားကို မက်မောသည်။

ချွေးမလောင်းကို ထိုသို့ပြောပြပါကမသင့်လျော်သဖြင့် ကြည့်ကောင်းအောင် ပြောလိုက်ရခြင်းဖြစ်သည်။

မိန်ချန်ယူကလည်း အန်ဖွားချူးပါမလာသည့်အတွက် မည်သို့မျှ ထူး၍မခံစားရချေ။

ရုပ်ရည်ချောမောမှုကိုအခွင့်ကောင်းယူ၍ မိန်းကလေး ထည်လဲတွဲနေသော သူဌေးကြီးသားအန်ဖွားချူးအပေါ် စိတ်ဝင်စားမှုမရှိသလို အထင်ကြီးခြင်းလည်းမရှိချေ။

ဖခင်ကြီး၏မျက်နှာကိုထောက်ထားပြီး အလိုက်အထိုက်ဆက်ဆံနေခြင်းသာဖြစ်သည်။

"ဪ ..... ဟုတ်ကဲ့၊ ကိစ္စမရှိပါဘူးဦးလေး၊ ဒါနဲ့ သမီးကိုခွင့်ပြုပါဦး၊ သမီး သိုင်းလေ့ကျင့်တာ ချွေးထွက်ပြီး ငြီးစီစီကြီးဖြစ်နေလို့ ရေသွားချိုးပါရစေဦးနော်"

"သွားလေသမီး၊ သွားပါ"



အန်ပေါင်ကျောက်ကပြောလိုက်သဖြင့် မိန်ချန်ယူသည် ဦးညွတ်ဂါရဝပြုပြီး ထသွားလေ၏။

အန်ပေါင်ကျောက်က .....

"မိန်ဝူးချန် ..... ခင်ဗျား လုပ်ငန်းတွေအားလုံး အဆင်ပြေရဲ့လား"

"အင်း ..... ခုခိန်ထိတော့ အဆင်ပြေနေသေးတယ်လို့ ပြောရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ .... အမှားအယွင်းလဲ တစ်ခါမှမဖြစ်ဖူးသေးဘူး၊ အပျက်အစီးလဲ တစ်ခါမှမကြုံရသေးလို့ဘဲ၊ တစ်ခါတစ်လေတော့ လုယက်တဲ့လူတွေနဲ့တိုးပါတယ်၊ ဒါပေမယ့် ... ကျုပ်တို့အဖွဲ့ကပဲ ကံကောင်းထောက်မစွာ အနိုင်ရလိုက်လို့ ကျုပ်တို့ပစ္စည်းတွေတစ်ခါမှ အပျက်အစီးမရှိခဲ့ပါဘူး"

မိန်ဝူးချန်သည် သူ့အဖွဲ့ကို နှိမ်ချစွာပြောလိုက်၏။

ဤသို့နှိမ့်ချခြင်းမှာ .... အောင်မြင်နေခြင်းအတွက် တစ်နည်းတစ်လမ်းအားဖြင့် ဂုဏ်တင်ခြင်းသာဖြစ်ပေသည်။

အန်ပေါင်ကျောက်က ပြုံး၍ခေါင်းညိတ်လေ၏။

တကယ်တမ်းတော့ ....

သူ့ရင်ထဲ ကျေနပ်ဝမ်းသာလှသည်မဟုတ်ပါချေ။

ရန်စီးနယ်တစ်ခွင်လုံး၌ လူသိများ ထင်ရှားနေသော သိမ်းဆည်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းကို ကြိတ်၍မနာလိုဖြစ်နေသည်မှာ ကြာမြင့်လှပြီဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ....

လူလိမ္မာအမျက် အပြင်မထွက်ဆိုသကဲ့သို့ အန်ပေါင်ကျောက်က အလိမ္မာဖက် ဆက်ဆံနေခြင်းသာဖြစ်သည်။

မည်သို့ပင် အချိုသတ် ဆက်ဆံစေကာမူ သံမဏိတံခွန်အဖွဲ့ကြီးပျက်စီးစေလိုသောစိတ်ကမူ သူ့ရင်ထဲ ထာဝရကိန်းအောင်းလျက်ပင်ရှိပေသည်။

မိန်ဝူးချန် သူ့အပေါ် ပိုရှိယုံကြည်စေရန် ....

သူ့သားနှင့် ....

မိန်ဝူးချန်၏သမီးမိန်ချန်ယူကိုစေ့စပ်ထားဖို့ အရေးကိုလည်း သူကပင် အကြံပေးကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ရိုးသားသောမိန်ဝူးချန်မှာ ....

အန်ပေါင်ကျောက်၏အကြံအစည်များကို လုံးဝမသိရှိခဲ့ပေ။

စိတ်ထားဖြူစင်သူဖြစ်၍ အန်ပေါင်ကျောက်ကို မိတ်ဆွေရင်းအဖြစ် လွယ်ကူစွာသတ်မှတ်မိလေသည်။

အန်ပေါင်ကျောက်ပြောသောစကားများကိုလည်း စေတနာစကားများအဖြစ် ယုံစားနေမိလေ၏။

"အင်းပေါ့ဗျာ၊ ခင်ဗျားက သိုင်းထိပ်သီးတွေ ခင်ဗျားဆီမှာစုနေတယ်ဆိုပြီး ပေါ့မနေနဲ့ .... ဘယ်သူမှ ငါ့အဖွဲ့ကိုတိုက်ခိုက်ရဲမှာမဟုတ်ဘူးဆိုတဲ့ အတွေးမျိုးကိုမတွေးနဲ့"

"ကျုပ် မတွေးပါဘူးဗျာ"



"မတွေးနဲ့၊ မတွေးနဲ့၊ အောက်လမ်းသိုင်းသမားတွေကလဲ များပါဘိသနဲ့၊ ဒီအောက်လမ်းသိုင်းသမားတွေ စုစည်းပြီး ခင်ဗျားကို တိုက်ခိုက်နိုင်တာကိုလဲ ခင်ဗျားသိတယ်မဟုတ်လား"

"ခင်ဗျားပြောတာ လိပ်ပြာနှုတ်သိုင်းသမား ချိန်လီကျန်ကို ရည်ရွယ်ပြီးပြောတာလား"

"သူ့ကိုချည်း ရည်ရွယ်ပြီးပြောတာမဟုတ်ပါဘူး၊ သူလဲ ပါတာပေါ့ဗျာ၊ တခြား အောက်လမ်းသိုင်းသမားတွေ ထိပ်တန်းသိုင်းပညာရှင်တွေလဲ အများကြီးရှိသေးတာပေါ့၊ ကျုပ်က ဒီလိုပြောလို့ ခင်ဗျားကြောက်သွားအောင် ပြောတယ်လို့မထင်နဲ့၊ ကျုပ်က ခင်ဗျားတို့ အန္တရာယ်နဲ့မကြုံတွေ့ရအောင် စေတနာထားပြီး ကြိုတင်သတိပေးတဲ့သဘောနဲ့ပြောတာပါ"

မကောင်းစိတ်ထားရှိသော အန်ပေါင်ကျောက်သည် စိတ်ကောင်းစေတနာဖြင့် သတိပေးလေဟန် ခြိမ်းခြောက်ပြောကြားလိုက်ခြင်းဖြစ်ပေသည်။

မိန်ဝူးချန်ကတော့ အန်ပေါင်ကျောက်က စေတနာဖြင့်ပြောသည်ဟုယုံကြည်လေ၏။

"ခင်ဗျားပြောတဲ့စကားက စေတနာနဲ့ပြောတယ်ဆိုတာ ကျုပ်နားလည်ပါတယ်ဗျာ"

အန်ပေါင်ကျောက်သည် စိတ်ထဲမှကြိတ်၍ပြုံးလိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် .... အန်ပေါင်ကျောက်သည် မျက်နှာကိုခပ်တည်တည်ထားပြီး .....

"ကိစ္စမရှိပါဘူးမိန်ဝူးချန်ရယ်၊ ကျုပ်တို့ဟာ တစ်ယောက်နဲ့တစ်ယောက် ကျေးဇူးစကားဆိုနေရမယ့်လူတွေမဟုတ်ပါဘူး၊ ခုလောလောဆယ်မှာ မိတ်ဆွေတွေလို့ ဆိုရပေမယ့် မကြာခင် ကျုပ်တို့ဟာ ဆွေမျိုးတွေ တော်စပ်ရတော့မှာပဲ၊ ခင်ဗျားအကျိုးရှိဖို့ ခုလိုသတိပေးတာလို့ စကားထဲထည့်ပြောနေစရာမလိုပါဘူးဗျာ"

အန်ပေါင်ကျောက်သည် မိန်ဝူးချန်အပေါ် မေတ္တာစေတနာထားလေဟန်ဖြင့်ပြောလိုက်လေ၏။

"အင်း ..... ခင်ဗျား ပြောတာကို ကျုပ်ခေါင်းထဲထည့်ထားရတော့မှာပေါ့ဗျာ"

"ခေါင်းထဲထည့်ထားရမှာမဟုတ်ဘူးဗျ၊ ဘယ်လိုကာကွယ်ရမယ်ဆိုတာကို စဉ်းစားထားရမယ်"

"ချိန်လီကျုန်လို ထိပ်တန်းသိုင်းပညာရှင်တွေ စုစည်းပြီး လာတိုက်မယ်ဆိုရင် ကျုပ်တို့ ကာကွယ်ဖို့မလွယ်ဘူးဗျ"

"အဲဒါပြောတာပေါ့ ... ဘယ်လိုကာကွယ်မယ်၊ ဘယ်လိုစုစည်းတိုက်ခိုက်မယ်ဆိုတာတွေကို စဉ်းစားထားရမယ်၊ စဉ်းစားထားတာတော့ မမှားဘူးပေါ့ဗျာ"

"အင်း ..... ကျုပ်လဲစဉ်းစားပါတယ်၊ ဒီအကြောင်းဟာ ကျုပ်ခေါင်းထဲကိုရောက်နေတာ အတော်ကြာပါပြီ၊ ကျုပ်တို့ အစွမ်းကုန်



တော့ ခုခံရတော့မှာပဲပေါ့၊ အင်အားချင်းမမျှလို့ ရှုံးနိမ့်ရင်တော့ ကုသိုလ်ပဲပေါ့ဗျာ"

အန်ပေါင်ကျောက်က အားနာသွားဟန်ဖြင့် ....

"ကဲဗျာ၊ ကျုပ်ပြောတာနဲ့ ခင်ဗျားတောင် အတော်စိတ်ညစ်သွားပြီ၊ ကျုပ် အစိုးရိမ်ကြီးတာလဲ ဖြစ်ချင်ဖြစ်ပါလိမ့်မယ်၊ ကဲ .....

စိတ်ညစ်စရာတွေ မေ့ထားရအောင် ခင်ဗျားရဲ့ပန်းတစ်ရာအရက်ကို သောက်ကြစို့"

မိန်ဝူးချန်သည် ပန်းတစ်ရာအရက်အိုးကိုယူပြီး ပန်းကန်လုံးများထဲသို့ ငှဲ့ထည့်လိုက်၏။

ထို့နောက် ....

တစ်ယောက်တစ်ခွက်စီ မော့သောက်လိုက်ကြတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## ချိုဖြူကလေး

မိန်စုပင်သည် ကစားဝိုင်းမှပေါ်ပါးစွာထလိုက်သည်။

ယနေ့ ထူးထူးခြားခြားအနိုင်ရလိုက်သည်မဟုတ်ပါလော။

သူ အန်စာဝိုင်းတွင်နိုင်ပြီး ထလာသည့်အချိန်တွင် အချိန်သိပ်မရှိတော့ပေ။

ညကြီးသန်းခေါင်ဖြစ်နေပေပြီ။

သူသည် မနိုင်စဖူး အနိုင်ထူးလာသဖြင့် ခြေလှမ်းသွက်သွက်ဖြင့် အိမ်ပြန်လာလေ၏။

သို့ရာတွင် သူ့ခြေလှမ်းများသည် ရုတ်တရက် ရပ်တန့်သွားလေ၏။

အဘယ်ကြောင့်နည်း။



လူသုံးယောက်တို့သည် သူလာလမ်းကို ပိတ်ရပ်နေသောကြောင့်တည်း။

“ခင်ဗျားတို့ ဘယ်သူတွေလဲ၊ ဘာကြောင့် လမ်းပိတ်ထားရတာလဲ .... ဖယ်ပါ”

လမ်းပိတ်ရပ်ထားသူများမှာ အလုံးအရပ် ကွာခြားသူများဖြစ်သည်။

တစ်ဦးမှာ အရပ်ရှည်ရှည်ဖြစ်သည်။

တစ်ဦးမှာ ပုပုဝဝ ဖြစ်သည်။

တစ်ဦးကတော့ ထောင်ထောင်မောင်းမောင်းနှင့် ရက်စက်ကြမ်းကြုတ်မည့်ရုပ်သွင်ပေါက်နေသည်။

ထိုသုံးယောက်တွင် ထောင်ထောင်မောင်းနှင့်လူသည် ခေါင်းဆောင်ဖြစ်လိမ့်မည်ဟု မိန်စုပင်ယူဆလေ၏။

“ငါတို့ လမ်းပိတ်ပြီးရပ်နေတာကတော့ မင်းဆီက ငွေနည်းနည်းလောက်လိုချင်လို့ပါ”

ထောင်ထောင်မောင်းမောင်းနှင့်လူက ရှင်းပြလေ၏။

မိန်စုပင်သည် ပြုံးလိုက်ရင်း ......

“ကျုပ်ဆီမှာ ငွေတစ်ပြားတစ်ချပ်မှ ပါမလာဘူးဗျာ၊ နောက်ခဲ့ပဲယူကြတာပေါ့”

“ဒီလိုတော့ ညာမပြောပါနဲ့ကွာ၊ ညာပြောတာ မကောင်းပါဘူး မင်းဘယ်ကစားဝိုင်းက ထလာတယ်ဆိုတာ ငါတို့သိပြီးပါပြီ”

www.burmeseclassic.com

www.burmeseclassic.com



လူသုံးယောက်သည် သူငွေများများနိုင်လာသည်ကို ကြိုတင်သိနေကြပေပြီ။

ဤလူသုံးယောက်အား သတင်းပေးသူရှိလျှင်ရှိမည်။

သို့မဟုတ်ပါက ဤသုံးယောက်မှာ ကစားဝိုင်းအနီးအနား၌ရှိချင်ရှိပေမည်။

သူသည် ထိုသုံးယောက်ကို မည်သို့မျှ မတိုက်ခိုက်နိုင်ပေ။

သူ့ဖခင်မိန်ဂွီးချန်ထံမှ သိုင်းပညာ သင်ထားခဲ့လျှင်တော့ အလွယ်တကူ အနိုင်ယူနိုင်ပေလိမ့်မည်။ ခုတော့ အကျိုးယုတ်စရာဖြစ်နေလေပြီ။

"ဘယ်လိုလဲ ဘာတွေတွေးနေတာလဲ၊ ထွက်ပြေးချင်လို့ရုပ်ပြီး အကြံထုတ်နေတာလား၊ အဲဒီလိုပြေးလို့တော့ မင်း ငါတို့လက်ထဲကလွတ်မှာမဟုတ်ဘူး .... အသားနာတာပဲ အဖတ်တင်လိမ့်မယ်ကွ ကဲ ..... မင်းခါးထဲကအိတ်ကို ငှါပေးစမ်း"

ဝိန်ဝိန်ရှည်ရှည်လူက စိတ်မရှည်ဘဲဝင်ပြောလိုက်လေ၏။

မိန်စုပင်က .....

"ဒီလိုလုပ်ပါလားဗျာ၊ ခင်ဗျားတို့သုံးယောက် တစ်ယောက်ကိုငွေဒင်္ဂါးပြားသုံးပြားစီပေးမယ်၊ ကျုပ် ဒီနေရာကထွက်သွားမယ်"

ထိုအခါ လူသုံးယောက်စလုံး ရယ်မောကြလေတော့၏။

"တစ်ယောက်ကို ငွေဒင်္ဂါးသုံးပြားဟုတ်လား၊ ရယ်စရာကောင်းလိုက်တာကွာ"



"သုံးပြားနည်းလို့လား၊ ဒါဆို ငါးပြားပေးမယ်၊ ကဲ ..... ဘယ်လိုသဘောရသလဲ"

"ငါးပြား ဘာလုပ်ဖို့လဲကွာ၊ မင်းအိတ်ထဲပါသမျှကို ငါတို့ကအကုန်ယူချင်တာကွ"

ထိုစကားကြောင့် ....

မိန်စုပင်က အတော်ဒေါသထွက်သွား၏။

ရှားရှားပါးပါး တစ်ခါတလေနိုင်လာသောငွေများကို သူတို့က လိုချင်နေသည်မဟုတ်ပါလား။

ဖြစ်ချင်ရာဖြစ်။

သူ့၌ပါရှိသောငွေအိတ်ကို မပေးဘူးဟုဆုံးဖြတ်လိုက်၏။

မိန်စုပင်သည် သိုင်းပညာတတ်သူ မဟုတ်သော်လည်း သွေးကြောင်သူတစ်ဦးကားမဟုတ်ချေ။

သူသည် သတ္တိရှိသူဖြစ်၏။

သုံးယောက်တစ်ယောက်ဖြစ်သော်လည်း သူသည် ခံချရန်ဆုံးဖြတ်လိုက်သည်။

"အေး ..... ငွေအိတ်တော့မရဘူး၊ ဒါပဲရမယ်ကွ"

သူသည် ကြွေးကြော်ရင်း သူနှင့်အနီးဆုံးတွင်ရှိသော ပိန်ပိန်ရှည်ရှည်နှင့်လူ၏မေးရိုးကို လက်သီးဖြင့်ထိုးချလိုက်သည်။

"ခွပ် ....."

"အား ....."

www.burmeseclassic.com

www.burmeseclassic.com



လျှပ်တစ်ပြက်ထိုးချလိုက်သည့် လက်သီးကို ထိုလူသည် မရှောင်နိုင်ချေ။

မြေပြင်ပေါ်သို့ လဲကျသွား၏။

ထိုအခါ ထောင်ထောင်မောင်းမောင်းလူက .....

"ဟား ..... ဟား ..... ဟား ..... ကြိုက်တယ်၊ မင်းထိုးတာကိုကြိုက်တယ်၊ ငါကလဲ ဒီလိုထိုးတတ်တယ်ကွ"

ပြောပြောဆိုဆိုပင် မိန်စုပင်၏ဝမ်းဗိုက်ကို လက်သီးဖြင့်ထိုးလိုက်ရာ မိန်စုပင်မှာ မရှောင်နိုင်ဘဲ ဒူးထောက်ကျသွားလေတော့၏။ ထိုအခါ ....

မြေပြင်လဲကျနေသောပိန်ပိန်ရှည်ရှည်လူသည် ကပျာကယာလူးလဲထလာပြီး .....

"မင်းကငါ့ကိုထိုးတယ်၊ ငါကလဲ မင်းကိုပြန်ထိုးမယ်၊ ရှောင်နိုင်ရင် ရှောင်ပေတော့"

သူသည် မိန်စုပင်ကိုလှမ်းထိုးလိုက်၏။

သို့သော် ...

ထိုလူ၏မျက်နှာနှင့်မထိခင်မှာပင် မမျှော်လင့်သော အဖြစ်အပျက်သည် ဖြစ်ပေါ်လာလေတော့၏။

မိန်စုပင်၏မျက်လုံးထဲတွင် အဖြူရောင်လူရိပ်တစ်ခုကို နိုးခနဲမြင်လိုက်ရ၏။

တစ်ခဏချင်းမှာပင် ....



ပိန်ပိန်ရှည်ရှည်လူသည် အဝေးသို့လွင့်စဉ်သွားလေ၏။

"ဝုန်း ....."

"အား ....."

ထိုအခါကျမှ မိန်စုပင်သည် အဖြူရောင်အရိပ်ကို သေချာစွာကြည့်မိသည်။

မိန်စုပင် အကြီးအကျယ်အံ့အားသင့်သွားရလေ၏။

လျှပ်တစ်ပြက်ရောက်ရှိလာသည့် အဖြူရောင်အရိပ်မှာ အလွန်တရာ ချောမောလှပသည့်မိန်းမပျိုကလေးတစ်ယောက်ဖြစ်နေသောကြောင့်တည်း။

မိန်းမပျိုလေးမှာ အသက်နှစ်ဆယ်ပြည့်ဦးမည်မဟုတ်ချေ။

သူမသည် အဖြူရောင်ပိုးဖဲဝတ်စုံကိုဝတ်ဆင်ထား၏။

ထောင်ထောင်မောင်းမောင်းနှင့်လူက .....

"မင်း .... မင်း .... ဘာဖြစ်လို့ သူများကိစ္စဝင်ရှုပ်ရတာလဲ"

လဲကျသွားသောပိန်ပိန်ရှည်ရှည်လူကား ပြန်လည်မထလာတော့ချေ။

သတိလစ်မေ့မြောသွားချေပြီ။

မိန်းမပျိုကလေးကလှပစွာပြုံးပြီး .....

"ရှင်တို့ သူ့ကိုဘာဖြစ်လို့ နှိပ်စက်ရတာလဲ၊ ကျွန်မကမျက်စိနှာမတော်တာတွေ့ရင် ကြည့်မနေတတ်ဘူးရှင့်"

"ဩော် ..... မင်းကကယ်တင်ရှင်ကြီးပေါ့၊ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကယ်ချင်ကယ်မယ် .... မကယ်ချင်မကယ်ဘူး၊ ရှင်ဘာမှပြောနေစရာမလိုဘူး"

"လိုတာပေ့ါ၊ တို့ကိစ္စမှာ မင်းဝင်ရှုပ်နေတာမဟုတ်လား"

"ရှုပ်တယ်လေ .... ရှင်တို့ သုံးယောက်တစ်ယောက် မတရားလုပ်နေတဲ့ဥစ္စာ"

ထောင်ထောင်မောင်းမောင်းနှင့်လူ၏မျက်နှာထားမှာ တင်းခနဲဖြစ်သွားလေသည်။

"မင်းကနေရင်းထိုင်ရင်း အသားနာချင်တော့ တို့ကိစ္စမှာ မင်းဝင်ရှုပ်တာပေ့ါ၊ မင်း ကျားကြီးဟုကျိုအကြောင်း သိရမယ်"

"ကျားကြီးဟုကျိုအကြောင်းလဲ မသိဘူး၊ ခွေးကြီးဟုကျိုအကြောင်းလဲ မသိဘူး"

"ဘာကွ၊ မင်းစော်ကားလှချည်လား၊ ဒါဆိုရင် ... ကျားကြီးဟုကျိုအကြောင်းသိသွားအောင် အစွမ်းပြရသေးတာပေ့ါ"

ကျားကြီးဟုကျိုသည် သိုင်းပညာတတ်မြောက်သူမဟုတ်ချေ။ လက်ရုံးအားကိုးဖြင့် မိုက်နေသူသာဖြစ်သည်။

သူသည် မိန်းမပျိုလေးထံပြေးဝင်ပြီး ဘယ်ညာလက်သီးဖြင့် ထိုးချလိုက်၏။

ထိုအဖြစ်ကိုကြည့်၍ မိန်စုပင်သည် မိန်းမပျိုအတွက် စိုးရိမ်သွားမိလေ၏။

သို့သော် ..... သူ့စိုးရိမ်မှုမှာ အလကားဖြစ်သွား၏။



ကျားကြီးဟုကျို၏လက်သီးများသည် လေထဲတွင် အချည်းနှီးဖြစ်သွားလေ၏။

မိန်းမပျိုသည် လွှားခနဲ ခုန်ရှောင်ထွက်သွားသောကြောင့်ဖြစ်လေသည်။

"ဘယ်လိုလဲ ... ရှင့်က လေကိုချည်း လျှောက်ထိုးနေတော့တာလား"

ကျားကြီးဟုကျို၏မျက်နှာ မည်းမှောင်သွားသည်။

"ဩော် ..... မင်းကငါ့ကိုလှောင်တယ်ပေ့ါ၊ ကဲ ..... ဒါဖြင့် လက်သီးကိုရှောင်ကြည့်ပေတော့"

"ဟင့်အင်း ..... ကျွန်မ မရှောင်တော့ဘူး၊ လက်ရှိနေရာမှာ ရပ်နေမယ်၊ ကျွန်မကို ထိအောင်လာထိုးပေတော့"

"ကောင်းပြီ ငါထိုးမယ်"

ကျားကြီးဟုကျိုသည် မိန်းမပျို၏မျက်နှာကို လက်သီးဖြင့် ထိုးလိုက်၏။

ထိုအခါ ....

မိန်းမပျိုလေးက သူ့ဆီဝင်လာသော လက်သီးကိုဖတ်ခနဲ လိုက်၏။

တစ်ဆက်တည်းမှာပင် ....

ကျားကြီးဟုကျို၏ရင်ဘတ်ကို လက်ဝါးနှင့်ရိုက်လိုက်လေ၏။

"သွားစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဘုန်း ....."

"အား ....."

မိန်စုပင်၏မျက်စိထဲတွင် လက်ဝါးဖြင့်အသာလေးရိုက်လိုက်သည်ဟုထင်ရသော်လည်း ကျားကြီးဟုကျိုမှာ ကျောက်စောင်ကိုပြေးတိုက်သကဲ့သို့ရှိပြီး နှုတ်ခမ်းမှသွေးများကျလာသည်။

ထို့နောက် မြေပေါ်သို့ ဝုန်းခနဲပစ်ကျသွားလေတော့သည်။



"ကဲ ..... ရှင်ဇကော၊ စမ်းချင်သေးသလား"

မိန်းမပျိုလေးက ပုပုဝဝလူကိုလှမ်းမေးလိုက်၏။

ကျားကြီးဟုကျိုခံလိုက်ရပြီးကတည်းကပင် ထိုလူမှာ မျက်စိမျက်နှာပျက်နေလေပြီ။

မိန်းမပျိုကလှမ်းမေးလိုက်သောအခါ ထိုသူမှာစကားမပြောနိုင်တော့ဘဲ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးသွားလေတော့၏။

"ဩော် ..... သတ္တိခဲကြီးတွေ၊ သတ္တိခဲကြီးတွေ၊ သုံးယောက်တစ်ယောက်ကျတော့ ဝိုင်းချမလို့တဲ့၊ အခု ..... သူတို့လဲခံရရောပြေးလိုက်တာ မြင်းထက်တောင် မြန်ဦးမယ်"

မိန်းမပျိုသည် ပြောရင်းရယ်နေလေ၏။

သိုင်းပညာမတတ်သူများကို မိန်းမပျိုအနေဖြင့် ရှေ့ရှည်ယှဉ်ပြိုင်နေရန် မလိုပါချေ။

တစ်ချက်တည်းနှင့် ပွဲပြီးသွားပြီဖြစ်သည်။

မိန်စုပင်သည် ဗိုက်ကိုအထိုးခံလိုက်ရသဖြင့် အောင့်သက်သက်ဖြစ်နေသည့်ကြားမှ .....

မိန်းမပျို၏လှုပ်ရှားမှုကို မျက်လုံးအပြူးသား ဖြင့်ငေးကြည့်နေမိ၏။

ထိုစဉ်မှာပင် .....

မိန်းမပျိုကလေးက သူ့ဘက်သို့လှည့်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့် အခြေအနေဘယ်လိုနေသလဲ"

"အခြေအနေကောင်းပါတယ်"

"ရှင်ခံနေရတာကို ကျွန်မမြင်လို့ ပြေးလာတာပါ"

"ဟုတ်တယ်၊ ကျုပ်ကို သူတို့ဝိုင်းပြီးမတရားလုပ်မလို့ပါ"

"ရှင့်ကိုကြည့်ရတာ သိုင်းပညာတတ်ပုံမရဘူး"

"ဟုတ်ပါတယ် .... ကျုပ် သိုင်းပညာလုံးဝမတတ်ပါဘူး ဒါကြောင့်မို့ လူရမ်းကားသုံးယောက်ကို နိုင်အောင်မတိုက်ခိုက်နိုင်တာပေါ့၊ ညီမကတော့ သိုင်းပညာအဆင့်မြင့်မြင့်တတ်ထားပုံရတယ်၊ ကျားကြီးဟုကျိဟာ သိုင်းပညာတော့မတတ်ဘူး၊ ဒါပေမယ့် သာမန် အထိုးအပုတ်အတို့က်အခိုက်ကိုကျွမ်းကျင်ပုံရတယ်"

မိန်စုပင်က မိန်းမပျိုငယ်လေးကိုကြည့်ကာ ....

"ဘယ်လောက်ပဲ သတ်တာပုတ်တာ ကျင်လည်ကျင်လည် ညီမနဲ့ကျတော့ သူမှောက်သွားတာပဲ"

မိန်စုပင်၏စကားကြောင့် မိန်းကလေးမှာ မျက်နှာမထားတတ်သလိုဖြစ်သွားရတော့သည်။

"ဒီလောက်လဲမဟုတ်ပါဘူးရှင် .... ကျွန်မလဲ သိုင်းပညာမတောက်တစ်ခေါက်လောက်ပဲတတ်တာပါ၊ ဒီလူတွေက သိုင်းပညာလုံးဝမတတ်တဲ့လူတွေဖြစ်နေလို့ ခုလိုလွယ်လွယ်နဲ့နိုင်လိုက်တာပါ"

ဝတ်စုံဖြူဝတ်ဆင်ထားသောမိန်းမပျိုက သူမ၏သိုင်းပညာထက်မြက်မှုကိုမသိစေချင်ဟန်ဖြင့် ထိန်းထိန်းသိမ်းသိမ်းပြောလေ၏။



သို့သော် ....

မိန်စုပင်ကတော့ သိုင်းပညာအသိုက်အဝန်းကြားတွင် ကြီးပြင်းလာခဲ့သူဖြစ်ရာ မိန်းမပျို၏သိုင်းပညာအဆင့်အတန်းကို ကောင်းစွာခန့်မှန်းမိပေသည်။

"ဒါနဲ့ ဒီလူတွေသေကုန်ပြီလား"

မိန်စုပင်ကမေးလိုက်သည်။

မိန်းမပျိုလေးက ခေါင်းယမ်းလိုက်၏။

"သူတို့မသေနိုင်ပါဘူး၊ မေ့ရုံတင် မေ့နေကြတာပါ"

"ဟို ..... ကျားကြီးဟုကျိဆိုတဲ့လူတော့ ပါးစပ်ထဲက သွေးတွေတောင်ထွက်နေတယ်၊ သူကတော့ မလွယ်ဘူးနဲ့တူတယ်"

"သွေးထွက်လာတာမှန်ပေမယ့် မသေနိုင်ပါဘူး၊ ကျွန်မက အတွင်းအားသုံးပြီး တိုက်ခိုက်တာမှမဟုတ်ဘဲ"

မိန်းမပျိုသည် ပြောပြီးမှမှားမှန်းသိသည်။

သူမ၏သိုင်းပညာအဆင့်အတန်းကို ဖော်ပြောမိသလို ဖြစ်နေသည်မဟုတ်ပါလား။

သို့ရာတွင် မိန်စုပင်ကတော့ ထိုစကားကိုနားမဝင်ပါ။ လဲကျနေသူများကိုသာ ကြည့်ရှုနေသည်။

မိန်းမပျိုက ဆက်ပြောလေ၏။

"ဒါနဲ့ ရှင်ဘယ်သူလဲ၊ ရှင့်ကို သူတို့ကဘာဖြစ်လို့ဝိုင်းနှိပ်စက်ကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည်မိန်စုပင်လို့ ခေါ်ပါတယ်၊ သမဏိတံခွန်အာမခံ ဝိုင်ရှင်မိန်ဝူးချန်ရဲ့သားဆိုပါတော့"

"သြော် ..... ရှင်က သံမဏိတံခွန် သယ်ယူပို့ဆောင်ရေး ဝိုင်ရှင်ရဲ့သားကိုး၊ ရှင်တို့ သံမဏိတံခွန်အဖွဲ့ကတော့ ရှန်စီးပြည်နယ် တစ်ခုလုံး ဟိုးဟိုးကျော်နေတာပါပဲ၊ ဘယ်အာမခံပို့ဆောင်ရေးအဖွဲ့ ကမှ သံမဏိတံခွန်အဖွဲ့ကိုမကျော်နိုင်ဘူးလို့ ပြောနေကြတယ်၊ ဒါနဲ့ နေစမ်းပါဦး၊ ရှင့်အဖေ မိန်ဝူးချန်က သိုင်းပညာရှင်ကြီးတစ်ယောက် မဟုတ်လား"

"ဟုတ်ပါတယ်၊ သိုင်းပညာရှင်ကြီးတစ်ယောက်ပါ၊ သူဟာ အလေ့အကျင့်လဲ မပြတ်ပါဘူး"

မိန်းမပျို မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် .... ရှင်က ဘာဖြစ်လို့သိုင်းပညာမတတ်ဘဲ ဖြစ်နေ ရတာလဲ၊ ရှင့်အဖေမိန်ဝူးချန်ဟာ သားကိုတောင် သိုင်းပညာသင်မပေး တော့ဘူးတဲ့လား"

"ဟာ .... ဒါတော့မဟုတ်ပါဘူး၊ ကျုပ်အဖေကသိုင်းပညာ သင်ပေးချင်လွန်းလို့တစ်ဝိုင်းကိုသေနေတာပဲ၊ ကျုပ်က ပျင်းလွန်းလို့ မသင်ချင်တာပါ၊ ကျုပ်က တစ်နေ့တော့ သင်ပါ့မယ်၊ သင်ပါ့မယ်နဲ့ အချိန်ဆွဲလာတာ၊ ဒီအသက်အရွယ်အထိရောက်လာတာပါပဲ"

"သြော် .... အဲကြောင့် ရှင်က သိုင်းပညာမတတ်ဘဲဖြစ်နေ တာကိုး၊ ဒါထက် ဟိုလူသုံးယောက်က ရှင့်ကို ဘာဖြစ်လို့ ဝိုင်းရန်လုပ် နေကြတာလဲ"

မိန်းမပျိုလေးကမေးလိုက်သည်။

မိန်စုပင်သည် အပျော်အပါး အလောင်းအစားကိုသာ ခုံမင် မက်မောသူဖြစ်သည်။

လိမ်ညာပြောဆိုတတ်ခြင်းတော့မရှိချေ။

သူ့အဖြစ်ကို ပွင့်ပွင့်လင်းလင်းဖွင့်ဟပြောပြ၏။

"ကျုပ်က နေ့တိုင်းလောင်းကစားဝိုင်းတွေကိုသွားနေတာ ပဲဗျာ၊ တစ်ခါမှနိုင်တယ်မရှိပါဘူး၊ ရှုံးချည်း ရှုံးနေတာပဲ၊ ဒီနေ့မှာတော့ ထူးထူးခြားခြားနိုင်ခဲ့ပါတယ်၊ ဒါကို ဘယ်လိုသတင်းရသွားတယ် မသိ ပါဘူးဗျာ၊ ကျုပ်ဆီကနိုင်လာတဲ့ငွေတွေကိုလာယူကြတာဗျ၊ ဒီလူ သုံး ယောက်ပေါ့၊ ကျုပ်ကလဲ တစ်ခါတစ်ရံမှနိုင်တာဆိုတော့မပေးချင် ဘူးပေါ့ဗျာ၊ အဲဒီမှာ ခံချတာပဲ၊ သူတို့ကလဲ ဝိုင်းပြီးတိုက်ကြတာပဲဗျာ"

"ရှင်က သိုင်းပညာမတတ်ပေမယ့် သတ္တိတော့ အကောင်း သားပဲ၊ သုံးယောက်တစ်ယောက် ခံချဝံ့တဲ့သတ္တိရှိသားပဲ"

"ဟာ ..... ကျုပ်ကယောက်ျားပဲဥစ္စာ၊ လွယ်လွယ်နဲ့တော့ ဘယ်အလျှော့ပေးလိမ့်မလဲ၊ ဒါပေမယ့် ခင်ဗျားသာလာမကူရင်တော့ ကျုပ်ခံရမှာသေချာပါတယ်၊ ငွေတွေလဲ ဆုံးရှုံးမှာသေချာပါတယ်၊ အခု တော့ လူလဲသက်သာရရတယ်၊ ငွေတွေလဲ တစ်ပြားတစ်ချပ်မှ မဆုံး ရှုံးဘူး၊ ဒါကြောင့် ခင်ဗျားကို အထူးပဲကျေးဇူးတင်ပါတယ်ဗျာ"

"ကိစ္စမရှိပါဘူးရှင်၊ ကြုံကြိုက်လို့ ကူညီရတာပဲ၊ ဘာမှအပန်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးတဲ့ကိစ္စမဟုတ်ပါဘူး"

"ဒါနဲ့ .... ညကြီးသန်းခေါင်မှာဗျာ၊ ခင်ဗျာ ဘယ်များသွားမလို့လဲ"

"ကျွန်မအဖေကိစ္စဆောင်ရွက်ပေးတာပါ၊ ကိုယ်ခံပညာနည်းနည်းပါးပါး တတ်မြောက်ထားတော့ တော်ရုံတန်ရုံကိစ္စတွေမှာ အပြင်ထွက်ရတာပေါ့ရှင်"

မိန့်စုပင့်မှာ မိန်းမပျိုလေးကို ကျေးဇူးအထူးတင်မိလေသည်။ ထို့ကြောင့် တစ်ပြန်တစ်လှည့်ကူညီခွင့်ကြုံလျှင် ကူညီချင်ပါသေးသည်။

"ကျုပ်တော့ ခင်ဗျားကို ကျေးဇူးမတင်ဘဲ မနေနိုင်ပါဘူးဗျာ၊ ဒါနဲ့ ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲဟင်၊ ကိုယ့်ကိုကူညီဖူးတဲ့သူရဲ့နာမည်ကိုတော့ သိထားသင့်တယ်မဟုတ်လားဗျာ၊ ဒါမှ အခွင့်အခါကြုံရင် ပြန်ကူညီနိုင်မှာပေါ့"

မိန်းမပျိုသည် သူမ၏နာမည်ကိုထုတ်ဖော်မပြောချေ။

"ဘာလဲ ..... ကိုယ့်နာမည်မေ့နေလို့ ပြန်ငြင်းစားနေရတာလား"

မိန့်စုပင်က ရွတ်နောက်နောက်မေးမြန်းလိုက်လေ၏။

မိန်းမပျိုလေးက .....

"ကျွန်မနာမည်ကို မသိချင်ပါနဲ့ရှင်"

မိန့်စုပင် မျက်မှောင်ကုပ်သွားသည်။



"ဘာဖြစ်လို့လဲဗျာ၊ နာမည်ကို သိမထားရင် နောင်တွေ့တဲ့အခါ နှုတ်ဆက်ဖို့ခက်တာပေါ့"

"ဒီလိုဆိုရင်လဲ ကျွန်မကို နိုဖြူလေးလို့မှတ်ထားပါရှင်"

"နိုဖြူလေး ....."

"ဟုတ်ကဲ့ ... နိုဖြူလေးပါ၊ ကျွန်မကိုသွားခွင့်ပြုပါဦးနော်၊ နောင်အခွင့်အခါသင့်ရင် တွေ့ကြသေးတာပေါ့"

မိမိကိုယ်ကို နိုဖြူလေးဟုပြောသောမိန်းကလေးသည် လျင်မြန်စွာပြေးထွက်သွားလေသည်။

ညအမှောင်ထဲ၌ ပြေးထွက်သွားပုံမှာ ....

နိုဖြူတစ်ကောင်အလား လျင်မြန်လှပေသည်။

မိန့်စုပင်သည် ညအမှောင်ထဲ၌ ပျောက်ကွယ်သွားသော နိုဖြူကလေး၏ကျောပြင်အား ငေးကြည့်နေမိသည်။

"မင်းဟာ ငါတွေ့ဖူးသမျှမိန်းကလေးတွေထဲမှာတော့ တကယ့်ကို အလှဆုံးပါပဲ၊ နိုဖြူလေးရယ်"

မိန့်စုပင်သည် တမ်းတမ်းတတပင် ရေရွတ်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



## အလုပ်အပါခြင်း

ဈေးကွဲချိန်။

ဖူချောင်မြို့သည် ခြောက်သွေ့နေလေ၏။

ဖူချောင်မြို့ရှိ ဈေးဆိုင်ကန္တားများမှာ နံနက်ခင်းကလို လူသူ စည်ကားခြင်းမရှိတော့ချေ။

စားသောက်သူ အနည်းအကျဉ်းသာရှိတော့သည်။

ထို လူသူမရှိသော စားသောက်ဆိုင်များထဲတွင် ငွေင်နီး စား သောက်ဆိုင်လည်း တစ်ဆိုင်အပါအဝင်ဖြစ်သည်။

အဆိုပါ ငွေင်နီးစားသောက်ဆိုင်ထဲတွင် မိန်စုပင်ရောက်နေလေ၏။

မိန်စုပင် စိတ်ပျက်လက်ပျက်ဖြစ်နေဟန်ဖြင့် ခေါင်းငိုက်စိုက် ချထားသည်။



အဘယ်ကြောင့် မိန်စုပင်စိတ်ပျက်နေပါသနည်း။

မိန်စုပင်သည် ပါသမျှငွေကြေးများကို လောင်းကစားဝိုင်းတွင် ရှုံးသွားသောကြောင့်ဖြစ်လေသည်။

ပါသမျှငွေကြေးများမှာ များသောအားဖြင့်ရှုံးလေ့ရှိ၏။

သူသည် စိတ်ပျက်လေ့မရှိပေ။

ယခု စိတ်ပျက်သည်မှာ အကြွေးများတင်လာသောကြောင့် ဖြစ်၏။ သူသည် စိတ်ညစ်ညစ်နှင့် အရက်ချည်းထိုင်သောက်နေတော့၏။ သူသောက်သည်မှာ အရက်တစ်အိုးကုန်ချေပြီ။

"ဟေ့ ..... နောက်ထပ်တစ်အိုး ချပေးစမ်း"

သူသည် မူးမူးရူးရူးဖြင့်လှမ်းအော်လေ၏။

ထိုအခါ စားပွဲထိုးတစ်ယောက်က အရက်အိုးကိုလျင်မြန်စွာ ချပေးလိုက်သည်။

မိန်စုပင်သည် သူတို့ဆိုင်၏ဖောက်သည်တစ်ဦးပင် မဟုတ်ပါလော။

ထိုစဉ် .... ဆိုင်ထဲသို့လူစိမ်းနှစ်ဦးဝင်လာပြီး မိန်စုပင်၏ စားပွဲတွင်ဝင်ထိုင်၏။

အဆိုပါလူစိမ်းနှစ်ယောက်မှာ ဥစ္စာဓန ကုံလုံကြွယ်ဝသော ဒန်သည်ပွဲစားများဖြစ်ပုံရပေသည်။

ပိုးဖဲဝတ်စုံကို သေသပ်ကျနစွာဝတ်ဆင်ထားသည်။

မိန်စုပင်သည် ထိုလူများကို စိတ်မဝင်စားချေ။

www.burmeseclassic.com

www.burmeseclassic.com



အရက်ကိုသာ ငုံ့သောက်နေသည်။

အနီရောင်ပိုးဖဲဝတ်စုံကိုဝတ်ဆင်ထားသောလူစိမ်းက ....

"ညီလေးနာမည် မိန်စုပင်မဟုတ်လား"

မိန်စုပင် အံ့သြသွားသည်။ သူစိမ်းများသည် သူ့နာမည်ကို သိနေသည် မဟုတ်ပါလော။

"ဟုတ်တယ်၊ ကျုပ်နာမည်မိန်စုပင်"

မိန်စုပင်က မူးသံဖြင့်ပြောလိုက်၏။

"ဒါဆို သံမဏိတံခွန်အာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့က မိန်ဂူးချွန်ရဲ့သားပေါ့နော်"

"မှန်ပါတယ်၊ ကျုပ်အဖေကမိန်ဂူးချွန်ပါ"

ထိုလူစိမ်းနှစ်ဦးသည် တစ်ဦးမျက်နှာကိုတစ်ဦးကြည့်ကြပြီးနောက် အားရကျေနပ်စွာ ပြုံးလိုက်၏။

ပိုးဖဲဝတ်စုံနှင့်လူက ......

"ဒါဆိုအတော်ပဲ၊ ညီလေးကို အစ်ကိုတို့နှစ်ယောက် လိုက်ရှာနေကြတာအတော်ကြာပြီ၊ ခုမှ ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ရတော့တယ်"

မိန်စုပင် အမူးပြေသလိုဖြစ်သွား၏။

"ဘယ်လိုဗျ၊ ခင်ဗျားတို့နှစ်ယောက်က ကျုပ်ကိုတွေ့ချင်လို့ လိုက်ရှာနေကြတယ် ဟုတ်လား၊ ဘာဖြစ်လို့ လိုက်ရှာနေကြတာလဲ ခင်ဗျားတို့ကို ကျုပ်တစ်ခါမှလဲမမြင်ဖူးဘူး၊ ခင်ဗျားနဲ့ကျုပ်အကြား



ဘာအကြောင်းမှရှိမနေဘဲဗျာ"

ကြွေးတင်နေသဖြင့်စိတ်ညစ်နေသော မိန်စုပင်က စိတ်ရှုပ်ရှုပ်ဖြင့်ပြောလိုက်သည်။

ပိုးဖဲဝတ်စုံနီနှင့်လူက ပြုံးလျက်ပြောသည်။

"ညီလေးပြောမှန်ပါတယ်၊ အစ်ကိုတို့ကို ညီလေး ဘယ်မြင်ဖူးပါ့မလဲ၊ အစ်ကိုတို့က ကုန်သည်တွေဆိုတော့ ဘယ်မြို့မှာမှအတည်တကျမရှိကြဘူးလေ၊ အစ်ကိုတို့က ညီလေးအတွက် မျက်နှာစိမ်းတွေဖြစ်နေမှာပေါ့"

"ဒါတွေထားလိုက်ပါတော့၊ ခင်ဗျားတို့ ကျုပ်ကိုတွေ့ချင်နေတယ်ဆိုတာ ဘာအကြောင်းလဲ"

"ပြောမှာပေါ့ညီလေးရာ၊ ဖြည်းဖြည်းပေါ့၊ ပြောချင်လွန်းလို့ လိုက်တောင်ရှာနေရတဲ့ဥစ္စာ၊ အရက်သောက်ရင်း အေးအေးဆေးဆေး စကားပြောကြတာပေါ့၊ ဟော့ ..... အကောင်းဆုံး အရက်နှစ်အိုးပေးစမ်းဟေ့"

မကြာမီ အရက်နှစ်အိုးရောက်ရှိလာသည်။

အရက်အိုး ရောက်လာသဖြင့် စကားဝိုင်းသည် စိုစိုပြည်ပြည် ဖြစ်လာလေ၏။

အရက်သောက်ရင်း ပိုးဖဲဝတ်လူသည် စကားကိုပြန်စ၏။

"ဒီလိုကွ ..... ညီလေးရဲ့ အစ်ကို့နာမည်ကဝူချောင်ဘဲ၊ သူ့နာမည်ကရှူစင်းတဲ့၊ အစ်ကိုတို့နှစ်ယောက်စလုံးဟာ ကုန်သည်တွေ

www.burmeseclassic.com



ဆိုပါတော့ကွာ၊ ညီလေးကို ပစ္စည်းတစ်ခုသယ်ခိုင်းချင်လို့ပါ၊ အစ်ကို တို့က ဒီမြင်အဖွဲ့တွေကိုလဲ မငှားချင်ဘူး၊ ညီလေးတို့ သံမဏိတံခွန် အဖွဲ့ကိုပဲငှားချင်တယ်"

ဝူချောင်က ရှင်းပြလိုက်၏။

မိန်စုပင်က လက်ခါယမ်းရင်းပြောလိုက်သည်။

"ဒါက ဘာမှခက်ခဲတဲ့ကိစ္စ မဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျာ တို့ ကျုပ်ကိုလာပြောမယ့်အစား ကျုပ်တို့အလုပ်ဌာနကိုသွားပြီး ကျု အဖေကို ဒီစကားတွေ သွားပြောသင့်တာပေ့ါ၊ ခင်ဗျားတို့ကို ကျုပ်အ ဖေက ဒီလိုအရက်မျိုး ဆယ်အိုးလောက်နဲ့ ဧည့်ခံလိုက်မယ်"

မိန်စုပင်က အကြံပေးလိုက်လေ၏။ သူက သယ်ယူပို့ဆော ရေးလုပ်ငန်းကို စိတ်ဝင်စားသည်မဟုတ်ချေ။ သို့သော် ဝူချောင်နှ ရှူစင်းတို့က သူ့အကြံပြုချက်ကို လက်မခံချေ။

"အလုပ်အပ်ရင် လုပ်ငန်းရှိတဲ့နေရာကိုသွားရမယ်ဆိုတာ ငါတို့လဲသိတာပေ့ါ၊ ခုဟာက လုပ်ငန်းရှိတဲ့နေရာကိုမသွားနိုင် အခြေအနေမျိုးဖြစ်နေတယ်၊ ဒါကြောင့် ညီလေးကို လိုက်ရှာနေရတာ ပေ့ါ"

ဝူချောင်၏စကားသည် ထူးဆန်း၏။ မိန်စုပင်သည် ဝူချော ကို ခေါင်းငေါ့ကြည့်လေ၏။

"လုပ်ငန်းဌာနကို သွားအပ်လို့ မဖြစ်နိုင်တဲ့အခြေအနေ ဟုတ်လား"



မိန်စုပင် အမှန်ပင် နားမလည်နိုင်အောင်ဖြစ်သွားရ၏။ ထို့ကြောင့် ....

"ဒါနဲ့ နေစမ်းပါဦး၊ ခင်ဗျားတို့က ဘာပစ္စည်းတွေ သယ်မှာ လဲဗျ"

မိန်စုပင်က မေးလိုက်သောအခါ ဝူချောင်နှင့်ရှူစင်းတို့သည် ဘားဘီဝဲယာကို ကျီးကန်းတောင်းမှောက်လှျောက်ကြည့်ကြလေ၏။

ဈေးကွဲချိန်၊ စားသောက်ဆိုင်များ၌ လူမရှိသော အချိန်ဖြစ် ဖြင့် အနီးအပါး၌ လူသူမရှိချေ။ ဝူချောင်သည် မိန်စုပင်၏ နားနား ပ်၍ တိုးတိုးပြောလိုက်၏။

"အစ်ကိုတို့ သယ်ခိုင်းမယ့်ပစ္စည်းကတော့ တခြားမဟုတ်ပါ ဘိန်းလေ"

မိန်စုပင် ကြက်သေသေသွားလေ၏။

နောက်တော့မှ သတိပြန်ဝင်လာပြီး ....

"ဟာ .... ခင်ဗျားတို့ကလဲမဟုတ်တာဗျာ၊ ဘိန်းသယ်သွား ယ်ဖြစ်ပါ့မလဲ၊ ဘိန်းဆိုတာ ဘုရင်စကောရာဇ်ကိုယ်တော်တိုင် တင်း ကြပ်ကြပ် တားမြစ်ပိတ်ပင်ထားတဲ့ပစ္စည်းဗျ၊ ကျုပ်တို့အားလုံး ခံရအောင် ခင်ဗျားတို့ကချောက်ချတာလား"

ဒေါသဖြင့်ပြောလိုက်သောစကားကြောင့် ဝူချောင်က ပြုံး ခါယမ်းလေ၏။

"ညီလေးပြောတာမှန်ပါတယ် .... ဘိန်းကိုမသယ်ရဘူးလို့

www.burmeseclassic.com

www.burmeseclassic.com



ဘုရင်က အမိန့်ပေးထားတယ်၊ ဒါကလဲ သူတို့မိမှပါ။ မမိအောင်တိ တိတ်လေးသယ်သွားရင် သူတို့ ဘယ်လိုအပြစ်ပေးနိုင်မှာလဲ၊ အစ် ပြောတာမဟုတ်ဘူးလား"

ဝူချောင်က ရှင်းပြလိုက်သည်။

သို့သော် မိန့်စုပင်က လက်မခံချေ။

"ခင်ဗျားတို့ပြောတာ မဖြစ်နိုင်ပါဘူးဗျာ၊ ဘုရင့်မြင်းတပ် တရုတ်တစ်ပြည်လုံး လှည့်လည်စစ်ဆေးနေတာဗျ"

ဝူချောင်က ရယ်၍ပြော၏။

"ညီလေးကလဲ အစိုးရိမ်လွန်ရန်ကော၊ ဘုရင့်မြင်းတပ် တရုတ်တစ်ပြည်လုံးအနှံ့ စစ်ဆေးတယ်ဆိုပေမယ့် ကိုယ်နဲ့လမ်း ဆုံချင်မှဆုံမှာပါ၊ ဆုံတိုင်းလဲ စစ်ဆေးချင်မှစစ်ဆေးမှာပါ၊ ကဲ အခု ညီလေးတို့ အာမခံအဖွဲ့တွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့သွားနေကြ ဘယ်နှစ်ဖွဲ့များ မြင်းတပ်နဲ့ဆုံသလဲ၊ အထူးသဖြင့် ရိုးသားဖြောင့် ပြီးသစ္စာရှိတယ်လို့ကျော်ကြားနေတဲ့ ညီလေးတို့ရဲ့သံမဏိတံ အာမခံပို့ဆောင်ရေးအဖွဲ့ကိုတော့ ဘုရင့်မြင်းတပ်က သံသယ မဟုတ်ပါဘူး"

"ကောင်းလိုက်လေဗျာ၊ သံမဏိတံခွန်အဖွဲ့ နာမည်ကြီး တာကို ခုတုံးလုပ်ပြီး ခင်ဗျားတို့ အခွင့်အရေးရဖို့ကြိုးစားတာ

မိန့်စုပင်သည် အမူးပြေသွားပြီဖြစ်၍ခပ်တည်တည်ဝင် လိုက်လေ၏။



တစ်ချိန်လုံး စကားတစ်ခွန်းမှမပြောဘဲ ငြိမ်သက်စွာ နား ထောင်နေသော ရှူစင်းဆိုသူကဝင်ပြောလေ၏။

"ဒီအတွက် ညီလေး မနစ်နာစေရပါဘူး၊ ညီလေး မိန့်စုပင် ပြီသလောက် အစ်ကိုတို့ကပေးမှာပါ"

"လိုချင်သလောက်ပေးမယ်ဟုတ်လား၊ ဒါဖြင့်ရင် ခင်ဗျား တို့ ရွှေဒင်္ဂါးတစ်ရာပေးမလား"

ရွှေဒင်္ဂါးတစ်ရာဆိုသည်မှာ အလွန်တရာမြင့်မားသောဈေး နှုန်းဖြစ်ပါသည်။

ငွေဒင်္ဂါးတစ်ရာဆိုလျှင် တော်သေးသည်။

ယခုတော့မူ ....

မအပ်မရာ ရွှေဒင်္ဂါးတစ်ရာ တောင်းပစ်လိုက်သည်။

ရှူစင်းဆိုသူသည် ပြုံးရယ်လိုက်ပြီး .....

"ပေးမယ်ညီလေ .... ညီလေးတောင်းတဲ့အတိုင်း ရွှေဒင်္ဂါး တစ်ရာပေးမယ်၊ ဘယ့်နှယ်လဲ"

ထိုအခါ မဖြစ်နိုင်သည့်ကြေးကိုတောင်းမိသည့်မိန့်စုပင်မှာ ခပ်အဟောင်းသားဖြစ်ရတော့သည်။

သူသည် ထိုကြေးကိုတောင်းမိသည့်အတွက် နောင်တရသွား သ၏။ ရွှေဒင်္ဂါးတစ်ရာဆိုသည်မှာ အလွန်တရာများပြားလှသည့်ငွေ ရေးအတွက်ဖြစ်သော်လည်း သူသည် ဘိန်းသယ်ပေးရန်အတွက်မူ လေးနေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ..... ဖြစ်မှာမဟုတ်ပါဘူးဗျာ၊ ကျုပ်က သဘောတူ တယ်ပဲထား၊ ကျုပ်အဖေက သဘောမတူပါဘူး သူက ဘုရင့်အမိန့် ကို ဦးထိပ်ထားတဲ့လူ၊ သူဘယ်တော့မှ ဆန့်ကျင်မှာမဟုတ်ဘူး၊ တော့ အခြားအဖွဲ့တစ်ဖွဲ့ကိုသွားငှားကြည့်ကြပါဗျာ"

ဂူချောင်က ဝင်၍အကြံပေးလေ၏။

"အစ်ကို အကြံတစ်ခုပေးမယ်၊ ညီလေးလိုက်နာမလား"

"ပြောစမ်းပါဦး၊ ခင်ဗျားတို့အကြံ"

"ဒီလိုလုပ်ပါ .... ဒီအကြောင်းတွေကို ညီလေးရဲ့အဖေကို ဖွင့်မပြောနဲ့၊ ညီလေးကိုယ်တိုင်ဦးစီးပြီး အလုပ်တစ်ခုကိုလက်ခံလိုက် တယ်လို့ပဲပြောပေ့ါ .... မင်းအဖေကမေးရင် ဥပဒေနဲ့ကင်းလွတ်တဲ့ ပစ္စည်းတွေပါလို့ပဲ ပြောပေါ့ .... သားအရင်းခေါက်ခေါက်ကြီးရဲ့စကား ကိုတော့ မင်းအဖေယုံမှာပါကွာ၊ ကဲ .... ဘယ့်နှယ်လဲ၊ အစ်ကို့ရဲ့အကြံ ဉာဏ် မကောင်းဘူးလား"

မိန်စုပင် တွေဝေသွားသည်။

ဂူချောင်၏အကြံပေးချက်မှာ ဖြစ်နိုင်သည်ဟု သူယူဆသည်။

ဖခင်ကို မည်သည့်ပစ္စည်းသယ်ယူမည်ဟု မပြောဘဲနေလျှင် ရနိုင်သည်။

သူ့ဖခင်က လုပ်ငန်းကိုဦးစီးစေချင်သည်မှာ ကိုယ်တစ်ပိုင် သေမတတ်ဖြစ်နေသည်။

"ဘယ်လိုလဲ .... မိန်စုပင်၊ အစ်ကိုပြောတာကို သဘောတူ



ဘယ်မဟုတ်လား၊ အစ်ကိုတို့အလုပ်ကိုသာလက်ခံလိုက်ရင် မင်းရဲ့ သက်ထဲကို ရွှေဒင်္ဂါးတစ်ရာ အလိုလိုရောက်လာမယ်၊ ရွှေဒင်္ဂါးတစ်ရာ ဆိုတာ နည်းနည်းနောနောမဟုတ်ပါဘူး၊ မင်းသုံးမယ်ဆိုရင် ခြောက် လလောက်တော့ ခံလိမ့်မယ်၊ မင်းစဉ်းစားပါ"

ဂူချောင်နှင့်ရှူစင်းတို့မှာ အင်မတန်လည်ကြသည်။

မိန်စုပင်အား ရွှေဒင်္ဂါးများနှင့်လှည့်စား၍ ဖြားယောင်းကြ သည်။ မိန်စုပင်မှာ လောင်းကစားဝိုင်း၌ကြွေးတင်ခဲ့သောကြောင့် ရွှေဒင်္ဂါးတစ်ရာဆိုသောငွေကို မျက်စိထဲ၌မြင်ယောင်နေပါသည်။

ရွှေဒင်္ဂါးတစ်ရာဆိုသည်မှာ နည်းနည်းနောနောငွေကြေး ပမာဏမဟုတ်ပါဘကား။

နောက်ဆုံးတော့ မိန်စုပင်သဘောတူလိုက်၏။

"ကောင်းပြီ၊ ခင်ဗျားတို့ ပြောတာကို ကျုပ်သဘောတူတယ်၊ ခင်ဗျားတို့ပစ္စည်းကို ကျုပ်သယ်ပေးမယ်"

သူ့စကားအဆုံးတွင် ဂူချောင်နှင့်ရှူစင်းတို့ ပြုံးရွှင်သွားကြ လေတော့၏။

"ဝမ်းသာလိုက်တာညီလေးရာ၊ ညီလေးကို ကျေးဇူးတင်လို့ မဆုံးပါဘူး"

"ဒါနဲ့ ခင်ဗျားတို့ပစ္စည်းကိုဘယ်ကိုပို့ပေးရမှာလဲ၊ ပို့ပေးရမယ့် နေရာကိုလဲ ပြောဦးလေဗျာ"

"သြော် ..... ဟုတ်သားပဲ၊ ဇီချွမ်ပြည်နယ်ဖန်ရှူမြို့ကိုပါ"

www.burmeseclassic.com



"ဇီချွမ်ပြည်နယ်ထဲကိုလား"

"ဟုတ်ပါတယ်၊ ဖန်ရှာမြို့အရောက်ပို့ပေးရမှာပါ၊ ဟိုရောက်ရင် အစ်ကိုတို့မိတ်ဆွေတွေ လာယူကြပါလိမ့်မယ်၊ ကဲ ..... ညီလေးကလက်ခံပြီဆိုတော့ အစ်ကိုတို့က စရန်ပေးရတော့မှာပေါ့၊ ဒီတော့ ရွှေဒင်္ဂါးအပြားလေးဆယ် အရင်ယူထားပါ၊ ဟိုရောက်ရင် ရွှေဒင်္ဂါးအပြားခြောက်ဆယ်ထပ်ပေးမယ်၊ သဘောတူတယ်မဟုတ်လား"

ပြောပြောဆိုဆို ရှူစင်းက ရွှေဒင်္ဂါးအပြားလေးဆယ်ကို ထုတ်ပေးသည်။

မိန်စုပင် ဝမ်းသာသွားသည်။

ဤရွှေဒင်္ဂါးများသည် သူ့အကြွေးများကိုဆပ်နိုင်ရုံသာမက စိတ်ရှိလက်ရှိ ကစားနိုင်သော ရွှေဒင်္ဂါးများပင်မဟုတ်ပါလား။

သူသည် ရွှေဒင်္ဂါးများကို သူ၏အိတ်ရှူ့အတွင်းသို့ ကောက်ထည့်လိုက်၏။

"ကဲ ..... ကျုပ်ကို စရန်ပေးထားတာကတော့ ဟုတ်ပါပြီ ခင်ဗျားတို့ပစ္စည်းတွေကဘယ်မှာလဲ၊ ကျုပ်တို့ဌာနကို ဘယ်တော့ လာပို့မှာလဲ"

ဝူချောင်က .....

"ပစ္စည်းတွေက သန်ဘက်ခါကျမှ ညီလေးတို့ဌာနကိုလာပို့မယ်၊ ဒီကြားထဲမှာ ညီလေးက ညီလေးရဲ့အဖေကို ပိပိရိရိလိမ်ပြောထားပေါ့"



"ခင်ဗျားတို့ ပစ္စည်းလာပို့ရင် ပိပိရိရိဖုံးအုပ်ထားနော်၊ မင်းမင်းဆက်ကပန်းအိုးတွေလို့လိမ်ပြောရင် မကောင်းဘူးလား၊ ပန်းအိုးဆယ်လုံး ဆယ့်ငါးလုံးလောက်ကို ဟန်ပြအပေါ်ကဖုံးထားပေါ့"

"စိတ်ချပါ၊ ညီလေးပြောတဲ့အတိုင်း ပန်းအိုးတွေလို့ပြောပါ့မယ်၊ ညီလေးဘက်ကသာ စိတ်ချပါရစေ"

"ဟာ ..... စိတ်ချစမ်းပါ၊ ကျုပ်သာ ဦးစီးပြီးထွက်မယ်လို့ပြောရင် .... ကျုပ်အဖေက ဝမ်းသာလွန်းလို့ ဘာပစ္စည်းမှစစ်နေမှာမဟုတ်ဘူး၊ ကဲ ..... ဒါဖြင့် ကျုပ်သွားတော့မယ်၊ ဟော့ ..... စားပွဲထိုးတွေလာကြစမ်း"

"ဟာ ..... ညီလေး၊ အစ်ကိုတို့ ရှင်းလိုက်ပါမယ်၊ ညီလေးရှင်းစရာမလိုပါဘူး"

"ကဲ ..... ဒါဖြင့် ကျုပ်သွားပြီဗျို့၊ သန်ဘက်ခါကျမှ ဌာနကို လာခဲ့ပေတော့"

မိန်စုပင်သည် နှုတ်ဆက်ကာထွက်သွားလေ၏။

သူပထမဆုံး လုပ်ရမည့်အလုပ်မှာ သူ့အပေါ်တင်ထားတဲ့ ကြွေးမြီများကို ပေးဆပ်ရမည့်အလုပ်ပေတည်း။

www.burmeseclassic.com

www.burmeseclassic.com



## နယ်ခြားကြိုး၏အဆုံးအစ

နေသည် ကျဲကျဲတောက်ပူလောင်နေ၏။

နံနက်စောစော ခရီးထွက်ခဲ့သော မိန်စုပင်တို့လူစုမှာ ရှန်စီးနယ်စပ်ကိုပင် ကျော်လွန်စပြုလာခဲ့ပြီဖြစ်သည်။

ဇီချွမ်ပြည်နယ်နှင့်ရှန်စီးပြည်နယ် ပိုင်းခြားထားသကဲ့သို့ ဖြစ်နေသောတောအုပ်အတွင်းသို့ရောက်ခါစပင် ရှိလေ၏။

ထိုတောအုပ်ပြီးလျှင် လွင်ပြင်ကြီးတစ်ခုကိုဖြတ်ကျော်ရပေမည်။ ထိုလွင်ပြင်ကိုကျော်ဖြတ်ပြီးမှသာ ဇီချွမ်ပြည်နယ်ထဲသို့ ရောက်ပြီဟု ပြောနိုင်ပေမည်။

မိန်စုပင် သယ်ယူပို့ဆောင်ပေးရသော ခရီးမှာ မဝေးလှဟု ဆိုနိုင်ပေသည်။



အချို့ပစ္စည်းများဆိုလျှင် ရက်သတ္တခုနစ်ရက်မျှ ကြာမြင့်ပေသည်။ တောအုပ်ထဲသို့ရောက်သောအခါ မိန်စုပင်က လှမ်းအော်ပြောလိုက်လေ၏။

"ကဲ .... အားလုံးခဏနားကြမယ်"

မြင်းများသည် ရပ်တန့်သွားကြ၏။

ထို့နောက်တွင်တော့ သစ်ပင်ရိပ်များအောက်တွင် နားခိုနေကြလေတော့သည်။

အဓိပတိဘေးဟုန်ရှုထိန်သည် မြင်းပေါ်မှဆင်းပြီး မိန်စုပင်ထံသို့လျှောက်လာလေ၏။

မိန်စုပင်သည် မြင်းပေါ်မှ မဆင်းရသေးချေ။

မြင်းပေါ်မှခုန်ဆင်းရင်း ဟုန်ရှုထိန်ကိုကြည့်လိုက်၏။

"ဘာလဲဦးလေးဟုန်၊ ဘာပြောမလို့လဲ"

ဟုန်ရှုထိန်က .....

"ငါတို့မြင်းတွေ နေပူထဲမှာဖြတ်သန်းလာရတာ တော်တော်ကြာတယ်၊ ဒီတော့ ပင်ပန်းတာပေါ့ကွာ၊ ဒါကြောင့်မို့ ဒီတောအုပ်ထဲမှာ ခပ်ကြာကြာနားရင် ကောင်းမယ်လို့ပြောမလို့ပါ"

"ခဏနားမယ်ဆိုတာ စကားအားဖြင့်ပြောလိုက်တာပါ၊ ဒီ ခပ်ကြာကြာနားဖို့ ကျွန်တော် စိတ်ကူးထားပါတယ်၊ ဒီတောအုပ်လွန်သွားရင် လွင်ပြင်ကြီးကိုထပ်ဖြတ်ရဦးမှာဆိုတော့ ကျွန်တော် မြင်းတွေရော လူတွေရော သက်သာလှမှာမဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်၊ ငါတူကအကွက်မြင်သားပဲ"

"မြင်တာပေါ့ဦးလေးဟုန် ... ကျွန်တော်က တစ်ခါတစ်ရံမှာ ပို့ဆောင်ရေးအဖွဲ့ တွေနဲ့ လိုက်နေတာပဲဥစ္စာ"

"ကောင်းပါလေရော့ကွာ"

"ဟော ..... ဟိုမှာ ဦးလေးစီထန်းနဲ့ ဦးလေးတန်လင်ချူးတို့တောင် ဒီကိုလာနေကြပြီ"

ဟုန်ရှုထိန်နှင့်မိန်စုပင်တို့ စကားရပ်ပြောနေကြသည့်နေရာသို့ စီထန်းနှင့်တန်လင်ချူးတို့လျှောက်လာနေကြသည်။

"ဘယ်လိုလဲဆရာဟုန်၊ ကျုပ်တို့ ဒီတောထဲမှာ အေးအေးဆေးဆေးနားကြမယ် မဟုတ်လား"

တန်လင်ချူးက မေးလိုက်၏။

"ဟုတ်တယ် တန်လင်ချူး၊ ကျုပ်တို့ ဒီတောအုပ်ထဲမှာ ခပ်ကြာကြာနားကြမယ်၊ နောက်တစ်ချိန် လွင်ပြင်ဖြတ်ကျော်ရမယ့် အချိန်မဟုတ်လား၊ နေချိုသွားရင် လွင်ပြင်ကိုဖြတ်တဲ့အချိန်ပါပဲ"

တန်လင်ချူးက .....

"ကောင်းပါတယ်ဗျာ၊ ကျုပ်တို့လဲ သစ်ပင်အောက်မှာ တစ်ရေးတစ်မောအိပ်ရမယ်"

တစ်ရေးတမောအိပ်မည်ဆိုသော်လည်း သူတို့သည် အရက်ပုလင်းကိုထုတ်ပြီး သစ်ပင်အောက်၌ ဝိုင်းဖွဲ့ထိုင်လိုက်ကြလေ၏။

ယခုထွက်လာသည့်ခရီးကို မိန်ဂူးချန်ကဝမ်းသာအား၍



လွှတ်လိုက်သည်။

မိန်စုပင်က သူဦးဆောင်မည်ဟုလိုလိုလားလားဆိုလာသောကြောင့်တည်း။

သူသည် ကုန်များကို မိန်စုပင် စစ်ဆေးပြီးပြီဟုဆိုသဖြင့် မစစ်ဆေးတော့ပေ။

သူနှင့်သမီးဖြစ်သူလည်း မလိုက်တော့ချေ။

သို့သော် ..... ဟုန်ရှုထိန်၊ စီထန်းနှင့်တန်လင်ချူးတို့ ပါဝင်အောင်တော့ အဖွဲ့ကိုဖွဲ့စည်းသည်။

ထို့နောက် စေလွှတ်လိုက်တော့သည်။

မိန်စုပင် ဦးစီးဦးဆောင်ပြုမည်ဆိုသောအချက်ကို မိန်ဂူးချန်လွန်စွာ သဘောကျနေသည်။

ယခုဆိုလျှင် .... ဇီချွမ်ပြည်နယ်အနီးသို့ပင် မိန်စုပင်၏အဖွဲ့ဆိုက်ရောက်နေချေပြီ။

ထိုစဉ် မြင်းခွာသံများကို သဲ့သဲ့ကြားလိုက်ရလေ၏။

အာမခံတစ်ဖွဲ့သားလုံး ခေါင်းထောင်ကြည့်ကြသည်။

"ဦးလေးဟုန် ..... ကျွန်တော့်နားထဲမှာ မြင်းခွာသံတွေကြားလိုက်ရတယ်လို့ထင်တယ်၊ ဦးလေးဟုန်တို့ကြားသလား"

မိန်စုပင်က အဓိပဓိဘားဟုန်ရှုထိန်ကိုမေးလိုက်သည်။

"မြင်းတွေက ဒီကိုလာနေတာ၊ အားလုံးသတိရှိကြဟေ့၊ ငါကိုယ်တိုင် သစ်ပင်ပေါ်တက်ကြည့်လိုက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ရှုထိန်သည် ပြောပြောဆိုဆိုပင် ....

သစ်ပင်ပေါ်သို့ ခုန်တက်သွား၏။

သူသည် ကိုယ်ဖော့ပညာခေါင်းသဖြင့် နှစ်ချက်မျှခုန်ရုံမျှနှင့်သစ်ပင်ထိပ်ပေါ်သို့ ရောက်ရှိသွားလေတော့၏။

အာမခံပို့ဆောင်ရေးအဖွဲ့သားများမှာ ....

ဓားတပြင်ပြင်နှင့် သစ်ပင်ပေါ်မှပြန်ဆင်းလာမည့် ဟုန်ရှုထိန်ကိုစောင့်နေကြ၏။

မကြာမီ ....

ဟုန်ရှုထိန် အောက်သို့ပြန်ဆင်းလာသည်။

"ဦးလေးဟုန် ..... ဘာတွေမြင်ခဲ့သလဲ"

အောက်သို့ပြန်ရောက်လျှင်ရောက်ချင်း ခရီးရောက်မဆိုက် မိန်စုပင်က မေးလိုက်၏။

"လွင်ပြင်ကိုဖြတ်ပြီး မြင်းစီးသမားတစ်စု ဒီဘက်ကိုလာနေကြတယ်"

"ဟင် .... ဒါဆို တောပုန်းဓားပြတွေများ ဖြစ်နေမလားမသိဘူး"

"ဒီနေရာနဲ့ လှမ်းနေသေးတော့ သိပ်ကွဲကွဲပြားပြားမတွေ့ရသေးပါဘူး၊ ဒါပေမယ့် တောပုန်းဓားပြတွေမဟုတ်ဘူးလို့တော့ ငါအသေအချာသိတယ်၊ ရှေ့ဆုံးကလူက အလံတစ်ခုကိုင်ထားတယ်၊ ဒီကေန္တ ..... ဘုရင့်မြင်းတပ်စုများ ဖြစ်နေမလားတော့မသိဘူး၊ ဘုရင့်



မြင်းတပ်စုဖြစ်နေရင်တော့ အရေးမကြီးပါဘူး"

အဓိပတိဓားဟုန်ရှုထိန်က ခပ်ပေါ့ပေါ့ ပြောလိုက်ခြင်းဖြစ်သော်လည်း ....

ဘုရင့်မြင်းတပ်စုဟူသောစကားက မိန်စုပင်၏ရင်ကို ပြင်းစွာထိတ်လန့်တုန်လှုပ်စေခဲ့သည်။

သို့သော် ....

သူသည် ဟန်မပျက် ဆက်၍နေလိုက်ရ၏။

ကျောက်လက်ဝါးစီထန်းက .....

"ဘုရင့်မြင်းတပ်စုဆိုတာ သေချာရဲ့လား ဆရာဟုန်၊ တော်ကြာ အနားရောက်မှ တောပုန်းဓားပြတွေဖြစ်နေရင် ခက်နေဦးမယ်"

ဟုန်ရှုထိန်ကဓားကိုဆွဲထုတ်ရင်း .....

"ခင်ဗျားပြောတာမှန်တယ်စီထန်း၊ တော်ကြာ ဓားပြတွေက မြင်းတပ်စုဟန်ဆောင်ပြီး ကျုပ်တို့ကို အလစ်တိုက်ခိုက်နိုင်တယ်၊ ကဲ အားလုံး အသင့်အနေအထားမှာရှိနေကြပါစေ၊ ရန်မှုလာရင် လက်ဦးရအောင် တိုက်ခိုက်ကြပေတော့"

"ရှမ်း ....."

"ရှမ်း ....."

အဖွဲ့သားများ၏ဓားထုတ်သံများ ဆူညံသွားလေ၏။

မိန်စုပင်ကတော့ ဘုရင့်မြင်းတပ်စု မဟုတ်ပါစေနှင့်ဟုသာ ဆုတောင်းရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရင့်မြင်းတပ်စုဖြစ်လျှင် သူတို့ကို သံမဏိတံခွန်အဖွဲ့မှ ဖြစ်ကြောင်းသိသော်လည်း ရှာဖွေနိုင်သည်သာ။

တောပုန်းဓားပြဖြစ်ပါစေဟု မိန်စုပင် ဆုတောင်းနေရ၏။

တောပုန်းဓားပြဆိုလျှင် ကိစ္စမရှိပေ။

ဦးလေးဟုန်တို့က ခုခံကြမည်ဖြစ်၏။

မကြာမီ ....

မြင်းခွာသံများကို နီးကပ်စွာကြားလိုက်ရတော့သည်။

"ဟော ..... တောအုပ်ထဲကိုဝင်လာကြပြီ"

မကြာမီ မြင်းစီးသမားများကိုတွေ့ကြရတော့၏။

"ဘုရင့် မြင်းတပ်သားတွေပဲ"

ဟုန်ရှုထိန်က စိတ်လက်ချမ်းသာစွာပြောလိုက်လေ၏။

ကျန်လူများမှာလည်း ဘုရင့်မြင်းတပ်ဟု သိလိုက်ကြသဖြင့် စိုးရိမ်ပူပန်ခြင်းမရှိတော့ဘဲ စိတ်အေးလက်အေးဖြစ်သွားကြတော့သည်။ ဓားများကို ပြန်သိမ်းဆည်းလိုက်ကြ၏။

ယူလာသောပစ္စည်းမှန်ကိုသိရှိနေသော မိန်စုပင်ကတော့ မည်သို့မျှ စိတ်မအေးနိုင်ပါ။

မြင်းခွာသံ ပိုမိုကျယ်လောင်လာသည်နှင့် အမျှ သူ့ရင်ခုန်သံလည်း တုန်လှုပ်လာမိ၏။

မကြာမီ မြင်းတပ်စုသည် သံမဏိတံခွန်အဖွဲ့နားနေရာသို့ ရောက်ရှိလာလေတော့သည်။



ဘုရင့်မြင်းတပ်သားများမှာ စုစုပေါင်း သုံးဆယ်ခန့်မျှရှိလေ၏။

ရှေ့ဆုံးကမြင်းတပ်သားကမူ ....

ဘုရင့်မြင်းတပ်ဟူသော သင်္ကေတဖြစ်သည့်အလံတစ်ခုကို ကိုင်ဆောင်ထားသည်။

မြင်းတပ်သားများသည် အားလုံး မြင်းပေါ်မှဆင်းလိုက်ကြ၏။ ထိုအဖွဲ့ကို စစ်ဗိုလ်လေးတစ်ယောက်ကဦးဆောင်သည်။

"ဩော် ..... ခင်ဗျားတို့က သံမဏိတံခွန်အဖွဲ့ကကိုး။ နားနေကြတာလား"

စစ်ဗိုလ်လေးက ပြုံးရင်းမေးသည်။

ဟုန်ရှုထိန်ကပြုံးရင်း .....

"ဟုတ်ပါတယ်ဗိုလ်လေး၊ ကျုပ်တို့က သံမဏိတံခွန်အဖွဲ့ကပါ။ ဒါနဲ့ ဗိုလ်လေးတို့ပစ္စည်းတွေ စစ်ဆေးကြည့်ကြဦးမလား"

"အင်း ..... တာဝန်အရတော့ စစ်ဆေးကြည့်ရဦးမယ်"

စစ်ဗိုလ်လေး၏စကားကိုကြားသောအခါ မိန်စုပင်မှာ မျက်နှာပျက်သွားလေ၏။

ဦးလေးဟုန်ကိုလည်း စိတ်ဆိုး၍မရချေ။

သူက ပန်းအိုးများသယ်ဆောင်လာသည်ဟုထင်ထားသည် မဟုတ်ပါလား။

စစ်ဗိုလ်လေးအား ဖွင့်မကြည့်ပါနဲ့ဟု ----

www.burmeseclassic.com

www.burmeseclassic.com



တား၍လည်း မသင့်လျော်ချေ။

"ရပါတယ်၊ ဗိုလ်ကလေး၊ ဖွင့်ကြည့်ပါ"

တစ်ဆက်တည်းမှာပင် ....

"ကဲ .... ဟော့ကောင်တွေ၊ သေတ္တာတွေဖွင့်ပြလိုက်ပါကွယ်"

အစိပတိဓားဟုန်ရှထိန်က သူ့အဖွဲ့သားများကိုလှမ်းပြော
လိုက်၏။

အဖွဲ့သားများကလည်း သော့ခတ်ထားသည့် ကြီးမားသော
သော့ခလောက်ကြီးများကို ဖွင့်ပေးလိုက်ကြသည်။

"ကဲ .... ရှာကြဟေ့"

ဗိုလ်လေးက သူ့တပ်သားများအား အမိန့်ပေးလိုက်၏။

မြင်းတပ်သားများသည် ထုံးစံအတိုင်းပင် မွှေနှောက်ရှာဖွေ
ကြလေတော့၏။

"ပန်းအိုးတွေကိုဖယ်ကွာ၊ ဟာ .... အောက်မှာ အထုပ်တွေ
ပါလား၊ ဘာထုပ်တွေလဲဟေ့"

ရဲမက်များသည် အထုပ်များကို လျှင်မြန်စွာဖော်ထုတ်ကြ
လေတော့၏။

"ဟာ ..... ဒီမှာဘိန်းထုပ်တွေပါလား"

"ဟာ ..... ဒီသေတ္တာထဲမှာလဲ ပါတယ်ဟေ့"

ရဲမက်များသည် ဘိန်းထုပ်များကို ပန်းအိုးများအောက်ခြေ
မှဆွဲထုတ်ကြလေတော့၏။



ရဲမက်များ၏ တစ်ယောက်တစ်ပေါက် အော်ဟစ်ပြောဆိုသံ
ားသည်လည်း ဆူညံသွားသည်။

စစ်ဗိုလ်လေး၏မျက်နှာ တင်းမာသွားသည်။

"ခင်ဗျားတို့ ဘိန်းထုပ်တွေသယ်လာတယ်ပေါ့ဟုတ်လား၊
င်ဗျားတို့ အတင့်ရဲလှချည်လား၊ ကေရာဇ်က ဘိန်းသယ်ယူပို့ဆောင်
ပေးရဘူးလို့ တင်းတင်းကြပ်ကြပ် အမိန့်ထုတ်ထားတာကို ခင်ဗျား
တို့ မသိကြဘူးလား"

ဟုန်ရှထိန်တို့လူစုမှာ ဤသို့ဖြစ်လိမ့်မည်ဟုလုံးဝထင်မထား
ကြချေ။

ထို့ကြောင့် မျှော်လင့်မထားသည်တို့ ဖြစ်ပျက်လာသောအခါ
းစပ်အပေါင်းသားဖြစ်ကာ ဘာမျှမပြောတတ်အောင်ဖြစ်သွားကြ
လေတော့၏။

မိန့်စုပင်ကတော့ ရှောင်လွှဲမရတော့ပေ။

"ဟုတ်ပါတယ်ဗျာ၊ ဒီဘိန်းထုပ်တွေကို ကျွန်တော်သယ်လာ
တာပါ၊ ဒါပေမယ့် ကျွန်တော်တို့ပစ္စည်းတော့မဟုတ်ပါဘူး၊ ကုန်သည်
ယောက်ကသယ်ခိုင်းလို့သယ်ပေးတာပါ၊ အဲဒီကုန်သည်နှစ်ဦးရဲ့
မည်က ဂူချောင်နဲ့ရှုစင်းတဲ့"

"ဘယ်လိုပဲဖြစ်ဖြစ် တားမြစ်ထားတဲ့ပစ္စည်းမှန်းသိလျက်နဲ့
ယ်ယူပို့ပေးတဲ့အတွက် ခင်ဗျားတို့မှာလဲ တာဝန်ရှိပါတယ်၊ ဒါတော့
ျားတို့ကိုလဲ အရေးယူရမှာပဲ"

www.burmeseclassic.com



စစ်ဗိုလ်လေးက ပြတ်သားစွာပြောလေ၏။

သံမဏိတံခွန်အဖွဲ့သားများသည် ....

ယခုကဲ့သို့ မဟုတ်တရုတ်ပစ္စည်းများ တစ်ကြိမ် တစ်ခါမျှ သယ်ယူဖူးသဖြင့် လွန်စွာချောက်ချားသွားကြသည်။

ထို့ကြောင့် ....

စစ်ဗိုလ်လေးက ပြတ်သားစွာပြောသည်ကိုကြားရသောအခါ ဒူးမခိုင်သလိုဖြစ်သွားကြတော့၏။

မိန်စုပင်ကတော့ ခေါင်းငိုက်စိုက်ကျနေသည်။



"မိုက်မဲလှချည်လားမိန်စုပင်ရယ်၊ ဘိန်းကိုသယ်ဆောင်ရင် ကြီးလေးတဲ့အပြစ်ကိုပေးမယ်လို့ ဘုရင်ဧကရာဇ်က အမိန့်ထုတ်ထားတာကို မင်းမို့သိလျက်နဲ့သယ်ဝံ့တယ်"

မိန်ဂုးချန်သည် သားဖြစ်သူကိုကြည့်ကာ နာကျင်စွာပြောလိုက်လေ၏။ သူသည် ရှက်လည်းရှက်နေသည်။

သူ့တစ်သက်တာ၌ သံမဏိတံခွန်အဖွဲ့သည် မည်သည့်အခါမျှ တားမြစ်ထားသည့်ပစ္စည်းများကို သယ်ဆောင်ခြင်းမရှိခဲ့ချေ။

မိန်စုပင်ကတော့ အပြစ်ရှိသူပီပီ ငြိမ်ကုပ်နေရသည်။

နေရာမှ လှုပ်ပင် မလှုပ်ရဲချေ။

ခေါင်းသာ တွင်တွင်ငုံ့နေလေ၏။

မိန်ချန်ယူသည်လည်း အစ်ကိုဖြစ်သူကို စိတ်ဆိုးဒေါသထွက်နေခဲ့သည်။ သို့သော် ....

ယခုကဲ့သို့ အစ်ကိုဖြစ်သူ အဆူအပူအကြိမ်းအမောင်းခံနေရသည်ကိုမြင်ရသောအခါ သူမသည် အစ်ကိုဖြစ်သူအားကရုဏာသက်မိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရွှေဒင်္ဂါးတစ်ရာပေးတာနဲ့ သယ်ပို့ပေးတာတဲ့ ... မင်း ဒီရွှေဒင်္ဂါးတစ်ရာကိုမက်မောသတဲ့လားကွာ၊ ငါတို့က ဆင်းရဲမွဲတေနေတဲ့လူတွေမှမဟုတ်တာ၊ အခုပြဿနာဖြစ်လာတော့ ဒီရွှေဒင်္ဂါးတစ်ရာက လာကယ်သလားကွ ..... နောက်ပြီး မင်းကိုသယ်ခိုင်းတဲ့ဂူချောင်နဲ့ ရှူစင်းဆိုတဲ့ ကုန်သည်နှစ်ယောက် ဘယ်ရောက်သွားပြီလဲ၊ သူတို့ကို မင်းရှာလို့တွေ့ရဲ့လား"

မိန်စုပင်မှာ ခေါင်းငုံ့၍သာနေရသည်။

သူသည် ဂူချောင်နှင့်ရှူစင်းတို့ကိုရှာပါ၏။

ထိုကုန်သည်နှစ်ယောက်မှာ မြေလျှိုးမိုးပျံသွား သည်ထင့်

ဖူချောင်မြို့တွင် လုံးဝရှာမတွေ့တော့ချေ။

"အေး ..... သူတို့ကိုရှာမတွေ့တော့ ငါတို့ကဘယ်သူ့ပစ္စည်းပါလို့ ပြောလို့ရပါဦးမလား၊ ဂူချောင်နဲ့ရှူစင်းတို့က သယ်ခိုင်းလို့ သယ်ပေးရတာပါလို့ပြောတာကို သူတို့ကယုံကြပါတော့မလား၊ အရင်ကလဲ ဒီလိုအတည့်ပေါက်နဲ့ ဘယ်နှစ်ခါဘိန်းချပြီးမှန်းမသိဘူးလို့ တီးတိုးတီးတိုးပြောနေကြပြီ၊ ငါရှက်တယ်ကွာ၊ တောက် ..... မင်း အတော်အသုံးမကျတဲ့ကောင်၊ မင်းအသုံးမကျလို့ ဒီလိုဖြစ်ရတာ"

ပြောရင်း ပြောရင်း မိန်ဝူးချန်မှာဒေါသဖြစ်လာတော့၏။

မိန်စုပင်က .....

"ဟုတ်ပါတယ်ဖေဖေ၊ ဒီကိစ္စမှာ တရားခံက ကျွန်တော်ပါ ... လောင်းကစားဝိုင်းမှာကြွေးတင်ပြီး ဘာဘာညာညာ မစဉ်းစားမိ



ဒီအလုပ်ကို ကျွန်တော်လက်ခံခဲ့မိတာပါ၊ ကျွန်တော့်အပြစ်ပါ၊ အပြစ်ပေးရင် ကျန်တဲ့လူတွေကိုအပြစ်မပေးဘဲ ကျွန်တော့်တစ်ယောက်တည်းကိုသာ အပြစ်ပေးဖို့ ဘုရင်ကေရာဇ်ကိုလျှောက်တင်ပါ့မယ်"

ထိုအခါ မိန်ဝူးချန် ဒေါသပြေသွားရတော့သည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်၏။

"ခုလို ကိုယ့်အပြစ်ကိုယ်သိပြီး လုပ်ရဲရင်ခံရဲကယ်ဆိုတဲ့သတ္တိမျိုးရှိတာတော့ကောင်းပါတယ်၊ ဒါပေမယ့် ခုကိစ္စက လွယ်လွယ်နဲ့ ပြောလို့ရတဲ့ကိစ္စမျိုးမဟုတ်ဘူးကွ၊ မင်းက ကျွန်တော့်မှာ အပြစ်ရှိပါတယ်လို့ ဘယ်လောက်အော်နေ အော်နေ၊ သံမဏိတံခွန်အဖွဲ့မှာ တာဝန်အရှိဆုံးလူကငါပဲ၊ ဒီကိစ္စကို ငါမသိဘဲ မင်းတစ်ယောက်တည်း ကျိတ်လုပ်တာပါလို့ပြောလဲ သူတို့မယုံကြပါဘူး၊ ငါကိုယ်တိုင်က ကြိတ်ခိုင်းလို့ မင်းကကြိတ်လုပ်တယ်လို့ထင်ကြမှာပါပဲ၊ နောက်ပြီး မင်းကကော သံမဏိတံခွန်အဖွဲ့မှာ ဘယ်နှစ်ခါ ဝင်သယ်ဖူးလို့လဲ"

"ဒါဆို ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲဖေဖေ"

"အဲဒါကို ငါစဉ်းစားနေတာပေါ့"

"ခုအချိန်အထိ သားတို့ကို လာမဖမ်းကြသေးဘူးနော်"

"မင်း ကိုယ့်ကိုယ်ကိုအထင်ကြီးလှချည်လား၊ အခု ဖေဖေတို့ကို လာမဖမ်းသေးတာက ရှန်စီးနယ်စားကြီး ဝမ်ကျိုးဝေရဲ့ ကျေးဇူးကြောင့်ကွ၊ သူက အဲဒီမြင်းတပ်သားအားလုံးကိုချုပ်ကိုင်ထားပြီး ငါ့ ဒီကိစ္စကို ဘုရင်ဧကရာဇ်ကို သူကိုယ်တိုင်သံတော်ဦးတင်မယ်လို့ပြော

www.burmeseclassic.com

www.burmeseclassic.com



ထားတာကွ၊ နယ်စားကြီးဝမ်ကျိုးဝေဟာ ဖေဖေနဲ့ နဂိုကတည်းက ခင်ခင်မင်မင်ရှိကြတဲ့လူတွေဆိုတော့ ခုကိစ္စမှာ သူက ဝင်အာမခံထားတယ်၊ ဒါပေမယ့် ဒီအပြစ်ကလွတ်အောင်တော့ သူလဲ လုပ်မပေးနိုင်ဘူး၊ ဘိန်းသယ်တဲ့အပြစ်ဟာ တော်တော်ကြီးလေးတာကိုး"

မိန်ချုန်ယူက မျက်ရည်ကျရင်း ပြောသည်။

"အစ်ကိုရယ် ...... လုပ်ရက်လိုက်တာ၊ အစ်ကို ဘာမဟုတ်တဲ့ ရွှေဒင်္ဂါးတစ်ရာကိုမက်မိလို့ ညီမလေးတို့ ဒီလိုဒုက္ခရောက်ရတာ"

မိန်စုပင်မှာ မျက်နှာညှိုးကျသွားသည်။

တင်သမျှအပြစ်ကို သူခံဖို့ပဲရှိတော့သည်။

မိန်ချုန်ယူကလည်း သူ့အစ်ကို မျက်နှာညှိုးကျ သွားသည်ကို သိ၍ စိတ်မကောင်းဖြစ်သွားသည်။

"အင်းလေ .... ဖြစ်လာမှတော့ ဘယ်တတ်နိုင်တော့မလဲ ရင်ဆိုင်ဖြေရှင်းရုံ ရှိတော့တာပေ့ါ"

မိန်ချုန်ယူက စကားကိုလျှောချပစ်လိုက်သည်။

ဖခင်ဖြစ်သူမိန်ဝူးချန်ကမူ ထိုင်ပင် မထိုင်နိုင်ချေ။

စကြံ်သာ လျှောက်နေသည်။

အတန်ကြာမှ မိန်စုပင်ထံသို့ လှည့်လိုက်သည်။

"ဖေဖေ အပြစ်ဒဏ်ကိုခံရမှာမကြောက်ပါဘူး .... ဒါပေမယ့် မေဖေတို့ရဲ့သံမဏိတံခွန်အဖွဲ့ကြီး နာမည်ပျက်မှာကိုတော့ ကြောက်တယ်၊ ဖေဖေတို့ သံမဏိတံခွန်အဖွဲ့နဲ့ ပြိုင်ဘက်ဖြစ်တဲ့အဖွဲ့တွေ



တစ်ဆိတ်တစ်အိတ်လုပ်ပြီး ပုံကြီးချဲ့ကြလိမ့်မယ်၊ ကဲ ...... ကဲ ...... ဒီလောက်နဲ့ပဲတော်ကြစို့ရဲ့၊ ဆက်ပြောနေရင် အားလုံး စိတ်ဆင်းရဲစရာ ဖြစ်ကုန်လိမ့်မယ်"

ထိုစဉ် အပြင်မှလူသံကြားရသည်။

"သခင်ကြီး ...... အမိပတိဓားဟုန်ရှုထိန်ရောက်နေပါတယ်"

"အေး ...... ဝင်ခဲ့ပါစေ"

မကြာမီ အမိပတိဓားဟုန်ရှုထိန် ဝင်လာလေ၏။

ဟုန်ရှုထိန်သည် မိန်ဝူးချန်အား ဦးညွှတ်ဂါရဝပြုလိုက်၏။

"ဆရာကြီး ...... ဌာနချုပ်ကို နယ်စားကြီးဝမ်ကျိုးဝေက စာတစ်စောင်ပေးလိုက်ပါတယ်၊ ဆရာကြီးဆီ ပေးခိုင်းတာပါ"

"ဟုတ်လား ...... ပေးစမ်း၊ ဒါဆိုအရေးကြီးတယ်"

ဟုန်ရှုထိန်က ထွက်သွားမည်အပြုတွင် မိန်ဝူးချန်က ,လှမ်းတားလိုက်သည်။

"ဟုန်ရှုထိန် .... မင်းဒီမှာနေလို့ရပါတယ်၊ မင်းနဲ့ငါတို့ကြားမှာ ဘာမှလျှို့ဝှက်ထားစရာမရှိပါဘူး"

ထိုအခါ ဟုန်ရှုထိန်သည် ထိုင်ခုံတစ်ခုလုံးတွင် ပြန်ထိုင်လိုက်၏။ မိန်ဝူးချန်သည် စာကိုဖွင့်ဖတ်လိုက်သည်။

စာမှာတိုတိုလေးသာ ဖြစ်သည်။

ဆွေးနွေးစရာရှိ၍သူ့စံအိမ်သို့ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။

"ဘာတွေပါသလဲဖေဖေ"

www.burmeseclassic.com

www.burmeseclassic.com



မိန်စုပင်က စိတ်ဝင်တစားမေးလိုက်၏။ မိန့်ဂူးချန်က ......

"ဖေဖေ့ကိုဆွေးနွေးစရာရှိလို့ မနက်ဖြန်မနက် သူ့စံအိမ်တော်ကိုလာဖို့ရေးထားတာပါ"

"ဟင် .... ဒါဆို ဖေဖေသွားမှာဖြစ်မှာပေါ့"

"သွားရမှာပေါ့၊ ဖေဖေ့ကိစ္စတိုင်ပင်ဖို့ပဲဖြစ်မယ်၊ တခြား ဘာအကြောင်းမှမရှိဘူး"

"ဒါဆို သမီးတို့လိုက်ခဲ့ရမလားဖေဖေ"

မိန့်ဂူးချန် အနည်းငယ်စဉ်းစားလိုက်သည်။

ပြီးမှ ....

"သမီးတို့ မလိုက်ပါနဲ့၊ ဖေဖေတစ်ယောက်တည်းပဲ သွားပါမယ်၊ ဟိုမှာ တိုင်ပင်ကြတဲ့ကိစ္စကို ဖေဖေပြန်ပြောပြမှာပေါ့၊ နယ်စားကြီးဝမ်ကျိုးဝေဟာ လူအများကြီးခေါ်လာတာကို သဘောကျချင်မှကျမှာ"

"အင်းလေ .... ဒါဆိုလဲ ဖေဖေတစ်ယောက်တည်းသွားပါတော့၊ ဖေဖေပြန်ပြောပြမှပဲ သမီးနားထောင်ပါတော့မယ်"

"ဒါနဲ့ ဆရာကြီး ......"

ဟုန်ရှူထိန်က စတင်စကားပြောလာ၏။

"ပြော .... မင်း ဘာပြောချင်လို့လဲ"

"ဒီလိုပါဆရာကြီး ... ဆရာကြီးကိုခေါ်တာဟာ ဘိန်းကိစ္စ ဆွေးနွေးမလို့ ခေါ်တာပဲဖြစ်ပါလိမ့်မယ်၊ ဒီတော့ ဆရာကြီးအနေနဲ့



ဘိန်းကိစ္စကို ဘယ်လိုဖြေရှင်းမလဲဆိုတာပဲ စဉ်းစားသွားသင့်ပါတယ်"

"အင်း .... ငါလဲစဉ်းစားတာပဲ၊ စဉ်းစားလို့မထွက်တာတော့ ငါလဲ ဘယ့်နှယ်မှမလုပ်တတ်ဘူး"

ဟုန်ရှူထိန် ခေါင်းညိတ်လိုက်ကာ ....

"ဟုတ်ပါတယ်ဆရာကြီး၊ ကျွန်တော်လဲ ဒီအကျပ်အတည်းကလွတ်ထွက်နိုင်တဲ့နည်းလမ်းကို စဉ်းစားနေပါတယ်၊ စဉ်းစားလို့ကို မရပါဘူးဆရာကြီးရယ်၊ ဆရာကြီးစဉ်းစားလို့ မရတာ အပြစ်ပြောလို့မရပါဘူး၊ ဒီတော့ ဆရာကြီး ခေါင်းရှင်းရှင်းသာထားပြီး နယ်စားကြီးဆီ သွားပါတော့"

ဆရာကြီး မိန့်ဂူးချန်မှာ ကာယကံရှင်ဖြစ်နေ၏။

သူ့ဦးခေါင်းထဲမှာလည်း မည်သည့်အကြံဉာဏ်မျှ ထွက်မလာတော့ပါ။

သူသည် နယ်စားကြီးထံသို့ဤအတိုင်းသွားရပေတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးတစ်ရပ်ရရှိခြင်း

မိန့်ပွးချန်သည် နယ်စားကြီးဝမ်ကျိုးဝေကို ဦးညွတ်ဂါရဝပြုလိုက်လေ၏။

မိန့်ပွးချန်အား လာပို့သောအစောင့်သည် နယ်စားကြီးအား အရိုအသေပြုပြီးသည်နှင့် အခန်းအပြင်သို့ ထွက်သွားပေပြီ။

"ကျုပ် ခင်ဗျားကိုစောင့်နေတာပဲ"

မိန့်ပွးချန်သည် .... နယ်စားကြီးထိုင်ခုံထက်အနည်းငယ်နိမ့်သောခုံတစ်လုံးတွင် ဝင်ထိုင်လိုက်၏။

"ဟုတ်ကဲ့ခင်ဗျာ၊ နယ်စားကြီးရဲ့စာကို မနေ့ကရပါတယ်။ ကျွန်တော် လာရတော့မှာပေါ့ခင်ဗျာ၊ မလာလို့ ဘယ်ဖြစ်ပါ့မလဲ"

"ဒီအခန်းမှာတော့ ဘာမှလျှို့ဝှက်စရာမလိုပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ဒီအခန်းထဲမှာ ခင်ဗျားနဲ့ကျုပ်နဲ့ နှစ်ယောက်တည်းရှိတာကိုး"



ရှန်စီးနယ်စားကြီးက ခင်မင်ရင်းနှီးစွာပြောလေ၏။

တကယ်တော့ ရှန်စီးနယ်စားကြီးမဖြစ်မီကတည်းက မိန့်ပွးချန်သည် ဝမ်ကျိုးဝေ၏မိတ်ဆွေဖြစ်ခဲ့လေသည်။

ရှန်စီးနယ်စားကြီးဖြစ်သွားသောအခါ မိန့်ပွးချန်ကလည်း ဒူးနေရာဒူး တော်နေရာတော်ဟုခွဲခြားသိရလေသည်။

ရှန်စီးနယ်စားကြီးအား အရိုအသေပေးရလေသည်။

ယခုရောက်လာသောအခါ မိန့်ပွးချန်သည် အပြစ်ရှိသောတရားခံဖြစ်နေပေသည်။

ရှန်စီးနယ်စားကြီးသည် မိန့်ပွးချန်၏အပြစ်ရှိသောအဖြစ်ကို ဘုရင်ကေရာဇ်ထံ မတင်လျှောက်သေးပေ။

မည်သို့ပင်ဖြစ်စေ၊ နယ်စားကြီး၏ ခင်မင်ရင်းနှီးစွာ ဆက်ဆံမှုသည် မပြောင်းလဲခဲ့ချေ။

ထို့အတွက် မိန့်ပွးချန် လွန်စွာစိတ်ချမ်းသာရသည်။

"ကဲ .... ကဲ .... ကျုပ်တို့ စားရင်းသောက်ရင်း စကားပြောကြတာပေါ့"

နယ်စားကြီးသည် လက်ခုပ်တစ်ချက်တီးလိုက်သောအခါ အစောင့်တစ်ယောက်သည် လျင်မြန်စွာရောက်ရှိလာလေ၏။

"ဒီအခန်းထဲမှာပဲစားသောက်ဖို့ ပြင်ပေးစမ်း"

အစောင့်သည် အရိုအသေပေးပြီးနောက် လျင်မြန်စွာထွက်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီ အစောင့်ဆယ်ယောက်မျှ ရောက်ရှိလာပြီး ပြင်ကြဆင်ကြသောအခါ ကြီးမားသော အစားအသောက်ပွဲကြီးကို ပြင်ဆင်ပြီးသွားကြ၏။

"ကဲ ..... မင်းတို့ကို လိုမှခေါ်မယ်၊ ထွက်သွားကြတော့"

အစောင့်များသည် ဦးညွှတ်ဂါရဝပြုပြီးနောက် ထွက်ခွာသွားကြလေ၏။

"ကဲ ..... မိန်ဂူးချန်၊ စားစမ်း သောက်စမ်းပါဗျာ၊ ကျုပ်တို့ အေးအေးဆေးဆေး စကားပြောကြတာပေါ့"

"နယ်စားကြီးခင်ဗျာ ..... ကျွန်တော် စားလို့သောက်လို့မရပါဘူး၊ အဖြစ်အပျက်က အသက်ပါ အဆုံးစီရင်နိုင်တဲ့အဖြစ်အပျက် မဟုတ်လား"

"သြော် ..... ခင်ဗျား ဒီလောက်တောင် ခံစားနေရသလား။ ကဲ ..... ကဲ ..... ကျုပ်ကပဲ စပြောပါ့မယ်ဗျာ"

နယ်စားကြီးသည် အရက်ကိုကောက်မော့လိုက်၏။

"ဒီလိုဗျ၊ ခင်ဗျားရဲ့သံမဏိတံခွန်အဖွဲ့ ဘိန်းတွေသယ်သွားတာကို ဘုရင့်မြင်းတပ်ကဖမ်းမိသွားတယ်ဆိုတာ ခင်ဗျားအသိပဲနော်"

မိန်ဂူးချန်က ခေါင်းညိတ်ပြလိုက်၏။

"ဒီအထဲမှာ တာဝန်အရှိဆုံးကခင်ဗျားပဲ၊ ခင်ဗျားဟာ ဒီအဖွဲ့ရဲ့ပိုင်ရှင်လဲ ပိုင်ရှင်၊ ခေါင်းဆောင်လဲ ခေါင်းဆောင်ဆိုတော့ ခင်ဗျားကိုပဲဖမ်းရမှာပေါ့"



မိန်ဂူးချန် ခေါင်းညိတ်လိုက်၏။

"ဒါကို ကျွန်တော်ကောင်းကောင်းကြီးသိပါတယ်"

"အေး ..... အဲဒါ ခင်ဗျားကိုဖမ်းဆီးဖို့ပဲ၊ ဒါပေမယ့် မြင်းတပ်သားတွေကို ကျုပ်နယ်ထဲမှာပဲလှည့်လည်နိုင်းထားပြီး ခင်ဗျားကိုတော့ ကျုပ်ပဲလျှောက်မယ်လို့တာဝန်ယူလိုက်တဲ့အတွက် ခင်ဗျား ခုလိုသက်သာခွင့်ရနေတာပါ၊ ဘာကြောင့် အခုလိုလုပ်ရသလဲဆိုတော့ ခင်ဗျားဟာ ကျုပ်မိတ်ဆွေဖြစ်နေလို့ပဲ၊ ဒါပေမယ့် ..... ဘုရင်ဧကရာဇ်ကို ခင်ဗျားပဲ အပြစ်ကလွတ်အောင် ဝင်ရောက်အသနားခံပေးပါဆိုရင်တော့ ကျုပ်ငြင်းရမှာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ..... ကျုပ်ကိုယ်တိုင်အသနားမခံဝံ့လို့ဘဲ၊ ကျုပ်ဝင်ပြီး အသနားခံပေးရင်လဲ ဧကရာဇ်က စိတ်ထားပြောင်းပြီး ခင်ဗျား လွှတ်ပေးမှာမဟုတ်ပါဘူး၊ ဒါကို ကျုပ်ကောင်းကောင်းကြီးသိနေတယ်"

"နယ်စားကြီးပြောတာမှန်ပါတယ်၊ ခုလောက် နေခွင့်ရနေတာကိုပဲ ကျွန်တော်ကျေနပ်လှပါပြီ"

မိန်ဂူးချန်ကဆက်ပြော၏။

"ဒီအတောအတွင်းမှာ နည်းမှန်လမ်းမှန်နဲ့ ဘုရင်ဧကရာဇ်ဆီကို လျှောက်ထားဖို့ ကျွန်တော်စဉ်းစားနေတာပါ၊ ကျွန်တော့်အပြစ်ကို ကျွန်တော်ခံယူဖို့ ဆုံးဖြတ်ပြီးသားပါ"

နယ်စားကြီးက .....

"ခင်ဗျားရဲ့သတ္တိကိုတော့ ချီးကျူးပါတယ်ဗျာ ... ဒါပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျား ကံကောင်းပါတယ်ဗျ"

"ဘာဖြစ်လို့ကံကောင်းတာလဲ နယ်စားကြီးရယ်"

"ဟုတ်တယ်၊ ကံကြမ္မာက ခင်ဗျားဘက်မှာရှိနေပုံရတယ်ဗျ၊ ခင်ဗျားအတွက် အခွင့်အရေးတစ်ခု ပေါ်လာပြီ၊ အဲဒီအခွင့်အရေးကို သာ ခင်ဗျား အကျိုးရှိရှိ အသုံးချနိုင်မယ်ဆိုရင် ဒီအပြစ်ကလွတ်မှာ သေချာတယ်"

နယ်စားကြီးဝမ်ကျိုးဝေ၏စကားများမှာ အဆက်အစပ်မရှိသဖြင့် မိန်ဝူးချန် နားမလည်ပါ။

"နယ်စားကြီးပြောတာကို ကျွန်တော် နားမရှင်းပါဘူးခင်ဗျာ ဘယ်လိုအခွင့်အရေးများ ပေါ်လာလို့လဲဗျာ"

"အာ ..... ပြောမှာပေါ့ဗျာ၊ ခင်ဗျား မွန်ဂိုဧကရာဇ်ဟာန်စူးကို သိရဲ့လား"

"မွန်ဂိုဧကရာဇ်ကို ကျွန်တော် ဘယ်လိုလုပ်သိနိုင်မလဲခင်ဗျာ"

"ကြားဖူးတယ်မဟုတ်လားလို့ မေးတာဗျ"

"ကြားတော့ကြားဖူးပါတယ်၊ ဒါနဲ့ နေပါဦး၊ ခုကိစ္စက မွန်ဂိုဧကရာဇ်နဲ့ ဘယ်လိုများပတ်သက်နေလို့လဲ"

နယ်စားကြီးဝမ်ကျိုးဝေက .....

"တိုက်ရိုက်တော့ မပတ်သက်ပါဘူး၊ ဒါပေမယ့် သူ့နာမည်ကို ထည့်ပြောမှပြည့်စုံမှာမို့ ထည့်ပြောလိုက်တာပါ"

"နယ်စားကြီး ဆက်ပြောပါခင်ဗျာ"



နယ်စားကြီးဝမ်ကျိုးဝေသည် အရက်ကိုငုံ့သောက်နေသဖြင့် မိန်ဝူးချန်မှာ စိတ်ရှည်လက်ရှည်စောင့်ဆိုင်းနေရလေသည်။

အရက်တစ်ပန်းကန်လုံးကုန်မှ နယ်စားကြီးက စကားဆက်လေသည်။

"အဲဒီ မွန်ဂိုဧကရာဇ်ဟာန်စူးက ကျုပ်တို့ရဲ့ဘုရင်ဧကရာဇ်ကို သိုင်းကျမ်းကြီးတစ်ခု လက်ဆောင်ပေးလာတယ်ဗျ"

"သိုင်းကျမ်းတစ်ခုလက်ဆောင်ပေးတယ် ဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်တို့ရဲ့ ဘုရင်ဧကရာဇ်ဟာ သိုင်းပညာကို လေ့လာလိုက်စားတယ်ဆိုတာ သိလို့ တမင်တကာ လက်ဆောင်ပေး တာလို့ သိရတယ်"

"အဲဒါနဲ့ ကျွန်တော်ကံကောင်းတာနဲ့ ဘယ်လိုပတ်သက်ပါ သလဲခင်ဗျာ"

"လာမှာပေါ့၊ သည်းခံပြီး နားထောင်စမ်းပါ၊ အဲဒီသိုင်းကျမ်း ကို ဘုရင်ဧကရာဇ်ဆီ လက်ဆောင်ပေးဖို့မယ့် ဘုရင်ဧကရာဇ်ရဲ့ လက်ထဲကို သိုင်းကျမ်းရောက်မလာသေးဘူး"

မိန်ဝူးချန် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

"ဟင် ..... ဘယ်သူတွေကများ ကြားဖြတ်လုယူသွားလို့ လဲခင်ဗျာ"

"ဖြတ်လုလို့မရောက်တာမဟုတ်ပါဘူး၊ မွန်ဂိုဧကရာဇ်က နန်းမင်းမြတ်ဆီ တိုက်ရိုက်ပို့တာမှမဟုတ်ဘဲ၊ ရှောင်လင်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



တော်ကိုပို့ပေးလိုက်တာပါ၊ အဲဒီကမှတစ်ဆင့် ဘုရင်မင်းမြတ်ဆီကို ပေးရမယ်"

"ဒါဆိုရင် အဲဒီသိုင်းကျမ်းက ခုချိန်အထိရှောင်လင်ကျောင်း တော်မှာပဲ ရှိနေသေးတာပေါ့"

"ဟုတ်တယ်၊ ဒါကြောင့်မို့ အခွင့်အရေးပေါ်လာပြီလို့ ခင်ဗျား ကိုပြောတာပေါ့"

"အင်း .... နယ်စားကြီးပြောတာကို ကျွန်တော်ရေးတေး တေးတော့ သဘောပေါက်လာပါပြီ၊ အဲဒီသိုင်းကျမ်းကိုယူပြီး ဘုရင် မင်းမြတ်ဆီကို ကျွန်တော်ကပို့ပေးရမယ်ပေါ့"

နယ်စားကြီးက .....

"ဟုတ်လိုက်လေဗျာ .... ခင်ဗျား ပို့ပေးပြီးတာနဲ့ ကျုပ်က ကျေးတော်မျိုးကျွန်တော်မျိုးအမိုက်အမဲဟာ ဘိန်းသယ်ယူမှုနဲ့ အရေး ယူခံရမလိုဖြစ်နေပါတယ်လို့ ကျုပ်ကဝင်လျှောက်ပေးလိုက်ရင် ဘုရင် မင်းမြတ်ဟာ ခင်ဗျားအပေါ်မှာ ဘယ်လိုလုပ် အရေးယူဖြစ်တော့မလဲ ဒီငမိုက်သား တစ်ခါတစ်လေပြစ်မှုကျူးလွန်တာကိုခွင့်လွှတ်လိုက်ပြ လို့ မိန့်တော်မူမှာသေချာပါတယ်"

"တော်ကြာ .... ဘုရင်မင်းမြတ် စိတ်ထားမပြောင်းရင် ခ နေပါဦးမယ်ဗျာ"

"ဒီအတွက်တော့ စိတ်ချစမ်းပါ .... ခင်ဗျား အပြစ်ကလွ သွားအောင် ကျုပ် သေသေချာချာလျှောက်တင်ပေးမယ်၊ ခင်ဗျား



အဖွဲ့ဟာ အရင်ကလဲ နာမည်ပျက်ရှိခဲ့တာမဟုတ်တော့ ဘုရင်မင်းမြတ် ကခွင့်လွှတ်မယ်ဆိုရင် ခွင့်လွှတ်နိုင်တဲ့အနေအထားမှာရှိတယ်၊ လူ ဆိုတာဟာ တစ်ကြိမ်တစ်ခါတော့မှားတတ်တယ်ပေါ့ဗျာ၊ မမှား ဘယ် သူရှိပါ့မလဲ၊ ဒါကို ဘုရင်မင်းမြတ်လည်း နားလည်မှာပါ"

နယ်စားကြီးဝမ်ကျိုးဝေ၏စကားကိုကြားရသောအခါ မိန် ဝူးချန်မှာ အားတက်လာသည်။

"ဘယ့်နှယ်လဲ .... ခင်ဗျား ဒီအခွင့်အရေးကိုယူမယ်မဟုတ် လား"

မိန်ဝူးချန်သည် တစ်စုံတစ်ခုကိုတွေးတောနေသည်။

အတန်ကြာမှ .....

"ကျွန်တော် မရှင်းလင်းတဲ့အချက်ကလေးကို မေးပါရစေ ခင်ဗျာ"

"ဟာ ..... မေးပါ၊ မေးပါ"

"ရှောင်လင်ကျောင်းရောက်နေတဲ့သိုင်းကျမ်းကို ဘုရင်မင်း မြတ်က ဘာဖြစ်လို့ သူ့စစ်တပ်ကြီးနဲ့ မသယ်တာလဲ၊ ဒါမှမဟုတ် ရှောင်လင်ကျောင်းက ကိုယ်တော်တွေအနေနဲ့ ဘုရင်မင်းမြတ်ဆီကို ကိုယ်တိုင်သွားပို့ရင်ကော မဖြစ်ဘူးလား"

"မေးသင့်ပါတယ်၊ မေးသင့်ပါတယ်၊ သိုင်းကျမ်းတစ်စောင် ကို တပ်တောင်တာ ဗိုလ်ထုနဲ့လူစုပြီး သယ်ယူတယ်ဆိုတာ အရပ်ရပ် ပြည်တော် ကြားလို့မှမဲ့တော်ပါဘူး၊ အဲ ... တပ်စုဖွဲ့လေးတစ်ခုနဲ့

www.burmeseclassic.com

www.burmeseclassic.com



သွားသယ်ရင်ကော မရဘူးတဲ့လား၊ ဒါတော့ မလုံခြုံဘူး၊ သိုင်းသမား တွေဟာ မျက်စိဖွင့်နေကြတာ၊ ဒီအကြောင်းကိုသိတာနဲ့ အဲဒီတစ်စုက ဝိုင်းချေမှုန်းပစ်လိုက်ကြမှာပေါ့"

"ဒါဖြင့် ... ရှောင်လင်ကျောင်းကကိုယ်တော်တွေ လိုက်ပို့ရင် ကောမဖြစ်ဘူးလားဗျာ၊ ရှောင်လင်ကျောင်းဆိုရင်တော့ အောက်လမ်း သိုင်းသမားတွေ အနားတောင် မသီဝံ့ပါဘူးခင်ဗျာ"

"ရှောင်လင်ကျောင်းမှာ မအားမလပ်ဖြစ်နေတာမို့ ဒီကျမ်း ကို လိုက်မပို့နိုင်ဘဲဖြစ်နေတယ်၊ ဒါကြောင့်မို့ သံမဏိတံခွန်အဖွဲ့က ကျုပ်သတိရတာပေါ့"

"နေစမ်းပါဦးနယ်စားကြီး .... ရှောင်လင်ကျောင်းမှာ မှန် ကေရာဇ်ကလက်ဆောင်ပေးတဲ့သိုင်းကျမ်းကြီးတစ်ခု ရောက်နေတယ် ဆိုတာကို သိုင်းလောကထဲကလူတွေ မသိကြဘူးလား"

နယ်စားကြီးကခေါင်းယမ်းပြသည်။

ပြီးမှ လေသံကိုနှိမ့်ချကာ .....

"ဒီကိစ္စက လျှို့ဝှက်ကိစ္စဖြစ်နေတော့ လူသိ အင်မတန်နည်း ပါတယ်၊ အခုတော့ ကျုပ်ရယ် ခင်ဗျားရယ်တော့သိပြီပေါ့ဗျာ၊ ရှော လင်ကျောင်းကလဲ ထိပ်ပိုင်းဆရာတော်တွေလောက်သာ သိကြတာ"

"ဒါဆို အောက်လမ်းသိုင်းသမားတွေလဲ မသိကြဘူးပေ့"

"အင်း .... သိကြမှာမဟုတ်ဘူးလို့တော့ ကျုပ်ထင်ပါတယ် ခင်ဗျားတို့က ရိုးရိုးပစ္စည်းသယ်တဲ့ပုံစံမျိုးနဲ့သာ သယ်သွားမယ်ဆို



ဘယ်သူမှ ရိပ်စားမိမှာမဟုတ်ပါဘူး"

မိန်ဂူးချန်သည် သူ့အပြစ်လွတ်မည့်နည်းလမ်းကိုရှာကြံ၍ ရခဲ့ပါ။ ဤလမ်းစဉ်ကိုလိုက်လျှင်တော့ .... ကံကောင်းလျှင် အပြစ်မှ လွတ်ကောင်းလွတ်မည်။

နယ်စားကြီးက .....

"ဘယ့်နှယ်လဲ၊ ဒီအလုပ်ကို ခင်ဗျားလုပ်မလား၊ မလုပ်ရင် တော့ ကျုပ် တခြားအဖွဲ့တွေနဲ့တိုင်ပင်ရမှာပဲ"

မိန်ဂူးချန်က ပျာပျာသလဲပြောသည်။

"ဟာ .... လုပ်ပါ့မယ်၊ လုပ်ပါ့မယ်၊ ဘယ့်နှယ် အခွင့်အရေး တဲ့ဥစ္စာ၊ လက်လွှတ်ပစ်လို့ ဘယ်ဖြစ်ပါ့မလဲဗျာ"

"ဒီလိုမှပေါ့ဗျာ"

နယ်စားကြီးက အေးအေးလူလူပင်ပြောကြားလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



## ဆမ်းခုလက်မှအန္တရာယ်

နံနက်လင်းသည်နှင့် မှုချောင်မြို့မှာ လှုပ်ရှားအသက်ဝင်လာ
တော့သည်။ ဈေးဝယ် ဈေးရောင်းများဖြင့်စည်ကားလာတော့သည်

ဟိုမှသည်မှ အလွှာပေါင်းစုံမှ လူများသည်လည်း ကိုယ့်
တည်ရာ အလုပ်များဆီသို့ သွားနေကြတော့၏။

အချိန်ဖြုန်းသူများကလည်း ဖြုန်းနေကြသည်။

သွားလာနေကြသူများထဲတွင် ခေါင်းငိုက်စိုက်ချကာ
ဖြည်းဖြည်းလျှောက်လာနေသူ တစ်ဦးလည်း အပါအဝင်ဖြစ်သည်

ထိုလူရွယ်ကား အခြားသူမဟုတ်။

မိနိစုပင်တည်း။

မိနိစုပင်သည် ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာခြင်း
၍ ပတ်ဝန်းကျင်ကို သတိမထားမိဘဲရှိသည်။

"ဟိတ် ......"



သူ့အမည်ကို ခေါ်လိုက်ခြင်းမဟုတ်သော်လည်း သူ့ကို ခေါ်
လိုက်သကဲ့သို့ ဖြစ်နေသဖြင့် မိနိစုပင်သည် လှည့်ကြည့်မိ၏။

ထိုအခါ ကြွေရုပ်ကလေးကဲ့သို့ အလွန်လှပသော မိန်းမပျို
တစ်ဦးကိုတွေ့လိုက်ရတော့သည်။

"ဟာင် ...... ခိုဖြူလေးပါလား"

မိနိစုပင် လွှတ်ခနဲပြောမိလေ၏။

ခိုဖြူလေးက ချစ်စဖွယ်ရယ်သည်။

"ရှင်က ကျွန်မနာမည်ကိုတော့ မှတ်မိသားပဲ"

"မှတ်မိတာပေါ့၊ မင်းနာမည်က ခက်ခက်ခဲခဲ မှတ်ရတဲ့နာ
မည်မှ မဟုတ်တာပဲ၊ ကဲ ...... နာမည်ရင်းကိုလဲ ပြောပြထားဦးလေ၊
တွေ့တိုင်းခိုဖြူလေးလို့ ခေါ်နေရရင်တော့ မကောင်းလှဘူး"

"နောက်တော့ ပြောပြမယ်၊ ခုလောလောဆယ်တော့ ခိုဖြူ
လေးလို့ပဲမှတ်ထားပါဦး"

မိနိစုပင် လက်လျှော့လိုက်သည်။

သူမ၏နာမည်ရင်းကို မမေးတော့ပေ။

"မင်းကကော ကျုပ်နာမည်ကိုမှတ်မိသေးရဲ့လားဟင်"

"မှတ်မိတာပေါ့ရှင်၊ သိပ်ကိုမှတ်မိတာပေါ့၊ သံမဏိတံခွန်
အမခံလုပ်ငန်းပိုင်ရှင်မိနိဝူးချန်ရဲ့သား မိနိစုပင်မဟုတ်လား"

"အမယ် ...... မင်းဘယ်ဆိုးလို့လဲ"

ထို့နောက် ...... တစ်ယောက်ကိုတစ်ယောက် ပြုံး၍ကြည့်မိ

www.burmeseclassic.com

www.burmeseclassic.com



ကြလေသည်။ ခိုဖြူလေးဟုပြောသောမိန်းကလေးမှာ သေသေချာချာကြည့်လေ ချောလေဟုဆိုရလောက်အောင် ....

ချောသောမိန်းကလေးဖြစ်နေသည်။

မိန်စုပင်မှာ မိန်းကလေး၏မျက်နှာမှ တော်တော်နှင့်မခွာနိုင်ဘဲဖြစ်နေသည်။

မိန်းမပျိုလေးက မျက်လွှာချသွားသည်။

မိန်းမပျိုလေးက မပွင့်တပွင့်မေးလိုက်၏။

"ဒါနဲ့ ..... ရှင်ကကော ခုဘယ်ကိုသွားမလို့လဲ၊ မြို့ထဲက လောင်းကစားဝိုင်းတွေကိုသွားမလို့လား"

မိန်းမပျိုလေးက ပြုံးတုံ့တုံ့ကြည့်ရင်း မေးလိုက်၏။

မိန်စုပင်က ခေါင်းယမ်းလိုက်သည်။

"ဟာ ..... မဟုတ်ပါဘူးကွာ၊ လောင်းကစားဝိုင်းက ငွေတွေနိုင်လာတယ်လို့တစ်ခါပြောမိတာနဲ့ အမြဲတမ်း လောင်းကစားဝိုင်းကိုသွားနေရတော့မလားကွာ၊ အခု လောင်းကစားဝိုင်းဝင်မိလို့ ငါတို့မိသားစုဒုက္ခရောက်နေရပါတယ်၊ ငါတို့ သံမဏိတံခွန်အာမခံပို့ဆောင်ရေးအဖွဲ့ဟာလဲ ငွေကြောင့်နာမည်ပျက်ခဲ့ရတယ်"

မိန်းမပျိုလေး ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ် ..... ကျွန်မလဲ ကြားနေရပါတယ်၊ ဒီအတွက် ကျွန်မစိတ်မကောင်းပါဘူး။ ဒါနဲ့ ရှင်တို့က ဘိန်းတွေကိုတကယ်ပဲသယ်သွားကြတာလား"



မိန်စုပင်က သက်ပြင်းချရင်း ခေါင်းကိုမညိတ်ချင် ညိတ်ချင်ဖြင့် ညိတ်ပြလိုက်မိ၏။

မိန်စုပင်သည် လူအများ သွားလာသည့်လမ်း၌ ရပ်စကားပြောသည့်အဖြစ်ကို သတိရလိုက်သည်။

"လမ်းမကြီးမှာ ရပ်စကားပြောနေကြတာမကောင်းပါဘူး၊ ဆိုင်တစ်ဆိုင်မှာထိုင်ရင်း စကားပြောကြရအောင်"

"ကောင်းသားပဲ၊ ရှင်ကြိုက်တဲ့ဆိုင်ဝင်ပါ"

"သိပ်ဝေးဝေးလျှောက်ဖို့မလိုပါဘူး၊ ဟိုရှေ့ကဆိုင်ထဲမှာ ဝင်ထိုင်ကြတာပေါ့၊ စားစရာတစ်ခုခုတော့ ရမယ်ထင်ပါတယ်"

မိန်စုပင်သည် ရှေ့နားရှိဆိုင်ကလေးတစ်ဆိုင်ကို လက်ညှိုးထိုးပြလိုက်သည်။

မကြာမီ သူတို့ဆိုင်ထဲသို့ ဝင်ရောက်သွားကြ၏။

ဆိုင်အပြင် အဆင်မှာ သားသားနားနားမရှိလှချေ။

ဆိုင်ထဲမှစားသောက်နေကြသူများသည် ငယ်ရွယ်နုပျိုသော စုံတွဲကို ဝိုင်း၍ကြည့်ကြသည်။

သူတို့သည် လူရှင်းသော ထောင့်ကျကျစားပွဲ၌ဝင်ထိုင်လိုက်ကြလေသည်။

"ဆရာတို့ ဘာသုံးဆောင်ချင်ပါသလဲခင်ဗျာ"

အဝတ်အစား သားနားခြင်းမရှိသော အလုပ်သမားများက သူတို့စားပွဲတွင်ရပ်ကာ တရိုတသေမေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန့်စုပင်က လွယ်လွယ်ရနိုင်မည့်အစားအသောက်တစ်ခုကို မှာလိုက်သည်။

"စောစောက ရှင့်ပြောလက်စ စကားကိုပြန်ဆက်ပါဦး"

မိန့်စုပင်က ကစားဝိုင်းတွင် ကြွေးတင်လာသော သူ့အဖြစ်မှစတင်ကာ ဘိန်းသယ်ယူရန်အလုပ်ကို လက်ခံလိုက်ပုံ ....

ဘိန်းများကို သယ်ယူပုံ ....

ဘုရင့်မြင်းတပ်သားများကဖမ်းမိပုံများကို ပြောပြလိုက်၏။

နောက်ပိုင်း ....

ရှောင်လင်ကျောင်းမှသိုင်းကျမ်းကို ဘုရင်မင်းမြတ်ထံ သယ်ယူပို့ဆောင်ပေးနိုင်ပါက အပြစ်မှခွင့်လွှတ်ခံရနိုင်ပုံတို့ကိုပါ အသေးစိတ်ရှင်းပြလိုက်သည်။

"ဟင် .... ဒါဆို ရှင်တို့ကံကောင်းတာပေါ့"

"ကံကောင်းတယ်လို့ မသိရသေးပါဘူးကွာ၊ သိုင်းကျမ်းကြီးအပ်နိုင်ပြီဆိုပါမှ လွတ်လွတ်ကျွတ်ကျွတ်ဝမ်းသာနိုင်မှာပါ"

"အို .... ရှင်တို့အဖွဲ့မှာ ထိပ်တန်းသိုင်းပညာရှင်တွေ ပါနေတာပဲဥစ္စာ၊ ဘာပဲပြောပြော အောက်လမ်းသိုင်းသမားတွေ အနားတောင် သီရဲမှာမဟုတ်ပါဘူး"

"အေးလေ၊ မင်းပြောသလိုဖြစ်ရင်ကောင်းတာပေါ့"

သူတို့သည် စားပွဲထိုးလာချပေးသောအစားအသောက်များကို စားသောက်ကြလေသည်။



မိန့်စုပင်မှာ သိုင်းကျမ်းပို့ဆောင်ရမည့်အစီအစဉ်အတွက် အမှန်ပင် စိတ်လှုပ်ရှားနေမိတော့သည်။

❀❀❀

သိုင်းပညာရှင်ကြီး မိန့်ဂူးချုန်ဦးဆောင်သော အဖွဲ့သားများပါဝင်သည့်သံမဏိတံခွန်အဖွဲ့သားများသည် ....

ရှေးဦးစွာ ရှောင်လင် ကျောင်းတော်ကြီးသို့ သွားရောက်ကြလေ၏။

သံမဏိတံခွန်အဖွဲ့တွင် အကောင်းဆုံးသော သိုင်းသမားများသာပါဝင်လာသည်။

ရှောင်လင်ကျောင်းတော်သို့ရောက်သောအခါ မိန့်ဂူးချုန်က ရှန်စီးနယ်စားကြီးဝမ်ကျိုးဝေ ရေးပေးလိုက်သောစာနှင့်လက်မှတ်ကို ထုတ်ပြလေ၏။

ထိုအခါ ....

ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်ကြီးသည် မွန်ဂိုကေရာဇ်ထံလက်ဆောင်ရရှိထားသည့် သိုင်းကျမ်းထည့်ထားသည့်သေတ္တာကို အလွယ်တကူပင် လွှဲပြောင်းပေးအပ်လိုက်သည်။

မိန့်ဂူးချုန်သည် သိုင်းကျမ်းထည့်ထားသည့်သေတ္တာကို လက်ခံရရှိပြီးနောက် ....

www.burmeseclassic.com

www.burmeseclassic.com



မြင်းရထားအတွင်း လုံခြုံစွာထည့်သွင်းကာ မြင်းရထားကို အစောင့်အရှောက်များခြံရံလျက် ရှောင်လင်ဂိုဏ်းချုပ်ဆရာတော်အားနှုတ်ဆက်ကာ ထွက်ခွာလာတော့သည်။

ပထမရက်တွင် ချောချောမောမောခရီးဆက်နိုင်ခဲ့သော်လည်း ဒုတိယရက်၌မူ အန္တရာယ်နှင့်ရင်ဆိုင်တိုးခဲ့ရလေသည်။

"ဖေဖေ ဟိုသချိုင်းထဲမှာ အလံတစ်ခုစိုက်ထားပါကလား"

သမီးဖြစ်သူက ရုတ်တရက် တအံ့တသြဖြင့် ပြောလာသောကြောင့် မိန်ဝူးချန်သည် သချိုင်းဘက်သို့လှမ်းကြည့်မိသည်။

သမီး အကြည့်မမှားချေ။

သချိုင်းထဲတွင် အလံတစ်ခု တလူလူလွင့်နေသည်။

အလံကို သေချာစွာကြည့်မိသည့်အခါ မိန်ဝူးချန် ရင်ထိတ်သွားလေ၏။

ထိုအလံကို သူကောင်းစွာသိနေသည်မဟုတ်ပါလား။

ထိုအလံသည် အနီရောင်အောက်ခံပေါ်တွင် အနက်ရောင်လိပ်ပြာတစ်ကောင်ပုံကို ရေးထိုးထားသည်။

ထိုအလံမှာ ....

လှပသော်လည်း အန္တရာယ်ပေးတော့မည်ဟူသော အဓိပ္ပါယ်ဖော်ဆောင်လေ၏။

ထိုအကြောင်းကို မိန်ချန်ယူ မသိပေ။

သူမသည် သာမန်အလံတစ်ခုဟုသာ မှတ်ထင်နေပေသည်။



ထိုအလံကား အခြားမဟုတ်။

အောက်လမ်းသိုင်းသမားများ၏ခေါင်းဆောင်အဖြစ် ကျော်ကြားနေသော လိပ်ပြာနှုတ်သိုင်းပညာရှင်ကြီးချိန်လီကျန်၏ ကိုယ်ပိုင်အလံပင်ဖြစ်လေ၏။ ထိုအလံကိုတွေ့မြင်သူများသည် ကံကြမ္မာဆိုးကျရောက်တတ်ပေသည်။

"သမီး .... ဒီအလံဟာ လိပ်ပြာနှုတ်သိုင်းပညာရှင်ချိန်လီကျန်ရဲ့အလံပဲ"

မိန်ချန်ယူ မျက်မှောင်ကုပ်သွားသည်။

"သူက ဘာဖြစ်လို့ ဒီအလံကို သချိုင်းထဲမှာလာစိုက်ရတာလဲ"

"သူ ဖေဖေတို့ကိုဒုက္ခပေးတော့မယ့် သဘောပဲ"

"ဘာဖြစ်လို့လဲ ဖေဖေ"

"သူ ဒုက္ခပေးတော့မယ်ဆိုရင် သူ့အလံကို တစ်နေရာရာမှာ မြင်အောင်စိုက်လိုက်တာပဲ၊ ဒါဟာ သူ့အကျင့်ပဲ၊ ဒီအနီးအနားမှာ သူနဲ့ သူ့ရဲ့အဖွဲ့သားတွေရောက်နေပြီ"

မိန်ဝူးချန်သည် သမီးဖြစ်သူကို ပြောပြရင်း ဟုန်ရှုထိန်ဘက်သို့ လှည့်ပြောလိုက်၏။

"ဟုန်ရှုထိန် ..... အားလုံးကိုသတိပေးလိုက်ပါ၊ မကြာခင် အန္တရာယ်ကျရောက်လာတော့မယ်လို့"

"ဟုတ်ကဲ့ .... ဆရာကြီး၊ ကျွန်တော် သတိပေးလိုက်ပါ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဟုန်ရှထိန်သည် မိန်ဂူးချန်အား ပြောပြီးသည်နှင့် သူ့လူများအား အန္တရာယ်အဆင့်သတိပေးချက်ကို အော်ဟစ်လိုက်တော့၏။

"အားလုံး သတိရှိကြ"

မကြာမီ ..... ရန်သူနှင့်ရင်ဆိုင်တွေ့ရတော့မည်ကို အဖွဲ့သားအားလုံးသိရှိသွားကြသည်။

"ရှမ်း ...... ရှမ်း ...... ရှမ်း ......"

ဓားထုတ်သံများသည် ဆူညံသွားလေ၏။

မိန်စုပင်ကတော့ ဘာလုပ်၍ဘာကိုင်ရမှန်းမသိချေ။

သူသည် သိုင်းပညာတတ်သူ မဟုတ်၍ ဓားလည်းမကိုင်နိုင်ချေ။ တုတ်လည်း မကိုင်နိုင်ချေ။ သူတစ်ပါး ဓားကိုင် တုတ်ကိုင်သည်ကိုသာငေးကြည့်နေရတော့၏။

သို့သော် ..... သူ့ဖခင်အပါအဝင် ထိပ်တန်းသိုင်းပညာရှင်များ သူ့ပတ်ပတ်လည်တွင်ရှိနေသည်ကိုသတိရလိုက်သောအခါ သူသည် အတော်ပင် စိတ်အေးသွား၏။

ထိုထိပ်တန်းသိုင်းပညာရှင်များက ခုခံပေးကြမည်မဟုတ်ပါလား။ သူသည် ဖခင်အနားသို့ တိုးကပ်၍ရပ်နေလိုက်သည်။

"ဟား ...... ဟား ...... ဟား ......"

သချိုင်းထဲမှ ကျယ်လောင်သောအသံကြီးကို ကြားလိုက်ကြရတော့သည်။

ရယ်သံကြီးမှာ လှိုက်၍လှိုက်၍ရယ်မောလိုက်သည့်အသံဖြစ်



၍ နေ့ခင်းကြောင်တောင်ကြီးပင် မိန်စုပင် ကြက်သီးမွေးညင်းထသွားမိလေသည်။

ရယ်သံကြီးထွက်ပေါ်လာပြီး မကြာမီမှာပင် လူတစ်ယောက် သချိုင်းထဲမှထွက်ပေါ်လာလေ၏။

ထိုလူသည် အနက်ရောင်ဝတ်စုံကိုခြုံလွှားထားသည်။

ထိုသူကား သိုင်းပညာရှင်ကြီး ချိန်လီကျန်ပေတည်း။

"ဘယ့်နှယ်လဲ ..... မိတ်ဆွေကြီး မိန်ဂူးချန်၊ ဒီတစ်ခါ ကိုယ်တိုင်ကိုယ်ကျလိုက်လာပုံတွေ့ကတော့ သယ်လာတဲ့ပစ္စည်းဟာ တော်တော့်ကိုတန်ဖိုးကြီးလိမ့်မယ်လို့ထင်တယ်"

ချိန်လီကျန်က ခပ်ပြုံးပြုံးဖြင့် မေးလေ၏။

မိန်ဂူးချန် မပြုံးပါ။

"ဘာမှအဖိုးမတန်ပါဘူးဗျာ၊ ကျုပ်ကပျင်းပျင်းရှိတာနဲ့ လိုက်လာတာပါ"

"လိုက်လာကြတဲ့လူတွေကလဲ ခင်ဗျားရဲ့လက်ရွေးစင်သိုင်းသမားတွေချည်းပါပဲလား၊ ဘယ့်နှယ် သူတို့ကိုရွေးလာတာလဲ"

"မရွေးပါဘူးဗျာ၊ ရှိတဲ့သိုင်းသမားတွေ ခေါ်လာတာပါ"

သူသည် မြင်းရထားကိုတစ်ချက်လှမ်းကြည့်ပြီး .....

"ခင်ဗျားက တော်တော်လျှို့ဝှက်တာပဲ၊ သယ်လာတဲ့ပစ္စည်း အဖိုးမတန်ဘူးလို့ ပြောလား ပြောရဲ့၊ ဘုရင်မင်းမြတ်လက်ထဲကို ပစ္စည်းအရောက် မပို့ပေးနိုင်ရင် ဘယ်လိုအပြစ်ဒဏ်မျိုးပေးခံရမယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ကျုပ်ကကောင်းကောင်းသိနေပါတယ်"

မိန့်ဝူးချန် တုန်လှုပ်ချောက်ချားသွားသည်။

ဤပစ္စည်းကို ဘုရင်မင်းမြတ်ထံ အရောက်ပို့ပေးရမည်ကို ချိန်လီကျန်သိနေပါကလား။

လျှို့ဝှက်ချက်ပေါက်ကြားသွားလေပြီ။

"မဟုတ်ပါဘူး၊ ဒီပစ္စည်းဟာဘုရင်မင်းမြတ်ရဲ့ပစ္စည်းမဟုတ်ပါဘူး၊ ကုန်သည်တစ်ယောက်ရဲ့ပစ္စည်းပါဗျ"

မိန့်ဝူးချန်သည် ဣန္ဒြေရရဖြင့်ပြောလိုက်သည်။

သို့သော် သူ့ကြိုးပမ်းချက်ကား အရာမရောက်ပေ။

ချိန်လီကျန်က ခေါင်းခါလိုက်၏။

"ခင်ဗျား ဘယ်လောက်ညာညာ ကျုပ်မယုံပါဘူး၊ ဒီသေတ္တာထဲမှာ မွန်ဂိုဧကရာဇ်ကလက်ဆောင်ပေးလိုက်တဲ့ သိုင်းကျမ်းကြီးပါလာတယ်ဆိုတာ ကျုပ်တိတိကျကျသိပြီးပါပြီ"

ချိန်လီကျန်၏စကားအဆုံးတွင် မိန့်ဝူးချန်မှာ ဘာစကားမှ မပြောနိုင်လောက်အောင် ဖြစ်သွားရလေ၏။

ချိန်လီကျန်သည် လျှို့ဝှက်ကိစ္စကို တိတိကျကျသိနေသည်မှာ သေချာသွားပေပြီ။

မိန့်စုပင်နှင့်မိန့်ချန်ယူတို့ မျက်နှာပျက်သွားကြသည်။

ချိန်လီကျန်ကို လိမ်ညာ၍မရနိုင်တော့ပါ။

သူတို့ လုယက်ကြတော့မည်။



"ကဲ ...... မိန့်ဝူးချန်၊ ခင်ဗျားငြင်းချင်သေးသလား"

"ခင်ဗျား တိတိကျကျပြောနေမှတော့ ကျုပ်ကဘာငြင်းစရာလိုတော့သလဲ၊ မှန်တယ်၊ ကျုပ်တို့သယ်လာတာဟာ မွန်ဂိုဧကရာဇ်ရဲ့ သိုင်းကျမ်းကြီးပဲ"

ချိန်လီကျန်က ခေါင်းညိတ်လိုက်၏။

"ဒါဆို ခင်ဗျားတို့ကို ကျုပ်က အခွင့်အရေးတစ်ခုပေးမယ်၊ ဒီသေတ္တာကို ဒီမှာထားခဲ့၊ ခင်ဗျားတို့ ပြန်ကြပေတော့ .... ကျုပ်လုံးဝ ခတိုက်ခိုက်ဘူး၊ ခင်ဗျားတို့ ခုခံမယ်ဆိုရင်တော့ ကျုပ်က အစွမ်းကုန် တိုက်ခိုက်ရလိမ့်မယ်"

"ဟား ...... ဟား ...... ဟား ...... ဘယ် ဒီလိုလွယ်လွယ်နဲ့ ရလိမ့်မလဲချိန်လီကျန်ရာ၊ ဟား ...... ဟား ...... ဟား ......"

မိန့်ဝူးချန်သည် မထူးတော့ပြီဖြစ်၍ တဟားဟားရယ်ရင်း ၎လူများကို လက်မြှောက်အချက်ပြလိုက်၏။

ချိန်လီကျန်လည်း လက်ခုပ်သုံးချက်တီးလိုက်၏။

သချိုင်းတစ်ဖက်ရှိတောအုပ်ထဲမှ ချိန်လီကျန်၏လူများထွက်ပေါ်လာလေတော့၏။

လူအင်အားက များလှသည်။

"သူတို့ကိုဝိုင်းထားလိုက်စမ်း"

လူများသည် မိန့်ဝူးချန်တို့ကိုဝိုင်းထားလိုက်သည်။

မိန်ချန်ယူက ထိုသူများကိုကြည့်ရင်း စိတ်ထဲမှသေကာဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လာ၏။ ထို့ကြောင့် ဖခင်အားတီးတိုးမေးလိုက်လေ၏။

"ဖေဖေ ..... ဒီလူတွေကြည့်ရတာ တစ်မျိုးကြီးဖြစ်နေတယ်

မျက်နှာသေကြီးတွေနဲ့"

"ဟုတ်တယ်သမီး၊ သမီးပြောသလိုပဲ၊ မျက်နှာသေကြီးတွေ

နဲ့ဖြစ်နေတာပေါ့၊ သူတို့မှာ ဘာအသိမှမရှိကြတော့ဘူး ချိန်လီကျ

ခိုင်းတဲ့တိုင်း တသွေမတိမ်းလုပ်ဖို့ကလွဲလို့ တခြားဘာမှမသိကြတော

ဘူးလေ"

သူ့ဖခင်၏စကားကို ကြားသောအခါမှ မိန်ချန်ယူသည် တ

စုံတစ်ခုကို ဖျတ်ခနဲသတိရမိတော့သည်။

"ဟင် ..... ဒါဆိုရင် ချိန်လီကျန်ရဲ့ လိပ်ပြာနှုတ်ခံထားရတဲ့

တွေပေါ့"

"ဟုတ်တယ်၊ ချိန်လီကျန့်လိပ်ပြာနှုတ်ထားတဲ့လူတွေပါ"

"အများကြီးပဲနော်"

"ဟုတ်တယ်၊ တချို့ဆိုရင် အတော်နာမည်ကြီးတာ၊ ဟော

ဟိုက အဝါရောင်ကိုယ်ကျပ်အင်္ကျီဝတ်ထားတဲ့လူဆိုရင် နာမည်ကျော

ဓားသမားပေါ့၊ လျှပ်စစ်ဓား ဝူဂျင်ပိုလို့ ခေါ်တယ်၊ ဒီလူက ဓားရေး

ပတ်သက်လို့ကတော့ တော်တော်အစွမ်းထက်တယ်၊ သူနဲ့ရင်ဆိုင်ေ

ဆိုရင်အတော်သတိထားရလိမ့်မယ်၊ ဟိုအစွန်ကလူက ကျောက်ဘီ

မောကျောက်တဲ့၊ သူကလဲ အတွင်းအားအရာမှာ တော်ရုံလူ မယှဉ်

ဘူးလို့ကြားထားရတယ်"



မိန်ပူးချန်က သမီးဖြစ်သူအားခပ်တိုးတိုးရှင်းပြနေစဉ် ချိန်

လီကျန်က အော်ပြောလာလေသည်။

"ကဲ ..... မိန်ပူးချန်၊ ဘာတွေ ဉာဏ်နီဉာဏ်နက်ထုတ်နေ

တာလဲ၊ ကျုပ်တို့ကိုသေတ္တာမအပ်ဘူးလား၊ ဒါဆိုရင် ကျုပ်လူတွေကို

တိုက်ခိုင်းရလိမ့်မယ်"

မိန်ပူးချန်သည် သူတို့အဖွဲ့ထက် သုံးဆခန့် အင်အားပိုများ

သောချိန်လီကျန်၏လူများကို တစ်ချက်ကြည့်လိုက်၏။

ဤလူများကို အနိုင်ရဖို့တော့မလွယ်လှပေ။

ယောက်ျားတို့လုံ့လ သေခါမှလျှော့ဆိုသကဲ့သို့ ပြန်လှန်တော့

ခံရပေတော့မည်။

မိန်ပူးချန်က .....

"ကျုပ်တို့ကတော့ ခင်ဗျားတို့ လူစုကို ခုခံဖို့စိတ်ကူးထား

တယ်"

"ဟား ..... ဟား ..... ဟား ..... မိန်ပူးချန် စဉ်းစားပါဦး၊

ကျုပ်တို့ လူအင်အားကိုလဲကြည့်ဦးလေ၊ ခင်ဗျားတို့ထက် သုံးဆ

လောက်များတယ်၊ ခင်ဗျားတို့ နိုင်မနိုင် စဉ်းစားပါဦး"

"ကျုပ်တို့ စဉ်းစားပြီးပြီ၊ သေမြေကြီး ရှင်ရွှေထီးပဲ၊ သေသေ

ကျေကျေ ကျုပ်ကတော့ စွန့်တိုက်မှာပဲ"

"ခေါင်းမာလှချည်လား၊ ခင်ဗျားတို့ စဉ်းစားပြီးရင်တော့ ပြီး

ပါပဲလေ၊ ကျုပ်တို့ကတော့လူအင်အားများတော့ ဒီပြင်လူတွေရဲ့

www.burmeseclassic.com

www.burmeseclassic.com



အပြောကိုမခံချင်ဘူး၊ ဒါပေမယ့် ခင်ဗျားတို့ကိုလဲ အင်အားများများနဲ့ မတိုက်လို့မဖြစ်ဘူး၊ ကဲဟေ့ ..... အားလုံးပဲ စတိုက်ကြပေတော့”

ချိန်လီကျန်က သူ့လူများကို အမိန့်ပေးလိုက်၏။ သူ့လူများသည် ချိန်လီကျန် အမိန့်ပေးလိုက်သည်နှင့် စက်ရုပ်များသဖွယ် တိုက်ခိုက်ကြတော့သည်။

ချိန်လီကျန်ကိုယ်တိုင်လည်း တိုက်ပွဲထဲသို့ ဝင်ရောက်လာလေ၏။ စောစောက ကျေးငှက်များ၏အသံဖြင့် သာသာယာယာရှိနေသောနေရာကလေးသည် တစ်ခဏအတွင်းမှာပင် အော်သံ၊ ဟစ်သံ၊ မာန်သွင်းသံများဖြင့် ဆူညံသွားလေတော့၏။



## ဘယ်ရစ်ဌာနီသို့

ချိန်လီကျန်သည် အခြားသူများအား မတိုက်ခိုက်ဘဲ ခေါင်းဆောင်ဖြစ်သူမိန်ဂူးချန်ကိုသာ တိုက်ခိုက်သည်။

မိန်ဂူးချန်ကလည်း ချိန်လီကျန်အား ဆီးကြိုတိုက်ခိုက်တော့သည်။ မိန်ဂူးချန်သည် ဓားထုတ်ကိုင်လိုက်၏။

အဘယ်ကြောင့်ဆိုသော် ....

ချိန်လီကျန်က ဓားထုတ်ကိုင်ထားသောကြောင့်ပေတည်း။

ချိန်လီကျန်သည် ခုန်ဝင်လာသည်။ သူ၏ဓားထိုးခုတ်ပုံမှာ ...င်မြန်လှသဖြင့် မိန်ဂူးချန် လွန်စွာသတိထားရသည်။

ချိန်လီကျန်သည် မိန်ဂူးချန်ကို အရိပ်ပမာကပ်၍ လိုက်တိုက်...်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်ဝူးချန်ကလည်း ချိန်လီကျန်၏တိုက်ကွက်ကို အလွန်ပင် သတိထားရသည်။

ချိန်လီကျန်၏တိုက်ကွက်များ အဆက်မပြတ်ဝင်ရောက်လာသဖြင့် မိန်ဝူးချန်မှာ လေထဲ၌ခုန်ဝဲရှောင်တိမ်းလိုက်ရသည်။

ချိန်လီကျန်၏တိုက်ကွက်မှာ အချည်းအနှီးဖြစ်သွားရ၏။

တစ်ဖန် မိန်ဝူးချန်က တန်ပြန်တိုက်စစ်ဆင်ပြန်၏။

ဝါးရုံပင်ခုတ်သိမ်းသိုင်းကွက်ဖြင့် အောက်ခြေကိုပိုင်းလိုက်ရာ ချိန်လီကျန်သည် ခုန်ရှောင်သွားလေ၏။

ထိုသို့ ခုန်ရှောင်သွားစဉ် မိန်ဝူးချန်ကိုပင် ဘယ်ခြေဖြင့် ကန်သွားသေးသည်။

"ဗိုး ....."

"ဝုန်း ....."

ဤသို့ ကန်သွားနိုင်မည်ဟု မိန်ဝူးချန် မထင်ချေ။

ထို့ကြောင့် အငိုက်မိသွားသည်။

သူသည် ကန်ချက်အမိ ခံလိုက်ရ၏။

ညာဘက်ပခုံးအကန်ခံလိုက်ရသဖြင့် သူသည်လိမ့်ဆင်းသွားလေသည်။

သို့သော် သူသည် အချိန်မီ ပြန်ခုန်ထနိုင်သည်။

မိန်ဝူးချန်က ဓားနှင့်ခုန်ဝင်လိုက်၏။

"ရွမ်း ..... ရွမ်း ....."



မိန်ဝူးချန်၏ဓားသည် လေထဲ၌ တရွှမ်းရွှမ်းမြည်သွား၏။

ချိန်လီကျန်သည် ခုန်ရှောင်ထွက်သွား၏။

သို့သော် သူ၏ဝတ်ရုံကိုကြည့်လိုက်သောအခါ နှစ်ပိုင်းပြတ်သွားသည်ကိုတွေ့ရသောအခါ ဒေါသအမျက်ခြောင်းခြောင်းထွက်လာသည်။

သူသည် မိန်ဝူးချန်အား ခုန်ပျံတိုက်ခိုက်လိုက်၏။

အဓိပတိဓားဟုန်ရှုထိန်မှာ ....

သူ့ဆီပြေးဝင်လာသောလူနှစ်ယောက်ကို ပိုင်းချလိုက်သည်။

"ရွှမ်း .... ရွှမ်း ...."

"ဝုန်း .... ဝုန်း ...."

လူနှစ်ယောက် လဲကျသွားသည်။

သူသည် ထိုလူနှစ်ယောက်ကို တိုက်ခိုက်အပြီး ဒီဘက်လှည့်သောအခါ အခြားလူနှစ်ယောက်ကပြေးဝင်တိုက်ခိုက်လာတော့ စက်ရုပ်များသဖွယ် ကမူးရှူးထိုးတိုးဝင်လာသော ထိုသူများကို ...ကာ ဟုန်ရှုထိန် စိတ်ပျက်သွား၏။

သူတို့သည် ဘာမျှမစဉ်းစားဘဲ အတင်းတိုးဝင်တိုက်ခိုက်နေသည်။

လူတစ်ယောက်က ဓားဖြင့်လှမ်းခုတ်လာသဖြင့် ဟုန်ရှုထိန် ...းလှမ်းခုတ်လိုက်သည်။

သို့သော် .... သူ့ဓားက ခုတ်ချက်လွဲသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်လူ၏ဓားသွားသည် သူ့ရင်ဝဆီသို့ ဝင်ရောက်လာသဖြင့် ဟုန်ရှုထိန် ကမန်းကတန်းနောက်ဆုတ်လိုက်၏။

ထို့နောက် ထိုသူ၏မျက်နှာကိုကြည့်လိုက်သောအခါမှ အခြေအနေမှန်ကိုသဘောပေါက်သွားတော့၏။

သူရင်ဆိုင်နေရသည့်လူကား သာမန်သိုင်းသမားမဟုတ်ပေ။ သာမန်သိုင်းသမားများမှာ ဟုန်ရှုထိန်၏ဓားကွက်တစ်ကွက်အတွင်း လဲကျသွားကြသည်သာ။

ယခု ဟုန်ရှုထိန်တွေ့ဆုံရသောဓားသမားမှာ လျှပ်စစ်ဓားသမားဝူဂျင်ပိုဖြစ်လေ၏။

ဟုန်ရှုထိန်သည် ပေါ့ပေါ့ဆဆမတိုက်ရဲတော့ချေ။

သတိကြီးစွာဖြင့် တိုက်ခိုက်လေ၏။

တိုက်ခိုက်ကြည့်သောအခါ ဝူဂျင့်ပို့၏တိုက်ကွက်များမှာ သူ့တိုက်ကွက်များထက်နိမ့်ကျခြင်းမရှိသည်ကို တွေ့ရလေ၏။

ထို့ကြောင့် ပို၍သတိဝီရိယထားလိုက်ရသည်။

သိုင်းကွက်ငါးကွက်အပြီးတွင် သူ့ဓားသည် ရုတ်တရက် ကျိုးသွားလေတော့၏။

"ဟာ ......"

သူသည် ထက်ပိုင်းကျိုးကျန်ခဲ့သည့်ဓားကျိုးကို ငေးကြောင်ကြည့်နေ၏။

ထိုစဉ် ....



လျှပ်စစ်ဓားဝူဂျင်ပို့၏ဓားချက်သည် သူ၏ရင်ဝသို့ဝင်ရောက်လာတော့သည်။

ဟုန်ရှုထိန်သည် ကပျာကယာရှောင်တိမ်းလိုက်၏။

သို့သော် သူမရှောင်နိုင်တော့ချေ။

ဓားသွားသည် သူ့ခန္ဓာကိုယ်သို့ ထိုးစိုက်သွားလေတော့၏။

"အား ......"

ဟုန်ရှုထိန်၏အော်သံကြောင့် ရန်သူများနှင့်တိုက်ခိုက်နေသည့်မိန်ချန်ယူသည် ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။

ဟုန်ရှုထိန်လဲကျသွားသည်ကို မိန်ချန်ယူမြင်သည်။

သူသည် ဟုန်ရှုထိန်အပေါ် ဦးလေးအရင်းကဲ့သို့တွယ်တာနေသူဖြစ်သဖြင့် ဟုန်ရှုထိန်လဲကျသွားသည်ကိုမြင်သောအခါ နှလုံးသွေးရပ်သကဲ့သို့ဖြစ်သွားသည်။

မိန်ချန်ယူသည် သူမအား ဝိုင်းဝန်းတိုက်ခိုက်နေကြသူများကို ပြင်းထန်စွာတိုက်ခိုက်လိုက်၏။

"ဝှီး ...... ဝှစ် ......"

"အား ...... အား ......"

မိန်ချန်ယူ၏သွက်လက်သောဓားချက်များကြောင့် ရန်သူများလဲကျသေဆုံးသွားကြသည်။

သူ့ဖခင်က လိပ်ပြာနှုတ်ထားသောသူများထဲတွင် ထိပ်တန်းသိုင်းသမားများပါသည်ဟုပြောကြားထားပြီးဖြစ်သဖြင့် မပေါ့ဆရဲချေ။

www.burmeseclassic.com



သူမအား ဝိုင်းတိုက်နေသည့်ရန်သူများကို ရှင်းလင်းပြီး နောက် ဝူကျင်ပို့ရှိရာသို့ခုန်ဝင်သွား၏။

သူမသည် ပထမဆုံး ကြိုးကြာရေသောက် သိုင်းကွက်ဖြင့် စတင်တိုက်ခိုက်လေတော့သည်။

မိန်ချန်ယူ၏သိုင်းကွက်မှာ ရိုးစင်းသလိုလိုရှိသော်လည်း ထိ ရောက်မှုတော့ရှိသည်။ မိန်ချန်ယူ၏ဓားကွက်မှာ ကြိုးကြာနှုတ်သီးလို ဝူကျင်ပို့၏ရင်ဝဆီသို့ ဆတ်ခနဲတိုးဝင်သွား၏။

လျှပ်စီးဓားဝူကျင်ပို့သည် တိမ်းရှောင်ခြင်းမပြုချေ။

သူ့ဓားဖြင့် မိန်ချန်ယူ၏ဓားကိုဖယ်ရှားလိုက်၏။

တစ်ဆက်တည်းမှာပင် ....

မိန်ချန်ယူ၏ခါးဆီသို့ သိမ်းခုတ်လိုက်သည်။

အတွင်းအားအရာတွင် ဝူကျင်ပို့က သာသဖြင့် မိန်ချန်ယူ၏ လက်များထုံကျင်သွားရသည်။

လက်ထုံကျင်သွားသည်ကို မိန်ချန်ယူ ဂရုမထားနိုင်ပေ။

သူမသည် ခါးဆီသို့ရောက်လာသည့်ဝူကျင်ပို့၏ဓားကို ကျွမ်း ပစ်၍ ရှောင်တိမ်းလိုက်ရ၏။

သူမသည် ဝူကျင်ပို့ကို မယှဉ်နိုင်မှန်း ကောင်းစွာ သဘော ပေါက်သွားခဲ့သည်။

သူမသည် ဝူကျင်ပို့၏တိုက်ခိုက်မှုကိုသာ အလူးအလဲခံနေရ တော့သည်။



ထိုသို့တိုက်ခိုက်နေရင်း ဝူကျင်ပို့၏ဓားချက်တစ်ချက်သည် မိန်ချန်ယူ၏လက်မောင်းကို ထိခိုက်သွားတော့၏။

"ရွှမ်း ....."

"အား ....."

မိန်ချန်ယူသည် ကျွမ်းထိုး၍ရှောင်ထွက်လိုက်ရသည်။

ဓားဒဏ်ရာမှာ မသေးလှချေ။

သူမသည် တိုက်ပွဲအခြေအနေကိုကြည့်လိုက်၏။

သူတို့မှာ အခြေအနေမလှတော့ပေ။

သူတို့အဖွဲ့သား တော်တော်များများမှာ သေဆုံးကုန်ကြပြီ ဖြစ်သည်။

ချိန်လီကျန်၏တိုက်ခိုက်မှုဒဏ်ကိုလည်း သူမ၏ဖခင် မိန်ဝူး ချန်မှာ အလူးအလဲခံနေရသည်။

ကျောက်လက်ဝါးစီထန်းနှင့် ပုံလွှားဓား တန်လင်ချူးတို့ကမူ အစွမ်းကုန်ပြန်လည်တိုက်ခိုက်နေကြသေးသည်။

သို့ရာတွင် သူတို့၏ ခန္ဓာကိုယ်များမှာတော့ သွေးချင်းချင်းနီ နေပေသည်။

သို့သော် ....

များမကြာမီမှာပင် ကျောက်လက်ဝါးစီထန်းမှာ ရန်သူ့ဓား ချက်ဖြင့် ဓားလွတ်ထွက်သွား၏။ ရန်သူ၏ဓားသည် သူ့လည်မျိုကို ဖောက်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား ....."

ဖျံလွှားစားတန်လင်ချူးမှာ ကျောက်လက်ဝါးစီထန်း၏ အော်သံကြီးကြောင့် လှည့်ကြည့်လိုက်မိ၏။ ထိုအကြည့်မှာ အသက်၏တန်ဖိုးပင်တည်း။

ထိုတစ်ခဏအတွင်းမှာပင် ....

ရန်သူ၏ဓားချက်သည် သူ့ ခန္ဓာကိုယ်ကိုထိသွားလေ၏။

"အား ....."

ကျောက်လက်ဝါးစီထန်းရော ဖျံလွှားစားတန်လင်ချူးပါ ကျဆုံးသွားရရှာပေပြီ။

"ကဲ ..... သေဖွယ်ကိုသယ်ကြ၊ အားလုံးပြန်ဆုတ်ကြ"

ချိန်လီကျန်၏အော်ဟစ်အမိန့်ပေးသံသည် ကျယ်လောင်စွာ ထွက်ပေါ်လာ၏။ ချိန်လီကျန်သည် မိန်ဂူးချန်အား အသက်ချမ်းသာ ရာပေးသွား၏။

သူသည် မိန်ဂူးချန်အား သတ်လျှင်ရသည်။

သို့သော် .... မသတ်တော့ဘဲ သေဖွယ်ကိုသာယူဆောင်ကာ တောအုပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားတော့သည်။

သံမဏိတံခွန်အဖွဲ့သားများ အတုံးအရုံး လဲကျသေဆုံးနေပေသည်။

မိန်ချန်ယူသည် ဖခင်ရှိရာသို့ ပြေးသွားကာမေးလိုက်၏။

"ဖေဖေ .... ဘယ်လိုနေသေးသလဲဟင်"



"ကောင်းပါတယ်သမီး၊ ချိန်လီကျန်ဟာ ဖေဖေ့ကို အသက်ချမ်းသာရာပေးခဲ့တယ်၊ သူ့ကြောင့် ဖေဖေ ဒဏ်ရာတော်တော်များများရလိုက်ပေမယ့် မသေခဲ့ပါဘူး၊ ဒါနဲ့ သမီးဒဏ်ရာကကော"

မိန်ချန်ယူ၏ ဒဏ်ရာမှာကြီးသည်။

သို့သော် ..... သူမသည် ကျိတ်မှိတ်ခံစားရင်းပြုံးလိုက်သည်။ ဖခင်ကြီး မစိုးရိမ်မပူပန်စေလို၍ ဤသို့ပြုံးလိုက်ခြင်းဖြစ်သည်။

"သမီးဒဏ်ရာက ဒီလောက်မဟုတ်ပါဘူး ဖေဖေ၊ အပေါ်ယံလောက်ရှပ်ထိသွားတာပါ"

သူတို့သားအဖနှစ်ယောက်သည် အတုံးအရုံးလဲကျနေသော သံမဏိတံခွန်အဖွဲ့သားများကိုကြည့်၍ ခေါင်းခါယမ်းလိုက်ကြသည်။

ထိုစဉ် .... သချိုင်းထဲမှ မိန်စုပင်ထွက်လာလေ၏။

မိန်စုပင်သည် သိုင်းပညာလုံးဝမတတ်သဖြင့်တိုက်ပွဲအတွင်း မနေဝံ့ချေ။ သချိုင်းထဲတွင် ဝင်ရောက်ပုန်းအောင်းနေရသည်။

တိုက်ပွဲပြီးဆုံးသွားသောအခါမှ ပုန်းအောင်းသည့်နေရာမှ ထွက်လာခြင်းဖြစ်သည်။

"ဟင် ..... ဖေဖေကော ညီမလေးပါ ဒဏ်ရာတွေနဲ့ပါလား"

သူသည် မျက်လုံးပြူးမျက်ဆန်ပြူးပြောလေ၏။

မိန်ဂူးချန်က .....

"ကိစ္စမရှိပါဘူးကွာ၊ ရန်သူနဲ့ သူသေကိုယ်သေ တိုက်ခိုက်ကြတဲ့အခါမှာ ဒဏ်ရာရချင်ရမှာပေ့ါ၊ ဒါ ထူးဆန်းတဲ့ကိစ္စမဟုတ်ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



မင်းအခြေအနေကောင်းရဲ့ဟုတ်လား"

"ဟုတ် ..... ဟုတ်ကဲ့ ..... ကောင်းပါတယ်ဖေဖေ"

မိန်စုဝင်မှာ သိုင်းပညာမတတ်သည့်အတွက် ပထမဆုံးအကြိမ်အဖြစ် အရှက်ရမိသည်။

ဖခင်ဖြစ်သူနှင့်ညီမဖြစ်သူတို့ ရှုပ်ရှုပ်ချုံချုံ ရန်သူနှင့်တိုက်ခိုက်နေစဉ် မိမိမှာ သချိုင်းထဲ၌ပုန်းအောင်းနေခဲ့ရသည်မဟုတ်ပါလော။

မိန်ဂူးချန်သည် ဟုန်ရှုထိန်လဲကျနေသည့်နေရာသို့လျှောက်သွားပြီး ဟုန်ရှုထိန်ကိုပွေ့ချီလိုက်သည်။

ဟုန်ရှုထိန်မှာမသေသေးပေ။

မိန်ဂူးချန်ပွေ့ချီလိုက်သောအခါ ဟုန်ရှုထိန်သည် မျက်လုံးပွင့်လာလေ၏။

မိန်ဂူးချန်က .....

"ဟုန်ရှုထိန် ..... မင်း ..... မင်း ..... ဘယ့်နှယ်လဲ"

"ကျွန်တော် နေသာပါတယ်ခင်ဗျာ၊ ဒဏ်ရာတော့ ရလိုက်ပါတယ်၊ ဒါပေမယ့် သေတော့မသေနိုင်ပါဘူး"

အဓိပတိစားဟုန်ရှုထိန်သည် ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ဝဲကြည့်လိုက်ပြီး .....

"ဟို ..... ဟို ..... စီထန်းနဲ့တန်လင်ချူးတို့ရော"

အဓိပတိစားဟုန်ရှုထိန်ကမေးလိုက်မှ စီထန်းနှင့်တန်လင်ချူးတို့ကို မိန်ဂူးချန်သတိရမိတော့သည်။



"ကျွန်တော့်ကိုချပြီး စီထန်းနဲ့ တန်လင်ချူးတို့ကို သွားရှာပါဦးဆရာကြီး၊ ကျွန်တော် မသေနိုင်သေးပါဘူး"

မိန်ဂူးချန်သည် ဟုန်ရှုထိန်ကို အသာအယာပြန်ချထားပြီး စီထန်းနှင့်တန်လင်ချူးတို့ကို ရှာဖွေရလေ၏။

"စီထန်း ..... တန်လင်ချူး ....."

မိန်ဂူးချန်သည် စီထန်းနှင့် တန်လင်ချူးတို့ကိုအော်ခေါ်ပြီး ကျဆုံးနေသည့်အလောင်းများထဲတွင် ရှာဖွေနေသည်။

"ဟော ..... တွေ့ပြီ"

စီထန်းကို ပထမဆုံးတွေ့ပြီး တန်လင်ချူးကို ဒုတိယတွေ့ရလေ၏။ စီထန်းကိုပွေ့ချီလိုက်သောအခါ စီထန်းမလှုပ်ရှားတော့ပေ။ စီထန်းသည် သူရဲကောင်းပီသစွာကျဆုံးသွားခဲ့ချေပြီ။

မိန်ဂူးချန်သည် စီထန်းကို ဖြည်းညင်းစွာချပြီး တန်လင်ချူးကိုပွေ့ချီလိုက်၏။

"တန်လင်ချူး ..... တန်လင်ချူး ....."

တန်လင်ချူး၏မျက်လုံးများ ပွင့်လာသည်။

"တန်လင်ချူး ..... မင်းအသက်ရှိသေးတယ်နော်"

မိန်ဂူးချန်၏စကားအဆုံးတွင် တန်လင်ချူးခေါင်းညိတ်လိုက်လေ၏။ မိန်ချန်ယူက .....

"ဖေဖေ ..... ဦးလေးစီထန်းတော့ ကျဆုံးသွားရှာပြီနော်"

မိန်ချန်ယူက ငိုသံပါကြီးနှင့်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်ဝူးချန်ကား စကားမပြောနိုင်။

ခေါင်းသာညိတ်လိုက်ရလေသည်။

သူအားထားရသည့်လက်ရုံးတစ်ယောက် ဆုံးရှုံးသွားရပြီ မဟုတ်ပါလား။

မိန်ချန်ယူသည် ပြောပြီးသည်နှင့်မြေပြင်ပေါ်တွင် အတုံးအရုံး လဲကျနေသော သံမဏိတံခွန်အဖွဲ့သားများအား တစ်ယောက်စီလိုက်လံကြည့်ရှုနေမိ၏။

သူတို့အဖွဲ့သားများ အသက်ရှင်လိုရှင်ငြား လိုက်လံကြည့်ရှုနေခြင်းဖြစ်ပါသည်။

သို့သော် အဖွဲ့သားများမှာ ဟုန်ရှုထိန်နှင့်တန်လင်ချူးတို့ကဲ့သို့မဟုတ်ဘဲ အားလုံးသေကုန်ကြပြီဖြစ်သည်။

မိန်ချန်ယူ စိတ်ဓာတ်ကျသွားလေတော့သည်။

ချိန်လီကျန်တို့ဘက်မှလည်း တော်တော်ကျဆုံးသည်။

ဤတိုက်ပွဲတွင် သံမဏိတံခွန်အဖွဲ့မှ အသက်ရှင်ကျန်ရစ်သူဆို၍ စုစုပေါင်းငါးယောက်သာရှိသည်။

ထိုငါးယောက်တွင်လည်း တစ်ယောက်သာလျှင် အကောင်းပကတိရှိနေ၏။

ကျန်လေးယောက်မှာ ဒဏ်ရာကိုယ်စီနှင့် ....

"မိန်စုပင် ....."

"ခင်ဗျာ ....."



"ဟုန်ရှုထိန်နဲ့တန်လင်ချူးတို့ကို ဒီနားတွဲခေါ်လာခဲ့"

"ဟုတ်ကဲ့ဖေဖေ"

မိန်စုပင်သည် အဓိပတိအားဟုန်ရှုထိန်နှင့် ပျံလွှားဓားတန်လင်ချူးတို့ကို သူ့ အဖေညွှန်ပြသောနေရာသို့တွဲခေါ်၍ ပို့ပေးလိုက်လေသည်။

ထိုအခါကျမှ .... မိန်ဝူးချန်က အိတ်ထဲမှဆေးကိုထုတ်ယူကာ ကုသပေးလိုက်၏။

မိန်ချန်ယူကလည်း ထိုအခါကျမှ ဖခင်အား ဒဏ်ရာကိုဖွင့်ပြ အကူအညီတောင်းခံလိုက်သည်။

မိန်ဝူးချန်သည် အားလုံးကိုစိတ်အေးလက်အေး ဆေးထည့် ပတ်တီးစည်းပေးသည်။

ပြီးစီးသွားသောအခါ .....

"ကဲ .... သားနဲ့သမီးရော ဟုန်ရှုထိန်နဲ့တန်လင်ချူးရော ငါပြောမယ့်စကားကို သေသေချာချာနားထောင်ကြပါ"

မိန်ဝူးချန်ကအထူးပြုပြောဆိုလိုက်သဖြင့် အားလုံးပင် ခေါင်းထောင်သွားကြသည်။

"ခုဆိုရင် .... ငါတို့ရဲ့သံမဏိတံခွန်အဖွဲ့ကြီးဟာ လုံးဝပျက်စီးသွားပြီ၊ အကောင်းဆုံးသိုင်းသမားတွေလဲ သေဆုံးကုန်ပြီ၊ နောက်ပြီး ဒီဂိုဏ်းကရာဇ်လက်ဆောင်ပေးထားတဲ့သိုင်းကျမ်းကြီးလဲ နိုင်ငံပိကျန်ရဲ့လက်ထဲ ပါသွားပြီ၊ ဒီပြဿနာကိုဘယ်လိုဖြေရှင်းကြမလဲ"

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေသူလေးယောက်စလုံး ဖြေရှင်းရန်နည်းလမ်းကိုစဉ်းစားကြသည်။

ဦးခေါင်းပေါက်မတတ်စဉ်းစားကြသော်လည်း စဉ်းစား၍မရနိုင်ဘဲရှိကြလေသည်။

ဤသည်ကို မိန်ဂူးချန် ကောင်းစွာသဘောပေါက်သည်။

တမင်ပင် သူတို့စဉ်းစားရန် အချိန်ပေးခြင်းဖြစ်သည်။

စဉ်းစား၍မရဘဲရှိမည်ကိုလည်း သူသိသည်။

မိန်ဂူးချန်က ......

"ဒီပြဿနာကို ဖြေရှင်းနိုင်မယ့်နည်းလမ်းကတော့ လုံးဝမရှိပါဘူး၊ ဘိန်းသယ်တဲ့အပြစ်ကလွတ်လိုလွတ်ငြားဆိုပြီး နောက်အလုပ်တစ်ခုကိုလက်ခံမိပါတယ်၊ ခုကျမှ နဂိုကထက် အခြေအနေက ပိုဆိုးသွားတယ်၊ ဒီသိုင်းကျမ်းအကြောင်း ဘုရင်မင်းမြတ်သိသွားရင် ငါ့ကိုသတ်ဖို့ အမိန့်ပေးမှာသေချာတယ်"

"ဒါဆို ကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲဖေဖေ"

မိန်စုပင်မှာ မည်သို့မျှမကြံစည်တတ်သဖြင့် ဖခင်ဖြစ်သူအား ပြန်၍မေးမြန်းလိုက်သည်။

မိန်ဂူးချန်သည် ချက်ချင်း အဖြေမပေးချေ။

အတန်ကြာ စဉ်းစားနေသည်။

ပြီးမှ ....

"အခုပြန်သွားရင် ဖေဖေအဖမ်းခံရမယ်၊ အဖမ်းမခံရအောင်



ဘယ်နည်းဘယ်ပုံလုပ်မလဲ ... တစ်ခုပဲရှိတယ်၊ တိမ်းရှောင်ရမယ်လေ၊ ဖေဖေတိမ်းရှောင်ရမယ်"

မိန်ချန်ယူက ......

"ဖေဖေ တိမ်းရှောင်လို့လွတ်နိုင်ပါ့မလားဖေဖေ... သူတို့က ဖေဖေ့ကို မတွေ့တွေ့အောင်ရှာကြမှာပေါ့"

"ဒီအတိုင်းရှောင်သွားရင်တော့ သမီးပြောသလိုပဲ ဖေဖေ့ကို ဖမ်းကြမှာပေါ့၊ အဲ ... ဖေဖေ့ကို တိုက်ပွဲမှာကျဆုံးသွားပြီလို့ သမီးတို့က သတင်းလွှင့် ဘု အားလုံးက ယုံကြည်သွားမှာပဲ၊ ချိန်သီကျန်ကလဲ ဖေဖေဒဏ်ရာရနေတယ်ဆိုတာကို သိတယ်လေ၊ အဲဒီလိုဆိုရင်တော့ ဖေဖေ့အတ်မြှုပ်ပြီးပုန်းခိုလို့ရပြီပေါ့၊ သူတို့ မယုံစရာလဲရှိပါဘူး၊ သံမဏိတံခွန်တစ်ဖွဲ့လုံးလိုလို သေဆုံးကုန်တဲ့ဥစ္စာပဲ၊ ဖေဖေပြောတာကို သားတို့သမီးတို့ သဘောပေါက်ကြရဲ့လား"

"ဟုတ်ကဲ့ .... သဘောပေါက်ပါပြီဖေဖေ၊ ကျွန်တော်တို့ အလောင်းတွေကိုမြေမြှုပ်ပြီး .... ဖူချောင်မြို့ကိုပြန်ရောက်သွားရင် ဘယ်သူကပဲမေးမေး ဖေဖေသေဆုံးသွားပြီလို့ ကျွန်တော်တို့ပြောပါ့မယ်"

"အေး .... ဒါဆိုဖေဖေသွားမယ်"

မိန်ဂူးချန်သည် မျက်ရည်လည်နေသောမျက်လုံးများဖြင့် သားနှင့်သမီးကိုကြည့်လေ၏။ မိန်စုပင်နှင့်မိန်ချန်ယူတို့မှာ မျက်ရည်ဖြိုင်ဖြိုင်ကျလာပြီး ....

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဖခင်၏ခြေသလုံးကို ပြေးဖက်ကြလေ၏။

"သားတို့ သမီးတို့ရယ်"

မိန်ဂူးချန်ကိုယ်တိုင်လည်း မျက်ရည်ဖြိုင်ဖြိုင်စီးကျလာလေ တော့သည်။

သိုင်းသမားအရင့်အမာကြီးပင် ဖြစ်သော်ငြားလည်း နှလုံး သားပူလောင်သည့်ဒဏ်ကို ခံနိုင်စွမ်းမရှိရာတကား။

မိန်ဂူးချန်သည် သူချစ်ရသည့်သားနှင့်သမီးတို့အား ခွဲခွာ တော့မည်ဖြစ်သောကြောင့် နှစ်ယောက်စလုံးကိုဖက်ထားရှာလေ၏။

မိန်ချန်ယူမှာလည်း ဖခင်နှင့် အချိန်ကြာမြင့်စွာခွဲခွာရတော မည်ကိုသဘောပေါက်လာသဖြင့် ရှိုက်ကြီးတငင်ငိုကြွေးလေတော သည်။

အဓိပတိဓားဟုန်ရှုထိန်နှင့် ပျံလွှားဓားတန်လင်ချူးတို့မှ လည်း စိတ်ထိခိုက်လှသဖြင့် မျက်နှာလွှဲနေကြရလေသည်။

မိန်ချန်ယူသည် သားဖြစ်သူနှင့် သမီးဖြစ်သူတို့၏မျက်ရ များကိုသုတ်ပေးရင်း ......

"ကဲ ...... ကဲ ...... တိတ်ကြ၊ ဖေဖေသွားရတာ မဖြေ အောင်မငိုကြနဲ့၊ ဖေဖေလဲရောင်တိမ်းရင်းက ဘုရင်မင်းမြတ်ကိုအပြ မှန်လျှောက်တင်နိုင်အောင် နည်းလမ်းရှာကြည့်ဦးမယ်၊ ဖေဖေစိ မကောင်းအောင်မငိုကြနဲ့နော်၊ တိတ်ပါ တိတ်ပါ"

မိန်ဂူးချန် ဤသို့ပြောလိုက်မှအငိုရပ်သွားကြ၏။



မိန်ချန်ယူက .....

"ဖေဖေက ဘယ်လောက်အထိဇာတ်မြှုပ်နေမှာလဲဟင်"

"ဒါတော့ဖေဖေလဲမသိဘူးကွယ်၊ ဘုရင်မင်းမြတ်ကိုလျှောက် ထားဖို့နည်းလမ်းရှာမတွေ့မချင်း ဇာတ်မြှုပ်နေရဦးမှာပဲ၊ သိုင်းကျမ်း ပြန်ရအောင်လဲကြိုးစားရမယ်၊ သိုင်းကျမ်းပြန်ရရင်တော့ သားတို့ သမီး တို့ဆီ ဖေဖေအမြန်ဆုံးပြန်လာခဲ့မယ်၊ ကဲ ..... ဖေဖေသွားတော့မယ်"

မိန်ဂူးချန်သည် သူ့လက်ရုံးများအားလည်း နှုတ်ဆက်လိုက် သည်။

"ကဲ ..... ဟုန်ရှုထိန်နဲ့ တန်လင်ချူး မင်းတို့လဲ နှုတ်လုံကြပါ ၊ ငါသွားတော့မယ်"

ဟုန်ရှုထိန်နှင့်တန်လင်ချူးတို့မှာ ဓားဒဏ်ရာပြင်းထန်စွာရ သဖြင့် စကားပင်မာမာမပြောနိုင်ကြပါ။

သို့သော် ဟုန်ရှုထိန်က ကြိုးစားပြီးပြောပါသည်။

"ဆရာကြီးစိတ်ချသွားပါ၊ ကျွန်တော်တို့လဲ သိုင်းကျမ်းပြန်ရဖို့ ကြိုးစားပါ့မယ်၊ ဆရာကြီးလဲ သိုင်းကျမ်းပြန်ရပါစေလို့ ကျွန်တော်တို့ ဆုတောင်းလိုက်ပါတယ်"

"ကဲ ..... ကဲ ..... အားလုံးပဲသွားပြီ"

မိန်ဂူးချန်သည် စကားဆုံးသည်နှင့်တစ်ပြိုင်နက် ထိုနေရာမှ ထွက်ခွာသွားတော့၏။ သူထွက်သွားရာလမ်းမှာ ချိန်လီကျန်းတို့ ထွက် သွားသောလမ်းမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရပ်နှင့်ဆန့်ကျင်ဘက်အရပ်သို့ ထွက်ခွာသွားခြင်းသာ ဖြစ်ပေသည်။ မိန်စုပင်၊ မိန်ချန်ယူ၊ ဟုန်ရှုထိန်နှင့်တန်လင်ချူးတို့မှာ သူတို့မျက်စိထဲမှမပျောက်ကွယ်မချင်း တမော့တမောလိုက်လံကြည့် ရှုနေ၏။

မျက်စိထဲမှပျောက်ကွယ်သွားသောအခါ အားလုံးပင် ရင်ထဲ၌ ဟာသွားကြသည်။

မိန်စုပင်နှင့် မိန်ချန်ယူတို့ကား မျက်ရည်များစီးကျလာ၏။ သူတို့၏ဖခင်ကား သူတို့ကိုနှုတ်ဆက်ထွက်ခွာသွားလေပြီ။

ပြန်လည်တွေ့ဆုံနိုင်မည့်အချိန်ကာလကို မည်သို့မျှ ခန့်မှန်း၍မရချေတကား။



## သိုင်းကျမ်းလုခြင်းအတော်ရားခဲ

မိန်စုပင်သည် တစ်ယောက်တည်းထိုင်ပြီး တွေးတောနေလေ သည်။

"အစ်ကို .... ဘာကိုတွေးနေတာလဲဟင်"

"သြော် .... အစ်ကိုက စဉ်းစားနေတာပါ၊ လှို့လှို့ဝှက်ဝှက် ရပ်ရတဲ့အလုပ်ကို ချိန်လီကျန်တို့အုပ်စုက ဘယ်လိုများသတင်းရသွား လဲဆိုတာ အစ်ကိုစဉ်းစားလို့မရဘူး"

မိန်စုပင်က တွေးတောစဉ်းစားပြီးပြောလေ၏။

"ဦးလေးဟုန်ရှုထိန်တို့ ဦးလေးတန်လင်ချူးတို့ ဦးလေးစိ န်းတို့တောင် သယ်လာတဲ့နေ့ကျမှ သိုင်းကျမ်းသယ်လာတယ်ဆို အသိပေးတာ၊ အလျင်ကကြိုတင်အသိပေးထားတာ မဟုတ်ဘူး ဖြစ်လို့ သူတို့ကြိုသိသွားကြတာလဲ မသိဘူးနော်"

မိန်ချန်ယူက စဉ်းစဉ်းစားစားဖြင့်ပြောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲ ..... တစ်ခုတော့ရှိတယ်ညီမလေးရဲ့"

"ဘာတစ်ခုလဲ"

"ဟိုလေ ညီမလေးတို့အဖွဲ့သားထဲကများ ....."

"ညီမလေးတို့အဖွဲ့သားထဲက ဒီကိစ္စကို ဘယ်သူမှမသိဘူး ဦးလေးဟုန်ရှုထိန့်တို့တောင် ရှောင်လင်ကျောင်းကသိုင်းကျမ်းကို သွားယူပြီးမှ ဒီသိုင်းကျမ်းသယ်တဲ့ကိစ္စကိုသိတာ၊ သိသလား မသိသလား ဆိုတာ ခုတိုက်ပွဲကသက်သေပြနေတာပဲ၊ အကုန်လုံး ကျဆုံးကုန်တာ သူတို့မသိဘူးဆိုတာ သက်သေပြနေတာပေါ့၊ သူတို့သာ သစ္စာဖောက်ရင် ဒီလိုအသေခံတိုက်ပွဲမလား"

"အင်း .... ဒါလဲဟုတ်တာပဲ"

"အစ်ကိုက တခြားသူကိုပြောနေတယ်၊ အစ်ကိုကော ဖြို့ သွားရင်းလာရင်းနဲ့ တခြားတစ်ယောက်ကိုများ ပြောမိသေးသလား"

"ဟာ .... မဟုတ်တာ၊ ငါကလေးမှမဟုတ်တာ၊ ဒီလောက် တော့ ငါသိပါတယ်ဟ၊ ဒီလောက်အရေးကြီးပြီး လျှို့လျှို့ဝှက်ဝှက်လုပ် ရမယ့်ကိစ္စကို ငါကလျှောက်ပြောပါ့မလားဟ"

မိန်စုပင်ကပြောလိုက်သည်။

မိန်ချန်ယူက .....

"ပါးစပ်ဖွာပြီး လူတကာကို လျှောက်ပြောမနေဘူးဆိုတာ ညီမလေးလဲ သိတာပေါ့၊ ဒါပေမယ့် လူဆိုတာ အမှတ်တမဲ့ဖြစ်တာ တဲ့သဘောရှိတယ်မဟုတ်လား၊ ဒါကြောင့်မို့ တစ်စုံတစ်ဦးကိုများပြော



ခဲ့မိသေးသလားလို့ ညီမလေးကမေးတာပါ"

"ဘယ်သူ့ကိုမှမပြောခဲ့မိပါဘူးဟာ .... အဲဒီရက်ပိုင်းတုန်းက ဘယ်သူ့ကိုမှလဲ မတွေ့ခဲ့ပါဘူးဟာ"

ထိုသို့ပြောပြီးမှ မိန်စုပင်သည် တစ်စုံတစ်ခုကိုဖျတ်ခနဲသတိ ရလိုက်သည်။ ခရီးမထွက်ခင်တစ်ရက်က နိုဖြူလေးနှင့်ဆုံခဲ့ကြသေး သည်မဟုတ်ပါလား။

ထိုစဉ်က ခရီးထွက်မည့်အကြောင်းကို နိုဖြူလေးအား ပြည့် ပြည့်စုံစုံပင် ပြောပြခဲ့သေးသည်။ အောက်လမ်းသိုင်းလောကနှင့် နိုဖြူ လေး အဆက်အသွယ်ရှိမည်ဟုမထင်ချေ။

သို့သော် ..... ညီမဖြစ်သူအား ထိန်ချန်မထားလိုသဖြင့် ထို အကြောင်းအား ညီမဖြစ်သူအားပြန်ပြောပြလိုက်၏။

"ရုပ်လှတာမလှတာကို အသာထား၊ အစ်ကို့မိတ်ဆွေမိန်း ကလေးရဲ့နာမည်ကဘယ်သူတဲ့လဲ .... နောက်ပြီး ဘယ်မှာနေသလဲ၊ အစ်ကိုနဲ့မိတ်ဆွေဖြစ်တာကော ကြာပြီလား"

ညီမဖြစ်သူက မေးခွန်းများကိုတရစပ်မေးလေတော့၏။

ထို့ကြောင့် မိန်စုပင် ခေါင်းကုတ်လေ၏။

"နင့်မေးခွန်းတွေကများနေလို့ ငါဘယ်ကစဖြေရမှန်းတောင် မသိတော့ဘူး"

"ဒါဖြင့်ရင် တစ်ခုချင်းမေးမယ်၊ သူ့နာမည်ကဘယ်သူလဲ"

"ဒါတော့ ငါလဲမသိဘူးဟာ"

www.burmeseclassic.com

www.burmeseclassic.com



"အံ့ဩစရာကောင်းလိုက်တာ ... မိတ်ဆွေဆိုပြီး နာမည်လဲ မသိဘူးတဲ့"

"ဩော် ... သူ့နာမည်ဝှက်တော့ ငါသိပါတယ်"

"ဘယ်သူတဲ့လဲ"

"နီဖြူလေးတဲ့၊ သူ့နာမည်ရင်းကိုတော့ မသိချင်ပါနဲ့ဦးတဲ့၊ လောလောဆယ်တော့ နီဖြူလေးလို့ပဲမှတ်ထားပါဦးတဲ့"

မိန်ချုန်ယူ တွေတွေကလေးဖြစ်သွားသည်။

သူမ စဉ်းစားနေသည်။

"ငါပြောတဲ့နီဖြူလေးကို နင်သိသလား"

"အဲဒီမိန်းကလေးက အဖြူရောင်ဝတ်စုံကို အမြဲတမ်းဝတ်တတ်တယ်မဟုတ်လား"

"ဟုတ်တယ်၊ အဖြူရောင်ဝတ်စုံဝတ်တယ်၊ ငါ နှစ်ခါတွေ့ဖူးတယ်၊ နှစ်ခါစလုံး အဖြူရောင်ဝတ်စုံနဲ့ပဲ"

"နောက်ပြီး သိုင်းပညာလဲတော်တယ် မဟုတ်လား"

"အေး ... တော်တယ်၊ ငါ့ဆီကငွေလုဖို့ဝိုင်းလာတဲ့ လူမိုက်တွေကိုဆော်ထည့်လိုက်တာများ နင်မြင်စေချင်တယ်၊ ဒါနဲ့ နေစမ်းပါဦး၊ နင်က သူ့အကြောင်းတွေ အကုန်သိနေပါလား၊ ဘာလဲ နင်နဲ့ သူနဲ့က သူငယ်ချင်းတွေလား"

မိန်ချုန်ယူသည် ရီးအလှသော သူ့အစ်ကိုကို သက်ပြင်းချ၍ ကြည့်လိုက်လေသည်။



"မဟုတ်ဘူး အစ်ကို၊ ညီမလေးနဲ့သူနဲ့က သူငယ်ချင်းတွေ မဟုတ်ကြပါဘူး၊ ဒါပေမယ့် သူ့ကိုတော့ ညီမလေး ကောင်းကောင်း သိနေပါတယ်၊ ဒါနဲ့ သူနဲ့အစ်ကိုက ဘယ်လိုမိတ်ဆွေဖြစ်သွားတာလဲ"

"ဩော် ... ငါ့ဆီက လူမိုက်သုံးယောက်ကငွေလုတော့ သူက ကူညီခဲ့တာပေါ့၊ အဲဒီမှာတင် မိတ်ဆွေဖြစ်သွားတာ၊ သူက ခင်မင်စရာကောင်းတယ်၊ နင်မြင်ဖူးတယ်မဟုတ်လား"

"အစ်ကိုက ရုပ်ရည်လှတာကိုကြည့်ပြီးအထင်ကြီးနေတာကိုး၊ အဲဒီမိန်းကလေး ဘယ်သူဘယ်ဝါမှန်းသိရင် အစ်ကိုအံ့ဩလွန်းလို့ ပါးစပ်ဟောင်းလောင်းဖြစ်သွားမယ်၊ အခုတော့ ချိန်လီကျုန် သိသွားတာ ဘာမှမဆန်းတော့ဘူးပေါ့"

"ဟင် ..... ပြောစမ်း၊ ပြောစမ်း၊ နီဖြူလေးဟာ ဘယ်သူလဲ"

"အဲဒီ နီဖြူလေးဆိုတာ တခြားလူမဟုတ်ဘူး၊ အောက်လမ်းသိုင်းလောကသားတွေရဲ့ ခေါင်းဆောင် လိပ်ပြာနှုတ်သိုင်းသမားကြီး ချိန်လီကျုန်ရဲ့ တစ်ဦးတည်းသောသမီး ချိန်ယင်ခုန်ဆိုတာပေါ့"

"ဟင် ....."

မိန်စုပင်မှာ တစ်ကိုယ်လုံးအေးစက်သွားတော့သည်။

သူ့နားကိုလည်း မယုံနိုင်အောင်ဖြစ်သွား၏။

နီဖြူလေးသည် အောက်လမ်းသိုင်းသမားကြီး ချိန်လီကျုန်ရဲ့ သမီးဖြစ်နေသည်ဆိုပါကလား။

"နီဖြူလေးဟာ လိပ်ပြာနှုတ်သိုင်းသမားချိန်လီကျုန်ရဲ့ သမီး

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား၊ မိန်ချန်ယူ"

"ဟုတ်တယ်အစ်ကို … သူ့နှာမည်ကချိန်ယင်ခုန်တဲ့၊ ရုပ်ရည်ချောမောတယ်၊ သိုင်းပညာလဲ အဆင့်မြင့်တယ်၊ သိုင်းလောကသားတွေကတော့ သူ့ကိုသိကြပါတယ်၊ အစ်ကိုသာ သိုင်းလောကသားမဟုတ်တော့ သူ့ကိုမသိတာပေ့ါ"

"ဒါဆို ငါဟာ ချိန်လီကျန်ရဲ့သမီးကိုမှ အကြောင်းစုံပြောမိလျက်သား ဖြစ်သွားတာပေ့ါ"

"ဟုတ်တယ် … အခုတော့ အဖြေပေါ်သွားပြီလေ၊ အစ်ကိုကလျှို့ဝှက်ထားရမယ့်ကိစ္စကို တကယ့်အဓိပတိရဲ့သမီးကိုမှသွားဖွင့်ပြောလိုက်တာကိုး၊ အိမ်ပြန်ရောက်တာနဲ့ သူ့အဖေကိုအကြောင်းစုံဖွင့်ပြောပြတော့မှာပေ့ါ"

"တောက် ….."

မိန်စုပင်က တက်ခေါက်လိုက်၏။

သူသည် မြွေပွေးခါးပိုက်ပိုက်မိသည်ဟူသော စကားပုံကဲ့သို့ နိုဖြူလေးတည်းဟူသော မြွေပွေးအား အကြောင်းစုံပြောပြမိခဲ့သည်။

မိန်စုပင်၏ဒေါသသည် သူ့ရင်ခွင်ကို တဟုန်းဟုန်းတောက်လောင်လျက်ရှိသည်။

ရန်သူကို ရန်သူမှန်းမသိအောင် ညှို့ဖျင်းလှသော မိမိကိုယ်ကိုယ်သာ အပြစ်တင်မိတော့သည်။

"ငါ့ကြောင့် ငါ့ကြောင့်၊ ငါမဆင်မခြင်ပြောမိလို့ ငါတို့အခုလို ဒုက္ခရောက်ရတာ"



မိန်စုပင်သည် ယူကျုံးမရစွာ ညည်းတွားလျက်ရှိသည်။

မိန်ချန်ယူမှာ ပထမတော့ အစ်ကိုဖြစ်သူအား အပြစ်တင်ချင်နေသည်။

သို့သော် ယခုကဲ့သို့ သူ ယူကျုံးမရညည်းတွားနေသည်ကို မြင်သောအခါ အပြစ်မတင်ရက်ပြန်ပေ။

"ဖြစ်ပြီးမှတော့ ဘယ်တတ်နိုင်မလဲအစ်ကိုရယ်၊ အစ်ကိုကလဲ ဒီလိုဖြစ်လာမှာမထင်လို့ ပြောခဲ့တာမဟုတ်လား"

"တောက် ….."

မိန်စုပင်မှာ တက်တစ်ခေါက်ခေါက်ဖြစ်နေသည်။

သူသည် နိုဖြူလေးကို စိတ်ထားဖြူစင်သည့်သူတော်စင်မလေးပမာ အထင်ကြီးခဲ့သည်။

ထို့ကြောင့် ဖွင့်ပြောမိခဲ့ခြင်းဖြစ်သည်။

တကယ်တော့ မိန်စုပင် လူရည်မလည်ခြင်းသာဖြစ်သည်။

ဤမျှအရေးကြီးသောလျှို့ဝှက်စကားကို မည်သူ့ကိုမှမပြောအပ်ပေ။

"ငါ့ကြောင့် …. ငါ့ကြောင့်၊ ငါဟာ မပြောအပ်တဲ့စကားကိုသွားပြောမိတယ်၊ ငါ့ကြောင့် သံမဏိတံခွန်အဖွဲ့ တစ်ခုလုံး သေဆုံးသွားခဲ့ရပြီ၊ ငါတို့မောင်နှမနှစ်ယောက် အဖေနဲ့ကွဲရတာလဲ ငါ့ကြောင့်ပဲ၊ ငါဟာ အရုပ်ကလေးလိုလှတဲ့ချိန်ယင်ခုန်ကို ရိုးသားတယ်ထင်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းစုံဖွင့်ပြောမိတယ်၊ သူဟာ ခိုဖြူမလေးယောင်ဆောင်ထား တဲ့ဘီလူးမပဲ"

မိန်စုပင်သည် တဖြည်းဖြည်း ချိန်ယင်ခုန်အပေါ်သို့ ဒေါသ ကျရောက်သွားလေတော့၏။

မိန်ချန်ယူက ဘာမျှမပြောဘဲနားထောင်နေသည်။

မိန်စုပင်မှာ ချိန်ယင်ခုန်အပေါ် နာကြည်း၍မဆုံးတော့ပေ။

ချိန်ယင်ခုန်အား တစ်နေ့တွင်တွေ့အောင်ရှာမည်ဟု ဆုံးဖြတ် လိုက်လေတော့၏။

ထိုနေ့ကုန်လွန်သွားသောအခါ မိန်စုပင်သည် နံနက်စောစော ဖူချောင်မြို့ထဲသို့ ထွက်လာလေ၏။

သူသည် ဖူချောင်မြို့လုံးကျွတ်အနှံ့ လျှောက်ပတ်နေသည်။

ခိုဖြူမလေးခေါ် ချိန်ယင်ခုန်အား လိုက်လံရှာဖွေနေခြင်းဖြစ် သည်။ အချိန်ကုန်ခြင်းသာ အဖတ်တင်သည်။

ချိန်ယင်ခုန်အား ရှာမတွေ့ပေ။

သို့သော် မိန်စုပင်သည် လွယ်လွယ်နှင့်လက်လျှော့တတ်သူ မဟုတ်ပေ။

သူသည် မြို့စွန်ဘက်သို့ လျှောက်လေတော့၏။

ဖူချောင်မြို့စွန်တွင် ကြီးမားသော တောအုပ်တစ်အုပ်ရှိ၏။ ထိုတောအုပ်ထဲတွင် ဘုရားကျောင်းပျက်တစ်ခုလည်းရှိသည်။

သူသည် ထိုတောအုပ်အတွင်းသို့ ဝင်လာလေ၏။



ချိန်ယင်ခုန်အား မတွေ့လျှင်လည်း ထိုဘုရားကျောင်းပျက်၌ နားမည်ဟု မိန်စုပင်စိတ်ကူးသည်။

ထိုစဉ် တောအုပ်ထဲမှ အဖြူရောင်လူရိပ်တစ်ရိပ်ထွက်လာ သည်။ မိန်စုပင် အားတက်သွား၏။

ထိုအဖြူရောင်လူရိပ်သည် ချိန်ယင်ခုန်ဖြစ်နိုင်သည် မဟုတ် ပါလော။

မိန်စုပင် ကံကောင်းပါသည်။

ထိုအဖြူရောင်လူရိပ်သည် ချိန်ယင်ခုန်ဖြစ်နေလေ၏။

"ချိန်ယင်ခုန် ......"

သူ့အနီးပတ်ဝန်းကျင်တွင် လူသူမရှိဟုထင်ထားရာမှ လူသူ ရှိနေသည်ကိုသိလိုက်ရသောအခါ ဆတ်ခနဲတွန့်သွား၏။

ပြီးမှ ကပျာကယာလှည့်ကြည့်လိုက်သည်။

"မိန်စုပင် ....."

သူမသည် မိန်စုပင်ရှိရာသို့လျှောက်လာသည်။

"ကျွန်မက ဒီပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိဘူးလို့ အောက် မေ့နေတာ၊ ရှင် ရောက်နေတာကြာပြီလား"

"ငါ ဒီတောထဲကိုရောက်နေတာတော့ မကြာသေးပါဘူး၊ ဒါ ပေမယ့် မင်းကိုလိုက်ရှာနေတာတော့ကြာပါပြီ၊ မနက်ကတည်းက မ င်းကိုလိုက်ရှာနေတာ ဆိုပါတော့"

ချိန်ယင်ခုန် မျက်မှောင်ကုပ်သွားသည်။

www.burmeseclassic.com



"မနက်ကတည်းကလိုက်ရှာနေတယ် ဟုတ်လား၊ ဘာတွေများ အရေးတကြီးပြောစရာရှိလို့လဲ"

"အရေးကြီးတာတော့မပြောနဲ့၊ သိပ်ကိုအရေးကြီးတဲ့ စကားတွေ ပြောစရာရှိတယ်၊ မင်း အားတယ်မဟုတ်လား"

"အားပါတယ်"

သူတို့သည် လမ်းလျှောက်လာကြ၏။

ဘုရားကျောင်းပျက်ကြီးဆီသို့ရောက်သောအခါ မိန့်စုပင် ခြေလှမ်းရပ်လိုက်၏။

"ဒီမှာချိန်ယင်ခုန်၊ မင်းနဲ့ငါ စာရင်းရှင်းစရာရှိတယ်"

ချိန်ယင်ခုန်က ရယ်လိုက်၏။

"ခစ် .... ခစ် .... ခစ် .... ရှင်နဲ့ကျွန်မကြားမှာ ဘာစာရင်းရှင်းစရာများရှိလို့လဲရှင်"

ချိန်ယင်ခုန်က ပြန်မေးလိုက်၏။

သူညီမဆီမှသာ အကျိုးအကြောင်းအစုံအလင် သိမထားခဲ့လျှင် ချိန်ယင်ခုန်ကို မည်သို့မျှသံသယရှိမည်မဟုတ်ချေ။

ယခုတော့ အဖြစ်မှန်ကိုသိထားခဲ့ပြီးဖြစ်၍ ချိန်ယင်ခုန်၏ မျက်နှာထားကို မိန့်စုပင် လွန်စွာမုန်းတီးမိလေ၏။

"အိပ်ချင်ယောင်ဆောင်တဲ့လူကို နိုးရခက်တယ်ဆိုတဲ့စကားဟာ သိပ်မှန်တယ်၊ မင်းမသိချင်ယောင်ဆောင်နေတော့ ငါကပဲပြောပြရတော့မှာပေါ့"



ချိန်ယင်ခုန်သည် မျက်လုံးကလေးပြူးသွား၏။

"ကျွန်မက ဘာဖြစ်လို့ မသိချင်ယောင်ဆောင်နေရမှာလဲ"

"မင်းနာမည် ချိန်ယင်ခုန်မဟုတ်လား"

"ဟုတ်ပါတယ် ချိန်ယင်ခုန်ပါ"

"အမယ် ..... ဒီလိုဆိုတော့လဲ မင်းက အမှန်ကိုဝန်ခံရဲတာပဲ၊ ထပ်ပြီးမေးပါရစေဦး .... မင်းအဖေဟာ လိပ်ပြာနှုတ်သိုင်းသမား နိလီကျုန်ဆိုတာ ဟုတ်သလား"

ချိန်ယင်ခုန်မှာ ငေးနေသည်။

"ကဲ ဘယ့်နှယ်လဲ ..... ချိန်ယင်ခုန်၊ မင်း အခု မဖြေနိုင်တော့ဘူးမဟုတ်လား"

ချိန်ယင်ခုန်သည် ဖျတ်ခနဲမော့ကြည့်ပြီး .....

"ဟုတ်တယ် .... ကျွန်မအဖေဟာ လိပ်ပြာနှုတ်သိုင်းသမား နိလီကျုန်ပဲ"

"မင်းက ဘာဖြစ်လို့ ဒီအကြောင်းတွေကိုပြောမပြဘဲ ထိန်ချန်ထားရတာလဲ"

ချိန်ယင်ခုန်သည် ခေါင်းငုံ့နေ၏။

အတန်ကြာမှ .....

"ကျွန်မ ဘာမှမထိန်ချန်ပါဘူး၊ သိုင်းလောကကလိပ်ပြာနှုတ်သိုင်းသမားချိန်လီကျုန်ကိုသိသလို သူ့သမီးချိန်ယင်ခုန်ကိုလဲ အားလုံးသိကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



မိန်စုပင်မှာ ဘာစကားပြောရမည်မှန်းမသိတော့ချေ။

အတန်ကြာမှ ....

"ဒါပေမယ့် ငါကတော့ သိုင်းလောကသားမဟုတ်ဘူးကွ မင်းတို့သားအဖ သိုင်းလောကမှာ ကျော်ကြားနေတာကို ငါမသိဘူး"

ချိန်ယင်ခုန်မှာ တွေတွေငေးငေးလေးရပ်နေသည်။

"ကျွန်မ မသိပါဘူးရှင်၊ ရှင်ဟာ သံမဏိတံခွန်အဖွဲ့ ပိုင်ရှင်ရဲ့ သားဖြစ်နေတော့ ကျွန်မအဖေကိုသိလိမ့်မယ်လို့ ထင်မှတ်ခဲ့ပါတယ်"

"ငါမသိဘူး .... ငှါအခက်အခဲကို မင်းကဝင်ကူညီပေးတော့ မင်းကိုငါကျေးဇူးတင်ခဲ့တယ်၊ ကျေးဇူးရှင်လို့လဲ သတ်မှတ်ခဲ့တယ်၊ ငါ့ ရင်ထဲကလဲ မင်းကိုခင်မင်နေခဲ့တယ်"

မိန်စုပင်သည် ချိန်ယင်ခုန်ကို တစ်ချက်ကြည့်လိုက်ပြီး ....

"ဒါနဲ့ ငါတို့ရဲ့ လျှို့ဝှက်ကိစ္စတွေ မင်းကိုပြောပြခဲ့တဲ့အဖြစ်ကို ရောက်ခဲ့တယ် .... မင်းက မင်းအဖေကို ဝမ်းသာအားရပြောပြလိုက် တော့ .... မင်းအဖေက ငါတို့ကို အင်နဲ့အားနဲ့တိုက်ခိုက်ပြီး ပိုဆောင်း မယ့်သိုင်းကျမ်းကိုလာလုသွားပြီလေ"

ချိန်ယင်ခုန်သည် တုန်ယင်လှိုက်လှဲစွာပြောနေသည့်မိန်စုပင် ၏စကားသံဆုံးသောအခါ ....

မိန်စုပင်အား အံ့သြစွာကြည့်မိသည်။

ပြီးမှ ခေါင်းကိုခပ်သွက်သွက်ခါယမ်းပြီး .....

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒီအကြောင်းကို ကျွန်မ ဘယ်သူ့



ကိုမှ ပြန်မပြောခဲ့ပါဘူး"

"ဘာ ..... ဘယ်သူ့မှပြန်မပြောဘူး ဟုတ်လား၊ ရယ်စရာ ကောင်းလိုက်တာ"

"မင်းဘာပဲပြောပြော .... မင်းကိုအယုံအကြည်မရှိတော့ဘူး မင်းဟာ အောက်လမ်းသိုင်းသမားရဲ့သမီးဖြစ်တဲ့အတွက် မင်းစိတ် ထားဟာဖြူစင်လိမ့်မယ်မဟုတ်ဘူးဆိုတာ ငါသိတယ် .... မင်းသာ စိတ်ထားဖြောင့်မှန်ရင် ငါနဲ့စတွေ့ကတည်းက မင်း ဘယ်သူဘယ်ဝါ ဆိုတာ ရိုးရိုးသားသားပြောမှာပေါ့၊ နာမည်ရင်းကို ဖွင့်မပြောခဲ့တာ ကပဲ မင်းရဲ့မရိုးသားမှုကို ဖော်ပြနေတယ်၊ မင်းအဖေကို ပြန်မပြော ခဲ့ဘူးဆိုတာ ငါကတော့လုံးဝမယုံပါဘူး"

ချိန်ယင်ခုန်မှာ မိန်စုပင်က တစ်ဇွတ်ထိုးချည်းပြောနေသဖြင့် စိတ်ထဲတွင် မခံချိမခံသာဖြစ်လာသည်။

"ကျွန်မ ရှင်းပြတာကိုလဲ ခဏလောက်သည်းညည်းခံပြီး နား ထောင်ပါဦးရှင်"

"ပြော .... ပြော .... မင်းပြောတဲ့ဆင်ခြေဆင်လက်တွေကို ငါနားထောင်ရဦးမယ်"

ချိန်ယင်ခုန်က ....

"ကျွန်မအဖေ အောက်လမ်းသိုင်းသမားတစ်ယောက်ဖြစ် နေတာကို ကျွန်မ မငြင်းလိုဘူး၊ ဒါပေမယ့် ကျွန်မကတော့ အောက် လမ်းသိုင်းသမားတွေလုပ်ရှားတဲ့အထဲမှာ လုံးဝမပါဝင်ခဲ့ဘူး ... ဒါကို

www.burmeseclassic.com

www.burmeseclassic.com



သိုင်းလောကက သိပါတယ်၊ ကျွန်မဟာ ဒုစရိုက်အမှုတွေကိုလဲ ရွံမုန်းပါတယ်"

"ဒါကတော့ မင်းဝါးစပ်ထဲရှိတာကိုပြောချင်သလို ပြောလို့ရနိုင်တာပဲ"

ချိန်ယင်ခုန် မျက်နှာပျက်သွားလေ၏။

"ကျွန်မပြောချင်ရာ ပြောနေတာမဟုတ်ဘူး၊ ကျွန်မဒုစရိုက်မှုတွေထဲမှာမပါတာကို ပြောနေတာ"

"ဒါဖြင့် ငါ့ကိုတွေ့စက နာမည်ရင်းကိုမပြောဘဲ ခိုဖြူမလေးလို့ ပြောခဲ့တာလဲ"

"ကျွန်မအမှန်အတိုင်းပဲပြောပါ့မယ် .... အောက်လမ်းသိုင်းသမားရဲ့သမီးတစ်ယောက်မှန်းသိသွားရင် အထင်သေးသွားမှာစိုးလို့ နာမည်ရင်းကို မပြောတာပါ"

သို့သော် .... မိန်စုပင်က ချိန်ယင်ခုန်၏စကားကို မည်သို့မျှ လက်မခံချေ။

"ခုဆိုရင် ငါတို့သံမဏိတံခွန်အဖွဲ့ကြီးဟာ မင်းအဖေတိုက်ခိုက်လို့ လုံးဝပျက်စီးသွားပြီ၊ ငါ့အဖေလဲသေဆုံးသွားပြီ၊ ငါသိုင်းပညာမတတ်တဲ့အတွက် မင်းကံကောင်းတယ်မှတ်၊ ငါသာ သိုင်းပညာတတ်ရင် မင်းကို ခုချက်ချင်းစိန်ခေါ်ပြီး သူသေကိုယ်သေ တိုက်ခိုက်ပစ်တယ်"

ချိန်ယင်ခုန်သည် သူရှင်းပြသမျှကို လုံးဝလက်မခံဘဲ ငြင်း



ဆန်ပယ်ချနေသည့်မိန်စုပင်ကိုကြည့်ပြီး အလွန်ပင် စိတ်ဓာတ်ကျသွားလေတော့၏။

ရင်ထဲ၌လည်း စိတ်မကောင်းဖြစ်မိသည်။

မိန်စုပင်၏ဖခင်နှင့်သံမဏိတံခွန်အဖွဲ့ကြီး ပျက်စီးဆုံးရှုံးရပြီဟုသိလိုက်ရသည်မဟုတ်ပါလား။

"ကျွန်မပြောတာကိုယုံပါရှင် .... ကျွန်မအဖေကို ရှင်ပြောတဲ့စကား တစ်ခွန်းမှပြန်မပြောခဲ့ပါဘူး"

မိန်စုပင်က ချိန်ယင်ခုန်ကို စိုက်ကြည့်ကာ ....

"ဒါဖြင့် .... မင်းအဖေက ငါတို့ သိုင်းကျမ်းသယ်လာမယ့်ကိစ္စကို ဘယ်လိုလုပ်သိသွားရတာလဲ"

"ဒါတော့ ကျွန်မလဲမသိဘူး၊ ရှင်ပြောတာတွေကို ကျွန်မပြန်မပြောတာအမှန်ပါ၊ ကျွန်မအဖေမှာ တပည့်တပန်းတွေ အများကြီးရှိနေတာပဲ၊ သူတို့ဆီကလဲ တစ်နည်းနည်းနဲ့သိနိုင်ပါတယ်"

ချိန်ယင်ခုန်က သူ့စိတ်ထင်ကို ပြောပြသော်လည်း မိန်စုပင်ကတော့ လက်မခံချေ။

"ကဲ ..... ငါသွားမယ်၊ ခုချိန်ကစပြီး မင်းနဲ့ငါဟာ မိတ်ဆွေတွေမဟုတ်ကြတော့ဘူး၊ ရန်သူတွေဖြစ်သွားပြီ၊ ဒါကြောင့် လမ်းမှာတွေ့ရင်လဲ ခေါ်စရာ နှုတ်ဆက်စရာမလိုဘူး၊ ငါပြောတာ ရှင်းသလားမဟုတ်လား"

"နေပါဦး၊ ကျွန်မရှင်းပြတာကို နားထောင်ပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"အို ..... တော်ပြီ၊ ဘာမှနားထောင်ဖို့ မလိုဘူး"

မိန်စုဝင်သည် ထိုနေရာမှ ပြေးထွက်လာတော့၏။

သို့သော် ....

နာကြည်းမှုများကတော့ ..... သူ့ရင်ထဲမှာ အစိုင်အခဲသဖွယ် ဖြစ်နေဆဲပင်တည်း။



## နိဗ်ဓစက်လေးသည့်ဇက်

ချိန်လီကျန်သည် ခေါက်တုံ့ခေါက်ပြန် စင်္ကြံလျှောက်နေ၏။

"တုံးထင် ....."

"ခင်ဗျာ ..... ဆရာကြီး"

"ဒီကိစ္စကို မင်းဘယ်လိုထင်သလဲ"

လိပ်ပြာနှုတ်သိုင်းသမား ချိန်လီကျန်ကမေးလိုက်၏။

မြွေခွေးတုံးထင် မျက်မှောင်တစ်ချက်ကုတ်သွားသည်။

ထို့နောက် သူဖြေသည်။

"ကျွန်တော်ကတော့ ဒီကိစ္စမှာ မိန်ဝူးချန် အကြံအဖန်လုပ်ဘယ်လို့ပဲထင်ပါတယ်ဆရာကြီး"

ချိန်လီကျန်က ခေါင်းညိတ်လိုက်သည်။

"အေး ..... မင်းပြောတာဖြစ်နိုင်တယ်၊ ဒါလဲ မင်းပြောသလိုပဲ ...ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ....

သူတို့လုယက်လာသည့်သေတ္တာကြီးကိုကြည့်လိုက်မိ၏။

ရင်ထဲ၌ နာကျင်သွားမိသည်။

သူတို့လုယက်လာသည့်သေတ္တာကြီးအထဲတွင် ဘာသိုင်းကျမ်းမှမဟုတ်သော စာအုပ်ကြီးတစ်အုပ်သာပါသည်။

သူသည် တိုက်ပွဲကြီးတစ်ပွဲဆင်နွှဲခဲ့ရသည်။

ထိုတိုက်ပွဲ၌ သူ့ဘက်မှလည်း အကျအဆုံးများစွာရှိသည်။

ထိုအရင်းအနှီးများသည် ယခုတော့ အလကားဖြစ်သွားပြီ။

သူရင်းနှီးခဲ့ရသည်များ ဆုံးရှုံးသွားခဲ့ရပြီမဟုတ်ပါလား။

"ဆရာကြီး ..... သိုင်းကျမ်းကို သူတို့ထုတ်ပြီး ဝှက်မထားဘူးဆိုရင် သိုင်းကျမ်းကြီးဟာ သေတ္တာထဲမှာပဲ ရှိနေရမှာပေါ့။ သူတို့ထုတ်ယူထားလို့သာ ဘာမဟုတ်တဲ့စာအုပ်ကြီးရောက်နေတာပေါ့။ မိန်ဝူးချန်ဟာ ဒီသိုင်းကျမ်းကြီး ဘယ်လောက်တန်ဖိုးရှိတယ်ဆိုတာ ကောင်းကောင်းသိပါတယ်"

"အင်း .... ဟုတ်လိမ့်မယ်၊ မိန်ဝူးချန်ဟာ ရိုးပုံရိုးလက်နဲ့ တော်တော်ကြီးပါးနပ်ပုံရတယ်၊ သူကိုယ်တိုင်ကထိပ်တန်းသိုင်းသမားဖြစ်နေတော့ အဲဒီသိုင်းကျမ်းကိုလဲ သူမြတ်နိုးမှာပေါ့"

"သူ ယူထားမှာသေချာပါတယ် ဆရာကြီး"

"အခု သူသေသွားပြီပဲ၊ ငါတို့ လမ်းပျောက်သလိုဖြစ်နေပြီ"

တိုးထင်က ပြုံးလိုက်သည်။



"ဒါ ဘာများခက်သလဲဆရာကြီး"

"ဘာများလွယ်လို့လဲကွ"

"ဟင်း .... ဟင်း .... လွယ်တာပေါ့၊ သူ့ရဲ့သားနဲ့သမီး ရှိနေတာပဲ၊ အဲဒီနှစ်ယောက်ကိုဖမ်းပြီးစစ်လိုက်ရင် ကျွန်တော်တို့ လိုချင်တဲ့အဖြေထွက်လာမှာပေါ့"

"အေး .... မင်းအကြံမဆိုးဘူး၊ ဒါကြောင့် သိုင်းသမားတွေက မြွေခွေးတိုးထင်လို့ ခေါ်ကြတာ၊ ဉာဏ်နီဉာဏ်နက်အရာမှာတော့ မင်းကို ဘယ်သူမှမမီဘူး၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်ကွ"

"ဘာများလဲဆရာကြီး"

"မိန်ဝူးချန်က သိုင်းကျမ်းဝှက်ထားတဲ့နေရာကို သူ့သားတွေ သမီးတွေကို အသိပေးထားပါ့မလား၊ ဒီအချက်ကစဉ်းစားစရာပဲ"

မြွေခွေးတိုးထင်က ပြုံးလိုက်၏။

"ဟာ ..... ဆရာကြီးကလဲ သူဝှက်ထားတဲ့နေရာကို သားနဲ့သမီးတွေ မသိဘဲ နေပါ့မလား၊ နဂိုက မသိတောင် သူသေခါနီးတော့ ပြောဖြစ်အောင်ပြောခဲ့မှာပေါ့၊ ကျွန်တော်ကတော့ မိန်ဝူးချန်ဟာ မသေခင်ကဘဲ သားနဲ့သမီးကို သိုင်းကျမ်းဝှက်ထားခဲ့တဲ့နေရာကို ပြောခဲ့တယ်လို့ထင်တယ်၊ အကယ်၍ .... ကျွန်တော်တို့အဖွဲ့က လာတိုက်ပြီး သိုင်းကျမ်းကိုလုယူသွားခဲ့ရင် သူက သိုင်းကျမ်းကြီး အလုခံခဲ့ရပြီဆိုပြီး ဘုရင်မင်းမြတ်ကိုသွားလျှောက်လိမ့်မယ် .... အရှင်ကလဲ ကျွန်တော်တို့အပေါ် ရာဇမာန်ရှမယ်ပေါ့၊ သူကတော့ အေးအေး

www.burmeseclassic.com

www.burmeseclassic.com



ဆေးဆေး သိုင်းကျမ်းကြီးကိုအပိုင်ရမယ်ပေါ့"

"ဒါဆိုရင် မိန်ဝူးချန်ရဲ့ သားနဲ့သမီးဟာ ရှောင်သွားလောက်ရောပေါ့"

"ဆရာကြီး အထင်မှားသွားပါပြီခင်ဗျာ၊ မရှောင်မှသာ သူတို့အပေါ် သံသယကင်းကြမှာပေါ့၊ သူတို့ လုံးဝရှောင်ကြမှာမဟုတ်ပါဘူးခင်ဗျာ"

"ဒါဆိုရင် မိန်ဝူးချန်ရဲ့သားနဲ့သမီးကိုဖမ်းရမှာပေါ့"

"ဒီမောင်နှမနှစ်ယောက်ကိုဖမ်းဖို့ဆိုတာက သိပ်မခက်လှပါဘူး၊ အချိန်မရွေး သွားဖမ်းလို့ရပါတယ်"

"အေး .... ဒါဆို ခုပဲသွားဖမ်းကြမယ်၊ တော်ကြာ ဖူချောင်မြို့ကရှောင်ပြေးသွားရင် လိုက်ရခက်နေဦးမယ်"

"ဆရာကြီးကိုယ်တိုင် လိုက်ဖို့မလိုပါဘူး၊ ကျွန်တော်တို့ ဖမ်းခဲ့ပါ့မယ်"

"ငါကိုယ်တိုင်လိုက်တော့ ပိုသေချာတာပေါ့ကွာ၊ ကဲ ... သွားကြမယ်"

လိပ်ပြာနှုတ်သိုင်းသမား ချိန်လီကျန်နှင့် မြေခွေးတုံးထင်တို့သည် ထိုင်ရာမှထ၍ထွက်ခွာသွားကြလေတော့၏။



ဖူချောင်မြို့တွင် ခြံကျယ်ကြီးတစ်ဆောင်ရှိလေ၏။

၎င်းခြံကျယ်ကြီးကား လိပ်ပြာနှုတ်သိုင်းသမား ချိန်လီကျန်နေထိုင်လျက်ရှိသော အိမ်ဂေဟာကြီးပင်ဖြစ်တော့သည်။

ထိုအိမ်ဂေဟာကြီးတွင် ....

မြေအောက်ခန်းတစ်ခန်းရှိလေသည်။ ထိုမြေအောက်ခန်း၌ လူငယ်တစ်ယောက် လက်ကောက်ဝတ်နှစ်ဖက်ကိုကြိုးဖြင့်ချည်ကာ ထုတ်တန်းတွင် ချည်နှောင်ခံထားရသည်။

ထိုလူငယ်မှာ ထိုင်မရတော့ချေ။

ကြိုးနှင့်ချည်နှောင်ထားသည့်ကာလပတ်လုံး မတ်တတ်ရပ်နေရပေတော့မည်။

ထိုလူငယ်ကား အခြားသူမဟုတ်။

မိန်စုပင် ပင်ဖြစ်တော့သည်။

လွန်ခဲ့သောညက အိမ်၌ထိုင်ပြီး ညီမလေးနှင့် စကားပြောနေစဉ် မျက်နှာဖုံးစွပ် လူလေးယောက်လာရောက်ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။

မျက်နှာဖုံးစွပ်လေးယောက်မှာ သိုင်းပညာ၌ ထိပ်တန်းကရှိပုံရသည်။ သူတို့ မခုခံနိုင်မီမှာပင် သူတို့အား အကြောဖမ်းပိတ်ပြီး သတိလစ်သွားစေခဲ့သည်။

သတိရလာသောအခါ ယခုပုံအတိုင်း ကြိုးနှင့်အချည်နှောင်ခံထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ .... ရန်သူ၏ အကျဉ်းသားဖြစ်သွားသည်ကိုတော့ သိနေပေသည်။

သူသိချင်နေသည်။

သူတို့ကို ဖမ်းဆီးသူများသည် မည်သူဖြစ်သနည်း။

သူညီမလေးကော မည်သည့်နေရာသို့ ရောက်ရှိနေသနည်း။

သူဉာဏ်မီသလောက် စဉ်းစားကြည့်သည်။

ကျေနပ်လောက်သည့်အဖြေကိုကား မရပေ။

ထို့နောက် စကားပြောသံကြားရပြီး ခြေသံများကြားလာရတော့သည်။

မကြာမီ အခန်းထဲသို့ လူသုံးယောက်ဝင်လာသည်ကို တွေ့ရလေ၏။

ထိုသုံးယောက်အနက် ရှေ့ဆုံးမှဝင်လာသူမှာ လိပ်ပြာနှုတ်သိုင်းသမား ချိန်လီကျန်ပေတည်း။

မိန်စုပင်သည် ဒေါသထွက်သွားလေ၏။

ချိန်လီကျန်သည် သူတို့အဖွဲ့တစ်ဖွဲ့လုံးကို ပြုတ်ပြုတ်ပြုန်းအောင် တိုက်ခိုက်ခဲ့ရုံသာမက ....

မိမိကိုလည်း ဖမ်းဆီးထားသေးသည်မဟုတ်ပါလား။

နောက်မှလူနှစ်ယောက်မှာ ချိန်လီကျန်၏တပည့်များပင်ဖြစ်သည်ဟု မိန်စုပင် မှတ်ယူလိုက်သည်။

"ဩော် .... ကျုပ်ကိုဖမ်းထားတာ ဘယ်သူများလဲမှတ်



တယ်၊ လက်စသတ်တော့ ခင်ဗျားကိုး"

မိန်စုပင်က နာကြည်းသောလေသံဖြင့်ပြောလိုက်သည်။

ချိန်လီကျန်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် .... မိန်စုပင်၊ မင်းကိုငါတို့ဒုက္ခမပေးချင်ပါဘူး၊ ဒါပေမယ့် မဖမ်းလို့ မဖြစ်တော့လို့ အားနာနာနဲ့ပဲဖမ်းလိုက်ရပါ တယ်"

"ခင်ဗျားတို့ တော်တော်ယုတ်မာတဲ့လူတွေပဲ၊ ခင်ဗျားတို့လိုချင်တဲ့သိုင်းကျမ်းကြီးကိုလဲရနေပြီ၊ ဒါတောင် ခင်ဗျားတို့က မကျေနပ်နိုင်သေးဘူးလား"

မိန်စုပင် ဒေါသတကြီးပြောလိုက်သည်။

ချိန်လီကျန်က သူ့လူနှစ်ယောက်ကိုလှည့်ကြည့်သည်။

ထို့နောက် မိန်စုပင်ဘက်သို့လှည့်ကြည့်သည်။

"သိုင်းကျမ်းကြီးကို ငါတို့ရထားပြီးပြီဟုတ်လား၊ မင်းအပြောတယ်ကောင်းပါလား မိန်စုပင်"

"ဘာအပြောကောင်းတာလဲဗျ၊ သိုင်းကျမ်းကို ခင်ဗျားတို့ရတာမဟုတ်လို့ ဘယ်ကလေကချေကောင်က ရတာလဲ"

"မင်းတို့ဆီကလုယူလာတဲ့သေတ္တာထဲမှာ ဘယ်သိုင်းကျမ်းမှမပါဘူးကွ၊ သိရဲ့လား"

ချိန်လီကျန်၏စကားကြောင့် မိန်စုပင်မှာ အူကြောင်ကြောင်ဖြစ်သွားရတော့သည်။

သူတို့ဆီကလုယူသွားသောသေတ္တာထဲတွင် မည်သည့် သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျမ်းမှုမပါဟုဆိုပါကလား။

မဟုတ်နိုင်။ အောက်လမ်းသိုင်းသမားဗိုဗီ ကလိမ်ကျကျစ်ပြောခြင်းသာဖြစ်၏။

ဤမျှ သေချာသောအလုပ်ရှိမည်မဟုတ်ပေ။

နယ်စားကြီး ဝမ်ကျိုးဝေက စာရေးပေးလိုက်၏။

သူ့လက်မှတ်နှင့် တံဆိပ်တုံးနှင့်။

ရှောင်လင်ဂိုဏ်းချုပ်ကြီးက သေတ္တာကိုပေးလိုက်သည်။

ရှောင်လင်ဂိုဏ်းချုပ်ကြီးကလည်း လိမ်မည့်သူမဟုတ်ချေ။

ရှောင်လင်သိုင်းပညာသည် ....

ဤသိုင်းကျမ်းထက် သာကောင်းသာမည့် သိုင်းပညာဖြစ်သည်။ ထို့ကြောင့် ရှောင်လင်ဂိုဏ်းချုပ်ကြီးအနေဖြင့် ဤသိုင်းကျမ်းကို မက်မောနေစရာအကြောင်းမရှိပေ။

ချိန်လီကျန်သည် အောက်လမ်းသိုင်းသမားများ၏ခေါင်းဆောင်အရာတွင်ရှိသောသူဖြစ်သည်။

သိုင်းကျမ်းကြီး သူ့လက်ဝယ်ရှိနေသည်ဟုဆိုလျှင် ကျန်သောသိုင်းသမားများသာမက ဘုရင်ဧကရာဇ်၏ရန်သူလည်း ဖြစ်နေပေမည်။

ထို့ကြောင့် သူ့ရှိ မရှိဟုဆိုထားလျှင် အားလုံးသောဘေးရန်များကင်းရှင်းသွားမည်မဟုတ်ပါတကား။

ထိုသို့တွေးမိသည်နှင့် မိန်စုပင်က .....



"ခင်ဗျားစကားကို ကျုပ်လုံးဝမယုံဘူး၊ သိုင်းကျမ်းကြီးဟာ သေတ္တာထဲမှာ မလွဲမသွေရှိရမယ်၊ ခင်ဗျားတို့ဖွင့်ကြည့်တော့ ဘာမှမရှိဘူးဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး"

ချိန်လီကျန်က ဒေါသဖြင့်အော်လိုက်သည်။

"မင်းပြောတာ ကြည့်ပြောစမ်း၊ မင်းပြောတာက ငါတို့လိမ်ညာသလိုဖြစ်နေတယ်"

"ဟုတ်တယ် .... ခင်ဗျား ညာနေတာပဲ၊ သိုင်းကျမ်းကို လက်ထဲမှာရရှိသားလျက်နဲ့ တခြားလူတွေသိကုန်မှာစိုးလို့ ခပ်တည်တည်နဲ့ မရသလိုလုပ်နေတာ"

"ဘာကွ .... ငါကလျှောက်ညာနေတာဟုတ်လား .... ငါ သေတ္တာဖွင့်လိုက်တော့ အထဲမှာ စာအုပ်ကြီးတစ်အုပ်တွေ့ရတယ်၊ အဲဒါသိုင်းကျမ်းမဟုတ်ဘူး၊ ရိုးရိုးကျမ်းစာအုပ်ကြီးကွ၊ အဲဒီစာအုပ်က လွဲလို့ တခြားဘာစာအုပ်မှမပါဘူး"

"ဒါဆိုရင် သိုင်းကျမ်းကဘယ်ရောက်သွားသလဲ၊ ဘယ်ကိုအတောင်ပေါက်ပြီး ထွက်ပြေးသွားတာလဲ"

မိန်စုပင် ဒေါသဖြင့်အော်လိုက်၏။

"သိုင်းကျမ်းကသေတ္တာထဲက ဘယ်ကိုအတောင်ပေါက်ပြီးပျံနိုင်မှာလဲ၊ မင်းအဖေမိန်ဝူးချန်က သေတ္တာထဲကထုတ်ပြီး တစ်နေရာမှာဝှက်ထားခဲ့လို့ ငါတို့ရှာမတွေ့တာ ဖြစ်ရတာပေါ့၊ အဲဒါမဟုတ်တဲ့ ကျမ်းစာအုပ်ကြီးတစ်အုပ်တော့ ထည့်ထားသတဲ့ .... ထို ....."

www.burmeseclassic.com

www.burmeseclassic.com



မိန်စုပင်မှာ ဒေါသထွက်မဆုံးဖြစ်သွား၏။

"ဘယ်လိုဗျ .... ကျုပ်အဖေက သေတ္တာထဲကသိုင်းကျမ်းကို အပြင်မှာ ထုတ်ဝှက်ခဲ့တယ်ဟုတ်လား၊ ခင်ဗျား စကားပြောတာကြည့်ပြောပါ၊ ကျုပ်အဖေကို သတ်ရုံတင်မကဘူး၊ ကျုပ်အဖေရဲ့ဂုဏ်သိက္ခာကို စော်ကားရာပါ ရောက်နေပြီ .... ကျုပ်အဖေဟာ မွေးကတည်းက သေတဲ့အချိန်ထိ သူတစ်ပါးပစ္စည်းကိုခိုးဝှက်ဖို့ စိတ်ကူးထဲထည့်တဲ့လူ မဟုတ်ဘူးဗျ"

သူ့အဖေ စိတ်ထားဖြူစင်ပြီး အကျင့်စာရိတ္တကောင်းသည်ကို မိန်စုပင်အသိဆုံးပင်မဟုတ်ပါလား။

"အေးလေ ..... မင်းကတော့ ဒီလိုပဲပြောမှာပေါ့၊ ကိုယ့်အဖေအကြောင်းကို ဘယ်သူကမကောင်းပြောမှာလဲ၊ ဒီမှာ မိန်စုပင် တိုရှင်းလိုရှင်းပြောမယ်၊ မင်းအဖေဝှက်ထားတဲ့ သိုင်းကျမ်းကို ငါလိုချင်တယ်၊ အဲဒါ ဘယ်မှာလဲပြောစမ်း"

"ခင်ဗျား အဓိပ္ပါယ်မရှိတာတွေလာပြောမနေနဲ့၊ ကျုပ်အဖေဟာ ခင်ဗျားတို့ကိုခုခံတိုက်ခိုက်ရင်းက ဒဏ်ရာတွေရပြီးသေဆုံးသွားပြီဗျ၊ သိရဲ့လား"

"အေးလေ ..... မင်းအဖေ သေဆုံးသွားတာ ဘာဖြစ်သလဲ၊ မင်းအဖေ သေမသေဆိုတာကို ငါသိချင်တာမဟုတ်ဘူး၊ မင်းအဖေ ဝှက်သွားတဲ့သိုင်းကျမ်းကြီးကိုပဲ ငါကလိုချင်တာ၊ မင်းအဖေဟာ သူမသေခင်မှာတော့ မင်းတို့မောင်နှမနှစ်ယောက်ကို မလွဲမသွေ ပြော



သွားလိမ့်မယ်၊ ကဲ ..... သိုင်းကျမ်းဘယ်မှာလဲ၊ မင်းကိုယ်တိုင် လိုက်ယူပေးမလား၊ မင်းကိုယ်တိုင်ပဲ ပြောပြမလား"

မိန်စုပင်မှာ ထိုစကားကို မည်သို့ပြန်ပြောရမည်ကို မသိတော့ပေ။

သိုင်းကျမ်းကို သူ့အဖေလည်းမဝှက်ခဲ့။

ထို့ကြောင့် သားသမီးများအား နေရာလည်း ပြောပြစရာမလို။

ထို့ကြောင့် သားနှင့်သမီးဖြစ်သော သူတို့နှစ်ယောက်လည်း သိ။

"ခင်ဗျားပြောတာတွေကို ကျုပ်တော့ ဘာမှနားမလည်ဘူး၊ ျူပ်အဖေကလဲ ဘာသိုင်းကျမ်းမှဝှက်မထားဘူး၊ ကျုပ်တို့မောင်နှမ စ်ယောက်ကို နှိပ်စက်ချင်လို့ တမင်တကာ ဥာဏ်ဆင်ပြီး ခင်ဗျား ဟုတ်တရုတ်တွေလျှောက်ပြောနေတာ၊ ကျုပ်ညီမလေး ဘယ်မှာ ဲ၊ ကျုပ်ညီမလေးကိုလဲ ခင်ဗျားတို့နှိပ်စက်မှာပဲ"

"မင်းညီမလေး လုံခြုံတဲ့နေရာမှာရှိပါတယ်၊ သိုင်းကျမ်းရှိတဲ့ ရာကိုပြောပြလိုက်တာနဲ့ မင်းရော မင်းညီမလေးကိုရော ပြန်လွှတ် းလိုက်မယ်"

ချိန်လီကျန်က ပြောလိုက်၏။

"မသိဘူးဗျာ၊ ကျုပ်တို့ ဘယ်သိုင်းကျမ်းမှမဝှက်ဘူး ဘယ် င်းကျမ်းနေရာကိုမှလဲမသိဘူး၊ ကျုပ်တို့မောင်နှမနှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြန်လွှတ်ပေးတော့"

• ချိန်လီကျန်၏မျက်နှာထားသည် ပြောင်းလဲသွား၏။

ချိန်လီကျန်၏ဘေး၌ရှိနေသော ပိန်ပိန်ရှည်ရှည်လူကလည်း စိတ်မရှည်တော့သည့် အမူအရာဖြင့် .....

"ဒီကောင့်ကို ချော့မနေစမ်းပါနဲ့ဆရာကြီးရယ်၊ အကြမ်းနည်းသာ သုံးလိုက်စမ်းပါ .... အကြမ်းနည်းကိုသုံးလိုက်ရင် ဒီကောင့်ပါးစပ်က လိုချင်တဲ့စကားတွေထွက်လာမှာပါ"

"အေး ..... ဟုတ်တယ်တုံးထင်၊ မင်းပြောတာ မှန်တယ် ရိုးရိုးတန်းတန်းမေးလို့ မပြောချင်တဲ့ကောင်ကို ဆန်းဆန်းပြားပြား လုပ်ပြပြီး မေးရတော့မှာပေါ့။ ကဲ ..... ဆွထန် ဒီကောင့်ကို ဆုံးမလိုက်စမ်း၊ သိုင်းကျမ်းဘယ်နေရာမှာဝှက်ထားတယ်ဆိုတာ သူပြောနိုင်အောင်"

ချိန်လီကျန်သည် ဗလကြီးကြီးနှင့်လူအား အမိန့်ပေးလိုက်လေသည်။

"စိတ်ချပါ .... ဒီကောင် ဖွင့်ပြောအောင် ကျွန်တော် သုံးလိုက်ပါ့မယ်"

သူသည် ခါးကြားထဲမှကျာပွတ်ကိုဆွဲထုတ်လိုက်သည်။

"ကဲ .... ခေါင်းမာချင်တဲ့ကောင် .... ရော့ကွာ"

"ရွမ်း .... ရွမ်း ...."

ကျာပွတ်သည် မိန်စုပင်အပေါ်သို့ ရက်စက်စွာကျရော



လေတော့၏။ မိန်စုပင်မှာ .... ကျာပွတ်တစ်ချက်ကျတိုင်း တစ်ခါအော်ရလေသည်။

ကျာပွတ်ရိုက်ချက်များက သူ့ခန္ဓာကိုယ်ပေါ်သို့ ဆက်တိုက်ဆိုသလိုပင် ကျရောက်လာတော့သည်။

"ရွမ်း ....."

"အား ....."

"ရွမ်း ....."

"အား ....."

ဆွထန်က ဆရာဖြစ်သူရှေ့တွင် မျက်နှာရချင်သောကြောင့် အားကုန်လွှဲ၍ရိုက်နေ၏။

ပထမတွင် .... မိန်စုပင်သည် နာကျင်လှသဖြင့် အသံကုန်အော်မိသော်လည်း နောက်ပိုင်းတွင်တော့ မအော်တော့ပေ။

အံကိုတင်းတင်းကြိတ်ထားမိလေ၏။

အော်လေ ဆွထန်က သဘောကျလေမဟုတ်ပါလား။

ဆွထန်သည် မိန်စုပင်ထံမှ အော်သံထွက်ပေါ်မလာသောအခါ ပို၍ဒေါသထွက်လေတော့သည်။

ထို့ကြောင့် ပို၍အားထည့်ရိုက်လေတော့၏။

ကျာပွတ်ရိုက်ချက်သည် တစ်စထက်တစ်စ အရှိန်ပိုမြင့်လာသည်။ မိန်စုပင်ကိုယ်ပေါ်မှ အဝတ်အစားများ စုတ်ပြဲကုန်ပြီး အသားများလည်း စုတ်ပြတ်ထွက်လာတော့၏။

www.burmeseclassic.com

www.burmeseclassic.com



သွေးများမှာလည်း ဒဏ်ရာဒဏ်ချက်များမှ တစိမ့်စိမ့်ထွက်လာသည်။ တစ်ကိုယ်လုံး ကြည့်မကောင်းတော့ပေ။

"ရပ်ဦး ...... ဆူထန်"

ချိန်လီကျန်က တားမြစ်လိုက်သဖြင့် ဆူထန်သည် ရပ်သွား၏။ ချိန်လီကျန်သည် အံကြိတ်ထားသော မိန်စုပင်၏ မျက်နှာကို ကြည့်လေ၏။

"ကဲ ...... မိန်စုပင်၊ ဒီလောက်ဆိုရင်တော့ မင်း သဘောပေါက်လောက်ပြီး သိုင်းကျမ်းရှိတဲ့နေရာကို ပြတော့မယ် မဟုတ်လား"

"ဒီမှာ ချိန်လီကျန် ...... ခင်ဗျားရိုက်လို့ ဒီနေရာမှာတင် ကျုပ် သေချင်သေသွားလိမ့်မယ်၊ ကျုပ်အဖေက သိုင်းကျမ်းကိုလဲ မဝှက်ဘူး၊ ကျုပ်တို့ သိုင်းကျမ်းရှိတဲ့နေရာကိုလဲ မသိဘူး၊ သိုင်းကျမ်းက ခင်ဗျားလက်ထဲမှာပဲ"

ချိန်လီကျန်သည် မျက်နှာညို့မည်းသွား၏။

"ဩော် ...... မင်းက တယ်လဲခွဲကောင်းနေလိုက်ပါလားကွ၊ ကဲ ...... ဆူထန် ခုချိန်ထိ ဒီကောင်လိမ္မာရေးခြားမရှိသေးဘူး၊ ဒီကောင် လိမ္မာလာအောင် မင်းပဲ ဆက်ပြီးတာဝန်ယူပေးပါ"

"စိတ်ချပါ ဆရာကြီး၊ ကျွန်တော် လုံးဝတာဝန်ယူပါတယ်"

ထို့နောက် ဆူထန်၏ ကျာပွတ်ရိုက်ချက်များသည် မိန်စုပင် ကိုယ်ပေါ်သို့ ကျရောက်လာပြန်လေတော့၏။



"ရှမ်း ...... ရှမ်း ...... ရှမ်း ......"

မိန်စုပင်သည် ကျာပွတ်ရိုက်ချက်ဒဏ်ကို နာကျင်စွာခံစားရသည်။ သို့သော် သူသည် မအော်မိအောင် နှုတ်ခမ်းကိုဖိကိုက်ထားရသည်။ ကြာသော် မိန်စုပင် မခံနိုင်တော့ပေ။

နောက်ဆုံး သူသည် သတိလစ်မေ့မြောသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



## တစ်ကိုယ်တော်

ည ......

အမှောင်ကြီးစိုးနေ၏။

ညအမှောင်ထုအောက်တွင် မှုချောင်မြို့ကလေးသည် အိပ်မောကျလျက်ရှိသည်။

မြို့ဖွန်ဖြစ်သဖြင့် ပိုးပုရစ်တို့၏အော်သံများကို ကြားနေရသည်။ တစ်ခါတစ်ရံ ဆွဲဆွဲငင်ငင်အူလိုက်သည့်ခွေးအူသံများကိုကြားရသည်။

မှုချောင်မြို့သူမြို့သားများသည် ညအမှောင်အောက်တွင် အိပ်မောကျနေခဲ့သော်လည်း တစ်ဦးတစ်ယောက်ကား အိပ်မပျော်သေးချေ။

ထိုသူကတော့ မိန်စုပင်ဖြစ်သည်။ မိန်စုပင်သည် ရိုက်နှက်ခံထားရာမှ သတိပြန်ရလာပြီဖြစ်သည်။

သို့သော် ....



သူ့တစ်ကိုယ်လုံးမှာမူ မခံမရပ်နိုင်အောင် နာကျင်လျက်ရှိနေလေသည်။

သူသည် အာခေါင်များခြောက်လျက်ရှိပြီး ရေကိုအငမ်းမရ သောက်ချင်နေမိသည်။

"ရေ .... ရေ .... ရေ ...."

သူ့အတွက် ယခုအခါ ရေသည်သာ အလိုအပ်ဆုံးဖြစ်နေသည်မဟုတ်ပါလား။

ထိုအခိုက် သူ့နားထဲသို့ အသံတစ်သံတိုးဝင်လာလေ၏။

တစ်စုံတစ်ယောက် လှုပ်ရှားရာမှထွက်ပေါ်လာသော အသံဖြစ်ကြောင်း မိန်စုပင်သိနေသည်။

မကြာမီ အလင်းတန်းတစ်ခုကျရောက်လာသည်။

အခန်းတံခါးသည် ဖြည်းဖြည်းချင်း ပွင့်သွားတော့သည်။

အခန်းတံခါးက လုံးဝပွင့်သွားချင်းမဟုတ်။ လူတစ်ကိုယ်စာ ပွင့်သွားခြင်းဖြစ်သည်။

ထို့နောက် ထိုတံခါးပေါက်မှနေ၍ လူတစ်ယောက်လှစ်ခနဲ ဝင်လာ၏။ ထိုသူသည် မှန်အိမ်တစ်လုံးကိုကိုင်ထားသည်။

ထိုသူသည် အခန်းထဲရောက်သည်နှင့် တံခါးကို ချက်ချင်းပြန်ပိတ်လိုက်၏။

ထို့နောက် မိန်စုပင်အား ချုပ်နှောင်ထားရာဆီသို့ မှန်အိမ်ကိုင်မြှောက်၍ ခပ်သွက်သွက်လျှောက်လာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



မီးအိမ်အလင်းရောင်ဖြင့် ရောက်ရှိလာသူကိုတွေ့သောအခါ မိန်စုပင်အံ့ဩသွားသည်။

ရောက်ရှိလာသူကား ချိန်လီကျန်၏သမီးဖြစ်သူ ချိန်ယင်ခုန် ပေတည်း။

"အို .... ရှင် အတော်နှိပ်စက်ခံလိုက်ရပါကလား"

ချိန်ယင်ခုန်သည် စိတ်မကောင်းကြီးစွာဖြစ်သွားရလေ၏။

"ဟုတ်တယ်၊ မင်းအဖေရဲ့လက်ချက်လေ၊ ဒါပေမယ့် ငါ မမှုပါဘူး၊ လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါ၊ လူတစ်ယောက်ဟာ တစ်သက်မှာတစ်ခါပဲသေရတယ်၊ နှစ်ခါသေရိုးထုံးစံမရှိပါဘူး၊ ဒါကြောင့် သေရမှာကို ငါမကြောက်ဘူး၊ ဒါနဲ့ မင်းက ဒီကိုဘာလာလုပ်တာလဲ၊ ငါသေမသေ လာကြည့်တာလား"

မိန်စုပင်သည် ဒေါသအလျောက် စိတ်ဆိုးဒေါသထွက်သည့် စကားလုံးများသာရွေး၍ပြောလေသည်။

ချိန်ယင်ခုန်မှာမူ စိတ်မကောင်းဟန်များ အထင်းသားပေါ်နေသည်။

"ရှင် ကျွန်မစေတနာကို နားမလည်သေးပါဘူး၊ ရှင်နဲ့တွေ့ရင် ဒီလိုအပြောခံရမယ်လို့ မျှော်လင့်ပြီးသားပါ၊ ရှင် ဘာပဲပြောပြော ရှင့်ကိုကယ်ဖို့ ဆုံးဖြတ်ပြီးပါပြီ"

"ဘာ .... ငါ့ကိုကယ်မလို့"

"ဟုတ်တယ်၊ ရှင့်ကိုကယ်မယ်"



မိန်စုပင်သည် စဉ်းစားရတော့၏။

ချိန်ယင်ခုန်က တကယ် ကယ်တင်မည်လား။

"နောက်ပြီး ... ရှင့်ညီမလေးကိုလဲ ကျွန်မအဖေက ဖမ်းထားသေးတယ်၊ အဲဒါကိုကော ကယ်တင်ဖို့မကြိုးစားတော့ဘူးလား"

ချိန်ယင်ခုန်၏ကယ်တင်ခြင်းကိုမခံလိုသည့် မိန်စုပင်သည် စဉ်းစားတွေဝေနေသည်။

သူ့ညီမလေးကို ကယ်တင်ရမည်ဟူသော အသိစိတ်ဝင်လာသောအခါ ချိန်ယင်ခုန်၏ကယ်တင်ခြင်းကိုခံယူတော့သည်။

"ရှင် နက်ဖြန်အထိ ဒီအခန်းထဲမှာရှိနေရင် ရှင့်ကိုနှိပ်စက်ကြလိမ့်ဦးမယ်၊ စိတ်ပြတ်လို့ပါလား၊ ကျွန်မ ဝတ်စုံအသစ်တစ်စုံသွားယူလိုက်မယ်၊ ရှင် အသစ်လဲသွားပေါ့"

"နေပါစေတော့၊ ညကြီးမင်းကြီး ဘယ်သူကမှလဲ ကြည့်နေတာမဟုတ်ပါဘူး၊ ဒါထက် ငါ့ညီမလေး ဒီအိမ်ကြီးမှာရှိသလား"

"ရှင့် ညီမလေး ဒီအိမ်ကြီးမှာမရှိပါဘူး"

"မင်း တကယ်ပြောတာလား"

"တကယ်ပြောတာပါ၊ ရှင့်ကို ကျွန်မကညာပါ့မလား၊ ဒီအိမ်ကြီးက ကျွန်မတို့နေထိုင်တာပဲဥစ္စာ၊ ဘယ်အခန်းမှာ ဘာရှိတယ်ဆိုတာကို ကျွန်မသိပါတယ်၊ ကျွန်မတို့အိမ်ကြီးထဲမှာ ဖမ်းထားတဲ့ ရှင့်ညီမ တစ်ယောက်ယောက် လှုပ်ရှားနေမှာပေါ့၊ ဘယ်သူမှမလှုပ်ဘူးရှင့်၊ ဒီအိမ်ကြီးမှာ ရှင့်ညီမလေးမရှိတာသေချာပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ချိန်ယင်ခုန် လိမ်ညာပြောနေသည့်ပုံစံမဟုတ်ကြောင်း မိန်စုပင်သိသည်။

"ဒါဆို ငါ့ညီမလေးကို ဘယ်မှာချုပ်ထားတယ်ဆိုတာ မင်းသိသလားဟင်"

"ကျွန်မ မသိဘူးမိန်စုပင်၊ ရှင့်ကိုပြောမပြချင်လို့ဖုံးကွယ်နေတာမဟုတ်ပါဘူး၊ ရှင့်ညီမလေးဖမ်းထားတဲ့နေရာကို ကျွန်မ တကယ်မသိလို့ပြောနေတာပါ ... ကျွန်မ အဖေဒုစရိုက်မှုတွေ လုပ်နေတာကို ကျွန်မလဲ မသိဘူး၊ သဘောလဲ မကျဘူး၊ အောက်မှာ လူတစ်ဦးကို ဖမ်းပြီးနှိပ်စက်နေတာကိုသိရလို့ စုံစမ်းကြည့်တော့မှ ရှင်ဖြစ်မှန်းသိလိုက်ရတယ်၊ အဲ .... ရှင့်ညီမကို ဖမ်းထားတဲ့နေရာကိုတော့ ခန့်မှန်းလို့ရနိုင်တယ်"

"ဆိုစမ်းပါဦး .... ဘယ်နေရာကိုခန့်မှန်းသလဲ"

"ဒီဖူချောင်မြို့မှာ ဖေဖေ့တပည့်တပန်းတွေက အများကြီးပဲ၊ အဲဒီထဲက တစ်ယောက်ယောက်အိမ်မှာ ချုပ်နှောင်ထားလိမ့်မယ်လို့ ခန့်မှန်းရတယ်"

"အင်း .... မင်းပြောတာဖြစ်နိုင်ပါတယ်"

"ကဲ .... အချိန်မရှိဘူး၊ မိုးလင်းသွားရင် ရှင် ဒီအခန်းထဲက ထွက်ဖို့ ခက်နေလိမ့်မယ်"

တွေဝေစဉ်းစားနေသည့်မိန်စုပင်အား ချိန်ယင်ခုန်က ဆော်သြလိုက်သည်။



"ကောင်းပြီ .... ငါ ညီမကိုကယ်တင်ဖို့ရှိသေးတယ်၊ ဒီတော့ မင်းအကူအညီကို ငါယူလိုက်မယ်"

ချိန်ယင်ခုန်သည် မိန်စုပင်အား ချည်နှောင်ထားသည့် ကြိုးကိုဖြုတ်ပစ်လိုက်သည်။

"ကဲ .... လာ"

မိန်စုပင်မှာ ဒယီးဒယိုင်ဖြစ်သွားသည်။

ချိန်ယင်ခုန်က ဖေးမရန် ဟန်ပြင်လိုက်သည်။ မိန်စုပင်သည် လက်မခံဘဲ ချိန်ယင်ခုန်၏လက်ကိုပုတ်ထုတ်လိုက်သည်။

"ငါ့ဘာသာငါ သွားနိုင်ပါတယ်"

ချိန်ယင်ခုန်မှာ စိတ်မကောင်းဖြစ်သွားသည်။

သို့သော် ဘာမျှတော့ မပြောပါ။

မိန်စုပင်အား သည်အတိုင်းကြည့်နေလိုက်ရသည်။

သူသည် ဒယီးဒယိုင်ဖြင့်ပင် လမ်းလျှောက်သည်။

မြေအောက်ခန်းအပြင်သို့ရောက်သောအခါ ချိန်ယင်ခုန်က ဦးဆောင်သွား၏။ မြေအောက်ခန်းမှတက်လာပြီးနောက် အခန်းအတော်များများကိုဖြတ်သန်းသွားရသေးသည်။

ချိန်လီကျန်၏အိမ်ဂေဟာသည် သူထင်ထားသည်ထက်ပို၍ ကြီးနေကြောင်းတွေ့ရသဖြင့် မိန်စုပင် အံ့သြသွားရလေသည်။

အချိန်အတော်ကြာလျှောက်ပြီးသောအခါ တံခါးတစ်ချပ်ကို ချိန်ယင်ခုန်က ဖွင့်လိုက်လေ၏ ...

www.burmeseclassic.com



အေးမြသောလေသည် တိုးဝင်လာသည်။

မိန်စုပင် အနည်းငယ် လန်းဆန်းကြည်လင်သွားလေသည်။

"အင်း .... ခုမှပဲ လေကောင်းလေသန့်ကို တဝကြီးရှူခွင့်ရတော့တယ်"

ချိန်ယင်ခုန်သည် မီးအိမ်ကိုမြှောက်ကိုင်ရင်း ......

"ကဲ .... ရှင်သွားချင်တဲ့ဆီ သွားနိုင်ပါပြီ"

"ဟိုခြံတံခါးကကော"

"မပူပါနဲ့ ကျွန်မဖွင့်ထားပါတယ်၊ ဒီခြံထဲကထွက်ပြီး အရှေ့စူးစူးကိုသွားရင် ရှင်တို့အိမ်ကိုရောက်ပါလိမ့်မယ်၊ တတ်နိုင်ရင် ရှင်တို့အိမ်မှာမနေပါနဲ့၊ တခြားမှာသွားနေပါ။ ကျွန်မအဖေက ရှင်လွတ်သွားတယ်ဆိုတာကိုသိရင် ပြန်ဖမ်းဦးမှာသေချာတယ် .... ကျွန်မ ကြိုတင်ပြောထားတာ"

မိန်စုပင်က ခေါင်းညိတ်လိုက်သည်။ မီးအိမ်အလင်းရောင်အောက်တွင် အလွန်လှပသည့်မိန်းမငယ်လေးခေါ် ချိန်ယင်ခုန်အား မိန်စုပင် တစ်ချက်ကြည့်လိုက်သည်။ သူ့ရင်ထဲမှ ......

"မင်းကိုကျေးဇူးတင်ပါတယ် .... ထုတ်မပြောချင်လို့ ထုတ်မပြောတော့ပါဘူး"

တီးတိုးရေရွတ်ရင်း ချာခနဲလှည့်ထွက်ခဲ့တော့သည်။



မိန်စုပင်သည် ချိန်လီကျန် ဖမ်းဆီးထားရာမှ ငါးရက်မြောက်အကြာတွင် ဖူချောင်မြို့ထဲသို့ မယောင်မလည်ထွက်လာလေ၏။

ထိုသို့ထွက်လာရာတွင် သူ့ဒဏ်ရာများပျောက်ကင်းစပြုနေပါပြီ။ သူမြို့ထဲသို့ ထွက်လာရာတွင်လည်း ခမောက်ကြီးဆောင်း၍ ရုပ်ဖျက်ထွက်လာခြင်းဖြစ်သည်။

ကြီးမားသောဝါးခမောက်ကြီးဖြစ်ရာ သူ့မျက်နှာကို တော်ရုံလူ မမြင်နိုင်ချေ။

မြင်လျှင်လည်း မိန်စုပင်ဟု မမှတ်မိနိုင်ချေ။

သူသည် ဖူချောင်မြို့ထဲသို့ လျှောက်သွားနေရင်း အနည်းငယ်မောပန်းလာသဖြင့် နီးရာစားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်လိုက်၏။

"ဆရာ .... အရက်ယူဦးမလား"

စားပွဲထိုးကလေးက လာမေး၏။

"မယူဘူး"

သူက ခပ်ပြတ်ပြတ်ပြောလိုက်သဖြင့် စားပွဲထိုးလေးသည် ထွက်ခွာသွားလေ၏။

"ခစ် ...... ခစ် ...... ခစ် ......"

ရယ်သံကြားလိုက်သဖြင့် မိန်စုပင်လှည့်ကြည့်လိုက်သည်။

လီစင်းရှူတို့အုပ်စုဖြစ်နေသည်ကို မိန်စုပင် တွေ့လိုက်ရ၏။ လီစင်းရှူတို့အုပ်စုသည် ချောမောလှပသော လူရွယ်တစ်ယောက်၏ ဘေးတွင် ပတ်လည်ဝိုင်းနေကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူရွယ်ကား ရွှေနဂါးအာမခံ သယ်ယူပို့ဆောင်ရေး လုပ်ငန်းပိုင်ရှင် အန်ပေါင်ကျောက်၏သား အန့်ဟွာချူးဖြစ်နေသည်ကို တွေ့ရှိလိုက်ရလေသည်။

သူညီမနှင့်ဈေးစပ်ထားသည့်လူဖြစ်သောကြောင့် မိန်စုပင်က ဝမ်းသာအားရခေါ်လိုက်သည်။

"ဟာ .... ဟော့ကောင် အန့်ဟွာချူး"

မိန်စုပင်က ထိုစားပွဲသို့ထသွားသည်။

လိစင်းရှုတို့သည် မိန်စုပင်ကို မမြင်သည့်အလား အန့်ဟွာချူးကိုသာ ဝိုင်းပတ်နေကြသည်။

ယခင်က မိန်စုပင် ငွေရှင်စဉ်က လိစင်းရှုတို့သည် မိန်စုပင်ဘေးတွင် ပတ်လည်ဝိုင်းနေခဲ့သည်။

ယခုတော့ .... သူ့ကိုမမြင်ဖူးသည့်လူစိမ်းတစ်ယောက်ပမာ ဆက်ဆံနေကြသည်။

ယခု မိန်စုပင်၏သံမဏိတံခွန်အာမခံပို့ဆောင်ရေးအဖွဲ့ဆိုသည်မှာ ပျက်စီးသွားပြီမဟုတ်ပါလား။

အန့်ဟွာချူးကလည်း ခပ်စိမ်းစိမ်းဆက်ဆံသည်။

"ဘာလဲ ..... မိန်စုပင်၊ မင်း စားသောက်စရာ ဝယ်စားဖို့ ပိုက်ဆံမရှိတော့လို့လား"

လိစင်းရှုတို့အုပ်စုသည် တခစ်ခစ်နှင့်ဝိုင်းရယ်ကြလေ၏။

မိန်စုပင် ရှက်သွားလေ၏။



အန့်ဟွာချူးအား ဒေါသထွက်လွန်းသဖြင့် သူ့စကားအား ပြန်ပြောရန်ပင် စဉ်းစား၍မရပေ။

"ကဲ .... ပိုက်ဆံရှင်းမယ်ဟေ့"

အန့်ဟွာချူးက အော်လိုက်သည်နှင့် စားပွဲထိုးများ အပြေးအလွှားရောက်ရှိလာလေသည်။

ထို့နောက် .... အန့်ဟွာချူးသည် တစ်အုပ်စုလုံး စားသောက်ထားသည်ကို ငွေရှင်းပေးလိုက်သည်။

ပြီးမှ မိန်စုပင်အားကြည့်ကာ .....

"မင်းမှာပိုက်ဆံမရှိတော့လို့လား၊ မင်းအတွက် ငါငွေပေးထားခဲ့မယ်"

ပြောပြောဆိုဆို မိန်စုပင်ရှေ့သို့ ငွေဒင်္ဂါးပြားနှစ်ပြားကို ပစ်ချပေးလိုက်၏။

"ကဲ..... လိစင်းရှုသွားမယ်"

လိစင်းရှုတို့အုပ်စုလည်း တစ်ပြုံတစ်မကြီး အန့်ဟွာချူး၏နောက်သို့လိုက်သွားကြလေတော့၏။

မိန်စုပင်သည် တက်ခေါက်ပြီး အန့်ဟွာချူးပေးခဲ့သည့် ငွေဒင်္ဂါးပြားနှစ်ပြားကိုပစ်ပေါက်လိုက်တော့၏။

သူသည် စိတ်ဆိုးမာန်ဆိုးနှင့် ဆိုင်ထဲမှထွက်လာခဲ့၏။

သူသည် ဒေါသများမပြေပေ။

အန့်ဟွာချူး၏ရယ်မောသံသည် ယခုတိုင်အောင် သူ့နားထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင် ကြားယောင်လျက်ရှိနေဆဲပင်။

အတော်ကြာသောအခါမှ သူ့စိတ်များအနယ်ထိုင်သွား၏။

ထိုအခါ သူသည် အန်ဟွာချူးအကြောင်းတွေးနေတော့၏။

အန်ဟွာချူးသည် သူ့အားအဖက်မလုပ်ခဲ့ချေ။

အန်ဟွာချူးက အဖက်မလုပ်သည့်အတွက် သူ့တွင် မည်သို့သောတန်ဖိုးများယုတ်လျော့သွားသနည်း။

သူ့တွင် မည်သို့မျှ အလုံးအရပ်လျော့မသွားပါ။

အန်ဟွာချူးနှင့် ဆက်ဆံရေးမှာ သူ့ဘဝတွင် အရေးမကြီးကြောင်းကို မိန်စုပင် တွေးလာမိသည်။

ယခုလောလောဆယ် အရေးအကြီးဆုံးမှာ သူ၏ညီမငယ်လွတ်မြောက်ရေးပင်ဖြစ်သည်။

ထို့ကြောင့် .... အန်ဟွာချူးအကြောင်း ဖယ်ထုတ်လိုက်ပြီး ညီမငယ်မိန်ချန်ယူလွတ်မြောက်ရေး၊ ကယ်တင်နိုင်ရေးကို တွေးတောစဉ်းစားတော့သည်။

သူ့ညီမငယ် ကယ်တင်ရေးမှာလည်း ထင်သလောက်မလွယ်ပါ။ အတော်ပင် ခက်ခဲသည့်ကိစ္စဖြစ်နေသည်။

သူသာ သိုင်းပညာတတ်လျှင်တော့ အကြောင်းမဟုတ်ပေ။

ယခု သူက ဘာသိုင်းပညာမျှမတတ်။

သူ့ညီမလေးအား မည်သည့်နေရာတွင်ဖမ်းဆီးချုပ်နှောင်ထားပါသနည်း။



ထိုနေရာကို အရင်သိမှဖြစ်မည်။

ချိန်ယင်ခုန်ကတော့ ဖူချောင်မြို့တွင်း၌ရှိနိုင်ပါသည်ဟု ပြောခဲ့သည်။ ချိန်ယင်ခုန် ခန့်မှန်းပြောကြားသည်သာဖြစ်သည်။

မှားလျှင်လည်း မှားနိုင်သည်။

မှန်သည်ပဲထားဦး။

ဖူချောင်မြို့ မည်သည့်နေရာ၌ရှာရမည်ကို မိန်စုပင်မသိချေ။

နောက်ဆုံး မိန်ချန်ယူအား မည်သည့်အရပ်၌ဖမ်းဆီးထားသည်ဆိုသည်ကို သိပြီဆိုပါတော့။

သူ မည်ကဲ့သို့ ကယ်တင်ပါမည်နည်း။

သူက သိုင်းပညာမတတ်ဘဲရှိသည်မဟုတ်ပါလား။

ရန်သူကို မည်ကဲ့သို့ တိုက်ခိုက်ပါမည်နည်း။

မည်သည့်ရန်သူကမျှ သူ့ကိုမှုမည်မဟုတ်ချေ။

တိုက်ခိုက်ပွဲတွင် သူသာခံရမည်မဟုတ်ပါလော။

ဘယ်သူနှင့်ပင်တိုက်တိုက် သူသာ အရှုံးပေးရမည်။

ရန်သူကိုနိုင်အောင် မတိုက်ခိုက်ဘဲနှင့်တော့ ညီမဖြစ်သူကို ကယ်တင်နိုင်မည်မဟုတ်ချေ။

သူသည် သူ၏ သိုင်းပညာမသင်ခဲ့ရသည်ကို များစွာနှောင်တရမိသည်။

သိုင်းပညာတတ်မြောက်လိုသည့်စိတ်များမှာ ရင်ထဲ၌ တားရေ ဆီးမရပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဖခင်ကြီး သိုင်းပညာသင်ပေးစဉ်က မသင့်ယူခဲ့သည်များမှာ နောင်တရမွယ်ပါတကား။ ယခုတော့ သင်ကြားရတော့မည်။

သိုင်းပညာသင်ကျောင်းတစ်ကျောင်းသို့ တက်ရောက်သင်ကြားရတော့မည်။ တခြားနည်းလမ်း မရှိတော့ပေ။

အဘယ်ကြောင့်ဆိုသော် သူ့အား သိုင်းပညာသင်ကြားပေးမည့်သူ မရှိတော့သောကြောင့်ဖြစ်ပေသည်။ ထို့ကြောင့် မိန်စုပင်သည် သိုင်းကျောင်းတစ်ကျောင်းပြီး တစ်ကျောင်း လျှောက်စုံစမ်းလေတော့သည်။ သို့သော် .... သူမည်သည့်ကျောင်းမျှတက်နိုင်မည်မဟုတ်ချေ။ ကျောင်းတိုင်း အခကြေးငွေကို အဆမတန်တောင်းနေကြသည်။

"ဟင်း ..... သူတို့တောင်းတဲ့ငွေကြေးပမာဏကလဲ များလိုက်တာ၊ ဒီငွေကြေးကို ငါဘယ်တတ်နိုင်မှာလဲ"

သူတို့သံမဏိတံခွန်အဖွဲ့ကြီးပျက်စီးနေချိန်ဖြစ်၍ သူ့တွင် ပေးရမည့်ငွေကြေးမရှိ ဖြစ်နေပေ၏။

ထို့ကြောင့် .... မိန်စုပင်သည် မည်သည့်ကျောင်းမှမသွားနိုင်တော့ဘဲ သစ်ပင်တစ်ပင်အောက်တွင်သာခြေပစ်လက်ပစ်ထိုင်ချလိုက်တော့သည်။ မိန်စုပင် စိတ်ဓာတ်ကျသွားပေပြီ။

❀



## ဓာတ်ကြောင်းပြန်ခြင်း

"ဟေ့ကောင် .... မင်းဘယ်သူလဲ၊ ဒီနေရာမှာ ဘာထိုင်လုပ်နေတာလဲ"

မေးခွန်းများက တရစပ်ပေါ်လာလေ၏။

မိန်စုပင် ခေါင်းမော့ကြည့်လိုက်၏။ မေးခွန်းမေးသူများမှာ အမူးလွန်နေသည့် အမူးသမားလေးယောက်ဖြစ်၏။

ထိုလူလေးယောက်က မိန်စုပင်ကို မျက်ထောင့်နီကြီးများနှင့်ကြည့်နေကြ၏။ မိန်စုပင်မှာ အစစအရာရာ အဆင်မပြေသဖြင့် စိတ်ဓာတ်ကျနေသည်။ အမူးသမားများက ရန်စကားပြောလာသောအခါ သူကရှောင်သည်။

"ကျုပ်လား ..... ကျုပ် ဘာကောင်မှမဟုတ်ပါဘူး သာမန်လက်လုပ်လက်စား တစ်ယောက်ပါ၊ ကျုပ် ဒီနေရာမှာ လာထိုင်ရတာကလဲ မောလို့ထိုင်နားနေမိတာပါ"

www.burmeseclassic.com

www.burmeseclassic.com



မိန်စုပ်က လေသံပျော့ပျော့ဖြင့် ပြောလိုက်သည်။

မိန်စုပင် ပြောသည်ကိုလက်မခံကြပေ။

အရပ်ရှည်ရှည်အမျိုးသမားက မိန်စုပင်၏ဝါးခမောက်ကို ဆွဲယူပြီးလွှင့်ပစ်လိုက်သည်။

"ခင်ဗျားတို့ ဘာလုပ်ကြတာလဲ"

မိန်စုပင်က ဒေါသတကြီးထရပ်ပြီးမေးလေ၏။

"မင်းနဲ့ ဒီခမောက် မလိုက်ပါဘူးကွာ၊ ခမောက်ကသိပ်ကြီးနေတယ်ကွ၊ ဒါကြောင့် ငါကလွှင့်ပစ်လိုက်တာ၊ ဘာလဲ .... မင်းက မကျေနပ်ဘူးလား"

မိန်စုပင်က .....

"ဒါတော့ .... ခင်ဗျားတို့ကျုပ်ကိုသက်သက်စော်ကားတာပဲ၊ ကျုပ်ဟာကျုပ် အေးအေးဆေးဆေးနေတဲ့ဥစ္စာ၊ ခင်ဗျားတို့သက်သက်လာပြီးနှောင့်ယှက်တာပဲ၊ ကျုပ်ခင်ဗျားတို့ကို ဘာမှမပြောဘူး။ ခင်ဗျားတို့က ကျုပ်ရဲ့ခမောက်ကိုသက်သက်လွှင့်ပစ်တယ်"

"အေး .... လွှင့်ပစ်တယ်ကွာ၊ မင်း ဘာလုပ်ချင်သလဲ"

"ဟောဒီလို လုပ်ချင်တယ်ဗျာ"

မိန်စုပင် ဒေါသမထိန်းနိုင်တော့။

သူသည် အရပ်ရှည်ရှည်နှင့်လူကို ပြေးထိုးလိုက်သည်။

"ခွပ် ....."

"အား ....."



"ဒီကောင် ငါ့ကိုထိုးတယ်"

ကျန်အမျိုးသမားသုံးယောက်တို့သည် ဖရိုဖရဲဖြစ်သွား၏။

ထို့နောက် မိန်စုပင်အား ဝိုင်းထိုးကြတော့၏။

အမျိုးသမားလေးယောက်မှာ သိုင်းပညာတတ်သူများ မဟုတ်ရာ အားလုံး ဗလုံးဗထွေးဖြစ်ကုန်တော့သည်။

မိန်စုပင်ကလည်း မည်သူမည်ဝါရွေးမနေတော့ဘဲ မြင်မြင်သမျှကို လက်သီးဖြင့်လှမ်းထိုးသည်။

အမျိုးသမားများလည်း မှုးမှုးရှူးရှူးဖြင့်လှမ်းထိုးသည်။

ထိုအခါ မိန်စုပင်ကို ထိုးမိသည့်အခါ ထိုးမိသည်။

သူတို့အချင်းချင်းထိုးမိသည့်အခါ ထိုးမိတော့သည်။

သူတို့ရန်ဖြစ်ကြသည့်နေရာမှာ လူအသွားအလာပြတ်သောနေရာဖြစ်သဖြင့် ဖျန်ဖြေပေးမည့်သူမရှိဘဲ ဖြစ်နေသည်။

အချိန်ကြာမြင့်လာသောအခါ လေးယောက် တစ်ယောက် တိုက်နိုက်နေရခြင်းဖြစ်၍ မိန်စုပင် အထိနာလာသည်။

မျက်နှာမှာလည်း ညိုမည်းဖူးရောင်လာသည်။

သို့သော် သူသည် ခံနိုင်ရည်ရှိပြီးခွဲကောင်းသူဖြစ်၍ လေးယောက်ကို အချိန်အတော်ကြာသည်အထိ ပြန်လှန်ခုခံနေသည်။

ထိုစဉ် ....

"ဟိတ် .... အားလုံးရပ်လိုက်ကြ"

မာကျောသောအသံမြစ်သံထွက်ပေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အံ့အားသင့်သွားကြသည်။

တိုက်ခိုက်မှုကိုရပ်ပြီး အသံရှင်ကို လှည့်ကြည့်မိကြ၏။

ထိုအခါ စုတ်ပြတ်သောအဝတ်အစားများနှင့် သူတောင်းစားမလေးတစ်ယောက်ကိုတွေ့ရလေ၏။ မိန်စုပင် အံ့အားသင့်သွား၏။

"အံမာ .... ဘယ်သူများ လာတားတယ်မှတ်တယ်၊ လက်စသတ်တော့ သူတောင်းစားက လာအမိန့်ပေးနေတာကိုး"

အမူးသမားများထဲမှ ခပ်ဝဝလူကပြောလိုက်ခြင်းဖြစ်သည်။

သူတို့သည် သူတောင်းစားမက လာအမိန့်ပေးနေသဖြင့် ကျွဲမြီးတိုသွားကြသည်။

သူတောင်းစားမလေးက ....

"ရှင်တို့ကို အမိန့်ပေးနေတာမဟုတ်ဘူး .... တစ်ယောက်နဲ့အများ တိုက်ခိုက်နေတာ ကြည့်မကောင်းလို့ ဝင်တားတဲ့သဘောပါ"

မျက်နှာတွင် ညှဉ်းသိုးသိုးနှင့်အမူးသမားက .....

"နင်ကဝင်တားရအောင် ဒီကောင်ကနင်နဲ့ဘယ်လိုပတ်သက်နေလို့လဲ၊ သူက နင့်ရည်းစားမို့ နင်ကဝင်နာနေတာလား"

သူတောင်းစားမလေး၏မျက်နှာမှာ ရှက်သွေးဖြန်းသွားလေ၏။ သူတောင်းစားမလေးမှာ သူညီမ မိန်ချန်ယူလောက်ပင်ရှိမည်။

အသက်နှစ်ဆယ်ပင် ပြည့်ဦးမည်မဟုတ်ချေ။

မိန်ချန်ယူကဲ့သို့ ရုပ်ချောသည်။ သို့သော် အဝတ်အစားများကဟောင်းနွမ်းစုတ်ပြတ်နေသဖြင့် ရုပ်ရည်မှာမပေါ်လွင်ဘဲရှိသည်။



"ရှင်တို့ မိုက်ရိုင်းလှချည်လား၊ ကျွန်မက သူနဲ့ ဘယ်လိုမှမပတ်သက်ဘူး၊ ရှင်တို့ မတရားဝိုင်းထိုးနေတာကို ကြည့်မကောင်းလို့ဝင်တားတာ၊ သူ့ကို ကျွန်မကမြင်တောင်မမြင်ဖူးဘူး"

သူတောင်းစားမလေးက ဒေါသနှင့်အော်ပြောလေ၏။

ပိန်ပိန်ရှည်ရှည်အမူးသမားက ....

"ဒါဆိုရင်လဲ မင်းလမ်းမင်းသွားပေါ့၊ ငါတို့ကိစ္စကို ဘာလို့ဝင်ရှုပ်နေရတာလဲ"

"ကျွန်မ ပြောပြီးပါပကော၊ မတရားတာမြင်ရင် လက်ပိုက်ကြည့်မနေနိုင်ပါဘူးလို့ဆိုနေမှ"

အမူးသမားလေးယောက်၏မျက်နှာထားများ တင်းမာသွားကြသည်။

"ဩော် ..... မင်းက ကယ်တင်ရှင် သူ့ရဲကောင်းကြီးဝင်လုပ်ချင်နေတာကိုး၊ ကောင်းပြီလေ .... ဒီလိုဆိုတော့လဲ ငါတို့အကြောင်းပြရသေးတာပေါ့ကွာ"

ပိန်ပိန်ရှည်ရှည်လူသည် သူတောင်းစားမလေးကို လျှပ်တစ်ပြက် ဝင်တိုက်လိုက်၏။ သို့သော် ....

သူ့တိုက်ခိုက်မှုက သူတောင်းစားမလေးကို မထိချေ။

သူတောင်းစားမလေး၏ခြေကန်ချက်ကသာ သူ့ဝမ်းဗိုက်ကိုတည့်တည့်မတ်မတ်ဝင်လာ၏။

"အိုး ....."

www.burmeseclassic.com

www.burmeseclassic.com



"ဘုတ် ....."

"အွန့် ....."

အမှူးသမားမှာ မြေပေါ်သို့ဝုန်းခနဲကျသွား၏။

"ဟင် .... မင်း .... မင်း .... ဘယ်လို လုပ်လိုက်တာလဲ၊ ငါ့သူငယ်ချင်းကို ဘယ်လိုလုပ်လိုက်တာလဲ"

ခပ်ဝဝလူကပြောလိုက်၏။

သူတောင်းမလေးက .....

"ရှင်တို့သူငယ်ချင်းက အိပ်ချင်တယ်ဆိုလို့ ကျွန်မကလှဲသိပ်ပေးလိုက်ရတာ၊ ရှင်တို့ကော မအိပ်ချင်ကြဘူးလား"

"အေး.... ငါတို့ကတော့မအိပ်ချင်ဘူး၊ မင်းကိုမထနိုင်အောင်လှဲသိပ်ပေးရမှာ"

"ကဲ.... ကဲ.... ဒါဖြင့်လဲ ကျွန်မကိုလှဲသိပ်နိုင်အောင် ကြိုးစားကြပါဦး"

"ကဲ .... လာပြီဟေ့"

ခပ်ဝဝလူသည် သူတောင်းစားမလေးထံသို့ ပြေးဝင်သွားပြီး လက်သီးဖြင့်ထိုးလိုက်၏။

သူတောင်းစားမလေးသည် .... ကိုယ်ကိုတစ်ခြမ်းစောင်း၍ ရှောင်လိုက်ပြီး .... လူဝကြီး၏လက်ကို ဆွဲကိုင်ကာ ကိုင်မြှောက်ပစ်လိုက်သည်။

"ဗိုး ....."



"ဘုံး ....."

လူဝကြီးမှာ သစ်ပင် ပင်စည်နှင့်ဆောင့်မိပြီး ပြန်မထနိုင်တော့ချေ။ သူတောင်းစားမလေးက ကျန်နှစ်ယောက်ကို ကြည့်လိုက်လေ၏။

ကျန်နှစ်ယောက်မှာ အမှူးပြေသွားလေပြီ။

"ကဲ .... ရှင်တို့ ကျွန်မကိုခိုးမချင်သေးသလား"

အမှူးသမားနှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။

သူတို့သည် မာန်သွင်းအော်ဟစ်ကာ သူတောင်းစားမလေးဆီသို့ ပြေးလာကြတော့၏။

ထို့နောက် .... ဘယ်ညာလက်သီးအစုံဖြင့် တိုက်ခိုက်ကြလေတော့သည်။

သိုင်းပညာမတတ်သူများဖြစ်၍ ဗရမ်းဗတာရှိလှသည်။

သူတောင်းစားမလေးသည် ခုန်ပျံရှောင်တိမ်းသွား၏။

အရှောင်တွင် ခြေနှစ်ဖက်ကို နှစ်ဆင့်ကန်ပစ်ခဲ့သည်။

"ဗိုး ....."

"ဘုန်း ....."

"ဝုန်း ....."

အမှူးသမားနှစ်ယောက်မှာ မြေပေါ်သို့ ဝုန်းခနဲ ဝုန်းခနဲလဲကျကာ ငြိမ်သက်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း .... ဟင်း .... ဟင်း ...."

သူတောင်းစားမလေးက ရယ်လိုက်သည်။ မိန်စုပင်က သူတောင်းစားမလေးကို ပြုံးပြလိုက်သည်။

သူတောင်းစားမလေးက တစ်ချက်မျှ လှမ်းကြည့်ကာ လှည့်ထွက်သွားတော့၏။

မိန်စုပင်သည် အပြေးကလေးလိုက်သွားရ၏။

"ဟေ့ .... ဒီမှာခဏနေပါဦး"

သူတောင်းစားမလေးက သူ့ခေါ်သံကြောင့် ဆက်မသွားတော့ဘဲရပ်နေသည်။

မိန်စုပင်သည် သူတောင်းစားမလေးအနား ရောက်သွားမှ အပြစ်တင်လိုက်သည်။

"မင်းကလဲ တယ်ပြီးလောကြီးတာကိုး .... စကားလေး ဘာလေးပြောကြရအောင် ထွက်သွားတာမြန်လိုက်တာ"

"ဘာစကားတွေပြောမလို့လဲ"

"ဟို .... ဟို .... မင်း ကူညီတဲ့အတွက် ကျေးဇူးတင်စကား ပြောမလို့ပါ"

"ဩော် .... ဒါလား၊ ကိစ္စမရှိပါဘူး၊ ကြုံတုန်းကူညီရတာပဲ၊ ဘာမှအပန်းမကြီးပါဘူး"

"ဘာပဲဖြစ်ဖြစ်ပေ့ါ၊ ကျေးဇူးတင်တာကတော့ ကျေးဇူးတင်တာပါပဲ၊ ဒါနဲ့ တစ်ဆိတ်လောက် မင်းနာမည်လေးတော့ သိပါရစေ"



"ကျွန်မနာမည် တာလင်းပါ"

"ဩော် .... တာလင်းတဲ့လား၊ တွေ့ရတာဝမ်းသာပါတယ်၊ ငါ့နာမည်ကမိန်စုပင်တဲ့"

"သိပါတယ်၊ ရှင်က သံမဏိတံခွန် အာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့ကမဟုတ်လား"

သူ့အားကြိုတင်သိနေသဖြင့် အံ့အားသင့်သွားသည်။

"မင်းကငါ့ကိုသိနေတာကိုး"

"ရှန်စီးနယ်မှာ၊ အကျော်ကြားဆုံးဖြစ်နေတဲ့ သံမဏိတံခွန်အဖွဲ့ကို ကျွန်မက မသိဘဲရှိမလားရှင့်"

"သံမဏိတံခွန်လုပ်ငန်းကို မင်းသိနေတာမဆန်းပါဘူး၊ ငါက ငါတို့အဖွဲ့မှာပါဝင်ပြီး အလုပ်လုပ်တာ မရှိသေးလောက် အင်မတန်နည်းပါတယ်၊ ဒါကြောင့် ငါ့နာမည်ကိုသိနေလို့ အံ့ဩတာပါ"

"ဒါလဲ ဘာမှအံ့ဩစရာမရှိပါဘူးရှင်၊ သံမဏိတံခွန်အဖွဲ့နဲ့အတူ ရှင်တို့သားအဖရဲ့နာမည်တွေဟာလဲ တစ်နယ်လုံးမှာ ဟိုးဟိုးကျော်နေတာပဲဥစ္စာ၊ ရှင်တို့သားအဖနာမည်ကိုသိတာမဆန်းပါဘူး၊ နောက်ပြီး ဖူချောင်မြို့ပေါ်မှာလဲ ရှင့်ကိုနှစ်ခါသုံးခါလောက်မြင်ထားတာဥစ္စာ"

"ဩော် .... ဒါကြောင့် ချက်ချင်းမှတ်မိသွားတာကိုး ဒါနဲ့ မင်း ဟိုလူတွေကိုပြောတုန်းကတော့ ငါ့ကိုတစ်ခါမှ မမြင်ဖူးဘူးဆို"

"ဒါကတော့ ဒီလိုပြောမှအဆင်ပြေမှာကိုး ဟဲ .... ရှင် ကျွန်မ

burmeseclassic.com

www.burmeseclassic.com



ကိုကျေးဇူးတင်တဲ့အကြောင်း ပြောပြီးပြီမဟုတ်လား"

"နေ .... နေပါဦး တာလင်း"

မိန်စုပင်က ပျာပျာသလဲတားလိုက်သောကြောင့် တာလင်းမှာ အသွားရခက်သွားသည်။

"ဘာပြောဦးမလို့လဲ"

"မင်းကို မေတ္တာရပ်ခံစရာရှိလို့ပါ"

"မေတ္တာရပ်ခံစရာ ဘာများလဲရှင်"

"ငါ သိုင်းပညာမတတ်ဘူးဆိုတာ မင်းသိပါတယ်နော်"

"သိပါတယ်ရှင်၊ ရှင်တို့ ထိုးကြိတ်နေတာကိုကြည့်တာနဲ့ပဲ ရှင် သိုင်းပညာမတတ်ဘူးဆိုတာ ကျွန်မ သိပါတယ်"

"အဲဒါ ငါညှို့ခဲ့တာပါ .... သံမဏိတံခွန်အဖွဲ့ကြီးရဲ့ အဖွဲ့သားတစ်ယောက်ဖြစ်နေပြီး သိုင်းပညာမတတ်တာကို မင်းအံ့သြမယ်ဆိုရင် အံ့သြလောက်ပါတယ်၊ ငါကလဲ ငါ့အဖေသင်ကြားပေးခဲ့တဲ့ သိုင်းပညာကို မသင်ယူခဲ့ပါဘူး၊ အခု သိုင်းပညာမတတ်လို့ ခံလိုက်ရတာ မင်းအမြင်ပါပဲ .... ခုနကတိုက်ခိုက်ခဲ့တာကိုကြည့်ရင်း မင်းဟာ သိုင်းပညာတတ်တယ်ဆိုတာထင်ရှားနေပါတယ်၊ ကျေးဇူးပြုပြီး ငါ့ကို သိုင်းပညာသင်ပေးပါ"

မိန်စုပင်က တောင်းပန်ပြောကြားလိုက်သည်။

တာလင်းသည် မျက်မှောင်လေးကုပ်သွားပြီး .....

"ဘယ်လို ကျွန်မက ရှင့်ကိုသိုင်းပညာသင်ပေးရမယ်ဟုတ်



လား၊ ကျွန်မက သိုင်းပညာ ဟုတ်တိပတ်တိတတ်တာမဟုတ်ဘဲ"

"မင်းကလဲ မင်းပညာကိုဖုံးကွယ်နေပြန်ပြီ"

"တကယ်ပြောတာပါ၊ ကျွန်မက သိုင်းပညာအဆင့် ဘာမှမရှိတာပဲ .... ဟိုလူလေးယောက်ကိုနိုင်လို့ အထင်ကြီးသွားတာဆိုရင်တော့ ရှင်နောင်တရလိမ့်မယ်၊ ဒီလူလေးယောက်က ဘာသိုင်းပညာမှတတ်တာမှမဟုတ်ဘဲ၊ ဒီကြားထဲ အရက်မူးနေသေးတယ်၊ ဒီတော့ ကျွန်မက ကောင်းကောင်းဆုံးမနိုင်တာပေါ့"

"ငါကတော့ သူတို့ကိုအသေအလဲချရတာပဲ"

တာလင်းသည် မိန်စုပင်၏ညိုမည်းဖူးရောင်နေသော ဒဏ်ရာကိုကြည့်လိုက်ပြီး တခစ်ခစ်ရယ်လေ့တော့၏။

"ရယ်မနေပါနဲ့၊ ငါတောင်းပန်တဲ့ကိစ္စကိုပြောပါဦး"

"အဲဒါခက်တာပဲ၊ ကျွန်မ သိုင်းပညာ ဟုတ်တိပတ်တိ မတတ်ပါဘူးဆိုနေမှပဲ"

"မင်း တတ်သလောက်သာသင်ပေးပါ"

"ရှင် တော်တော်စွဲကောင်းပါလား"

"ငါ့မှာ သိပ်အရေးကြီးတဲ့ကိစ္စရှိနေလို့ပါ၊ အရေးကြီးတဲ့ကိစ္စမရှိရင် မတောင်းပန်ပါဘူး"

"ဘာအရေးကြီးတဲ့ကိစ္စလဲ .... နောက်တစ်ခါ လူဆိုးလူသိုက် လူရမ်းကားတွေနဲ့တွေ့ရင် အလွယ်တကူအနိုင်လိုချင်လို့လား"

"ဟ .... မဟုတ်ပါဘူး၊ ငါ့ကိစ္စက သိုင်းပညာမှမတတ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှမဖြစ်နိုင်လို့ပါ"

သူ့ကိစ္စကို တာလင်းစိတ်ဝင်စားလာသည်။

"သိပ်အရေးကြီးတယ်ဆိုတဲ့ရှင့်ကိစ္စ ကျွန်မကိုပြောမပြနိုင်ဘူးလား"

"ငါ့ကိစ္စ မင်းကိုရှင်းပြဖို့ စိတ်ကူးထားပါပြီ၊ ငါပြောပြရင် မင်းက သိုင်းပညာသင်ပေးမယ်မဟုတ်လား"

"သင်ပေးသင့်ရင်တော့ သင်ပေးရမှာပေါ့၊ ရှင်ပြောပြတာကို မသိရသေးဘဲနဲ့တော့ ကြိုပြီး အာမမခံနိုင်ဘူး"

"အေးလေ .... မင်းပြောတာ သဘာဝကျပါတယ်၊ ငါ့ကိစ္စ မင်းကိုပြောပြရင် မင်းဟာ သိုင်းပညာသင်ပေးမှာမုချပါ၊ ငါကြုံတွေ့နေရတဲ့အခက်အခဲကိုပြောပြပါ့မယ်၊ ဒီမှာပြောလို့ မကောင်းပါဘူး၊ တော်ကြာ ဟိုလေးယောက်က သတိပြန်ရလာဦးမယ်၊ တိုက်ရခိုက်ရဖြစ်နေရင်မကောင်းဘူး၊ ငါတို့တစ်နေရာရာမှာသွားပြောကြရအောင်"

"အို .... ဒီအတွက်တော့ ဘာမှစိတ်မပူပါနဲ့၊ သူတို့က ညနေစောင်းလောက်မှ ထလာနိုင်မယ့်လူတွေပါ၊ တကယ်လို့ စောစောစီးစီး ထလာနိုင်ရင်လဲ ကျွန်မနောက်တစ်ကြိမ် လှဲသိပ်ပေးနိုင်ပါတယ်"

"ဟာ .... မဟုတ်ဘူး၊ ငါက ငါ့အကြောင်းကို သေသေချာချာပြောပြချင်တာပါ၊ နီးရာစားသောက်ဆိုင်တစ်ဆိုင်ဆိုင်မှာ ထိုင်ပြောရရင်ကောင်းမယ်"

"ရှင် သိပ်သွားချင်နေတယ်ဆိုရင်လဲ သွားပါ .... ဒါပေမယ့်



ကျွန်မမှာတော့ ပိုက်ဆံလုံးဝမပါဘူးနော်၊ ခုကတည်းက ကြိုပြောထားတာ၊ တော်ကြာ ပိုက်ဆံပေးကာနီးကျမှ ပြဿနာပေါ်ရင် ဆိုင်ရှင်က ရိုက်ထုတ်နေဦးမယ်"

မိန်းစုပင်က ကတ္တီပါအိတ်ရှုံ့လေးကို ဆွဲထုတ်ပြီး ....

"ဒီမှာတွေ့လား စိတ်ချပါ၊ အစားအသောက်ဆိုင်ထဲကို ပိုက်ဆံမပါရင် ငါဘယ်တော့မှမဝင်ပါဘူး"

"ဒါဖြင့်လာ သွားမယ်"

တာလင်းသည် ဦးဆောင်ထွက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်လ ....

တစ်လဆိုသော အချိန်မှာ ကြာမြင့်လှသည် မဟုတ်ပါ။ မိန်စုပင်သည် တာလင်းထံမှ ပညာရပ်များကို အပတ်တကုတ်ကြိုးစား သင်ယူခဲ့လေသည်။

သိုင်းပညာလေ့ကျင့်ခြင်းမပြုသော ကာလများတွင် သူ့ညီမလေးနှင့် သူ့အဖေသတင်းကို အဆက်မပြတ် စုံစမ်းနေလေ၏။

သို့သော် သတင်းအစအန မည်သည့်အရပ်ကမျှ မရချေ။

တာလင်းထံမှ သိုင်းပညာသင်ယူခဲ့သည့် တစ်လပြည့်သော နေ့တွင် တာလင်းက သင်ကြားပြသပြီးသမျှ သိုင်းကွက်များကို ပြန်လည်ကစားပြနိုင်ခဲ့သည်။

မိန်စုပင်ကလည်း သေသေသပ်သပ်နှင့် မြန်မြန်ဆန်ဆန်ပင် ကစားပြလိုက်သည်။

"အင်း .... ရှင်က မှတ်ဉာဏ်အတော်ကောင်းတာပဲ၊ တစ်လဆိုတာ ဘယ်လိုမှ အချိန်ရှိတာ မဟုတ်ဘူး၊ ဒီတစ်လအတွင်းမှာ ကျွန်မသင်ကြားပေးခဲ့သမျှကို ရှင်အပြည့်အဝရယူနိုင်ခဲ့ပါတယ်"

မိန်စုပင်မှာ ဝမ်းမြောက်နေသည်။

"တာလင်း ..... ငါသိုင်းပညာကို ကြိုးကြိုးစားစား သင်ရတာပေါ့၊ ငါ့ညီမလေး လွတ်မြောက်ဖို့လဲ ကြိုးစားရတယ်၊ ငါ့အဖေ သတင်းကိုလဲ စုံစမ်းရတယ်၊ ဒီကိစ္စတွေကို ဆောင်ရွက်တဲ့နေရာမှာ ငါဟာ သိုင်းပညာမတတ်ရင် မဖြစ်ပါဘူး"



တာလင်းက ခေါင်းတညိတ်ညိတ်ဖြင့် နားထောင်နေသည်။

သူသည် မိန်စုပင်၏ ဘဝဇာတ်ကြောင်းကို သိရှိပြီးဖြစ်သဖြင့် သူတတ်သမျှ သိုင်းပညာများကို အစွမ်းကုန်သင်ကြားပေးနေသည်။

"ရှင့်ညီမလေး ဒီမြို့မှာရှိနေတယ်ဆိုတာကော သေချာရဲ့လား"

"သေတော့ မသေချာဘူး၊ ဒါပေမယ့် ရှိနေနိုင်တယ်လို့ ယူဆလို့ရပါတယ်"

"ရှင့်အဖေကိုကော လိုက်ရှာလို့လွယ်ပါ့မလား"

"ဒါကတော့ မလွယ်ပါဘူး၊ သူ ဇာတ်မြုပ်မယ့်နေရာကို လုံးဝပြောပြမသွားတော့ ငါတို့အဖို့ ရှာရတာ အင်မတန်ခက်ပါတယ်၊ ဒါပေမယ့် ငါ့အဖေအတွက်တော့ ငါလုံးဝမပူပါဘူး၊ သူ့ကိုလူတိုင်းက သေပြီလို့ ယူဆထားတော့ ငါ့အဖေမှာ ဘာအန္တရာယ်မှ မရှိနိုင်ပါဘူး၊ ငါစိုးရိမ်မိတာက ညီမလေးမိန်ချုန်ယူအတွက်ပါ၊ သူတို့ဟာ ငါ့ကို တောင်နှိပ်စက်ကြသေးတော့ ညီမလေးမိန်ချုန်ယူဆိုရင်တော့ ပြောစရာမရှိဘူး"

"နှိပ်စက်ရုံဆိုရင်တော့ တော်သေးတာပေါ့၊ တော်ကြာ စိတ်မရှည်ဘဲသတ်ပစ်လိုက်ကြရင် ဘာမှတတ်နိုင်မှာမဟုတ်ဘူး"

တာလင်းက ထိုသို့ပြောလိုက်သည့်အခါ မိန်စုပင်မှာ ဆိတ်ခနဲဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကျမ်းရှိသည့်နေရာကို သူတို့မေးနေကြသည်။ မိန့်ချန်ယွမှာ ခေါင်းခါမည်သာဖြစ်သည်။ ထိုအခါ ဒေါသထွက်ပြီး သူ့ညီမလေးကို သတ်ပစ်နိုင်သည်။ မိန့်စုပင် တုန်လှုပ်ချောက်ချားသွားလေ၏။

တာလင်းက မိန့်စုပင်ကိုကြည့်လိုက်ပြီး ......

"ရှင် သိပ်စိုးရိမ်သွားတယ်နဲ့တူတယ်၊ မစိုးရိမ်ပါနဲ့၊ ကျွန်မက အစိုးရိမ်ဆုံး အခြေအနေကိုကြိုတွေးပြီး ပြောလိုက်တာပါ၊ သူတို့သိုင်းကျမ်းနေရာကိုမသိဘဲနဲ့ ရှင့်ညီမလေးကို သတ်မပစ်ကြသေးပါဘူး"

"အင်း ...... မင်းခုလိုပြောလိုက်မှ ရှင်ထဲကအပူ နည်းနည်းသက်သာသွားတယ်၊ ငါ့ညီမလေးကိုသာ သူတို့သတ်ပစ်ရင် သူတို့ကို ငါမဖြစ်ဖြစ်တဲ့နည်းနဲ့ လက်စားချေမယ်"

မိန့်စုပင်က ကြုံးဝါးလိုက်၏။ တာလင်းက ပြုံးလိုက်သည်။ ထိုအပြုံးကို မိန့်စုပင်က မြင်သည်။

"မင်းက ဘာပြုံးတာလဲ"

"မဟုတ်ပါဘူးရှင်၊ ကျွန်မက ရှင်သတ္တိရှိတာကို ကျွန်မသိပါတယ်၊ ဒါပေမယ့် ရန်သူနဲ့ယှဉ်တဲ့နေရာမှာ သတ္တိရှိတာ တစ်ခုတည်းနဲ့ မလုံလောက်သေးဘူးရှင့်၊ ကိုယ်နဲ့ ရင်ဆိုင်ရမယ့်သူရဲ့ သိုင်းပညာအဆင့်ကို ကိုယ်နဲ့ယှဉ်ကြည့်ရမယ်၊ ကိုယ်သိပ်နိမ့်နေရင်တော့ ဘယ်လိုမှ မယှဉ်သင့်ဘူး၊ အခု ရှင်က အလျင်ကထက် သိုင်းပညာနည်းနည်းပိုတတ်လာတာတော့မှန်တယ်၊ ဒါပေမယ့် ချိန်လီကျန်ရဲ့အဆင့်နဲ့ ယှဉ်ကြည့်လိုက်ရင်တော့ ဆင်နဲ့ပုရွက်ဆိတ်လောက်ကို ကွာခြားနေတယ်



ချိန်လီကျန်ကို ရှင်ဘယ်လိုမှ အနိုင်မယူနိုင်ဘူး၊ ရှင်မပြောနဲ့ ကျွန်မတောင် ချိန်လီကျန်ကို မယှဉ်နိုင်ဘူး၊ အို ...... ကုန်ကုန်ပြောလိုက်မယ်၊ ထိပ်တန်သိုင်းပညာရှင်ဖြစ်တဲ့ ရှင့်အဖေဖြစ်တဲ့ မိန့်ဂူးချန်တောင် သူ့ကိုနိုင်အောင် မတိုက်နိုင်ခဲ့ဘူး မဟုတ်လား"

တာလင်းက နှိုင်းယှဉ်ပြလိုက်သောအခါ မိန့်စုပင် စိတ်ဓာတ်ကျသွားသည်။

တာလင်းပြောသည်မှာ အမှန်ချည်းဖြစ်သည်။ ချိန်လီကျန်က ထိပ်တန်းသိုင်းပညာရှင်။ မိမိက ယခုမှ သိုင်းပညာစသင်သူ။

သူ့အဖေမိန့်ဂူးချန်ပင် ကံကောင်း၍ အသက်မသေခဲ့ပေ။

"ခုပုံအတိုင်းဆိုရင် ချိန်လီကျန်ကို ယှဉ်နိုင်ဖို့မလွယ်သေးဘူး၊ သူ့ကိုယှဉ်နိုင်ဖို့ကိုလဲ စဉ်းစားမရအောင်ဖြစ်နေတယ်"

တာလင်းက ......

"စိတ်မပျက်ပါနဲ့ရှင်၊ ကုသိုလ်ကံပေးလာရင် ရှင်လဲထိပ်တန်းသိုင်းပညာရှင်ကြီးတစ်ယောက်နဲ့ တွေ့ချင်တွေ့မှာပေါ့၊ ထိပ်တန်းသိုင်းပညာတွေကို ရှင်ဖြတ်လမ်းက သင်ယူတတ်မြောက်ချင်လဲ တတ်မြောက်မှာပေါ့၊ အဲဒီအခါကျရင် ရှင် ချိန်လီကျန်ကို ယှဉ်နိုင်တဲ့အနေအထားရောက်ချင် ရောက်သွားမှာပေါ့"

တာလင်း၏စကားများသည် သူ့အား အားပေးသည့်စကားများဖြစ်သော်လည်း ထိုစကားအတိုင်း ဖြစ်လာဖို့တာ မလွယ်သည်ကို တာလင်းကိုယ်တိုင် သိပြီးဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကြိုတင်မမြင်နိုင်သေးသော သူ့အနာဂတ်ကို မျှော်တွေးရင်း မိန်းမစပင်တစ်ယောက် သက်ပြင်းတစ်ချက်ကိုသာ ချမိတော့သည်။

၀

ရှန်စီး နယ်စားကြီးဝမ်ကျိုးဝေသည် ဖန်ရှာမြို့၌ အိမ်တော်ကြီးနှင့်နေထိုင်၏။

ဖန်ရှာမြို့သည် ဖူချောင်မြို့သို့ နေ့ဝက်ခရီးမျှ သွားရလေ၏။ ဝမ်ကျိုးဝေသည် မြင့်မားသော အရပ်၊ ကြံ့ခိုင်သော ကိုယ်ကာယရှိသူဖြစ်ပြီး နှုတ်ခမ်းမွေးကားကားဖြင့် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမော စကားပြောတတ်သူဖြစ်၏။

ယခု ဝမ်ကျိုးဝေသည် ဧည့်ခန်းထဲတွင် တစ်ယောက်တည်း ထိုင်ကာ အရက်သောက်နေ၏။

မှောင်ရီပျိုးစအချိန်ဖြစ်၍ အိမ်တော်တွင် အစောင့်များ လှုပ်လှုပ်ရှားရှားဖြင့် တာဝန်ထမ်းဆောင်နေပေပြီ။

ထိုအချိန်မှာပင် တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံကို ဝတ်ဆင်ထားသော လူတစ်ယောက်သည် အိမ်တော်ခြံဝင်းအနီးသို့ ချဉ်းကပ်လာလေ၏။

သူသည် ပတ်ဝန်းကျင်ကို လေ့လာပြီးသောအခါ အိမ်တော်ဆီသို့ ကိုင်းကျနေသည့် သစ်ပင်ကြီးပေါ်သို့ လှမ်းတက်လေတော့၏။

ထို့နောက် အိမ်တော်အမိုးစွန်းသို့ ခုန်ကူးလိုက်၏။

ထို့နောက် တံစက်မြိတ်မှ အိမ်ထဲသို့လစ်ခနဲခုန်ဝင်တိုက်



တော့သည်။ စကားပြောနေသော အစောင့်နှစ်ဦးနှင့် ဝတ်စုံနက်သည် ထိပ်တိုက်တိုးမိလေတော့၏။

"ဟာ ....."

အစောင့်နှစ်ဦးမှာ ထိုမျှသာအော်နိုင်သည်။ အကြောင်းမှာ ဝင်ရောက်လာသောဝတ်စုံနက်သည် ထိုလူနှစ်ဦး၏ သွေးကြောများကို ထိုးပိတ်လိုက်သောကြောင့်တည်း။

အစောင့်နှစ်ယောက်သည် ဝုန်းဝုန်းနှင့်ပြိုကျသွား၏။ ဝတ်စုံနက်သည် အခန်းထဲသို့ လှမ်းဝင်သွားလေတော့၏။

နယ်စားကြီးသည် အခန်းထဲသို့ ရုတ်တရက်ဝင်လာသည့် ဝတ်စုံနက်ကို မမှိတ်မသုန်စိုက်ကြည့်လိုက်၏။ သူသည် ပါးလျားသော ကိုယ်ခန္ဓာရှိသူဖြစ်၍ မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိလေသည်။

"မင်း ဘယ်သူလဲ"

ဝမ်ကျိုးဝေက အရက်ခွက်ကို ပြန်ချရင်း မေးမြန်းလိုက်လေ၏။ ဝတ်စုံနက်က ပြန်လည်ဖြေကြားခြင်းမပြုဘဲ ဦးခေါင်းကိုငုံ့ထားသည့်အဝတ်နက်ကြီးကို ဆွဲချွတ်လိုက်၏။

ထိုအခါ လွန်စွာချောမောလှပသည့် မိန်းမပျိုလေးတစ်ဦးဖြစ်နေသည်ကို တွေ့ရှိရတော့သည်။ အသက်အားဖြင့် နှစ်ဆယ်ကျော်ရှိဦးမည့်ပုံမပေါ်ပေ။

"မိန်းကလေး ..... မင်းဘ ဘာကြောင့် မိုးကြောင်ခိုးဝှက်

www.burmeseclassic.com

www.burmeseclassic.com



ဝင်လာရတာလဲ၊ ကျုပ်ကိုတွေ့ချင်တယ်ဆိုရင် ခြံဝကအစောင့်တွေကိုအသိပေးပြီး ဝင်လာသင့်တယ်"

မိန်းကလေးက ပြုံးလိုက်သည်။

"ကျွန်မက ဘယ်သူ့မှ ဂရုမစိုက်ပါဘူးရှင်၊ ဒါကြောင့် နယ်စားကြီးရဲ့ အိမ်တော်ထဲဝင်လာတာပါ"

"မင်း ဘယ်သူလဲ၊ ဘာကိစ္စနဲ့ ဝင်လာတာလဲဆိုတာ ငါသိချင်တယ်"

"နယ်စားကြီး သိချင်တယ်ဆိုရင်တော့ ပြောရမှာပေါ့ရှင်၊ ကျွန်မနာမည်က ချိန်ယင်ခုန်ပါ၊ လိပ်ပြာနှုတ်သိုင်းသမားချိန်လီကျန်ရဲ့သမီး ဆိုပါတော့"

ဝမ်ကျိုးဝေ၏ ထူထဲသောမျက်ခုံးနှစ်ဖက်သည် အထက်သို့ မြင့်တက်သွား၏။

"မင်းဟာ ချိန်လီကျန်ရဲ့သမီးဟုတ်လား၊ မင်းအဖေကို သိုင်းကျမ်းလုယူတဲ့အမှုနဲ့ ဘုရင်မင်းမြတ်က အမျက်တော်ရှနေတယ်ဆိုတာ မင်းသိတယ်မဟုတ်လား"

"သိပါတယ်ဝမ်ကျိုးဝေ၊ အဲဒီကိစ္စအတွက် စာရင်းရှင်းချင်လို့ ကျွန်မ နယ်စားကြီးဆီရောက်လာခဲ့တာပဲ"

"ဟား ...... ဟား ...... ဟား ...... စာရင်းရှင်းမယ်ဟုတ်လား၊ မင်းက ဘာတွေများ စာရင်းရှင်းမှာလဲ၊ ဘုရင်မင်းမြတ်ရဲ့သိုင်းကျမ်းကို မင်းအဖေက လုယူသွားတယ်၊ အဲဒီကိစ္စ လယ်ပြင်မှာ ဆင်သွားသ



လို ထင်ရှားနေတာပဲဥစ္စာ၊ မင်းအဖေလက်ချက်နဲ့ ကျုပ်ရဲ့ အခင်ခင် အရင်းနှီးဆုံး မိတ်ဆွေကြီး မိန်ဂူးချန်တောင် ကျဆုံးသွားခဲ့ရတယ်မဟုတ်လား"

ချိန်ယင်ခုန်သည် ဝမ်ကျိုးဝေ၏စကားကို လက်မခံပေ။ ခေါင်းကိုသွက်သွက်ခါယမ်းသည်။

"နယ်စားကြီး ...... ဒီလိုပြောလို့ ဘယ်ရမလဲ၊ ကျွန်မအဖေဟာ တာဝယ်တော့ နာမည်ကြီး ထမင်းငတ်ပါ၊ ကျွန်မအဖေ သေတ္တာကိုလုယူပြီး ဖွင့်ကြည့်တော့ အထဲမှာ ဘာမှမရှိဘူး၊ စာအုပ်ထူကြီး တစ်အုပ်ပါလာတယ်၊ ဒါပေမယ့် သိုင်းကျမ်းတော့ မဟုတ်ဘူး"

"ဒါဆို ကျုပ်မိတ်ဆွေ မိန်ဂူးချန်က တစ်နေရာရာမှာ သိုင်းကျမ်းကို ဝှက်ထားလိုက်တယ်လို့ ဆိုတာလား"

ချိန်ယင်ခုန်က ခေါင်းယမ်းလိုက်သည်။

"ဟင့်အင်း ...... ကျွန်မ အဲသလို မထင်ပါဘူး၊ မိန်ဂူးချန်ဆိုတဲ့လူကြီးက လူကြီးလူကောင်းပဲဥစ္စာ၊ ဒီလိုကောက်ကျစ်တဲ့ အကြံအစည်မျိုး လုပ်မှာမဟုတ်ဘူး"

"ဒါဖြင့် သိုင်းကျမ်းက ဘယ်ကိုပျောက်သွားတာလဲ၊ ရှင်းစမ်းပါဦး"

နယ်စားကြီးက မေးလိုက်၏။

ချိန်ယင်ခုန်သည် နှုတ်ခမ်းကလေး တွန့်ရုံပြုံးလိုက်ပြီး ......

"သိုင်းကျမ်းက သေတ္တာထဲမှာပါကို မလာတာပါ၊ မိန်ဂူးချန်

www.burmeseclassic.com



သယ်လာတော့ ကျွန်မအဖေက ထပ်လုလိုက်တယ်၊ အမှန်တော့ မိန်ဂူးချန်ရော ကျွန်မအဖေရော တစ်ပတ်ရိုက်ခံလိုက်ရတာပဲ၊ တစ်နည်းပြောရရင်တော့ လှည့်စားခံလိုက်ကြရတာပဲ"

"ဘယ်သူက လှည့်စားတာလဲ၊ မိန်းကလေးရဲ့"

"လှည့်စားတဲ့လူ တစ်ပတ်ရိုက်တဲ့လူက တခြားသူမဟုတ်ပါဘူး၊ နယ်စားကြီးပါပဲ"

နယ်စားကြီးဝမ်ကျိုးဝေ၏ မျက်နှာမှာ တဒင်္ဂအတွင်းခက်ထန်သွား၏။ ထိုနေရာမှ ဝုန်းခနဲထရပ်လိုက်သည်။ ပြီးမှ ချိန်ယင်ခုန်အား ဒေါသခိုးများလွှမ်းနေသောမျက်လုံးများဖြင့် ကြည့်သည်။

"မိန်းကလေး ...... မင်းစကားက တဖြည်းဖြည်း ကျုပ်ကိုစော်ကားနေပြီ၊ သိုင်းကျမ်းကိုလုယက်တာက မင်းအဖေ၊ သူခိုးလို့စွပ်စွဲတာက ကျုပ်ဖြစ်နေတယ်၊ ကဲ ...... မိန်းကလေး၊ ကျုပ် ဒေါသမထွက်ခင်မှာ အမြန်ဆုံးပြန်ထွက်ပေတော့"

နယ်စားကြီးဝမ်ကျိုးဝေက နှင်ထုတ်သော်လည်း ချိန်ယင်ခုန်မှာ ထိုနေရာမှ တစ်လက်မမျှ မရွေ့ချေ။

နယ်စားကြီးက ဆက်လက်ပြောလေ၏။

"မင်းမှာ နားပါရဲ့လား၊ ကျုပ်က အသက်အရွယ်ချင်းလဲကွာ၊ မိန်းကလေးလဲဖြစ်နေလို့ ဒီလောက်သည်းခံခွင့်လွှတ်နေတာ၊ ကဲ ...... ခပ်မြန်မြန်သာ ပြန်ပေတော့"

ချိန်ယင်ခုန်က ......



"ကျွန်မ ပြန်ဖို့လာခဲ့တာ မဟုတ်ဘူး၊ ယုံကြည်မှာကောင်းကျွ်တဲ့ အမှုတစ်ခုကို ဖော်ထုတ်ဖို့ လာခဲ့တာ"

"မင်း မဟုတ်တာတွေ မပြောပါနဲ့၊ ဒီကိစ္စမှာ မင်းအဖေသာ တရားခံ၊ သူ တိုက်ခိုက်လုယက်ပြီးမှ သိုင်းကျမ်းမပါဘူးလေး ဘာလေးနဲ့ အရမ်းလျှောက်ပြောနေတာ၊ သူ သိုင်းကျမ်းကို ဝှက်ပြီးမှ ဒီစကားတွေကိုပြောတာ၊ ကဲ ...... ကဲ ...... ငါခွင့်လွှတ်လိုက်ပါ့မယ်၊ မင်း ပြန်ပါ"

"နယ်စားကြီး ဘာပြောပြော ကျွန်မ ဂရုစိုက်မှာမဟုတ်ပါဘူး၊ ကဲ ...... ပြောနေကြာတယ်၊ နယ်စားကြီးကို စတိုက်ပြီ၊ သတိသာထားနေပေတော့"

ချိန်ယင်ခုန်က ပြောပြောဆိုဆို နယ်စားကြီးဝမ်ကျိုးဝေအားစတင်တိုက်ခိုက်လေတော့၏။

ချိန်ယင်ခုန်၏ တိုက်ခိုက်မှုမှာ မြန်ဆန်လှသဖြင့် နယ်စားကြီးဝမ်ကျိုးဝေပင် အံ့သြသွားရလေ၏။

သို့သော် ...... ချိန်ယင်ခုန်က ချိန်လီကျန်၏သမီးဟု ပြောပြီးကတည်းက နယ်စားကြီးသည် သတိထားနေသည်ဖြစ်ရာ ချိန်ယင်ခုန်၏ လက်ဝါးရိုက်ချက်ကို အလွယ်တကူပင် ရှောင်တိမ်းနိုင်လိုက်သည်။ ချိန်ယင်ခုန်သည် သူမ၏ လက်ဝါးရိုက်ချက် လွဲချော်သွားသည်နှင့် တစ်ပြိုင်နက် ခါးဆီသို့ ညာခြေဖြင့် ဖျတ်ခနဲ ကန်လိုက်၏။

"ဟေ့ ......"

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီး ဝမ်ကျိုးဝေသည် ခါးကော့၍ ရှောင်လိုက်ရာ ...းပွဲပေါ်သို့ ရောက်ရှိသွားလေ၏။

နယ်စားကြီး၏ လျင်မြန်လှသော လှုပ်ရှားမှုကို တွေ့လိုက် ...ချိန်ယင်ခုန် မျက်လုံးပြူးသွားသည်။ နယ်စားကြီးက ......

"မိန်းကလေးက မဆိုးပါဘူး။ ကဲ ...... ဒီတစ်ခါတော့ မင်း ...ှာင်အလှည့်ပဲ. ကြည့်ရှောင်ပေတော့"

စကားဆုံးသည်နှင့် နယ်စားကြီး ဝမ်ကျိုးဝေသည် ဖျတ်ခနဲ ...န်ယင်ခုန်ရှေ့သို့ ရောက်ရှိလာလေ၏။

သူခုန်ပျံရောက်ရှိလာပုံမှာ လွန်စွာ ပေါ့ပါးလှသဖြင့် ချိန်ယင် ...န်သည် လွန်စွာအံ့သြသွားသည်။ သူမ အံ့သြနေစဉ် နယ်စားကြီး ...မ်ကျိုးဝေ၏လက်ဝါးရိုက်ချက်တစ်ချက်သည် ကျရောက်လာ၏။ ...ိုလက်ဝါးရိုက်ချက်တွင် လေတိုးသံသွဲ့သွဲ့ပါလာသဖြင့် ချိန်ယင်ခုန် ...ည် ထိပ်တိုက်မခုခံရဲချေ။ သူမသည် လေတွင်ဝဲ၍ ရှောင်လိုက်ရ ...လ၏။

"ဘယ်လိုလဲ ချိန်ယင်ခုန်၊ ငါ့ကို ဆုံးမချင်သေးသလား"

နယ်စားကြီးက ချိန်ယင်ခုန်အား ကြည့်၍ ပြောလိုက်လေ ...၏။ နယ်စားကြီး ဝမ်ကျိုးဝေသည် သူ့ထက်ကိုယ်ဖော့ပညာရော အ ...တွင်းအားပညာပါ သာလွန်ကြောင်း ချိန်ယင်ခုန် ကောင်းစွာ ရိပ်စား ...းလိုက်လေပြီ။ သူ မည်မျှပင်ကြိုးစား၍တိုက်ခိုက်တိုက်ခိုက် အနိုင်မရ ...နိုင်ကြောင်း ချိန်ယင်ခုန် သိလိုက်လေပြီ။



သို့သော် ငယ်ရွယ်သူဖြစ်သဖြင့် အလျှော့မပေးလိုသေးပေ။

ထို့ကြောင့် သူသည် မုန်တိုင်းပန်းခြေတိုက်ကွက်ဖြင့် ထပ်မံ တိုက်ခိုက်လိုက်၏။ နယ်စားကြီးဝမ်ကျိုးဝေသည် ပထမလက်ဝါး ရိုက်ချက်ကို ညာခြေတစ်လှမ်းဆုတ်၍ရှောင်တိမ်းပေးလိုက်၏။

ဒုတိယ လက်ဝါးရိုက်ချက်ကိုမူ တိမ်းရှောင်ခြင်းမပြုတော့ပေ။ သူ့လက်ဝါးဖြင့် ဆီးခံပေးလိုက်၏။

ချိန်ယင်ခုန်မှာ လက်ဝါးချင်းရိုက်မိသည်နှင့် သူ အတွင်းဒဏ်ရာရနိုင်သည့်အဖြစ်ကို ကြိုတင်သိနေသဖြင့် လက်ဝါးရိုက်ချက်ကို ပြန်ရုပ်သိမ်းကာ တိမ်းရှောင်ပေးလိုက်၏။

ချိန်ယင်ခုန်က လက်ဝါးရိုက်ချက် ရုပ်သိမ်းသွားသောအခါ နယ်စားကြီးဝမ်ကျိုးဝေက ခါးကို အနည်းငယ်စောင်း၍ သူ့ရင်ဝသို့ ညာခြေဖြင့် လှမ်းကန်လိုက်၏။

ချိန်ယင်ခုန် ရှောင်ရပြန်၏။ ထိုအခါ နယ်စားကြီးသည် ရှေ့သို့ လှမ်းတက်ကာ လက်ဝါးဖြင့် ရိုက်ပြန်တော့သည်။

တိုက်ခိုက်မှုမှာ ဆက်တိုက်ဖြစ်နေသဖြင့် ချိန်ယင်ခုန်မှာ ဆက်တိုက်ပင် ရှောင်တိမ်းနေရတော့သည်။

ဆက်လက်တိုက်ခိုက်နေလျှင် သူရှုံးနိမ့်တော့မည်ကို သိ၍ ထိုနေရာမှ ထွက်ခွာသွားရန် သူဆုံးဖြတ်မိသည်။

သူသည် နယ်စားကြီးဝမ်ကျိုးဝေအား ဟန်ပြတိုက်ခိုက်ပြီးသည်နှင့် ခြံခန်းထဲမှ ပြေးထွက်သွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ ….. ဘယ်ကိုပြေးတာလဲ၊ ရန်သူကို မိအောင်ဖမ်း"

ဝမ်ကျိုးဝေက အော်ဟစ်အမိန့်ပေးလိုက်၏။ အစောင့်များသည် အိမ်တော်တစ်ခုလုံးအား ပိုက်စိပ်တိုက်ရှာဖွေကြတော့၏။

ထို့ကြောင့် ချိန်ယင်ခုန်မှာ အိမ်တော်အပြင်သို့ ပြေးမထွက်နိုင်တော့ဘဲ အတွင်းဘက်သို့သာ ပြေးဝင်ရတော့သည်။

ထိုအခိုက် စံအိမ်တော်အနောက်ဘက် တံခါးပေါက်မှ ပြေးဝင်လာသော ခြေသံများကို ကြားလိုက်ရသည်။

ချိန်ယင်ခုန်မှာ ဘာဘာညာညာ မစဉ်းစားနိုင်တော့ဘဲ နီးရာအခန်းတစ်ခုထဲသို့ ဖျတ်ခနဲ ချိုးကွေ့ဝင်လိုက်ရတော့သည်။

ထိုအခန်းမှာ အခန်းလွတ်မဟုတ်ချေ။ လူရှိနေသော အခန်းဖြစ်သည်။ လူရွယ်တစ်ယောက်သည် ရုတ်တရက်ဝင်လာသော ချိန်ယင်ခုန်အား အံ့အားသင့်စွာကြည့်နေသည်။

လူရွယ်က …..

"မင်း ဘယ်သူလဲ၊ ဒီအိမ်ထဲကို ဘာကြောင့်ဝင်လာတာလဲ"

ချိန်ယင်ခုန်သည် လူရွယ်၏အမေးကို မဖြေအားချေ။

အခန်းအပြင်မှ ခြေသံများကိုသာ နားစွင့်နေသည်။

လူရွယ်သည် ချိန်ယင်ခုန်အား သနားသွား၏။

"ကဲ ….. ကဲ ….. မင်း ဟိုထောင့်မှာ သွားပုန်းနေလိုက်"

လူရွယ်က ထောင့်တစ်နေရာကို ညွှန်ပြလိုက်၏။ ချိန်ယင်ခုန်သည် လူရွယ်ပြသည့်နေရာကို ပြေးသွား၏။ ထိုစဉ် …..



"သခင်လေး ….. သခင်လေး ….."

"ဘာလဲကွ"

အခန်းအပြင်မှ အော်သံပေါ်လာ၏။

"ဟို ….. ဟို ….. ဒီဘက်ကို အဝတ်နက်ဝတ်ထားတဲ့ မိန်းကလေးတစ်ယောက်များ ပြေးလာတာ တွေ့မိသလား သခင်လေး"

"မတွေ့မိပါဘူးကွာ၊ တစ်ချိန်လုံး ငါထိုင်နေတာပဲ ဥစ္စာ"

"ဟုတ်လား၊ ဒီလိုဆိုရင် ကျွန်တော်တို့ ဟိုဘက်ကို သွားရှာလိုက်ဦးမယ်"

"အေး ….. အေး ….."

အစောင့်များသည် ရှေ့ဘက်ထွက်ခွာသွားကြတော့သည်။ အစောင့်များ ပြန်ထွက်သွားသဖြင့် ချိန်ယင်ခုန် ရင်အေးသွားသည်။

"မင်း ဘယ်သူလဲ"

"ကျွန်မ ဘယ်သူဖြစ်ဖြစ် ရှင်သိဖို့မလိုပါဘူး"

"မင်းက ရုပ်ကလေးလှသလောက် စကားပြောတာတော့ တကယ် မာကျောတာပါလား"

လူရွယ်က ပြုံး၍ပြောလိုက်ဖြင်းဖြစ်သည်။ သူသည် မိန်းကလေးဝင်လာသဖြင့် ပျော်ရွှင်နေပုံရသည်။ သူသည် နယ်ဝေကြီး ဝမ်ကျိုးဝေ၏ တစ်ဦးတည်းသောသား ဝမ်ထိုင်စန်ဖြစ်လေ၏။

သူသည် သူတစ်ပါးကို ကူညီတတ်သည်။ ပျော်ပျော်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကျင့်ရှိသဖြင့် မိန်းကလေးအား ကူညီလိုက်ခြင်းဖြစ်ပေသည်။

"ရှင်ကကော.ဘယ်သူလဲ"

"ကျုပ်လား ..... ကျုပ်ကတော့ နယ်စားကြီး ဝမ်ကျိုးဝေရဲ့သား ကျုပ်နာမည်က ဝမ်ထိုင်စန်တဲ့"

"ဪ ..... ရှင့်က ကျွန်မ ရန်သူရဲ့သားကိုး၊ ဒါဆို ကျွန်မရဲ့ ရန်သူပဲပေါ့"

ဝမ်ထိုင်စန် မျက်မှောင်ကုပ်သွားသည်။

"ဘယ်လို ..... ဘယ်လို ..... ကျုပ်အဖေက မင်းရဲ့ရန်သူဟုတ်လား"

"ဟုတ်တယ် ..... ရှင့်အဖေက ကောက်ကျစ်တယ်၊ ယုတ်မာတယ်၊ အကြံကြီးတယ်"

ဖခင်ရင်းဖြစ်၍ ဤသို့စော်ကားပုတ်ခတ်သည့် စကားများမှာ နားဝင်မချိုချေ။

"မင်းက ဘာအကြောင်းအချက်တွေရှိလို့ ဒီလိုစော်ကားပုတ်ခတ်ရတာလဲ၊ အကြောင်းကိုပြောပါ"

"ရှင် သိချင်ရင် ရှင့်အဖေကို ရှင် မေးကြည့်ပေါ့၊ ကျွန်မသွားမယ်"

ထိုအခါ ဝမ်ထိုင်စန်သည် ချိန်ယင်ခုန်အတွက် စိုးရိမ်သွားမိလေသည်။



"နေဦးလေ ..... ခုအချိန်မှာ အစောင့်တွေ မင်းကိုလိုက်ရှာနေတုန်းရှိသေးတယ်၊ မင်း ထွက်သွားရင် မင်းကိုတွေ့သွားမှာပေ့"

သူသည် တကယ်စိုးရိမ်၍ ပြောလိုက်ခြင်းဖြစ်သည်။ ဤမိန်းကလေးသည် မည်သူနှင့် ရန်ဖြစ်လာသည်တော့ မသိချေ။

သို့သော် ..... သူ့ကိုတော့ ရန်မလုပ်ချေ။ ထို့ကြောင့် မိန်းကလေးအား ရန်လုပ်ရန် မလိုဟု သူယူဆသည်။

ယခုလည်း မိန်းကလေးထွက်သွားမည်လုပ်နေသည်။ အစောင့်များ တွေ့သွားမည်ကို သူစိုးရိမ်မိသည်။

ထို့ကြောင့် လှမ်းတားလိုက်ခြင်းဖြစ်သည်။

သို့သော် ချိန်ယင်ခုန်က သူ့စကားကို နားမထောင်ပေ။

"ကိစ္စမရှိပါဘူး၊ သူတို့ ကျွန်မကိုမိအောင် ဖမ်းနိုင်မှာမှ မဟုတ်ဘဲ"

မိန်းကလေးသည် ထိုသို့ပြောပြသည်နှင့် အခန်းထဲမှ ထွက်သွားလေ၏။

ဝမ်ထိုင်စန်သည် ပထမဦး အခန်းထဲ၌ တွေရပ်နေမိသည်။

ထို့နောက် ..... သတိရပြီး မိန်းကလေးအားထွက်ကြည့်လိုက်သည်။ ထိုတစ်ဒင်္ဂအချိန်ကလေးအတွင်း၌ မိန်းကလေးကိုမတွေ့ရတော့ချေ။

မိန်းကလေးသည် ကိုယ်ဖျော့ပညာ၌ အဆင့်မြင့်ပုံရသည်။ အမှောင်ထဲလှမ်းကြည့်သော်လည်း မည်သူ့ကိုမျှမတွေ့ရတော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးလှွတ်မြောက်သွားပြီဟု ဝမ်ထိုင်စန်ယူဆရတော့သည်။ အိမ်တော်စောင့် အစောင့်များ ရုတ်ရုတ်သဲသဲမဖြစ်ကြသည်ကို သူတွေ့ရှိရသည်မဟုတ်ပါလော။

၊ အစောင့်များမိလိုက်လျှင် ခွေးသေကို လင်းတဆွဲသည့်နှယ် ဆွဲသွားမည်မဟုတ်ပါလော။

သူသည် အခန်းထဲသို့ ပြန်ဝင်လာလေ၏။ ထိုသို့ ဝင်လာရင်းမှ မိန်းကလေးပြောသည့်စကားများကို သူသည် ပြန်လည်စဉ်းစားနေရတော့သည်။

"ရှင့်အဖေဟာ ကောက်ကျစ်တယ်"

"ရှင့်အဖေဟာယုတ်မာတယ်"

"ရှင့်အဖေဟာအကြံကြီးတယ်"

အဘယ်ကြောင့် မိမိ၏ဖခင်ကို ဤသို့စွပ်စွဲရသနည်း။

မိမိ၏ဖခင်သည် နယ်စားကြီးတစ်ဦးပီသစွာ ဤနယ်မြေကို ကောင်းစွာအုပ်ချုပ်နေသည် မဟုတ်ပါလော။

ဝမ်ထိုင်စန်သည် သူ့ဖခင်ကောက်ကျစ်ယုတ်မာပုံများကို တွေးတော၍မရပါချေ။ သူသည် ခေါင်းယမ်းလိုက်လေသည်။

*ပထမပိုင်းပြီး၏*

*ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါရန်*

www.burmeseclassic.com

www.burmeseclassic.com



နေရောင်က ပတ်ဝန်းကျင်တစ်ခုလုံးတွင် ရှူးရှဲစွာကျရောက်၏။ သစ်ပင်ရိပ်အောက်တွင် အေးရိပ်ခိုနေသော မိန်စုပင်သည် ဘူးတောငေးမောနေလေသည်။

"မိန်စုပင် ..... ရှင် ဘာတွေစဉ်းစားနေသလဲ"

တာလင်း၏အသံကြောင့် မိန်စုပင် လှမ်းကြည့်လိုက်သည်။

"ဘာရယ်မဟုတ်ပါဘူး .... ဟိုရောက်ဒီရောက် စဉ်းစားနေရပါပဲ"

"ကျွန်မ ဗေဒင်ဟောလိုက်မယ်၊ ရှင့်အဖေနဲ့ ရှင့်ညီမလေး ကြောင်းပဲ စဉ်းစားနေတာမဟုတ်လား"

မိန်စုပင် ခေါင်းညိတ်လိုက်ရသည်။

"ဟုတ်တယ် .... ဒီအကြောင်းတွေပဲစဉ်းစားနေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားတာလဲ စဉ်းစားပေါ့ .... ရှေ့ဆက်ပြီး ဘာလုပ်မယ်ဆိုတာကို ပိုစဉ်းစားသင့်ပါတယ်"

"အဲဒါစဉ်းစားရခက်နေတာပေါ့ .... ညီမလေးကို ရန်သူ့လက်ထဲကကယ်တင်ချင်တယ်၊ ဒါပေမယ့် ဘယ်နေရာမှာ ဖမ်းထားတယ်ဆိုတာ ခုထက်ထိ မသိရသေးဘူးလေ၊ ပြီးတော့ ရန်သူနဲ့ရင်ဆိုင်နိုင်လောက်အောင်လဲ ငါကသိုင်းပညာမတတ်၊ နောက်ပြီး ငါ့အဖေကိုလိုက်ရှာဖို့ကျတော့လဲ ဘယ်မြို့ဘယ်ရွာ ရောက်နေမှန်းမသိ၊ ငါ့အဖေကတော့ အခက်ချည်းပါပဲ"

တာလင်းက ....

"ရှင့်အဖေက အရေးမကြီးပါဘူး .... သူ့ကိုလိုက်ရှာနေတဲ့သူမရှိဘူး၊ နှိပ်စက်မယ့်လူလဲ မရှိဘူး၊ လောလောဆယ် အရေးကြီးတာက ရှင့်ညီမလေးပါ၊ သူ ရန်သူ့လက်ထဲကလွတ်မြောက်ဖို့ အရေးကြီးတယ်လေ"

"ညီမလေးကိုရှာတွေ့ဖို့ အရေးကြီးနေသလို ငါ့အဖေကိုတွေ့ဖို့ကလဲ အရေးကြီးနေတာပဲ၊ ငါ့အဖေကို ပြောစရာ စကားတွေအများကြီးရှိနေတယ်"

တာလင်း မျက်မှောင်ကုပ်သွား၏။

"ဘယ်လို .... ရှင့်အဖေကို ပြောစရာစကားတွေ အများကြီး



ရှိနေတယ်ဟုတ်လား"

"ဟုတ်တယ်"

တာလင်း မျက်မှောင်ကုပ်သွားသည်။

"ဘာလဲ .... မိန်ချွန်ယွှအဖမ်းခံရတာကို ပြောပြချင်လို့လား"

"ဒါလဲပါတာပေါ့ .... ငါ့အဖေက ငါ့ထက်အသက်အရွယ်ကြီးတယ်၊ ဗဟုသုတလဲရှိတယ်၊ ဉာဏ်အမြော်အမြင်ရှိတယ်၊ သိုင်းပညာလဲ ထူးချွန်တယ်၊ ငါတို့ ငါ့အဖေကိုပြန်တွေ့ရင် အများကြီးအကျိုးရှိနိုင်တယ်"

"အင်း .... ဒါတော့လဲ ဟုတ်သား"

တာလင်းက ခေါင်းညိတ်ထောက်ခံလိုက်၏။

မိန်စုပင်က .....

"ငါ့အဖေ့ကိုတွေ့ရင် အရေးတကြီးပြောစရာ စကားတစ်ခွန်းလဲရှိသေးတယ်"

"ဆိုစမ်းပါဦး"

"ငါ့အဖေက သူ့လက်ထဲက သိုင်းကျမ်းအလုခံလိုက်ရလို့ စိတ်ထိခိုက်ပြီး သေပြီလို့ သတင်းလွှင့်ပြီး ဓာတ်မြှုပ်နေတာ မဟုတ်လားအကယ်တော့ ငါတို့သယ်လာတဲ့သေတ္တာထဲမှာ ဘာသိုင်းကျမ်းမှပါသာဘူးဆိုတာ သိရပြီမဟုတ်လား၊ ဒါကို ငါ့အဖေသိသင့်တယ်"

www.burmeseclassic.com

www.burmeseclassic.com



တာလင်းက .....

"ရှင်တို့သယ်လာတဲ့သေတ္တာထဲမှာ သိုင်းကျမ်းပါမလာဘူးဆိုတဲ့အချက်ဟာ သေချာရဲ့လား"

"သေချာသလောက် နီးနီးပါပဲ၊ အကယ်၍ သိုင်းကျမ်းပါရိုးမှန်ရင် ချိန်လီကျုန်ရနေမှာပေါ့၊ ဒါဆိုရင် ငါတို့မောင်နှမနှစ်ယောက်ကို ဖမ်းစရာအကြောင်း မရှိတော့ဘူးလေ"

"အဲဒီလိုတော့ မပြောနဲ့လေ၊ သူတို့သိုင်းကျမ်းရတာကို လူမသိစေချင်လို့ ရှင်တို့မောင်နှမနှစ်ယောက်ကို အပြစ်ရှာဖမ်းတာကော မဖြစ်နိုင်ဘူးလား၊ လှည့်စားတဲ့သဘောမျိုးလဲ ဖြစ်နိုင်ပါတယ်"

"အင်း .... အဲဒီလိုလဲဖြစ်နိုင်ပါတယ်၊ ငါလဲ အစကတော့ အဲဒီလိုထင်မိတယ်၊ ချိန်လီကျုန်ဟာ အောက်လမ်းသိုင်းသမားတွေထဲမှာ နာမည်ကြီးတဲ့သိုင်းသမားပဲ၊ ဘယ်သူ့ကိုမှ ဂရုစိုက်စရာမလိုပါဘူး၊ နောက်ပြီး ငါတို့မောင်နှမနှစ်ယောက်ကိုလဲ ဖမ်းပြီးနှိပ်စက်ဖို့ မလိုဘူး"

"ဒါဖြင့် ချိန်လီကျုန်မှာ သိုင်းကျမ်းမရှိဘူးလို့ ရှင်တကယ်ယုံကြည်တာပေါ့နော်"

"ငါထင်တာလဲလေ၊ သူ ငါ့ကိုစစ်မေးနေတုန်းက တကယ်ကို လိုချင်တဲ့ပုံစံနဲ့ စစ်မေးတာပဲ၊ ငါကတော့ သူ့ကိုယုံချင်ချင်ပါပဲဟာ"



"ဒါဖြင့်ရင် သိုင်းကျမ်းကဘယ်ရောက်သွားသလဲ"

မိန်စုပင် ဘာပြန်ပြောရမှန်းမသိအောင်ဖြစ်သွားအည်။

တာလင်းက ဆက်ပြောသည်။

"ရှင့်အဖေကလဲ ဝှက်မထားဘူး၊ ချိန်လီကျုန်ကလဲ မရဘူးဆိုတော့ သိုင်းကျမ်းကဘယ်ရောက်သွားသလဲ"

"ငါ့အဖေ မဝှက်ထားတာကတော့ သေချာပါတယ်၊ ရှောင်လင်ကျောင်းက အထွက်မှာလဲ ငါပါတာပဲ၊ လမ်းတစ်လျှောက်လုံးလဲ ငါပါတာပဲ၊ ဒီသိုင်းကျမ်း ဘုရင့်ဆီရောက်ဖို့က ငါတို့အတွက် သေရေးရှင်ရေးအရေးကြီးနေတယ် မဟုတ်လား၊ ဘိန်းကိုစွလေ ..... ဘိန်းကိုစွ၊ ဒီကိစ္စဟာ စဉ်းစားရခက်နေပါတယ်၊ ရှောင်လင်ကျောင်းတော်ကတော့ ဒီသိုင်းကျမ်းကို စိတ်မဝင်စားဘူးဆိုတာ ငါတို့ခင်းတို့ အသိပဲ၊ အဲဒီထဲမှာ သံသယရှိစရာ အဖြစ်နိုင်ဆုံးလူကတော့ နယ်စားကြီး ဝမ်ကျိုးဝေပဲ"

"နယ်စားကြီးလား"

"ဟုတ်တယ်၊ မခြေးသော် ကန်ရာရှိဆိုတာလို နယ်စားကြီးကို အခြေအနေအရုပ်ရုပ်က ညွှန်ပြနေတယ်"

"နယ်စားကြီးတစ်ယောက်က ခုလို မဟုတ်တရုတ် အကြံ ကြံပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



တာလင်း၏စကားကလည်း စဉ်းစားစရာ ဖြစ်နေပြန်သဖြင့် မိန်စုပင် ငိုင်သွားသည်။

ဝမ်ကျိုးဝေသည် ရိုးသားတည်ကြည်သော နယ်စားကြီး တစ်ယောက်ဖြစ်ပေသည်။ သမာသမတ်ရှိ၍ ရိုးသားသောနယ်စား ကြီးဟု ကျော်ကြားခဲ့သည်။

သူဖခင် မိန်ပူးချိန်နှင့်လည်း ညီအစ်ကိုရင်းပမာ ရင်းနှီးခင် မင်သူဖြစ်ခဲ့သည်။

မိတ်ဆွေဖြစ်သက်တမ်းက ကြာမြင့်လှချေပြီ။ ထို့ကြောင့် မိန်ပူးချန် ချောက်ကျမည့်အလုပ်ကိုလည်း မလုပ်နိုင်ပြန်ပေ။

"ငါက နယ်စားကြီးကို တရားခံပါလို့ တပ်အပ်စွပ်စွဲတာ မ ဟုတ်ဘူး၊ သံသယရှိစရာကောင်းတယ်လို့ ပြောတာပါ၊ တစ်ဖက်က ကြည့်ပြန်တော့လဲ နယ်စားကြီး ဝမ်ကျိုးဝေနဲ့ ငါ့အဖေက သိပ်ရင်းနှီး တဲ့ မိတ်ဆွေတွေပါ၊ ငါ့အဖေ ဒုက္ခရောက်မယ့် အလုပ်ကို သူမလုပ် ဘူးလို့ ထင်ရပါတယ်၊ ဒါပေမယ့် လူ့စိတ်ဆိုတာ ပြောရခက်သားက လား၊ သိုင်းကျမ်းကို မက်မောတဲ့စိတ်နဲ့ တစ်ကိုယ်ကောင်းဆန်ချင်ရင် လဲ ဆန်နေနိုင်တယ်၊ ဒီကိစ္စဟာ တော်တော့်ကို ပြောရခက်ပါတယ် ဟာ"

မိန်စုပင် ညည်းညူလိုက်မိသည်။



"ကဲပါလေ၊ ဒါတွေကို နောက်မှပြောကြတာပေါ့၊ ဗိုက်ထဲမှာ ဆာသလိုလိုရှိလာတယ်၊ ရှေ့နားက ဆန်ပြုတ်ဆိုင်မှာ ဝင်သောက် ကြရအောင်"

တာလင်းမှာလည်း ဆာလောင်နေသဖြင့် ဘာမျှစောဒက မတက်တော့ဘဲ ခပ်သွက်သွက် လိုက်ပါသွားသည်။

ညနေစောင်းသောအခါ သူတို့သည် စကားတပြောပြော ဖြင့် ဖူချောင်မြို့စွန်သို့ ထွက်လာခဲ့ကြသည်။

သူတို့ရောက်ရှိသည့် မြို့စွန်မှာ လူချမ်းသာများနေထိုင်သော အပိုင်းဖြစ်သည်။

လူချမ်းသာများသည် ခြံကြီးဝင်းကျယ်နှင့် နေသဖြင့် ခြံတစ် ခြံနှင့်တစ်ခြံက အလှမ်းကွာကြသည်။

ခြံတစ်ခြံကို မြင်လိုက်ရသောအခါ မိန်စုပင်နှင့်တာလင်းတို့ မှာ ခြေလှမ်းများရပ်တန့်သွားလေ၏။ အအယ်ကြောင့်ဆိုသော် ထိုခြံအတွင်း တိုက်ခိုက်နေသောကြောင့်ပေတည်း။

"တာလင်း ..... ဟိုခြံထဲမှာ တစ်ဖက်နဲ့တစ်ဖက် တိုက်ခိုက် နေကြပါလား"

"ဟုတ်တယ် မိန်စုပင်၊ ဒါ လာလုံတဲ့လူတွေနဲ့ အိမ်ရှင်ရဲ့လူ တွေ တိုက်ခိုက်နေတာ ဖြစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"လာလုတဲ့လူတွေ ဟုတ်လား၊ ချိန်လီကျန်ရဲ့ တပည့်တွေများဖြစ်နေမလား"

"သူတို့ ဒီလောက်အောက်တန်းကျတဲ့ အလုပ်တော့ လုပ်မယ်မထင်ပါဘူး"

"ရှင်က မထင်နေ၊ ဟိုမှာ တွေ့လား၊ လိပ်ပြာပုံပါတဲ့ အနီရောင်အလံတစ်ခု စိုက်ထားတာ တွေ့တယ် မဟုတ်လား၊ အဲဒါ ချိန်လီကျန်ရဲ့အမှတ်အသား အလံပဲပေါ့"

မျက်စိရှင်သည့်တာလင်းသည် အနီရောင်အလံကိုတွေ့သွားလေ၏။ ထိုအခါမှ မိန်စုပင်သည် အနီရောင်အလံကိုတွေ့သည်။

"ဟာ ...... ဟုတ်တယ်၊ ဒီအလံကို ငါကောင်းကောင်းမှတ်မိတယ်၊ ငါတို့သိုင်းသေတ္တာကို သယ်တုန်းက သုသာန်ထဲမှာ ဒီအလံစိုက်ထားတာပဲ၊ ပြီးတော့ ချိန်လီကျန်တို့ လာလုကြတာပဲ"

"ဒီအထဲက တစ်ယောက်ယောက်ကိုဖမ်းပြီး စစ်လိုက်ရင်တော့ မိန်ချန်ယူအကြောင်း သိရလိမ့်မယ်ထင်တယ်"

"အင်း ...... နင်ပြောတဲ့ အကြံမဆိုးဘူး၊ ဒါပေမယ့် ငါတို့က သူတို့ကို တိုက်ခိုက်နိုင်ပါ့မလား"

"အိုး ...... ကျွန်မတို့က ရင်ဆိုင်တိုက်မှာမှ မဟုတ်ဘဲ၊ အလစ်တိုက်ပြီးဖမ်းမယ့်ဥစ္စာ"



"အေး ..... ဒါဆိုရင် ဖြစ်နိုင်တယ်၊ ဒါဆို အထဲကိုဝင်ကြစို့"

မိန်စုပင်နှင့် တာလင်းတို့သည် ခြံဝင်းကိုကျော်ဝင်လိုက်ကြ၏။ ထို့နောက် သစ်ပင်ကြီးတစ်ပင်၏ဘေးတွင်ကပ်ကာ အခြေအနေကို အကဲခတ်နေကြသည်။

အခြေအနေကတော့ မကောင်းလှချေ။

အိမ်ရှင်၏တပည့်လက်သား အများအပြားမှာ လဲကျသေဆုံးလျက်ရှိနေကြသည်။

အနက်ရောင်ဝတ်စုံများဝတ်ဆင်ထားသော ချိန်လီကျန်၏လူများ အသာစီးရနေကြလေသည်။

"အခြေအနေကမကောင်းဘူး၊ ဒီကောင်တွေက အများကြီးသာနေတယ်၊ နောက်ပြီး ဒီကောင်တွေက လက်နက်ကိုယ်စီနဲ့ ငါတို့သွားဖမ်းလို့ ရမယ်မထင်ဘူး"

မိန်စုပင်က ပြောလိုက်၏။

တာလင်းလည်း ထိုသို့ပင် တွက်မိသဖြင့် ငြိမ်၍စဉ်းစားနေသည်။ အကောင်းဆုံးလုပ်နိုင်မည့်အလုပ် ကို တွေးနေသည်။

ထိုစဉ် မိန်စုပင်သည် တိုက်ခိုက်နေသည့်လူစုထဲမှ တစ်ဦးတစ်ယောက်ကို မြင်မိလေ၏။

"ဟာ .... ဟိုမှာ .... ဟိုမှာ ...."

www.burmeseclassic.com

www.burmeseclassic.com



သူစကားသည် အပြည့်အစုံမဟုတ်ချေ။

ထစ်ငေါ့နေသည်။

"ဘာလဲ .... ဘာလဲ ...."

တာလင်းက အလန့်တကြားမေးလေ၏။

"ဟိုမှာ .... အနက်ရောင်ဝတ်စုံဝတ်ထားတဲ့ မိန်းကလေးဟာ ငါ့ညီမလေးမိန်ချန်ယူပေါ့"

"ဟင် .... ရှင့်ညီမလေးဟုတ်လား"

"ဟုတ်တယ် .... ဓားကိုင်ပြီး ပြင်းပြင်းထန်ထန်တိုက်ခိုက်နေတဲ့မိန်းကလေးဟာ ချိန်လီကျန်ဖမ်းထားတဲ့မိန်ချန်ယူပေါ့"

တာလင်းက ဝမ်းသာအားရဖြင့် ......

"ဟင် .... ဒါဆိုအတော်ပဲ၊ ခုနေ ရှင့်ညီမလေးကိုပါ အပါခေါ်ပြီးထွက်ပြေးကြမယ်၊ ရှင့်ညီမလေးကို ရှင်သွားခေါ်ပေတော့"

"အေး .... ဟုတ်တယ်၊ အဲဒီနားသွားရအောင်"

သူတို့နှစ်ယောက်သည် တိုက်ခိုက်မှုပြင်းထန်သည့်ထိုနေရာသို့ သွားကြလေ၏။

အနက်ရောင်ဝတ်စုံနှင့်လူက ... သူတို့ကို ဆီးကြိုတိုက်ခိုက်လေသည်။

မိန်စုပင်သည် ....



တာလင်းထံမှ သိုင်းပညာ ထိုက်သင့်သလောက်တတ်ထားသဖြင့် ထိုလူ၏ဓားချက်ကိုလွတ်အောင်ရှောင်နိုင်လိုက်သည်။

"ဝိုး ......"

သို့သော် ... တာလင်းကခုန်ကန်လိုက်သဖြင့် ဝတ်စုံနက်မှာ လဲကျသွားရသည်။

"ဝိုး ......"

"ဝုန်း ......"

ထိုအခါမှ မိန်စုပင်သည် သူ့ညီမရှိရာသို့ ပြေးသွားရလေ၏။

"ညီမလေး .... ညီမလေး .... အစ်ကို ညီမလေးအတွက် စိတ်ပူနေတာ၊ လာ .... ပြေးကြရအောင်"

မိန်ချန်ယူသည် ဓားတစ္ဆယ်စွယ်ဖြင့် သူ့အား မမြင်ဖူးသည့် သူတစ်ယောက်ကိုစိုက်ကြည့်သကဲ့သို့ စိုက်ကြည့်နေ၏။

"ညီမလေး၊.... ဘာကြည့်နေတာဟဲ့၊ လာလေ၊ ဒီကထွက်ပြေးကြမယ်"

မိန်စုပင်သည် မိန်ချန်ယူ၏လက်ကိုလှမ်းဆွဲလိုက်သည်။

"ဝိုး ......"

မိန်ချန်ယူက မိန်စုပင်အား ဓားနှင့်ခုတ်ချလိုက်သည်။

မိန်စုပင် ငိုရှောင်လိုက်ရ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်စုပင် သိုင်းပညာသင်ထားသဖြင့် သတိရှိနေ၍သာ တော်တော့သည်။ သို့မဟုတ်ပါက မလွယ် ....

မိန်စုပင်မှာ အလန့်တကြား ဆက်၍ရှောင်တိမ်းနေရသည်။

"ညီမလေး ..... ညီမလေး ..... သတိထားလေ၊ အစ်ကိုကြီးလေ ..... ညီမလေးမိန်ချန်ယူရဲ့ အစ်ကို မိန်စုပင်လေ"

မိန်စုပင် ကရားရေလွှတ်တတွတ်တွတ်နှင့် ရှင်းပြနေ၏။

မိန်ချန်ယူမှာ စကားလုံးဝမပြောဘဲ ဓားနှင့်သာလိုက်ခုတ်နေလေသည်။

မိန်စုပင်သည် တာလင်းဆီ၌ သိုင်းပညာသင်ထားသဖြင့်သာ ဤသို့ရှောင်နေနိုင်ခြင်းဖြစ်သည်။

မူလအတိုင်း သိုင်းပညာတတ်မြောက်မထားလျှင် ရှောင်တိမ်းပေးနိုင်ဖို့ပင် မလွယ်ချေ။

"မိန်စုပင် ..... သူ့ကိုခေါ်ဖို့ မကြိုးစားနဲ့တော့ ကျွန်မတို့ ဒီနေရာက အမြန်ဆုံးထွက်ပြေးမှဖြစ်လိမ့်မယ်"

တာလင်းက မိန်စုပင်ကို လှမ်းပြော၏။

မိန်ချန်ယူသည် တာလင်းကိုလည်း တိုက်ခိုက်ပြန်တော့၏။

တာလင်းမှ မိန်ချန်ယူ၏ပြင်းထန်သောဓားချက်များကို အသော့အလဲ ရှောင်တိမ်းနေရပြန်တော့၏။



မိန်စုပင်က အော်၍မေးလိုက်၏။

"ညီမလေး စကားလဲမပြောဘူး၊ ဘာကြောင့် စိတ်ပြောင်းသွားတာလဲ"

"ရှင့် ညီမလေးလဲ တခြားသိုင်းသမားတွေလို လိပ်ပြာနှုတ်ထားရပြီလေ၊ ဒီတော့ သူ ဘယ်သူ့ကိုမှ မမှတ်မိတော့ဘူး၊ ဘာခံစားမှုမရှိတော့ဘူး၊ ချိန်လီကျန် ခိုင်းသမျှ လျှောက်လုပ်ပေးဖို့ပဲ ရှိတော့တယ်၊ ဒါကြောင့် ရှင် ရှင်းပြနေရင်လဲ လေကုန်ရုံပဲရှိမယ်၊ သူကတော့ နားလည်မှာ မဟုတ်ဘူး၊ ကျွန်မတို့ အကောင်းဆုံးလုပ်နိုင်တဲ့အလုပ်ကတော့ ဒီနေရာက ပြေးကြဖို့ပဲ၊ သူတို့ဝိုင်းတိုက်ရင် ကျွန်မတို့ ခုခံနိုင်မှာ မဟုတ်ဘူး"

တာလင်းသည် မိန်ချန်ယူ၏ဓားချက်များကို လွတ်အောင်ရှောင်တိမ်းရင်း မိန်စုပင်အား အော်ပြောနေ၏။

မိန်စုပင် ကောင်းစွာသဘောပေါက်သွားလေပြီ။

မချိတင်ကဲ ဖြစ်မိသည်မှအပ ဘာမျှမတတ်နိုင်တော့ပေ။

သူ့ ညီမလေးမိန်ချန်ယူသည် လိပ်ပြာနှုတ်သိုင်းပညာဖြင့် တိုက်ခိုက်ခံထားရပြီမဟုတ်ပါလား။

မိန်စုပင်သည် တက်ခေါက်လိုက်မိ၏။

ချိန်လီကျန်ကို ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတီးနာ

www.burmeseclassic.com

www.burmeseclassic.com



ကြည်းနေမိတော့သည်။

"ဟိုမှာ ... သူတို့လူတွေ ကျွန်မတို့ကိုတိုက်ဖို့ပြေးလာကြပြီ၊ မိန်စုပင် ကျွန်မတို့ပြေးကြစို့"

မိန်စုပင်နှင့်တာလင်းတို့သည် မိန်ချန်ယူ၏စားခုတ်ချက်ကို ရှောင်တိမ်းပြီး ထိုနေရာမှ ပြေးထွက်လာကြတော့၏။

ချိန်လီကျန်၏တပည့်များသည် မြို့ဝအထိ ပြေးလိုက်လာကြသေးသည်။ အတော်ဝေးရာကိုရောက်မှ ရပ်နားလိုက်ကြ၏။

သူတို့အဝတ်အစားများမှာ ချွေးများ ရွှဲနစ်နေကြလေပြီ။

မိန်စုပင်က ဒေါသသံနှင့်ပြောလိုက်၏။

"ချိန်လီကျန် .... ချိန်လီကျန်၊ တော်တော်ရက်စက်တာလဲ၊ ငါ့ညီမလေးကို လိပ်ပြာနှုတ်ရက်တယ်"

သူသည် မောမောနှင့်မြက်ခင်းပေါ်၌ ပက်လက်လှန်အိပ်လိုက်၏။

သူသည် သူ့ညီမလေးအကြောင်း စဉ်းစားနေသည်။

သူ့ညီမလေးသည် လိပ်ပြာနှုတ်သိုင်းဖြင့် အတိုက်အခိုက်ခံထားရချေပြီ။ သူ့ညီမလေး သူ့ကိုမှတ်မိလာစေရန် သူမည်သို့လုပ်ဆောင်ရပါမည်နည်း။

အကယ်၍ ....



သူသာ မလုပ်ဆောင်နိုင်ခဲ့လျှင် ....

သူ့ညီမလေးသည် အောက်လမ်းသိုင်းသမားဘဝဖြင့် အဆုံးရှုံးရတော့မည်ဖြစ်ပေသည်။

သူသည် ချိန်လီကျန်အား လွန်စွာမုန်းတီးမိလေ၏။

တတ်နိုင်လျှင် အမှုန့်ချေပစ်ချင်သည်။

ယခုတော့ ....

သူ့အနေဖြင့် မုန်းတီးမိသည်မှအပ ဘာမှမတတ်နိုင်ပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းကျမ်းသဲလွန်

နယ်စားကြီး၏အိမ်တော်တွင်ဖြစ်သည်။

ဧည့်သည်တော်များ ဆိုက်ရောက်လာကြသည်။

မည်သည့်အရပ်က ဧည့်သည်များနည်း။

"ကြွကြွပါ။ အမတ်ကြီးတို့ ရောက်လာတာနဲ့အတော်ပဲပါ"

နယ်စားကြီးသည် ....

ဘုရင်ကေရာဇ်ထံမှဆိုက်ရောက်လာသော အမတ်ကြီးများ

ကိုကြို့ဆိုလိုက်သည်။

အမတ်ကြီးများ၏အခြံအရံများသည် နောက်၌ခပ်ယို့ယို့

နေကြလေ၏။ အမတ်ကြီးများဆိုသည့်အတိုင်း သူတို့၌အတော်အသ

အခြွေအရံများပါရှိလာကြသည်။



အသက်ခြောက်ဆယ်ကျော်ခန့်ရှိမည်ထင်ရသော ငွေရောင်မုတ်ဆိတ်နှင့်လူကြီးက ....

"ဟုတ်တယ် .... ကျုပ်တို့လဲ ခပ်စောစောထဲက ထွက်လာခဲ့ပါပဲ၊ ဒါပေမယ့် ဖြေရှင်းဆောင်ရွက်ပေးစရာရှိတာကို ဆောင်ရွက်ပေးနေရလို့ နည်းနည်းကြန့်ကြာသွားပါတယ်"

ထိုငွေရောင်မုတ်ဆိတ်နှင့်ပုဂ္ဂိုလ်ကြီးကား .... နယ်နှယ်ရရမအမတ်ပေ။ ဘုရင်ကေရာဇ်၏လူယုံအမတ်ကြီး လင်ရှုပင်ဖြစ်သည်။

ကျန်တစ်ယောက်မှာ ....

ဘုရင်ကေရာဇ်၏အားထားရသော အထူးတပ်ဖွဲ့မှ ရွှေဓားဆူတုန်ပိုပင်ဖြစ်သည်။

သိုင်းကျမ်းကြီး ပြန်လည်ရရှိရေးအတွက် ကူညီဆောင်ရွက်ရန် ဘုရင်ကေရာဇ်သည် သူတို့နှစ်ဦးအားစေလွှတ်လိုက်ခြင်းဖြစ်၏။

ရွှေဓားဆူတုန်ပိုကား ငွေမုတ်ဆိတ်လင်ရှုလောက်တော့ အသက်မကြီးချေ။

ငါးဆယ်ခန့်လောက်သာရှိမည်။ သူကိုင်သည့်ဓားရိုးနှင့် ဓားအိမ်မှာ ရွှေအစစ်ဖြင့်ပြုလုပ်ထားသောကြောင့် ရွှေဓားဆူတုန်ပိုဟု ခေါ်ခြင်းဖြစ်သည်။

ငွေမုတ်ဆိတ် လင်ရှုဟုခေါ်ခြင်းမှာလည်း ....

www.burmeseclassic.com

www.burmeseclassic.com



ငွေရောင်မုတ်ဆိတ်ဖြူကြီးရှိနေသောကြောင့်ဖြစ်သည်။

သူတို့သည် ဘုရင်ကြီး၏တိုင်းရေးပြည်ရာများတွင်အကြံ
သူများဖြစ်ကြရုံတင်မကဲ သိုင်းပညာအရာ၌လည်း ထက်မြက်သူ
ဖြစ်ကြသည်။

"တပ်မှူးကြီးကော နေကောင်းရဲ့လား"

"နေကောင်းပါတယ်နယ်စားကြီး .... ကျုပ်တို့ထွက်လာ
ဟာ အချိန်နည်းနည်းကြာသွားပါတယ်"

"ကဲ .... အမတ်ကြီးနဲ့တပ်မှူးကြီး ခရီးပမ်းလာမယ်လို့
ပါတယ်၊ ခဏအမောအပန်းဖြေပြီးရင်စားသောက်ကြ၊ စားသော
ပြီးမှ အေးအေးဆေးဆေးစကားပြောကြတာပေါ့"

"ရပါတယ်ဗျာ .... ရပါတယ်"

အမတ်ကြီးနှင့်တပ်မှူးကြီးတို့သည် မြင်းပေါ်မှဆင်း
ကြလေ၏။

သူတို့သည် ခေတ္တအနားယူပြီး စားသောက်ကြလေ၏
စားသောက်ပြီးသောအခါ ....

"ဒါနဲ့ မေးစမ်းပါရစေဦး၊ သိုင်းကျမ်းက ချိန်လီကျန်ရဲ့
ထဲမှာရှိတယ်ဆိုတာ သေချာရဲ့လား"

ငွေမုတ်ဆိတ်လင်ရှုကမေးလိုက်၏။



နယ်စားကြီးဝမ်ကျိုးဝေသည် စဉ်းစဉ်းစားစားဟန်ဖြင့် ပြော
လေ၏။

"သူ့လက်ထဲမှာရှိနေတာကို မျက်စိနဲ့တပ်အပ်မြင်ရသေးတာ
မဟုတ်တော့ သေချာပေါက်ပြောဖို့ကတော့ မရဘူး။ ဒါပေမယ့် သူ့
ဆီမှာရှိနေတယ်ဆိုတာတော့ သေချာပါတယ်၊ အမတ်ကြီးပဲ စဉ်းစား
ကြည့်လေ၊ ကျုပ်မိတ်ဆွေမိန်ဂူးချန်ဟာ အင်မတန်ရိုးသားတဲ့လူပါ။
ဒီတော့ သိုင်းကျမ်းက သူ့ဆီမှာမရှိရင် ဘယ်သူ့ဆီမှာရှိရမှာလဲ"

နယ်စားကြီးဝမ်ကျိုးဝေက ထိုစကားကို စိတ်ချလက်ချပြော
လိုက်ခြင်းဖြစ်သည်။

ထိုစကားကလည်း .... လက်ခံနိုင်လောက်စရာဖြစ်နေသော
ကြောင့် ငွေမုတ်ဆိတ်လင်ရှုက ခေါင်းတစ်ချက်ညိတ်လိုက်လေသည်။

ထို့နောက် .... သူ့ဘေးတွင်ရှိနေသော ဆူတုန်ပိုကို အကဲခတ်
လိုက်သည်။

"ဆူတုန်ပို.... ခင်ဗျားဘယ်လိုမြင်သလဲ၊ ခင်ဗျားရဲ့ထင်ကြေး
လေးဘာလေး ပြောစမ်းပါဦးဗျ"

ဆူတုန်ပိုသည် ကြေပန်းကန်ထဲသို့အရက်လောင်းထည့်နေ
ရာမှရပ်တန့်လိုက်ပြီး ....

"ထင်ကြေးဆိုတာ သေချာတာမှမဟုတ်ဘဲဗျ .... ဒီတော့

www.burmeseclassic.com



ထင်ကြေးတွေဘာတွေကို ကျုပ်ကတော့ သိပ်မပြောချင်ဘူး၊ မှားချင်လဲ မှားနိုင်တယ်မဟုတ်လားဗျ။ အကောင်းဆုံးကတော့ တိတိကျကျမေးမြန်းစုံစမ်းတာကတော့ အကောင်းဆုံးပါပဲ"

ရွှေဓားဆူတုန်ပို၏စကားမှာ အမှန်ဆုံးပင်။

ငွေမုတ်ဆိတ်လင်ရှုနှင့် နယ်စားကြီးဝမ်ကျိုးဝေတို့မှာ ခေါင်းတဆတ်ဆတ်ညိတ်နေရတော့သည်။

နယ်စားကြီးဝမ်ကျိုးဝေက ....

"ခင်ဗျားပြောတာ မှန်ပါတယ်၊ သေသေချာချာစုံစမ်းပြီးမှ အဖြေပြောသင့်တာပေါ့။ ခုကိစ္စက သိပ်ရှင်းလင်းနေတော့ ကျုပ်ကချိန်လီကျန်ပဲထင်တယ်"

တပ်မှူးကြီးဆူတုန်ပိုက .....

"အင်းပါလေ ..... နယ်စားကြီးထင်တာလဲ အလွန်တော့မရှိပါဘူး၊ ထင်လောက်စရာအနေအထားမျိုးမှာ ရှိနေတာကိုး၊ သိုင်းကျမ်းသူ့ဆီမှာ ရှိနေမနေဆိုတာ တိတိကျကျသိဖို့ကတော့ သူ့ဆီကိုကိုယ်တိုင်ကိုယ်ကျလိုက်သွားမှဖြစ်မယ်"

"ဟုတ်တယ်နယ်စားကြီး၊ ဆူတုန်ပိုပြောတာမှန်တယ်၊ ကျုပ်တို့တစ်တွေ ချိန်လီကျန်ကိုသွားတွေ့ရမယ်၊ ဒီကောင်ကတော့ ကျုပ်တို့ကိုရှောင်နေမှာသေချာတယ်၊ လိုအပ်ရင် ကျုပ်တို့သူ့ကိုဖမ်းရမယ်"



အမတ်ကြီးငွေမုတ်ဆိတ်လင်ရှုက ပြောလိုက်၏။

"ကိစ္စမရှိပါဘူး .... သူက ဖူချောင်မှာအနေများတော့ သူ့ကိုဖမ်းမိနိုင်ပါတယ်၊ ဖူချောင်နဲ့ဒီမြို့က သိပ်မဝေးပါဘူး .... နေ့ဝက်ခရီးလောက်ပဲသွားရပါတယ်"

နယ်စားကြီးဝမ်ကျိုးဝေက ပြောလိုက်၏။

"ချိန်လီကျန်က ဖူချောင်မှာရှိနေပွဲမလား၊ သူ သိုင်းကျမ်းကိုတိုက်ပြီးကတည်းက ရှောင်ချင်ရှောင်နေမှာပေါ့"

ရွှေဓားဆူတုန်ပိုကပြောလိုက်၏။

"ဒီလောက်လဲ စိတ်ပူမနေပါနဲ့ တပ်မှူးကြီးရယ်၊ သူ ဖူချောင်မြို့မှာရှိနေမှာပါ၊ နောက်ဆုံး ... ဖူချောင်မြို့မှာ မရှိတော့ဘူးဆိုရင်လဲလိုက်ရှာရမှာပေါ့၊ သူမြေလျှိုးမိုးမပျံနိုင်ပါဘူး၊ ကျုပ်တို့လက်ထဲကဘယ်သူမှမလွတ်နိုင်ပါဘူး"

နယ်စားကြီးဝမ်ကျိုးဝေက ပြောလိုက်သည်။

ဝမ်ကျိုးဝေကဆက်လက်၍ပြောသည်။

"တစ်ခုတော့မျှော်မှန်းထားရမယ်၊ အောက်လမ်းသိုင်းလောကမှာ သူဟာသြဇာရှိတယ်၊ ဒီတော့ အောက်လမ်းသိုင်းလောကသားတွေက ကျုပ်တို့ကိုခုခံကြမှာတော့သေချာတယ်"

အမတ်ကြီးငွေရောင်မုတ်ဆိတ်လင်ရှုက .....

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ နယ်စားကြီးရယ် .... ကျုပ်တို့ဘက်က အင်အား သုံးသင့်ရင်လဲ သုံးရမှာပေါ့"

ရွှေဓားဆူတုန်ပိုက ....

"အင်အားအတွက်ကတော့ စိတ်ချပါ၊ ကျုပ်ရဲ့လက်ရွေးစင် တပ်သားတွေကိုရွေးပြီး ခေါ်သွားရင်ဖြစ်ပါတယ်"

"ဒါဆို ဘယ်နေ့သွားမလဲ"

"အချိန်ကြာသွားရင် မကောင်းဘူးဗျ၊ မနက်ဖြန်ပဲ သွားကြ တာပေါ့"

"ဒါဆိုရင် ကျုပ်ရဲ့လက်ရွေးစင်တပ်သားတွေကိုလဲ အသင့် သင့်ပြင်ထားရပေမပေါ့"

သူတို့သည် မနက်ဖြန်တွင် ချိန်လီကျန်ထံသို့ သွားရောက်ရန် ဆုံးဖြတ်လိုက်ကြတော့၏။

❀



နောက်တစ်နေ့မနက်စောစောတွင် .... ဝမ်ကျိုးဝေတို့လူစု ဖန်ရှာမြို့နေအိမ်မှဖူချောင်မြို့ဆီသို့ ဦးတည်ထွက်သွားကြလေတော့ သည်။ အားလုံးမြင်းကိုယ်စီနှင့်ဖြစ်သည်။

နယ်စားကြီး၊ ငွေမုတ်ဆိတ်လင်ရှုနှင့် အထူးတပ်မှူးဆူတုန်ပို တို့ခေါင်းဆောင်မည်ကိုကား ပြောစရာမလိုတော့ချေ။

ဖန်ရှာမြို့သားများ အထိတ်လန့်စေရန် နယ်စားကြီးသည် အေးအေးဆေးဆေးပင်ထွက်ခွာလာ၏။

ဖန်ရှာမြို့ပြင်သို့ရောက်မှ ... မြင်းများကိုဒုန်းစိုင်းစီးလေ၏။ လွင်ပြင်များ၊ သစ်တောအုပ်များနှင့် ချောင်ယယ်လေးများကိုဖြတ်ကျော် ပြီးသောအခါတွင်တော့ ဖူချောင်မြို့ကိုလှမ်းမြင်ရတော့သည်။

နယ်စားကြီးဝမ်ကျိုးဝေက ....

"ကဲ .... အမတ်ကြီးလင်ရှု ဖူချောင်မြို့ကိုတွေ့နေရပြီ၊ မကြာ မီ ချိန်လီကျန်နဲ့တွေ့ကြရတော့မယ်"

အမတ်ကြီးလင်ရှုက ....

"ချိန်လီကျန် .... သိုင်းပညာအဆင့်မြင့်တယ်လို့တော့ ပြော ကြတယ်၊ သူ့ကိုတွေ့တော့မှပဲ ဘယ်လောက်အဆင့်မြင့်သလဲဆိုတာ သိရတော့မယ်"

ရွှေဓားဆူတုန်ပိုကလည်း ....

www.burmeseclassic.com

www.burmeseclassic.com



"အေး .... ဟုတ်တယ်၊ အမတ်ကြီးပြောတာမှန်တယ်၊ သူ ဘယ်လောက်စွမ်းသလဲဆိုတာ တွေ့ရတော့မှာပေါ့"

နယ်စားကြီးဝမ်ကျိုးဝေက .....

"ကဲ .... ကဲ .... တွေ့ကြတော့မှ သူ့အစွမ်းဘယ်လောက် ကောင်းတယ်ဆိုတာကို ကြည့်ကြပေတော့၊ ခုတော့ ဖူချောင်မြို့ထဲကို ဝင်ကြစို့"

မြင်းတပ်သားများသည် ....

နယ်စားကြီးဝမ်ကျိုးဝေ၊ အမတ်ကြီးလင်ရှုနှင့် ရွှေမေးဆူတုန် ပိုတို့၏ဦးဆောင်မှုနောက်သို့ တက်ကြွစွာလိုက်သွားလေတော့၏။

❀



မြေခွေးတုံးထင်သည် အရေးတကြီး အပေါ်ထပ်သို့ပြေး တက်သွား၏။

"ဆရာကြီး .... ဆရာကြီး ...."

မြေခွေးတုံးထင်၏ အလောတကြီးခေါ်မှုကြောင့် အရက် သောက်နေသော ချိန်လီကျန်သည် ဒေါသဖြင့် လှည့်ကြည့်လိုက်၏။

"တုံးထင် ..... ဘာကြောင့် ဒီလောက်အရေးတကြီးဖြစ်လာ တာလဲ"

"အရေးကြီးတယ်ဆရာကြီး ..... နယ်စားကြီးဝမ်ကျိုးဝေတို့ အဖွဲ့ ခြံရှေ့ကိုရောက်လုလုရှိနေပါပြီဆရာကြီး"

"ဘာ ....."

ချိန်လီကျန်မှာ တုံးထင်၏စကားကြောင့် တုန်လှုပ်သွားမိ သည်။ နယ်စားကြီးဝမ်ကျိုးဝေတို့အဖွဲ့ ခြံရှေ့သို့ရောက်လုလုရှိ နေပြီ ဆိုပါကလား။

ယခုအချိန်မှာတော့ ရှောင်၍လည်းမရတော့ချေ။

သိုင်းကျမ်းအလုခံလိုက်ရသောကိစ္စအတွက် ဖြေရှင်းရန် လိုက်လာခြင်းမှလွဲ၍ အခြားအကြောင်းမရှိပေ။

"ဝမ်ကျိုးဝေကိုယ်တိုင်ပါသလား"

"ပါတယ်ဆရာကြီး .... ဝမ်ကျိုးဝေကိုယ်တိုင်တင်မကဘူး၊

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးလင်ရှုနဲ့ အထူးတပ်မှူးရှေ့မားဆူတုန်ပိုလဲ သူနဲ့အတူလိုက်ပါလာကြပါတယ်"

လိပ်ပြာနှုတ်သိုင်းသမားချိန်လီကျန်မှာ လွန်စွာဦးနှောက်ချောက်သွားမိတော့၏။

နယ်စားကြီး ဝမ်ကျိုးဝေတစ်ယောက်တည်းဆို တော်သေးသည်။ အမတ်ကြီးလင်ရှုနှင့်အထူးတပ်မှူးတို့ပါလာသည်ဆိုသဖြင့် သူ့အတွက် အန္တရာယ်များနေသည်။

အမတ်ကြီးသည် ဘုရင်မင်းမြတ်၏ယုံကြည်ကိုးစားခြင်းကို ခံရသည်။ အထူးတပ်မှူးပါလာသည်မှာလည်း သူ့အတွက်မကောင်းချေ။

ဤလူများကို မည်သို့ဖြေရှင်းပြရမည်နည်း။

သူ့ဆီမှာသိုင်းကျမ်းမရှိပါဟုပြောလျှင်လည်း ယုံကြည်ကြမည်မဟုတ်ချေ။ သိုင်းကျမ်းကိုလုယက်သူဆိုပြီး ဖမ်းဆီးကြမည်မှာ သေချာပေသည်။

"ဘယ်လိုလဲဆရာကြီး .... သူတို့ကိုဝင်ခွင့်ပေးလိုက်ရမလား"

မြေခွေးတုံးထင်က ချိန်လီကျန်၏သဘောထားကို မေးမြန်းလိုက်သည်။

ချိန်လီကျန် အနည်းငယ်စဉ်းစားလိုက်သည်။



ပြီးမှ ....

"ဒါနဲ့ ဝမ်ကျိုးဝေရဲ့ လူတွေက ဘယ်လောက်များများပါလာသလဲ"

ဟုမေးလိုက်လေ၏။

"ဝမ်ကျိုးဝေရဲ့ လူတွေမဟုတ်ပါဘူးဆရာကြီး၊ အထူးမြင်းဘ်သားတွေပါ သုံးဆယ်ကျော်လောက်ရှိပါလိမ့်မယ်"

"ငါတို့ဆီမှာ လောလောဆယ် လူဘယ်နှစ်ယောက်လောက်သလဲ"

"နှစ်ဆယ်ကျော်လောက်ရှိပါတယ်"

"လျှပ်စစ်ဓားဝူကျင်ပို့ရော ရှိသလား"

"ရှိပါတယ်"

"ဆူထန်ရော ....."

"ရှိပါတယ်"

"အေး .... ဒီလိုဆိုရင် အားလုံးအသင့်ပြင်ထားကြ၊ ပြီးရင် ာံခါးဖွင့်၊ ဝင်ခွင့်ပေးလိုက်၊ သူတို့နဲ့ငါဆွေးနွေးမယ်၊ ဆွေးနွေးလို့ သင်မပြေဘူးဆိုရင်တော့ မင်းတို့စပြီးတိုက်ပေတော့"

"ဟုတ်ကဲ့"

မြေခွေးတုံးထင်သည် အခန်းထဲမှထွက်ခွာသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ချိန်လီကျန်သည် နဖူးပေါ်မှ စီးကျလာသည့် ချွေးများကို အင်္ကျီလက်အနားဖြင့် သုတ်ပစ်လိုက်မိသည်။

ဖြေရှင်းရမည့် ပြဿနာက ကြီးမားလှသည် မဟုတ်ပါလား။ တစ်ခုတော့ ခံသာပါသေးသည်။ သူချစ်သည့် သမီးလေးချိန်ယင်ခုန် တစ်ယောက် အိမ်မှာမရှိဘဲ ဖြစ်နေသည် မဟုတ်ပါလော။

သူ့အတွက် စိတ်ပူဖို့မလိုတော့ချေ။

မကြာမီ .... နယ်စားကြီးဝမ်ကျိုးဝေ၊ အမတ်ကြီးလင်ရှုနှင့် အထူးတပ်မှူးရွှေစားဆူတုန်ပိုတို့သည် အိမ်ထဲသို့ဝင်လာကြလေ၏။

ထိုအခါ .... လိပ်ပြာနှုတ်သိုင်းသမားချိန်လီကျန်က ဦးညွှတ် ဂါရဝပြုသည်။

"ကြွကြွပါ .... ကြွကြွပါ"

နယ်စားကြီးတို့သည် ဧည့်ခန်းထဲ၌ထိုင်လိုက်ကြသည်။

ထိုင်လျှင်ထိုင်ချင်း နယ်စားကြီးဝမ်ကျိုးဝေက .....

"ချိန်လီကျန် .... ကျုပ်တို့လာရောက်ကြတာဟာ သိုင်းကျမ်း ကိစ္စပဲ၊ ခင်ဗျားဟာ ဘုရင့်သိုင်းကျမ်းကိုဖြတ်လုယူတဲ့အတွက် မင်းပြစ် မင်းဒဏ်သင့်နေပြီ .... သိုင်းကျမ်းပြန်ပေးရင် ဟောဒီကအမတ်ကြီး၊ တပ်မှူးကြီးက ပြစ်ဒဏ်ကိုလျှော့လျှော့ပေါ့ပေါ့ဖြစ်အောင် လုပ်ပေး ကြပါလိမ့်မယ်"



ချိန်လီကျန် အသံမှန်ဖြစ်အောင် ကြိုးစား၍ပြောလိုက်၏။

"ကျွန်တော့်မှာ ဘာသိုင်းကျမ်းမှမရှိပါဘူးခင်ဗျာ၊ ကျွန်တော် ယက်ခဲ့တာကတော့မှန်ပါတယ်၊ ဒါပေမယ့် .... သေတ္တာကြီးထဲမှာ ာမဟုတ်တဲ့စာအုပ်အထူကြီးတစ်အုပ်ပါလာတာကလွဲလို့ ဘာသိုင်း ျမ်းမှ မပါပါဘူးခင်ဗျာ"

ဝမ်ကျိုးဝေက မျက်နှာထိမျက်နှာထားနှင့် .....

"ဒါတော့ ခင်ဗျားသက်သက်လိမ်တာပဲ .... သိုင်းကျမ်းဟာ သေတ္တာထဲမှာ ရှိကိုရှိရမယ်၊ ဘာမဟုတ်တဲ့ စာအုပ်အထူကြီးတစ်အုပ် တယ်ဆိုတာ မဖြစ်နိုင်ဘူး၊ အဲဒီ ဘာမဟုတ်တဲ့စာအုပ်ထူကြီးဟာ ားထည့်ထားတဲ့စာအုပ်ပဲဖြစ်မယ်"

ချိန်လီကျန်သည် ပထမ၌ အေးအေးသက်သာဖြေရှင်းရန် စားသည်။ သို့သော် .... နယ်စားကြီးဝမ်ကျိုးဝေက သူ၌ သိုင်း း ရှိကိုရှိရမည်ဟုပြောလာသောအခါ သူသည် ဒေါသထွက်လာ တော့သည်။

"ကျုပ်က အမှန်အတိုင်းပြောနေတာပါ၊ ကျုပ်လုယက်ခဲ့တာ တယ်၊ ဒါပေမယ့် သိုင်းကျမ်းကိုမရခဲ့ဘူး ယုံတာ မယုံတာကတော့ ားကြီးတို့သဘောပဲ"

ချိန်လီကျန်သည် စောစောကလို အောက်ကျို့ခံ၍ပြောမနေ

www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။ ထိုအခါ ....

နယ်စားကြီးဝမ်ကျိုးဝေ၊ အမတ်ကြီးလင်ရှုနှင့် တပ်မှူးကြီး ဆူတုန်ပိုတို့၏မျက်နှာထားများသည် တင်းမာသွားလေတော့၏။

"ကဲ .... အမတ်ကြီးနဲ့တပ်မှူးကြီးတို့ ကြားကြတဲ့အတိုင်း ပဲ၊ သူကတော့ ဗြောင်လိမ်နေပြီ၊ ခင်ဗျားတို့ရအောင် ဆက်မေးကြ မလား"

အမတ်ကြီးလင်ရှုက .....

"ချိန်လီကျန် .... ခင်ဗျားငြင်းမနေပါနဲ့၊ သိုင်းကျမ်းရှိနေ ကျုပ်တို့ဆီကို အေးအေးဆေးဆေးပြန်အပ်ပေတော့၊ ဒါဆို လုယူသွား တဲ့အပြစ်အတွက် ခင်ဗျားကို အရေးမယူအောင် ဘုရင်မင်းမြတ် ကျုပ်ဖျောင်းဖျပေးပါ့မယ်"

တပ်မှူးကြီး ရွှေစားဆူတုန်ပိုကလည်း .....

"ဟုတ်တယ် .... အမတ်ကြီးပြောတဲ့အတိုင်း လိုက်နာ အကောင်းဆုံးဖြစ်လိမ့်မယ်၊ ကျုပ်တို့က ဘုရင့်တော်အမိန့်အရ ဆောင်ရွက်ဖို့လာတာပဲ၊ တိုက်တာခိုက်တာတွေ သိပ်မလုပ်ချင်ဘူး နောက်ဆုံးပြောမယ်၊ ဖမ်းတာဆီးတာတောင် မလုပ်ချင်ဘူး။ ဒီ ပြဿနာကို အေးအေးဆေးဆေးဖြေရှင်းတာအကောင်းဆုံးပဲ"

ချိန်လီကျန်က ခေါင်းခါလိုက်၏။



"ကျုပ်မှာ ဘာသိုင်းကျမ်းမှမရှိပါဘူး၊ ဒါအမှန်အတိုင်းပြော တာပဲ၊ ကျုပ်လုခဲ့တာမှန်ပါတယ်၊ ဒါပေမယ့် .... ဘာသိုင်းကျမ်းမှမရ ပါဘူး၊ အဲဒါအမှန်ပါ"

ဝမ်ကျိုးဝေက တင်းမာစွာပြောလိုက်၏။

"သြော် .... ခင်ဗျားက အမတ်ကြီးနဲ့တပ်မှူးကြီးမေတ္တာရပ် နေတာကိုတောင် နားမဝင်ဘဲကိုး၊ ဒီလိုဆိုရင်တော့ ခင်ဗျားကို ဖမ်း ပြီး နေပြည်တော်ကိုခေါ်ဆောင်သွားရမှာပဲ"

"ကျုပ်မှာသိုင်းကျမ်းမရှိတာကို အထပ်ထပ်ပြောပြီးပြီပဲ၊ အဲ တော့ ကျုပ်ကလဲသိုင်းကျမ်းမရှိဘဲနဲ့တော့ ဘယ်မှာအဖမ်းခံနိုင်ပါ့ မလဲ၊ ကျုပ်ကိုအတင်းအကျပ်ဖမ်းဆီးရင်တော့ ကျုပ်ကလဲ တားဆီး ရမှာပဲ"

ဝမ်ကျိုးဝေသည် အမတ်ကြီးလင်ရှုဘက်သို့လှည့်လိုက်၏။

"ကဲ .... အမတ်ကြီး၊ ကျုပ်တို့စကားလဲကုန်ပြီ၊ ကျုပ် သူ့ကို လောက်သားလောက်အောင် ဆုံးမပေးပါ့မယ်"

စကားဆုံးသည်နှင့် ဝမ်ကျိုးဝေသည် ချိန်လီကျန်ရှိရာသို့ ပေါ် ခုန်ထွက်သွားလေ၏။

ချိန်လီကျန်ကလည်း ဝမ်ကျိုးဝေ ထိုသို့တိုက်ခိုက်လာလိမ့် မျှော်လင့်ထားရာ ချက်ချင်းဝင်တုံ့ပြန်တိုက်ခိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ....

အခန်းအပြင်တွင်စောင့်နေကြသော .... မြေခွေးတုံးထင် ကျော့မှတ်ဆူထန်နှင့်လျှပ်စစ်ဓားဝူဂျင်ပို့တို့လည်း အခန်းထဲသို့ ခုန်ဝင် လာကြတော့၏။

ထိုအခါ .... ချိန်လီကျန်၏နောက်လိုက်များကို အချက်ပေး သလိုဖြစ်သွားကာ တပ်မှူးကြီးဆူတုန်ပို၏အထူးတပ်သားများကို ဝင် တိုက်ကြတော့သည်။

❀



ကြောက်မက်ဖွယ်ရာတိုက်ပွဲကြီးကား စတင်တော့သည်။

ထိုအထဲတွင် အပြင်းထန်ဆုံးကား ဝမ်ကျိုးဝေနှင့်ချိန်လီကျန် တို့၏တိုက်ပွဲပင်တည်း။

နှစ်ယောက်စလုံး အဆင့်မြင့်သိုင်းသမားများဖြစ်ကြသဖြင့် သူတို့၏လှုပ်ရှားမှုများမှာ လေတိုးသံထွက်ပေါ်နေလေ၏။

ဝမ်ကျိုးဝေသည် ချိန်လီကျန်ကိုပြင်းပြင်းထန်ထန်တိုက်ခိုက် သည့်နည်းတူ ....

ချိန်လီကျန်ကလည်း အစွမ်းကုန်ပြန်လည်တိုက်ခိုက်လေ၏။

သူတို့သည် ကိုယ်ဖော့ပညာ၌လည်း အစွမ်းထက်သူများဖြစ် ကြသဖြင့် သူတို့၏လှုရိပ်ကိုမတွေ့နိုင်ဖြစ်နေရသည်။

အမှန်တော့ .... ဝမ်ကျိုးဝေသည် အရိပ်မဲ့လက်ဝါးကိုသုံးပြီး တိုက်ခိုက်နေခြင်းဖြစ်သည်။

ချိန်လီကျန်မှာ လက်ဝါးအစစ်နှင့်အတုကို ကြိုးစားခွဲခြား ရလေ၏။

ထိုစဉ် ဝမ်ကျိုးဝေ၏လက်ဝါးတစ်ချက်သည် ပြင်းထန်သော အားဖြင့် ချိန်လီကျန်၏ရင်ဝသို့ဝင်သွားလေ၏။

ချိန်လီကျန်က လက်ဝါးဖြင့်ခုခံလိုက်၏။

ထိုအခါ ....

www.burmeseclassic.com



ဝမ်ကျိုးဝေသည် သူ့လက်ဝါးရိုက်ချက်များကို လမ်းကြောင်းပြောင်းလိုက်လေ၏။

ရိုက်ဟန်ပြပြီး ခုန်ကန်လိုက်သည်။

"ဝုန်း ...."

ချိန်လီကျန်က ငုံ့ရှောင်လိုက်ရာ ဝမ်ကျိုးဝေမှာ ၄က်ကြီးတောင်ကောင်အလား တစ်ဖက်သို့ကျရောက်သွား၏။

ထိုအခါ ....

ချိန်လီကျန်သည် ကိုယ်ကိုတစ်ပတ်လှည့်ကာ ဝမ်ကျိုးဝေ၏ဒူးဆစ်ဆီသို့တစ်ချက်၊ ရင်ဝဆီသို့တစ်ချက် ခတ်ကန်လိုက်၏။

ချိန်လီကျန်က အတွင်းအားကိုအကုန်ထည့်၍ကန်လိုက်ခြင်းဖြစ်ရာ ထိုခတ်ချက်သာထိထိမိမိဖြစ်သွားပါက တစ်ဖက်လူမှာ ဒူးဆစ်ပြုတ်ပြီး နံရိုးများကျိုးကြေသွားနိုင်လေသည်။

သို့သော် .....

ဝမ်ကျိုးဝေကမူ ထိုခတ်ချက်ကိုရှောင်တိမ်းနိုင်ခဲ့သည်။

ထို့နောက် ချိန်လီကျန်အား ပျံ့ဝဲခုန်တိုက်လာပြန်သည်။

လက်ဖျံ၊ လက်ဖမိုး၊ တံတောင်များသည် မိုးသီးမိုးပေါက်ပမာကျရောက်သွားသည်။

ချိန်လီကျန်သည် လှုံချရှောင်တိမ်းလိုက်ရ၏။



ဝမ်ကျိုးဝေသည် ဆင့်ကဲလက်ဝါးရိုးချက်များကိုသုံးတော့၏။ ချိန်လီကျန် ကြိုးစားရှောင်တိမ်းနေရ၏။

ဝမ်ကျိုးဝေက ညာခြေဖြင့် ချိန်လီကျန်၏ပေါင်ရင်းကို လှမ်းကန်လိုက်သည်။ ချိန်လီကျန်က ခြေကန်ချက်ကို ရှောင်တိမ်းလိုက်ရာ ဝမ်ကျိုးဝေ၏ရိုက်ချက်ကိုရှောင်တိမ်းရန် မဆိုစလောက် နှောက်ကျသွားလေ၏။

ထိုအခါ ပခုံးရှွန်းကိုရှပ်ထိသွားသည်။

"ဝုန်း ....."

လက်ဝါးရိုက်ချက်ကြောင့် သူ့ကိုယ်နေဟန်ထား အနည်းငယ်ပျက်သွား၏။

ဝမ်ကျိုးဝေသည် အခွင့်အရေးကိုလက်လွှတ်မခံဘဲ လျင်မြန်ဖတ်လတ်စွာ ခုန်ကန်လိုက်၏။

ဝမ်ကျိုးဝေ၏ကန်ချက်မှာ လွန်စွာလျင်မြန်လှသဖြင့် ချိန်လီကျန် မရှောင်နိုင်တော့ချေ။

ထို့ကြောင့် ခြေကန်ချက်ကို လက်ဖျံဖြင့်တားဆီးလိုက်၏။

"ဗိုး ....."

"ခြွမ်း ....."

အရိုးကျိုးသံထွက်ပေါ်လာပြီး ....

www.burmeseclassic.com

www.burmeseclassic.com



ချိန်လီကျန့်မှာ နောက်သို့လန်ထွက်သွားလေ၏။

တားဆီးလိုက်သည့်ညာလက်သည် သွင်သွင်ကျိုးသွားလေ ပြီ။ ချိန်လီကျန်သည် ဝမ်ကျိုးဝေအား မီးထွက်မတတ်မျက်လုံးများ ဖြင့် စိုက်ကြည့်လိုက်၏။

ဝမ်ကျိုးဝေသည် ဆက်လက်တိုက်ခိုက်ခြင်းမပြုဘဲ သူ့အား ပြန်ကြည့်နေသည်။ ဝမ်ကျိုးဝေ၏အကြည့်မှာ စူးရှလှသည်။

ချိန်လီကျန်သည် အံကြိတ်၍ ဝမ်ကျိုးဝေကိုတိုက်ခိုက်ရန်ပြင် ပြင်လိုက်သည်။

ဝမ်ကျိုးဝေ၏လက်သည် လှစ်ခနဲလှုပ်ရှားသွား၏။

ငွေရောင်အလင်းတန်းကလေးသုံးခု လင်းလက်သွားသည်

ချိန်လီကျန်သည် အကောင်းကျန်နေသည့်ဘယ်ဘက်လက် ဖြင့် ရိုက်ချရန်ကြိုးစားသော်လည်း ဝမ်ကျိုးဝေ၏လက်နက်ပုန်းပညာ က အဆင့်မြင့်လှသဖြင့် လက်နက်ပုန်းသုံးခုအနက် နှစ်ခုကိုသာဖယ် ရှားနိုင်ခဲ့သည်။

"ဝှီး ....."

"ဝှီး ....."

"ထုတ် ....."

နောက်ဆုံးလက်နက်ပုန်းကို မဖယ်ရှားနိုင်ခဲ့ပေ။



နောက်ဆုံးလက်နက်ပုန်းသည် ချိန်လီကျန်၏မျက်ခုံးနှစ်ခု ကြားသို့ စိုက်ဝင်သွားလေတော့၏။

အဆိပ်အပ်၌ သုတ်လိမ်းထားသော အဆိပ်မှာ ပြင်းထန်လှ သဖြင့် ချိန်လီကျန်မှာ ထိုနေရာ၌ ပွဲချင်းပြီးသေဆုံးသွားလေ၏။

နယ်စားကြီးဝမ်ကျိုးဝေသည် လွန်စွာအားရကျေနပ်သွား ၏။ ချိန်လီကျန်ကဲ့သို့သောသိုင်းသမားမျိုးကို သူ့လက်နက်ပုန်းဖြင့် ထိ အောင်ပစ်ခတ်နိုင်ခဲ့သဖြင့် သူ့သိုင်းပညာစွမ်းအား မြင့်မားနေကြောင်း ကို သူသိလိုက်ရသောကြောင့်ဖြစ်ပေသည်။

သူသည် ပတ်ဝန်းကျင်ကိုကြည့်လိုက်၏။

အခြေအနေကား သူတို့အုပ်စုတစ်ခုလုံးအတွက် အကောင်း ချည်းဖြစ်နေသည်။

ချိန်လီကျန်၏အုပ်စုမှာ ဆယ့်ငါးယောက်ခန့်သာရှိသဖြင့် သူ တို့အုပ်စုအား မလှန်နိုင်ခြင်းဖြစ်သည်။

မြေခွေးတုံးထင်လည်း လဲကျသေဆုံးနေလေပြီ။

ကျားပွတ်ဆူထန်လည်း သေဆုံးနေပေပြီ။

ခြံထဲမှလည်း တိုက်သံခိုက်သံများကြားရတော့ပေ။

အမတ်ကြီးလင်ရှုနှင့်လှုပ်စေ်ခေါ်ဝှကျင်ပို့တို့မှာမူ တိုက်ခိုက် နေဆဲရှိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမတ်ကြီးလင်ရှုက အသာစီးရနေသည်။

ထိုစဉ် အမတ်ကြီးလင်ရှုက ဝူဂျင်ပို့၏ယပ်ထိပ်အား ရိုက်ချလိုက်သည်ကို ဝမ်ကျိုးဝေတွေ့လိုက်ရ၏။

"ဝုန်း ......"

"ခွပ် ......"

လျှပ်စစ်ဓားဝူဂျင်ပို့သည် လဲကျသွားတော့၏။

"အားလုံး အခြေအနေကောင်းတယ်မဟုတ်လား"

ဝမ်ကျိုးဝေကမေးလိုက်၏။

တပ်မှူးကြီးဆူတုန်ပိုက ဖြေလိုက်၏။

"ကောင်းပါတယ် .... ကျုပ်တို့ဘက်က အခြေအနေကို ထိန်းသိမ်းနိုင်ပါတယ်"

အမတ်ကြီးလင်ရှုက .....

"ဒါနဲ့ ချိန်လီကျန်ကော .... သူဒဏ်ရာရသွားသလား"

ဝမ်ကျိုးဝေက ချိန်လီကျန် လဲကျသည့်နေရာသို့ လက်ညှိုးထိုး၍ညွှန်ပြလိုက်သည်။

"ဟိုမှာလေ ......"

အမတ်ကြီးလင်ရှုသည် ချိန်လီကျန် လဲကျသည့်နေရာသို့ လျှောက်သွားပြီး ချိန်လီကျန်ကိုစစ်ဆေးလိုက်သည်။



ချိန်လီကျန်၏မျက်ခုံးနှစ်ခုကြားတွင် သေးငယ်သောအပ်လေးကို မြင်တွေ့ရသည်။

မျက်နှာတစ်ခုလုံးလည်း ညိုမည်းနေသည်။

"ဟင် ..... ခင်ဗျား သူ့ကို လက်နက်ပုန်းနဲ့ပစ်ပြီး ရှင်းပစ်လိုက်တာလား"

"သူ့ရဲ့ခုခံမှုဟာ ပြင်းထန်လှတယ်၊ ဒါကြောင့် ကျုပ်လဲမနိုင်နိုင်ရာနဲ့ကိုင်လိုက်ရတာပဲ"

"ဒါပေမယ့် သိုင်းကျမ်းကိစ္စကိုလိုက်ရတာကျတော့ လမ်းစပျောက်သွားတာပေါ့၊ အကယ်၍ သူ မသေသေးရင် သူ့ကိုစစ်မေးလို့ရတာပေါ့၊ ခု .... သူသေသွားပြီဆိုတော့ သဲလွန်စရဖို့ အတော့်ကိုခက်သွားပြီပေါ့"

အမတ်ကြီးလင်ရှုက စိတ်မျက်လက်ပျက်ပြောလိုက်သည်။

အမတ်ကြီး၏စကားကမှန်သည်။

ချိန်လီကျန်ကိုယ်တိုင်ရှိ နေမှ သိုင်းကျမ်းသဲလွန်စရနိုင်သည်မဟုတ်ပါလော။

ထိုအခါ နယ်စားကြီးဝမ်ကျိုးဝေက —

"ဒီအတွက်တော့ ဘာမှမပူပါနဲ့ အမတ်ကြီးရယ်၊ သူ မရှိပေမယ့် သူ့သမီးရှိပါသေးတယ်၊ သူ့သမီးကိုဖမ်းစစ်လိုက်ရင် သိုင်းကျမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပြန်ပေါ်လာမှာပေါ့"

"ဘယ်လိုဗျ .... ချိန်လီကျန်မှာ သမီးလေးတစ်ယောက်ရှိသေးတယ်ဟုတ်လား"

အမတ်ကြီးလင်ရှုက မေးလိုက်ခြင်းဖြစ်ပါသည်။

"ဟုတ်တယ် .... သမီးတစ်ယောက်ရှိပါသေးတယ်၊ ရုပ်ရည်ကလဲ အတော်ကိုလှတယ်၊ နာမည်ဝ်က ချိန်ယင်ခုန်ဆိုလားပဲ"

"ခုတိုက်ပွဲမှာများ ကျဆုံးသွားပြီလား မဆိုနိုင်ဘူး"

ထိုအခါ တပ်မှူးကြီးဆူတုန်ပိုကဝင်ပြောလေ၏။

"ကျုပ် တိုက်ပွဲကိုကြည့်ပြီးပါပြီ၊ မိန်းကလေးနဲ့တူတာဆိုလို့ တစ်ယောက်မှမပါဘူး"

"သေချာရဲ့လား"

"သေချာပါတယ်ဗျာ"

"အင်း .... ဒီလိုဆိုရင် မိန်းကလေး အိမ်ထဲမှာမရှိလို့ဗျ၊ အိမ်ထဲမှာရှိနေရင် သူ့အဖေ လဲကျတာနဲ့ သူဝင်ပြီးတိုက်ခိုက်မှာပဲ"

ထိုစဉ် အပြင်မှတပ်စုမှူးဝင်လာလေ၏။

ရှေ့ဆောဆူတုန်ပိုက ......

"ဘယ့်နှယ်လဲ .... ငါတို့ဘက်က အခြေအနေကောင်းတယ်မဟုတ်လား"



တပ်စုမှူးကဖြေသည်။

"တိုက်ပွဲအပြီးမှာ ကျွန်တော်တို့ဘက်က လေးယောက်ကျပြီး သုံးယောက်ဒဏ်ရာရသွားတယ်၊ ကျန်တာတွေကတော့ အခြေအနေကောင်းပါတယ်"

ဆူတုန်ပိုက ......

"ဒဏ်ရာရတဲ့လူတွေကို တတ်နိုင်သလောက် ကုထား၊ ကျဆုံးသွားတဲ့လူတွေကိုလဲ ပြန်သယ်သွား၊ ငါတို့ နယ်စားကြီးအိမ်တော်ကိုပြန်မယ်"

"ဟုတ်ကဲ့... ကောင်းပါပြီတပ်မှူးကြီး"

တပ်မှူးကြီး ဆူတုန်ပိုက ......

"ဟေ့ .... ခဏ"

တပ်မှူးကြီးက လှမ်းတားသဖြင့် ....

တပ်စုမှူးသည် ရပ်လိုက်၏။

"မင်းကို တစ်ခုမေးရဦးမယ် .... ရန်သူ့အလောင်းတွေထဲမှာ မိန်းကလေးအလောင်းများ ပါသေးသလား"

တပ်စုမှူး ခေါင်းခါလိုက်၏။

"ဟင့်အင်း မပါပါဘူး၊ ကျွန်တော်အားလုံးကိုစစ်ဆေးပြီးပါပြီ၊ မိန်းကလေးဆိုလို့ တစ်ယောက်မှမပါပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အေး .... ဒါဆို ငါတို့တပ်တွေကို ပြန်စုစည်းလိုက်တော့၊ နယ်စားကြီးအိမ်တော်ကို ပြန်လို့ရပြီ"

တပ်စုမှူး အရိုအသေပြုပြီး ပြန်လည်ထွက်ခွါသွား၏။

ရွှေခားဆူတုန်ပိုသည် အမတ်ကြီးလင်ရှုနှင့်ဝမ်ကျိုးဝေရှိရာသို့ ပြန်လှည့်လိုက်၏။

"ကဲ .... အမတ်ကြီးနဲ့တပ်မှူးကြီးကို ကျုပ်အနေနဲ့ အစီရင်ခံပါတယ် .... ချိန်လီကျန်ရဲ့သမီးကတော့ တစ်နေရာရာမှာ ရှိနေမှာမုချပါပဲ .... အဲဒီမိန်းကလေးကိုတွေ့အောင်ရှာဖမ်းနိုင်ရင် သိုင်းကျမ်းသဲလွန်စရမှာပါပဲ"

အမတ်ကြီးလင်ရှုသည် ချိန်လီကျန် သေသွားသဖြင့် လွန်စွာစိတ်ဓာတ်ကျနေသည်။

သက်ပြင်းမျှဉ်းမျှဉ်းချလိုက်ပြီး ....

"အင်းလေ .... ချိန်လီကျန်ရဲ့သမီးကိုပဲ ရှာရတော့မှာပေါ့၊ ဒီမိန်းကလေးကို ရှာရလွယ်ပါ့မလား"

ဝမ်ကျိုးဝေကပြုံးလိုက်သည်။

"အမတ်ကြီး ..... ဒီအိမ်ကလူတွေအားလုံးကိုသုတ်သင်နိုင်လိုက်ပါတယ်၊ တစ်ယောက်မှလွတ်သွားတာ မရှိသေးပါဘူး .... အဲဒီတော့ မိန်းကလေးဟာ ဒီအိမ်ကိုပြန်လာမှာမုချပါပဲ .... သေသောသူကြာရင်မေ့၊ ပျောက်သောသူ ရှာရင်တွေ့ဆိုတဲ့စကားတောင် ရှိသေးတာပဲ၊ တကယ်လို့ .... ဒီမိန်းကလေးကိုလိုက်ရှာရရင်လဲ အခက်ကြောင်းမဟုတ်ပါဘူး။ မုချရှာတွေ့နိုင်ပါတယ်"

ဝမ်ကျိုးဝေက အပိုင်အနိုင် သေချာပေါက်လေသံနှင့် အမတ်ကြီးလင်ရှုအား ပြောလိုက်လေသည်။

❀



www.burmeseclassic.com

www.burmeseclassic.com



ကာယ်တင်သူ

ချိန်ယင်ခုန်သည် သူ့အိမ်ဂေဟာကို နယ်စားကြီးဝမ်ကျိုးဝေ တို့လူစုတိုက်ခိုက်စဉ် အိမ်တွင်ရှိမနေချေ။

ဖူချောင်မြို့လယ်တစ်နေရာသို့ရောက်ရှိနေသဖြင့် ဝမ်ကျိုး ဝေတို့လက်မှ ကံကောင်းထောက်မစွာလွတ်မြောက်သွားခဲ့၏။

သူမ အိမ်သို့ပြန်လာသည့်အခါ လမ်းတွင် အိမ်တော်အခြေ အနေကိုသိလိုက်သော သူ့ဖခင်၏တပည့်တစ်ယောက်နှင့်တွေ့ရသဖြင့် အခြေအနေအားလုံးကိုသိလိုက်ရသည်။

သူမသည် အိမ်သို့မပြန်တော့ဘဲ ဖူချောင်မြို့လယ်ရှိ မိတ်ဆွေ တစ်ယောက်၏အိမ်တွင် သွားရောက်ခိုအောင်းနေတော့သည်။

သူမ မြတ်နိုးတွယ်တာရသော ဖခင်ကြီးဆုံးပါးသွားရချေပြီ။ ဤအတွက် အသည်းနှလုံးများ ကြေကွဲမတတ်ခံစားရသည်။



နယ်စားကြီးဝမ်ကျိုးဝေတို့လူစုကိုလည်း လွန်စွာနာကြည်း ားလေ၏။

ဖခင်အတွက် ကလဲ့စားချေရန် ကြံစည်မိသည်။

သို့သော် .... သူမ၏သိုင်းပညာအဆင့်မှာ သူ့ရန်သူများနှင့် ခြားလှသည်ဖြစ်၍ ကလဲ့စားချေလိုစိတ်ကို မျိုသိပ်ထားလိုက်ရ သည်။

နေသွေးသပချုံထဲက ချိုသွေးလို့တမြမြဟူ၍ သဘောထား နေတော့၏။

သုံးရက်မြောက်သောနေ့တွင် သူမသည် မြို့ထဲသို့ မယောင် ည်ထွက်လာလေ၏။

ဖူချောင်မြို့ဈေးသည် ယခင်အတိုင်း စည်ကားနေသည်။

အော်သံခေါ်သံများဖြင့် ဆူညံနေသည်။

ချိန်ယင်ခုန်သည် မြို့ထဲ၌ မယောင်မလည်လျှောက်နေစဉ် အား နောက်ယောင်ခံလိုက်ကြည့်သူ ရှိမရှိ သတိထားကြည့်လိုက် သည်။

မည်သူမှ မရှိချေ။

ချိန်ယင်ခုန် စဉ်းစားရခက်သွား၏။ နယ်စားကြီးဝမ်ကျိုးဝေ သည် သူမအား လိုက်လံဖမ်းဆီးရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုအထိ သူ့ကိုလိုက်ဖမ်းသူများကို မမြင်ရသေး။

သူမအား ခြေရာခံမမိသေး၍ သူမလွတ်မြောက်နေသ

ဟုလည်း တွေးမိသည်။

ထို့ပြင် သူမသည် သိုင်းကျမ်းကိစ္စနှင့်မသက်ဆိုင်ဟု နယ်

ကြီးဝမ်ကျိုးဝေတို့လူစုက ယုံကြည်ထားသဖြင့် သူမလွတ်မြော

သလားဟုလည်းတွေးသည်။

ထို့နောက် ....

ဗိုက်ဆာသလိုလိုရှိသဖြင့် နာမည်အကြီးဆုံး စားသေ

ဆိုင်တစ်ခုသို့ဝင်လိုက်သည်။

သူမ ဝင်သည့်ဆိုင်မှာ ငွေလင်းယုန်စားသောက်ဆိုင်တ

တကယ်တော့ ချိန်ယင်ခုန် အထင်မှားခြင်းသာဖြစ်၏

အဘယ်ကြောင့်ဆိုသော် ....

သူမ့အား နောက်ယောင်ခံလိုက်နေသူများ ရှိသော

ပေတည်း။

ငွေလင်းယုန်စားသောက်ဆိုင်၏မျက်နှာချင်းဆိုင်တွင်

သောက်ဆိုင်သေးသေးတစ်ခုရှိ၏။

ထိုစားသောက်ဆိုင်တွင် အဝတ်အစားနွမ်းပါးသော

ယောက်ထိုင်နေ၏။



ထိုသူနှစ်ယောက်သည် ငွေလင်းယုန်စားသောက်ဆိုင်ထဲဝင်

သွားသောချိန်ယင်ခုန်အား မမှိတ်မသုန်ကြည့်နေကြသည်။

ချိန်ယင်ခုန်ဆိုင်ထဲသို့ဝင်သွားသောအခါ ....

ထိုလူနှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်

ကြည့်ကြလေ၏။

ထိုလူနှစ်ယောက်ကား သာမန်ဆင်းရဲသားများပမာ ရုပ်ဖျက်

ထားကြသော နယ်စားကြီးဝမ်ကျိုးဝေ၏တပည့်နှစ်ယောက်ဖြစ်လေ

သည်။

သူတို့သည် သူတို့ မှာကြားထားသည့်အစားအသောက်များ

မတို့မထိဘဲ ကျသင့်ငွေများကိုပေးချေလိုက်ကြသည်။

ထို့နောက် နေရာမှထသွားကြလေတော့၏။

လူအတန်ငယ်ရှင်းသောနေရာရောက်သောအခါ သူတို့သည်

ပြေးကလေးထွက်ခွာသွားကြသည်။

သူတို့ထွက်ပြေးကြသောနေရာမှာ မှုချောင်မြို့ထဲရှိ တည်းခို

ခင်တစ်ခုသို့ ဖြစ်လေသည်။

ချိန်ယင်ခုန်ကတော့ ထိုအကြောင်းများကို မသိရှာပေ။

စားသောက်ဆိုင်ထဲတွင် စားသောက်နေသည်။

သူစားသောက်ပြီးသောအခါ ကျသင့်ငွေများကိုပေးချေပြီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲမှပြန်ထွက်လာတော့၏။

လမ်းမပေါ်ခြေချမိသည်နှင့်တစ်ပြိုင်နက် ချိန်ယင်ခုန်သည် ထူးခြားမှုတစ်ခုကို သတိပြုမိသွားသည်။

လမ်းသွားလမ်းလာများရှင်းလင်းလျက်ရှိရုံမက လမ်းဘေးဈေးသည်များလည်း ရှင်းလျက်ရှိနေခြင်းပင်။

သူမ ဆိုင်ထဲသို့ ဝင်စဉ်တုန်းကအခြေအနေမျိုးမဟုတ် ....

သူမ ဆိုင်ထဲသို့ဝင်စဉ်က လမ်းသွားလမ်းလာများရှိနေပြီး လမ်းဘေးဈေးသည်များလည်း ရှိနေခဲ့သည်။

သူမ စိတ်ထဲတွင် ထင့်ခနဲဖြစ်သွား၏။ သို့သော် သူမသည် လမ်းမအတိုင်း ဆက်လျှောက်လေတော့၏။

ထောင့်ချိုးတစ်ခုကို ကွေ့လိုက်သည့်တစ်ခဏ လမ်းမပေါ် ပိတ်ရပ်နေသည့် နယ်စားကြီးဝမ်ကျိုးဝေ၏ရဲမက်များကိုတွေ့လိုက် ရတော့သည်။

ချိန်ယင်ခုန်သည် နောက်ပြန်လှည့်လိုက်၏။

"ဟင် ....."

သူမ အံ့သြသွားသည်။

သူမ၏နောက်ဘက်တွင်လည်း တပ်သားများပိတ်ဆို့ရပ်နေ သည်ကို တွေ့ရသောကြောင့်ဖြစ်သည်။



ထိုအခိုက် အနီးရှိ ဆိုင်တစ်ဆိုင်ထဲမှ လူတစ်စုထွက်လာကြ တော့၏။ ထိုလူစုထဲတွင် နယ်စားကြီးဝမ်ကျိုးဝေပါဝင်ပေသည်။

အခြားတစ်ဦးမှာ ငွေမှတ်ဆိတ်ဖြင့် ပျော့ပျောင်းသည့်မျက် နှာရှိသူတစ်ယောက်ဖြစ်သည်။

နောက်တစ်ယောက်မှာမူ ခန့်ညားသော ဥပမိရုပ်ရည်ရှိကာ ကျောတွင်ရွှေရောင်တောက်ပသော ဓားအိမ်ကြီးကို သိုင်းလွယ်ထား ၏။ နယ်စားကြီးဝမ်ကျိုးဝေသည် ချိန်ယင်ခုန်နှင့် မျက်နှာချင်းဆိုင် ရပ်လေ၏။

"ချိန်ယင်ခုန် .... မင်းကိုဖမ်းဖို့ ငါတို့လူတွေ အများကြီးလွှတ် ထားပါတယ်၊ ငါတို့နဲ့လိုက်ခဲ့ပေတော့"

"ကျွန်မမှာ ဘာအပြစ်ရှိလို့ နယ်စားကြီးတို့နဲ့အတူလိုက်ရမှာ "

ချိန်ယင်ခုန်က ဣန္ဒြေမပျက်မေးလိုက်သည်။

ထိုအခါ ဝမ်ကျိုးဝေက ....

"မင်းတို့သားအဖ ဘုရင်မင်းမြတ်ရဲ့သိုင်းကျမ်းကိုလုသွားတဲ့ ပဲ၊ မင်းအဖေဟာ အမှန်ကိုဝန်မခံခဲ့ဘူး .... ဒါကြောင့် လက်လွန် သွားပြီး ဖြစ်သွားတာပဲ .... မင်းကတော့ မင်းအဖေလို မမိုက်မဲဘူး ဟုတ်တယ်လို့ ထင်မိတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



နယ်စားကြီးဝမ်ကျိုးဝေက မသိမသာခြိမ်းခြောက်လိုက်၏။

ချိန်ယင်ခုန်ကလည်း ထိုစကားကိုသိပါသည်။

"နယ်စားကြီးက ကျွန်မကိုခြိမ်းခြောက်နေတာကိုး၊ ကျွန်မကို ဒီလိုခြိမ်းခြောက်လို့ ရမယ်မထင်ပါနဲ့၊ ကျွန်မဟာ အဖေ့သမီးပါ အဖေ့လမ်းစဉ်ဂဲလိုက်မယ်၊ နယ်စားကြီးတို့ကို ရဲရဲဝံ့ဝံ့တိုက်ပြီး အသေခံသွားပါမယ်"

နယ်စားကြီးပြုံးလိုက်၏။

"မင်းသတ္တိကိုတော့ ငါချီးကျူးပါတယ်၊ ဒါပေမယ့် အဲဒီသတ္တိကို နေရာတိုင်းမှာ အသုံးချလို့ မကောင်းပါဘူး၊ တန်ဖိုးရှိတဲ့နေရာမှာ အသုံးချမှ နည်းလမ်းမှန်ကန်မယ်၊ ဟောဒီ ငါ့ဘေးနားကလူကြီးတွေဟာ ဘယ်သူတွေမှတ်သလဲ"

"ဟုတ်ကဲ့ .... မသိပါဘူး"

"ဟောဒီလူက ဘုရင်မင်းမြတ်ရဲ့ အတိုင်ပင်ခံအမတ်ကြီး မှတ်ဆိတ်လင်ရှုတဲ့၊ သူကတော့ ဘုရင်မင်းမြတ်ရဲ့ အထူးတပ်မှူး ကြီးဆူတုန်ပိုတဲ့၊ သူတို့နှစ်ယောက်ဟာ သိုင်းကျမ်းပြန်လည်ရရှိရေးအတွက် ငါ့ကိုကူညီဖို့ ဘုရင်မင်းမြတ်ကစေလွှတ်လိုက်တာပါ၊ ဒါကြောင့် မင်းအဖေဝှက်ထားခဲ့တဲ့သိုင်းကျမ်းကိုသာ ပြန်ထုတ်ပေးမယ်ဆိုရင် ဟောဒီကအမတ်ကြီးလင်ရှုနဲ့တပ်မှူးကြီးဆူတန်ပိုတို့က မင်းကို



ပြစ်မယူဘဲ ခွင့်လွှတ်လိမ့်မယ်"

အမတ်ကြီးလင်ရှုက .....

"ဟုတ်တယ်မိန်းကလေး .... မိန်းကလေးကို ဘာဘတို့ မဖမ်းသေးဘူး သိုင်းကျမ်းဝှက်ထားတဲ့နေရာကိုသာပြောပါ၊ မင်း ဆုငွေ ချီးမြှင့်ဦးမယ်"

အမတ်ကြီးလင်ရှုက ချော့မော့သောလေသံဖြင့်ပြောလာ၏။

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မအဖေက ကျွန်မကို ဘယ်သိုင်းကျမ်းမှမပေးခဲ့ပါဘူး၊ ဘုရင်မင်းမြတ်ကို ဆက်သဖို့ယူလာတဲ့သေတ္တာထဲမှာ ဘာသိုင်းကျမ်းမှ ပါမလာပါဘူး၊ ကျွန်မအဖေဟာ တကယ့်ကို အခင်ကဲ ရင်နာခဲ့ရပါတယ်"

ချိန်ယင်ခုန်သည် အမတ်ကြီးလင်ရှုသိရှိရန် အခြေအနေမှန်ကို ရှင်းပြလိုက်၏။

နယ်စားကြီးဝမ်ကျိုးဝေက ကြားမှဖြတ်ပြောသည်။

"အမတ်ကြီး .... ဒီမိန်းကလေးရဲ့စကားတွေကို အရေးလုပ်နားထောင်မနေပါနဲ့၊ ကဲ ..... ချိန်ယင်ခုန်၊ အခြေအနေကိုပြောပြပြီ၊ အဲဒါကိုမှလက်မခံဘူးဆိုရင် အကြမ်းနည်းကိုသုံးရလိမ့်မယ်"

"နယ်စားကြီး ကြိုက်တဲ့နည်းလမ်းကိုသာ သုံးပါ၊ ကျွန်မမှာ မရှိတဲ့သိုင်းကျမ်းကို ဘယ်လိုမှထုတ်မပေးနိုင်ပါဘူး... သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကျမ်း တကယ်ရှိတဲ့နေရာကိုသိတဲ့လူဟာ ကျွန်မမဟုတ်ဘူး၊ အဲဒီ
က ဘယ်သူလဲဆိုတော့ .....”

နယ်စားကြီးဝမ်ကျိုးဝေက ကြားဖြတ်အမိန့်ပေးလိုက်သည်

“တပ်သားတွေ သူ့ကိုဝိုင်းဖမ်းစမ်း”

ဓားသမားနှစ်ဦးနှင့် လှံသမားနှစ်ဦးသည် ချိန်ယင်ခုန်ထံသို့
ပြေးဝင်သွားကြတော့၏။

ချိန်ယင်ခုန်သည် လေထဲသို့ ပေါ့ပါးစွာခုန်တက်ပြီး လှံသမား
နှစ်ဦး၏လှံချက်ကို ရှောင်တိမ်းလိုက်၏။

လေထဲမှပြန်အကျတွင် လှံသမားနှစ်ဦး၏ရင်ဝကို စုံကန်
လိုက်၏။

“ဝုန်း .....”

လှံသမားနှစ်ဦး လွင့်စဉ်သွား၏။

ဓားသမားနှစ်ဦးကလည်း တစ်ပြိုင်နက် ခုန်ဝင်ပြီး ဓားခုတ်
ခုတ်သည်။ ချိန်ယင်ခုန်သည် ပထမလူ၏ဓားချက်ကို ရှောင်လိုက်ပြီး
ဒုတိယလူ၏ဝမ်းဗိုက်ကို ညာခြေဖြင့်နောက်ပြန်ကန်လိုက်သည်။

“ဗိုး .....”

“ဘုတ် .....”

တစ်ဆက်တည်းပင် ....



ပထမလူ၏ရင်ဝကို လက်သီးဖြင့်ထိုးလိုက်၏။

“ဗိုး .....”

“အား .....”

နယ်စားကြီးဝမ်ကျိုးဝေ၏လူလေးယောက်မှာ မြေပြင်ပေါ်
၌ မှောက်ကုန်ကြလေပြီ။ နယ်စားကြီးသည် တိုက်ပွဲစည်းအတွင်းသို့
ခုန်ဝင်လာသည်။

ထို့နောက် ....

လက်ဝါးဖြင့် အဆက်မပြတ်ရိုက်လေတော့သည်။

“ဝုန်း .....”

“ဝုန်း .....”

အတွင်းအားတွင် မယှဉ်သာကြောင်းသိနေသဖြင့် ချိန်ယင်
ခုန်သည် နောက်ဆုတ်ရှောင်တိမ်းရသည်။

နယ်စားကြီး ဝမ်ကျိုးဝေကတော့ တဝုန်းဝုန်းရိုက်ဆဲပင်။

ထိုစဉ် ....

အမတ်ကြီးလင်ရှုသည်ပင် သူမ ရှိရာသို့ ခုန်ဝင်လာသဖြင့်
ချိန်ယင်ခုန် ထိတ်လန့်သွားလေ၏။

အမတ်ကြီး၏သိုင်းပညာအဆင့်ကို သူမ မသိရှိခဲ့သော်
လည်း အဆင့်နိမ့်မည်မဟုတ်သည်ကိုတော့ သိသည်။

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးနှင့် နယ်စားကြီးဝမ်ကျိုးဝေတို့ ညှပ်ပူးညှပ်ပိတ် တိုက်ခိုက်လျှင် သူမ မကြာမီ အဖမ်းခံရတော့မည်ကိုသိသည်။

အမှန်တော့ အမတ်ကြီးလင်ရှု တိုက်ပွဲစည်းအတွင်းဝင်လာခြင်းမှာ နယ်စားကြီး ခြေလွန်လက်လွန် မလုပ်မိစေရန် တားဆီးရန်ဖြစ်သည်။

သူသည် ချိန်ယင်ခုန်ကိုတိုက်ခိုက်မည်ဟု မရည်ရွယ်ချေ။

မိန်းမပျိုလေးတစ်ဦးကို လက်လွတ်စပယ် သတ်ဖြတ်မည်ကို အမတ်ကြီးမလိုလားချေ။

ထို့ပြင် ဤမိန်းကလေးသည် အရေးကြီးသည်။

မိန်းကလေးသာသေဆုံးသွားလျှင် သိုင်းကျမ်းနောက် လိုက်ရန် သဲလွန်စလုံးဝပျောက်သွားမည်ဖြစ်သည်။

အမတ်ကြီးလင်ရှုက .....

"နယ်စားကြီး .... ခင်ဗျား တိုက်ပွဲစည်းအတွင်းကထွက်သွားပါ၊ ကျုပ် ဒီမိန်းကလေးကိုဖမ်းဆီးပါ့မယ်"

နယ်စားကြီးဝမ်ကျိုးဝေမှာ ဘာမျှမတတ်သာတော့ဘဲ တိုက်ပွဲစည်းအပြင်သို့ ထွက်သွားရလေတော့၏။

အမတ်ကြီးလင်ရှုသည် ချိန်ယင်ခုန်ကို မသေစေလိုသည့်အပြင် ဒဏ်ရာအနာတရဖြစ်ရန်လည်းမလိုလားချေ။



ထို့ကြောင့် အကြောထိုးပိတ်ပြီးဖမ်းမည်ဟု စိတ်ကူးထားပေသည်။

သို့သော် .... တကယ်တမ်း ရင်ဆိုင်တိုက်ခိုက်သောအခါမှ ချိန်ယင်ခုန်သည် သူမျှော်လင့်ထားသည်ထက် ပိုမိုထူးချွန်ထက်မြက်နေသည်ကို တအံ့တဩတွေ့ရလေတော့သည်။

ဤမိန်းကလေးသည် သိုင်းပညာတွင် ဤမျှထူးချွန်လိမ့်မည်ဟု မမျှော်လင့်မိခဲ့ချေ။

သို့ဖြစ်၍ ချိန်ယင်ခုန်နှင့် သိုင်းပညာယှဉ်ပြိုင်နေရင်း ချီးကျူးနေမိသည်။

အမတ်ကြီးက ချိန်ယင်ခုန်နှင့်တန်းတူရည်တူတိုက်နေသည်ကို နယ်စားကြီးဝမ်ကျိုးဝေသည် မချင့်မရဲဖြစ်နေလေ၏။

"အမတ်ကြီး.... တိုက်စမ်းပါ၊ တော်ကြာ အမတ်ကြီး ဒုက္ခဖြစ်နေဦးမယ်"

ဝမ်ကျိုးဝေက အော်ပြောလေ၏။

အမတ်ကြီးလင်ရှုက ....

"နယ်စားကြီး စိတ်အေးအေးထားပါ၊ အချိန်တန်ရင် အခြေအနေထူးခြားလာပါလိမ့်မယ်"

ချိန်ယင်ခုန်၏သိုင်းပညာမှာ ထက်မြက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် .... သိုင်းလောကအတွေ့အကြုံတွင် အမတ်ကြီးလင်ရှုကို မမီချေ။

အမတ်ကြီးသည် အသက်အရွယ်ကြီးရင့်သဖြင့် သိုင်းလောကအတွေ့အကြုံများစွာရှိနေသည်။

ထို့ပြင် အမတ်ကြီးသည် အတွင်းအားပညာနှင့်ကိုယ်ဖော့ပညာတွင် ချိန်ယင်ခုန်ထက်များစွာသာလွန်နေ၏။

ထို့ကြောင့် ချိန်ယင်ခုန်မှာ အမတ်ကြီးလင်ရှု၏ပင့်ကူအိမ်သိုင်းကွက်အတွင်းမှ ထွင်းဖောက်မထွက်နိုင်ဘဲရှိနေလေ၏။

အမတ်ကြီးသည် ချိန်ယင်ခုန်အားဒဏ်ရာမရဘဲဖမ်းမိအောင်တိုက်ခိုက်နေသဖြင့်သာ ဤမျှကြန့်ကြာနေခြင်းဖြစ်သည်။

အနိုင်ယူရုံသက်သက်တိုက်ခိုက်မည်ဆိုလျှင် ဤမျှကြာမြင့်စွာတိုက်ခိုက်ရမည်မဟုတ်ချေ။

ထိုသို့တိုက်ခိုက်နေရာမှ အမတ်ကြီးသည် တဖြည်းဖြည်းနှင့်အသာစီးရလာ၏။

မကြာမီအချိန်အတောအတွင်း ချိန်ယင်ခုန်အား သေးကြောပိတ်ဖမ်းနိုင်တော့မည့်အခြေအနေသို့ ဆိုက်ရောက်လာတော့သည်။

ထိုစဉ် .... အဖြူရောင်လူရိပ်တစ်ခုသည် ပျံ့ဝဲရောက်ရှိလာသဖြင့် အမတ်ကြီးသည် သူ့တိုက်ခိုက်မှုကိုရပ်စဲပြီး နောက်ကျွမ်းပစ်



ရောင်တိမ်းလိုက်ရ၏။ ထိုအဖြူရောင်လူရိပ်သည် ချိန်ယင်ခုန်ရှေ့၌တားဆီးကာကွယ်ရင်း ရပ်လိုက်လေ၏။

အမတ်ကြီးလင်ရှု၊ နယ်စားကြီးဝမ်ကျိုးဝေနှင့်ရွှေဓားဆူတုန်ပိုတို့သည် အံ့အားသင့်သွားကြ၏။

အဘယ်ကြောင့်ဆိုသော် အဖြူရောင်လူရိပ်သည် အဘွားအိုတစ်ယောက်ဖြစ်နေသောကြောင့်တည်း။

အဘွားအိုသည် ပိန်လှီလှ၏။ သို့သော် သူမ၏အဖြူရောင်ဝတ်စုံက ဖားဖားကြီးဖြစ်နေသည်။

လူနှင့်ဝတ်စုံသည် မလိုက်လှချေ။

"အဘွားကြီး .... ခင်ဗျားနဲ့မဆိုင်တဲ့ကိစ္စမှာ ခင်ဗျားက ဘာဖြစ်လို့ဝင်ရှုပ်ရတာလဲ"

နယ်စားကြီးဝမ်ကျိုးဝေက ဒေါသဖြင့်မေးလိုက်၏။

ထိုအခါ အဘွားအိုက .....

"မျက်စိထဲမှာကြည့်ရတာ အမြင်မတော်လွန်းလို့ မပါချင်ဘဲဝင်ပါရတာပေါ့ .... မိန်းကလေးတစ်ယောက်တည်းကို လူစုလူဝေးနဲ့ အနိုင်ကျင့်နေတာ ဘယ်လိုမှ ကြည့်မကောင်းပါဘူး မင်းတို့ သူ့ကိုနိုင်သွားရင်လဲ မင်းတို့ကို ဘယ်သူမှချီးကျူးမှာမဟုတ်ဘူး"

အဘွားအိုက ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ပညာကမဆိုးပါဘူး၊ မင်းတို့ပညာက သူ့ထက်အများကြီး အဆင့်မြင့်တယ်၊ ဘာဖြစ်လို့များ ဒီမိန်းကလေးကိုဝိုင်းတိုက်နေကြတာလဲ၊ မင်းတို့ဟာက ခရုကို ခါးတောင်းကျိုက်ဖမ်းသလိုဖြစ်နေပြီ"

အဘွားအို၏လေသံမှာ ဟိန်းထွက်နေသဖြင့် အတွင်းအားပြည့်ဝသူဖြစ်ကြောင်း ဝမ်ကျိုးဝေတို့ သိလိုက်ရသည်။

ထို့ကြောင့် ဝမ်ကျိုးဝေတို့အုပ်စုသည် အဘွားအိုကို အထင်မသေးရဲကြတော့ပေ။

စူးရှတောက်ပသောမျက်လုံးနှင့် ချိုင့်ဝင်နေသောနားထင်များကိုကြည့်ပြီး အဘွားအို၏အတွင်းအားမှာ မိမိထက်များစွာ သာလွန်လိမ့်မည်ဟု အမတ်ကြီးလင်ရှုမှတ်ချက်ချမိ၏။

ရွှေဓားဆူတုန်ပိုမှာလည်း ခေသောသူမဟုတ်ပါ။ အဘွားအို၏အဆင့်အတန်းကို ကောင်းစွာခန့်မှန်းမိသည်။

သူက ....

"ကျွန်တော်တို့က တာဝန်အရ ဖမ်းဆီးဖို့ကြိုးစားတာပါ။ ဒီမိန်းကလေးကို အဓိပ္ပါယ်မဲ့အနိုင်ကျင့်နေတာမဟုတ်ပါဘူးဗျာ"

အဘွားအိုက .....

"ဘာပဲဖြစ်ဖြစ်လေ ... ငါကတော့ ဒီအတိုင်းလက်ပိုက်ကြည့် မနေနိုင်ဘူး၊ ဒီတော့ ငါသူ့ကို ဒီနေရာကခေါ်ထုတ်သွားရလိမ့်မယ်"



အမတ်ကြီးလင်ရှုနှင့် ရွှေဓားဆူတုန်ပိုတို့မှာ အဘွားအိုအား မည်သို့ပြန်ပြောရမည်ကို စဉ်းစားနေကြ၏။

ထိုစဉ် နယ်စားကြီးဝမ်ကျိုးဝေက .....

"ခင်ဗျား ဒီလိုခေါ်သွားလို့ ဘယ်ဖြစ်မလဲ၊ သူ့ကို ကျုပ်တို့က အလိုရှိနေတဲ့ဥစ္စာ"

"မင်းက ဘာကောင်မို့ ငါ့ကိုတားဆီးနေရတာလဲ"

"ကျုပ်လား .... ရှန်စီးနယ်စားကြီးဝမ်ကျိုးဝေ"

ရှန်စီးနယ်စားကြီးဟူသောဂုဏ်ပုဒ်ကို ဝမ်ကျိုးဝေထုတ်ဖော်ပြောဆိုလိုက်၏။

သို့သော် အဘွားအိုသည် ရှန်စီးနယ်စားကြီးဟူသောဂုဏ်ပုဒ်ကို လုံးဝဂရုမစိုက်ပေ။

"မင်းဟာမင်း နယ်စားကြီးမကလို့ ဘာကြီးပဲဖြစ်နေဖြစ်နေ ငါဂရုမစိုက်ဘူး၊ ကဲ .... လာသမီး၊ သွားမယ်"

အဘွားအိုသည် ပြောပြောဆိုဆိုဖြင့် ချိန်ယင်ခုန်၏လက်ကို ဆွဲကိုင်ကာ သွားမည့်ဟန်ပြင်လေသည်။

နယ်စားကြီးဝမ်ကျိုးဝေက ....

"ခင်ဗျား ဒီမိန်းကလေးကို ခေါ်သွားမလို့လား။ ကျုပ် ခွင့်မပြုနိုင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဪ ..... မင်းက တားသလား"

အဘွားအိုသည် ပြောပြောဆိုဆို သူ့ဘက်သို့လှည့်ကာ လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်၏။

အဘွားအို၏လက်ဝါးရိုက်ပုံမှာ ညင်သာပျော့ပျောင်းသည့်အပြင် နယ်စားကြီးနှင့်လည်း အလှမ်းကွာနေသဖြင့် နယ်စားကြီးသည် မူလနေရာမှာပင် ဟန်မပျက်ရပ်နေသည်။

ထိုတခဏ်အချိန်တွင် သူ့ရင်ဝ၌ ကြီးမားသောလှိုင်းလုံးကြီးတစ်ခု ဝင်ဆောင့်သကဲ့သို့ ခံစားလိုက်ရလေသည်။

"ဝုန်း ....."

ဝမ်ကျိုးဝေမှာ နောက်သို့လန်သွား၏။

သူသည် အသက်ရှူမဝသကဲ့သို့ ခံစားလိုက်ရသဖြင့် အတော်ကြီးလန့်သွားသည်။

အတွင်းအား ကြောက်ခမန်းလိလိပြည့်ဝသော အဘွားအိုကို သူ ကအံ့တသြကြည့်လိုက်မိသည်။

ထိုအဘွားအိုကား အခြားသူ မဟုတ်ပေ။

သိုင်းလောကထဲ၌ ရာဇာသုံးပါးနှင့်ဒေဝီသုံးပါးဟူ၍ သိုင်းပညာရှင်ကြီး ခြောက်ဦးရှိလေ၏။

ဤအဘွားအိုမှာ ....



ဒေဝီသုံးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သော လိပ်ပြာနတ်ဒေဝီ ဆုတ်ီပင်ဖြစ်လေ၏။

လိပ်ပြာနတ်ဒေဝီဆုတ်ီမှာ လိပ်ပြာနတ်သိုင်းသမား ချိန်လီကျန်၏ဆရာရင်းဖြစ်သည်။

ထို့ကြောင့် တပည့်ရင်း ချိန်လီကျန်၏သမီးဖြစ်သူကို ရန်သူ့လက်မှ လာရောက်ကယ်တင်ခြင်းဖြစ်တော့သည်။

နယ်စားကြီးဝမ်ကျိုးဝေမှာ ... အဘွားအို၏သိုင်းပညာတစ်ချက်ကိုတွေ့ရှုံမှုဖြင့် အဘွားအိုအား ထိတ်လန့်ကြောက်ရွံ့သွားမိတော့သည်။

သူသည် အဘွားအို၏စွမ်းပကားကို ကိုယ်တိုင်ကိုယ်ကျတွေ့လေပြီ။ အဘွားအိုအား ထပ်မံမဟန့်တားရဲတော့ပေ။

"မင်းတို့ ငါ့ကိုတားရဲလား၊ ဟင်း ..... အားလုံးဒုက္ခရောက်ကုန်မယ်၊ ငါက ဒီမိန်းကလေးကို ခေါ်ချင်တာပဲရှိလို့ မင်းတို့ကို ဒုက္ခပေးချင်ရင် အားလုံးဒုက္ခရောက်သွားမယ်သိလား"

အဘွားအိုသည် လှမ်း၍ကြိမ်းမောင်းလိုက်သေး၏။

ထို့နောက် ချိန်ယင်ခုန်အားလက်ဆွဲလျက် ထိုနေရာမှ ခြေလှမ်းမှန်မှန်ဖြင့် ထွက်သွားလေတော့၏။

အဘွားအိုနှင့် ချိန်ယင်ခုန်ကို ဝမ်ကျိုးဝေ၏တပ်သားများ က

www.burmeseclassic.com



ရှဲခနဲဖယ်ပေးလိုက်ကြ၏။

အဘွားအိုနှင့်ချိန်ယင်ခုန်တို့သည် တပ်သားများကို ထီမထေ့ဘဲ ဖြတ်ကျော်ထွက်သွားကြလေ၏။ နယ်စားကြီးဝမ်ကျိုးဝေသည် တက်တစ်ချက်ခေါက်လိုက်ပြီး ....

"ဟင်း .... မိခါနီးကျမှဒီအဘွားကြီးကလာရှုပ်တယ်၊ အဘွားကြီးရဲ့သိုင်းပညာကတော့ ကြောက်စရာပဲဗျ၊ နေစမ်းပါဦး၊ ဒီအဘွားကြီး ဘယ်သူဆိုတာ ခင်ဗျားတို့သိကြရဲ့လား၊ သူ ဘယ်သူလဲဗျ"

အမတ်ကြီးလင်ရှူက .....

"နေပါဦး .... ကျုပ်သိပါတယ်ဗျာ"

အမတ်ကြီးသည် ခေတ္တမျှစဉ်းစားနေ၏။

မကြာမီ ဘူစဉ်းစား၍ရသည်။

"ရုတ်တရက်ဆိုတော့ ကျုပ်စဉ်းစားလို့မရခဲ့ဘူး၊ ခုတော့ စဉ်းစားလို့ရပြီ၊ ဒီအဘွားကြီးဘယ်သူဆိုတာ ကျုပ်သိပြီဗျ"

"သိရင် ပြောစမ်းပါဗျာ"

"ဒီအဘွားကြီးဟာ တခြားသူ ဟုတ်ရိုးလား၊ သိုင်းလောကမှာ ထိပ်သီးခြောက်ယောက် ရှိတယ်လေ၊ အဲဒီခြောက်ယောက်ထဲက တစ်ဦးဖြစ်တဲ့ လိပ်ပြာနှုတ်ဒေဝီဆုတီဆိုတာပေါ့"

အမတ်ကြီးလင်ရှူ၏စကားဆုံးသောအခါ ....



ဝမ်ကျိုးဝေမှာ တအံ့တသြဖြစ်သွားလေ၏။

ချိန်ယင်ခုန်အား လာရောက်ကယ်တင်သွားသူမှာ ထိပ်သီး သိုင်းပညာရှင်ခြောက်ယောက်မှတစ်ဦးအပါအဝင်ဖြစ်သော လိပ်ပြာနှုတ်ဒေဝီဆုတီ ဆိုပါကလား။

"အင်း .... ဒါကြောင့်မို့ ခင်ဗျားတို့ဝိုင်းတိုက်ဖို့မကြိုးစားတာ ပဲ့ဟုတ်လား"

အမတ်ကြီးလင်ရှူက .....

"အဲဒါကြောင့်တော့မဟုတ်ဘူး၊ ပထမ သူဘယ်သူလဲဆိုတာ ကျုပ်စဉ်းစားနေတာဗျ၊ နောက်တော့ သူဘယ်သူလဲဆိုတာ ပေါ်လာ တယ်၊ ကျုပ်တို့သုံးယောက်ဝိုင်းတိုက်လဲ ကျုပ်တို့ထဲက တစ်ယောက် ယောက် သေချင်သေမှာ၊ သူ့ကိုတော့ နိုင်မှာမဟုတ်ဘူး၊ နောက်တစ် ချက်က ကျုပ်ဟာကိုယ်နဲ့သက်ဆိုင်တဲ့လူကိုပဲ တိုက်ခိုက်ချင်တယ်၊ မသက်ဆိုင်တဲ့လူကိုမတိုက်ခိုက်ချင်ဘူး"

"ချိန်ယင်ခုန်ကို ဘယ်လိုဖမ်းတော့မလဲ"

"ဒါကတော့ အချိန်စောင့်ရမှာပေါ့ဗျာ၊ ကဲ — ခင်ဗျားရဲ့ အိမ် ကိုသွားကြစို့၊ ဒဏ်ရာရတဲ့လူတွေကိုဘုသဖို့ကလဲ ရှိသေးတယ် မဟုတ်လား"

နယ်စားကြီး ဝမ်ကျိုးဝေမှာ ချိန်ယင်ခုန်အား လွှတ်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ရသည်ကို မကျေနပ်ချေ။ ထို့အတူ လိပ်ပြာနှုတ်ဒေဝီဆုတ်ကိုလည်း လုံးဝမကျေနပ်ချေ။

သို့သော် ...... လိပ်ပြာနှုတ်ဒေဝီဆုတ်၏သိုင်းပညာအဆင့် အတန်းက မြင့်မားလှသဖြင့် သူလွှတ်ပေးလိုက်ရသည်။

စိတ်ထဲတွင်တော့ တေးမှတ်ထားလေသည်။

❀



## သတိလက်လွတ်ဖြစ်ရသူ

ဖန်ရှာမြို့ ......

ဖန်ရှာမြို့သည် နယ်စားကြီးနေထိုင်ရာမြို့ ဖြစ်သဖြင့် အေးချမ်းတည်ငြိမ်ပေသည်။

မကောင်းမှုရာဇဝတ်မှုများလည်း မရှိချေ။

စည်ကားသည်ကတော့ ဖူချောင်မြို့ကဲ့သို့ စည်ကားပေ၏။

ရှန်စီးနယ်စားကြီး၌ သားတစ်ယောက်ရှိသည်။

သူသည် ဝမ်ထိုင်စန်ဖြစ်၏။

သူသည် သူငယ်ချင်းတစ်ယောက်အိမ်မှပြန်လာရင်း ဖန်ရှာဈေးအနီးသို့ ရောက်လာတော့သည်။

ဈေးထဲသို့ တစ်ခါမျှမဝင်ဖူးချေ။ သူ၌အစောင့်အရှောက်များ ပါမလာသဖြင့် ဈေးထဲသို့ဝင်ကြည့်ချင်စိတ်ပေါ်လာမိ၏။

www.burmeseclassic.com

www.burmeseclassic.com



သူကို မြို့သူမြို့သားအားလုံးလိုလိုကသိရှိထားသဖြင့် နှု[illegible]
ဆက်သူကနှုတ်ဆက်။

အရှိအသေပေးသူက အရှိအသေပေးနှင့် လုပ်နေကြသည်

ဝမ်ထိုင်စန်ကလည်း အားလုံးကိုခင်ခင်မင်မင်နှုတ်ဆက်[illegible]
၏။ တစ်ခဏမျှလျှောက်ကြည့်ရာ တစ်ဈေးလုံးနှံ့သွားသည်။

"အင်း .... ငါ ဒီလိုလျှောက်မကြည့်တာကြာပြီ၊ စားသော[illegible]
ဆိုင်တွေဘက်လဲ လျှောက်ကြည့်ဦးမှပဲ"

သူသည် ဈေးထဲမှထွက်ပြီး စားသောက်ဆိုင်တန်းဘက်[illegible]
ထွက်ခဲ့လေ၏။

သူသည် စားသောက်ဆိုင်ကြီးတစ်ဆိုင်ထဲသို့ ဝင်လိုက်[illegible]
သည်။ စားသောက်ဆိုင်ပိုင်ရှင်သည် သူ့ကိုသိသည့်အလျောက် —

"သခင်လေး .... ဘာများသုံးဆောင်ချင်ပါသလဲ"

ပျာပျာသလဲပင် မေးမြန်းလေ၏။

သူက သူစားချင်သောဟင်းလျာများကို မှာကြားသည်[illegible]

"အို ..... မဟုတ်တာ၊ သခင်လေး မှာတဲ့ဟင်းလျာက [illegible]
ပါတယ်၊ ကျွန်တော်တို့ ထပ်ဖြည့်ပြီးချက်ပြုတ်ပေးပါ့မယ်"

"မလုပ်ပါနဲ့၊ ကျုပ် အဲဒါပဲစားချင်လို့ပါ၊ အပိုတွေမလုပ်[illegible]

"ဟုတ်ကဲ့ .... ဟုတ်ကဲ့"



ဆိုင်ရှင်မှာ နောက်ထပ်စောဒကမတက်တော့ဘဲ စားပွဲနား[illegible]
ပြန်ထွက်သွားသည်။

ဝမ်ထိုင်စန် စောင့်နေသည်မှာ မကြာလိုက်ပေ။ သူ့စားပွဲပေါ်
[illegible] အစားအသောက်များ ရောက်ရှိလာတော့သည်။

ဝမ်ထိုင်စန် စားသောက်ရန်ဟန်ပြင်လိုက်စဉ်မှာပင် ဆိုင်ထဲ
[illegible] မိန်းကလေးတစ်ယောက်ဝင်ရောက်လာလေ၏။

"မိန်ချုန်ယူ ....."

ဝမ်ထိုင်စန်သည် အံ့အားသင့်သွားလေ၏။

မိန်ဝူးချုန်နှင့် သူ့ဖခင်ဝမ်ကျိုးဝေတို့ ရင်းနှီးသလို မိန်ချုန်ယူ
[illegible] သူနှင့်လည်း ရင်းနှီးသည်။

မိန်ချုန်ယူသည် ဒေးဒေးဒိုင်ဒိုင်ဖြင့် ဆိုင်ထဲသို့ဝင်လာသဖြင့်
အံ့အားသင့်သွားခြင်းဖြစ်သည်။

လိပ်ပြာနှုတ်သိုင်းသမားချိန်လီကျန်မှာ ဝမ်ကျိုးဝေ၏လက်
[illegible]ဖြင့်သေဆုံးသွားပြီဖြစ်၍ မိန်ချုန်ယူတို့မှာ အထိန်းအချုပ်ကင်းမဲ့
[illegible]ရှိသည်။

စိတ်ထားပုံမှန်မရှိဘဲ ရောက်ရာပေါက်ရာ လျှောက်သွားနေ[illegible]
[illegible] ဤဆိုင်ထဲသို့ သူမ ဝင်လာခြင်းဖြစ်လေသည်။

"မိန်ချုန်ယူ ..... နင်ဘာယ်လိုကနေဘယ်လို ဒီကိုရောက်လာ

www.burmeseclassic.com



တာလဲ၊ နင့်အစ်ကိုကော ....."

ဝမ်ထိုင်စန်သည် မိန်ချန်ယူအား သူ့စားပွဲတွင်ထိုင်စေ၏။

"ရှင်ဘယ်သူလဲ"

ဝမ်ထိုင်စန်ကြောင်သွားသည်။

သူမ အတည်ပေါက်နှင့်နောက်နေပြီဟုယူဆကာ ရယ်လိုက်လေသည်။

"နင်က အတည်ပေါက်နဲ့နောက်တတ်သားပဲ၊ ကဲ .... နင် ဘာစားမလဲပြော"

သူသည် ရယ်ရယ်မောမောဖြင့် ပြောလိုက်သည်။

မိန်ချန်ယူသည် စကားမပြောဘဲ ဝမ်ထိုင်စန်ကိုသာ စိုက်ကြည့်နေသဖြင့် ဝမ်ထိုင်စန်သည် တစ်စုံတစ်ခုထူးခြားနေပြီဖြစ်ကြောင်း သိရှိရသည်။

"မိန်ချန်ယူ .... နင် ငါ့ကိုကြည့်နေလိုက်တာများ တစ်ခါမှမမြင်ဖူးတာကျနေတာပဲ"

မိန်ချန်ယူက ဝမ်ထိုင်စန်ကို စူးစိုက်ကြည့်ကာ ....

"ရှင့်ကို ကျွန်မ တစ်ခါမှမမြင်ဖူးဘူး"

"ဟင် ....."

ဝမ်ထိုင်စန် အံ့သြသွားရသည်။



မိန်ချန်ယူအား သေချာစွာအကဲခတ်လိုက်သည်။

မိန်ချန်ယူသည် အတည်ပေါက်ပြောနေခြင်းဖြစ်ကြောင်း သူ သိလိုက်သည်။

"မိန်ချန်ယူ ငါ နင့်သူငယ်ချင်းလေ၊ နင် ငါတို့ဆီလာလည်ရင် အတူတူဆော့နေကြဥစ္စာ"

မိန်ချန်ယူမှာ ကြောင်ငေးငေးဖြစ်သွားသည်။

ထို့နောက် ခေါင်းတွင်တွင်ခါယမ်းလိုက်ပြီး ....

"ကျွန်မ .... ကျွန်မ .... ဘာမှမသိဘူး"

"နင် မိန်စုပင်ကိုတော့သိမှာပေါ့"

မိန်ချန်ယူသည် ခပ်တွေတွေလေး စဉ်းစား၏။

စဉ်းစားရင်း ခေါင်းခါလိုက်သည်။

"မသိဘူး ..... ဘယ်ကမိန်စုပင်လဲ"

"နင့်အစ်ကိုလေ .... မသိဘူးလား"

"ကျွန်မမှာ အစ်ကိုမရှိဘူး၊ ကျွန်မတစ်ယောက်တည်း"

မိန်ချန်ယူ အားလုံးကို အတည်ပေါက်ပြောနေခြင်းဖြစ်သည်ကို ဝမ်ထိုင်စန်နားလည်လိုက်သည်။

အမှန်တကယ်ပင် အားလုံးကိုမေ့လျော့နေခြင်းဖြစ်ကြောင်း ဝမ်ထိုင်စန်သိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်က သူမအား ညှို့ထားသဖြင့် ကြောင်တောင်တောင်ပုံစံမျိုးဖြစ်နေကြောင်း ဝမ်ထိုင်စန် အကဲခတ်သိရှိလိုက်လေသည်။

ဟုတ်ပြီ။ သူသိလိုက်ပြီ။

မိန်ချန်ယူသည် ချိန်လီကျန်၏တိုက်ခိုက်မှုကို ခံထားရခြင်းသာဖြစ်ကြောင်း သူသတိရလိုက်လေပြီ။

ချိန်လီကျန်၏အကြောပိတ်ပညာနှင့် စိတ်ညှို့ပညာပေါင်းစပ်ကာ တိုက်ခိုက်သောအခါ လိပ်ပြာနှုတ်ခံရသကဲ့သို့ဖြစ်သွားသည်ကို သူသိသည်။

ယခု မိန်ချန်ယူ ဖြစ်နေပုံမှာလည်း လိပ်ပြာနှုတ်ခံထားရသူတစ်ယောက်ပုံစံမျိုးပင်။

ဝမ်ထိုင်စန်သည် မိန်ချန်ယူကို ယခုအတိုင်း လွှတ်ပေးလိုက်၍မဖြစ်ကြောင်းသိသည်။

ယခုအတိုင်း လျှောက်သွားနေလျှင် တစ်ချိန်မဟုတ်တစ်ချိန် အန္တရာယ်ကျရောက်နိုင်ကြောင်း သူသိသည်။ ဤသို့ဆိုလျှင် မိန်ချန်ယူကို သူ့အိမ်သို့ အပါခေါ်သွားရပေတော့မည်။

"အေးဗျာ ..... လူမှားပြီး ကျွန်တော်ခေါ်မိတာပါ၊ ခင်ဗျား စားချင်တာမှာပါ၊ မိတ်ဖြစ်ဆွေဖြစ်ပေါ့ဗျာ"



မိန်ချန်ယူသည် သူစားချင်သည့်အရာများကို လျှောက်မှာသည်။ မှာသည့်ဟင်းလျာများမှာ များလွန်းလှသဖြင့် ဆိုင်ရှင်ပင်မျက်လုံးပြူးသွားသည်။

"ဒီ ..... ဒီမှာ ..... မှာတာတွေကများ ....."

ဝမ်ထိုင်စန်က ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"ခင်ဗျား ဘာမှစကားမရှည်ပါနဲ့၊ မှာတာတွေအားလုံးကို လုပ်ပေးလိုက်ပါ"

ဆိုင်ရှင်သည် ဟုတ်ကဲ့။ ဟုတ်ကဲ့ဟုပြောကာ နောက်ဘက်သို့ လှည့်ဝင်သွားလေ၏။

မကြာမီ မိန်ချန်ယူမှာသမျှ ဟင်းများတစ်ခွက်ပြီးတစ်ခွက် ရောက်လာတော့၏။ ဟင်းခွက်များမှာ စားပွဲတစ်ခုလုံးပြည့်နေ၏။

ဟင်းခွက်များကို တစ်ခွက်ပြီးတစ်ခွက်လျှောက်နှိုက်စားနေသောမိန်ချန်ယူကိုကြည့်ကာ ဝမ်ထိုင်စန်သနားသွား၏။

မိန်ချန်ယူအား အိမ်သို့ဘယ်လိုခေါ်ရမည်ကို ဝမ်ထိုင်စန် ခေါင်းစားနေသည်။

"မိန်ချန်ယူ ....."

ဝမ်ထိုင်စန်သည် ခပ်တိုးတိုး ခေါ်လိုက်၏။

ထိုအခါ မိန်ချန်ယူသည် ဖျတ်ခနဲမော့ကြည့်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူ့နာမည်ကိုတော့မမေ့သေးကြောင်း ဝမ်ထိုင်စန် သတိပြုမိလိုက်လေသည်။

"ခင်ဗျားနာမည် မိန်ချုန်ယူနော်"

"ဟုတ်တယ်၊ ကျွန်မနာမည်မိန်ချုန်ယူပါ၊ ဘာဖြစ်လို့လဲ"

"အဲ .... ခင်ဗျားကို စကားနည်းနည်းလောက်ပြောချင်လို့"

"ပြောလေ၊ ဘာပြောချင်လို့လဲ"

"ကျွန်တော်တို့အိမ်ကို ခဏလောက်လိုက်ခဲ့ပါလား"

"ကျွန်မလိုက်ခဲ့ရမယ်ဟုတ်လား၊ ကိစ္စကကော"

"ကျွန်တော်မွေးထားတဲ့ငှက်ကလေးကို ပြချင်လို့ပါ"

"ငှက်ကလေးတွေဟုတ်လား"

မိန်ချုန်ယူကဝမ်းသာအားရမေးသဖြင့် ဝမ်ထိုင်စန် အားတက်သွားသည်။ ခေါင်းညိတ်လိုက်ပြီး ....

"ဟုတ်ပါတယ်၊ ကျွန်တော်မွေးထားတဲ့ငှက်ကလေးတွေ ပြချင်လို့ပါ၊ ငှက်ကလေးတွေက ရောင်စုံပါ၊ သိပ်လှတယ်"

ဝမ်ထိုင်စန်က မိန်ချုန်ယူလိုက်ချင်လာအောင် ထပ်မံပြောလိုက်သည်။ မိန်ချုန်ယူက ခေါင်းညိတ်လိုက်၏။

"အင်း .... လိုက်ခဲ့မယ်၊ လိုက်ခဲ့မယ်၊ ကျွန်မက ငှက်ရောင်စုံတွေဆိုရင် သိပ်သဘောကျတာ"



ဝမ်ထိုင်စန်မှာ သူ့ရည်ရွယ်ချက်အောင်မြင်သွားသဖြင့် ရင်ထဲတွင် ကျိတ်၍ဝမ်းသာသွားသည်။

"ကဲ .... ဒါဆိုခပ်မြန်မြန်စား၊ ပြီးရင် အိမ်ကိုသွားမယ်"

မိန်ချုန်ယူစားသောက်နေစဉ် သူမှာထားသည့်ဟင်းလျာများကို ခပ်သွက်သွက်စားသောက်လိုက်ရ၏။ စားသောက်ပြီးသည့်အခါ သူသည် ဆိုင်ရှင်ကိုလက်ယပ်ခေါ်လိုက်၏။

"ဘာများလိုပါသေးသလဲ .... သခင်လေး"

"မလိုပါဘူးဗျာ့၊ မြည့်စုံပါတယ်၊ ကဲ .... စားသောက်တဲ့ အဖိုးအခပေးချင်လို့ ခေါ်တာပါ"

ဝမ်ထိုင်စန်သည် ရွှေဒင်္ဂါးတစ်ပြားကို ဆိုင်ရှင်၏လက်ထဲသို့ ထည့်ပေးလိုက်၏။

"ဘာမှပြန်အမ်းစရာမလိုပါဘူး၊ ခင်ဗျားယူလိုက်ပေတော့"

ငွေဒင်္ဂါးများပေးချေရမည့်အစား ရွှေဒင်္ဂါးပေးချေသဖြင့် ဆိုင်ရှင်မှာ အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။

ဝမ်ထိုင်စန်သည် မိန်ချုန်ယူ၏လက်ကိုကိုင်ဆွဲကာ ဆိုင်ထဲမှ ထွက်ခဲ့လေတော့၏။

❀

www.burmeseclassic.com

www.burmeseclassic.com



## ကြာအကာရာဇ်၏သတင်း

ရှန်စီးနယ်စားကြီးဝမ်ကျိုးဝေ၏အိမ်တော်တွင် လူလေးဦး ခေါင်းချင်းဆိုင်နေ၏။

သူတို့ကား နယ်စားကြီးဝမ်ကျိုးဝေ၊ အမတ်ကြီးလင်ရှု၊ ရွှေစားဆူတုန်ပိုနှင့် ဝမ်ကျိုးဝေ၏သားဖြစ်သော ဝမ်ထိုင်စန်တို့ဖြစ်ကြပေသည်။

သူတို့ဆွေးနွေးတိုင်ပင်နေသောအကြောင်းအရာမှာ လိပ်ပြာနှုတ်သိုင်းပညာဖြင့်တိုက်ခိုက်ခြင်းခံထားရသည့် မိန်ချွန်ယူအကြောင်းပင်ဖြစ်ပေသည်။

မိန်ချွန်ယူကတော့ သူတို့စကားဝိုင်းတွင် ပါဝင်ခြင်းမရှိချေ။

သူမသည်အိပ်ပျော်နေပေပြီ။ အမတ်ကြီးလင်ရှုက ဆေးတစ်လုံးတိုက်ပြီးနောက် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခြင်းဖြစ်သည်။



ထို့ကြောင့် သူတို့လေးယောက် လွတ်လပ်စွာ တိုင်ပင်ပြောဆိုနေနိုင်ခြင်းဖြစ်သည်။

ဝမ်ထိုင်စန်က ......

“ဘဘလင်ရှု ..... မိန်ချွန်ယူ လိပ်ပြာနှုတ်သိုင်းပညာနဲ့ အတိုက်ခံထားရတယ်ဆိုတာ သေချာသလောက်ရှိပါတယ်နော်”

အမတ်ကြီးလင်ရှုက ခေါင်းညိတ်သည်။

“သေချာသလောက်ရှိတာမဟုတ်ဘူး၊ လုံးဝသေချာတယ် လူကလေးရဲ့”

ဝမ်ထိုင်စန် သက်ပြင်းချလိုက်သည်။

“အင်း .... ကျွန်တော်ထင်ပါတယ်၊ သူ့ပုံစံက မူမမှန်ဘူးလို့ပေါ့၊ ဒီလိုပုံစံမျိုးက လိပ်ပြာနှုတ်သိုင်းပညာနဲ့တိုက်ခိုက်ခံထားရမှ ဖြစ်တတ်တာပါလို့”

နယ်စားကြီးဝမ်ကျိုးဝေက ဝင်ပြောလေ၏။

“ဘာပဲဖြစ်ဖြစ် .... သားနဲ့တိုက်တိုက်ဆိုင်ဆိုင်တွေ့လို့ သူ့ကံကောင်းသွားတာ၊ နို့မို့ဆိုရင် ... ခြေဦးတည့်ရာလျှောက်သွားပြီး ဒုက္ခရောက်နေမှာသေချာတယ်”

အမတ်ကြီးလင်ရှုဘက်သို့လှည့်ကာ ....

“ခုနက ကျုပ်ပြောခဲ့သလိုပဲ၊ ဒီကလေးမလေးရဲ့ဘဝန်

www.burmeseclassic.com



ဟာ ကျုပ်အပေါ်မှာ လုံးလုံးလျားလျားကျရောက်နေပါပြီ၊ သူ့အဖေနဲ့ကျုပ်နဲ့က အင်မတန်ရင်းနှီးခင်မင်တဲ့လူရင်းတွေဖြစ်နေခဲ့တယ်၊ တစ်ချိန်ကတော့ သူဟာ သံမဏိတံခွန်အာမခံအဖွဲ့ကိုဦးဆောင်ခဲ့တဲ့လူပေါ့၊ ရှန်စီးတစ်နယ်လုံး အဲဒီအဖွဲ့ကို မသိတဲ့လူ မရှိပါဘူး”

တပ်မှူးကြီးရွှေဓားဆူတုန်ပိုက ဝင်ပြောလိုက်၏။

“ဒါတွေကို ကျုပ်တို့သိပါတယ်ဗျာ၊ သူ့ဖခင် မိန်ဝူးချုန်ခမျာ ချိန်လီကျုန်ရဲ့လက်ချက်နဲ့ အသက်သေဆုံးခဲ့ရပါတယ်၊ မိန်ဝူးချုန်ဟာ ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ တည်ကြည်တယ်၊ ဒါကြောင့် ကျုပ်ဟာ သူ့ကိုခင်မင်လေးစားခဲ့ပါတယ်၊ တကယ်တမ်းတွေးကြည့်ရင် ရင်နာစရာကောင်းလှပါတယ်”

နယ်စားကြီးဝမ်ကျိုးဝေသည် စိတ်ထိခိုက်စွာပြောကြားလေ၏။ သူ့မျက်နှာတွင် စိတ်မကောင်းဟန် အထင်းသားပေါ်နေလေ၏။

သူက ဆက်ပြောလေ၏။

“မိန်ဝူးချုန် မရှိတော့တဲ့အခါ သူ့ရဲ့သားနဲ့သမီးကို ကျုပ်ပဲပြုဂရုစိုက်ရမယ်၊ စောင့်ရှောက်ရမယ်၊ ဒါကြောင့်မို့ ဒီကလေးမလေးကို ကျုပ်သမီးအဖြစ်မွေးစားပြီး အိမ်မှာပဲခေါ်ထားလိုက်ဖို့ ကျုပ်ဆုံးဖြတ်ချက်ချလိုက်ပါပြီ”

နယ်စားကြီးဝမ်ကျိုးဝေ၏စကားကို ကြားလိုက်ရသောအ



မတ်ကြီးလင်ရှုနှင့် တပ်မှူးကြီးဆူတုန်ပိုတို့သည် လွန်စွာ ဝမ်းသာအားရဖြစ်သွားကြသည်။

နယ်စားကြီးဝမ်ကျိုးဝေအားလည်း လွန်စွာလေးစားသွားကြသည်။ အမတ်ကြီးလင်ရှုက .....

“ဝမ်းသာပါတယ်နယ်စားကြီး၊ သွားလေသူမိတ်ဆွေရဲ့ သားသမီးတွေကိုစောင့်ရှောက်တဲ့ကိစ္စဟာ မိတ်ဆွေကောင်းတို့ရဲ့ဝတ္တရားပဲ၊ ဒီကလေးမလေးကို ဒီလိုသာခေါ်မထားဘူးဆိုရင် စားရေးသောက်ရေး နေရေးထိုင်ရေးကအစ တော်တော်ဒုက္ခတွေ့ပါလိမ့်မယ်”

“ကျုပ် ဒါတွေစဉ်းစားမိပါတယ်၊ ဒါကြောင့် သမီးအဖြစ်မွေးစားဖို့ဆုံးဖြတ်လိုက်တာပဲ၊ ဒီကလေးမလေးဟာ ကျုပ်မျက်စိအောက်မှာပဲ ကြီးပြင်းလာတာဆိုတော့ နဂိုကတည်းက သမီးရင်းလိုပဲ ချစ်မိတာပါ။ ခုလို ဒုက္ခရောက်လာတော့ ပိုတောင် ကရုဏာသက်မိပါတယ်၊ သြော် ... သား၊ သူ့အစ်ကို မိန်စုပင်တစ်ယောက်ကော”

ဖခင်ဖြစ်သူ၏မေးခွန်းကို သူ မဖြေနိုင်ပေ။

“မသိဘူး ..... ဖေဖေ၊ သူ့ကိုမေးကြည့်ဖို့ကျတော့လဲ သူ့နာမည်ကိုမှတ်မိတာကလွဲပြီး အားလုံးကိုမေ့နေတယ်ဆိုတော့ ဘယ်လိုမှ မေးလို့မရဘူး”

“အင်း .... မိန်စုပင်က ယောက်ျားလေးဆိုတော့ တော်သေး

www.burmeseclassic.com



တာပေါ့ကွာ"

ရွှေဓားဆူတုန်ပိုက ....

"မိန်စုပင်ဆိုတာ ဒီကလေးမလေးရဲ့အစ်ကိုလား"

"ဟုတ်တယ်တပ်မှူးကြီး .... မိန်စုပင်ဆိုတာ သူ့အစ်ကိုပေါ့

ကျုပ်သားထက် အသက်နည်းနည်းပဲကြီးတယ်၊ မိန်ချန်ယူနဲ့ကျု

သားနဲ့မှ အရွယ်တူကိုး၊ ဪ .... ဒါထက် အမတ်ကြီး"

နယ်စားကြီးဝမ်ကျိုးဝေသည် အမတ်ကြီးလင်ရှုဘက်လှည့်

လိုက်၏။

"ဘာများမေးမလို့လဲ"

အမတ်ကြီးလင်ရှုက ပြောလိုက်၏။

နယ်စားကြီးဝမ်ကျိုးဝေက ....

"ဪ .... ကျုပ်မေးချင်တာက ဒီလိုပါ၊ အမတ်ကြီး

ကျုပ်တို့ထက်ပိုပြီးဗဟုသုတပြည့်စုံတဲ့အပြင် ဆေးဝါးကုသတဲ့အ

ပညာပိုင်းမှာလဲ တော်တော်ထက်မြက်လေတော့ မိန်ချန်ယူရဲ့ ဝေ

ပျောက်ကင်းနိုင်မယ့်နည်းလမ်းများရှိရင် ညွှန်ပြပေးပါလို့ မေ

ခံချင်လို့ပါ"

အမတ်ကြီးလင်ရှုသည် တော်တော်နှင့်စကားမပြန်နိုင်

အသေအချာ စဉ်းစားနေရလေတော့၏။



ထို့နောက် သက်ပြင်းချလိုက်သည်။

"ဆေးဝါးဘက်မှာ ကျုပ်အတော်လေး တတ်ကျွမ်းတာမှန်

ပါတယ်၊ ဒါပေမယ့် ဒီကလေးမလေးရဲ့ဝေဒနာကိုပျောက်ဖို့ကတော့

ကျုပ် ဘယ်လိုမှမတတ်နိုင်ပါဘူး"

နယ်စားကြီးဝမ်ကျိုးဝေ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

"ဟင် .... ဒီလိုဆိုရင် ဒီကလေးမလေးဟာ ဒီအတိုင်းပဲ တစ်

သက်လုံးနေရတော့မှာလား"

အမတ်ကြီးလင်ရှုကခေါင်းညိတ်လိုက်သည်။

"ကျုပ် ဒီသဘောမျိုးပြောတာ မဟုတ်သေးပါဘူး၊ ကျုပ်

ကုနိုင်ဘူးလို့ပဲပြောတာပါ"

"ဘယ်သူကုသပေးနိုင်တယ်ဆိုတာကော ခင်ဗျား လမ်းမ

ပြနိုင်ဘူးလား"

"အင်း .... ဒီကလေးမလေးကို ခင်ဗျားကုသပေးချင်တယ်

ဆိုရင်တော့ လိပ်ပြာနှုတ်သိုင်းပညာမှာတစ်ဖက်ကမ်းခပ်ထူးချွန်ထက်

မြက်တဲ့ သိုင်းပညာရှင်ကြီးတစ်ယောက်ကိုတွေ့အောင်ရှာဖို့ လိုလိမ့်

မယ်"

နယ်စားကြီးဝမ်ကျိုးဝေနှင့်ဝမ်ထိုင်စန်တို့ စိတ်ဓာတ်ကျသွား

ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာနှုတ်သိုင်းပညာကို တစ်ဖက်ကမ်းခပ်တတ်မြောက်
သည့်သိုင်းပညာရှင်ကိုရှာရမည်ဆိုပါကလား။

ဤကိစ္စမှာ မလွယ်ချေ။

“မလွယ်ဘူးထင်တယ်ဗျ၊ ခင်ဗျားပြောတဲ့ထိပ်တန်းသိုင်း
ပညာရှင်ဆိုတာကို ရှာဖို့မလွယ်ပါဘူး၊ ချိန်လီကျွန်လဲ သေသွားပြီ”

“ဒါတော့ ကျုပ်မသိဘူးလေ၊ ကျုပ်က ကုသနိုင်မယ့်လူရှိ
ညွှန်ပြမါဆိုလို့ ပြောပြရတာပဲ”

“ဒါတော့ မလွယ်ဘူးဗျာ”

နယ်စားကြီးဝမ်ကျိုးဝေကညည်းညူလိုက်၏။

ဝမ်ထိုင်စန်က ....

“ဘာဘ စေတနာနဲ့ပြောတာကို ကျွန်တော်သဘောပေါက်
တယ်၊ ဒီပြင် ကုသဖို့နည်းလမ်းမရှိတော့ဘူးလား၊ ဘာဘ သိထား
ရှိရင် တစ်ဆိတ်လောက်ပြောပြပါလား”

“အင်း .... နောက်တစ်နည်းတော့ရှိသေးတယ်ကွ”

“ဟာ .... ဝမ်းသာလိုက်တာ ပြောပါဘာဘ”

ဝမ်ထိုင်စန်က ဝမ်းသာအားရတောင်းပန်လိုက်သည်။

အမတ်ကြီးလင်ရှုက ....

“နောက်တစ်နည်းကတော့ ကြာကေရာဇ်ရဲ့ဝတ်ဆံကို အ



ပြုတ်ပြီးသောက်ရင် မိန်ချန်ယူခံစားနေရတဲ့ဝေဒနာ ပျောက်ကင်း
သက်သာသွားနိုင်ပါတယ်”

“ကြာကေရာဇ် .....”

ဝမ်ထိုင်စန်ကရေရွတ်လိုက်၏။

ကြာကေရာဇ်ဟူသောနာမည်ကို သူ မကြားဖူးချေ။

သူ့ဖခင် နယ်စားကြီးဝမ်ကျိုးဝေနှင့်ခွေးအောဆူတုန်ပိုတို့ပင်
ကြားဖူးကြချေ။

“ကြာကေရာဇ်ဟုတ်လား အမတ်ကြီး၊ သူဟာ ပန်းတစ်မျိုး
မဟုတ်လား”

နယ်စားကြီးဝမ်ကျိုးဝေကမေးလိုက်၏။

အမတ်ကြီးလင်ရှုကခေါင်းညိတ်၏။

“ဟုတ်တယ်နယ်စားကြီး ... ကြာကေရာဇ်ဆိုတာ ကြာပန်း
မျိုးပါ၊ ဒါပေမယ့် ရိုးရိုးပန်းမျိုးတော့မဟုတ်ပါဘူး၊ အနှစ်တစ်ရာ
တစ်ကြိမ်သာပွင့်တဲ့ပန်းပါ၊ အင့်မတန်ရှားပါးလွန်းလို့ ကြာကေရာဇ်
ခေါ်တာ”

ဝမ်ထိုင်စန်က ....

“အနှစ်တစ်ရာမှာ တစ်ကြိမ်သာပွင့်သတဲ့၊ တော်တော်ထူး
ဆန်းတာပဲနော်၊ အဲဒီ ကြာကေရာဇ်ဆိုတဲ့ကြာပန်းက ဘယ်ဒေသမှာ

ရှိသလဲ"

"အင်း ..... ကြာကေရာဇ်ရှိတဲ့နေရာကလဲ တော်တော် ... ဆန်းပါတယ်၊ တောင်ကျွန်းစုက တစ်ကျွန်းမှာရှိပါတယ်၊ အဲဒီကျွန်း ... ကတော့ မရဏကျွန်းတဲ့"

"မရဏကျွန်း"

ဝမ်ထိုင်စန် ရေရွတ်လိုက်သည်။

"နာမည်ကကြောက်စရာပါလား"

နယ်စားကြီးဝမ်ကျိုးဝေက မှတ်ချက်ချသည်။

အမတ်ကြီးလင်ရှုက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ....

"မရဏကျွန်းလို့နာမည်မှည့်ထားတာကိုက မကောင်းပါ ... သေခြင်းကိုရည်ညွှန်းနေတော့ ဘယ်မှာကောင်းနိုင်ပါ့မလဲ၊ အဲဒီ ကျွန်း ... ပေါ်ရောက်သွားတဲ့လူတိုင်းပြန်မလာကြတော့ဘူးလို့ ပြောဆိုကြ ... တယ်၊ ပြန်လမ်းမရှိသောကျွန်းပေါ့ကွယ်"

"ဟာ .... ဒီလောက်တောင်ပဲလား"

နယ်စားကြီးဝမ်ကျိုးဝေက ရေရွတ်လိုက်သည်။ ဝမ်ထိုင် ... နှင့် တပ်မှူးကြီးဆူတုန်ပိုတို့ကတော့ နားထောင်နေသည်။

ဆူတုန်ပိုသည် နားထောင်သမားသက်သက်ဖြစ်နေ ...

"ဒီထက်တောင်ပိုသေးတာပေါ့ .... သိုင်းလောကမှာ ...



... ထိပ်သီးခြောက်ဦး ရှိတယ်မဟုတ်လား၊ ရာဇာသုံးပါးနဲ့ ဒေဝီသုံးပါး ... လေ၊ အဲဒီကျွန်းမှာ ရာဇာသုံးပါးထဲက တစ်ယောက်နေတယ်၊ အဲဒီ ... သိုင်းထိပ်သီးကတော့ သရဲတစ်ထောင်အိုချူးပဲ၊ သူ မရဏကျွန်းပေါ် ... နေမှတော့ ကျွန်းပေါ်ကိုတက်သွားတဲ့လူမှန်သမျှ ပြန်လမ်းမရှိတာ ... ဘယ်ဆန်းတော့မှာလဲ"

နယ်စားကြီးဝမ်ကျိုးဝေနှင့် တပ်မှူးကြီးဆူတုန်ပိုတို့မှာ သရဲ ... တစ်ထောင်အိုချူးကို မမြင်ဖူးကြသော်လည်း သရဲတစ်ထောင်အိုချူး ... အကြောင်းတော့ ကြားဖူးထားကြလေသည်။

www.burmeseclassic.com



ငယ်ရွယ်သူဖြစ်သော ဝမ်ထိုင်စန်တစ်ယောက်သာ သရဲတစ်ထောင်အိုချူးအကြောင်း မကြားဖူးခဲ့ချေ။ ဝမ်ထိုင်စန်က ......

"အဲဒီ သရဲတစ်ထောင်အိုချူးဟာ မရဏကျွန်းပေါ်တက်လာတဲ့လူမှန်သမျှကို အသေသာသတ်ပစ်တာပဲလားဟင် ...... ဘဘ"

အမတ်ကြီးလင်ရှုက ......

"ဘဘတော့ အဲဒီအတိုင်း ကြားမိတာပဲ၊ ကိုယ်က အဲဒီကျွန်းကို ကိုယ်တိုင်ကိုယ်ကျရောက်ဖူးတာမဟုတ်တော့ တိတိကျကျကြီး မပြောနိုင်ဘူးပေါ့ကွယ်၊ ဒါပေမယ့် အဲဒီသတင်းစကားတွေကတော့ တကယ့်ကိုကြားခဲ့ရတဲ့ သတင်းစကားတွေပဲ၊ သရဲတစ်ထောင်အိုချူးဟာ တော်တော်ရက်စက်ကြမ်းကြုတ်တယ်လို့ ဆိုကြတယ်၊ သရဲတစ်ထောင်ဆိုတဲ့ဘွဲ့ကို ရထားတာကြည့်၊ သရဲတစ်ထောင်နဲ့ညီမျှအောင် ကြောက်စရာကောင်းတယ်လို့ ဆိုလိုတာပဲလူကလေးရဲ့"

အမတ်ကြီးလင်ရှုက သူကြားသိထားသော သရဲတစ်ထောင်အိုချူးအကြောင်း ပြန်ရှင်းပြလိုက်သည်။

သရဲတစ်ထောင်အိုချူးအကြောင်း ကြောက်မက်ဖွယ်ရာ ရှင်းပြနေသော်လည်း ..... ဝမ်ထိုင်စန်၏စိတ်ထဲတွင် သရဲတစ်ထောင်အိုချူးအား ကြောက်ရွံ့စိတ်မပေါ်ခဲ့ပေ။

"ဘဘ ပြောပုံအရဆိုရင်တော့ သရဲတစ်ထောင်အိုချူးဆိုတာ



သိုင်းပညာရှင်ကြီးဟာ တော်တော်စိတ်ဝင်စားဖို့ကောင်းတာပဲ၊ ဒါနဲ့သူက သိုင်းပညာမှာ တော်တော်ထူးချွန်ထက်မြက်နေမယ်ထင်တယ်"

"ဟာ .... ထက်မြက်ပြီလားလူကလေးရယ်၊ သိုင်းလောကပြိုင်ဘက်ကင်းခြောက်ယောက်ထဲမှာ တစ်ယောက်အပါအဝင်ဖြစ်မှတော့ သူ့သိုင်းပညာကို ဘာပြောစရာရှိတော့မှာလဲ၊ သူတို့ သိုင်းပညာရှင်ခြောက်ယောက်အချင်းချင်းတိုက်မှသာ သိုင်းပညာက ဝိန်မသာ လိမ်မသာရှိမှာကွယ့်၊ ကျန်တဲ့လူတွေသွားတိုက်လို့ကတော့ ဘယ်သူမှ မနိုင်နိုင်ဘူး"

"ဘဘကို ကျွန်တော်တစ်ခုလောက်မေးချင်ပါတယ်"

"ဘာများ မေးမလို့လဲ"

"ကြာဇကေရာဇ်က နှစ်တစ်ရာမှာ တစ်ခါသာပွင့်တယ်ဆိုတော့ ကျွန်တော်တို့ အိုမင်းတဲ့အထိစောင့်ရမှာပဲပေါ့နော်"

"အေး .... အဲဒါကို ဘဘပြောမလို့ကွယ့်၊ ကြာပန်းကနှစ်တစ်ရာမှာ တစ်ခါသာပွင့်တယ်ဆိုပေမယ့် အခုနှစ်က နှစ်တစ်ရာပြည့်တဲ့နှစ်ဖြစ်နေတယ်လေ၊ ဒါကြောင့် ဒုတိယအကြိမ်ပွင့်ပြီပေါ့၊ ဒီတော့ နှစ်အတွင်းမှာ မရဏကျွန်းကိုအရောက်သွားပြီး ကြာဇကေရာဇ်ကို နိုင်မယ်ဆိုရင် ဘာမှ စောင့်စားစရာမလိုတော့ဘူး။ ဘဘပြောတာ လူကလေးသဘောပေါက်တယ်မဟုတ်လား"

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ထိုင်စန် ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်၊ ဒီနှစ်က ထူးထူးခြားခြား ကြာဧကရာဇ်ပွင့်ပြီးလို့ နှစ်တစ်ရာပြည့်တဲ့အချိန်နဲ့တိုက်ဆိုင်နေတယ်၊ ဒီလိုမဟုတ်လား"

"ဟုတ်တယ်၊ လူကလေးပြောတာ အမှန်ပါပဲ"

"ဒါဆို ကျွန်တော်တို့ကံကောင်းတာပေါ့"

"နေပါဦးသားရဲ၊ ဘယ်သူကံကောင်းတာလဲ"

ဝမ်ထိုင်စန် အားရဝမ်းသာပြောလိုက်သဖြင့် နယ်စားကြီးဝမ်ကျိုးဝေက သားဖြစ်သူအား မေးလိုက်သည်။

ဝမ်ထိုင်စန်က ဖခင်ဖြစ်သူအားတက်ကြွစွာကြည့်ရင်း .....

"အဲဒီကြာပန်းကို ကျွန်တော်သွားယူပါမယ်ဖေဖေ"

"ဟေ ....."

"ဟာ ....."

နယ်စားကြီးဝမ်ကျိုးဝေ၊ အမတ်ကြီးလင်ရှုနှင့် တပ်မှူးကြီးဆူတုန်ပိုတို့မှာ အာမေဋိတ်သံများပင် ထွက်သွားရလေတော့၏။

✲



သူတို့သည် အလွန်တရာ အံ့အားသင့်သွားကြသည်။

မိန်ချုန်ယူအတွက် ဤမျှစွန့်စားစရာမလိုပေ။

သွားရမည့်လမ်းမှာ မပြန်လမ်းဖြစ်နေသည်။

သရဲတစ်ထောင်အိုချုံးသည် ဝမ်ထိုင်စန်ကိုလည်း ခွင့်လွှတ်မည်မဟုတ်ချေ။ သတ်မည်သာဖြစ်သည်။ နယ်စားကြီးဝမ်ကျိုးဝေက ခေါင်းကိုသွက်သွက်ခါယမ်းလိုက်သည်။

"ဟာ ..... သားကလဲ အဓိပ္ပါယ်မရှိတာတွေ လျှောက်ပြောနေပြန်ပြီ၊ အဲဒီကျွန်းဟာမရဏကျွန်းကွ၊ အဲဒီကိုသွားရင် ပြန်လမ်း မရှိဘူးလို့ပြောနေကြတာ အများအသိပဲ၊ သားသွားလို့ မဖြစ်ပါဘူး"

"အို ..... ဘာပဲဖြစ်ဖြစ် ကျွန်တော် မရဏကျွန်းကိုရောက်အောင်သွားဖို့ ဆုံးဖြတ်လိုက်ပြီ၊ ဖေဖေပဲ စဉ်းစားကြည့်လေ၊ ဒီကြာဧကရာဇ်ရဲ့ဝတ်ဆံကိုရမှ မိန်ချုန်ယူရဲ့ ရောဂါပျောက်ကင်းမှာ မဟုတ်လား။ အဲဒီကြာပန်းကိုသွားမယူရင် မိန်ချုန်ယူ တစ်သက်လုံး ဒီလိုပဲ ငိုင်တိငိုင်တွေနဲ့နေရမယ်၊ ဒါကို ကျွန်တော်မကြည့်ရက်ပါဘူး၊ သူ့ဘဝဟာ ဘာမှအဓိပ္ပါယ်မရှိသလိုဖြစ်သွားမယ်"

နယ်စားကြီးဝမ်ကျိုးဝေက ခေါင်းယမ်းလိုက်၏။

"ဖေဖေလဲ မိန်ချုန်ယူရဲ့ဝေဒနာကို ပျောက်စေချင်ပါတယ်ကွာ၊ ဒါပေမယ့် မရဏကျွန်းကို သားသွားမယ်ဆိုတာတော့ ဖေဖေ

www.burmeseclassic.com



သဘောမကျဘူး .... ဟောဒီက မင်းဘဘလင်ရှုကပြောတာပဲ၊ သိုင်းရာဇာသရဲတစ်ထောင်အိုချုံးဟာ ဘယ်လောက်ရက်စက်သလဲ၊ သူ့ကျွန်းပေါ်တက်လာတဲ့လူဆိုရင် အကုန်သတ်တာပဲ၊ သိုင်းပညာမှာလဲ ထိပ်တန်းဆိုတော့ ဘယ်သူမှမနိုင်ဘဲဖြစ်နေတာပေါ့"

နယ်စားကြီးဝမ်ကျိုးဝေသည် ဖခင်ဖြစ်နေသည့်အလျောက် စိုးရိမ်စိတ်ဖြင့်တား၏။

ဝမ်ထိုင်စန်ကတော့ သူ့ဆုံးဖြတ်ချက်ကိုမပြင်ပေ။

သူ၏သူငယ်ချင်းတစ်ယောက် အဖြစ်ဆိုးမျိုးနှင့် ကြုံတွေ့နေရသည်ကို သူသည် မကြည့်ရက်အားပေ။

ငယ်စဉ်ကတည်းက အတူတူဆော့ကစားလာသည့် သူ့ကိုမိန်ချုန်ယူ မမှတ်မိကတည်းက သူရင်နာခဲ့ရသည်။

သူ့ကို ပြန်လည်မှတ်မိဖို့က ဝေဒနာပျောက်ကင်းမှသာဖြစ်လိမ့်မည်။ ထို့ကြောင့် သူ့အနေဖြင့် ကြာဇကရာဇ်ကိုသွားယူရမည်ဟု ဆုံးဖြတ်လေ၏။

"လူဆိုတာ သေတစ်နေ့ မွေးတစ်နေ့ပါဖေဖေရာ၊ လူ့ကံဆိုတာရှိပါသေးတယ်၊ သေချင်မှလဲ သေတာပါ၊ အသက်ရှင်နေခိုက်မှာ အကျိုးရှိတဲ့လုပ်ရပ်တွေကို လုပ်သွားရမှာပဲ၊ သူတစ်ပါးကို ကူညီတယ်ဆိုတာ ကုသိုလ်ရပါတယ်၊ နောက်ပြီး .... အခုကူညီရမယ့်သူဟာ

BURMESE CLASSIC .com



တခြားလူမဟုတ်ပါဘူး၊ ဒီတော့ ပိုပြီး ကူညီသင့်တာပေါ့ .... သူဟာ သူ့ဘဝကိုမေ့လျော့နေတယ်မဟုတ်လား၊ မှန်မြတ်တဲ့အလုပ်လုပ်တာ ဖေဖေခွင့်ပြုဖို့သင့်ပါတယ်"

ဝမ်ထိုင်စန်က သူလုပ်မည့်အလုပ်သည်မှန်မြတ်သည့်အလုပ်ဖြစ်ကြောင်း ဖခင်အားပြောပြလေ၏။ သူ့စကားမှာ အမှန်များပင်ဖြစ်သည်။ သူ့ဖခင်ဝမ်ကျိုးဝေသည် ဟန့်တားရခက်သွားလေသည်။

နယ်စားကြီးဝမ်ကျိုးဝေက အမတ်ကြီးလင်ရှုကိုကြည့်လိုက်သည်။ ကြည့်လိုက်သည့်သဘောမှာ သားဖြစ်သူ ဝမ်ထိုင်စန်အား တားပေးစေလိုသည့်သဘောဖြစ်သည်။

သို့သော် အမတ်ကြီးလင်ရှုကဝင်ပြောလာ၏။ သူပြောသည့်စကားမှာ တားသည့်စကားမဟုတ်ဘဲ ဝမ်ထိုင်စန်အား ထောက်ခံသည့်စကားဖြစ်နေလေ၏။

"လူကလေးကိုတော့ ဘဘချီးကျူးပါတယ်၊ သူများတွေ မသွားရဲတဲ့နေရာကို လူကလေး ရဲရဲဝံ့ဝံ့ သွားရဲတာ၊ သူများတွေ မလုပ်ဝံ့တဲ့အလုပ်ကို ရဲရဲဝံ့ဝံ့လုပ်ဝံ့တာ တကယ့်အာဇာနည်ယောကျ်ားကွ၊ ...မှာလူကလေး လူဆိုတာ တစ်သက်မှာနှစ်ခါမသေရပါဘူး၊ နောက်...း စွန့်စားရင်း အသက်စွန့်ရတာ ဘယ်လောက်အရသာရှိသလဲ၊ လူ...လေးကို ဘဘလေးစားသွားပြီ၊ နောက်ပြီး အလုပ်က သူတစ်ပါးကို

www.burmeseclassic.com

www.burmeseclassic.com



ကူညီတဲ့အလုပ်၊ ဒီလိုကူညီလုပ်ပြီး အသက်သေသွားရင်လဲ သေရကျိုးနပ်ပါတယ်"

"ဟုတ်တယ်၊ ဘဘကတော့ ရဲရဲဝံ့ဝံ့လုပ်တဲ့အလုပ်မှန်သမျှ ထောက်ခံတယ်၊ သတ္တိကအရေးကြီးတယ်၊ လူလုပ်ပြီး သတ္တိမရှိရင် အလကားပဲကွ"

တပ်မှူးကြီးဆူတုန်ပိုက ဝင်ထောက်ခံလိုက်လေ၏။

ထိုအခါ နယ်စားကြီးဝမ်ကျိုးဝေမှာ သားဖြစ်သူအား တားဖို့ခက်သွားလေ၏။ အမတ်ကြီးလင်ရှုနှင့်တပ်မှူးကြီးဆူတုန်ပိုတို့ကို အားကိုးမိခါမှ ယခုပို၍ဒုက္ခရောက်ပေသည်။

သူတို့နှစ်ဦးသည် ဝမ်ထိုင်စန်အား ထောက်ခံသည့်စကားကို အားပါးတရပြောနေကြသည်။ အမတ်ကြီးလင်ရှုက .....

"လူကလေး သွားမှာသာသွားစမ်းပါ၊ မရဏာကျွန်းရောက်ပြီး မသေဘဲပြန်လာတဲ့လူကွလို့ သိုင်းလောကမှာကြေညာနိုင်အောင် သွားစမ်းပါ၊ ဒီသရဲတစ်ထောင်အိုချုံးဆိုတာလဲ လူပဲကွ .... လူဆိုတာ စိတ်အမျိုးမျိုးပြောင်းတတ်တယ်"

ဝမ်ထိုင်စန်က .....

"ကဲ ..... ဖေဖေ၊ ဟောဒီက လင်ရှုနဲ့ ဘဘကြီးဆူတုန်ပိုတို့ကတော့ ကျွန်တော့်ကို အပြည့်အဝထောက်ခံနေကြပြီ၊ ဖေဖေကလဲ



ခွင့်ပြုလိုက်ပါတော့ဖေဖေရာ"

နယ်စားကြီးဝမ်ကျိုးဝေသည် သက်ပြင်းချလိုက်လေသည်။

"သား ..... ဖေဖေက ခွင့်မပြုရင်လဲ သွားမှာပဲမဟုတ်လား၊ သား ဒီမရဏာကျွန်းကို သိပ်သွားချင်နေတယ်မဟုတ်လား"

"သား မသွားပါဘူးဖေဖေ၊ ဖေဖေ ခွင့်မပြုရင် ဘယ်နေရာမှ မသွားပါဘူး"

နယ်စားကြီးဝမ်ကျိုးဝေသည် သားဖြစ်သူအား ချစ်ရည်ရွှမ်းသောမျက်လုံးများဖြင့်ကြည့်လိုက်ပြီး .....

"သား .... ဒီလောက်သွားချင်နေရင် သွားပါ၊ ဖေဖေခွင့်ပြုပါတယ်"

"ဟာ .... ဝမ်းသာလိုက်တာ၊ ဖေဖေ ခွင့်ပြုလိုက်ပြီပေါ့"

ဝမ်ထိုင်စန်သည် ဝမ်းသာအားရအော်ဟစ်လိုက်လေ၏။

"တို့ ဖေဖေကွ"

ပျော်မြူးနေသောဝမ်ထိုင်စန်ကိုကြည့်ကာ အမတ်ကြီးလင်ရှုနှင့်ရွှေဓားဆူတုန်ပိုတို့လည်း ရောယောင်၍ပျော်ရွှင်သွားကြလေ၏။ နယ်စားကြီးဝမ်ကျိုးဝေက သက်ပြင်းချမိလေတော့သည်။

❀

www.burmeseclassic.com

www.burmeseclassic.com



## အနောင့်အယှက် အဖျက်အဆီး

ရှန်စီးနယ်တွင် သံမဏိတံခွန် အာမခံလုပ်ငန်း ပျက်စီးသွားပြီမှာအတော်ကြာပြီ။ အခြားအာမခံလုပ်ငန်းများသည် များစွာအလုပ်များကြရသည်။

ထိုအထဲတွင် အလုပ်အရဆုံးကတော့ ရွှေနဂါးအာမခံဌာနပင် ဖြစ်သည်။ ရွှေနဂါးအာမခံဌာနသည် တစ်ရှိန်ထိုး နာမည်ကျော်ကြားလာလေသည်။

ယခင်က သံမဏိတံခွန်အဖွဲ့ကို အလုပ်အပ်နှံသူများသည် ရွှေနဂါးအာမခံလုပ်ငန်းဆီသို့သာ စုပြုံအလုပ်အပ်လျက်ရှိကြသည်။

ရွှေနဂါးအာမခံဌာနမှာ .... လူသိများထင်ရှားလာသည့်အလျောက် အလွန်အလုပ်များလျက်ရှိသည်။

အချို့သော အလုပ်များကို ငြင်းပယ်ပစ်သည်အထိ ပြောင်



လေသည်။ ရွှေနဂါးလုပ်ငန်းပိုင်ရှင် အန်ပေါင်ကျောက်မှာ ဒီရေအသား စီးပွားတက်လျက်ရှိသည်။

သို့သော် အန်ပေါင်ကျောက်မှာ ပျော်ရွှင်နိုင်ခြင်းမရှိပါချေ။

အကြောင်းမှုကား .... လွန်ခဲ့သောတစ်လခန့်မှစ၍ ရွှေနဂါးအာမခံလုပ်ငန်းကို အနှောင့်အယှက်ပေးမည့်သူ ပေါ်ပေါက်နေသော ကြောင့်ပင်တည်း။

ထိုသူမည်နည်း။

ထိုသူသည် အနက်ရောင်ဝတ်စုံကိုဝတ်ထား၏။

မျက်နှာကိုလည်း ဦးခေါင်းစွပ်အနက် စွပ်ထားလေသည်။

သူ၏မျက်လုံးနှစ်လုံးမှအပ အခြားအင်္ဂါအစိတ်အပိုင်းများကို တွေ့ရပေ။ ထိုဝတ်စုံနက်သည် ရွှေနဂါးအာမခံလုပ်ငန်းက ပစ္စည်းများသယ်ဆောင်သွားပြီဆိုလျှင် လမ်းခုလတ်တစ်နေရာမှ ရုတ်တရက်ပေါက်လာပြီး ဝင်ရောက်တိုက်ခိုက်လေ့ရှိ၏။

ထူးဆန်းသည်မှာ .... ဝတ်စုံနက်သည် တိုက်ခိုက်အနှောင့်အယှက်ပေးရုံသာပေးသည်။

ဘာပစ္စည်းကိုမျှ ယူဆောင်ခြင်းမရှိပေ။

တိုက်ခိုက်ရာတွင်လည်း ရွှေနဂါးအာမခံအဖွဲ့သားများကို သေရာအနာတရဖြစ်အောင် တိုက်ခိုက်ရုံသာတိုက်ခိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသေသတ်ခြင်း မရှိပေ။

အားလုံး ဒဏ်ရာအနာတရဖြစ်လျှင် ထိုနေရာမှ ထွက်ခွာ
သွားလေ့ရှိ၏။

ထိုသို့တိုက်ခိုက်ပြီး ထွက်ခွာသွားလျှင် ထိုသူသည် အမှတ်
အသားတစ်ခုကိုပစ်ချထားလေ့ရှိ၏။

ထိုအမှတ်အသားကား ....

တစ်ထွာခန့်ရှိသောသံမဏိတံခွန်လေးကိုပင်တည်း။

ဤသို့ ဖြစ်လေ့ရှိနေသောကြောင့် အန်ပေါင်ကျောက်သည်
သံမဏိတံခွန်အဖွဲ့မှ တစ်စုံတစ်ယောက်က လာရောက်နှောင့်ယှက်
နေခြင်းလားဟု သံသယပွားနေတော့၏။

သို့သော် .....

ဝတ်စုံနက်ကိုမိအောင် ဖမ်းဆီးနိုင်ခြင်းမရှိသဖြင့် မည်သူဖြစ်
သည်ကို အတိအကျမသိဘဲဖြစ်နေသည်။

အန်ပေါင်ကျောက်သည် နေ့စဉ်နှင့်အမျှဆိုသလို ....

ဤကိစ္စအတွက် စိတ်ညစ်သောကရောက်နေရပေသည်။

ဤတွင် သားဖြစ်သူကလည်း မလိမ္မာ။

"ဟော့ကောင် ..... အန်ဟွာချူး၊ ဒါကဘယ်လဲ"

အပြင်သွားဖို့ပြင်နေသောသားဖြစ်သူအန်ဟွာချူးအား လှမ်း



မေးလိုက်ခြင်းဖြစ်၏။ အန်ဟွာချူးမှာ ဖခင်၏ခေါ်သံကြောင့် အခန်း
ထဲသို့ ပြန်ဝင်လာသည်။

"ဘာလဲ ဖေဖေ"

"ဒီမှာ ထိုင်စမ်းပါဦး"

အန်ပေါင်ကျောက်က ထိုင်ခုံတစ်ခုကိုညွှန်ပြလိုက်၏။

အန်ဟွာချူးသည် ထိုထိုင်ခုံတွင်ဝင်ထိုင်လိုက်၏။

သူထိုင်ပုံမှာ ကျုံ့ကျုံ့ယို့ယို့ကလေးဖြစ်သည်။

"ဘာပြောမလို့လဲဖေဖေ"

အန်ပေါင်ကျောက်က သားဖြစ်သူအား မျက်နှာထားတင်း
တင်းဖြင့် စိုက်ကြည့်လိုက်၏။

"ငါ့ကိုပြောစမ်းပါဦး၊ အခု မင်းဘယ်ကိုသွားမလို့လဲ"

"သူငယ်ချင်းတစ်ယောက်ဆီကိုပါ"

"တော်စမ်း"

အန်ပေါင်ကျောက်က အော်ငေါက်လိုက်၏။

"ဘာသူငယ်ချင်းလဲ၊ မင်းသွားမှာ ဖူချောင်မြို့ကပျော်ပွဲစား
တွေဆီကိုမဟုတ်လား .... ဟိုကျုရှင် လောင်းကစားဝိုင်းတွေမှာ ဝင်
စားမယ်၊ မိန်းကလေးတစ်အုပ်ကြီးနဲ့ စားသောက်ပျော်ပါးမယ်၊ ဒါ
င်းရဲ့ နေ့စဉ်အလုပ်ပဲမဟုတ်လား"

www.burmeseclassic.com



သူ့ဖခင် အမှန်တွေချည်းပြောနေသည်။

အန်ဟွာချူး ခေါင်း ငုံ့နေရသည်။

အန်ပေါင်ကျောက်က .....

"မင်းနယ်ကွာ .... မိဘတွေ ဘယ်လိုဖြစ်နေတယ်ဆိုတာ လုံးလုံးပြန်မကြည့်ဘူး၊ နေ့ရှိသမျှ ပျော်ဖို့ပါးဖို့ပဲစိတ်ကူးနေတယ်"

"ဖေဖေတို့ ဘာဖြစ်နေလို့လဲ"

"ဟေ .... ငါတို့ဘာဖြစ်နေလို့လဲ၊ မင်းမှာမျက်စိတွေနားတွေ မပါဘူးလားကွ"

"ပါ ပါတယ်ဖေဖေ"

"ဒါဆိုရင် မင်းသိရမှာပေါ့၊ ငါတို့လုပ်ငန်းမှာ နှောင့်ယှက်သူ ပေါ်နေပြီ၊ ဒါကို မင်းမသိသေးဘူးလား"

"သိပါတယ်ဖေဖေ၊ ဖေဖေပြောတာ ဟိုအနက်ရောင်ဝတ်စုံ ဝတ်ထားတဲ့လူကို ပြောတာမဟုတ်လား"

အန်ပေါင်ကျောက် ခေါင်းညိတ်သည်။

ထို့နောက် သူသည် သက်ပြင်းချလိုက်ရင်း .....

"ဟုတ်တယ်အန်ဟွာချူး၊ ငါ့မှာ ဒီကိစ္စအတွက်နဲ့ စိတ်မော လူမောလဲဖြစ်၊ ခေါင်းတွေလဲခြောက်နေရတယ်၊ မင်းကတော့ ဒီအ ခက်အခဲအကျပ်အတည်းတွေက ဘယ်လိုလွန်မြောက်အောင် လုပ်



လဲလို့ ကူစဉ်းစားမပေးဘူး၊ လွတ်လွတ်လပ်လပ် ပျော်ပျော်ပါးပါး နေဖို့ပဲစဉ်းစားနေတယ်"

အန်ပေါက်ကျောက်သည် သားဖြစ်သူအား အပြစ်တင်လိုက် သည်။ သားဖြစ်သူက ....

"ဖေဖေပြောသလို ဒီကိစ္စကို မစဉ်းစားဘူးဆိုတာ မဟုတ်ပါ ဘူး၊ ကျွန်တော် ဒီကိစ္စကိုစဉ်းစားနေပါတယ်"

"စဉ်းစားနေတယ်ဟုတ်လား၊ ကဲ .... ဒီလိုဆိုရင် ဒီကိစ္စကို ဘယ်နည်းနဲ့ဖြေရှင်းမလဲကွာ"

"ရှင်းနေတာပဲဖေဖေ၊ အဲဒီဝတ်စုံနက်ကို မိအောင်ဖမ်းပေါ့"

"ပြောတော့ဖြင့်လွယ်လိုက်တာ၊ သူ့ကို ဘယ်လိုသွားဖမ်းရ မလဲ၊ ကိုယ့်အသက်ချမ်းသာရာရအောင်တောင် မနည်းအသက်လု ပြေးနေရတယ်၊ ဒီတစ်လတည်း ငါတို့ကို အနှောင့်အယှက်ပေးနေတာ သားကြိမ်ရှိနေပြီ၊ ငါတို့လူတွေလဲ ခရီးမထွက်ရဲတော့ဘူး၊ ဒီတော့ ငါတို့ နဂါးအာမခံပို့ဆောင်ရေးဟာ မကြာခင်မှာပဲ ဖျက်ပစ်ရတော့မယ့် အခြေအနေရှိနေတယ်"

"ဒီဝတ်စုံနက်ဟာ ကျွန်တော်တို့ပစ္စည်းတွေကို လုံးဝမယူဘဲ နှောင့်ယှက်ဖျက်ဆီးရုံသာဖျက်ဆီးနေတယ်ဆိုတော့ စဉ်းစားရခက်ပါ ဖေဖေ"

www.burmeseclassic.com



အန့်ဟွာချူးကပြောလိုက်၏။

"အေး ...... ငါလဲ ဒီအချက်ကိုစဉ်းစားနေတာပဲ၊ ငါတို့ကို အနှောင့်အယှက်ပေးရုံသက်သက်လုပ်နေတာဆိုတော့ ပြိုကွဲသွားပြီ ဖြစ်တဲ့သံမဏိတံခွန်အဖွဲ့က မသေသေးတဲ့လူတစ်ယောက်ကများ နှောင့်ယှက်ဖျက်ဆီးနေတာလားလို့ ငါစဉ်းစားနေတယ်"

"အင်း .... ဖေဖေပြောတာ ဖြစ်နိုင်ပါတယ်၊ အဲဒီ ဝတ်စုံနက် ဟာ တိုက်ခိုက်ပြီးလို့ထွက်သွားရင် သံမဏိတံခွန်လေးတစ်ခုပစ်ခဲ့ သွားတတ်တယ်ဆိုတော့ သံမဏိတံခွန်အဖွဲ့သားဟောင်း တစ်ဦးဦး ဖြစ်ဖို့များတယ်"

အန့်ဟွာချူးကလည်း သူ့အဖေအမြင်ကိုထောက်ခံသည်။

"ဒါဖြင့် သံမဏိတံခွန်အဖွဲ့က ဘယ်သူဖြစ်မယ်လို့ မင်းထင် သလဲ"

"ဒါတော့ ကျွန်တော်မပြောတတ်ဘူး၊ ဦးကြီးမိန်ဝူးချန်သေ သွားပြီဆိုတော့ သူ့ကိုထည့်တွက်လို့မရတော့ဘူး .... သူ့ကို ဖယ်ရှား လိုက်မယ်ဆိုရင်"

"သူ့ရဲ့သားနဲ့သမီးနှစ်ယောက်ရှိသေးတယ်လို့ မင်းဆိုလိုတာ လား၊ မဖြစ်နိုင်ဘူး။ ငါသိထားရသလောက်ကတော့ အကြီးကောင် မိန်စုပင်ဟာ သိုင်းပညာလုံးဝမတတ်ဘူး၊ သိုင်းပညာမတတ်တော့



ငါတို့ကို ဘယ်လိုတိုက်ခိုက်မှာလဲ၊ အငယ်မလေး မိန်ချန်ယူကတော့ သိုင်းပညာတတ်တယ်၊ ဒါပေမယ့် မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲဖေဖေ"

"မဖြစ်နိုင်လို့ မဖြစ်နိုင်ဘူးပြောတာပေါ့၊ အခုဟာ သူလာ တိုက်ရင် အကုန်လုံးဒဏ်ရာရတာပဲ၊ မိန်ချန်ယူဆိုရင် ဒီလိုဒဏ်ရာရ အောင် မတိုက်ခိုက်နိုင်ဘူး၊ ငါတို့လူတွေထဲမှာ သိုင်းပညာထက်မြက် တဲ့လူတွေပါနေတာပဲ၊ အဲဒီလူတွေက မိန်ချန်ယူလို မိန်းကလေးသုံး ယောက်ကို အသာလေးနိုင်နိုင်ပါတယ်၊ ဥပမာ ပျံလွှားခေးတန်လင်ချူး ကိုပဲကြည့်၊ မိန်ချန်ယူထက် သိုင်းပညာပိုတော်တာပေါ့၊ နောက်ပြီး ...က သံမဏိတံခွန်အဖွဲ့ကပဲ၊ ဒါပေမယ့် သူလဲဒဏ်ရာရတာပဲ၊ အခု ...တိုက်နေတဲ့လူဟာ သိုင်းပညာအဆင့်တော်တော်မြင့်တယ်လို့ ငါ ...ဆတယ်"

"ဘယ်သူဖြစ်နိုင်မယ်ဆိုတာကိုကော ဖေဖေ မခန့်မှန်းနိုင် ...းမဟုတ်ဘူး"

အန့်ပေါင်ကျောက်သည် ခေါင်းခါလိုက်၏။

"ဖေဖေ မခန့်မှန်းနိုင်ပါဘူးကွာ"

ထိုစဉ် တန်လင်ချူးသည် ထော့နဲ့ထော့နဲ့ဖြင့် အခန်းတွင်း ...ဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



အန်ပေါင်ကျော်က နှုတ်ဆက်လိုက်သည်။

“တန်လင်ချူးပါလား၊ ဘယ့်နှယ် ခင်ဗျားပေါင်ပေါ်က ဒဏ်ရာကော သက်သာတယ်မဟုတ်လား”

တန်လင်ချူးက ....

“ဟုတ်ကဲ့၊ နည်းနည်းတော့သက်သာသွားပါပြီ”

တန်လင်ချူးသည် ထိုင်ခုံတစ်လုံးတွင်ဝင်ထိုင်လိုက်၏။

ပျံလွှားဓားတန်လင်ချူးမှာ သံမဏိတံခွန်အဖွဲ့မှဖြစ်သည်။ သံမဏိတံခွန်အဖွဲ့အပေါ် သစ္စာရှိသူလည်းဖြစ်သည်။

သို့သော် ....

သံမဏိတံခွန်အဖွဲ့မှာ လုံးဝပြိုကွဲပျက်စီးသွားသဖြင့် သူ့ခမျာ လုံးဝအလုပ်မရှိဘဲဖြစ်သွားသည်။

ထိုအခါ အန်ပေါင်ကျော်က ရွှေနဂါးအာမခံအဖွဲ့တွင် ပါဝင်လုပ်ဆောင်ရန်ကမ်းလှမ်းသဖြင့် ....

သိုင်းပညာထူးချွန်သော တန်လင်ချူးသည် ရွှေနဂါးအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့ပါသည်။

သူ၏သိုင်းပညာထူးချွန်မှု၊ နှစ်ပေါင်းသုံးဆယ်မျှ သံမဏိတံခွန်အဖွဲ့တွင် လုပ်သက်ကြာမှုတို့က ရွှေနဂါးအဖွဲ့အတွက် များစွာ အထောက်အကူဖြစ်စေသည်။



အန်ပေါင်ကျော်၏လက်ရုံးသဖွယ် အားထားခြင်းခံလာရသည်။ သို့သော် ..... နောက်ဆုံးတိုက်ပွဲတွင် သူလည်း ဒဏ်ရာရရလာလေသည်။

ညာဘက်ပေါင်တွင် ဒဏ်ရာရသည်။ ဝတ်စုံနက်ကသာ အသေသတ်လျှင် တန်လင်ချူးသေသည်။

သို့သော် မသတ်ခဲ့ပေ။

ပေါင်တွင် ဒဏ်ရာရအောင်သာလုပ်ခဲ့သည်။

“တန်လင်ချူး ..... ခင်ဗျားမှာ ပြောစရာရှိတယ်နဲ့တူတယ်”

“မရှိပါဘူး ဆရာအန်ပေါင်ကျော်၊ ဒဏ်ရာရထားတဲ့ခြေထောက် လမ်းလျှောက်လေ့ကျင့်ရင်းနဲ့ ဒီဘက်ကိုရောက်လာတာပါ”

“အေးဗျာ .... ခင်ဗျား ရောက်လာတာနဲ့ အတော်ပဲ၊ ကျုပ်တို့ကို ဝတ်စုံနက်ဒုက္ခပေးနေတဲ့အကြောင်း ပြောနေကြတာဗျ၊ ကျုပ်တို့မှာ တခြားပြဿနာမရှိဘူး၊ ဝတ်စုံနက်ပြဿနာပဲရှိတယ်၊ နောက်ဆုံး ကျုပ်အားထားရတဲ့ ခင်ဗျားကစပြီး ဒဏ်ရာရနေပြီ၊ ကျုပ်တို့ လက်ခံထားတဲ့အလုပ်တွေ အများကြီး၊ ကဲ ..... ကျုပ်တော့ ဘာမှမလုပ်တတ်တော့ဘူး၊ ခင်ဗျား ပြောစမ်းပါဦးဗျာ”

တန်လင်ချူးမှာ ဘာမျှမပြောနိုင်ပေ။

ဘာမှအကြံမပေးနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



အန်ဟွာချူးမှာလည်း ငြိမ်သက်နေသည်။

အန်ပေါင်ကျောက်က .....

"အင်း.... ခင်ဗျားက သံမဏိတံခွန်အဖွဲ့သား ဖြစ်ခဲ့ဖူးလေတော့ ခင်ဗျားရှေ့မှာပြောရတာ အားနာပါတယ်"

"ကိစ္စမရှိပါဘူးဗျာ .... သံမဏိတံခွန်အဖွဲ့လဲပျက်သွားပါပြီ၊ ပြောမှသာပြောပါ၊ ကျွန်တော်တို့ကို ဘာမှအားမနာပါနဲ့"

"ဒီလိုဗျ .... အဓိကတရားခံဖြစ်တဲ့ဝတ်စုံနက်ဟာ သံမဏိနဲ့လုပ်ထားတဲ့တံခွန်ကလေးတွေကိုပစ်ချသွားတယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား"

တန်လင်ချူး မျက်နှာပျက်သွားသည်။

သံမဏိတံခွန်ကို စွပ်စွဲတော့မည်ဟု ထင်လိုက်သဖြင့် အခံရခက်သွားလေသည်။

"ဆရာအန်ပေါင်ကျောက်ပြောတာ မှန်ပါတယ်၊ ဒါပေမယ့် အဲဒီဝတ်စုံနက်ဟာ သံမဏိတံခွန်အဖွဲ့နဲ့ ဘယ်လိုမှပတ်သက်ဆက်စပ်မှုမရှိတာကို ကျွန်တော်သိပါတယ်၊ အဲဒီလူက ဘာဖြစ်လို့သံမဏိတံခွန်လေးတွေကိုပစ်ချသွားတာလဲလို့ ကျွန်တော်စဉ်းစားနေပါတယ်"

"အဲဒါကို ကျုပ်စဉ်းစားနေတာဗျ"

"သံမဏိတံခွန်အဖွဲ့က နှောင့်ယှက်တာလို့ ထင်သွားအောင်



လုပ်တာပါဗျာ၊ သံမဏိတံခွန်ကလေးတွေကို ဘယ်သူမဆို လုပ်နိုင်တာပါ၊ ဘယ်ပန်းပဲဖိုအပ်အပ် သံမဏိတံခွန်လေးတွေရမှာပါပဲ"

တန်လင်ချူး ရှင်းပြလိုက်ရာ အန်ပေါင်ကျောက် အတန်ကြာစဉ်းစားပြီးခေါင်းညိတ်လိုက်သည်။

"အင်း .....ခင်ဗျားပြောတာလဲ ဟုတ်တာပဲ၊ ဘယ်သူမဆို သံမဏိတံခွန်ကလေးတွေကို ပန်းပဲဖိုမှာလုပ်နိုင်တာပဲပေါ့"

သို့သော် သူ့ရင်ထဲမှာတော့ သံသယကင်းရှင်းမသွားပေ။ ဖြစ်နိုင်ချေရှိသည်ကိုသာ လက်ခံလိုက်ရခြင်းဖြစ်သည်။

❀

www.burmeseclassic.com

www.burmeseclassic.com



## သတင်း

ရှန်ကျင့်ရွာ ……

ရှန်ကျင့်ရွာသည် ဖူချောင်မြို့နှင့် ဖန်ရှာမြို့အကြားတွင် တည်ရှိ၏။ ဖူချောင်မြို့နှင့်ပိုနီးပေသည်။

ရှန်ကျင့်ရွာသည် ရွာသိမ်ရွာငယ်ကလေးဖြစ်သော်လည်း အခြားရွာများထက် ပို၍နာမည်ကျော်ကြား လူသိများပေသည်။

အဘယ်ကြောင့်ဆိုသော် … ထိုရွာတွင် ဟင်းချက်ကောင်း၍ စျေးချိုသောထမင်းဆိုင်ကလေးတစ်ဆိုင် ရှိနေသောကြောင့်တည်း။

ထိုဆိုင်သည် မြို့နှစ်မြို့သွားသည့် လမ်းမကြီးဘေးတွင် တည်ရှိသဖြင့် ခရီးသွားဟန်လွှဲဝင်ရောက် စားသောက်သူများပြားသည်။

ထို့ပြင် သစ်ခုတ်သမားများနှင့် အခြားလက်လုပ်လက်စားများလည်း စျေးသက်သာပြီး ဟင်းချက်ကောင်းသည့်ထိုထမင်းဆိုင်



ကလေးသို့သာ လာရောက်စားသောက်လေ့ရှိကြသည်။

ထမင်းဆိုင်လေးမှာ လူပြတ်သည့်အချိန်ဟူ၍မရှိသလောက်ပင်ဖြစ်နေသည်။ ယနေ့တွင်လည်း ထုံးစံအတိုင်းပင် ထိုဆိုင်လေးမှာ လူစည်ကားလျက်ရှိသည်။

စားသောက်သူအများစုမှာ သစ်ခုတ်သမားများနှင့် အလုပ်ကြမ်းသမားများသာဖြစ်သည်။

စိတ်ကြမ်းလူကြမ်း ဖြစ်သူများပီပီ စကားကိုလည်း အော်ကြီးဟစ်ကျယ် ပြောဆိုနေကြသည်။

မည်သူ့ကိုမျှလည်း ဂရုမစိုက်ကြပေ။

ဆိုင်ထောင့်တစ်ထောင့်တွင် ဝင်ရောက်စားသောက်နေသူနှစ်ဦးရှိ၏။ ထိုသူများသည် တိတ်ဆိတ်ငြိမ်သက်စွာ စားသောက်နေကြလေ၏။

အခြားသူများကဲ့သို့ သူတို့သည် အော်ဟစ်ပြောဆိုနေခြင်းမရှိပေ။ ထိုသူနှစ်ဦးကတော့ ဖခင်နှင့်ညီမဖြစ်သူကို လိုက်လံရှာဖွေနေကြသည့်မိန်စုပင်နှင့် ….

သူ၏မိတ်ဆွေ သူတောင်းစားမလေး ဘာလင်းတို့ပင်ဖြစ်သည်။

"ရှင် …. သိပ်မစားပါလား"

www.burmeseclassic.com

www.burmeseclassic.com



တာလင်းက မေးလိုက်၏။

မိန်စုပင်က .....

"စားပါတယ်၊ သိပ်မဆာလို့ပါ"

"ဟင်းများ မကောင်းလို့လားလို့"

"ကောင်းပါတယ်၊ ဟင်းချက်တော်တော်ကောင်းပါတယ်၊ အစပ်အဟပ်တည့်ပါတယ်၊ ငါကစားလို့မကောင်းလို့ပါ"

"ရှင် ချီးကျူးတာကို ကျွန်မကျေးဇူးတင်ပါတယ်၊ ဒီဆိုင်ကို တမင်ခေါ်လာတာရှင့်၊ ဒီအနီးအနားတစ်ဝိုက်မှာ ဒီဆိုင်ကဟင်းချက်အကောင်းဆုံးပဲ"

"ဟုတ်တယ်နော်၊ ငါလဲသတိပြုမိပါတယ်"

သူတို့ တီးတိုးစကားပြောနေစဉ် တစ်ဖက်မှ စကားပြောသံများသည် သူတို့ဆီသို့ပျံ့လွင့်လာတော့၏။

"ဒါနဲ့ မင်းတို့ ရွှေနဂါးအာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ အကြောင်း ကြားပြီးပြီလား"

"ငါတို့နဲ့မဆိုင်တာပဲ .... ဘာကြားဖို့လိုသလဲကွ .... ကြားဒီဘက်ကဝင်ပြီး ဟိုဘက်ကထွက်သွားမှာလဲ"

"ဟ ..... ဆိုင်ဆိုင် မဆိုင်ဆိုင် သိထားတော့ကောင်းတာပေါ့"

"ဒါဖြင့်လဲ ပြောကွာ"



"အေးကွ၊ ငါကြားလာတဲ့အကြောင်းက အကြောင်းအရာသစ်ကွ၊ မင်းတို့သိထားသင့်တယ်"

"အေးကွာ၊ ပြောမှာသာပြောစမ်းပါကွာ"

ရွှေနဂါးအာမခံသယ်ယူပို့ဆောင်ရေးဟူသောအသံကို ကြားလိုက်ရကတည်းကပင် မိန်စုပင်သည် နားစွင့်နေလေတော့၏။

ထိုဝိုင်းသို့လည်း စောင့်၍ကြည့်လိုက်၏။

အော်ကြီးဟစ်ကျယ်ပြောဆိုနေသူများမှာ သစ်ခုတ်သမားများဖြစ်ပုံရသည်။

သူတို့အားလုံး၏ခါးတွင် ကြိုးခွေများ၊ ချိတ်များဆွဲထားကြသည့်အပြင် ရောမပုဆိန်ကြီးများကိုလည်း စားပွဲဘေးတွင် ထောင်ထားသည်ကိုတွေ့ရ၏။

သစ်ခုတ်သမားများမှာ စုစုပေါင်းငါးယောက်ရှိသည်။

ရွှေနဂါးအာမခံလုပ်ငန်းအကြောင်း အားပါးတရပြောဆိုနေသူမှာ အရပ်မြင့်မြင့်သစ်ခုတ်သမားကြီးဖြစ်သည်။

ကျန်လေးယောက်မှာ ထိုသူ၏စကားကို စောင့်၍နားထောင်နေကြသည်။

"ရွှေနဂါးအာမခံလုပ်ငန်းပိုင်ရှင် သူဌေးအန်ပေါင်ကျောက်ကို မင်းတို့သိကြတယ်မဟုတ်လား"

www.burmeseclassic.com



"သိတယ်လေ၊ အခု သူဌေးကြီးအန်ပေါင်ကျော်က်သေသွားလို့လား"

"ဟာ .... မဟုတ်တာကွာ၊ ပေါက်ပေါက်ရှာရှာ ဘယ့်နှယ် သူဌေးကြီးအန်ပေါင်ကျော်က် သေရမှာလဲ"

"မသိဘူးလေကွာ၊ မင်းက သူဌေးကြီးအန်ပေါင်ကျော်က်ကို သိသလားမေးတော့ ငါကတစ်ခုခုဖြစ်မယ်ထင်တာပေါ့"

"အေး .... တစ်ခုခုဖြစ်တာတော့ မှန်တယ်၊ ဒါပေမယ့် သေတာတော့မဟုတ်ဘူး"

"သေတာမဟုတ်ရင် ဘာဖြစ်တာလဲ"

"စိတ်ညစ်နေတယ်ကွ"

"ဟ .... သူကတော်တော်ချမ်းသာတာပဲ၊ ဘာကြောင့် စိတ်ညစ်ရမှာလဲ၊ စိတ်ညစ်ချင်းညစ်ရင် မင်းတို့ငါတို့ စိတ်ညစ်ရမှာပေါ့"

"ဟ .... ချမ်းသာတိုင်း ပျော်ရမလားကွ၊ ချမ်းသာပေမယ့် စိတ်ညစ်နေတဲ့လူတွေတစ်ပုံကြီးကွ .... ချမ်းသာတာနဲ့ စိတ်ညစ်တာ တခြားစီပဲ"

အရပ်မြင့်မြင့်လူက ပြောလိုက်ခြင်းဖြစ်သည်။

သစ်ခုတ်သမားတစ်ယောက်က မေးလိုက်၏။

"သူဌေးကြီးအန်ပေါင်ကျော်က် ဘာဖြစ်လို့ စိတ်ညစ်တာလဲ"



အရပ်မြင့်မြင့်လူကဖြေသည်။

"သူတို့ရွှေနဂါးအဖွဲ့ ခရီးထွက်တိုင်း အနက်ရောင်ဝတ်စုံ ဝတ်ထားတဲ့လူက ရောက်ရောက်လာပြီး နှောင့်ယှက်တယ်တဲ့ကွ၊ အဲဒါကြောင့် စိတ်ညစ်နေသတဲ့"

"ဝတ်စုံနက်ကနှောင့်ယှက်တယ် ဟုတ်လား"

"အေး .... ဟုတ်တယ်၊ ဝတ်စုံနက်ဟာ ရွှေနဂါးအဖွဲ့ကလူတွေကိုတိုက်ခိုက်လေ့ရှိသတဲ့"

"ဟ ရွှေနဂါးအဖွဲ့ဟာ အင်အားတောင့်တင်းတဲ့အဖွဲ့ပဲကွ၊ လက်ထက်မြက်မြက်ရှိတဲ့သိုင်းသမားတွေလဲ ရှိတာပဲ၊ သူတို့က ဝတ်စုံနက်တစ်ယောက်တည်းကိုတောင် မခုခံနိုင်ဘူးလား"

အရပ်မြင့်မြင့်နှင့်လူက ....

"မင်းကောငြိမ်ခံနေမလား၊ အစွမ်းကုန်ပြန်တိုက်တာပေါ့ကွ၊ ဒါပေမယ့် ဝတ်စုံနက်က သိုင်းပညာတော်တော်အဆင့်မြင့်တယ်တဲ့၊ ဘယ်လောက်များများကြီးဝိုင်းတိုက်ပေမယ့် လုံးဝမနိုင်ဘူးတဲ့ကွ၊ နောက်ဆုံး ရွှေနဂါးအဖွဲ့ကလူတွေပဲ ဒဏ်ရာရပြီးကျန်ခဲ့ရော"

"အဲဒီဝတ်စုံနက်က ဘာဖြစ်လို့ တိုက်တာလဲ၊ ပစ္စည်းလိုချင်လို့လား"

"မဟုတ်ဘူးကွ .... ဒီလိုလဲမဟုတ်ဘူး .... တိုက်ခိုက်ရုံတင်

www.burmeseclassic.com

www.burmeseclassic.com



တိုက်နိုက်တာပဲ၊ ပစ္စည်းတွေကို လက်ဖျားနဲ့တောင် မတို့ဘူးတဲ့၊ တို
နိုက်ပြီး ပြန်ထွက်သွားတာပဲ"

"ဟာ .... အံ့သြစရာပါလား၊ ဒါဟာ ဝတ်စုံနက်က ရွေနေ
အဖွဲ့ကိုနာမည်ပျက်အောင်လုပ်နေတဲ့သဘောဝဲ"

အရပ်မြင့်မြင့်နှင့်လူသည် ထိုစကားကိုထောက်ခံလိုက်၏

"မင်းပြောတာဖြစ်နိုင်ပါတယ်၊ နောက်ပြီး .... အရေးကြီး
အချက်ကိုပြောဖို့ မေ့ကျန်နေသေးတယ်ကွ"

"ဟုတ်လား၊ ဘာများလဲ"

"အဲဒီဝတ်စုံနက်ဟာ ထွက်သွားပြီးတာနဲ့ တစ်ထွာလော
ရှိတဲ့သံမဏိကံခွန်လေးတွေကို ပစ်ချသွားလေ့ရှိသတဲ့ကွ"

"တော်တော်ထူးဆန်းတာပဲနော်"

မိန်စုပင်နှင့်တာလင်းတို့သည် ထိုစကားများကိုအတိုင်းသ
ကြားနေရလေ၏။

"ရှင် ဘယ်လိုသဘောရသလဲမိန်စုပင်"

သူတို့သည် ထမင်းဆိုင်မှထလာခဲ့ကြ၏။ လမ်းပေါ်သို့
ရောက်တွင် တာလင်းကမေးလိုက်ခြင်းဖြစ်သည်။

မိန်စုပင်မှာစဉ်းစားနေသည်။

"အင်း .... စဉ်းစားစရာတော့ကောင်းတယ်"



"ဘာများ စဉ်းစားစရာဖြစ်နေတာလဲ"

"သစ်ခုတ်သမားတွေပြောပုံအရ ဝတ်စုံနက်ဟာ တော်တော်
စိတ်ဝင်စားစရာကောင်းနေတယ်"

"ဘယ်လို စိတ်ဝင်စားစရာကောင်းတာလဲ"

"ငါတော့ အဲဒီဝတ်စုံနက်ဟာ ငှါအဖေမိန်ပွှးချွန်များလားလို့
ထင်မိတယ်"

"ကျွန်မလဲ အဲဒီလိုထင်မိပါတယ်၊ ရှင့်အဖေဖြစ်နိုင်လောက်
အချက်အလက်တွေလဲရှိနေတယ်လေ"

"ဘာလဲ .... တစ်ထွာလောက်ရှိတဲ့ သံမဏိတံခွန်လေးတွေ
ပစ်ချခဲ့တဲ့အချက်ကို ပြောတာလား"

"ဒီအချက်လဲပါတာပေါ့၊ နောက်ပြီး သူတို့ပြောကြတဲ့အချက်
အချက်ရှိတယ်လေ၊ ဝတ်စုံနက်ဟာ သိုင်းပညာထူးချွန်သတဲ့၊ ရှင့်
ဖေလဲ သိုင်းပညာထူးချွန်ထက်မြက်တာပဲ မဟုတ်လား"

"အင်း .... ငှါအဖေဟာ သိုင်းပညာထူးချွန်ထက်မြက်တာ
မှန်ပါတယ်"

"ဒါ့ မဖြစ်နိုင်ဘူးလားရှင်"

"ဖြစ်နိုင်တာတစ်ဝက် မဖြစ်နိုင်တာတစ်ဝက်ပဲ၊ ကျွန်တော်တစ်
က ငှါအဖေမဖြစ်နိုင်ဘူးလို့တွေးနေမိတယ်"

www.burmeseclassic.com

www.burmeseclassic.com



တာလင်းက မိန်စုပင်ကိုမော့ကြည့်သည်။

"ရှင့်အဖေ မဖြစ်နိုင်ဘူးဆိုတဲ့အချက်အလက်တွေ ရှိရမှာပေ အဲဒါတွေကဘာတွေလဲ"

"ငါ့အဖေဟာ ငါသိရသလောက်တော့ လူတစ်ဖက်သား ဒု ရောက်အောင် အကျိုးစီးပွားပျက်စီးအောင် ဘယ်တော့မှမလုပ်ဘူး"

တာလင်းက ပြုံးသည်။

"ဒီလိုတော့ တစ်ထစ်ချမသတ်မှတ်နဲ့လေ၊ လူဆိုတာ အခြေအနေနဲ့ အချိန်အခါကိုလိုက်ပြီး စိတ်ဓာတ်ပြောင်းလဲနိုင်ပါတယ်၊ စိတ်ထားဖြူစင်တဲ့လူဟာ တစ်သက်လုံး ဖြူစင်သွားလိမ့်မယ်လို့ တစ်ထစ်ချမယူဆပါနဲ့၊ တစ်သက်လုံး စိတ်ထားမပြောင်းလဲတဲ့ လူတွေရှိသလို အခြေအနေအချိန်အခါကိုလိုက်ပြီး စိတ်ထားပြောင်းလဲတဲ့လူတွေ ရှိတာပဲ"

"ငါ့အဖေ စိတ်ထားပြောင်းလဲသွားပြီလို့ မင်းဆိုလိုချင်တာလား"

မိန်စုပင်၏လေသံမှာမာသွားသည်။ သူ့ဖခင်၏စိတ်ဓာတ်နှင့် အကျင့်သိက္ခာကိုထိပါးသည့် စကားဖြစ်သဖြင့် သူဒေါသထွက်သွား ပုံရသည်။

တာလင်းက ပျာပျာသလဲဖြေရှင်းသည်။



"ရှင် စိတ်ဆိုးသွားသလားမိန်စုပင်၊ ဒါဆိုရင် ကျွန်မ တောင်းန်ပါတယ်၊ ကျွန်မက ရှင့်အဖေကိုစော်ကားတာမဟုတ်ပါဘူး၊ အခြေအနေအရ စိတ်ထားပြောင်းလဲချင် ပြောင်းလဲသွားလိမ့်မယ်လို့ ယေဘု သဘောမျိုးခြုံပြီးပြောလိုက်တာပါ၊ ရှင်မကြိုက်ရင် နောက်ကို လုံးဝ ပြောတော့ပါဘူး"

ထိုသို့ တာလင်းကတောင်းပန်သဖြင့် မိန်စုပင်မှာ ဒေါသသံ င့်ပြောမိသည့်အတွက် အားတုံ့အားနာဖြစ်သွားသည်။

တကယ်တော့ တာလင်းသည် သူ့ကျေးဇူးရှင်မဟုတ်ပါ ား။ သူ့ကိုကူညီသည်။ သူ့ကိုသိုင်းပညာသင်ပေးနေသည်။

တဒင်္ဂအတွင်းမှာပင် သူ့တင်းမာမှုများသည် သူ့မျက်နှာပြင် ါမှလျော့ပါးသွားလေ၏။

"ငါတောင်းပန်ပါတယ်တာလင်း၊ ငါဒေါသထွက်သွားမိတယ်၊ းပြောတာက ဖြစ်တတ်တဲ့သဘာဝကိုပြောတာပဲ၊ ဒါပေမယ့် ငါက အဖေ စိတ်ထားပြောင်းလိမ့်မယ်လို့မထင်ဘူး၊ ငါ့အဖေဟာ စီးပွား ်ပြီး အဖမ်းခံရတော့မယ့်အခြေအနေမျိုးမှာ သေပြီလို့ သတင်း င့်ပြီး ဇာတ်မြုပ်သွားခဲ့တယ်၊ ဒါကြောင့် ငါ့အဖေဟာ လောကကြီးနဲ့ ်ကွာသွားမယ်၊ သူ့ပြိုင်ဘက် ရွှေနဂါးအာမခံလုပ်ငန်းက စီးပွား ်လာတော့ မနာလိုဖြစ်ပြီး စီးပွားပျက်အောင် နှောင့်ယှက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလိမ့်မယ်၊ မင်းတို့အမြင်မှာတော့ ဒီအတိုင်းပဲရှိလိမ့်မယ်"

"ကျွန်မ တစ်ထစ်ချ မယူဆပါဘူး၊ ဖြစ်တတ်တဲ့ ယေဘုယျသဘောကိုပြောတာပါ"

"ငါကတော့ ငွါအဖေရဲ့စိတ်ဓာတ်ကိုယုံကြည်တယ်၊ နောက်ပြီး ပိုမဖြစ်နိုင်တဲ့အချက်ကတော့ ရွှေနဂါးသုံးယူပို့ဆောင်ရေး လုပ်ငန်းပိုင်ရှင်သူဌေးကြီးအန်ပေါင်ကျော်ဆိုတဲ့လူဟာ ငွါအဖေရဲ့အရင်းနှီးဆုံးမိတ်ဆွေဖြစ်နေတယ်၊ ဒီတော့ ... ကိုယ့်မိတ်ဆွေရင်းရဲ့အကျိုးစီးပွားကို ပျက်စီးရာပျက်စီးကြောင်းဖြစ်အောင် သူဘယ်တော့မှမလုပ်ပါဘူး"

မိန်စုပင်က ရှင်းပြလိုက်၏။

"ဒါဆိုရင် ဝတ်စုံနက်ဟာ ရှင့်အဖေ မဖြစ်နိုင်တော့ဘူးပေါ့နော်"

"အဲဒီလိုလဲ တစ်ထစ်ချမပြောနိုင်ဘူးပေါ့ဟာ၊ တစ်ခုတော့ရှိတယ်"

"ဘယ်လိုလဲ"

"အဲဒီ ဝတ်စုံနက်ကိုခြေရာခံမယ်၊ သူ ဘယ်သူဘယ်ဝါဆိုတာ တိတိကျကျသိအောင် စုံစမ်းမယ်"

တာလင်းက သဘောတူသည်။



"ဟုတ်တယ်၊ ရှင်ပြောတဲ့အစီအစဉ်ကောင်းတယ်၊ ဒါမှ တိတိကျကျသိရမှာ၊ သို့လော သို့လောဖြစ်နေရင် မကောင်းဘူး၊ အကယ်၍ ဟုတ်ခဲ့ရင် ရှင့်အတွက်အမြတ်ထွက်မယ်၊ မဟုတ်ခဲ့ရင်လဲ ရှင့်အတွက်တော့ အရှုံးမရှိပါဘူး"

"ဟုတ်တယ် ... သူကဖူချောင်မြို့အနီးအနားမှာပဲ ရွှေနဂါးကို တိုက်တာဆိုတော့ ဒီအနီးအနားတစ်ဝိုက်မှာပဲ ခြေရာခံရလိမ့်မယ်လို့ထင်တယ်၊ မကြာခင် သူ့အကြောင်း စုံစမ်းနိုင်မှာပါ"

မိန်စုပင်က အားတက်သရောပြောလိုက်၏။

တာလင်းကလည်း ခေါင်းညိတ်လိုက်လေ၏။

✿

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်ဇာတ်ကြောင်းပြန်

နံနက်အရုဏ်တက်စအချိန်ဖြစ်လေ၏။

နေရောင်ခြည်များသည် မပြူတပြူဖြစ်နေလေပြီ။

တောအုပ်ထဲရှိ လူသွားလမ်းကလေးတွင် လူသူကင်းရှင်းနေသည်။

သစ်ပင်ကြီးများပေါ်မှ အိပ်တန်းထစ ကျေးငှက်သာရက်တို့၏အသံသည် ဆူညံနေလေပြီ။

တောအုပ်တစ်ခုလုံး သာယာကြည်နူးဖွယ်ကောင်းသည့်အချိန်အခါသမယပင်ဖြစ်တော့သည်။

ထိုအချိန်တွင် တောအုပ်အလယ်ရှိ လူသွားလမ်းလေးတွင် လူတစ်ဦးသည် ခပ်မှန်မှန်လျှောက်နေ၏။

ထိုသူသည် တစ်ကိုယ်လုံး အနက်ရောင်ဝတ်စုံဝတ်ဆင်ထား၍ ခေါင်းစွပ်အနက်လည်း တပ်ဆင်ထားလေ၏။



သူ၏မျက်လုံးကိုသာမြင်ရပေမည်။

ထိုဝတ်စုံနက်ကား ရွှေနဂါးအာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့ကိုအနှောင့်အယှက်ပြုနေသည့် ဝတ်စုံနက်ပင်ဖြစ်တော့သည်။

သူသည် လမ်းလျှောက်ရင်း နောက်မှ တစ်စုံတစ်ယောက်လိုက်လာနေသည်ဟုသံသယရှိလာဟန်ဖြင့် နောက်သို့ လှည့်ကြည့်လှည့်ကြည့်လုပ်လာသည်။

သူ့နောက်၌ လူသူကင်းရှင်းနေသည်။

သစ်ပင်မြက်ပင်များသာရှိနေသည်။

သို့သော် သူသည် သံသယရှိနေသည်။

ထို့ကြောင့် .... လူသွားလမ်းအတိုင်းသွားနေရာမှ လက်ယာဘက်ရှိ ချုံပင်ကြီးများထဲသို့ ဖျတ်ခနဲခုန်ဝင်လိုက်တော့သည်။

သူထင်သည့်အတိုင်း နောက်မှလူနှစ်ယောက်ပါလာလေသည်။ ထိုနှစ်ယောက်ကား မိန်စုပင်နှင့်တာလင်းတို့ပင်တည်း။

"ဟာ .... ဒုက္ခပဲ၊ ဝတ်စုံနက်ပျောက်သွားပြီ တို့ ဘယ်လိုလုပ်ကြမလဲ"

ဝတ်စုံနက်နောက်မှ တကောက်ကောက်လိုက်ပါလာသော မိန်စုပင်နှင့်တာလင်းတို့မှာ မျက်လုံးပြူးမျက်ဆန်ပြူးဖြစ်နေကြ၏။

တာလင်းက ....

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်နေရင်းက ပျောက်သွားတယ်ဆိုတော့ လမ်းဘေးက သစ်ပင်တစ်ပင်ပင်ဆီမှာ ဝင်ကပ်တာပဲဖြစ်ရမယ်၊ မြေလျှိုးမိုးပျံတာတော့ မဖြစ်နိုင်ဘူး"

"ဟာ .... ဒါတော့မင်းပြောမှလား၊ သူဟာ လူပဲ၊ ဘယ်လိုလုပ် မြေလျှိုးမိုးပျံနိုင်မှာလဲ"

မိန့်စုပင်ကပြောလိုက်သည်။

တာလင်းဖော် .....

"အဲဒီနားတစ်ဝိုက်မှာ သူ့ကိုရှာရမယ်"

"သူ တမင်ဝင်ပုန်းတာ ဖြစ်ရမယ်၊ ငါတို့ နောက်ယောင်ခံပြီး လိုက်လာတာကို သိတဲ့သဘောပဲ"

"ဒါပေါ့ ..... ရှင်ပြောတာမှန်တယ်၊ သူ့နောက်ကို နောက်ယောင်ခံလိုက်တဲ့သူ ရှိတာကို မသိဘဲမနေဘူး"

"ငါတို့ ဘယ်လိုဆက်လုပ်ကြမလဲဟင်"

"ကျွန်မတို့ အဲဒီနေရာကိုသွားကြည့်ရုံပေါ့၊ ဘာလုပ်စရာရှိတာမှတ်လို့"

"ဟာ .... ဖြစ်ပါ့မလား"

"ဘာဖြစ်လို့ မဖြစ်ရမှာလဲ"

"ဒီလောက် ရဲရဲတင်းတင်းကြီးလုပ်လို့ မသင့်ဘူးနော်၊ ဝတ်



စုံနက်ဟာ ငါ့အဖေဖြစ်နေရင်တော့ ဘာမှကိစ္စမရှိဘူး၊ တခြားလူဖြစ်နေ မင်းနဲ့ငါ မလွယ်ဘူး၊ မင်းပညာနဲ့ သူ့ကို ဘယ်လိုမှယှဉ်နိုင်မှာမဟုတ်ဘူး"

သို့သော် .... တာလင်းကတော့ ထိုအတွက် မည်သို့မျှစိုးရိမ်ပူပန်ပုံမရပေ။

"ဘယ်တတ်နိုင်မလဲ၊ နောက်ဆုံး နှစ်ယောက်တစ်ယောက် တိုက်သင့်တိုက်ရမှာပေါ့"

တာလင်းက ကြောက်ရွံ့ဟန်မပြသဖြင့် မိန့်စုပင်မှာ ဝတ်စုံနက်အား သွားရှာရန်ဆုံးဖြတ်လိုက်လေ၏။

"အေး .... မင်းတောင်မှသွားရဲမှ ငါကဘာဖြစ်လို့မသွားရဲရမှာလဲ၊ သွားရင် သတိဝီရိယတော့ထားရမယ်"

"စိတ်ချပါ၊ ကျွန်မသတိရှိပါတယ်"

ထို့နောက် သူတို့နှစ်ယောက်သည် ဝတ်စုံနက်ပျောက်ကွယ်သွားသည့်ချုံပုတ်ကြီးအနီးသို့ ရောက်ရှိသွားကြလေ၏။

သူတို့သည် စေ့စေ့စပ်စပ်ပင် ရှာကြသည်။

ချုံပုတ်များထဲ ရှာသည်။ မတွေ့ကြချေ။

မိန့်စုပင်နှင့်တာလင်း တို့သည် ဝတ်စုံနက်ပျောက်သွားပုံမှာ ဆန်းကြယ်သည်ဟုတွေးနေကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်သည် ထိုနေရာတစ်ဝိုက်၌ တဝဲဝဲတလည်လည်ရှာနေကြခိုက် ဝတ်စုံနက်သည် သစ်ပင်ပေါ်မှ ခုန်ဆင်းလာလေတော့၏။

မိန်စုပင် ရင်ထိတ်သွား၏။

ဝတ်စုံနက်သည် ခါးထောက်၍ သူတို့နှစ်ယောက်အား ရပ်ကြည့်နေလေ၏။

"မင်းတို့ဘယ်သူတွေလဲ၊ ငါ့နောက်ကို ဘာကြောင့် နောက်ယောင်ခံလိုက်နေကြတာလဲ"

ဝတ်စုံနက်၏လေသံသည် ခပ်သြသြဖြစ်နေလေ၏။

နဂိုအသံမပေါ်အောင် တမင်အသံဖျက်ပြောမှန်းသိသာလေသည်။ မိန်စုပင်သည် ဝတ်စုံနက်၏လေသံကို နားထောင်ပြီး လူပုံပုံဟန်ကို အနည်းငယ် ဂရုစိုက်ကြည့်မိသည်နှင့် မိန်ဝူးချုန်မဟုတ်နိုင်ကြောင်း သိသွားသည်။

အမိကအချက်မှာ ..... ဝတ်စုံနက်သည် ပုနေသောကြောင့်ပင်တည်း။

သူ့ဖခင်မိန်ဝူးချုန်လောက် အရပ်မြင့်မားခြင်းမရှိချေ။

မိန်ဝူးချုန်သည် ယောကျ်ားထဲတွင် အတော်အရပ်မြင့်မားသည်ဟု ပြောရမည့်လူမျိုးဖြစ်သည်။



တာလင်းက .....

"ကျွန်မတို့ ဘယ်သူဘယ်ဝါဆိုတာ အရေးမကြီးပါဘူး၊ ရှင်ဘယ်သူဘယ်ဝါဆိုတာ ကျွန်မတို့သိဖို့အရေးကြီးပါတယ်"

ဝတ်စုံနက်သည် သူ့အားပြန်လည်မေးခွန်းထုတ်နေသော တာလင်းအား အံ့အားသင့်စွာကြည့်လိုက်လေ၏။

"မင်းတို့က အလာကြီးပဲကိုး၊ မင်းတို့ကတောင် ပြန်ပြီးမေးခွန်းထုတ်နေကြသေးတယ်၊ ဘာလဲ ..... မင်းတို့က ရွှေနဂါးအာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့ကလူတွေလား၊ ဒါမှမဟုတ်ရင် အန်ပေါင်ကျောက်ကငှားထားတဲ့ ကြေးစားစားသမားတွေလား"

တာလင်းက ခေါင်းခါယမ်းလိုက်သည်။

"ကျွန်မတို့က ရွှေနဂါးအဖွဲ့ကလူတွေလဲ မဟုတ်ဘူး၊ အန်ပေါင်ကျောက်ကငှားရမ်းထားတဲ့ ကြေးစားစားသမားတွေလဲ မဟုတ်ပါဘူး"

"ဒါဖြင့် မင်းတို့ကဘယ်သူတွေလဲ"

"ကျွန်မတို့ လူမှားပြီးနောက်ယောင်ခံလိုက်မိတာပါ"

"ငါ့ကိုဘယ်သူထင်နေလို့လဲ"

"ရှင့်က သူ့အဖေမိန်ဝူးချုန်မဟုတ်ဘူးဟုတ်လား"

ဝတ်စုံနက်သည် အားပါးတရရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်သောအခါ အသံကိုထိန်း၍မရတော့ချေ။

ထိုအခါ .... ဝတ်စုံနက်သည် မိန်းမတစ်ယောက်ဖြစ်ကြောင်း မိန်စုပင်နှင့်တာလင်းတို့ သိခွင့်ရသွားလေ၏။

"သြော် ..... ရှင်ကအမျိုးသမီးကိုး"

"ဟုတ်တယ်၊ ဒါဆို မင်းတို့ပြောတဲ့မိန်ဝူးချန်မဟုတ်ဘူးဆိုတာ ရှင်းသွားပြီပေါ့"

"ရှင်းသွားပါပြီ .... ကျွန်တော့်အဖေမိန်ဝူးချန် မဟုတ်တော့ ခင်ဗျားနောက်ကို ဆက်လိုက်ဖို့မလိုတော့ပါဘူး၊ ကျွန်တော်တို့တွေကြောင့် ခင်ဗျားအနှောင့်အယှက်ဖြစ်သွားတယ်ဆိုရင် .... ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော်တို့ကိုခွင့်လွှတ်ပါ၊ ကဲ .... တာလင်း ငါတို့သွားကြရအောင်"

မိန်စုပင်က ဝတ်စုံနက်ကိုစိတ်မချပေ။

သူတို့ ဝတ်စုံနက်နောက်သို့နောက်ယောင်ခံလိုက်လာခြင်းကို ဝတ်စုံနက်စိတ်တွင် ကြည်သာခြင်းရှိမရှိကို မသိသေးပေ။

ဝတ်စုံနက်က ရန်ပြုချင်ပြုနိုင်သည်။

ထို့ကြောင့် တာလင်းကိုခေါ်ပြီး ထိုနေရာမှ အမြန်ဆုံးထွက်ခွာသွားလိုသည်။

သို့သော် သွားခွင့်မရကြပါချေ။



"အို ..... နေကြပါဦး၊ မင်းတို့လိုက်ရှာနေတဲ့သူ မဟုတ်တာနဲ့ပဲ စိတ်ပျက်သွားကြပြီလား၊ ငါ ဘယ်သူဘယ်ဝါဆိုတာကော သိချင်စိတ်မရှိကြဘူးလား"

မိန်စုပင်ကတော့ စပ်စုလိုစိတ်မရှိပေ။

ဝတ်စုံနက်နှင့်ဝေးရာကိုသာသွားချင်နေ၏။

သို့သော် တာလင်းကတော့ မသွားချင်ပေ။

မိန်းကလေးပီပီ စပ်စုလို့နေသည်။

"ရှင်ကပြောဖို့ ဆန္ဒရှိနေတယ်ဆိုရင်တော့ ကျွန်မတို့က နားထောင်ဖို့ဝန်မလေးပါဘူး"

"ဒါဆို အေးအေးဆေးဆေးပြောလို့ ရတဲ့နေရာကို သွားကြရအောင်"

"သွားလေ ..... ကျွန်မတို့လိုက်ခဲ့ပါ့မယ်"

"ဒါဖြင့် သွားမယ်၊ သွားမယ့်နေရာက နည်းနည်းတော့ ဝေးတယ်နော်၊ မင်းတို့ သည်းခံပြီးလိုက်ကြရမယ်"

တာလင်းကတော့ မငြင်းပေ။

"ရပါတယ် .... လမ်းလျှောက်ရတာလောက်တော့ ကျွန်မတို့အတွက် အထူးအဆန်းမဟုတ်တော့ပါဘူး ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့က လမ်းချည်းလျှောက်နေတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



မိန်စုပင် စိတ်ညစ်နေသည်။

သူက ဤနေရာမှထွက်သွားချင်နေသည်။ တာလင်းကတော့ ထိုဝတ်စုံနက်မိန်းမနောက်သို့ လိုက်ချင်နေသည်။

တာလင်းတစ်ယောက်တည်းသွားလျှင် အန္တရာယ်ရောက်မည်စိုးသဖြင့် သူပါလိုက်ရတော့သည်။

နည်းနည်းတော့ ဝေးတယ်နော်ဟု ကြိုတင်အသိပေးထားသည်မှာမမှားပေ။

ဝတ်စုံနက်၏စကားသည် အပိုစကားမဟုတ်ကြောင်း မိန်စုပင်နှင့်တာလင်းတို့ အလွန်ဝေးသောခရီးကိုလျှောက်နေရခြင်းက သက်သေခံနေပေသည်။

တောအုပ်အစမှအဆုံးလိုလိုလမ်းလျှောက်ရသဖြင့် မိန်စုပင်အဖို့ လွန်စွာပင်ပန်းလှသည်။

ဝတ်စုံနက်နှင့်တာလင်းအဖို့မူ သိပ်ပင်ပန်းမည်မဟုတ်ပေ။

အချိန်အတော်ကြာလျှောက်ပြီးသောအခါ ဝတ်စုံနက်အမျိုးသမီး၏တဲအိမ်သို့ရောက်သွားလေ၏။ ထိုနေရာမှာ အလွန်သာယာလှသည်။ နေ့ချင်စဖွယ်ရှိသည်။ သစ်ပင်မြက်ပင်များ ရှင်းလင်းထားသောနေရာတွင် ဝတ်စုံနက်အမျိုးသမီး၏တဲအိမ်ရှိနေလေသည်။

ထိုတဲအိမ်နှင့်မလှမ်းမကမ်းတွင် စမ်းချောင်းတစ်ခုရှိသည်။



အရွယ်အစားအမျိုးမျိုး ကျောက်တုံးများလည်းရှိသည်။

"ကဲ .... လာကြ၊ ဒီကျောက်တုံးတွေပေါ်မှာပဲထိုင်ကြ၊ အိမ်ထဲမှာဆိုရင် သဘာဝအလှတွေကို မင်းတို့ခံစားရမှာမဟုတ်ဘူး"

ဝတ်စုံနက်အမျိုးသမီးက ကျောက်တုံးကြီးတစ်တုံးပေါ်ထိုင်ရင်း မိန်စုပင်နှင့်တာလင်းတို့ထိုင်ရန် ကျောက်တုံးများကိုညွှန်ပြလိုက်သည်။

မိန်စုပင်နှင့်တာလင်းတို့သည် ဝတ်စုံနက်ညွှန်ပြလိုက်သည့် ကျောက်တုံးများပေါ်၌ဝင်ထိုင်လိုက်ကြသည်။

"မင်းတို့ကို ငါ့အကြောင်းပြောမပြခင် ငါ့မျက်နှာကို အလျင်ပြရဦးမယ်"

ပြောပြောဆိုဆိုပင် ဝတ်စုံနက်သည် သူ့ခေါင်းပေါ်စွပ်ထားသည့်ခေါင်းစွပ်အနက်ကြီးကို ရုတ်တရက်ဆွဲချွတ်လိုက်၏။

"ဟင် ....."

"ဟာ ....."

မိန်စုပင်နှင့် တာလင်းတို့၏နှုတ်မှ အာမေဋိတ်သံများ ဖြိုင်သိုလိုပင်ထွက်သွားကြ၏။ တာလင်းမဆိုထားနှင့် ယောက်ျားချေသောမိန်စုပင်၏ရင်ထဲတွင်ပင် ထိတ်ခနဲဖြစ်သွားရလေ၏။

အဘယ်ကြောင့်ဆိုသော် ....

www.burmeseclassic.com

www.burmeseclassic.com



ဝတ်စုံနက်၏မျက်နှာတွင် ကြီးမား သောဒဏ်ရာဒဏ်ချက်များ ကြောက်မက်စဖွယ် ရှိနေသောကြောင့်တည်း။

ဝတ်စုံနက်မှာ အသက်ငါးဆယ်အရွယ်မျှရှိလေသည်။

"မင်းတို့ ငါ့ရုပ်ရည်ကိုကြည့်ပြီး ထိတ်လန့်သွားကြတယ် ... ဟုတ်လား"

အမျိုးသမီးကြီးက နာကြည်းပြုံးပြုံးသည်။ မိန်စုပင်မှာ သူ... ဣန္ဒြေမဆောင်နိုင်သဖြင့် အားနာသွားသည်။

"မဟုတ်ပါဘူးဒေါ်ဒေါ်၊ ရုတ်တရက်မို့ အံ့အားသင့်သွား... တာပါ၊ ဒေါ်ဒေါ့်မျက်နှာက ဒဏ်ရာတွေက တော်တော့်ကို များတာ... နော်"

မိန်စုပင်က ခပ်အေးအေးပြောလိုက်သည်။

ထိုအခါ ဝတ်စုံနက်ကအံကြိတ်၍ပြောလိုက်သည်။

"ဟုတ်တယ်၊ ငါ့မျက်နှာကို ဒီလိုရုပ်ပျက်ဆင်းပျက်ဖြစ်သွား... အောင် ဒဏ်ရာတွေရလာအောင် လုပ်ခဲ့တဲ့သူတွေကတော့ တခြား... မဟုတ်ပါဘူး၊ အခုခု ရွှေနဂါးအာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့... သူဌေးကြီးအန်ပေါင်ကျောက်ပဲ"

မိန်စုပင်က ......

"ဪ .... ဒါဆို ကျွန်တော်သိပြီ၊ ဒါကြောင့် ဒေါ်ဒေါ်...



...ကို ကလဲ့စားချေတဲ့အနေနဲ့ ပြန်ဒုက္ခပေးနေတာပေါ့နော်"

ဝတ်စုံနက်ကခေါင်းညိတ်ပြလေ၏။

သူမ၏ကြောက်မက်ဖွယ်ရာမျက်နှာ၌ ဆွေးမြည့်နာကြည်း...န်များ အထင်းသားပေါ်လွင်နေပေသည်။

တာလင်းက .....

"ဒီအဖြစ်အပျက်တွေကို ကျွန်မတို့သိအောင် ပြောပြပါလား ...ဒေါ်"

တာလင်းက သိချင်စိတ်ပြင်းပြနေသဖြင့် ပြောကြားရန် ...ဆော်လိုက်သည်။

"စိတ်ချပါ ... မင်းတို့ကို ဒီကိုခေါ်လာခဲ့တာ ငါ့အကြောင်းကို ...ပြချင်လို့ပဲ၊ ဒီအဖြစ်အပျက်တွေဟာ ကြာတော့ကြာခဲ့ပါပြီ၊ လွန်ခဲ့ ...စ်နှစ်ဆယ်လောက်ကပေါ့"

ဝတ်စုံနက်အမျိုးသမီးကြီး၏စိတ်သည် လွန်ခဲ့သောအနှစ် ...ယ်ဆီသို့ ပြန်သွားလေတော့၏။

✿

www.burmeseclassic.com

www.burmeseclassic.com



ပန်းကမ္ဘာတောင် ....

ပန်းကမ္ဘာတောင်သည် ယန်စီပြည်နယ်အတွင်းရှိသော [illegible] တောင်ဖြစ်သည်။

တောင်သည် ပြေပြစ်သည်။ မြို့ရွာများနှင့် အလှမ်းဝေးသော [illegible] ဖြင့် တောင်ပြေပြစ်သော်လည်း လူသူအရောက်အပေါက်မရှိလှ [illegible]

သို့သော် .... ပန်းကမ္ဘာတောင်ဟုဆိုလိုက်လျှင် မသိသူ [illegible] သလောက်ပင် နာမည်ကျော်ကြားပေသည်။

အဘယ်ကြောင့် ဤသို့ ကျော်ကြားပါသနည်း။

ပန်းကမ္ဘာတောင်သည် ထူးခြားချက်နှစ်ခုရှိနေသောကြော [illegible] ဖြစ်သည်။ ပထမထူးခြားချက်မှာ တစ်တောင်လုံး ရောင်စုံပန်း [illegible] ဖူးပွင့်နေခြင်းပင်တည်း။

တောင်ခြေမှစ၍ တောင်ဘက်လမ်းတစ်လျှောက် ပန်း [illegible] အနှံ့အပြားဖူးပွင့်ဝေဆာ ပွင့်လန်းနေကြသည်။

ပန်းများမှာ အရောင်အသွေးစုံလင်လှသည်။ ပန်းမျိုး [illegible] ၏။ ထို့ကြောင့် ပန်းကမ္ဘာတောင်ဟုခေါ်ဆိုနေခြင်းဖြစ်တော့သည်။

ဒုတိယထူးခြားချက်မှာ ထိုတောင်ပေါ်တွင် သိုင်းလော [illegible] ထိပ်သီးခြောက်ဦးထဲမှတစ်ဦးအပါအဝင်ဖြစ်သည့် ဒေဝီတင် [illegible] သော ပန်းနတ်သမီးလီပိုးနေထိုင်နေသောအချက်ပင်ဖြစ်သည်။



ထိုထူးခြားချက်နှစ်ရပ်ကြောင့် ပန်းကမ္ဘာတောင်သည် သိုင်း [illegible]ာကထဲတွင်သာမက သာမန်ပြည်သူများအကြားတွင်ပါ ကျော် [illegible]းထင်ရှားလျက်ရှိခြင်းဖြစ်သည်။

ပန်းကမ္ဘာတောင်တွင်နေထိုင်သော ပန်းနတ်သမီးလီပိုးနှင့် [illegible] တပည့်နှစ်ယောက်ပါနေထိုင်ကြသည်။

သူတို့သည် ပန်းနတ်သမီးလီပိုးထံမှ သိုင်းပညာများသင်ယူ [illegible]ရှိကြသည်။

ထိုတပည့်နှစ်ယောက်အနက် တစ်ယောက်မှာ မိန်းမချော [illegible]ပန်းဖေးယန်စီပန်ဆိုသည့်မိန်းကလေးနှင့် နောက်တစ်ယောက် [illegible]သားချောမောသော အန်ပေါင်ကျောက်ဆိုသည့်လူရွယ်ပင်ဖြစ် [illegible] နှစ်ယောက်စလုံး အသက်နှစ်ဆယ့်ငါးနှစ်ပတ်ဝန်းကျင်မျှသာ [illegible]သည်။

ထိုနှစ်ယောက်သည် ချစ်သူများဖြစ်ကြသည်။

တစ်ဦးနှင့်တစ်ဦး မြတ်မြတ်နိုးနိုးရှိကြသည်။

သူတို့ချစ်ခင်စုံမက်နေသည်ကို ပန်းနတ်သမီးလီပိုးသိသော် [illegible] လုံးဝဟန့်တားကန့်ကွက်ခြင်းမရှိပေ။

တပည့်နှစ်ယောက်ကို သဘောတူထားသည်။ အချစ်ဆုံး [illegible]များဖြစ်၍ ဤသို့ချစ်ခင်စုံမက်ကြသည်ကို ပို၍သဘောကျ၏။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာစုံလင်၍ သူ့ထံမှခွဲခွာသွားမည့်အခါမှ သူတ
နှစ်ယောက်ကို လက်ထပ်ပေးမည်ဟုရည်မှန်းထားသည်။

အန်ပေါင်ကျောက်၏တိုက်ခိုက်မှုမှာ မည်သို့မျှ မထူးခြ
သော်လည်း ယန်စီပန်၏တိုက်ခိုက်မှုကတော့ ထူးခြားသည်။

လေယူရာယိမ်းသည့်ပန်းပွင့်နှယ် ဖျော့ပျောင်းယိမ်းနွဲ့တို
ခိုက်နိုင်သဖြင့် ယန်စီပန်ကို ပန်းဓားဟူ၍ သူ့ဆရာလီပိုးကဘွဲ့အမည
ပေးထားလေသည်။

ပန်းကမ္ဘာတောင်ထိပ်မှာ အတော်အတန်ကျယ်ပြန့်သည်

မြေပြင်မှာလည်း ညီညာပြန့်ပြူးသည်။ ထိုတောင်ထိပ်
အဆောက်အအုံတစ်ခုသာရှိ၍ ဆရာတပည့်သုံးယောက်နေထိုင်
သည်။ သူတို့သိုင်းလေ့ကျင့်ရာနေရာကွက်လပ်မှတပါး ကျန်မြေ
တစ်ခုလုံး ပန်းပင်များသာပေါက်ရောက်နေသည်။

ဤသည်မှာ ပန်းကမ္ဘာတောင်၏ထူးခြားချက်ပင်ဖြစ်သ
ပန်းဓားယန်စီပန်နှင့် အန်ပေါင်ကျောက်တို့သည် နံနက်စောစော
ထ၍ သိုင်းပညာလေ့ကျင့်လေ့ရှိသည်။

ယနေ့တွင်လည်း နံနက်စောစောထ၍ သိုင်းပညာလေ့ကျ
နေသည်။ သူတို့လက်ထဲမှ ကိုင်ထားသောဓားများသည် နံနက်
နေရောင်ခြည်အောက်၌ တလက်လက်တောက်ပနေကြသည်။



ထိုစဉ် .... တဲထဲမှ ပန်းနတ်သမီးလီပိုးထွက်လာပြီး သူတို့၏
လှုပ်ရှားတိုက်ခိုက်ပုံကိုကြည့်ရှုလေ၏။

တပည့်နှစ်ဦး၏တိုက်ခိုက်ပုံ စနစ်ကျလှသဖြင့် .... နတ်သမီး
လီပိုးပြုံးသည်။ ခေါင်းတဆတ်ဆတ်ညိတ်သည်။

ယန်စီပန်နှင့် အန်ပေါင်ကျောက်တို့သည် ဆရာသမားလာ
သည်ကိုသိသောအခါ သိုင်းပညာလေ့ကျင့်ခြင်းကိုရပ်ဆိုင်းပြီး ဦးညွှတ်
ါရဝပြုလိုက်လေ၏။

ပန်းနတ်သမီးလီပိုးကလည်း ပြန်၍ဦးညွှတ်လေ၏။

"မင်းတို့နှစ်ယောက်ကစားနေတာကို ငါကြည့်တယ်၊ မင်းတို့
ာ ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသလို လှလှပပသေသေ
သပ်သပ် ကစားနိုင်ကြပါတယ်၊ ဒါပေမယ့် မင်းတို့နှစ်ယောက် ကစား
ည်း ကစားဟန်က ကွာခြားတယ်၊ အန်ပေါင်ကျောက်က ကစား
ည်း ကစားဟန် နည်းနည်းမာတယ်၊ ယန်စီပန်ကတော့ ကစားဟန်
ျော့ပျောင်းတယ်၊ ယန်စီပန် ကစားဟန်က ပန်းခိုင်ကလေးကို လေ
ိုက်လို့ ယိမ်းနွဲ့နေတာနဲ့တူတယ်၊ ဒါကြောင့် ငါကသူ့ကိုပန်းဓားဆိုတဲ့
ကိုပေးတာပဲ"

ပန်းဓားယန်စီပန်မှာ လွန်စွာဝမ်းမြောက်နေလေသည်။ သူ
ဆရာမနှုတ်မှ ထုတ်ဖော်ချီးကျူးနေသည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်မ ခုလိုထူးချွန်ထက်မြက်တာကလဲ ဆရာ့ ကျေးဇူးကြောင့်ပါ"

"အေးလေ .... ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ... မင်းကိုယ်တိုင် ကြိုးကြိုးစားစားသင်ပါမှ ဒီလိုအောင်မြင်နိုင်တာ၊ အခု မင်းတို့ကိုသင် ပေးနေတာ သင်ရိုးကုန်သလောက်ရှိသွားပြီ၊ ဆုံးခန်းတိုင်သလောက် ရှိသွားပြီပေါ့ကွယ်"

"ဟုတ်ပါတယ်ဆရာ"

"မင်းတို့ ဒီနေရာကခွဲခွာရတော့မယ်"

ပန်းဓားယန်စီပန်မှာ ခပ်လေးလေးခေါင်းညိတ်ပြလိုက်၏။ ပညာစုံပြီဖြစ်၍ ဆရာမနှင့်အတူ နေလာသော်လည်း ယခုတော့ ခွဲခွာ ကြရတော့မည်။

"မင်းတို့ ဘယ်တော့လောက်သွားကြမလဲ"

အန်ပေါင်ကျောက်က .....

"ဒီလကုန်လောက် သွားကြမလားလို့ စိတ်ကူးထားပါတယ် ဆရာမ"

"အေးလေ .... ငါလဲ ဒီလိုပဲထင်ထားမိပါတယ်၊ ကဲ.... မင်းတို့ နှစ်ယောက်ဟာ ငါ့တပည့်ရင်းတွေဖြစ်တဲ့အတွက် မင်းတို့နှစ်ယောက် ကို ငါကိုယ်တိုင်လက်ထပ်ပေးလိုက်မယ်"



ပန်းဓားယန်စီပန်နှင့်အန်ပေါင်ကျောက်တို့သည် တစ်ဦး မျက်နှာတစ်ဦး ကြည့်လိုက်ကြသည်။

သူတို့ အံ့ဩဝမ်းသာသွားကြသည်။ ဤသည်ကိုရိပ်စားမိ သော ပန်းနတ်သမီးလီပိုးက သဘောကျပြီး ပြုံးလိုက်လေသည်။

"ငါက ပထမတော့ ခွဲခွာတဲ့နေ့ကျမှလက်ထပ်ပေးမလို့ပါ၊ ခုတော့ စိတ်ပြောင်းသွားပြီ၊ အခုပဲလက်ထပ်ပေးဖို့ ဆုံးဖြတ်လိုက် တယ်၊ ယန်စီပန် .... နှင့်လက်ပေးစမ်း၊ အန်ပေါင်ကျောက် လက်ပေး စမ်း"

ပန်းနတ်သမီးလီပိုးသည် လက်နှစ်ဖက်ကိုဆွဲယူကာ လက် ထပ်ပေးလိုက်သည်။

"မင်းတို့ဟာ ခုအချိန်ကစပြီး အကြင်လင်မယားအဖြစ်ကို ရောက်သွားပြီ"

ယန်စီပန်မှာ မိန်းကလေးဖြစ်၍ ရှက်စိတ်လွှမ်းကာ ခေါင်း ငုံ့နေသည်။ အန်ပေါင်ကျောက်မှာလည်း ဝမ်းသာနေသည်။

သူတို့နှစ်ဦးစလုံး စိတ်လှုပ်ရှားလျက်ရှိကြတော့သည်။

အဖြစ်အပျက်မှာ သူတို့အတွက် အိပ်မက်ဆန်ဆန်ဖြစ်နေ သည်မဟုတ်ပါလား။

စောစောက ချစ်သူဘဝမှာပင်ရှိသေး၏။

www.burmeseclassic.com

www.burmeseclassic.com



မတို့ရက် မထိရက်သောချစ်သူများဘဝမှ တစ်ဦးကိုတစ်ဦး ပိုင်ဆိုင်ကြသည့်အကြင်လင်မယားဘဝသို့ ခုန်တက်ရောက်ရှိသွားခြင်းကို သူတို့ မယုံနိုင်အောင်ဖြစ်နေကြရသည်။

သူတို့၏လက်ထပ်ပွဲကား ရိုးရှင်းလှ၏။

မည်သည့်ပကာသနအဆောင်အယောင်မျှ မပါချေ။

တက်ရောက်မည့်သူလည်း တစ်ဦးတစ်ယောက်မျှမရှိချေ။

လူသူကင်းရှင်းသောတောင်ထိပ်တစ်ခုပေါ်တွင် သက်ရှိလူသားသုံးဦးနှင့် လက်ထပ်မင်္ဂလာပွဲကျင်းပခြင်းမှာ ထူးခြားလှ၏။

သို့သော် ပီတိကား လုံးဝမလျော့ချေ။

လက်ထပ်ပေးသူမှာလည်း ပီတိဖြစ်နေ၏။

လက်ထပ်သူလုလင်နှင့်လုံမပျိုတို့မှာလည်း ပီတိဖြစ်နေ၏။

ဤသည်မှာ .... လုလင်နှင့်လုံမပျိုတို့၏ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းပြီး ချစ်ခင်စုံမက်မြတ်နိုးကြသောကြောင့်ဖြစ်ပေသည်။

ကိုယ်ကျင့်သိက္ခာမစောင့်စည်းလျှင် ဤသို့ပီတိဖြစ်ရန် အကြောင်းမရှိပေ။

ယခုတော့ အားလုံးစိတ်လှုပ်ရှားနေကြရသည်။

သူတို့ပတ်လည်၌ ရှိနေသူများမှာ သက်ရှိလူသား မဟုတ်ကြပေ။ ရောင်စုံပန်းပွင့်များသာလျှင်ဖြစ်ကြပေသည်။



ပန်းကမ္ဘာတောင်၏ ဤမင်္ဂလာပွဲ၌ သက်သေအရာတည်သူကား ရောင်စုံပန်းပွင့်ကလေးများသာတည်း။

ပန်းနတ်သမီးလီပိုးသည် ယန်စီပန်နှင့်အန်ပေါင်ကျောက်တို့၏လက်ကိုအုပ်ကိုင်လျက် ဆုံးမစကားပြောကြားလေ၏။

"ကဲ .... မင်းတို့ကိုငါ လက်ထပ်ပေးလိုက်ပြီ၊ မင်းတို့ကို ဆုံးမစကားတွေ ရှည်ရှည်ဝေးဝေးပြောရင်ရတယ်၊ ဒါပေမယ့် မပြောတော့ပါဘူး၊ အမိက စကားတစ်ခွန်းပဲပြောချင်ပါတယ်"

လီပိုးက ယန်စီပန်နှင့် အန်ပေါင်ကျောက်တို့ကို ကြည့်လိုက်ပြီး ဆက်ပြောလေ၏။

"အဲဒါကတော့ မင်းတို့ ဘယ်အခြေအနေမျိုးကိုပဲ ရောက်ရောက် တစ်ယောက်အပေါ်တစ်ယောက် သစ္စာမဖောက်ကြဖို့ပဲ၊ တစ်သက်လုံး တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိရှိပေါင်းသွားကြဖို့ပဲ၊ ကြားရဲ့လား"

"ဟုတ်ကဲ့ပါ ဆရာမ"

ပန်းနတ်သမီးလီပိုး၏စကားအဆုံးတွင် ယန်စီပန်နှင့် အန်ပေါင်ကျောက်တို့နှစ်ဦးစလုံးက ပြုံးပြုံးတွေဝေနစ်ခဲလိုက်ကြတော့သည်။

❀

www.burmeseclassic.com

www.burmeseclassic.com



## သတင်းနှုတ်ပိတ်လိုသူ

အန်ပေါင်ကျောက်နှင့်ယန်စီပန်တို့သည် ရှန်စီးနယ်ထဲရှိဖုလွန်ဆိုသောရွာကလေး၌ အခြေချနေထိုင်ခဲ့လေသည်။

သူတို့သည် ပန်းကမ္ဘာတောင်မှ ထွက်လာခဲ့ပြီးနောက် မည်သည့်ရွာ၌ အခြေချနေထိုင်မည်ကိုတိုင်ပင်ခဲ့ကြသည်။

သူတို့အတွက် ဖုလွန်ရွာသည် အသင့်လျော်ဆုံးဖြစ်ကြောင်း တွေ့ရှိကြရသဖြင့် ဖုလွန်ရွာ၌နေထိုင်ဖို့ ဆုံးဖြတ်ခဲ့ကြတော့သည်။

ဖုလွန်ရွာမှာ ဖူချောင်မြို့နှင့်ကျိန်းလီမြို့အကြားတွင် တည်ရှိသောရွာကလေးတစ်ရွာမျှသာဖြစ်သည်။

ထိုရွာတွင် နေထိုင်ကြရင်း သူတို့လင်မယားနှစ်ယောက်၏ အသက်မွေးရေးအတွက် အန်ပေါင်ကျောက်သည် အလုပ်လိုက်လံ ရှာဖွေသော်၏



သူသည် သိုင်းပညာကိုသာတတ်သည့်အလျောက် သိုင်းပညာနှင့်ပတ်သက်သည့်လုပ်ငန်းများကို ရွေးချယ်ရှာဖွေခဲ့သည်။

ဤသို့ဖြင့် ဖူချောင်မြို့ ရွှေနဂါးအာမခံဌာန၌ အလုပ်ရရှိသွားသည်။ အာမခံသယ်ယူပို့ဆောင်ရေးလုပ်ငန်းသည် လာရောက်လုယက်တိုက်ခိုက်သူများကိုခုခံကာကွယ်ရန်အတွက် ....

သိုင်းပညာရှင် ကောင်းကောင်းလိုအပ်သောလုပ်ငန်းမျိုးဖြစ်ရာ အန်ပေါင်ကျောက်ရောက်ရှိသွားသောအခါ

ရွှေနဂါးလုပ်ငန်းပိုင်ရှင်က ဝမ်းသာအားရပင် ကြိုဆိုလက်ခံလေသည်။

သိုင်းပညာထူးချွန်သော အန်ပေါင်ကျောက်ကို ရွှေနဂါးအာမခံသယ်ယူပို့ဆောင်ရေး' လုပ်ငန်းပိုင်ရှင်က အထူးအခွင့်အရေးများ ပေးသည်။

ဤတွင် .... သူဌေးသမီးစူအန်နှင့် အန်ပေါင်ကျောက်တို့၏ ဇာတ်လမ်းစခဲ့ရခြင်းဖြစ်တော့သည်။

ရွှေနဂါးအာမခံသယ်ယူပို့ဆောင်ရေး လုပ်ငန်းပိုင်ရှင် သူဌေးကြီး၏ တစ်ဦးတည်းသောသမီးသည် ရုပ်ရည်ချောမောလှ၏။

သူမအနေဖြင့် အခြားအခြားသော ယောကျ်ားသားကလေးများကို စိတ်ဝင်စားသင့်သော်လည်း သူမ စိတ်မဝင်စားခဲ့ပေ။

www.burmeseclassic.com



သူမ စိတ်ဝင်စားခဲ့သူမှာ အန်ပေါင်ကျောက်ဖြစ်လေ၏။

သူမသည် သိုင်းပညာထက်မြက်သော အန်ပေါင်ကျောက်ကို စိတ်ဝင်စားသည်။

အထင်ကြီးခြင်းမှလေးစားခြင်းသို့ကူးပြောင်းကာ ....

နောက်ဆုံးတွင် မြတ်နိုးတွယ်တာမိသည့် အဖြစ်သို့ရောက်ရှိသွားလေ၏။

ထို့အတူ အန်ပေါင်ကျောက်မှာလည်း အိုချင်းထားအိုးချင်းထိ ကြိုးချင်းထားကြိုးချင်းငြိ ဆိုသကဲ့သို့ နေ့စဉ်မြင်တွေ့ဖန်များသောအခါ စိတ်ထဲတွင် တွယ်တာမိသလိုဖြစ်လာတော့သည်။

လှပသောစူအန်၏မျက်နှာကလေးကို အမြဲမြင်ချင်လာပြီး စူအန်၏သာယာသောအသံကလေးကိုလည်း နေ့စဉ်ကြားချင်သလိုဖြစ်လာလေ၏။

သို့ဖြစ်နိုး ပန်းစားယန်စီပန်၏အလှကကော .....

ယန်စီပန်လည်းလှပါသည်။

ယန်စီပန်၏အလှသည် စူအန်ထက်မသာရင်သာရှိမည်။

လျော့မည်တော့မဟုတ်ပေ။

အန်ပေါင်ကျောက်အဖို့ လွန်ဆွဲရလေတော့၏။

တစ်ဖက်ကယန်စီပန်၊ တစ်ဖက်ကစူအန်။



ညှိနေရာ၌ တိုးတက်ကြီးပွားလိုသောအန်ပေါင်ကျောက်၏စိတ်က အဆုံးအဖြတ်ပေးသွားသည်။

သူ၏ ကြီးပွားတိုးတက်လိုခြင်းမှာ တစ်ဆင့်ချင်းတစ်ဆင့်ချင်းမဟုတ်ပေ။ ဖြတ်လမ်းမှ တိုးတက်ကြီးပွားလိုခြင်းဖြစ်သည်။

သူသည် တစ်ဦးတည်းသောသမီးဖြစ်သောစူအန်ကို လက်ထပ်ယူမည်။ အလုပ်သမားဘဝမှ နေ့ချင်းညချင်း သူဌေးသားမက်ဘဝသို့ ရောက်သွားနိုင်သည်။

ယန်စီပန်ကတော့ ဘာမျှမရှိ။

သူမနှင့်သာလက်တွဲသွားလျှင် ဆင်းရဲတွင်းထဲမှ တက်စရာအကြောင်းမရှိပေ။

စူအန်ကိုလက်ထပ်လိုက်လျှင် သူဌေးကြီး၏အရိုက်အရာကို ဆက်ခံနိုင်မည်။ သူမှလွဲ၍ အခြားအမွေစားအမွေခံတစ်ယောက်မျှမရှိ။ အန်ပေါင်ကျောက်သည် အထပ်ထပ်အခါခါစဉ်းစားတွေးတောပြီး နှလုံးသားဖြင့် မဆုံးဖြတ်ဘဲ ဦးနှောက်ဖြင့်ဆုံးဖြတ်လိုက်တော့၏။

ထိုအချိန်တွင် ယန်စီပန်နှင့်အန်ပေါင်ကျောက်တို့တွင် ချစ်စရာကောင်းသောသမီးလေးတစ်ယောက် ဖွားမြင်ပြီးဖြစ်လေ၏။

သို့သော် ကြီးပွားချမ်းသာလိုသောစိတ်များ လွန်ကဲနေသည့် အန်ပေါင်ကျောက်သည် ဇနီးကိုလည်းမမြင်။

www.burmeseclassic.com

www.burmeseclassic.com



သမီးကိုလည်း မခင်တော့။

အပြစ်ကင်းသောရင်သွေးလေးအပေါ်တွင် လုံးဝသံယောဇဉ် မထားတော့ပေ။

ထို့ကြောင့် .... တစ်နေ့တွင် မိုက်ကန်းဆိုးယုတ်သော အကြံ အစည်တစ်ခုကို အကောင်အထည်ဖော်လေတော့၏။

ထိုနေ့ကား ဖုလွန်ရွာကလေးသို့ပြန်လည်ရောက်ရှိပြီး ညနေစာ ထမင်းစားသောက်ပြီးသောအချိန်အခါလောက်တွင် စတင်ခြင်း ဖြစ်လေသည်။

"ယန်စီပန်ရေ ..... ကိုယ်တို့ ရွာအပြင်ကိုလမ်းလျှောက်သွားကြရအောင်၊ ကိုယ်က အလုပ်ကိုချည်းဖိလုပ်နေတော့ လမ်းလျှောက် မသွားဖြစ်ကြဘူးမဟုတ်လား"

ယန်စီပန်သည် လင်သား၏စကားကို ကြားလိုက်ရသောအခါ ကြည်နူးဝမ်းသာသွား၏။ မှန်သည်။

သူတို့သည် ချစ်ချစ်ခင်ခင် တယုတယနှင့် တွဲသွားတွဲလာ မလုပ်ကြသည်မှာ အတော်ကြာပြီမဟုတ်ပါလား။

သူ့ယောကျ်ားသည် ဖူချောင်မြို့ကိုအလုပ်သွားလုပ်ပြီဆိုလျှင် တစ်ပတ်နှစ်ပတ်။

အကြာဆုံး တစ်လမျှ ပြန်မလာတော့။



အာမခံသယ်ယူပို့ဆောင်ရေးလုပ်ရပြီဆိုလျှင် တစ်လနှစ်လ မျှပင် ကြာတတ်သည်။

အလုပ်မရှိ၍ အိမ်ပြန်လာသည့် အခါတွင်လည်း မိမိကသမီး အလုပ်များ လုပ်နေရသဖြင့် လင်သားနှင့် ကြည်ကြည်နူးနူးမနေရပေ။

လက်ထပ်ပြီးကာစကလို အတူတကွ သွားသွားလာလာ မ လုပ်ရပေ။ အခု လင်ကသွားမည်။ လမ်းလျှောက်မည်ပြောသောအခါ ယန်စီပန် ဝမ်းသာသည်။

"ကဲ .... အစ်ကို၊ သမီးလဲအိပ်နေပြီ၊ အတော်ပဲ၊ ညီမတို့ လမ်းလျှောက်ထွက်လို့ရပြီ"

ယန်စီပန်က ထိုသို့ပြောလိုက်သောအခါ အန်ပေါင်ကျောက် က သူ့ကိုပြုံးကြည့်သည်။

ထိုအပြုံး၏နောက်ကွယ်တွင် .... ကောက်ကျစ်စဉ်းလဲမှုနှင့် ရက်စက်ယုတ်မာမှုများ ရှိနေသည်ကို ယန်စီပန် မတွေးမိပေ။

"ဟာ ..... သမီးပါ ခေါ်ပါ၊ သားအမိ သားအဖသုံးယောက် လျှောက်ရတာ ပိုကောင်းပါတယ်"

"အစ်ကိုရယ် .... သမီးအိပ်နေတဲ့ဥစ္စာ အိပ်ပါစေ"

"အို မဟုတ်တာ၊ ကိုယ်က မိသားစုစုံစုံညီညီလမ်းလျှောက် လို့ပါ၊ သမီးကိုနှိုးလိုက်ပါကွာ"

www.burmeseclassic.com

www.burmeseclassic.com



ယန်စီပန် ကြောင်သွားသည်။

အိပ်နေသည့်သမီးကို နှိုးရမည်ဆိုတော့ တစ်မျိုးကြီးဖြစ်သွ
သည်။ သို့သော် စောဒကမတက်တော့ဘဲ သမီးကိုပုခက်ထဲမှထုတ်ယ
ကာ ရင်ခွင်ထဲပွေ့ပိုက်လိုက်၏။

သမီးလေးသည် ပထမတော့ လူးလွန့်လှုပ်ရှားလာသေး၏
သို့သော် သူဆက်မနိုးပေ။ ပြန်လည်အိပ်ပျော်သွားသည်။

ထို့ကြောင့် ပန်းအားယန်စီပန်က သမီးကလေးကို ရင်ခွင်ထ
ပွေ့လိုက်ပြီး ခေါ်ဆောင်လာခဲ့ရတော့၏။

အန်ပေါင်ကျောက်သည် သမီးကိုကြည့်လိုက်၏။ သူသည်
သမီးသံယောဇဉ်မရှိတော့ပေ။ သူ၌ ကြီးပွားတိုးတက်လိုစိတ်သာ ရှိ
သည်။ သူတို့ အိမ်မှထွက်ခွာလာကြတော့၏။

နေလုံးကြီး ကွယ်ပျောက်စပြုပေပြီ။ သူတို့နေထိုင်ရာ အိမ်
ကလေးမှာ ရွာအစွန်တွင်ရှိသောကြောင့် အနည်းငယ် လျှောက်လို
မိသည်နှင့် ရွာနှင့်အတော်ဝေးကွာသောနေရာသို့ ရောက်ရှိသွားသေ
သည်။ ရွာနှင့်အတော်ဝေးသည့် နေရာတစ်နေရာတွင် ချော
ကမ်းပါးကြီးတစ်ခုရှိ၏။

အန်ပေါင်ကျောက်က စကားတပြောပြောနှင့် ထိုချော
ကမ်းပါးဘက်သို့ ခေါ်ဆောင်လာသည်။



ယန်စီပန်သည် ချောက်ကမ်းပါးဘက်လျှောက်လာသည်ကို
သတိမပြုမိဘဲ အန်ပေါင်ကျောက်ပြောသည့်စကားများ၌သာ နစ်
မျောနေမိ၏။

ချောက်ကမ်းပါးဘက်လျှောက်လာမှန်း သိသော်လည်း အန်
ပေါင်ကျောက်သည် သူ့ခင်ပွန်းဖြစ်နေသဖြင့် သံသယရှိလိမ့်မည်မဟုတ်
ချေ။ ရှေ့ဆက်လျှောက်လျှင် ချောက်ထဲကျတော့မည့်အခါမှ ယန်စီပန်
သည် ချောက်ကမ်းပါးဆီသို့ ရောက်လာမှန်းသိတော့သည်။

ထိုအခါ နှစ်ဦးစလုံး ခြေလှမ်းများကိုရပ်တန့်လိုက်ကြသည်။

"ဒီချောက်ထိပ်က အောက်ကိုကြည့်ရတဲ့ရှုခင်းက တစ်မျိုး
ကောင်းတယ်၊ အခု မှောင်စပြုနေလို့ သိပ်ကြည့်မကောင်းတော့ဘူး၊
ကိုပြချင်လို့ ယန်စီပန်ကိုခေါ်လာတာ"

ယန်စီပန်က ကလေးကိုပွေ့ပိုက်ရင်း အောက်သို့လှမ်းကြည့်
ိုက်သည်။ အောက်တွင် မှုန်တီမှုန်ဝါးဖြစ်နေချေပြီ။

"မှောင်နေတော့ကြည့်မကောင်းဘူး၊ မှုန်တီမှုန်ဝါးနဲ့"
ယန်စီပန်ကပြောလိုက်၏။

အကြံသမားအန်ပေါင်ကျောက်သည် မသိမသာဖြင့် နောက်
ုတ်သွားသည်။ ထိုအခါ ယန်စီပန်၏နောက်ကျောသို့ရောက်ရှိသွား
ာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဟိုဘက်ကိုကြည့်စမ်း .... တောအုပ်ကတစ်မျိုး စမ်းချောင်းကလေး ရစ်ခွေစီးဆင်းနေတာ တစ်မျိုးလှတယ်၊ မှောင်နေလို့ သိပ်ပီပီသသတော့ မမြင်ရဘူး"

"အင်း .... ဟုတ်တယ်နော်"

ယန်စီပန်၏ထောက်ခံသံအဆုံးတွင် အန်ပေါင်ကျောက်သည် ယန်စီပန်၏ကျောပြင်ကိုဖြုန်းခနဲတွန်းချလိုက်သည်။

မမျှော်လင့်ဘဲ အတွန်းခံလိုက်ရသဖြင့် ရုတ်တရက် မည်သို့ဖြစ်သွားမှန်းမသိချေ။

"အား ....."

လေထဲ၌ကျရင်း သူ့ယောက်ျား နောက်မှတွန်းချလိုက်သည်ကို သူသိတော့သည်။ သို့သော် သူ့အသိကနောက်ကျခဲ့လေပြီ။

ယန်စီပန် ဘာမျှမတတ်နိုင်တော့။ အချိန်နှောင်းသွားခဲ့လေပြီ။ ခြောက်လအရွယ် ရင်သွေးငယ်သမီးလည်း ယန်စီပန်နှင့်အတူ ချောက်ထဲသို့ပါသွား၏။ သမီးလေးလွတ်ကျမသွားအောင် ယန်စီပန် ပွေ့ဖက်ထားမိသည်။ မည်သို့ပင်ဖြစ်စေ ယန်စီပန် ချောက်ကမ်းပါး အောက်သို့ကျသွားချေပြီ။

❀



မိန်စုပင်သည် အကြီးအကျယ် အံ့ဩသွားလေ၏။

"ဟင် ..... ဒါဆိုရင် ဒေါ်ဒေါ်ဟာ ချောက်ထဲကို တွန်းချခံလိုက်ရတဲ့ ပန်းဓားယန်စီပန်ပေါ့"

တာလင်းကလည်း အံ့ဩတကြီးဖြစ်ရင်းမေးလိုက်သည်။ တ်စုံနက်ဝတ်ထားသော အမျိုးသမီးကြီးကခေါင်းညိတ်လိုက်၏။

တာလင်းကဆက်မေးလိုက်၏။

"ဒေါ်ဒေါ် .... ချောက်ထဲကိုလိမ့်ကျပေမယ့် အသက်မသေ းပေါ့ဟုတ်လား"

"ငါမသေပါဘူး၊ ဒါကြောင့်လဲ ဒီအဖြစ်အပျက်တွေကို မင်းတို့ ပြန်ပြောနိုင်တာပေါ့၊ ကံကောင်းထောက်မလို့ အသက်မသေပေ ယ့် လူတောထဲမတိုးရဲလောက်အောင် ရုပ်ပျက်ဆင်းပျက်ဖြစ်ခဲ့ရ ယ်လေ၊ မင်းတို့မြင်တဲ့အတိုင်းပါပဲ"

"ဒါနဲ့ ဒေါ်ဒေါ့်သမီးကော ဘယ်ရောက်သွားသလဲဟင်"

မိန်စုပင်ကမေးလိုက်၏။

"ငါ ချောက်ထဲကျသွားတော့ လုံးဝ သတိမေ့သွားတယ်၊ ငါ တိရတဲ့အခါ နောက်တစ်နေ့မိုးလင်းနေပြီ၊ ကံကောင်းလို့ အသက် သေပေမယ့် တစ်ကိုယ်လုံးနာကျင်နေတယ်၊ အထူးသဖြင့် မျက်နှာ သတိရလာတော့ ငါ့သမီးကို ငါသတိရတယ်၊ သမီးလေးကို

www.burmeseclassic.com

www.burmeseclassic.com



လေးဖက်ထောက်ပြီးလိုက်ရှာတာပေါ့"

"ရှာတော့ သမီးကိုတွေ့သလားဟင်"

ဝတ်စုံနက်ယန်စီပန်သည် ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်၏။ ထို့နောက် သက်ပြင်းချလိုက်လေသည်။

"မတွေ့ပါဘူး။ ငါပြုတ်ကျခဲ့တဲ့ချောက်ကမ်းပါးအောက်ခြေက တောစပ်လဲ ဖြစ်နေတယ်လေ၊ သားစားသတ္တဝါတစ်တွေကများ စားသွားပြီလားလို့တွေးတောမိတယ်"

"ဒေါ်ဒေါ်ပြောတာဖြစ်နိုင်ပါတယ် .... ကလေးက ခြောက်လသမီးပဲရှိသေးတော့ ဘယ်လိုလုပ်လမ်းလျှောက်နိုင်မှာလဲ၊ သူ့ဟာသူ လမ်းလျှောက်သွားတာတော့ ဘယ်လိုမှမဖြစ်နိုင်ဘူး"

မိန်စုပင်က ဝင်ပြောလိုက်၏။

တာလင်းမှာ ထိုစကားများကို ကြားလိုက်ရသောအခါ စိတ်မကောင်းဖြစ်သွားသည်။

သူမသည် ခြောက်လသမီးအရွယ် ကလေးငယ်ကိုပြန်လည်မြင်ယောင်လျက်ရှိ၏။

"ဒေါ်ဒေါ့်ဘဝကိုကြားရတော့ တကယ်ကိုစိတ်မကောင်းဖြစ်မိပါတယ်၊ ဒါနဲ့ .... ဒေါ်ဒေါ် အဲဒီချောက်ထဲကထွက်လာပြီးတာ တစ်ခါတည်း ဓာတ်မြှုပ်နေလိုက်တာပဲလားဟင်"



တာလင်းကမေးလိုက်ခြင်းဖြစ်သည်။

"ဟုတ်တယ် .... ငါ အဲဒီချောက်ထဲကထွက်လာပြီးတော့ တခြားသွားစရာမရှိတော့တာနဲ့ ငါ့ဆရာမရှိတဲ့ပန်းကမ္ဘာတောင်ကိုပဲ ပြန်သွားခဲ့တယ်"

"ဟိုရောက်တော့ ဒေါ်ဒေါ့်ဆရာမ ပန်းနတ်သမီးလီပိုးက ဘာပြောသလဲ"

"အဖြစ်အပျက်တွေအားလုံးကို ငါပြောပြလိုက်တယ် .... ငါ့ဆရာမဒေါသထွက်လိုက်တာမပြောပါနဲ့တော့ .... တစ်ခါမှ ငါ့ဆရာမ အဲဒီလောက် ဒေါသကြီးတာမတွေ့ဖူးဘူး"

"ဒေါ်ဒေါ့်ဆရာမက အန်ပေါင်ကျောက်ကို လက်စားမချေဘူးလား"

"မချေဘူး .... ဆရာမက ငါ့ကိုပဲ လက်စားချေခိုင်းတယ်၊ ဆရာမ ဒေါသထွက်တာတော့မှန်တယ်၊ အန်ပေါင်ကျောက်ကို စိစိညက်ညက်ချေပစ်ချင်တယ်၊ ငါကလဲနဂိုကတည်းကမဖြစ်ဖြစ်တဲ့နည်း လက်စားချေမှာဆိုတော့ ဆရာမပြောတာနဲ့ ငါနဲ့အံကိုက်သွားတာပါ"

"ဒါနဲ့ ဒေါ်ဒေါ်က ဘယ်လိုလက်စားချေသလဲဟင်"

"လက်စားချေတာက နောက်မှပါ။ ပထမ ငါ့မျက်နှာပေါ်က

www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေ ငါ့ကိုယ်ပေါ်ကဒဏ်ရာတွေကိုပျောက်အောင် ငါ့ဆရာမ ကကုပေးခဲ့တယ်၊ မျက်နှာပေါ်ကဒဏ်ရာတွေ ပျောက်ကင်းသွားတာ တော့ မှန်ပါတယ်၊ ရုပ်ပျက်ဆင်းပျက် ဖြစ်ကျန်ခဲ့တာကတော့ အမြင် အတိုင်းပဲ၊ ဒဏ်ရာတွေပျောက်ကင်းသွားတော့ ငါ့ဆရာမက ငါ့ကို သိုင်းပညာရပ်အသစ်တွေသင်ကြားပေးတယ်၊ အဲဒီလိုနဲ့ ပန်းကမ္ဘာ တောင်မှာ အနှစ်နှစ်ဆယ်နီးပါး အချိန်ကုန်လွန်ခဲ့တယ်"

ပန်းခားယန်စီပန်သည် စကားကိုခေတ္တရပ်ပြီး အတိတ်ကို ငေးမျှော်ကြည့်သလို အဝေးသို့ငေးမျှော်ကြည့်သည်။

"လွန်ခဲ့တဲ့နှစ်ကျတော့ ငါ့ဆရာမက အချိန်တန်ပြီလို့ ပြော တယ်၊ ငါလဲ ငါ့ဆရာမကို ပြန်မေးမိတယ်၊ ဆရာမ ဘာအချိန်တန်တာ လဲလို့၊ လက်စားချေရမယ်၊ အန်ပေါင်ကျောက်ကိုလက်စားချေရမယ် လို့ပြောတယ်၊ ငါလဲဝမ်းသာသွားတာပေါ့ .... အန်ပေါင်ကျောက်ကို လက်စားချေဖို့ ငါစောင့်နေတာကြာပြီမဟုတ်လား၊ ဆရာမက ခွင့်မ ပြုသေးလို့ ငါကြာနေတာ .... ငါလဲ ဆရာမကိုကန်တော့ပြီး တောင် အောက်ကိုဆင်းခဲ့တယ်၊ ပြီးတော့ လူသူကင်းရှင်းတဲ့ ဟောဒီနေရာမှာ တစ်ယောက်တည်းနေထိုင်ရင်း အန်ပေါင်ကျောက်ကို လက်စားချေ တော့တာပဲ"

"အန်ပေါင်ကျောက်ရဲ့အာမခံလုပ်ငန်းကို အနှောင့်အယှက်



ပေးတာပဲပေါ့နော်"

"ဒါပေါ့၊ အန်ပေါင်ကျောက်ကို တဖြည်းဖြည်းမွဲသွားအောင် လုပ်ရမယ်၊ အဲဒီလိုလုပ်တဲ့အခါမှာ ဘယ်သူဘယ်ဝါမှန်း မသိအောင် မျက်နှာကို ခေါင်းစွပ်အနက်စွပ်ပြီး လုပ်ဆောင်ခဲ့တယ်၊ ငါ့ဘဝဇာတ် ကြောင်းကတော့ ဒီလောက်ပါပဲ"

ပန်းခားယန်စီပန်သည် သူမ၏ဇာတ်ကြောင်းပြောပြသည် ကို အဆုံးသတ်လိုက်သည်။

တာလင်းက .....

"ဒေါ်ဒေါ်လုပ်တာ မှုတာမှန်ပါတယ် .... ဒေါ်ဒေါ့်နေရာမှာ ကျွန်မဆိုရင်လဲ ဒီလိုပဲပြန်လုပ်မိမှာပါပဲ၊ အန်ပေါင်ကျောက်လို လူ ယုတ်မာဟာ ဒီမြေကမ္ဘာပေါ်မှာမရှိသင့်ပါဘူး"

တာလင်းပြောလိုက်သည်မှာ ရင်ထဲမှစကားဖြစ်သည်။

မိန်စုပင်မှာလည်း ပန်းခားယန်စီပန်ကို လွန်စွာပင် ကရုဏာ သက်သွားမိသည်။

"ဒေါ်ဒေါ် ပြန်လက်စားချေသင့်ပါတယ်၊ အခုဟာက ကိုယ့် ဘဝတစ်ခုတည်းမှမဟုတ်ဘဲ၊ သမီးလေးရဲ့ဘဝကိုပျက်အောင်ပါ လုပ် တာပဲ၊ ဘဝနှစ်ခုလုံးပျက်အောင်လုပ်တဲ့လူကို အရှင်မထားသင့်ပါဘူး၊ သုတ်သင်ပစ်သင့်တယ်"

www.burmeseclassic.com



မိန်စုပင်သည် ဤသို့ပင်ပြောလိုက်၏။

အန်ပေါင်ကျောက်သည် သူ့ဖခင်၏ ရင်းနှီးသောမိတ်ဆွေ ဖြစ်သည်။

သို့သော် သူ့ဖခင်နှင့်အကျင့်ချင်း တခြားစီဖြစ်နေသည်ကို ယန်စီပန်ပြောမှသိရတော့သည်။

မိန်စုပင်သည် အန်ပေါင်ကျောက်ကိုရွံရှာမုန်းတီးသွားသည်။ ချမ်းသာကြီးပွားလိုသောဇောဖြင့် ဇနီးနှင့်ရင်သွေးငယ်ကို သတ်ဖြတ်ခဲ့သူကို မည်သူမဆိုမုန်းတီးသင့်ပေသည်။

ယန်စီပန်က .....

"ငါ သူ့အပေါ် တစ်သက်အခဲမကျေဘူး။ ငါ့ကိုလဲသတ်တယ်၊ ငါ့သမီးကိုလဲ သတ်တယ်၊ မိန်းမအပေါ် မချစ်လို့ သတ်တယ်ဆိုတာ တော့ ထားပါတော့၊ ရင်သွေးငယ်သမီးကိုတော့ မသတ်သင့်ပါဘူး။ အခုတော့ သူက ....."

ယန်စီပန်သည် အံကြိတ်နေလေ၏။ မိန်စုပင်က .....

"ဒေါ်ဒေါ်လုပ်တာဟာ လုံးဝတရားမျှတတယ်၊ ကျွန်တော် တို့ ဒေါ်ဒေါ့်ကိုထောက်ခံတယ်၊ ကဲ .... တာလင်း၊ ငါတို့မှာလဲ လုပ် စရာလေးတွေရှိသေးတယ်မဟုတ်လား။ နေမမြင့်ခင်သွားကြရအောင် က .... ဒေါ်ဒေါ် ကျွန်တော်တို့ကိုခွင့်ပြုပါဦးခင်ဗျာ"



မိန်စုပင်က ပန်းခာယန်စီပန်အား နှုတ်ဆက်ပြီးထိုင်ရာမှထ လိုက်၏။

ထိုအခါ ... ယန်စီပန်ကလည်း ဖျတ်ခနဲထလိုက်လေ၏။

ထို့နောက် သူတို့နှစ်ယောက်ရှေ့တွင် ပိတ်ရပ်လိုက်သည်။

"ဒီလိုပြန်ချင်တိုင်း ပြန်လို့ ဘယ်ရမလဲ"

တာလင်းက ....

"ဘယ်လိုဒေါ်ဒေါ်၊ ကျွန်မတို့ ပြန်ချင်တိုင်း ပြန်လို့မရဘူး၊ ဒေါ်ဒေါ်ပြောတာကို ကျွန်မတို့ နားမရှင်းဘူး"

ပန်းခာယန်စီပန်က မထီတရီပြုံးလိုက်သည်။

"ငါပြောတာရှင်းရှင်းလေးပါ။ ငါ့အကြောင်းတွေကို ပြည့်ပြည့် စုံစုံသိသွားတဲ့မင်းတို့နှစ်ယောက်ကို ဘယ်နည်းနဲ့မှ အသက်ရှင်လျက်နဲ့ ပြန်လွှတ်မပေးနိုင်ဘူး"

"ဗျာ ....."

"ရှင် ....."

မိန်စုပင်နှင့်တာလင်းတို့မှာ အံ့သြတုန်လှုပ်သွားမိသည်။

ယန်စီပန်၏မျက်နှာကိုလည်း တစ်ပြိုင်နက်ကြည့်မိကြသေး သည်။ ယန်စီပန်က နောက်ပြောင်ပြောနေလေသလားဟု သူတို့ထင်မိ ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်စုပင်က .....

"မဟုတ်တာဘဲဒေါ်ဒေါ်ရယ်၊ ဒေါ်ဒေါ်နဲ့ကျွန်တော်တို့က မိတ်ဆွေဖြစ်သွားကြပြီပဲ၊ ဘာကြောင့် အချင်းချင်း ပြန်တိုက်နေရမှာလဲ"

ယန်စီပန်က ခက်ထန်မာကျောစွာပြောသည်။

"မင်းတို့နဲ့ ငါကမိတ်ဆွေလဲ မဟုတ်ဘူး .... သူငယ်ချင်းလဲ မဟုတ်ဘူး၊ မင်းတို့ကို မိတ်ဆွေအဖြစ်လဲ မသတ်မှတ်ဘူး၊ သူငယ်ချင်းအဖြစ်လဲ မသတ်မှတ်ဘူး၊ ဒါကြောင့် ငါမင်းတို့ကိုသတ်ရမှာပဲ"

"နေပါဦး .... ဒေါ်ဒေါ်က ဘာကြောင့် ကျွန်တော်တို့ကိုသတ်မှာလဲ၊ ဒေါ်ဒေါ့်အကြောင်း ပြန်ပြောမှာစိုးလို့လား၊ ဒီအတွက်တော့ စိတ်မပူပါနဲ့ဒေါ်ဒေါ်၊ ကျွန်တော်တို့ကနှုတ်လုံပါတယ်၊ ဒီအကြောင်းကို ဘယ်သူ့ကိုမှပြန်မပြောပြပါဘူး၊ ကျွန်တော်တို့ ကတိပေးပါတယ်၊ ဒါဆို ဒေါ်ဒေါ်ကျေနပ်ရောပေါ့"

မိန်စုပင်က ကတိပေးသည်။

တာလင်းကလည်း ....

"ကျွန်မတို့ ဘယ်သူ့ကိုမှမပြောပါဘူး .... စိတ်ချပါ ဒေါ်ဒေါ် ကျွန်မတို့ပြောရင် ကျွန်မတို့ကို ဒေါ်ဒေါ်လိုက်သတ်နိုင်ပါတယ်"

ယန်စီပန်က ....



"မင်းတို့ ဒီလိုပြောရုံနဲ့ ငါကယုံကြည်ရင် ငါလူမိုက်ဖြစ်သွားမှာပေါ့။ မင်းတို့က ငါ့ရှေ့မှာ ဟုတ်တိပတ်တိ ကတိပေးပြီး ကွယ်ရာကျတော့ လုပ်ချင်ရာလုပ်မှာပေါ့၊ ပိုဆိုးတာက မင်းတို့နှစ်ယောက်ဟာ ငါနေတဲ့နေရာကိုသိသွားတာပဲ၊ ငါ့အတွက် ပိုအန္တရာယ်ကြီးတယ်၊ ငါ ဒီနေရာမှာနေတယ်ဆိုတာကို လူယုတ်မာအန်ပေါင်ကျောက်ကို သွားသတင်းပေးလိုက်မယ်ဆိုရင် အန်ပေါင်ကျောက်က မင်းတို့ကို ရွှေဒင်္ဂါး အပြားငါးရာပေးဖို့ ဝန်လေးမှာမဟုတ်ဘူး"

ပန်းမားယန်စီပန်၏စကားမှာ သူတို့၏ဂုဏ်သိက္ခာကိုထိခိုက်ပြောသောစကားဖြစ်၍ တာလင်းဒေါသထွက်သွားလေ၏။

"ဒါကတော့ ဒေါ်ဒေါ်က ကျွန်မတို့ကိုအထင်သေးတာပဲ၊ ရွှေဒင်္ဂါးငါးရာမပြောနဲ့ အပြားတစ်ထောင်ပေးလဲ ကျွန်မတို့က ဖွင့်မပြောသေးဘူး၊ ဒီမှာဒေါ်ဒေါ် ကျွန်မတို့ မချမ်းသာပါဘူး၊ ဒါပေမယ့် ဒီလိုကောက်ကျစ်ယုတ်မာတဲ့စိတ်မျိုးတော့ ဘယ်တော့မှမမွေးဘူး၊ ဒါကိုတော့ ဒေါ်ဒေါ်ယုံထားပါ"

တာလင်းက ဒေါသဖြင့်ပြောလိုက်သောအခါ ယန်စီပန်ပြုံးလိုက်လေသည်။

"ဘာပဲဖြစ်ဖြစ် မင်းတို့ကို ငါ ဒီအတိုင်းလွှတ်မပေးရဲဘူးကွ၊ ခုမှတွေ့တဲ့သူစိမ်းနှစ်ယောက်ကို ငါဘယ်လိုယုံရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဒေါ်ဒေါ်က ကျွန်မတို့ကိုနှုတ်ပိတ်တဲ့အနေနဲ့ သတ်မယ်ပေါ့"

ပန်းဓားယန်စီပန်က ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် သတ်မယ်၊ ဒါမှ ငါ့အတွက် အန္တရာယ်ကင်းမယ် ငါ့သတင်းတွေ မပြန့်အောင် တားဆီးရမယ်"

မိန်စုပင်နှင့် တာလင်းတို့သည် ယန်စီပန်ကို တောင်းပန်၍ ရမည်မဟုတ်ကြောင်း သိလိုက်သည်။

ထို့ကြောင့် အသီးသီး ဓားများဆွဲထုတ်လိုက်ကြသည်။

"ရှမ်း ....."

"ရှမ်း ....."

သူတို့သည် ဤအတိုင်းတော့ အသေမခံ။ တိုက်ခိုက်ရင်းသာ အသေခံမည်ဟု ဆုံးဖြတ်လိုက်သည်။ တာလင်းက .....

"ဒေါ်ဒေါ် ..... ကျွန်မတို့ကတော့ ငြိမ်ခံမှာမဟုတ်ဘူး၊ တတ်နိုင်သလောက်ပြန်ခုခံမှာပဲ၊ ခုခံရင်း အသေခံမှာ၊ ဒီအတိုင်းတော့ ခေါင်းငုံ့မခံဘူး"

"ရပါတယ်၊ ငါကလဲ အဲဒီစိတ်ဓာတ်မျိုးမှကြိုက်တာ၊ မင်းတို့ကိုအခွင့်အရေးပေးပါမယ်၊ ငါ ဓားမကိုင်ဘူး၊ လက်နက်မဲ့ မင်းတို့ကို တိုက်ခိုက်မယ်"



"ကောင်းပြီ၊ ကျွန်မတို့ စတိုက်မယ်"

ပြောပြီးသည်နှင့် တာလင်းသည် ပန်းဓားယန်စီပန်ထံသို့ ခုန်ဝင်တိုက်ခိုက်တော့၏။

မိန်စုပင်လည်း ယန်စီပန်တို့နှစ်ယောက်ပေါင်းတိုက်မှ တော်ရုံကျမည်ကိုသိရှိသဖြင့် ဝင်ခေါင်းထိုးဝင်၍တိုက်တော့၏။

ပန်းဓားယန်စီပန်သည် သူတို့၏ဓားချက်များကို ရှောင်တိမ်း၍ ပြန်လှန်တိုက်ခိုက်လေတော့၏။ နှစ်ယောက်တစ်ယောက် တိုက်ပွဲကြီးကစတင်ချေပြီ။

❁

www.burmeseclassic.com

www.burmeseclassic.com



## ပြန်ထွက်သွားသူ

နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်ခြင်းဖြစ်သော်လည်း လက်ရည်ချင်းကကွာခြားလှသည်ဖြစ်သောကြောင့် တိုက်ပွဲစသည်နှင့် မကြာမီမှာပင် မိန်စုပင်တို့နှစ်ယောက်မှာ အောက်စည်းသို့ ရောက်ရှိသွားတော့သည်။

သူတို့နှစ်ယောက်၏တိုက်ခိုက်မှုမှာ .... ပန်းဓားယန်စီပန်၏ အဝတ်အစားများကိုပင် တိုက်ခိုက်နိုင်ခြင်းမရှိဘဲ လေထဲ၌ အချည်း အနှီးဖြစ်သွားရတော့သည်။

ပန်းဓားယန်စီပန်၏လက်ဝါးရိုက်ချက်များကသာ သူ့အပေါ် ထိခိုက်မည်ကဲ့သို့ဖြစ်နေသဖြင့် အတင်းအဓမ္မရှောင်တိမ်းနေရတော့ သည်။



ပန်းဓားယန်စီပန်၏တိုက်ခိုက်မှုမှာ ယိမ်းနွဲ့ပျော့ပျောင်းလှ သော်လည်း တိုက်ခိုက်မှုမှာ အရှိန်အဟုန်ကတော့ ပြင်းထန်လှသည်။

အလွန်လည်း မြန်ဆန်သည်။

မိန်စုပင်နှင့်တာလင်းတို့မှာ ယန်စီပန်၏လက်ဝါးများကို ....

မည်သည်ကအတု–

မည်သည်ကအစစ်ဟူ၍ ခွဲခြား၍မသိတော့ပေ။

ထို့ကြောင့် တရကြမ်းရှောင်တိမ်းနေရတော့၏။

သူတို့အသေအလဲရှောင်တိမ်းနေရသောအခါ ယန်စီပန်က လျှော့လိုက်၏။

"ဘယ်လိုလဲ .... မင်းတို့တတ်နိုင်သလောက် ခံတိုက်မယ်ဆို၊ ခုတော့ နောက်ကိုတစ်ဆုတ်တည်းဆုတ်နေကြပါလား"

တာလင်းသည် မခံချင်စိတ်ဖြစ်ပေါ်သွား၏။

"သိုင်းပညာချင်းကွာခြားလို့ ရှောင်တိမ်းရတာဟာ ရှက်စရာ မဟုတ်ပါဘူး။ စိတ်ဓာတ်ကျစရာလဲ မဟုတ်ပါဘူး။ ဒေါ်ဒေါ်ကကော ကျွန်မတို့ကို ထိအောင်တိုက်နိုင်လို့လား"

သူ့စကားက ယန်စီပန်အားစိန်ခေါ်သလိုဖြစ်သွားသည်ကို သတိမပြုမိပေ။

"ဪ .... မင်းက ဒီလိုပြောသလား၊ အေး.... ကြည့်ကြ

www.burmeseclassic.com

www.burmeseclassic.com



သေးတာပေါ့"

ယန်စီပန်သည် ပြောပြောဆိုဆို တာလင်းအား ဖိပြီးတိုက်ခိုက်တော့၏။

မိန်စုပင်သည် တာလင်းအား မပြီးတိုက်ခိုက်မည်ကိုသိရှိ၏။ ထို့ကြောင့် ယန်စီပန်က တာလင်းအား တိုက်ခိုက်သည်နှင့် မိန်စုပင်ကလည်း ယန်စီပန်အားတိုက်ခိုက်တော့သည်။

ယန်စီပန်၏လက်ဝါးရိုက်ချက်သည် တာလင်းအပေါ်က ရောက်သွား၏။

သို့သော် တာလင်းက အသေအလဲ ခုန်ရှောင်သွားလေ၏

ယန်စီပန်မှာ မိန်စုပင်၏တိုက်ကွက်ကို ကလေးကစားစရာ တိုက်ကွက်အဖြစ်သာ သဘောထားသည်။

မိန်စုပင် သိုင်းပညာတတ်မြောက်သည်မှာ မကြာသေးပေ

"ဗိုး ...... ဗိုး ......"

ယန်စီပန်က လက်ဝါးခုတ်ရိုက်လိုက်သောအခါ မိန်စုပင် အလျင်အမြန်ရှောင်တိမ်းလိုက်သည်။ သို့သော် ရှောင်၍မလွတ်ချေ

"ဝုန်း ......"

မိန်စုပင် လွင့်စဉ်ထွက်သွား၏။

ယန်စီပန်သည် တာလင်းရှိရာသို့ ခုန်ဝင်သွား၏။



တစ်ဆက် တည်းမှာပင် ပခုံးပေါ်သို့ လက်သည်းဖြင့် ကုတ်ဆွဲလိုက်သည်။

လင်းယုန်လက်သည်း သိုင်းကွက်ဖြစ်ပေသည်။ အန္တရာယ် အလွန်ကြီးမားသည်။ တာလင်းသည် ရင်ထိတ်သွားပြီး ပျာယာခတ်သွားသည်။ သူမသည် အသေအလဲ ရှောင်တိမ်းရသည်။ ထိုအခါ သူမ၏ကျောက်စိမ်းဆွဲပြားပါသည့်ဆွဲကြိုးကလေးသည် မြေပေါ်သို့ ပြုတ်ကျသွားလေတော့၏။ တာလင်းမှာလည်း အခြေပျက်ကာ လဲကျသွားသည်။ မိန်စုပင်သည် တာလင်းကိုပွေ့ထူလိုက်၏။

"တာလင်း ...... ဘာဖြစ်သွားသေးသလဲ"

တာလင်းက ခေါင်းခါပြသည်။

ထိုအခါကျမှ မိန်စုပင် စိတ်အေးသွားသည်။

မိန်စုပင်သည် ယန်စီပန်အား လှမ်းကြည့်လိုက်သည်။ ယန်စီပန်သည် သူတို့နှစ်ဦးအား လုံးဝဂရုမစိုက်တော့ဘဲ ဆွဲပြားကလေးကို သာ ကြည့်နေတော့သည်။ သူမသည် ဆွဲပြားကလေးကို ကောက်ယူပြီး အသေအချာကြည့်လေ၏။

"ဒါ ဘယ်သူ့ဆွဲကြိုးလဲ"

သူမ၏ မေးသံ၌ အရေးတကြီးခေသည့် သဘောပါနေ၏။

တာလင်းက စိတ်ဆိုးဆိုးဖြင့် ....

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ဆွဲကြိုးရှိရမှာလဲ၊ ကျွန်မလည်ပင်းက ပြုတ်သွား တာ ကျွန်မဆွဲကြိုးပေါ့"

တာလင်းက ဒေါသသံဖြင့် ပြန်ဖြေလိုက်သည်။

ယန်စီပန်က ......

"မင်းလည်ပင်းက ပြုတ်ကျသွားတာတော့ မြင်လိုက်တယ် ဒါပေမယ့် တစ်ယောက်ယောက်ဆီက ရထားတာများလားလို့"

"ဘယ်သူ့ဆီကမှ မရဘူး၊ ကျွန်မဆွဲကြိုးအစစ်"

ယန်စီပန်၏ မျက်လုံးများ အရောင်ပြောင်းသွားသည်။ ဒေ... သအရိပ်အယောင်လည်း လုံးဝမရှိတော့ချေ။

မျက်နှာထားတင်းမာမှုလည်း လျော့ကျသွား၏။ အဘ... ကြောင့် ဤသို့ဖြစ်သွားသည်ကို မိန်စုပင်နှင့် တာလင်းတို့ လုံးဝမသိ... ကြပေ။ သူတို့ အံ့သြနေကြသည်။

ယန်စီပန်သည် တုန်တုန်ယင်ယင်ဖြင့် ......

"သမီးလေး ...... သမီးလေး ......"

သူမသည် တာလင်းကိုကြည့်၍ တီးတိုးရေရွတ်နေသည်... တာလင်းက ယန်စီပန်အား ခပ်ကြောင်ကြောင်ကြည့်ရင်း မေးလို... သည်။

"ရှင် ...... ဘယ်သူ့ကိုခေါ်နေတာလဲ"



"သမီးလေး ...... သမီးလေး ......"

ယန်စီပန်သည် တာလင်းကိုကြည့်ပြီး ထိုသို့သာရေရွတ်နေ ...ဖြင့် တာလင်းမှာနောက်ဆုတ်သွားမိသည်။

"ဘယ်သူက သမီးလဲ"

"မင်း .... မင်းပေါ့၊ မင်းဟာ ငါ့သမီးလေးအစစ်ပါပဲကွယ်"

"ဟင့်အင်း .... ဟင့်အင်း .... ကျွန်မ ဒေါ်ဒေါ့်သမီးမဖြစ်နိုင် ... ဒေါ်ဒေါ့်သမီးဟာ သားရဲတိရစ္ဆာန်တစ်ကောင်ကောင် စားသွား ဖြစ်မယ်လို့ ပြောခဲ့တယ်မဟုတ်လား"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ အခု မင်းကိုပြန်တွေ့ရပြီဆိုတော့ ...လေးဟာ မသေတော့ဘူးပေါ့"

"အို .... မဟုတ်နိုင်တာ"

"ဟုတ်ပါတယ်သမီးရယ်၊ ဘာဖြစ်လို့ မဟုတ်ရမှာလဲ"

"ဒေါ်ဒေါ့်သမီးဖြစ်ရမယ်လို့ ဘာကြောင့် အတပ်ပြောနိုင်ရ ..."

မိန်စုပင်ကဝင်မေးလိုက်၏။

ထိုအခါ ယန်စီပန်က သူ့လက်ထဲမှဆွဲကြိုးကလေးကို ဖြန့် ......

"ဟောဒီဆွဲကြိုးကလေးကိုတွေ့ရလို့ အတပ်ပြောနိုင်တာ

www.burmeseclassic.com



ပေါ့၊ ဒေါ်ဒေါ်ဟာ ဒေါ်ဒေါ်သမီးလေးကို အဲဒီဆွဲကြိုးလေးဆွဲပေးထား ခဲ့တယ်၊ ချောက်ထဲပြုတ်ကျတုန်းကလဲ အဲဒီဆွဲကြိုးလေးပါသွားတာ ပဲပဲ၊ ဒါကြောင့် သူဟာ ပျောက်ဆုံးနေတဲ့ ဒေါ်ဒေါ်သမီးကလေးပေါ့"

မိန်စုပင်က ......

"ဆွဲကြိုးကိုမြင်တာနဲ့ ဒေါ်ဒေါ့်သမီးလို့ အတပ်စွပ်စွဲလို့ ဘယ် ရနိုင်မလဲ၊ ဆွဲကြိုးဆိုတာမျိုးကတော့ သူ့သူ့ကိုယ်ကိုယ် ဆွဲတတ်ကြ တာပဲမဟုတ်လား"

"မဟုတ်ဘူး .... မဟုတ်ဘူး၊ ဒီ ဆွဲကြိုးပြားကိုကြည့်စမ်း ကျောက်စိမ်းနဲ့လုပ်ပြီး ပုံဖော်ထားတယ်"

"ဘာပုံလဲ"

"ပန်းပုံဖော်ထားတာပေါ့"

"ပန်းပုံဖော်ထားတာများ အဆန်းလုပ်ပြောနေရသလား ဒီပြင်လူလဲ ဖော်ချင်ဖော်ထားမှာပေါ့"

"ပန်းပုံဖော်ထားတာမှန်ပေမယ့် ဒီလိုပုံမျိုးကတော့ ငါတ ယောက်တည်းဖော်တာပဲ၊ ကဲ .... သမီးလေးနဲ့ စကားပြောရဦးမယ်

သူမသည် တာလင်း၏လက်ကို ယုယုယယဆွဲကိုင်လိုက်၏

"သမီး ..... သမီးဟာ မေမေ့ရဲ့ရင်သွေးပါ၊ မေမေပြော အမှန်တွေချည်းပါပဲကွယ်"



တာလင်းက ......

"ဟင့်အင်း ..... ကျွန်မကတော့ ဒေါ်ဒေါ့်ကိုအမေအရင်းလို့ မယူဆပါဘူး"

"သမီးရယ် ..... ကျောက်စိမ်းဆွဲပြားကလေး မြင်နေရပြီပဲ ကွယ်၊ သမီးဟာမေမေ့သမီးပါ"

"ဟင့်အင်း ..... ကျွန်မမှာမိဘတွေရှိနေတာပဲ၊ ဒေါ်ဒေါ့်ကို ကျွန်မအမေလို့ ဘယ်မှာယုံနိုင်စရာရှိမလဲ"

ယန်စီပန်သည် နှုတ်ခမ်းကိုကိုက်ပြီးမေးလိုက်လေသည်။

"သမီးရဲ့မိဘတွေက ဘယ်သူလဲ"

"ကျွန်မအဖေဟာ ခြေသလုံးအိမ်တိုင်ဂိုဏ်းက ဂိုဏ်းခွဲမှူး တစ်ယောက်ပါ၊ ဖေဖေ့နာမည်ကတာစင်းတဲ့"

"ဩော် ..... ခြေသလုံးအိမ်တိုင်ဂိုဏ်းကကိုး"

"ဟုတ်တယ်၊ ကျွန်မတို့ဟာ ခြေသလုံးအိမ်တိုင်ဂိုဏ်းကပဲ"

"ဒါဖြင့် သမီးအမေကကော ....."

"သမီး အမေကိုတော့မမြင်ဖူးပါဘူး .... ဖေဖေပြောတာက တော့ သမီးအမေဟာ သမီးကိုမွေးမွေးပြီးချင်း သေဆုံးသွားခဲ့တယ် လို့ ပြောပါတယ်"

တာလင်းက သူ့အဖေပြောသည့်အတိုင်း ပြောပြလိုက်၏။

www.burmeseclassic.com



ယန်စီပန်ကခေါင်းညိတ်လိုက်ပြီး .....

"ကောင်းပြီ .... မေမေကတော့ သမီးလေးဟာ မေမေ့သမီးလေးပဲလို့ ယုံကြည်တယ်၊ ဒါပေမယ့် ... ရှင်းရှင်းလင်းလင်းသိရအောင် သမီးအဖေကို မေမေလိုက်မေးမယ်"

"ရပါတယ် ... ဒေါ်ဒေါ်သိချင်တယ်ဆိုရင်တော့ ဖေဖေ့ဆီကို ကျွန်မခေါ်သွားပါ့မယ်"

"သမီးအဖေက အခုဘယ်မြို့မှာရှိသလဲ"

"ကျိန်းလီမြို့မှာရှိနေပါတယ်"

"ဒါဆိုရင် အဲဒီမြို့ကိုသွားမယ်"

ယန်စီပန်ကပြောလိုက်သည်။

မိန်စုပင်ကတော့ ရုတ်တရက် သေရမည့်ဘေးမှကင်းဝေးသွားသဖြင့် ဝမ်းသာသွားသည်။

ပန်းခားယန်စီပန်သည် သူတို့အား မသတ်တော့ပေ။

တာလင်းသည် သူ့သမီးဖြစ်နေသည်ဟုယုံကြည်နေသည် မဟုတ်ပါလား။

သူတို့သည် တောထဲမှ ကျိန်းလီမြို့သို့ အရောက်သွားကြလေ၏။ ခြေသလုံးအိမ်တိုင်ကိုဏ်းခွဲမှူးရှိသည့် ခြေသလုံးအိမ်တိုင်ဌာနချုပ်သို့ ရောက်ရှိသွားသည်။



တာလင်း၏အဖေတာစင်းကို အခန့်သင့်ပင် တွေ့ရသည်။

တာလင်းက မိတ်ဆက်ပေး၏။

ယန်စီပန်ပြောပြသည့်အချက်များကို တာလင်းက သူ့ဖခင် တာစင်းအား ပြောပြလေ၏။ တာစင်းသည် တည်ငြိမ်စွာနားထောင်နေခဲ့သည်။

"ဖေဖေ ..... ဒေါ်ဒေါ်ပြောတာမှန်သလားဟင်၊ သမီးဟာ ဖေဖေ့သမီးအရင်းဟုတ်တယ် မဟုတ်လားဟင်"

ခြေသလုံးအိမ်တိုင်ကိုဏ်းခွဲမှူးသည် သက်ပြင်းကိုသာချမိလေ၏။ ပြီးတော့ တာလင်း၏မျက်နှာကိုကြည့်သည်။

"သမီးကို အနှစ်နှစ်ဆယ်ကျော်ကျော် ဖုံးကွယ်ထားခဲ့မိတဲ့ အပြစ်အတွက် ဖေဖေ့ကိုခွင့်လွှတ်ပါ၊ သူပြောတာမှန်ပါတယ်၊ သမီးဟာ ဖေဖေ့သမီးအရင်းမဟုတ်ပါဘူး"

"ဟင် ....."

"ဟာ ....."

တာလင်းနှင့်မိန်စုပင်တို့မှာ အကြီးအကျယ်အံ့အားသင့်သွားကြရလေတော့၏။

ပန်းခားယန်စီပန်ကတော့ ခြေသလုံးအိမ်တိုင်ကိုဏ်းခွဲမှူးတာစင်းက ဤသို့ရှင်းရှင်းလင်းလင်း ပြောပြလိုက်သည့်အတွက် ....

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာသွားသည်။ သူမသည် တာလင်းကို သူမ၏သမီး အရင်းဖြစ်သည်ဟု ယုံကြည်နေခဲ့သည်မဟုတ်ပါလား။

"ဘယ်လိုလဲဖေဖေ၊ သမီးဟာ ဖေဖေ့ရဲ့သမီးရင်းမဟုတ်ဘူး ဟုတ်လား"

"ဟုတ်တယ်သမီး၊ သမီးကို ဖေဖေတစ်နေရာက ကောက်ရ ပြီးမွေးစားခဲ့တာပါ"

ယန်စီပန်က ......

"ရှင်ဒီကလေးကိုတွေ့တဲ့နေရာဟာ ဖုလွန်ရွာနားက ချောက် ကမ်းပါးအောက်ကမဟုတ်လား"

ပန်းစားယန်စီပန်က ဝင်မေးလိုက်၏။

ခြေသလုံးအိမ်တိုင် ဂိုဏ်းခွဲမှူးတာစင်းက ခေါင်းညိတ်လိုက် ၏။

"ဟုတ်ပါတယ်၊ ဒီကလေးကို ဖုလွန်ရွာနားက ချောက်ထဲက ရခဲ့တာပါ၊ အဲဒီအဖြစ်အပျက်ကတော့ ကြာပါပြီ၊ လွန်ခဲ့တဲ့ အနှစ်နှစ် ဆယ်ကျော်လောက်ကပေါ့၊ အဲဒီတုန်းက ခြေသလုံးအိမ်တိုင်ဂိုဏ်း ခွဲမှူးမဖြစ်သေးဘူး၊ သာမန်ဂိုဏ်းသားဘဝမှာပဲ ရှိသေးတယ်"

"ကျွန်မ ချောက်ထဲကျတဲ့ အဖြစ်အပျက်ကို ကျွန်မသတိရတဲ့ အခါမှသိရတာပါ၊ ကျွန်မ သတိမေ့နေစဉ်က လုံးဝမသိရပါဘူး။ အဲဒီ



တုန်းက အဖြစ်အပျက်ကိုပြောပြစေချင်ပါတယ်"

ယန်စီပန်ကတောင်းပန်လိုက်၏။

တာစင်းက ......

"ပြန်ပြောပြပါမယ်ဗျာ၊ အဲဒီတုန်းက ကျုပ်ဟာ ဆေးမြစ်ရှာ နေတာဗျ၊ ကျုပ် အရုဏ်တက်လောက်အချိန်မှာ အိမ်ကထွက်ခဲ့တယ်၊ ဆေးမြစ်၊ သစ်ဥ၊ သစ်ဖု ဆိုတာက မြေပြန့်မှာထက် တောင်ထိပ်တို့ ချောက်ကမ်းပါးအောက်ခြေတို့မှာ ပိုတွေ့ရတတ်တယ်မဟုတ်လား၊ အဲဒီနေ့က ဖုလွန်ရွာနားကချောက်ကမ်းပါးအောက်ခြေကို လျှောက် ခဲ့တယ်၊ ကျုပ်က စမ်းချောင်းရှိတဲ့ဘက်ကသွားတော့ ချောက်ကိုတွယ် ဆင်းစရာမလိုတော့ဘူးပေါ့၊ အဲဒီလိုနဲ့ ချောက်အောက်ခြေကို အလွယ် တကူရောက်ရှိသွားတယ်"

"အင်း ...... ချောက်အောက်ကိုရောက်သွားပြီဆိုပါတော့"

ယန်စီပန်က အဖြစ်အပျက်ကို မြန်မြန်သိလိုသဖြင့် ဝင်ပြီး ထောက်ပေးလိုက်သည်။

တာလင်းမှာ သူ့ဘဝအဖြစ်အပျက်ကိုပြောနေနှင့်သိသဖြင့် အ သက်မရှူဘဲ နားထောင်နေသည်။ တာစင်းက ဆက်ပြောသည်။

"အဲဒီလိုနဲ့ ချောက်အောက်ခြေလဲ ရောက်သွားရော ကလေး ငိုသံကို ကြားရတာပဲ၊ ကလေးလဲ ငိုရလွန်းလို့ အသံက ဖြာနေပါပြီ၊

www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကိုယ့်နားကိုယ်မယုံနိုင်အောင်ဖြစ်သွားတယ်၊ လူသူကင်းဝေးတဲ့နေရာ လူသူမရောက်မပေါက်နိုင်တဲ့နေရာဖြစ်နေတယ် မဟုတ်လား၊ ဒါကြောင့်မို့ ကိုယ့်နားကိုယ်မယုံနိုင်ဘူးဖြစ်နေတယ်၊ ဒါပေမယ့် ကလေးငိုသံကလဲ ဆက်ပြီးထွက်နေတယ်၊ ဒါနဲ့ အသံကြားရတဲ့ဆီကို လျှောက်လာခဲ့မိတယ်"

ခြေသလုံးအိမ်တိုင်ဂိုဏ်းခွဲမှူး တာစင်းသည် စကားကိုခဏ ရပ်လိုက်၏။

ယန်စီပန်၊ တာလင်းနှင့် မိန်စုပင်တို့ကိုကြည့်လိုက်၏။

သုံးယောက်စလုံး အလွန်စိတ်ဝင်စားစွာ နားထောင်နေမှန်း သိရသောအခါ စကားဆက်ပြောလေ၏။

"ကျုပ်တွေ့ခဲ့ရတဲ့ မြင်ကွင်းကတော့ ချုံဖုတ်တစ်ခုပေါ်မှာ တင်နေတဲ့ ခြောက်လသားအရွယ်လောက်ရှိတဲ့ ကလေးတစ်ယောက်နဲ့ သွေးအိုင်ထဲမှာလဲကျနေတဲ့မိန်းမတစ်ယောက်ကို မြင်ရပါတယ်၊ ကျုပ်လဲ လဲကျနေတဲ့မိန်းမကိုတော့ သေပြီလို့ ကျုပ်ထင်လိုက်တယ်၊ လုံးဝမလှုပ်ရှားတော့ဘူးမဟုတ်လား၊ ဒါနဲ့ ကျုပ်လဲ ချုံဖုတ်ပေါ်တင်နေတဲ့ ကလေးလေးကို အသာပွေ့ချီမိတယ်၊ မိန်းကလေးဗျ၊ ကလေးဟာ ကျုပ်ရင်ခွင်ထဲလဲရောက်ရော လုံးဝအငိုရပ်သွားတယ်"

"အဲဒီကလေးဟာ ရှင့်ရှေ့မှာရှိနေတဲ့ ကျွန်မသမီးကလေးပဲ မဟုတ်လားရှင်"

"မှန်ပါတယ်၊ ဒီကလေးဟာ သမီးလေးတာလင်းပါပဲ"

ယန်စီပန်သည် မျက်ရည်များ တွေတွေကျဆင်းလာ၏။

"သမီးလေး ..... ကြားပြီမဟုတ်လားကွယ်"

တာလင်းသည် ယန်စီပန်အား ပြေး၍ပွေ့ဖက်လိုက်၏။

"မေမေ....."

ကွဲကွာနေကြသော သားအမိသည် တင်းတင်းကြပ်ကြပ်ပင် ပွေ့ဖက်မိကြ၏။ သူတို့နှစ်ယောက်စလုံး မျက်ရည်များစိုရွှဲနေသည်။

သူတို့သားအမိကိုတွေ့မြင်ရသောအခါ .... မွေးစားဖခင် ခြေသလုံးအိမ်တိုင်ဂိုဏ်းခွဲမှူး တာစင်းပင် မျက်ရည်ကျမိလေသည်။

ယန်စီပန်က တာလင်း၏မျက်ရည်များကိုယုယစွာသုတ်ပေးမိလေ၏။

"တော်သေးတာပေါ့သမီးရယ်၊ သမီးတို့ကို မေမေ မြန်မြန်ဆန်ဆန်မသတ်မိတာ၊ သတ်မိရင် မေမေရင်ကျိုးရမယ်"

တာလင်းမှာ ရှိုက်ကြီးတငင်ငိုနေမိသည်။

"တိတ်ပါ သမီးရယ်၊ သမီးနဲ့ မေမေတွေ့ကြပြီပဲ၊ မေမေ့ရင်ထဲမှာ ဘယ်လောက်ဝမ်းသာနေတယ်ဆိုတာ ပြောမပြတတ်တော့ပါဘူးသမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးလဲ မေမေ့လိုပါပဲ မေမေရယ်၊ ငယ်ငယ်ကလေးတည်းက အမိမဲ့ဘဝနဲ့နေလာခဲ့ရတာ၊ အခုမှပဲ မိခင်ရဲ့အရိပ်ကို ခိုလှုံခွင့်ရတော့တယ်၊ သမီး ဝမ်းသာပါတယ် မေမေရယ်"

ခြေသလုံးအိမ်တိုင်ဂိုဏ်းခွဲမှူး တာစင်းမှာ မျက်ရည်များ သုတ်လိုက်လေသည်။ သူသည် တာလင်းအား အသက်နှစ်ဆယ်ကျော်အထိ ကျွေးမွေးခဲ့ရသူ မွေးစားဖခင် မဟုတ်ပါလား။

တာလင်းသည် သူမ၏ မွေးစားဖခင်အား သတိရသွားပြီးနောက် .....

"ဖေဖေ ..... ဖေဖေ့ကို သမီးမချစ်တော့လို့ မဟုတ်ပါဘူး၊ မိခင်ရင်းကို တွေ့ရပေမယ့်လဲ ဖေဖေ့ကို အဖေအရင်းလို ချစ်မြဲချစ်လျက်ပါ၊ အနှစ်နှစ်ဆယ်ကျော်ကျော် ကျွေးမွေးပြုစုလာခဲ့တဲ့ ဖေဖေ့ကျေးဇူးကို သမီးမမေ့ပါဘူး ဖေဖေရယ်"

တာလင်းသည် မွေးစားဖခင်အား ကမန်းကတန်း ရှင်းပြလိုက်၏။ ထိုအခါ ခြေသလုံးအိမ်တိုင် ဂိုဏ်းခွဲမှူးမှာ ပြုံးနေတော့သည်။

"သမီးရယ် ..... ဖေဖေကလဲ သမီးကိုချစ်ပါတယ်၊ အနှစ်နှစ်ဆယ်ဆိုတဲ့ သံယောဇဉ်ကြိုးက နည်းတာမှ မဟုတ်တာကလား"

ယန်စီပန်က ရုတ်တရက် တာစင်းကို မေးလိုက်၏။



"ဒါနဲ့ ကျွန်မစိတ်ထဲမှာ မရှင်းတာတစ်ခုရှိလို့ မေးစမ်းပါရစေဦး"

"ဟုတ်ကဲ့ မေးပါခင်ဗျာ၊ ဘာများမရှင်းတာ ရှိလို့လဲ"

"တောင်ခြေ ချောက်ကမ်းပါးအောက်မှာ ကျွန်မကိုတွေ့ပါလျက်နဲ့ ကလေးကိုခေါ်သွားပြီး ကျွန်မကိုတော့ ဘာဖြစ်လို့ ဒီအတိုင်းထားခဲ့တာလဲ"

"ဒါ ကျွန်တော့်ရဲ့ပေါ့လျော့မှုပါ၊ ခင်ဗျား လုံးဝမလှုပ်ရှားတော့ ခင်ဗျားသေသွားပြီလို့ပဲထင်ခဲ့ပါတယ်၊ ဒါကြောင့် ကလေးကိုပဲ ခေါ်သွားမိတာပါခင်ဗျာ၊ ဒါနဲ့ ခင်ဗျား ဘယ်တော့လောက်ကြာမှ သတိရလာသလဲ"

"ရှင်ထွက်သွားပြီး မကြာခင်မှာပဲ သတိပြန်ရလာတယ်လို့ ထင်ပါတယ်၊ ကျွန်မ သတိပြန်ရလာတော့ နေထွက်စပဲရှိသေးတယ်၊ ကျွန်မသတိရလာတော့ ဒဏ်ရာတွေက နာလိုက်တာလေ၊ ဒါပေမယ့် ဒဏ်ရာတွေကို ဂရုမစိုက်နိုင်အားပါဘူး၊ ကျွန်မသမီးကို လိုက်ရှာပါတယ်၊ လုံးဝ ပြန်မတွေ့ရတော့ပါဘူး ဘယ်တွေ့မလဲ၊ ရှင်က ခေါ်သွားတာကိုး"

"အခု ခင်ဗျားကံကောင်းပါတယ် —— ခင်ဗျား သမီးလေးကို သက်ရှိထင်ရှား ပြန်တွေ့နေရပြီမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်၊ ရှင့်ကိုကျေးဇူးတင်ပါတယ်၊ ကဲ .... ကျွန်မ သမီးလေးကိုတော့ ပြန်ခေါ်သွားပါရစေနော်"

တာစင်းသည် တာလင်းအား မျက်ရည်ဝေ့သောမျက်လုံးများဖြင့်ကြည့်သည်။

ထို့နောက် တာလင်း၏ဆံပင်များကိုပွတ်သပ်ပေးပြီး .....

"ကျုပ်နားလည်ပါတယ်ဗျာ၊ ခင်ဗျားဟာမိခင်ရင်းပဲ၊ ခင်ဗျားလက်ထဲပြန်ထည့်ရမှာပေါ့။ ကျုပ် သူ့ကိုသမီးရင်းလေးတစ်ယောက်လိုပဲ ချစ်ခဲ့မိပါတယ်၊ ကျုပ်စိတ်ထဲမှာ မွေးစားသမီးဆိုတဲ့အသိ လုံးဝမရှိပါဘူး၊ သမီးကလေးဟာ ကျုပ်နဲ့ အနှစ်နှစ်ဆယ်နေပြီးဖြစ်တယ်ဆိုတော့ မိခင်ရင်းဖြစ်တဲ့ခင်ဗျားကို ပြန်အလုည့်ပေးရမှာပေါ့"

တာလင်းမှာ မွေးစားဖခင်ကိုဖက်ပြီးမျက်ရည်ကျမိသည်။

"ဖေဖေရယ် ....."

ယန်စီပန်က .....

"ကျေးဇူးပါပဲရှင်၊ ဒါဆို ကျွန်မ သူတို့နှစ်ယောက်ကို ကျွန်မနေတဲ့နေရာကိုခေါ်သွားတော့မယ်၊ ဟိုကျရင် နှစ်ယောက်စလုံးကို အဆင့်မြင့်သိုင်းပညာရပ်တွေကို သင်ပေးလိုက်ပါ့မယ်"

တာစင်းက .....

"ခင်ဗျား အစီအစဉ် သိပ်ကောင်းပါတယ်၊ ကျုပ်သမီးလေး



ကို သိုင်းပညာတွေသင်ပေးခဲ့ပေမယ့် အားရကျေနပ်လောက်ပြီလို့ မယူဆပါဘူး၊ ခင်ဗျားက ထိပ်တန်းသိုင်းပညာတွေ သင်ပေးမယ်ဆိုတော့ ဘာပြောစရာရှိတော့မလဲ၊ သမီးလေးဟာ မကြာခင်မှာ ထက်မြက်တဲ့သိုင်းပညာရှင်တစ်ယောက်ဖြစ်လာလိမ့်မယ်လို့ ကျုပ်ယုံကြည်နေပါတယ်၊ သမီးလေးဟာ အင်မတန်ဉာဏ်ကောင်းပါတယ်"

"စိတ်ချပါ သမီးလေးကို ကျွန်မလို ထက်မြက်တဲ့သိုင်းပညာရှင်တစ်ယောက်ဖြစ်လာအောင် ကျွန်မ ဂရုစိုက်ပြီးသင်ပေးပါ့မယ်၊ ကဲလာ သမီးလေး သွားကြရအောင်"

တာလင်းသည် မွေးစားဖခင်အား ထိုင်၍ကန်တော့လေ၏။

တာစင်းမှာ စကားမပြောနိုင်တော့ပေ။

မျက်ရည်မကျအောင် ဟန်လုပ်၍ထိန်းနေရတော့၏။

"သမီးသွားတော့မယ်နော် ဖေဖေ"

တာစင်း မျက်နှာလွှဲပြီးခေါင်းညိတ်ပြလေ၏။

"ဦးလေးတာစင်း ကျွန်တော့်ကိုသွားခွင့်ပြုပါဦး"

မိန်စုပင်က နှုတ်ဆက်လိုက်၏။

တာစင်းက ခေါင်းညိတ်ပြလေ၏။

ယန်စီပန်ကတော့ နှုတ်မဆက်တော့ပေ။

ခြေသလုံးအိမ်တိုင်ကိုဏ်းခွဲမှူးတာစင်း စိတ်ထိခိုက်နေသည်

www.burmeseclassic.com

www.burmeseclassic.com



ကို သိသောကြောင့်ဖြစ်ပေသည်။

သူတို့သုံးဦးသည် ထိုနေရာမှခွာခဲ့လေ၏။

တာစင်းသည် သူတို့သုံးဦး ပျောက်ကွယ်သွားသည်အထိ ငေးကြည့်နေ၏။

"ဩော်... သမီးလေး ... သမီးလေး ... ငါ့ဘဝထဲကို မခေါ်ဘဲဝင်လာပြီး မနှင်ဘဲနဲ့ပြန်ထွက်သွားရသလားသမီးရယ်"

တာစင်းသည် စိတ်ထဲမှထိုသို့ပြောလိုက်မိသည်။

❀



ဝတ်စုံနက်သုံးယောက်

မြင်းတပ်မိုလ်သည် စိတ်မရှည်နိုင်သဖြင့် အော်လိုက်၏။

"ဟေ့ကောင်တွေ ..... မင်းတို့ တယ်နှေးကြတာပဲကွ၊ တော်ကြာ ကြာရကောင်းလားဆိုပြီး နယ်စားကြီးစိတ်ဆိုးနေလိမ့်မယ်၊ သူစိတ်ဆိုးရင် ဘယ်လောက်ကြောက်စရာကောင်းတယ်ဆိုတာ မင်းတို့သိကြတယ်မဟုတ်လား"

မြင်းတပ်သားလေးယောက်မှာ နယ်စားကြီးဝမ်ကျိုးဝေ၏ စေခိုင်းချက်ကြောင့် ခရီးထွက်လာသူများဖြစ်ကြသည်။

သူတို့သည် ဖန်ရှာမြို့မှ မနက်ကတည်းက ထွက်လာခဲ့ကြသော်လည်း မွန်းလွဲ သည့်တိုင် မာစူးမြို့သို့မရောက်သေးချေ။

ထို့ကြောင့် ....

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ဖြစ်သူ မြင်းတပ်ဗိုလ်လေးက အော်လိုက်ခြင်းဖြစ်သည်။

ကျန်တပ်သားသုံးယောက်တို့မှာ မြင်းတပ်ဗိုလ်၏အော်သံကြားသောအခါ မြင်းပြေးနှုန်းကိုပို၍မြှင့်လိုက်ကြသည်။

မြင်းသုံးကောင်သည် ပိုမိုကဆုန်စိုင်းကြတော့သည်။

သူတို့သည် မကြာမီ တောအုပ်ကြီးတစ်ခုထဲသို့ရောက်ရှိလာကြတော့၏။

ဤတောအုပ်ကိုလွန်လျှင် မာစူးမြို့သို့ရောက်ရှိကြပေတော့မည်။

"ဗိုလ်လေး"

မြင်းတပ်သားတစ်ယောက်က မဝံ့မရဲခေါ်လိုက်၏။

မြင်းတပ်ဗိုလ်လေးသည် လှည့်ကြည့်လိုက်၏။

"ဘာလဲကွ"

"ကျွန်တော်တို့ မြင်းတွေသိပ်ပင်ပန်းနေပါပြီ၊ ဒီတောအုပ်ထဲမှာ ခဏနားကြရင် ကောင်းမယ်လို့ထင်ပါတယ်"

အခြားတစ်ယောက်ကလည်းဝင်ပြောလိုက်၏။

"ဟုတ်တယ်ဗိုလ်လေး၊ ကျွန်တော့်မြင်းလဲ လျှာတောင် ထွက်နေပြီ ဒီတောအုပ်ကိုလွန်ရင် မာစူးမြို့ကိုရောက်တော့မှာပဲ



ခဏနားရင် ကောင်းမယ်ထင်ပါတယ်"

တပ်သားနှစ်ယောက်စလုံးကတောင်းပန်လိုက်သဖြင့် မြင်းတပ်ဗိုလ်လေးမှာ မငြင်းပယ်နိုင်အောင်ဖြစ်သွားသည်။

တကယ်လည်း မြင်းများ မောနေကြသည်မဟုတ်ပါလား။

သူသည် မြင်းများ မောပမ်းနေသည်ကိုသိသည်။

သို့သော်လည်း နယ်စားကြီး၏ဒေါသကိုသိရှိသဖြင့် ဇွတ်မှိတ်အမိန့်ပေးနေရခြင်းဖြစ်သည်။ ယခု တပ်သားများကထောက်ပြလာကြမှတော့ နားရုံပဲရှိပေမပေါ့။

"ကဲ ..... ကဲ ..... မြင်းတွေသိပ်မောနေပြီဆိုရင်လဲ ခဏနားကြပေတော့၊ သိပ်အကြာကြီးနားလို့တော့ မဖြစ်ဘူးနော်"

မြင်းတပ်ဗိုလ်လေးသည် မလွှဲမရှောင်သာနားခွင့်ပြုလိုက်ရလေ၏။ သူတို့လေးယောက် မြင်းပေါ်မှဆင်းလိုက်ကြပြီး သစ်ပင်ရိပ်အောက်တွင်ဝင်ထိုင်လိုက်ကြသည်။ သူတို့ဆင်းပြီးမကြာမီ ဝတ်စုံနက်ဝတ်ဆင်ထားသူတစ်ယောက်သည် ရိပ်ခနဲရောက်ရှိလာ၏။

"ဟင် ....."

မြင်းတပ်သားနှစ်ယောက်သည် ဓားထုတ်ရန်ကြိုးစားလိုက်ကြ၏။ သို့သော် သူတို့၏ဓားများ အပြင်မရောက်ပါချေ။

"ရှီး ..... ရှမ်း ....."

www.burmeseclassic.com

www.burmeseclassic.com



"အား ..... အား ....."

ဝတ်စုံနက်ကလျှင်မြန်လှ၏။ ဓားရောင်လင်းခနဲဖြစ်သွားပြီးနောက် မြင်းတပ်သားနှစ်ယောက်မှာအဝတ်ကိုပုံချလိုက်သည့်အလားအောက်သို့ကျသွားကြ၏။

မြင်းတပ်သားနှစ်ယောက်လဲကျသွားသည်ကို မြင်သောအခါ မြင်းတပ်ဗိုလ်လေးသည် ဒေါသထွက်သွား၏။ ကျန်တပ်သားတစ်ယောက်ကလည်း ဝတ်စုံနက်ကိုပြေး၍ဝင်ခုတ်သည်။

ဝတ်စုံနက်က ထိုဓားချက်များကိုလွတ်သည်ဆိုရုံရှောင်တိမ်းလျက် သူ့လက်ထဲမှဓားဖြင့် ပြန်လည်တိုက်ခိုက်လိုက်သည်။

"ဝှီး ....."

"ခြွမ်း ..... ခြွမ်း ....."

အသံချင်း ထိခတ်သံပေါ်လာသည်။ ထို့နောက် ဝတ်စုံနက်က မြင်းတပ်သား၏ရင်ဝကို လက်ဝါးဖြင့်ရိုက်ချလိုက်လေ၏။

"ဝုန်း ....."

"အား ....."

မြင်းတပ်သားသည် မြေပြင်သို့ လွင့်စဉ်ထွက်သွားသည်။ ပြန်ထလာခြင်းမရှိတော့ပေ။ သူ့လူများအားလုံး လဲကျသွားပြီဖြစ်၍ မြင်းတပ်ဗိုလ်လေး သည် သဲကြီးမဲကြီးဖိတိုက်တော့သည်။



မြင်းတပ်ဗိုလ်မှာ နယ်စားကြီး၏ လက်ရွေးစဉ်တပ်ဖွဲ့မှ တပ်ဗိုလ်တစ်ယောက်ဖြစ်သောကြောင့် သိုင်းပညာအဆင့်မြင့်မားသည်ဆိုသော်လည်း ဝတ်စုံနက်နှင့်မူ သိုင်းပညာချင်းကွာခြားလှ၏။

သို့ဖြစ်၍မကြာမီအချိန်အတွင်းမှာပင် ဝတ်စုံနက်၏ဓားချက်သည် တပ်ဗိုလ်၏ပခုံးစွန်းနှင့်ထိသွားလေတော့၏။

"ရွမ်း ....."

"အား ....."

မြင်းတပ်ဗိုလ်လေးမှာ ပခုံးထိသွားသဖြင့် ဓားကိုင်နိုင်ခြင်းမရှိတော့ပေ။ ဝတ်စုံနက်သည် ဓားကို ဓားအိမ်ထဲသို့ ပြန်သွင်းလိုက်တော့၏။ ထို့နောက် တစ်စုံတစ်ခုကိုထုတ်ယူကာ မြင်းတပ်ဗိုလ်လေးအနီးသို့ပစ်ချလိုက်၏။ သံမဏိတံခွန်လေးတစ်ခုတည်း။

ထို့နောက် မြင်းတပ်ဗိုလ်လေးသည် ပခုံးစွန်းကိုလက်ဖြင့်ဖိကိုင်လျက် သံမဏိတံခွန်လေးကိုကြည့်လိုက်သည်။

"သံမဏိတံခွန်လေးပါလား"

သူ တီးတိုးရေရွတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်စုပင်သည် မြို့ထဲမှ စားသောက်စရာများကိုဝယ်ခြမ်းပြီး ပြန်လာချိန်တွင် တာလင်းမှာ မြေကွက်လပ်၌ သိုင်းပညာလေ့ကျင့်နေလေ၏။ ပန်းခြားယန်စီပန်က သမီးဖြစ်သူ သိုင်းလေ့ကျင့်နေသည်ကိုကြည့်ရှုနေသည်။

မှားသည့်အကွက်ကို ထောက်ပြနေသည်။

မိန်စုပင်သည် အိမ်ထဲသို့ တန်းဝင်သွားပြီး အစားအသောက်များကို သိမ်းဆည်းပြီး အိမ်ထဲမှပြန်ထွက်လာသည်။

ထိုအချိန်တွင် တာလင်းသည် သိုင်းလေ့ကျင့်မှု ပြီးစီးသွားလေပြီ။ သူ့အမေရှေ့တွင်ရပ်ကာ ချွေးသုတ်နေသည်ကို မိန်စုပင်မြင်ရ၏။

မိန်စုပင် အိမ်ထဲမှထွက်လာသည်ကို တာလင်းသည် ယခုမှပင် မြင်သည်။

"သြော် ..... ရှင်တောင်ပြန်လာပြီကိုး၊ ဒါနဲ့ ဖူချောင်မြို့ထဲမှာ ဘာသတင်းတွေများထူးခြားသလဲ"

သူမသည် မိန်စုပင်နှင့်အတူ ဖူချောင်မြို့ထဲသို့ လိုက်လိုသော်လည်း သူမ၏မိခင်က သိုင်းလေ့ကျင့်မည်ဟုဆိုသဖြင့် ကျန်နေခဲ့ခြင်းဖြစ်သည်။ ယခု မိန်စုပင် ဖူချောင်မြို့ထဲမှ ပြန်လာသောအခါ ဖူချောင်မြို့မှ ကြားရမည့်သတင်းများကိုမေးမြန်းတော့သည်။



"အင်း ..... မြို့ထဲက သတင်းတွေတော့ ကြားခဲ့ရပါတယ်"

"သတင်းထူး သတင်းဆန်းတွေလား"

"ဟာ ..... သတင်းထူးပေါ့"

"ပြောစမ်းပါ၊ သတင်းထူးဆိုတာကို ကျွန်မကြားချင်တယ်"

တာလင်းက စိတ်ဝင်စားစွာ မေးလိုက်သည်။ တာလင်းမှာ ခြေသလုံးအိမ်တိုင် ဂိုဏ်းဝင်မဟုတ်တော့ပေ။

ထို့ကြောင့် သူတောင်းစား အဝတ်အစားများကို မဝတ်ဆင်တော့ပေ။ သာမန်မိန်းကလေးတစ်ယောက်၏အဝတ်အစားများကို ဝတ်ဆင်နေသည်။ သို့ဖြစ်၍ တာလင်း၏အလှမှာ နုပျိုရွှမ်းစိုနေသည်။ ယခုမှ အသက်နှစ်ဆယ်ကျော်ရှိသေးသည်မဟုတ်ပါ လော။

"အင်း ..... တာလင်းဟာ တော်တော်လှတဲ့မိန်းကလေးပဲ"

မိန်စုပင်သည် တာလင်း၏အလှကိုငေးကြည့်ပြီး မှတ်ချက်ချမိသည်။

"ဘာကြည့်နေတာလဲ၊ ကျွန်မ မေးတာကိုဖြေဦးလေ"

မိန်စုပင်သည် ထိုအခါမှ သူငေးကြည့်နေမိသည်ကိုသတိရပြီး ရှက်သွားလေ၏။

"ဟို ..... ဟို ..... ကြားပါတယ်"

"ကြားရင်လဲ ပြောလေ၊ ဘာသတင်းထူးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ယန်စီပန်က ကျောက်တုံးပေါ်တွင်ထိုင်ရင်း နားစွင့်နေ၏။

"ငါကြားခဲ့ရတဲ့သတင်းကတော့ အနက်ရောင်ဝတ်စုံဝတ်ပြီး သောင်းကျန်းနေတဲ့လူဟာ သုံးယောင်တောင်ရှိနေပြီတဲ့"

"ဟင် ....."

တာလင်း၏နှုတ်မှ အာမေဋိတ်သံ ထွက်သွားမိသည်။ ပန်းခါးယန်စီပန်ကတော့ ကျောက်တုံးပေါ်မှ ထလာမိလေသည်။

"ဘယ်လို ..... မိန်စုပင်၊ ဝတ်စုံနက်ဟာ သုံးယောင်တောင် ရှိပြီဟုတ်လား"

"ဟုတ်တယ်ဒေါ်ဒေါ် ... ကျွန်တော်တော့ ဒီအတိုင်းကြားခဲ့ရတယ်"

"မင်းကြားခဲ့ရသမျှကို ပြည့်ပြည့်စုံစုံ ပြန်ပြောစမ်းပါဦးကွာ"

"ဒီကနေ့ မြို့ထဲက စားသောက်ဆိုင်တစ်ဆိုင်က ကြားခဲ့ရတာပါ။ ဝတ်စုံနက်ထွက်ပေါ်လာတာ သုံးယောက်တောင်ရှိသွားပြီတဲ့"

"ဟုတ်မှဟုတ်ရဲ့လား မိန်စုပင်ရယ်၊ မင်းလူတွေက အရက်မူးပြီး လျှောက်ပြောနေတာများလား"

"ဟာ ..... ဒါတော့မဖြစ်နိုင်ပါဘူးဒေါ်ဒေါ်၊ ဒီလူတွေ ကြည့်ရတာ အရက်မူးနေပုံမရပါဘူး၊ စကားပြောတာ တည်တည်ငြိမ်ငြိမ်လဲ ရှိပါတယ်၊ ထုန်သည်ပွဲစားတွေနဲ့တူပါတယ်"



"ကဲ ..... ကဲ ..... မင်းဆက်ပြောဦး၊ ဝတ်စုံနက်သုံးယောက်ဟာ ဘယ်လိုကွာခြားသတဲ့လဲ"

"သုံးယောက်စလုံးဟာဝတ်စုံနက်ဝတ်ပြီး ခေါင်းစွပ်နက်စွပ်ထားတာမို့ ခွဲလို့မရဘူးတဲ့၊ ဒါပေမယ့် သုံးယောက်ဟာ အလုံးအရပ်ကွာသတဲ့၊ ထူးခြားတာကတော့ သုံးယောက်စလုံးတိုက်ခိုက်ပြီး ထွက်သွားခါနီး သံမဏိတံခွန်လေးပစ်ချသွားပုံချင်း တူသတဲ့"

"ဟင်း ....."

ယန်စီပန် သက်ပြင်းချလိုက်သည်။ သူမသည် စိတ်ရှုပ်သွား၏။ ဝတ်စုံနက်သုံးယောက်ပေါ်သည်ဟူသောသတင်းက သူမအား စိတ်ရှုပ်စေ၏။ သံမဏိတံခွန်များကိုပစ်ချသွားသည်ဟူသောသတင်း အတွက်လည်း သူမ စိတ်မချမ်းသာ။

ထိုသုံးယောက်တွင် တစ်ယောက်သည် သူမဖြစ်သည်။

ကျန်နှစ်ယောက်ကိုကား သူမ မသိ။

"ဝတ်စုံနက်သုံးယောက်ဆိုတော့ ကျန်တဲ့နှစ်ယောက်က ဘယ်သူတွေလဲ"

တာလင်းကဝင်မေးလိုက်၏။

"ဟုတ်တယ်၊ ဒေါ်ဒေါ်အပြင် နောက်နှစ်ယောက်ပေါ်လာတဲ့ သဘောပဲ၊ တစ်ယောက်ကတော့ ကျားမြီးဆွဲတဲ့အလုပ်ကိုလုပ်ထား

www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ သူတို့ပြောကြတာပဲ"

ယန်စီပန်နှင့်တာလင်းတို့အံ့သြသွားသည်။ ယန်စီပန်က ......

"ဘယ်လို ကျားမြီးဆွဲတာလဲ"

"ဒီလိုဒေါ်ဒေါ်ရဲ့၊ ဟိုတစ်နေ့က မာစူးမြို့အဝင် တောအုပ်ထဲမှာ နယ်စားကြီးဝမ်ကျိုးဝေရဲ့မြင်းတပ်သားလေးယောက်ကို တိုက်ခိုက်သွားသတဲ့"

"အဲဒီလေးယောက်စလုံး သေကုန်လား"

"အားလုံးတော့ မသေပါဘူး။ နှစ်ယောက်တော့ သေသတဲ့၊ တစ်ယောက်က ဒဏ်ရာပြင်းထန်ပြီး မြင်းတပ်ဗိုလ်ကတော့ ဒဏ်ရာရရုံပဲ ရသွားသတဲ့"

"အဲဒီဝတ်စုံနက်ထွက်သွားကာနီးမှာ သံမဏိတံခွန်လေး ကိုထားသွားတာပဲတဲ့လား"

မိန်စုပင်က ခေါင်းညိတ်ပြသည်။

"ဒါဟာ တကယ့်ကို ကျားမြီးဆွဲတဲ့အလုပ်ပဲ၊ မလုပ်သင့်ဘူး၊ နယ်စားကြီးဝမ်ကျိုးဝေကို သွားရန်စတာပဲ၊ အဲဒီဝတ်စုံနက်ဟာ တော်တော်စဉ်းစားဉာဏ်မရှိတာပဲ၊ နယ်စားကြီးဟာ သူ့လူတွေခံလိုက်ရတာကို ဘယ်နည်းနဲ့မှကျေနပ်မှာမဟုတ်ဘူး"

ယန်စီပန်က ခေါင်းတယမ်းယမ်းဖြင့်ပြောဆိုလေ၏။



တာလင်းက သူ့မိခင်အားကြည့်ပြီး ......

"အဲဒီဝတ်စုံနက်ဟာ မေမေတော့ မဟုတ်တန်ကောင်းပါဘူးနော်"

"ကြံကြံဖန်ဖန်သမီးရယ်၊ ခု ရက်ပိုင်းအတွင်းမှာ သမီးတို့နဲ့ မေမေအတူရှိနေတာပဲဥစ္စာ၊ မာစူးမြို့ကိုသွားချင်ရင် မေမေ့ကိုယ်ကို နှစ်ကိုယ်ခွဲပြီးမှသွားလို့ရမယ်၊ အဲဒီလိုလုပ်ရအောင် မေမေကတန်ခိုးရှင်လဲ မဟုတ်ဘူး၊ နောက်ပြီး မေမေ့ရန်သူက အန်ပေါင်ကျောက်ပါ။ အန်ပေါင်ကျောက်ကိုပဲ မေမေ လက်စားချေချင်တာပါ။ နယ်စားကြီးဝမ်ကျိုးဝေဟာ မေမေနဲ့ ဘယ်လိုမှပတ်သက်တဲ့လူမဟုတ်ပါဘူး၊ မေမေက ဝမ်ကျိုးဝေရဲ့လူတွေကို ဘာကြောင့်အကြောင်းမဲ့သတ်ဖြတ်ရမှာလဲ"

ယန်စီပန်က ရှင်းပြလိုက်သည်။ ယန်စီပန်၏ရှင်းပြချက်မှာ ရှင်းနေသည်။

တာလင်းက လက်ခံရသည်။

မာစူးမြို့တောအုပ်ထဲတွင် တိုက်ခိုက်ခဲ့သော ဝတ်စုံနက်မှာ သူ့အမေ လုံးဝမဟုတ်ကြောင်း တာလင်း ကောင်းစွာနားလည်သဘောပေါက်လေသည်။

တာလင်းသည် မိခင်ဖြစ်သူအတွက်စိုးရိမ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



တာလင်းက ……

“ဒါပေမယ့် …. နယ်စားကြီးဝမ်ကျိုးဝေကတော့ သူတို့ကို တိုက်တဲ့ဝတ်စုံနက်ဟာ ဘယ်သူဘယ်ဝါလို့ ခွဲခြားသိမှာမဟုတ်ဘူး။ သုံးယောက်စလုံး ခေါင်းစွပ်နက်တွေတပ်ထားပြီး သုံးယောက်စလုံး သံမဏိတံခွန်လေးတွေကိုပစ်ချတာလဲတူနေတော့ တွေ့တဲ့ဝတ်စုံနက်ကို နယ်စားကြီးဝမ်ကျိုးဝေတိုက်ခိုက်တော့မှာပဲ”

ယန်စီပန်က ……

“သမီးစိုးရိမ်တာ မှန်ပါတယ်၊ နယ်စားကြီးဝမ်ကျိုးဝေဟာ သူ့လူတွေကိုတိုက်ခိုက်သွားတဲ့ဝတ်စုံနက်ဟာ ဘယ်သူဘယ်ဝါဆိုတာ ခွဲခြားမသိတော့ဘဲ မည်းမည်းမြင်ရာကိုတိုက်ခိုက်ဖမ်းဆီးတော့မှာပဲ၊ ဒါကြောင့် ဒီရက်ပိုင်းအတွင်းမှာ မေမေ ဘယ်မှမသွားတော့ဘူး။ သမီးတို့ကို နေ့တိုင်းသိုင်းပညာသင်ပေးမယ်”

ယန်စီပန် ထိုသို့ပြောလိုက်သောအခါ တာလင်းစိတ်အေးသွားသည်။

သို့သော် တစ်စုံတစ်ခုကိုစဉ်းစားမိသွားလေသည်။

“မေမေ ……”

“ပြော …. သမီး”

“ဝတ်စုံနက်သုံးယောက်မှာ မေမေတစ်ယောက်ကိုပဲ သမီးတို့သိတယ်၊ ကျန်နှစ်ယောက်ကိုသမီးတို့မသိဘူး။ မေမေကော ခန့်မှန်းနိုင်သလားဟင်”

“မေမေလဲ မစဉ်းစားတတ်ပါဘူးသမီးရယ်၊ ဒါပေမယ့် အမှန်တရားဆိုတာ တစ်နေ့တော့ပေါ်လာမှာပါ၊ အဲဒီအခါကျရင် ဒီပြင်ဝတ်စုံနက်နှစ်ယောက်ဟာ ဘယ်သူတွေလဲဆိုတာ သမီးသိလာပါလိမ့်မယ်”

ယန်စီပန်က သမီးဖြစ်သူအား နှစ်သိမ့်ပြော ပြောလိုက်လေ၏။ မိန်စုပင်ကတော့ ဝတ်စုံနက်နှစ်ယောက် မည်သူဖြစ်မည်ကိုလုံးဝမသိပါချေ။

❀



www.burmeseclassic.com

www.burmeseclassic.com



## ကျွန်းကြီးပိုင်ရှင်

ဟိုအန်မြို့သည် ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည်။

ဖူချောင်ကဲ့သို့ ကြီးမားသောမြို့မဟုတ်ချေ။

သို့သော် ဆိပ်ကမ်းမြို့ဖြစ်သည့်အားလျော်စွာ မြို့ကြီးတစ်မြို့ပမာ စည်ကားလေသည်။

အထူးသဖြင့် ဆောင်းရာသီတွင် ပို၍စည်ကားသည်။

အနယ်နယ်အရပ်ရပ်မှ ကုန်များတင်ဆောင်လာသော ရွက်လှေကြီးများသည် ဆောင်းရာသီ၌ ဟိုအန်မြို့၌ ပို၍ဆိုက်ကပ်ကြလေသည်။

ရွက်လှေကြီးများ၌ပါသောကုန်များကိုချ၍ ဟိုအန်မြို့မှတစ်ဆင့် အနယ်နယ်အရပ်ရပ်ကိုလွှဲပြောင်းရယူကြရာ ....



မြင်းရထား လှည်းများဖြင့်ဆူညံစည်ကားနေတော့သည်။

ထိုဆောင်းရာသီကာလ၌ စားသောက်ဆိုင် တည်းခိုခန်းများမှာ လူများပြည့်လျှံနေပြီး နောက်ကျသူများအတွက် နေရာမရဘဲဖြစ်တတ်ပေသည်။

စားသောက်ဆိုင်ထဲဝင်မည့် ဝမ်ထိုင်စန်နှင့်မိန်ချန်ယူတို့မှာ ဟိုဆိုင်ဝင်ရတော့မလိုလို သည်ဆိုင်ဝင်ရတော့မလိုလိုနှင့် ယောင်ကန်းကန်းဖြစ်နေကြသည်။ ဆိုင်များမှာ လူပြည့်နေပြီမဟုတ်ပါလား။

"မိန်ချန်ယူ .... သိပ်ဆာနေပြီလား"

"ဆာတယ်"

"ခဏတော့သည်းခံပြီး လျှောက်လိုက်ပါ၊ ရှေ့နားကျရင် ဆိုင်တစ်ဆိုင်တော့တွေ့မှာပေါ့"

မိန်ချန်ယူသည် ဘာမျှမပြောဘဲ ဝမ်ထိုင်စန်နောက်သို့ လိုက်တော့သည်။ ဝမ်ထိုင်စန်သည် မိန်ချန်ယူအပေါ်သနားသဖြင့် ဆိုင်တွေ့ရန် လမ်းဘေးဝဲယာသို့လိုက်ကြည့်တော့သည်။

ကံအားလျော်စွာ ဆိုင်တစ်ဆိုင်ကိုတွေ့ရသည်။

"ကဲ .... မိန်ချန်ယူ၊ ဒီဆိုင်မှာ ထိုင်စရာနေရာတော့ရမယ်၊ ဝင်ကြစို့"

"ကိစ္စမရှိပါဘူး၊ ကျွန်မလဲဗိုက်ပြည့်ရင် တော်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နှစ်ယောက်သားဆိုင်ထဲဝင်ပြီး အစားအသောက်များကို မှာကြားတော့၏။

မကြာမီ အငွေ့တထောင်းထောင်းနှင့်စားသောက်စရာများ သူတို့ရှေ့သို့ ရောက်ရှိလာလေ၏။

"အစားအသောက်တွေက တော်တော်ပူပုံရတယ်"

အငွေ့ထောင်းထောင်းထနေသည်ကိုကြည့်ပြီး ဝမ်ထိုင်စန်ကပြောလိုက်၏။ ထို့နောက် ဝမ်ထိုင်စန်နှင့်မိန်ချုန်ယူတို့သည် အစားအစာများကို စတင်စားလေတော့၏။

သူတို့နှစ်ယောက် ဟိုအန်မြို့ကလေးသို့ ရောက်လာခြင်းမှာ အကြောင်းရှိသည်။ ရေကြောင်းခရီးဖြင့် ခရီးသွားလိုလျှင် ဟိုအန်မြို့သို့ မလာလျှင်မရချေ။ ဟိုအန်သည် ရေကြောင်းလမ်းဆုံရာမြို့ဖြစ်၏။

သူတို့သည် တောင်ကျွန်းစုသို့သွားလိုသဖြင့် ဟိုအန်မြို့သို့ ရောက်လာခြင်းဖြစ်သည်။ ဟိုအန်မြို့မှ ရွက်လှေတစ်စင်းစင်း တက်စီးလျှင် တောင်ကျွန်းစုသို့ ရောက်နိုင်သည်မဟုတ်ပါလော။

ထိုမှတဆင့် မရဏကျွန်းသို့ ခရီးဆက်ရပေလိမ့်မည်။ မရဏကျွန်းသို့ရောက်လျှင် မိန်ချုန်ယူအတွက် ကြာကေရာဇ်၏ဝတ်ဆံကို အရယူပေလိမ့်မည်။ ထိုခရီးသည် အခက်အခဲအကျပ်အတည်း အတားအဆီးများရှိမည်ကို ဝမ်ထိုင်စန်သိသည်။



သို့သော် ထိုအတားအဆီးများကိုဖြတ်ကျော်ရန် သန္နိဋ္ဌာန်ချထားသည်။ သူသည် စားသောက်ရင်းမှစားပွဲထိုးကလေးကို လှမ်းခေါ်လိုက်၏။

"ဟေ့ .... မင်းကို တစ်ခုလောက်မေးချင်တယ်၊ အခု ဟိုအန်မြို့မှာဆိုက်ကပ်ထားတဲ့ရွက်လှေတွေထဲက တောင်ကျွန်းစုကိုသွားမယ့်ရွက်လှေများ မပါဘူးလားဆိုတာ ငါသိချင်တယ်"

စားပွဲထိုးလေးက ....

"ဟာ .... ဆရာတို့ကံကောင်းတယ်၊ တောင်ကျွန်းစုကို သွားမယ့်ရွက်လှေတစ်စင်းရှိတယ်၊ အဲဒီရွက်လှေဟာ ဒီညပဲ ပြန်ထွက်လိမ့်မယ်၊ အဲဒီရွက်လှေနဲ့လိုက်သွားပေတော့၊ တကယ်လို့ ဆရာတို့သာ မနက်ဖြန်မှ လာစုံစမ်းမိရင် တောင်ကျွန်းစုကို ဆရာတို့ ဘယ်လိုမှ မလိုက်နိုင်တော့ဘူး၊ ကံကောင်းတယ်၊ တော်တော် ကံကောင်းတယ်"

"အေး အခုလိုပြောပြတဲ့အတွက် ကျေးဇူးတင်ပါတယ်ကွာ"

ဝမ်ထိုင်စန်သည် စားပွဲထိုးလေးအား ကျေးဇူးတင်စကားပြောရင်း လက်ထဲသို့ ငွေဒင်္ဂါးတစ်ပြားထည့်ပေးလိုက်၏။

စားပွဲထိုးလေးက ဝမ်းသာအားရယူလိုက်သည်။ သူတို့ဘဝတွင် ငွေဒင်္ဂါးတစ်ပြားရဖို့ဆိုသည်မှာ လွယ်သည်မဟုတ်ပါချေ။ ထိုစဉ် တစ်ဖက်ဝိုင်းမှ ဆူညံညံအသံများကြားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ .... ပေးစရာငွေမရှိဘူးဟုတ်လား၊ ဒီမှာ အဘိုးကြီး ကျုပ်တို့ဆိုင်က ပိုက်ဆံနဲ့ရောင်းတဲ့ဆိုင်ဗျ၊ လူတကာကို စားချင်တိုင်း စားဆိုပြီး အလကားကျွေးနေတဲ့ဆိုင်မဟုတ်ဘူး၊ ခင်ဗျား မစားခင်က ကိုယ့်မှာပိုက်ဆံရှိမရှိ စစ်ဆေးကြည့်သင့်တယ်"

ဝမ်ထိုင်စန်သည် လှည့်ကြည့်လိုက်၏။ ဆိုင်ရှင်က စုတ်စုတ် ပြတ်ပြတ်ဝတ်ထားသည့်အဘိုးကြီးတစ်ယောက်အား ကြိမ်းမောင်း ငေါက်ငမ်းနေသည်ကိုတွေ့လိုက်ရသည်။

အဘိုးကြီးမှာအသက်ကြီးလှပေပြီ။ အသက်ခုနစ်ဆယ်ကျော် ကျော်နီးပါးရှိနေလေပြီ။ ဟောင်းနွမ်းသောအနက်ရောင်အဝတ်အစား များဖြင့် စုတ်စုတ်ပြတ်ပြတ်ဝတ်ဆင်ထားလေ၏။

အဘိုးကြီးကတော့ မျက်နှာမပျက်ချေ။ ခပ်မာမာပင်။

"ငါ မရှိလို့ မရှိဘူးပြောတဲ့ဥစ္စာ၊ ဘာလဲ .... မင်းက မကျေနပ်လို့လား"

သူက ဆိုင်ရှင်ကိုကြည့်ကာမေးခွန်းထုတ်နေလိုက်သေး၏၊ ဆိုင်ရှင်သည် ပို၍ဒေါသဖြစ်သွား၏။ အဘိုးကြီး၏အင်္ကျီ ရင်ဘတ်ကို ဆွဲဆောင့်လိုက်သည်။ ဝမ်ထိုင်စန်ကလှမ်းတားလိုက်၏။

"ကဲ .... ကဲ .... ခင်ဗျား သူ့ကိုဘာမှမလုပ်ပါနဲ့၊ သူစားသမျှကို ကျုပ်စိုက်ပေးလိုက်ပါ့မယ်"



ဆိုင်ရှင်သည် အဘိုးကြီး၏အင်္ကျီစအားလွှတ်လိုက်၏။

"စုစုပေါင်း ငွေဒင်္ဂါးသုံးပြားကျတယ်"

ဒင်္ဂါးသုံးပြားဆိုသည့်တန်ဖိုးမှာ နည်းနည်းနောနောမဟုတ်ချေ။ အဘိုးကြီးစားသည်မှာ ဤမျှလောက် မကျနိုင်ချေ။

သို့သော် ဝမ်ထိုင်စန် စကားမပြောချင်သဖြင့် ငွေကိုပေးချေလိုက်လေ၏။ သူသည် အဘိုးကြီးအတွက် ပေးချေပြီးသောအခါ သူ့စားပွဲတွင် ပြန်ထိုင်လိုက်သည်။ အဘိုးကြီးက သူ့စားပွဲသို့လျှောက်လာလေ၏။

ခုံလွတ်တစ်ခုတွင်အဘိုးကြီးဝင်ထိုင်သည်။ ဝမ်ထိုင်စန်အံ့သြသွားသည်။ သို့သော် ....

"အဘိုး .... ထပ်စားချင်သေးလို့လား၊ ထပ်စားပါ ကျွန်တော်ရှင်းလိုက်ပါ့မယ်"

အဘိုးကြီးကခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူးကွ ... မောင်ရင်က ကျုပ်အတွက်ငွေစိုက်ရှင်းလိုက်တယ်မဟုတ်လား၊ ဒါကြောင့်မို့ စကားစမြည်ပြောရအောင် ဒီဘက်ကူးလာတာပါ"

"သြော် ...."

အဘိုးကြီးက မိန်ချုန်ယူကိုကြည့်လိုက်ပြီး ....

www.burmeseclassic.com

www.burmeseclassic.com



"စပ်စုတယ်လို့မထင်နဲ့နော်၊ မောင်ရင်တို့နှစ်ယောက်က ဒီမြို့ကပဲလား"

"မဟုတ်ပါဘူး၊ ကျွန်တော်ဖန်ရာမြို့ကပါ၊ ခရီးတစ်ခုသွားစရာရှိလို့ ဒီမြို့ကိုရောက်လာတာပါ၊ ဒီမြို့က ဆိပ်ကမ်းမြို့မဟုတ်လား၊ ရေကြောင်းခရီးသွားချင်ရင် ဒီမြို့ကို မလာလို့မရဘူးလေ"

"သြော် .... မောင်ရင်တို့က ခရီးသွားမယ့်လူတွေကိုး၊ ဘယ်ကိုသွားမယ်ဆိုတာကော ပြောမပြနိုင်ဘူးလား"

အဘိုးကြီးသည် လိုသည်ထက်ပို၍စပ်စုလာ၏။ ဝမ်ထိုင်စန်မှမနှစ်သက်သော်လည်း .... အဘိုးအိုတစ်ယောက်ဟူသောအသိဖြင့်သည်းခံ၍ဆက်ပြောနေလေသည်။

"ကျွန်တော်တို့ တောင်ကျွန်းစုကိုသွားမလို့ပါ"

အဘိုးအိုသည် အံ့သြသွားသည်။

"ဘယ်လို မင်းတို့ တောင်ကျွန်းစုကိုသွားမလို့ ဟုတ်လား"

"ဟုတ်ပါတယ်အဘိုး"

"နေစမ်းပါဦး .... တောင်ကျွန်းစုဆိုတာကို တော်ရုံတန်ရုံလူတွေ သွားကြတာမဟုတ်ဘူး၊ မင်းတို့ကဘာကိစ္စနဲ့သွားကြတာလဲ"

"ဘာကိစ္စမှမရှိပါဘူး၊ အလည်သဘောမျိုးသွားကြတာပါ"

ဝမ်ထိုင်စန်က ညာပြောလိုက်သည်။



ခရီးစဉ်အမှန်ကို ပြောပြ၍မဖြစ်ဟုဝမ်ထိုင်စန်မှတ်ယူသည်။ ထိုအခါ အဘိုးအိုကရယ်မောတော့သည်။ အားပါးတရရယ်သည်။

ထို့နောက် ....

"တောင်ကျွန်းစုကို အလည်သက်သက်သွားမလို့ဟုတ်လား၊ အင်း .... တကယ့်ကို အာဂကလေးတွေနဲ့တော့တွေ့နေရပြီ၊ မင်းတို့နှစ်ယောက်ကိုကြည့်ရတာ သတ္တိတော့အတော်ကောင်းပုံရတယ်"

"ဟုတ်ကဲ့ .... အဘိုး၊ ကျွန်တော်တို့ ဘယ်သူ့ကိုမှမကြောက်တာတော့အမှန်ပဲ၊ ဒါကြောင့်မို့လဲ .... ကျွန်တော်တို့နှစ်ယောက်တည်းထွက်လာခဲ့ကြတာပေါ့"

"ကြိုက်သွားပြီ၊ လူကလေးတို့ရဲ့သတ္တိကိုတော့ကြိုက်သွားပြီ၊ ဒါဆို အဘိုးလဲ တောင်ကျွန်းစုကိုလူလေးတို့နဲ့အတူတူလိုက်ခဲ့မယ်ကွာ၊ ဘယ့်နှယ်လဲ မင်းသဘောတူရဲ့လား"

ဝမ်ထိုင်စန် စဉ်းစားရတော့သည်။

အဘိုးအိုအား သူကျေးဇူးပြုခဲ့သည့်အရာမှာ မည်သို့မျှအရာမရောက်ချေ။ ထိုအချက်ကို ထည့်စဉ်းစားရန်မလိုချေ။

သို့သော် အဘိုးအို၏သွင်ပြင်ရုပ်လက္ခဏာကိုကြည့်ရသည်မှာ ရည်မွန်ပုံရပေသည်။ ထို့ကြောင့် ဝမ်ထိုင်စန်တစ်ထိုင်တည်းနှင့်ဆုံးဖြတ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ .... အဘိုး လိုက်ချင်တဲ့ဆန္ဒရှိနေရင် လိုက်ခဲ့ပေတော့၊ အဘိုးကို ကျွန်တော်ခေါ်သွားပါ့မယ်"

အဘိုးအိုကကျေနပ်စွာပြုံးရင်း ....

"လူကလေးတို့ အဘိုးကိုခေါ်သွားလို့ အကျိုးမယုတ်စေရပါဘူးကွာ၊ ဟိုကျတော့ သိရပါလိမ့်မယ်"

ဝမ်ထိုင်စန်ကပြုံးလိုက်သည်။ ထို့နောက် ကျသင့်ငွေများကို ပေးချေလိုက်တော့သည်။

ထိုညတွင် ဝမ်ထိုင်စန်၊ မိန်ချန်ယူနှင့် အဘိုးအိုတို့သည် ရွက်လှေကြီးနှင့်လိုက်ပါသွားကြသည်။ နောက်သုံးရက်အကြာတွင် ဝမ်ထိုင်စန်တို့သုံးယောက်သည် တောင်ကျွန်းစုသို့ ရောက်ရှိသွားကြလေတော့သည်။

❀



သူတို့ခရီးစဉ်ကား မပြီးဆုံးသေးပါ။ မရဏကျွန်းသို့ဆက်လက်ထွက်ခွာရဦးမည်ဖြစ်ပေသည်။ သူတို့သည် တောင်ကျွန်းစုသို့ရောက်သောအခါ တံငါရွာကလေးများကိုတွေ့ကြရ၏။

"မရဏကျွန်းကိုသွားမယ်၊ လှေတစ်စင်းစင်းလိုချင်တယ်၊ ဘယ်သူလိုက်ပို့မလဲ"

လိုက်ပို့မည့်သူ တစ်ယောက်မျှမရှိ။ သရဲတစ္ဆေအိုချုးနေထိုင်သောမရဏကျွန်းကို လိုက်မပို့ရဲသူများချည်းဖြစ်နေပါသည်။

နောက်ဆုံးတွင် ဝမ်ထိုင်စန်သည် လှေတစ်စင်းကိုဝယ်ယူရတော့သည်။

လှေကိုဝယ်၍ အဘိုးအိုက ဦးမှလှော်ခတ်ကာ ဝမ်ထိုင်စန်က ပဲ့မှလှော်ခတ်ရလေတော့၏။

မိန်ချန်ယူကမူ အလယ်ကထိုင်လိုက်ရလေသည်။

ရွက်လှေပေါ်တွင် မိန်ချန်ယူ မသိအောင် ဝမ်ထိုင်စန်က အဘိုးအိုအား အားလုံးရှင်းပြပြီးခဲ့လေပြီ။

အကြောင်းစုံသိသွားပြီဖြစ်သော အဘိုးအိုက ကြာကေရာဇ်၏ဝတ်ဆံကို ရယူရာတွင် တတ်နိုင်သမျှ အကူအညီပေးမည်ဟု ကတိပေးခဲ့သည်။

မည်သို့ပင်ဖြစ်စေ ဝမ်ထိုင်စန်ကတော့ ပြုံးနေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှအသက်အရွယ်ကြီးရင့်သောအဘိုးအိုထံမှ မည်သည့်အကူအညီများရမည်နည်းဟု တွေးတောနေလေ၏။

ဤသို့ဖြင့် လှသုံးဦးသည် သရဲတစ်ထောင်အိုချုံးနေထိုင်ရာမရဏကျွန်းဆီသို့ တစ်စတစ်စနီးကပ်လာလေတော့၏။

ထိုသို့နီးကပ်လာသည်နှင့်အမျှ ဝမ်ထိုင်စန်မှာ ရင်တထိတ်ထိတ်ဖြစ်လာလေ၏။ သူရင်ထိတ်ရခြင်းမှာ ကြောက်ရွံ့၍မဟုတ်ပေ။

မရဏကျွန်းမှအန္တရာယ်ကို ရင်ဆိုင်ရတော့မည်ဖြစ်၍ စိတ်လှုပ်ရှားကာ ရင်ထိတ်နေမိခြင်းဖြစ်သည်။

"ရှေ့ကမြင်ရတဲ့ကျွန်းဟာ ကျွန်မတို့သွားမယ့်ကျွန်းလား"

"ဟုတ်တယ်သမီး၊ အဘိုးတို့သွားမယ့်မရဏကျွန်းဆိုတာပဲ"

"ကျွန်းကလေးက တော်တော်သာယာပုံရတယ်နော်"

မရဏကျွန်းအမည်မှာ ကြောက်စရာကောင်းလှသည်။

ရှုခင်းကတော့ အတော့်ကို လှပနေသည်။ သရဲတစ်ထောင်အိုချုံးသာ ထိုကျွန်း၌ ရှိမနေလျှင် လူအများ သွားလာလည်ပတ်သည့်ကျွန်း ဖြစ်မည်မှာအမှန်ပင်။

"လူလေး .... ကျွန်းနားနီးလာပြီ၊ မိန်ချုန်ယူကို ဂရုစိုက်"

"ဟုတ်ကဲ့အဘိုး"

အဘိုးအိုကနားနားကပ်၍ သတိပေးစကားပြောလိုက်၏။



ဝမ်ထိုင်စန်ကလည်း ခေါင်းညိတ်ပြလိုက်လေသည်။ သူတို့လှကလေးသည် တဖြည်းဖြည်းနှင့် မရဏကျွန်းသို့ ချဉ်းကပ်သွားလေသည်။ ဝမ်ထိုင်စန်၊ မိန်ချုန်ယူနှင့်အဘိုးအိုတို့သည် မရဏကျွန်းပေါ်သို့ သတိကြီးစွာထား၍တက်ခဲ့ကြသည်။

ကျွန်းတစ်ကျွန်းလုံး တိတ်ဆိတ်နေသည်။

"ကျွန်းကလေးက သာယာတယ်နော်"

မိန်ချုန်ယူကမူ အန္တရာယ်ကြီးမားသောနယ်မြေဖြစ်သည်ကိုရိပ်စားမိ၍ တိတ်ဆိတ်ငြိမ်သက်မှုကို ဖြိုခွဲလိုက်သည်။ ဝမ်ထိုင်စန်သည် မိန်ချုန်ယူ၏လက်ကလေးကိုဆုပ်ကိုင်ထားမိသည်။ အန္တရာယ်ကျရောက်လာလျှင် ကြိုတင်ကာကွယ်နိုင်ရန်ဖြစ်သည်။

"ဟော ဟိုရှေ့မှာလှမ်းမြင်နေရတဲ့အိမ်ကလေးဟာ သရဲတစ်ထောင်အိုချုံးနေတဲ့ အိမ်ကလေးဖြစ်တယ်"

အဘိုးအိုကလှမ်းညွှန်ပြရင်း ပြောလိုက်သည်။

"ဟုတ်တယ်.... အဘိုး၊ အဘိုးပြောတာဖြစ်နိုင်တယ်၊ ဒီကျွန်းပေါ်မှာ သူရဲတစ်ထောင်အိုချုံးတစ်ယောက်တည်းနေထိုင်တာဆိုတော့ သူ့အိမ်ပဲဖြစ်ရမှာပေါ့"

ဝမ်ထိုင်စန်က အဘိုးအို၏စကားကိုထောက်ခံလိုက်သည်။

"အဲဒီအိမ်နားမှာ ရေကန်ကြီးတစ်ကန်လဲရှိတယ်လူလေးရဲ့၊

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်မှလွဲရော လူကလေးလိုချင်တဲ့ကြာကေရာဇ်ဟာ အဲဒီကန်မှာပဲ ရှိလိမ့်မယ်လို့ အဘိုးတော့ယူဆတယ်"

သူတို့သည် မကြာမီ ထိုအိမ်ကလေးအနီးသို့ ရောက်ရှိသွားလေသည်။ ထိုအိမ်အနီးတွင် ရေကန်ကြီးတစ်ကန်ရှိနေပြီး ရေကန်အလယ်တွင် ကြီးမားသော အဖြူရောင်ကြာပွင့်ကြီးတစ်ပွင့် အစွမ်းကုန် ဖူးပွင့်လျက်ရှိလေ၏။

"အဘိုး ..... ဟို ရေကန်အလယ်ကကြာကြီးဟာ ကျွန်တော်တို့လိုချင်တဲ့ နှစ်တစ်ရာမှာ တစ်ကြိမ်တည်းပွင့်တဲ့ကြာကေရာဇ်ဖြစ်မယ်လို့ ကျွန်တော်ထင်တယ်"

"သိပ်သေချာတာပေါ့ လူလေးရာ၊ လူလေး အထင်မမှားပါဘူး။ အဲ ..... ဒါပေမယ့် ကြာပန်းက ရေလယ်ခေါင်မှာဆိုတော့ လူလေး ဘယ်လိုလုပ်သွားခူးမလဲ၊ ရေကန်ထဲကိုဆင်းလို့တော့ မဖြစ်ဘူး၊ ရေကန်က အတော်နက်ပုံရတယ်"

အဘိုးအို၏စကားကြောင့် ဝမ်ထိုင်စန် တွေဝေသွား၏။

အဘိုးအို၏စကားကမှန်သည်။ ရေလယ်ခေါင်ရှိ ကြာပန်းကို သူ မခူးနိုင်ချေ။ ရေကူးပြီးသွားရန်ကလည်း မဖြစ်နိုင်ချေ။

သူ ရေမကူးတတ်သောကြောင့်ဖြစ်သည်။

"ဘာလဲ ရှင်တို့ ရေလယ်ကကြာပန်းကြီးကို ခူးမလို့လား"



မိန်ချုန်ယူကမေးလိုက်၏။ ဝမ်ထိုင်စန်က .....

"ဟုတ်တယ်၊ ငါတို့ အဲဒီကြာပန်းကိုခူးကြမလို့ပါ"

"ခူးပြီးရင် ဘယ်သူ့ကိုပေးမှာလဲ"

"မင်းကိုပေးမှာပေါ့ မိန်ချုန်ယူရဲ့"

မိန်ချုန်ယူ ဝမ်းသာပျော်ရွှင်သွားသည်။

"ဟင် .... ဒါဆို မြန်မြန်ခူးကြလေ၊ အဲဒီကြာပန်းကို ကျွန်မလိုချင်လှပြီ၊ ကြာပန်းကြီးကိုကြည့်ရတာ သိပ်စိတ်ချမ်းသာစရာကောင်းတယ်၊ ဒီကြာပန်းကြီးရရင် ကျွန်မသေပျော်ပါပြီ"

"အို .... ဘာဖြစ်လို့ သေပျော်ရမှာလဲ၊ ဒီကြာပန်းကို ရကိုရရစေမယ်၊ စိတ်သာချ"

ဝမ်ထိုင်စန်ကပြောလိုက်၏။

"ကဲ .... အဘိုး၊ ကြာပန်းကို ဘယ်လိုခူးရမလဲဆိုတာ စဉ်းစားစမ်းပါဦး"

ဝမ်ထိုင်စန်က အဘိုးအိုအား လှမ်းပြောလိုက်သည်။

ထိုစဉ် အိမ်ထဲမှ လူရိပ်တစ်ရိပ်ခုန်ပျံထွက်လာလေ၏။

ထိုလူရိပ် ခုန်ပျံပုံမှာ လွန်စွာပေ့ါပါးသည်။ ထိုလူ၏အသက်အရွယ်မှာ အဘိုးအိုခန့်ပင်ရှိမည်ဟုခန့်မှန်းရ၏။

မျက်နှာဝဖွင့် ဖြူဖွေးသောမုတ်ဆိတ်ရှည်နှင့်နှုတ်ခမ်းမွေး

www.burmeseclassic.com

www.burmeseclassic.com



များရှိနေလေသည်။

ထိုသူသည် သရဲတစ်ထောင်အိုချူးမှတစ်ပါး မည်သူမျှ မဖြစ်နိုင်ချေ။ သရဲတစ်ထောင်အိုချူးသည် သူတို့သုံးယောက်ကို စူးစိုက်ကြည့်နေလေသည်။

"မင်းတို့ဘယ်သူတွေလဲ၊ ဒီကျွန်းပေါ်ကို ငါ့ခွင့်ပြုချက်မရဘဲ မတက်ရဘူးဆိုတာ နားမလည်ကြဘူးလား"

သရဲတစ်ထောင်အိုချူး၏အသံက မာကျောခက်ထန်လှသည်။ ဝမ်ထိုင်စန် တုန်လှုပ်သွားသည်။

မိန်ချုန်ယူကတော့ ဘာကိုမှကြောက်လန့်ဟန်မရှိပေ။

အဘိုးအိုကလည်း တုန်လှုပ်ကြောက်လန့်ဟန်မရှိပေ။

အဘိုးအိုက .....

"ခင်ဗျားဟာ သရဲတစ်ထောင်အိုချူးလား"

နောက်ထပ်ရောက်လာသူက .....

"ဟုတ်တယ်၊ ကျုပ်ဟာ သရဲတစ်ထောင်အိုချူးပဲ၊ ခင်ဗျားကကော ဘယ်သူလဲ"

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာကို ခင်ဗျားသိဖို့မလိုပါဘူး"

"ခင်ဗျားတို့ ဒီကျွန်းပေါ်ကို ဘာကိစ္စနဲ့တက်လာကြတာလဲ"

"ကျုပ်တို့လာတာ အကြောင်းရှိတယ်"



အဘိုးအိုသည် ရေကန်အလယ်မှကြာကေရာစ်ကိုလက်ညှိုးထိုးပြလိုက်၏။

"ကျုပ်တို့ ရေကန်အလယ်ကကြာကေရာစ်ကိုလိုချင်လို့ လာခဲ့ကြတာပဲ"

"ကြာကေရာစ်ကိုလိုချင်လို့ ဟုတ်လား"

"ဟုတ်တယ်၊ အဓိကကတော့ အဲဒီဝတ်ဆံကိုလိုချင်လို့ပါ"

"ဘာကြောင့်လိုချင်တာလဲ"

အဘိုးအိုက မိန်ချုန်ယူအား လက်ညှိုးထိုးပြလိုက်သည်။

"ဟောဟို ကလေးမလေးရဲ့ရောဂါကို ကြာကေရာစ်ရဲ့ဝတ်ဆံနဲ့ ကုသရမယ်၊ ဒါကြောင့်မို့ ခက်ခက်ခဲခဲနဲ့ ပြည်မကလာယူရတာ"

သရဲတစ်ထောင်အိုချူးက .....

"ဒီကြာကေရာစ်က နှစ်တစ်ရာမှာတစ်ကြိမ်ပဲပွင့်တာ၊ သိပ်ရှားပါးသလို တန်ဖိုးလဲရှိတယ်၊ ဒါကြောင့် ခင်ဗျားတို့ကို ကျုပ်လွယ်လွယ်နဲ့မပေးနိုင်ဘူး"

"ဒါဖြင့် ....."

"ခင်ဗျား ကျုပ်ကိုနိုင်အောင်တိုက်နိုင်ရင် ခင်ဗျားတို့ကို ခွင့်ပေးမယ်"

"ကောင်းပြီလေ၊ ယှဉ်တိုက်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဝမ်ထိုင်စန်မျက်လုံးပြူးသွားသည်။

သရဲတစ်ထောင်အိုချူးသည် ရာဇာသုံးပါး၊ ဒေဝီသုံးပါးတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ သိုင်းလောက ထိပ်သီးခြောက်ဦးတွင် တစ်ပါးအပါအဝင်ဖြစ်သည်တို့ ဤအဘိုးအို မသိရှိ၍ ယင်းသို့ စိန်ခေါ်မှုကိုလက်ခံခြင်းဟု ဝမ်ထိုင်စန်ထင်သည်။

"အဘိုး .... သူ .... သူဟာ ...."

ဝမ်ထိုင်စန်က အပြစ်မဲ့အဘိုးအို သူ့မျက်စိရှေ့တွင်မချိမဆံ့ သေဆုံးရမည့်အဖြစ်ကိုမမြင်ရက်သဖြင့် သရဲတစ်ထောင်အိုချူး အကြောင်းပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် အဘိုးအိုက အသာနေဟူသောသဘောဖြင့် လက်ပြလိုက်ပြီး တိုက်ရန်ဟန်ပြင်လိုက်သည်။

ထိုအခါ .... ဝမ်ထိုင်စန်သည် မိန်ချန်ယူ၏လက်ကိုဆွဲပြီး နောက်သို့ဆုတ်လေသည်။ သရဲတစ်ထောင်အိုချူးနှင့်အဘိုးအိုတို့၏ တိုက်ပွဲကား စကြလေပြီ။

*တတိယပိုင်းစာတ်သိမ်း*

*ဆက်လက်ဖတ်ရှုပါရန်*

www.burmeseclassic.com

အဘိုးအိုက စတင်ပြော၏။

"ကဲ ..... သူရဲတစ်ထောင်အိုချူး ခင်ဗျားက စတိုက်မှာလား။ ျုပ်က စတိုက်ရမှာလား"

သူရဲတစ်ထောင်အိုချူးက .....

"ကျုပ်က အိမ်ရှင်ပဲ၊ ဧည့်သည်ကို အခွင့်အရေးပေးရမှာပေါ့။ ကြောင့် ခင်ဗျားပဲ စတိုက်ပါ"

"ဒါဆို လာပြီ၊ သတိထား ရှောင်ပေတော့"

စကားဆုံးသည်နှင့် အဘိုးအိုက စတင်တိုက်ခိုက်တော့၏။

အဘိုးအို၏ရိုက်ချက်နှစ်ချက်သည် သူရဲတစ်ထောင်အိုချူး သို့ ဆင့်ဝင်သွားသည်။

"ဝှီး ..... ဝှီး ....."

အဘိုးအို၏အတွင်းအားအဆင့်မြင့်ပုံကို ဝမ်ထိုင်စန်းသိရှိသွား

www.burmeseclassic.com

www.burmeseclassic.com



သူသည် အဘိုးအိုကိုလျှော့မတွက်ရဲတော့ချေ။

သရဲတစ်ထောင်အိုချူးသည် အဘိုးအို၏ ဆင့်ကဲရိုက်ချက်များကို ပြန်လည်ရှောင်တိမ်းသွားပြီး သူက ပြန်လည်တိုက်ခိုက်လိုက်လေသည်။

အဘိုးအိုသည် သရဲတစ်ထောင်အိုချူး၏ရိုက်ချက်နှင့် ခြေကန်ချက်များကို အလွယ်တကူရှောင်တိမ်းသွားသည်။

သရဲတစ်ထောင်အိုချူး၏ ရိုက်ထုတ်လိုက်သည့် လေတိုးသံကိုကြားရသောအခါ ဝမ်ထိုင်စန်အံ့အားသင့်သွားလေသည်။

အဘယ့်ကြောင့်ဆိုသော် သရဲတစ်ထောင်အိုချူး၏ လေတိုးသံမှာ အဘိုးအို၏လေတိုးသံကို မမီသောကြောင့်တည်း။

သရဲတစ်ထောင်အိုချူး၏အတွင်းအားသည် အဘိုးအို၏ အတွင်းအားကို မမီကြောင်း ပြသနေသည်။

အဘယ့်ကြောင့် ထိုသို့ဖြစ်ရသည်ကို ဝမ်ထိုင်စန် စဉ်းစား၍ မရပေ။

သရဲတစ်ထောင်အိုချူးက သူ့အတွင်းအားကိုထိန်းချုန်တိုက်ခိုက်နေခြင်းလည်း ဖြစ်ကောင်းဖြစ်နိုင်ပေသည်။

ထိုသို့တိုက်ခိုက်ကြရင်း ....

သိုင်းကွက်ဆယ့်ငါးကွက်သို့အရောက်တွင် သရဲတစ်ထောင်အိုချူးမှာ အဘိုးအိုကိုမယှဉ်နိုင်သောအဆင့်သို့ရောက်ရှိလာလေတော့သည်။



တစ်ချိတွင် .... အဘိုးအို၏လက်ဝဲရိုက်ချက် လျင်မြန်စွာကျရောက်လာသဖြင့် သရဲတစ်ထောင်အိုချူးမှာထိပ်တိုက်ခုခံလိုက်ရ၏။

"ဝုန်း ...."

ကြီးမားသောအသံနှင့်အတူ .... သရဲတစ်ထောင်အိုချူးမှာ နောက်သို့ သုံးလှမ်းမျှဆုတ်သွားရလေသည်။

အဘိုးအိုကတော့ ခြေတစ်လှမ်းမျှသာ ဆုတ်ပေးရသည်။

ဤသည်ကပင် .... တိုက်ပွဲ၏အနိုင်အရှုံးကို အဆုံးအဖြတ်ပေးလိုက်ခြင်းဖြစ်သည်။

ဤပွဲတွင် သိုင်းရာဇာအိုချူးအရေးနိမ့်သွားလေပြီ။

ဝမ်ထိုင်စန်မှာ အဘိုးအို၏သိုင်းပညာအဆင့်မြင့်မှုကို အံ့ဩနေမိသည်။

အဘိုးအိုသည် အနုညာတတစ်ဦးကဲ့သို့ပြုမူနေထိုင်ခဲ့သည်။ ယခုသရဲတစ်ထောင်အိုချူးကို အနိုင်ယူလိုက်လေပြီ။

သရဲတစ်ထောင်အိုချူးက ....

"ခင်ဗျားရဲ့သိုင်းပညာက အတော့်ကိုထက်မြက်တာပဲ"

အဘိုးအိုက အေးအေးဆေးဆေးမေးလေသည်။

"ဒါကို အသာထားပါလေ၊ ခင်ဗျားဘယ်သူဆိုတာကို ကျုပ်အလျင်သိချင်တယ်"

"ကျုပ်က သရဲတစ်ထောင်အိုချူးပေါ့၊ ခင်ဗျားကို စောစောကပြောခဲ့တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



သရဲတစ်ထောင်အိုချုံးက စိတ်မရှည်နိုင်စွာပြောလိုက်၏။

အဘိုးအိုက ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်သည်။

ပြီးမှ.... အေးဆေးတည်ငြိမ်သောလေသံဖြင့် တစ်လုံးချင်း ပြောလိုက်သည်။

"ခင်ဗျားဟာ ဘယ်နည်းနဲ့မှ သရဲတစ်ထောင်အိုချုံး မဖြစ်နိုင်ဘူး၊ သရဲတစ်ထောင်အိုချုံးယောင်ဆောင်နေတဲ့အိုချုံးအတုပဲဖြစ်ရမယ်"

အဘိုးအို၏စကားအဆုံးတွင် သရဲတစ်ထောင်အိုချုံးကပြုံးလိုက်လေသည်။

"ခင်ဗျားက ... ဘာကြောင့် ကျုပ်ကို သရဲတစ်ထောင်အိုချုံး အတုဖြစ်ရမယ်လို့ စွပ်စွဲရတာလဲ"

"သူရဲတစ်ထောင်အိုချုံးအစစ်သာဖြစ်ရိုးမှန်ရင် ကျုပ်ကို ရှုံးနိမ့်စရာအကြောင်းမရှိဘူးလေ၊ မသကာ ကျုပ်နဲ့လက်ရည်တူလောက် တိုက်ခိုက်နိုင်မှာသေချာတယ်"

အဘိုးအိုက ပြန်ပြောလိုက်သည်။

သရဲတစ်ထောင်အိုချုံးအတုဟု စွပ်စွဲခံရသူက ခေါင်းတညိတ်ညိတ်လုပ်နေသည်။ ပြီးမှ ....

"ဒါကြောင့်လဲ ခင်ဗျားဟာ ထိပ်တန်းသိုင်းပညာရှင်ခြောက်ယောက်ထဲမှာ တစ်ယောက်ပါဝင်နေတာဖြစ်ရမယ်"

အဘိုးအို အံ့အားသင့်သွားသည်။



"ခင်ဗျား ကျုပ်ကိုသိလို့လား"

"လူချင်းတော့ တစ်ခါမှ မမြင်ဖူးပါဘူး၊ ဒါပေမယ့် ခင်ဗျား ဘယ်သူဘယ်ဝါဖြစ်မယ်ဆိုတာလောက်တော့ ကျုပ်လဲ ခန့်မှန်းနိုင်ပါတယ်ဗျာ"

"ဟုတ်လား .... ဒါဖြင့် ကျုပ်ဘယ်သူလဲ"

"ခင်ဗျားဟာ ရာဇာသုံးပါးထဲမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ မိုးကြိုးလက်တန်ချုံးပဲဖြစ်ရမယ်"

သရဲတစ်ထောင်အိုချုံးက သူ့မှန်းဆချက်ကို ရဲရဲဝံ့ဝံ့ပင်ပြောချလိုက်သည်။

ထိုအခါ အဘိုးအိုက တိုးတိုးညင်းညင်းရယ်သည်။

"ဘယ့်နှယ်လဲ မိုးကြိုးလက်တန်ချုံး၊ ကျုပ်ပြောတာကိုငြင်းချင်သေးသလား"

"မငြင်းပါဘူးဗျာ .... မငြင်းပါဘူး၊ ခင်ဗျားသိနေမှတော့ ကျုပ်ငြင်းလို့လဲ အပိုပဲပေါ့ဗျာ"

ဝမ်ထိုင်စန်အံ့ဩသွားလေသည်။

သူတို့နှင့်အတူလိုက်ပါလာသော အဘိုးအိုကား အနုံညာတ အဘိုးအိုမဟုတ်ပေ။

သိုင်းလောကထိပ်သီး ခြောက်ဦးတွင် အပါအဝင်ဖြစ်သော သိုင်းရာဇာတန်ချုံးပင်ဖြစ်လေသည်တကား။

ဝမ်ထိုင်စန်သည် အလွန်ဝမ်းသာသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးလက်တန်ချူးက ....

"ကျုပ် ဘယ်သူဘယ်ဝါဆိုတာ ပြောပြီးပြီ၊ ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာကော ပြောမပြသေးဘူးလား"

မိုးကြိုးလက်တန်ချူးက ထိုသို့ပြောလိုက်သည်။

ထိုအခါ သရဲတစ်ထောင်အိုချူးအတုက ....

"ကျုပ်ဘယ်သူဘယ်ဝါဆိုတာကို ခင်ဗျားတို့ မကြာခင် သိရတော့မှာပါဗျာ"

သရဲတစ်ထောင်အိုချူးအတုသည် နားထင်နောက်ကို လက်ညှိုးဖြင့်ခွါလိုက်ပြီး မျက်နှာတစ်ခုလုံးကိုဆွဲလှန်လိုက်သည်။

ထိုအခါ မျက်နှာတုကြီးသည် အိုချူးအတုလက်တွင် ပါသွားလေတော့၏။

❁ ❁ ❁



သရဲတစ်ထောင်အိုချူး၏ မျက်နှာအစစ်အမှန်ကို တွေ့မြင်လိုက်ရသည့်အခါ ဝမ်ထိုင်စန်မှာ အသက်ရှူရပ်လုနီးနီးဖြစ်သွားလေတော့သည်။

သရဲတစ်ထောင်အိုချူးအတုကား အခြားသူမဟုတ်ပေ။

မိန်ချုန်ယူ၏ဖခင် ....

သံမဏိတံခွန်အာမခံလုပ်ငန်းပိုင်ရှင် မိန်ဝူးချုန်ပင်ဖြစ်နေလေသည်။

"ဟင် .... ဦးကြီးမိန်ဝူးချုန်"

ဝမ်ထိုင်စန်နှုတ်မှ အာမေဍိတ်သံလွှတ်ခနဲထွက်သွားလေ၏။

မိန်ဝူးချုန်သည် ဝမ်ထိုင်စန်ကိုပြုံးပြလိုက်ပြီး ....

"ဟုတ်တယ်လူလေး၊ ဦးကြီးဟာမိန်ဝူးချုန်ပါပဲ"

"ဒါနဲ့ လူတွေကပြောကြတော့ ဦးကြီးဟာ လိပ်ပြာနှုတ်သိုင်းသမားချိန်လီကျန်နဲ့တိုက်ခိုက်ရင်း ကျဆုံးသွားရပြီလို့ ပြောနေကြပါလား"

"ဟုတ်တယ်လူလေး၊ လူတွေအားလုံး ဒီလိုထင်သွားအောင် ဦးကြီးကပဲ တမင်သက်သက်သတင်းလွှင့်ခိုင်းလိုက်တာပါ၊ ဒါမှ ဦးကြီးလွတ်လွတ်ကျွတ်ကျွတ်ရှောင်တိမ်းနိုင်မယ်မဟုတ်လား"

ထိုအခါ မိုးကြိုးလက်တန်ချူးက ....

"ဪ .... မင်းက သံမဏိတံခွန်လုပ်ငန်းက မိန်ဝူးချုန်ဆိုတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



မိုးကြိုးလက်တန်ချူးက မိန်ဂူးချန်ကို မင်းနဲ့ငါနှင့်ပြောခြင်းမှာ မိန်ဂူးချန်သည် သူ့ထက် အသက်ငယ်ရွယ်နေသောကြောင့်ဖြစ်ပေသည်။

မိုးကြိုးလက်တန်ချူးမှာ အသက်ရှစ်ဆယ်ခန့်ရှိလေပြီ။

"ဟုတ်ပါတယ် ကျုပ်က သံမဏိတံခွန်အာမခံလုပ်ငန်းပိုင်ရှင် မိန်ဂူးချန်ပါ၊ မလွှဲမရှောင်သာတဲ့အကြောင်းတစ်ခုကြောင့် ကျုပ်ရဲ့သားနဲ့သမီးကိုထားခဲ့ပြီး ဒီနေရာမှာ လာရောက်ပုန်းအောင်းနေခဲ့တာပါ၊ ဟောဒီကလေးမလေးဟာ ကျုပ်ရဲ့သမီးငယ်မိန်ချန်ယူပါ၊ သမီး သမီးဖေဖေ ဒီကျွန်းပေါ်မှာရှိနေတာကိုသိလို့ တမင်လိုက်လာတာလား"

မိန်ဂူးချန်က တစ်ဆက်တည်း မိန်ချန်ယူအား မေးလိုက်၏။

မိန်ချန်ယူကမူ မိန်ဂူးချန်အား စိန်းစိန်းကြည့်နေသည်။

မိန်ဂူးချန်အံ့အားသင့်သွားသည်။

"သမီး .... ဖေဖေ့ကိုမမှတ်မိတော့ဘူးလား၊ ဖေဖေ မတတ်သာလို့သာ အကြာကြီးခွဲနေတာပါ၊ သမီးတို့ကို ဖေဖေ မချစ်လို့မှမဟုတ်ဘဲကွယ်"

မိန်ချန်ယူသည် ဝမ်ထိုင်စန်အား ကြည့်လိုက်သည်။

မိန်ဂူးချန်အား လက်ညှိုးထိုးပြပြီးမေးလိုက်သည်။

"ဝမ်ထိုင်စန် .... သူ ဘယ်သူလဲ၊ သူဘာပြောနေတာလဲ"

မိန်ဂူးချန်မှာ ဘာမျှနားမလည်နိုင်တော့ပေ။



ဝမ်ထိုင်စန်သည် အလျှင်အမြန်ရှင်းပြမှဖြစ်တော့မည်ဟု သိလိုက်ရသဖြင့် ....

"အဘိုး .... အဘိုးနဲ့မိန်ချန်ယူ ဒီကျွန်းပေါ်ခဏလျှောက်ကြည့်ကြပါ၊ ကျွန်တော် ဦးကြီးမိန်ဂူးချန်နဲ့ စကားနည်းနည်းပြောစရာရှိလို့ပါ"

ဝမ်ထိုင်စန်သည် မိန်ချန်ယူအား နားမထောင်စေလိုသဖြင့် အဘိုးတန်ချူးနှင့် နှင်လွှတ်သည်။

ဤသည်ကို မိုးကြိုးလက်တန်ချူး က သဘောပေါက်သည်။

"လာ .... သမီး၊ အဘိုးတို့ ကျွန်းကိုလှည့်ပတ်ကြည့်ကြမယ်"

"ဟုတ်ကဲ့အဘိုး ...."

မိန်ချန်ယူက ပျော်ပျော်ရွှင်ရွှင်ပင် လိုက်ပါသွားလေသည်။

မိန်ချန်ယူတို့မရှိတော့မှ ဝမ်ထိုင်စန်ကမိန်ဂူးချန်ကို ပြည့်ပြည့်စုံစုံပင် ရှင်းပြသည်။

လိပ်ပြာနတ်သိုင်းသမားချိန်လီကျန်နှင့် တိုက်ခိုက်ခဲ့ပုံ၊

ကြာဇကေရာဇ်၏ဝတ်ဆံဖြင့်ကုမှသာ ထိုရောဂါကို ကုသနိုင်မည့်ပုံတို့ကို ပြည့်ပြည့်စုံစုံရှင်းပြလိုက်လေသည်။

"ဒါဆို သမီးလေးဟာ လိပ်ပြာနတ်သိုင်းပညာနဲ့ တိုက်ခိုက်ခံထားရတာပေါ့"

"ဟုတ်ပါတယ်ဦးကြီး၊ ကျွန်တော်ဒီကျွန်းကိုရောက်လာတာဟာ အကြောင်းတစ်ကြောင်းတည်းကြောင့်ပါ၊ မိန်ချန်ယူကို ဆေးကု

www.burmeseclassic.com



ရအောင်ဆိုတဲ့ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ ဒီကျွန်းပေါ်ကို ရောက်လာကြတာပါ"

"တော်သေးတာပေါ့ကွာ .... ယုတ်မာတဲ့ချိန်လီကျန် တွေ့ကြသေးတာပေါ့"

"ဦးကြီးသတ်ဖို့မလိုတော့ပါဘူး၊ ချိန်လီကျန်ဟာ ကျွန်တော့်ဖေဖေရဲ့လက်ချက်နဲ့ သေဆုံးသွားခဲ့ပါပြီ"

"ဟေ .... ဟုတ်လား၊ ဒီလိုဆိုတော့လဲ တစ်ရှန်ငြိမ်းသွားတာပေါ့၊ ငါသတ်ဖို့ မလိုတော့ဘူးပေါ့"

"ဒါနဲ့ ဦးကြီးက ဘာ့ယ်လိုလုပ်ပြီး ဒီကျွန်းပေါ်ရောက်နေတာလဲ၊ မရဏကျွန်းပေါ်က ထိပ်သီးသိုင်းဆရာကြီးသရဲတစ်ထောင်အိုချုံးကော၊ အခု သူ မရှိဘူးလား၊ ဦးကြီးကကော ဘာ့ကြောင့် သရဲတစ်ထောင်အိုချုံးယောင်ဆောင်နေရတာလဲ"

ဝမ်ထိုင်စန်က မေးခွန်းများစွာမေးလိုက်မိသည်။

"မင်း မေးခွန်းတွေကများလှချည်လား"

"ကျွန်တော်သိချင်တာတွေကလည်း များနေတာကိုး"

"အေး .... မင်းသိချင်တာတွေအားလုံးကို ငါပြည့်ပြည့်စုံစုံရှင်းပြပါ့မယ်၊ ဒါပေမယ့် အခုတော့မဟုတ်သေးဘူး၊ မိုးကြိုးလက်တန်ချူးနဲ့ ငါ့သမီးလေးပြန်လာမှ အေးအေးဆေးဆေးရှင်းပြပါ့မယ်၊ ဒါနဲ့ မိုးကြိုးလက်တန်ချူးက မင်းတို့နှစ်ယောက်နဲ့ဘယ်လိုပါလာတာလဲ၊ သူက မင်းတို့ရဲ့မိတ်ဆွေလား"



"ဟုတ်ပါတယ်ဦးကြီး"

ဝမ်ထိုင်စန်က စားသောက်ဆိုင်တွင်စားသောက်ရင်း အဘိုးအိုအတွက် ငွေများရှင်းပေးပုံမှအစ မိတ်ဆွေဖြစ်သွားပုံတို့ကို ပြောပြလေသည်။

ထို့နောက် မရဏကျွန်းသို့ လိုက်ပါခွင့်ရရန် သူ့သဘောထားတောင်းခံပုံတို့ကိုပြောပြလေသည်။

"သြော် .... မင်းတို့က သူနဲ့ အဲဒီလိုမိတ်ဆွေဖြစ်ခဲ့တာကိုး၊ မိတ်ဆွေဖြစ်တာကောင်းပါတယ်၊ သူလိုထိပ်သီးသိုင်းပညာရှင်တစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတာ မင်းတို့အတွက်အရှုံးမရှိပါဘူး၊ သူ့ကိုကြည့်ရတာ မင်းတို့ကို ကော်တော်ခင်ပုံရတယ်"

"ဟုတ်ပါတယ် .... ကျွန်တော်တို့နှစ်ယောက်ကို သူ့မြေးတွေလိုပဲ သဘောထားပါတယ်၊ ဒီကျွန်းပေါ်ရောက်တဲ့အထိ အတူတူသာလာခဲ့ကြတာ၊ သူက သူ့နာမည်ကိုထုတ်ပြောတာမဟုတ်ဘူး၊ အခု ဘယ်သူဘယ်ဝါဆိုတာကို ဦးကြီးပြောပြမှသိရတာ၊ ဒါနဲ့ ဦးကြီးကကော ဘာ့ယ်နှယ်လုပ်ပြီး မိုးကြိုးလက်တန်ချူးဆိုတာကို သိလိုက်ရတာလဲ"

"ဒါလား .... ဒါတော့ သိပ်ခက်ခက်ခဲခဲမဟုတ်ပါဘူးကွာ၊ ငါ့ကို အသာစီးနဲ့တိုက်ခိုက်နိုင်တဲ့လူက သိုင်းလောကမှာ သိပ်များများစားစားရှိလှတာမှမဟုတ်တာ၊ သိုင်းလောကထိပ်သီးခြောက်ယောက်လောက်ပဲရှိမယ်၊ သိုင်းရာဇာသုံးပါးထဲကဆို သရဲတစ်ထောင်အိုချုံး

www.burmeseclassic.com



မဖြစ်နိုင်ဘူး၊ အိုချူးကို ငါကောင်းကောင်းသိတယ်၊ နောက် ရာဇာတစ်ဦးဖြစ်တဲ့ သံဘီလူးခွပ်ရှန်လဲ မဖြစ်နိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သံဘီလူးကိုလဲ ငါမြင်ဖူးထားတယ်၊ ဒီတော့ .... ရာဇာတစ်ပါးပဲ ကျန်တော့တယ်လေ၊ မိုးကြိုးလက်တန်ချူးပဲပေါ့၊ ဒါကြောင့် ငါကရဲရဲဝံ့ဝံ့ ပြောလိုက်နိုင်တာပေါ့၊ ငါခန့်မှန်းတဲ့အတိုင်း ကွက်တိမှန်နေတာပဲ မဟုတ်လား"

မိန်ဂူးချန်က ရှင်းပြလိုက်သည်။

ထိုအချိန်မှာပင် ....

ကျွန်းအားလှည့်ပတ်ကြည့်ရှုကြသော မိုးကြိုးလက်တန်ချူးနှင့် မိန်ချန်ယူတို့နှစ်ယောက် ပြန်လာကြသည်ကို သူတို့နှစ်ယောက် မြင်လိုက်ရလေသည်။

"ကဲ .... လာကြ ကျုပ်အိမ်ပေါ်ကိုသွားကြတာပေါ့၊ ကလေးနှစ်ယောက်လဲ အနားယူကြရတာပေါ့"

မိန်ဂူးချန်ကဦးဆောင်ပြီး အိမ်ဆီသို့လျှောက်သွားကြလေသည်။

အိမ်သို့ရောက်သောအခါ မိန်ဂူးချန်က အစားအသောက်များ ပြင်ဆင်ပေးလေသည်။

ဧည့်သည်များအား ကျကျနနအနားယူစေသည်။

ထို့နောက် လေးယောက်သား ခေါင်းချင်းဆိုင်ကြတော့၏

မိုးကြိုးလက်တန်ချူးက ....



"သူရဲတစ်ထောင်အိုချူး ဘယ်ရောက်နေတယ်ဆိုတာရယ်၊ မင်းက ဘာ့ကြောင့် သရဲတစ်ထောင်အိုချူးယောင်ဆောင်နေရတာရယ်ဆိုတာကို ငါ့ကိုရှင်းပြစမ်းပါဦး"

"ဟုတ်ကဲ့ဆရာကြီး .... ဆရာကြီးသိချင်တာကို ကျုပ်ရှင်းပြသွားပါ့မယ်၊ ကျုပ်တို့အဖွဲ့ကို ချိန်လီကျန်တို့လူစုကဝင်တိုက်ပြီး သိုင်းကျမ်းသေတ္တာကိုယူသွားပြီးတဲ့နောက် ကျုပ်လဲသေပြီလို့ သတင်းလွှင့်ပြီးဇာတ်မြှုပ်နေခဲ့ပါတယ်၊ ပြည်မမှာဆိုရင် ကျုပ်ကိုသိသူတွေအတော်များများရှိတာမို့ တော်ရုံတန်ရုံ မသွားရဲကြတဲ့ ဒီမရဏကျွန်းမှာ လာရောက်တိမ်းရှောင်ခိုအောင်းနေတာပါပဲ"

မိုးကြိုးလက်တန်ချူးက ....

"နေပါဦး .... ဒီမရဏကျွန်းပေါ်မှာ သရဲတစ်ထောင်အိုချူးရှိနေတယ်မဟုတ်လား၊ မင်းကျွန်းပေါ်တက်တာနဲ့ သူက မင်းကိုသတ်မှာပေါ့၊ ဒါကိုမစဉ်းစားဘဲ ကျွန်းပေါ်မှာနေဖို့ မင်းကြိုးစားရသလား"

မိန်ဂူးချန်က ခေါင်းခါလိုက်သည်။

"အဲဒီလိုမဖြစ်ဘူးဆိုတာ ကျုပ်ကောင်းကောင်းသိနေပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သရဲတစ်ထောင်အိုချူးဟာ ကျုပ်ဆရာဖြစ်နေခဲ့လို့ပါ၊ ဒီတော့ သူ့တပည့်ဖြစ်တဲ့ ကျုပ်ကိုသတ်မှာမဟုတ်ဘူးဆိုတာ ကျုပ်ကသိနေတာပေါ့"

"ဩော် .... မင်းက အိုချူးရဲ့တပည့်ကိုး၊ ကဲ .... ကဲ မင်းစကားကိုဆုံးအောင် ဆက်ပြောပါဦး"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဒီမရဏကျွန်းကိုပြေးလာခဲ့ပါတယ်၊ ကျုပ်မျှော်လင့်ထားတဲ့အတိုင်းပဲ၊ ကျုပ်ရဲ့ဆရာကြီးအိုချူးက ဝမ်းသာအားရကြိုဆိုရှာပါတယ်၊ ကျုပ်ရဲ့အဖြစ်အပျက်တွေကိုပြောပြတော့ ဆရာကြီးက အချိန်ကိုစောင့်ရမယ်လို့ ပြောပါတယ် .... ဒီမရဏကျွန်းမှာ နေချင်သလောက်နေနိုင်တယ်လို့လဲပြောပါတယ်"

"ပြောတဲ့အတိုင်း မင်းကို တကယ်သင်ပေးရဲ့လား"

"သင်ပေးခဲ့ပါတယ်၊ ဆရာဟာ သူ့စကားကို သူလေးစားပါတယ်၊ ဒီကျွန်းပေါ်ကို ကျုပ်ဆရာရောက်လာတဲ့နေ့ကစပြီး သူကွယ်လွန်သွားတဲ့အချိန်အထိ နေ့စဥ်ပဲ သင်ကြားပေးခဲ့ပါတယ်"

"ဘယ်လို .... ဘယ်လိုမိန်ဝူးချန်၊ ကွယ်လွန်သွားတဲ့အချိန်အထိဆိုတဲ့စကားကို မင်းသုံးလိုက်တော့ သရဲတစ်ထောင်အိုချူးဟာ ကွယ်လွန်သွားပြီလို့ ဆိုလိုတာပေါ့"

မိုးကြိုးလက်တန်ချူးက အရေးတကြီးမေးလိုက်သည်။

ဝမ်ထိုင်စန်နှင့် မိန်ချန်ယူတို့လည်း မိန်ဝူးချန်ဘာဖြေမည်ကို လွန်စွာ စိတ်ဝင်စားမိကြလေသည်။

မိန်ဝူးချန်သည် ခေတ္တမျှငြိမ်နေသည်။

သူသည် သူ့ဆရာကွယ်လွန်သည့်အကြောင်းပြောရမည်ဖြစ်သဖြင့် စိတ်မကောင်းဖြစ်နေပုံရသည်။

"ဟုတ်ပါတယ် .... ကျုပ်ဆရာ သရဲတစ်ထောင်အိုချူးဟာ လွန်ခဲ့တဲ့ လေးလလောက်ကပဲ ကွယ်လွန်သွားခဲ့ပါပြီ"



"မင်းဆရာအိုချူးဟာ ဘယ်လိုကြောင့် ကွယ်လွန်သွားခဲ့ရတာလဲ"

မိုးကြိုးလက်တန်ချူးက ခပ်လောလောမေးသည်။

"သူ့ ကွယ်လွန်ရတာကတော့ အဆိပ်ခတ်လုပ်ကြံခံရလို့ပါ"

"ဘာ ..... အဆိပ်ခတ်ခံရတယ်ဟုတ်လား၊ ဘယ်သူက လုပ်ကြံတာလဲ"

"ရာဇာသုံးပါးမှာ တစ်ပါးအပါအဝင်ဖြစ်တဲ့ သံဘီလူးခွပ်ရှန်က လုပ်ကြံတာပါ"

"ပြည့်ပြည့်စုံစုံ သိရအောင် ပြောစမ်းကွာ"

မိုးကြိုးလက်တန်ချူးက စိတ်မရှည်သလိုပြောလိုက်၏။

ဤတွင် မိန်ဝူးချန်က အပြည့်အစုံပြောပြရတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



“ကျုပ် ကျွန်းပေါ်ကိုရောက်လာတဲ့နေ့ကစပြီး ဆရာအိုချူးဟာ ကျုပ်ကို နေ့စဉ်လိုလိုပဲ သိုင်းပညာသင်ကြားပေးခဲ့ပါတယ်၊ ဆရာဟာ ဒီလိုသိုင်းပညာသင်ပေးနေရတာကိုပဲ ပျော်ရွှင်နေပုံရပါတယ်၊ တစ်နေ့မှာ သူကပြောပါတယ်၊ ငါ မရဏကျွန်းပေါ်မှာ နေနေရတာ ကြာပြီကွာ၊ ပြည်မကို ခဏလောက်သွားလိုက်ဦးမယ်လို့ပြောပါတယ်၊ ကျုပ်ကတော့ ဆရာ .... ဒီကျွန်းပေါ်မှာပဲ ကျွန်တော်နေခဲ့ပါဦးမယ်လို့ပြောတော့ သူကသဘောတူတယ်ဗျ၊ အေး ..... မင်း ဒီကျွန်းပေါ်မှာနေချင်သပဆိုလဲ နေပေဦးပေါ့ကွာလို့ပြောပါတယ်”

“သူက အတင်းမခေါ်ဘူးပေါ့”

“မခေါ်ပါဘူး၊ မင်းနေခဲ့ပေတော့လို့ပြောပြီး သူတစ်ယောက်တည်း ပြည်မကိုထွက်သွားခဲ့ပါတယ်၊ ဒါပေမယ့် ဘာမှမကြာပါဘူး၊ နောက်သုံးရက်လဲကြာရော ဒီကျွန်းကို သူပြန်ရောက်လာတာပဲ၊ အဲဒီအချိန်မှာ ကျုပ်ဆရာအိုချူးရဲ့မျက်နှာဟာ သွေးမရှိသလို ဖြူဖပ်ဖြူရော်ဖြစ်နေတယ်”

မိုးကြိုးလက်တန်ချူး မျက်မှောင်ကုပ်သွားသည်။

“သူက ဘာမှမပြောဘူးလား”

“ကျုပ် စကားဆုံးအောင်ပြောပါ့မယ်၊ ဆရာတော့ အဆိပ်မိလာပြီလို့သိလိုက်တဲ့အတွက် အဆိပ်ဖြေဆေးတိုက်ဖို့ စီစဉ်တာကို ဆရာအိုချူးက လက်မခံဘူး၊ သူမိလာတဲ့အဆိပ်က တကယ်ပြင်းထန်တဲ့အဆိပ်ကိုး၊ (မင်းရဲ့အဆိပ်ဖြေဆေးနဲ့ မရပါဘူးကွာ)လို့ ဆရာပြောပါတယ်၊ ကျုပ်က (ဆရာ ဘယ်လိုအဆိပ်မိတာလဲ)လို့ မေးကြည့်တော့မှ သူကအဖြစ်အပျက်ကို ပြန်ပြောပြတယ်”



မိန့်ဂူးချွန်သည် စကားကိုဆက်၍ပြောသည်။

“ဆရာဟာ ပြည်မကိုရောက်သွားတော့ သိုင်းရာဇာသုံးပါးထဲက သံဘီလူးခွပ်ရှန်နဲ့ သွားတွေ့သတဲ့၊ သံဘီလူး ခွပ်ရှန်က မိတ်ဆွေတွေစုပြီးနေတဲ့နေရာကို ခေါ်သွားတယ်တဲ့၊ ဟိုလဲရောက်ရော .... အစားအသောက်တွေ အရက်တွေနဲ့ ဧည့်ခံတော့တာပဲတဲ့”

မိုးကြိုးလက်တန်ချူးက ......

“အဲဒီ အစားအသောက်တွေ အားလုံးထဲမှာ သံဘီလူးခွပ်ရှန် အဆိပ်ခတ်ထားလိမ့်မယ်”

မိန့်ဂူးချွန် ခေါင်းညိတ်သည်။

“ဟုတ်ပါတယ်၊ ဆရာအိုချူးဟာ သူတစ်ပါးကိုသိပ်ယုံလွယ်ပါတယ်၊ သဘောရိုးနဲ့ ခင်မင်လို့ကျွေးတာဆိုပြီး စိတ်အေးလက်အေး စားသောက်ခဲ့မိပါတယ် .... ဆရာလဲစားသောက်ပြီးရော သံဘီလူးခွပ်ရှန်က ရယ်တော့တာပဲ၊ သူ့အဆိပ်ကို ဆရာမိသွားပြီမဟုတ်လား”

“မင်းဆရာက မတိုက်ခိုက်ဘူးလား”

“ဘယ်တိုက်ခိုက်လို့ရမလဲ၊ အဆိပ်က တကယ်ပြင်းတာဗျ၊ အတွင်းအားကိုပျက်ပြားသွားစေခဲ့တယ်၊ ဒီတော့ ဆရာဟာသံဘီလူးခွပ်ရှန်ကို ဘယ်လိုလုပ်တိုက်ခိုက်နိုင်တော့မှာလဲ”

“ဒါနဲ့ မင်းဆရာလဲ ဒီမရဏကျွန်းကိုပြန်လာခဲ့ရတာပေါ့”

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ ဆရာဟာ ဒီမရဏကျွန်းကိုပြန်လာခဲ့တယ်"

"သံဘီလူးခွပ်ရှန်ကကော လွှတ်ပေးလိုက်တာပဲလား"

"သူ့ အဆိပ်ကသိပ်ပြင်းတော့ ဆရာအိုချူး ဘယ်နည်းနဲ့ အသက်ရှင်နိုင်စရာ လမ်းမရှိတော့ဘူးဆိုတာ သိနေတာပဲ၊ ဒါကြော မတိုက်ခိုက်ဘဲပြန်လွှတ်ပေးလိုက်တာပေါ့"

မိန်ဂူးချန်က ရှင်းပြလိုက်သောအခါမှ မိုးကြိုးလက်တန်ချူ သဘောပေါက်သွားသည်။

ဝမ်ထိုင်စန်နှင့် မိန်ချန်ယူတို့ကတော့ လူကြီးများ၏စကား ဝိုင်းတွင် တစ်ခွန်းတစ်ပါဒမျှဝင်မပါချေ။

ငြိမ်သက်စွာ ထိုင်၍နားထောင်နေကြသည်။

"ဆရာမသေခင်မှာ ကျွန်တော့်ကို စကားနည်းနည်းပြော ပါတယ်၊ အဲဒီစကားဟာ ဆရာကြီး မိုးကြိုးလက်တန်ချူးနဲ့လဲ သ ဆိုင်ပါတယ်"

မိုးကြိုးလက်တန်ချူးခေါင်းထောင်သွား၏။

"ဘာများပါလိမ့်"

"ဆရာကပြောတယ်၊ သံဘီလူးခွပ်ရှန်က သူ့ကိုလုပ်ကြံတ ဟာ သိုင်းရာဇာဘွဲ့ကို ပြိုင်ဘက်မရှိ ခံယူချင်လို့ပဲလို့ပြောတယ်၊ သို လောကမှာ သိုင်းရာဇာကြီးသုံးယောက်တောင်ရှိနေတာကို သံဘီ ခွပ်ရှန်ဟာ မနှစ်မြို့နိုင်ဘူးလို့ပြောတယ်၊ ဒီတော့ ပြိုင်ဘက်ကင်း သို ရာဇာဖြစ်အောင် ကျန်နှစ်ယောက်ကို သူလုပ်ကြံလိမ့်မယ်လို့ ဆရာ



ပြောပါတယ်၊ အခု သူသေသွားပြီးရင် နောက်တစ်ယောက်ကတော့ မိုးကြိုးလက်တန်ချူး အလှည့်ပဲလို့ပြောတယ်၊ အဲဒါ ဆရာကပြော သွားတာပါ"

မိုးကြိုးလက်တန်ချူး ခေါင်းညိတ်၏။

"မင်းဆရာပြောတာ ဖြစ်နိုင်ပါတယ်ကွာ .... သံဘီလူးခွပ်ရှန် အကြောင်းကို ငါကောင်းကောင်းသိတာပေါ့၊ ဒီလူက အင်မတန် စိတ် ထားကောက်ကျစ်ယုတ်မာတဲ့လူ၊ ဉာဏ်နီဉာဏ်နက်လဲ များတယ်၊ ငါဆိုရင် ဒီလူ့ကို ဝေးဝေးကရှောင်တယ် .... ဒီလိုလူမျိုးကို မင်းဆရာ သွားပေါင်းမိတာ ငါးပါးမှောက်တာပဲ၊ သူ့ အသက်သေဆုံးရတဲ့ဘဝကို ရောက်တာပဲ"

"ဟုတ်ပါတယ်၊ ဆရာအိုချူးကလဲ သူ့ညံ့လို့ခံလိုက်ရတာလို့ ပြောသွားပါတယ်"

"နောက် မင်းဆရာ ဘယ်အချိန်မှာသေသွားသလဲ"

"နောက်တစ်နေ့အရုဏ်တက်ချိန်မှာပဲ" ဆုံးသွားပါတယ်"

ထို့နောက်တွင်ကား ... မိန်ဝူးချန်တို့စကားဝိုင်းမှာ ပြောစရာ စကားကုန်ဆုံးသွားတော့သည်။

လုံးဝတိတ်ဆိတ်သွားသည်။

သရဲတစ်ထောင်အိုချူး၏ဘဝကို ဝမ်ထိုင်စန်ပွေးတော့နေ မိသည်။ ကျွန်းတစ်ကျွန်းလုံးကိုအပိုင်စားပြုလုပ်ပြီး နေချင်သလိုနေ နေရာမှ သူတစ်ပါး၏အဆိပ်ခတ်ခြင်းကိုခံလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဘဝဆုံးသွားသည်။

ဝမ်ထိုင်စန် သံဝေဂရမိလေသည်။

ဝမ့်ထိုင်စန်ကပင် တိတ်ဆိတ်ငြိမ်သက်နေမှုကို ဖြိုခွင်းလိုက်လေသည်။

"ဒါနဲ့ပဲ ဦးကြီးက သရဲတစ်ထောင်အိုချုံ ယောင်ဆောင်ဖို့ စိတ်ကူးရသွားခဲ့တာပေါ့ဟုတ်လား"

"အေး ..... ဒီလိုပဲပြောကြရတော့မှာပေါ့ လူကလေးရာ၊ ငါ့ဆရာသေဆုံးသွားပြီဆိုတာကိုသိတာ ငါတစ်ယောက်တည်းပဲ ရှိတာမဟုတ်လား၊ ဒီတော့ ငါ့ဆရာမသေဘူးလို့ ကျန်တဲ့လူတွေ ထင်သွားအောင် ငါကရုပ်ဖျက်ပြီး သရဲတစ်ထောင်အိုချုံယောင်ဆောင်နေရတာပေါ့၊ ဒီကျွန်းပေါ်မှာ သရဲတစ်ထောင်အိုချုံရှိသေးတယ်လို့ လူတွေထင်မှ ငါ့အတွက် အန္တရာယ်ကင်းမယ်မဟုတ်လား"

"ထားပါတော့၊ ဒီအထိတော့ ရှင်းသွားပါပြီ၊ ဒါပေမယ့် စိတ်ထဲမှာမရှင်းလင်းတာတွေ ကျန်နေပါသေးတယ်"

"မေးပါ .... မင်းသိချင်တာတွေကိုမေးပါ"

"ကျွန်တော်တို့ ပြည်မမှာ ဝတ်စုံနက်သုံးယောက်ပေါ်နေပါတယ်၊ သူတို့သုံးယောက်စလုံး တိုက်ခိုက်ပြီးသွားလို့ပြန်ထွက်သွားရင် သံမဏိတံခွန်လေးတွေကို ပစ်ချသွားလေ့ရှိတယ်၊ အဲဒီသုံးယောက်ထဲမှာ ဦးကြီးမိန်ဝူးချန်များပါသလား"

မိန်ဝူးချန် မျက်မှောင်ကုတ်သွားသည်။



"ဝတ်စုံနက်သုံးယောက်တောင်ဖြစ်နေတယ် ဟုတ်လား"

"ဟုတ်ပါတယ် ဦးကြီးမိန်ဝူးချန် .... အဲဒီသုံးယောက်ထဲမှာ ဦးကြီးပါသလား"

"အင်း .... မှန်တဲ့အတိုင်းဝန်ခံရမယ်ဆိုရင်တော့ ငါလဲပါတယ်ကွ၊ ငါ မကြာခဏ ပြည်မကိုတက်တယ်၊ အန်ပေါင်ကျောက်ရဲ့ ရွှေနဂါးအာမခံဌာနကိုဒုက္ခပေးလေ့ရှိတယ်"

"ဒါဆို .... ရွှေနဂါးအဖွဲ့ကိုဒုက္ခပေးလေ့ရှိတဲ့ဝတ်စုံနက်ဟာ ဦးကြီးပေါ့"

"အေး .... ဟုတ်တယ်၊ ငါတို့ကို ချိန်လီကျန် တိုက်ခိုက်နိုင်အောင် သတင်းပေးတာက အဲဒီ ရွှေနဂါးအဖွဲ့က သတင်းပေးတာပါ၊ ဒါကြောင့် ငါလဲ အန်ပေါင်ကျောက်ရဲ့ ရွှေနဂါးအဖွဲ့ကို ပြန်ပြီးဒုက္ခပေးနေတာပေါ့၊ ဒါပေမယ့် .... ငါ လူမသတ်ပါဘူး၊ ဒဏ်ရာရရုံလောက်ပဲ လုပ်တယ်၊ အားလုံးဒဏ်ရာရသွားပြီး ခရီးမဆက်နိုင်အောင် ငါလုပ်တယ်၊ သူတို့ ခရီးစဉ်တွေပျက်စီးစေရုံလောက်ပဲ ငါလုပ်တာပါ"

"ဦးကြီးဒုက္ခပေးတာ အန်ပေါင်ကျောက်တို့အဖွဲ့တင်ပဲလား"

"ဒါပေါ့ကွ၊ ငါ မကျေနပ်တာ ဒီကောင်တွေပဲရှိတာပဲ၊ ဒါနဲ့ နေစမ်းပါဦး၊ မင်းက ဘာဖြစ်လို့ ဒီလိုမေးရတာလဲ"

မိန်ဝူးချန်ကပြန်မေးလိုက်သည်။

"ဘာဖြစ်လို့မေးတာလဲဆိုတော့ ဝတ်စုံနက်သုံးယောက်ထဲက တစ်ယောက်ဟာ မာရှူးမြို့နားကတောအုပ်တစ်ခုထဲမှာ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့မြင်းတပ်သားတွေကို အကြောင်းမဲ့သတ်ဖြတ်သွားတယ်လေ၊ ကျွန်တော့်အဖေနယ်စားကြီးကို သက်သက်ရန်စတာပဲပေါ့"

"ဟော ....."

မိန့်ဝူးချန် အံ့သြသွားသည်။

ဝတ်စုံနက်တစ်ယောက်က မာစူးမြို့ တောအုပ်အနီးတွင် နယ်စားကြီး၏မြင်းတပ်သားများကိုတိုက်ခိုက်သည်ဟု ဆိုပါလား။

ဤသည်မှာ သေမင်း၏နှုတ်ခမ်းမွေးကိုသွားဆွဲသော လုပ်ရပ်ပင်ဖြစ်သည်။

နယ်စားကြီးက သူ့မြင်းတပ်သားများသေသည့်ကိစ္စကို ထိုင်ကြည့်နေပါမည်လော။

ဤအချက်ကို သူ မသိသည်မှာ အမှန်ပင်။

နယ်စားကြီးဝမ်ကျိုးဝေသည် သူ့မိတ်ဆွေဖြစ်ခဲ့၏။

မိတ်ဆွေ၏လူများကိုသတ်ဖြတ်ရန် မည်သည့်အခါမျှ စိတ်မကူးခဲ့ပေ။

"ဒါကတော့ ဦးကြီးလုံးဝမသိတာအမှန်ပဲကွ၊ ဝမ်ကျိုးဝေဟာ ငါ့မိတ်ဆွေပဲကွာ၊ ငါက ဘာဖြစ်လို့ သူ့လူတွေကိုသတ်ရမှာလဲ၊ နောက်ပြီး အခုအထိ ငါ လူတစ်ယောက်ကိုမှမသတ်မိသေးဘူး၊ ဒဏ်ရာရအောင်ပဲ ငါလုပ်တယ်၊ ဝတ်စုံနက်နှစ်ယောက်ထဲက တစ်ယောက်က လုပ်တာဖြစ်လိမ့်မယ်"

ဝမ်ထိုင်စန်က ခေါင်းညိတ်သည်။



"ဟုတ်ကဲ့၊ ကျွန်တော်ကလဲ အဲဒီလိုပဲ ထင်မိပါတယ်၊ ဒါပေမယ့် အဲဒီဝတ်စုံနက်တွေဟာ ဘယ်သူဘယ်ဝါမှန်း မသိတာ တော်တော်ခက်ပါတယ် ဦးကြီး"

"ဒါနဲ့ နေစမ်းပါဦး၊ ငါ မေးစမ်းပါရစေဦး၊ အဲဒီ ဝတ်စုံနက်နှစ်ယောက်က သူတို့တိုက်ခိုက်ပြီးလို့ ထွက်သွားတိုင်း သံမဏိတံခွန်လေးတွေကို ပစ်ချသွားတာပဲလား"

"ဟုတ်တယ် ဦးကြီး မိန့်ဝူးချန်၊ သူတို့ကလဲ အဲဒီလိုပဲ သံမဏိတံခွန်လေးတွေကို ပစ်ချသွားလေ့ရှိကြတယ်၊ အဲဒီလို လုပ်ပုံကိုင်ပုံ တူနေတော့ ကျွန်တော်စဉ်းစားရ ခက်နေတာပေါ့"

ဝမ်ထိုင်စန်က စိတ်ရှုပ်သည့်အမူအရာဖြင့်ပြောသည်။

"ကဲပါလေ ...... ဒါကိုတွေးပြီး ဒီလောက်လဲ စိတ်ပျက်မနေပါစမ်းပါနဲ့၊ ဒီပြဿနာကို ဦးကြီးဖြေရှင်းပေးပါ့မယ်"

"ဦးကြီးက ဘယ်လိုဖြေရှင်းမှာပေးမှာလဲ"

"လူလေးတို့ ပြည်မကိုပြန်ရင် ဦးကြီးလိုက်ခဲ့မယ်၊ လူလေးတို့ရဲ့ လူတွေကို တိုက်ခိုက်နေတဲ့ ဝတ်စုံနက်ကို ဦးကြီးကိုယ်တိုင်ဖမ်းပေးမယ်၊ ဒါဆိုရင် ပြဿနာရှင်းပြီပေါ့"

"ဟာ ...... ဒါဆိုရင် အကောင်းဆုံးပဲပေါ့"

ဝမ်ထိုင်စန်က အားရပါးရ ပြောလိုက်၏။

မိန့်ဝူးချန်သည် သူ့ဖခင်အား ခပ်စိမ်းစိမ်းကြည့်နေသည့် သမီးဖြစ်သူအား ဂရုဏာသက်စွာ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် ...... သမီးဟာ ဝိညာဉ်နှုတ်သိုင်းနဲ့ အတိုက်ခံခဲ့ရလို့ ဒီလိုဖြစ်နေရှာတာကိုး၊ သမီးကို ကုသပေးရမယ်"

မနက်ဖြန်တွင် သမီးဖြစ်သူ မိန်ချန်ယူ၏ ရောဂါကို ကုသမည်ဟု ဆုံးဖြတ်လိုက်သည်။ ဆေးကုသပေးပြီးမှသာ သမီးဖြစ်သူသည် ဖခင်ဖြစ်သူ သူ့ကိုမှတ်မိမည်မဟုတ်ပါလော။

❁ ❁ ❁



## ကြာဇေကရာဇ်၏ စွမ်းအင်

မိုးကြိုးလက် တန်ချူး၏ မြင့်မားသော ကိုယ်ဖော့ပညာကို ဝမ်ထိုင်စန်တို့ တွေ့ရှိကြရတော့သည်။

ဓမ်ထိုင်စန်နှင့် မိန်ပူးချန်တို့ခူးရန် အခက်အခဲဖြစ်နေသည့် ကြာဇေကရာဇ် ကြာပန်းကြီးအား မိုးကြိုးလက်တန်ချူးက ခူးပြလိုက်ခြင်းပင်ဖြစ်သည်။

သူခူးပြပုံမှာ ရေပေါ်တွင် ပေါ်နေသည့် ကြာရွက်များပေါ်တွင် ကိုယ်ဖော့ပညာဖြင့် လျှောက်သွားပြီး ကြာဇေကရာဇ်ကို ခူးလိုက်ခြင်းဖြစ်သည်။

"ဟာ ...... အဘိုးလမ်းလျှောက်သွားတာဟာ မြေပြင်ပေါ်မှာ လျှောက်သွားတဲ့ အတိုင်းပါပဲလား"

မိုးကြိုးလက်တန်ချူးက ဘာမှမပြောဘဲ ကြာဇေကရာဇ်ကို မိန်ချန်ယူလက်ထဲသို့ လှမ်းထည့်လိုက်၏။

မိန်ချန်ယူသည် ကြာပန်းကြီးကိုကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

ကြာပန်းကြီးမှာ ငွားငွားစွင့်စွင့်ဖြင့်လှပနေသည်။

မိန်ဂူးချန်က မိန်ချန်ယူလက်မှလှမ်းယူပြီး ......

"ပေး ...... သမီး၊ ဒီကြာပန်းရဲ့ဝတ်ဆံကိုယူရမယ်၊ အမှုန့်ကြိတ်ပြီးမှ ဆက်လုပ်သင့်တာလုပ်ရမယ်"

နှစ်တစ်ရာမှတစ်ကြိမ်ပွင့်သော ကြာပန်းကြီးအား အိမ်ထဲယူသွားပြီး ဝတ်ဆံများကိုခြွေချသည်။

ထို့နောက် အမှုန့်ကြိတ်သည်။

ထို့နောက် ရေနှင့်ဖျော်သည်။

မိန်ဂူးချန်သည် ထိုအရည်ကိုယူဆောင်လာပြီး မိန်ချန်ယူအား ပေးလေ၏။

"ရော့ .... သမီး၊ သောက်လိုက်"

"ဟင် ...... ကျွန်မက ဒီအရည်တွေကိုသောက်ရမယ် ဟုတ်လား"

"ဟုတ်တယ်သမီးရဲ့၊ သမီး အားနည်းနေလို့တိုက်ရတာ၊ ဒီဆေးရည်တွေကိုသောက်ပြီးရင် သမီး အားတိုးသွားလိမ့်မယ်"

မိန်ဂူးချန်က သမီးဖြစ်သူမိန်ချန်ယူ သောက်ချင်လာအောင် လှည့်ပတ်ပြောလိုက်သည်။

မိန်ချန်ယူ၏စကားအသွားအလာအရ သိပ်သောက်ချင်ပုံမရပေ။

မိုးကြိုးလက်တန်ချူးက ......



"သမီး သောက်လိုက်ပါကွာ၊ သမီး အားတိုးဖို့ တိုက်တဲ့ဆေးရည်ပဲဥစ္စာ၊ ဒီဆေးရည်သောက်ပြီးရင် သမီးအခုထက် ပိုကောင်းသွားမှာကွဲ"

ဝမ်ထိုင်စန်ကလည်း ....

"မိန်ချန်ယူ သောက်သာသောက်လိုက်ပါ၊ မကောင်းတဲ့ဆေးဆိုရင် နင့်ကိုတိုက်ပါ့မလား"

ထိုအခါ မိန်ချန်ယူသည် ဆေးရည်များကိုကောက်ယူမော့ချလိုက်တော့သည်။

မိုးကြိုးလက်တန်ချူးက မိန်ချန်ယူ၏ကိုယ်ထဲရှိ သွေးကြောလှည့်ပတ်မှုမှန်စေရန်နှင့် ချိန်လီကျန်ပိတ်ထားသောအကြောများ ပြန်ပွင့်စေရန် မိန်ချန်ယူ၏အကြောများအား လက်ဖြင့်ထောက်၍ ကုသပေးလေသည်။

ဝမ်ထိုင်စန်နှင့်မိန်ဂူးချန်တို့နှစ်ယောက်သည် စိတ်လှုပ်ရှားစွာဖြင့် ထိုင်ကြည့်နေမိကြသည်။

ကြာပန်းဝတ်ဆံကို အမှုန့်ကြိတ်တိုက်ရုံဖြင့် ရောဂါပျောက်ကင်းပါ့မလားဟု မိန်ဂူးချန်နှင့်ဝမ်ထိုင်စန်တို့ တွေးနေကြသည်။

ထိုဆေးနည်းမှာ ... အမတ်ကြီးလင်ရှူ၏ဆေးနည်းသာ ဖြစ်သည်။ တစ်ဆင့်စကားတစ်ဆင့်နားဖြင့် မှတ်သားထားသောဆေးနည်းသာဖြစ်သည်။

တကယ်ပျောက် မပျောက်ကို သူလည်းမသိချေ။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် …. ဝမ်ထိုင်စန်သည် မယုံမရဲစောင့်ကြည့်နေခြင်းသာဖြစ်လေ၏။

သူတို့ကြည့်နေစဉ် မိန်ချန်ယူ၏ မျက်နှာဖြူနုနုကလေးမှာ တစ်စထက်တစ်စနီရဲလာလေတော့၏။

တစ်ခဏအကြာတွင် ထိုင်နေလျက်မှ မိန်ချန်ယူ လဲကျသွားတော့သည်။

မိန်ဝူးချန်က စိုးရိမ်တကြီးကြည့်နေမိသည်။

တန်ချူးက အေးအေးဆေးဆေးပြောလိုက်သည်။

"ဘာမှစိတ်မပူပါနဲ့ မိန်ဝူးချန်၊ မင်း သမီး ဘာမှမဖြစ်ပါဘူး သူ့ မေ့ကြောကိုထိုးပိတ်လိုက်လို့ပါ။ တော်ကြာ …. သတိပြန်ရလာရင် အားလုံးကောင်းသွားပါလိမ့်မယ်"

"အားလုံးကောင်းသွားမယ်ဆိုတာက ကျုပ်ကို သူ့အဖေလို့ ပြန်မှတ်မိသွားမယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်….မိန်ဝူးချန်၊ မင်းပြောတာအမှန်ပဲ၊ စောင့်ကြည့်နေလိုက်ပါ"

မိန်ဝူးချန်သည် အနည်းငယ်တော့ စိတ်သက်သာရာရသွားသည်။ များမကြာမီ …..

"ဟိုမှာ မိန်ချန်ယူလှုပ်လာပြီ၊ သတိ ပြန်ရလာတော့မယ်ထင်တယ်"

မိန်ဝူးချန်သည် မိန်ချန်ယူ၏မျက်နှာနားသို့တိုးကပ်သွားပြီး



မေးလေတော့၏။

"သမီးလေး …. သမီးလေး …. သတိရပြီလားဟင်"

မိန်ချန်ယူ၏မျက်လုံးကလေးမှာ ပွင့်လာလေ၏။

မိန်ချန်ယူသည် ဖခင်ဖြစ်သူကို စိုက်ကြည့်လေသည်။

အတန်ကြာအောင်စိုက်ကြည့်ပြီးမှ ဖခင်ဖြစ်သူအား ဖက်လိုက်လေသည်။

"ဖေဖေ ….."

မိန်ဝူးချန်က သမီးဖြစ်သူအား ဖက်လိုက်၏။ ထိုအခါကျမှ ကြီးလက်တန်ချူးနှင့်ဝမ်ထိုင်စန်တို့မှာ သက်ပြင်းကိုယ်စီချပြီး ပြုံးနိုင်တော့သည်။

"ဖေဖေ …. ဖေဖေ ဘယ်ဆီတွေသွားပြီး ရှောင်ပုန်းနေရလဲဖေဖေရယ်"

"အင်း …. သမီးလေးက ခုမှ အတိတ်ကဖြစ်ရပ်တွေကို ပြန်သတိရတာဆိုတော့ အားလုံးပြည့်ပြည့်စုံစုံမသိနိုင်ပါဘူး၊ ကဲ …. သမီးထောင်၊ သမီးကို ဖေဖေပြည့်ပြည့်စုံစုံရှင်းပြမယ်"

မိန်ချန်ယူ ချိန်လီကျန်၏တိုက်ခိုက်မှုကိုခံရပြီး အသိကင်းမဲ့သွားချိန်၌ ဝမ်ထိုင်စန်နှင့်တွေ့ပုံ။

ဝမ်ထိုင်စန်က အိမ်ကိုခေါ်သွားပုံ။

အမတ်ကြီးလင်ရှုနှင့် တိုင်ပင်ပုံ။

ကြာကေရာစ်၏ဝတ်ဆံနှင့်ကုသလျှင် ….

www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကင်းမည့်အကြောင်း အမတ်ကြီးလင်ရှုက ပြောပြီး
ဝမ်ထိုင်စန်က ဤမရဏာကျွန်းသို့ခေါ်လာခဲ့ပုံ။

ကြာကေရာစ်၏ဝတ်ဆံကို အမှုန့်ကြိတ် အရေဖျော်တိုက် သဖြင့် ခံစားနေရသည့်ဝေဒနာများ ပျောက်ကင်းသွားပုံတို့ကို ပြော လေ၏။

မိန်ချန်ယူသည် အားလုံးကိုနားလည်သဘောပေါက်သွား သည်။ သူမသည် ဝမ်ထိုင်စန်ဘက်သို့လှည့်လိုက်ပြီး .....

"ဝမ်ထိုင်စန် ..... နင်က ငါ့ကိုကယ်တင်ခဲ့တာပေါ့နော် ကျေးဇူးပါပဲဝမ်ထိုင်စန်ရယ်၊ ငါ နင်နဲ့တွေ့လို့သာပေါ့၊ နင်နဲ့မတွေ့ရ ငါ့ဘဝဟာ လုံးလုံးတွေးဝံ့စရာမရှိပါဘူး၊ နောက်ပြီး ငါ့အဖေနဲ့ အခု ပြန်ဆုံတွေ့မှာမဟုတ်ဘူး၊ ဒါကြောင့်မို့ နင့်ကို ငါအရမ်းကျေးဇူးတင် ပါတယ်"

မိန်ချန်ယူက သူငယ်ချင်းလည်းဖြစ်၊

ကျေးဇူးရှင်လည်းဖြစ်သူ ဝမ်ထိုင်စန်အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်စကားပြောလေ၏။

"ဟာ ..... မလိုပါဘူးမိန်ချန်ယူရာ၊ နင်နဲ့ငါနဲ့က ငယ်ငယ်လေး တည်းက သူငယ်ချင်းဖြစ်ခဲ့ကြတဲ့သူတွေပဲ၊ တစ်ယောက်ဒုက္ခရောက် ရင် တစ်ယောက်က အကူအညီပေးရမှာပေါ့၊ ဒါဟာ အထူးကျေးဇူး တင်စရာမှမဟုတ်တာ"

ထိုအခါ မိန်ချန်ယူက .....



"မဟုတ်ဘူးလေဟာ ..... ငါ့ကိုတွေ့လို့ အိမ်ကိုခေါ်သွား တယ်ဆိုတာ ကူညီရိုးကူညီစဉ်ကိစ္စပါ၊ ဒီမရဏာကျွန်းကို ဆေးကုသရ အောင် ခေါ်လာတယ်ဆိုတာကတော့ အသက်စွန့်ပြီး ကူညီရတဲ့ကိစ္စ မျိုးပါ၊ အကယ်၍ ..... ဒီကျွန်းပေါ်မှာ သရဲတစ်ထောင်အိုချူးသာရှိ နေမယ်ဆိုရင် နင်ရော ငါရော အသက်ရှင်နေမှာမဟုတ်တော့ဘူး၊ ဒါကို နင်လဲ စဉ်းစားမိလိမ့်မယ်လို့ ငါထင်တယ် ..... ဒီလိုစဉ်းစားမိလျက်နဲ့ မကြောက်မရွံ့ခေါ်လာရဲတဲ့ နင့်သတ္တိကိုတော့ မချီးကျူးဘဲ မနေနိုင် ပါဘူးဟာ"

မိန်ချန်ယူက ထပ်မံချီးကျူးလိုက်သည်။

ဝမ်ထိုင်စန်မှာ မနေတတ် မထိုင်တတ်ဖြစ်သွားသည်။

ဝမ်ထိုင်စန်က .....

"ငါလဲ ဒီလောက်သတ္တိကောင်းလွန်းလို့မဟုတ်ပါဘူးဟာ၊ နင်က ငါ့ကိုလဲမမှတ်မိ၊ မိဘဆွေမျိုးတွေကိုလဲ မမှတ်မိဖြစ်နေတော့ ငါလဲ ဒီအတိုင်းထားလို့မဖြစ်ဘူးဆိုပြီး ဒီကိုရောက်အောင် ခေါ်လာ ခဲ့တာပါ"

"ဘာပဲဖြစ်ဖြစ် နင့်ကျေးဇူးတွေ ငါ့အပေါ်ရှိနေတာတော့ အမှန်ပဲ"

မိုးကြိုးလက်တန်ချူးက .....

"ဟုတ်တယ်လူလေး၊ လူလေးတို့သတ္တိကို အဘိုးလဲ ချီးကျူး တယ်၊ မင်းတို့ကို ငါမေးတုန်းက တောင်ကျွန်းစုကိုသွားမယ်လို့ ပြော

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြတယ်နော်၊ ငါ အံ့ရိမ်းအံ့ဩသွားတယ်၊ ဒီနောက်တော့ မရဏကျွန်းကိုသွားမယ်လို့ သိရတယ်၊ ငါ့စိတ်ထဲမှာ ထူးထူးဆန်းဆန်းဖြစ်သွားတယ်၊ မင်းအနေနဲ့ သရဲတစ်ထောင်အိုချူးကို ဘယ်လိုမှမနိုင်နိုင်ဘူးဆိုတာ ငါသိနေတယ်လေ၊ မင်း သတ္တိကိုတော့ ချီးကျူးပါတယ်ကွာ"

မိန့်ဂူးချန်ကလည်း ......

"ဟုတ်တယ်လူလေး ... လူလေးရဲ့သတ္တိနဲ့စွန့်စားရဲတဲ့ စိတ်ဓာတ်ကို ဦးကြီးချီးကျူးပါတယ်၊ နောက်ပြီး လူလေးရဲ့ဖေဖေ နယ်စားကြီးဝမ်ကျိုးဝေကိုလဲ ဦးကြီးသိပ်ကျေးဇူးတင်တယ်၊ မင်းတို့ သားအဖဟာ မိန်ချန်ယူကို အိမ်ပေါ်ခေါ်တင် မထားဘူးဆိုရင် သမီးလေးဟာ ခုဆို ဘယ်အခြေစိုက်နေမှန်းတောင် မတွေးရဲအောင်ပါပဲ"

ပမ်ထိုင်စန်က ....

"ဒါတွေပြောမနေပါနဲ့တော့ ဦးကြီးမိန့်ဂူးချန်ရယ်၊ ကျွန်တော်တို့က တစ်ယောက်ကိုတစ်ယောက်ကျေးဇူးတင်စကားပြောနေရမယ့်လူတွေမှမဟုတ်တာ"

"အေးလေ .... ဒါတွေဒါပေါ့ကွာ၊ ငါကလဲ ကျေးဇူးမတင်ဘဲမနေနိုင်ဘဲဖြစ်နေတယ်၊ ဒါနဲ့ သမီးအစ်ကိုရဲ့သတင်းကော ဘာများကြားသေးသလဲ"

မိန့်ဂူးချန်ကမေးလိုက်ရာ မိန်ချန်ယူမှာ တွေဝေသွားသည်။

"သမီးရော အစ်ကိုမိန်စုပင်ရော ချိန်လီကျန် ဖမ်းဆီးတာကိုခံခဲ့ရတယ်၊ နောက်ပိုင်း ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တွေကိုတော့ သမီးဘာမှမသိတော့ပါဘူး"



"အင်း ...... ဟုတ်ပေသားပဲ၊ သမီးက ချိန်လီကျန်ရဲ့လိပ်ပြာနှုတ်သိုင်းနဲ့ အတိုက်ခံခဲ့ရတယ်ဆိုတော့ အဲဒီနောက်ပိုင်း ဖြစ်ပျက်ခဲ့တာတွေကို ဘယ်မှတ်မိနိုင်ပါတော့မလဲ"

မိန်ချန်ယူက သက်ပြင်းချပြီးပြောသည်။

"ဟုတ်တယ်ဦးကြီးရဲ့၊ ကျွန်တော် သူ့ကိုတွေ့တုန်းကလဲ သူ့တစ်ယောက်တည်းကိုပဲတွေ့တာ၊ သူ့အစ်ကိုမိန်စုပင်ကိုမေးတော့လဲ သူ ဘာမှမသိဘဲဖြစ်နေတယ်"

မိန့်ဂူးချန်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး .....

"ဒါဆိုရင် ငါ့သားကြီးမိန်စုပင် ဘယ်ကိုရောက်နေသလဲဆိုတာ ငါတို့စဉ်းစားရမယ်၊ ချိန်လီကျန်လဲ သေဆုံးသွားပြီဆိုတော့ ခြေဦးတည့်ရာလျှောက်သွားနေပြီလား မသိပါဘူးကွာ၊ ဒါမှမဟုတ် တိုက်ကြခိုက်ကြရင်းနဲ့ပဲ သေဆုံးသွားပြီလားမသိပါဘူးကွာ"

ဝမ်ထိုင်စန်ကပင် ဝင်ပြောလေ၏။

"ကျွန်တော်တော့ မိန်စုပင် အသက်ရှင်လျက်ရှိနေဦးမယ်လို့ ထင်ပါတယ်"

"မင်းထင်တာမှန်ရင်တော့ အကောင်းဆုံးပေါ့ကွာ"

"ဒါဖြင့် ဒီလိုလုပ်ပါလား"

"ဘယ်လိုလုပ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မိန်စုပင် အသက်ရှင်လျက် ရှိနေဦးမယ်ဆိုရင်တော့ ပြည်မမှာပဲရှိနေဦးမှာသေချာတယ်၊ ဒီတော့ ဦးကြီး ပြည်မကိုလိုက်လာပြီး မတွေ့တွေ့အောင်ရှာဖွေမှပေါ့"

မိန်ဝူးချန်ကလည်း ထိုအကြံကိုလက်ခံလိုက်သည်။

"အေး .... မင်းပေးတဲ့အကြံဟာကောင်းတယ်၊ ဒီတော့ မင်းတို့ပြန်ရင် ဦးကြီးလဲ ပြည်မကိုလိုက်ပြန်မယ်၊ မင်းနဲ့ သမီးမိန်ချန်ယူကတော့ မင်းတို့အိမ်ကိုသွားနှင့်ကြပေါ့၊ ဦးကြီးကတော့ မိန်စုပင်ကိုတတ်နိုင်သလောက် ကြိုးစားပြီးလိုက်ရှာမယ်"

"ဒါဖြင့် ဖေဖေက ဘယ်အချိန်ကျမှ သမီးတို့ရှိတဲ့နေရာကိုလိုက်လာမှာလဲ"

မိန်ချန်ယူက မေးလိုက်ခြင်းဖြစ်သည်။

မိန်ဝူးချန်က .....

"သားကြီးမိန်စုပင်ကိုတွေ့ရင်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် မတွေ့နိုင်တဲ့အဆုံး လက်လျှော့လိုက်တဲ့အခါမှာပဲဖြစ်ဖြစ် သမီးနဲ့ ပြန်ဆုံကြတာပေါ့"

မိန်ချန်ယူသည် ငြိမ်ကျသွားသည်။

ထိုအခါ မိုးကြိုးလက်တန်ချူးကဝင်ပြောလာလေ၏။

"အေး ..... မင်းတို့ ပြည်မကြီးကိုပြန်ရင် ငါလဲလိုက်ခဲ့မယ် ပြည်မကြီးရောက်တာနဲ့ သံဘီလူးခွပ်ရှန်ကို မတွေ့တွေ့အောင်ရှာပြီး အပြတ်ရှင်းရမယ်"



ထိုအခါ မိန်ဝူးချန်ကမေးလိုက်၏။

"ဆရာကြီးဟာ သံဘီလူးခွပ်ရှန်ကို တွေ့အောင်လိုက်ရှာပြီး တိုက်ခိုက်မယ်ဟုတ်လား"

"ဟုတ်တယ်၊ သူဟာ သိုင်းလောကထုံးစံမဟုတ်တဲ့နည်းနဲ့ သရဲတစ်ထောင်အိုချူးကိုတိုက်ခိုက်ခဲ့တာပဲ"

ဝမ်ထိုင်စန်က ....

"အဘိုးက သံဘီလူးခွပ်ရှန်ကို သိုင်းလောကထုံးစံမဟုတ်တဲ့နည်းနဲ့တိုက်ခိုက်ခဲ့တယ်ဆိုတာက ဘာကိုဆိုလိုတာလဲ"

"အဆိပ်ခတ်တာပေါ့ကွ၊ ဒါမျိုးကို အထက်လမ်းသိုင်းသမားတွေ လုပ်လေ့လုပ်ထ မရှိဘူး၊ သိုင်းလောကထုံးစံက ရန်သူကို တိုက်ခိုက်မယ်ဆိုရင် စိန်ခေါ်ပြီးမှတိုက်ခိုက်ကြရတာ၊ တကယ့်အဆင့်မြင့်တဲ့ပုဂ္ဂိုလ်တွေဆိုရင် စတိုက်တာကိုတောင် အသိပေးကြတယ်၊ အခုတော့ အင်မတန်အောက်တန်းကျတဲ့နည်းကို သံဘီဘူးခွပ်ရှန်သုံးလိုက်တာပဲ၊ မိတ်ဆွေဖွဲ့ပြီး အဆိပ်ခတ်ထားတဲ့အစားအစာတွေကို ကျွေးမွေးတာဟာ ဘယ်မှာ အထက်လမ်းဂိုဏ်းသားပီသတော့မှာလဲ၊ သိုင်းလောကတစ်ယောက်လို့ပြောရမှာ ရှက်ပါတယ်ကွာ"

မိန်ဝူးချန်က .....

"ဆရာကြီးတန်ချူးရဲ့စကားကိုကြားတော့ ကျုပ်ကိုယ်ကျုပ်တောင်ရှက်မိပါတယ်၊ ဆရာကြီး သရဲတစ်ထောင်အိုချူးကိုယ်စား ကျုပ်က သံဘီလူးခွပ်ရှန်ကိုလက်စားချေသင့်တာပါ၊ ဒါပေမယ့် သံ

www.burmeseclassic.com

www.burmeseclassic.com



ဘီလူးခွပ်ရှန်ကို ကျုပ်ကလဲမယှဉ်နိုင်တော့ ခုလိုနောက်ဆုတ်နေရ
တယ်"

သူက ဆက်ပြောသည်။

"အဲ ဆရာကြီးတန်ချူးသာတိုက်နိုက်မယ်ဆိုရင် အင်မတ
လက်ညီမယ်လို့ ကျုပ်ယုံကြည်ပါတယ်၊ ဒါပေမယ့် ဆရာကြီးတန်ချူ
ကတော့ အမှန်တရားဘက်ကရှိနေတဲ့အတွက် ဆရာကြီးတန်ချူးက
အနိုင်ရမယ်လို့ ကျုပ်ယုံကြည်ပါတယ်"

မိန့်ဝူးချန်က ယုံယုံကြည်ကြည်ပြောလိုက်ရာ မိုးကြိုးလင
တန်ချူးက ပြုံးလိုက်လေ၏။

"ကျေးဇူးတင်ပါတယ်ကွာ .... ငါကတော့ ကိုယ်စွမ်းရှိသရွေ့
ဉာဏ်စွမ်းရှိသရွေ့ တိုက်ခိုက်မှာပါပဲ"

တန်ချူးကဆက်လက်၍ .....

"ကဲ .... ငါတို့ ပြည်မကို ဘယ်တော့ပြန်ကြမှာလဲ"

မိန့်ဝူးချန်က ....

"သမီးလဲ နေကောင်းသွားပြီဆိုတော့ နောက်နှစ်ရက် သုံး
ရက်ကြာရင် သွားကြတာပေါ့"

ထိုအခါ မိန့်ချန်ယူက တောင်းပန်သည်။

"ဟာ .... ဖေဖေကလဲ ဒီလောက် မြန်မြန်ဆန်ဆန်ကြီးတော့
မပြန်ပါနဲ့ဦး"

"မြန်မြန်ဆန်ဆန်ပြန်တော့ ဘာဖြစ်လို့လဲသမီးရဲ့"



"ဟိုလေ ..... သမီးက ဒီကျွန်းပေါ်မှာနေချင်သေးလို့ပါ"

"ပြည်မမှာ သမီးအစ်ကိုကို ရှာဖွေဖို့ကိစ္စလဲရှိနေတယ်၊ ဒီလို
ကိစ္စမျိုးက မြန်မြန်ထက်ထက်ဆောင်ရွက်နိုင်မှ ကောင်းတာ၊ ဒါပေ
မယ့် ဖေဖေတို့ ဒီကျွန်းမှာ တစ်ပတ်တော့နေလိုက်မယ်၊ တစ်ပတ်နေ
ပြီးတော့မှ ပြည်မကိုပြန်ကြတာပေါ့"

မိန့်ဝူးချန်၏စကားဆုံးသောအခါ မိန့်ချန်ယူသည် ဦးခေါင်း
ကို ညင်ညင်သာသာပင်ညိတ်ပြလိုက်လေ၏။

သူ့ဖခင်ကြီးက သုံးရက်အစား တစ်ပတ်သို့ပင် တိုးမြှင့်နေခွင့်
ပြုလိုက်ပြီမဟုတ်ပါလား။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## ထူးခြားသောသတင်း

တာလင်းနှင့်မိန်စုပင်တို့နှစ်ဦးမှာ တောတွင်း၌ပင် တာလင်း၏မိခင်ဖြစ်သူယန်စီပန်ထံမှ အဆင့်မြင့်သိုင်းပညာများကို သင်ယူနေခဲ့ပေသည်။

ထိုသို့သင်ယူနေခဲ့သည့်အချိန်ကာလမှာ နှစ်လခန့်ပင် ရှိခဲ့ပြီဖြစ်လေသည်။

ယခုအခါတွင် သူတို့နှစ်ဦး၏သိုင်းပညာအဆင့်မှာ မြင့်မားသည်ဟု မဆိုနိုင်စေကာမူ ....

သာမန်အဆင့်ထက် အများကြီး သာလွန်နေသည်ကတော့ အမှန်ပင်ဖြစ်သည်။

ပန်းဓားယန်စီပန်ထံတွင် သိုင်းပညာများထပ်မံသင်ယူဦးမည်ဆိုလျှင် သိုင်းပညာပိုမိုထူးချွန်ထက်မြက်လာနိုင်သည်ကို မိန်စုပင်သိရှိလေသည်။

သို့သော် သူ့အနေဖြင့် သိုင်းပညာချည်း သင်မနေနိုင်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ဖခင်နှင့်ညီမဖြစ်သူကို ရှာဖွေရဦးမည်။

ထို့ကြောင့် .... သိုင်းပညာသင်ခြင်းကို သူသည် ရပ်ဆိုင်းပစ်လိုက်လေ၏။

"မင်းရဲ့သိုင်းပညာအဆင့်ဟာ ဘာမှမရှိသေးဘူး မိန်စုပင်ရဲ့၊ ဒီလောက်နဲ့တော့ မင်းရန်သူတွေကိုဘယ်လိုမှကလဲ့စားချေနိုင်မှာမဟုတ်သေးဘူး"

ပန်းခားယန်စီပန်က မိန်စုပင်အားပြောလိုက်၏။

"ဒါကို ကျွန်တော် သဘောပေါက်ပါတယ် ဒေါ်ဒေါ်၊ ခုဟာက ကိုယ့်ကိုယ်ကို သိပ်တော်တယ်ထင်ပြီး ရပ်ဆိုင်းလိုက်တာ မဟုတ်ပါဘူး၊ ပျောက်ဆုံးနေတဲ့ ကျွန်တော့်အဖေနဲ့ ညီမလေးကို ရှာဖွေချင်လို့ပါ၊ သူတို့နှစ်ယောက်ကို ပြန်မတွေ့ရမချင်း ကျွန်တော် ဘယ်လိုမှ စိတ်အေးနိုင်မှာမဟုတ်ပါဘူး"

"မင်းအဖေနဲ့ မင်းညီမကကော ခုချိန်မှာ အသက်ရှင်လျက်ရှိနေသေးတယ်လို့ မင်းသိလို့လား"

"ဒီလိုတော့ ကျွန်တော်မသိပါဘူး၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ သူတို့နှစ်ယောက်စလုံး အသက်ရှင်လျက်ရှိသေးတယ်လို့ထင်နေတယ်"

"လိုက်ရှာတော့ ဘယ်နေရာကိုလိုက်ရှာမှာပဲ၊ တစ်ပြည်လုံးအနှံ့လိုက်ရှာမှာလား"

"ဟုတ်ကဲ့၊ မတွေ့တွေ့အောင်လို့ လိုက်ရှာရမှာပါပဲ"



ယန်စီပန် မတားတော့ပါ။

စိတ်ဆန္ဒပြင်းပြနေသော မိန်စုပင်ကို တားမြစ်၍လည်း ရနိုင်မည်မထင်ပါ။

"အေးလေ .... ဒါဆိုလဲသွားပေါ့"

ပန်းခားယန်စီပန်က ပြောလိုက်၏။

ထိုစဉ် တာလင်းက ရုတ်တရက်ဝင်ပြောလာလေ၏။

"မေမေ .... သမီးလဲ သူနဲ့အတူတူလိုက်သွားချင်တယ်၊ သမီးကို့ အရင်သွားနေကျပဲ"

"ဟင် ....."

ပန်းခားယန်စီပန် ငိုင်သွားသည်။

သူမ မည်သို့တားမြစ်ရမည်မှန်းမသိပေ။

"သမီးက ဘယ်ကိုလိုက်သွားမှာလဲ"

"သူ့ဖေဖေနဲ့ ညီမလေးကိုရှာတဲ့နေရာပေါ့"

ယန်စီပန်သည် သမီးဖြစ်သူ၏အမူအရာကိုကြည့်ရုံနှင့် အခြေအနေကို ရိပ်စားမိပြီးဖြစ်သည်။

သမီးလေးတာလင်းသည် မိန်စုပင်ကို သံယောဇဉ်ငြိတွယ်နေလေပြီ။

မှန်သည်။

တာလင်းကလည်း ယောက်ျားပီသ၍ချောမောသော .... မိန်စုပင်ကို အမှန်တကယ်သံယောဇဉ်တွယ်နေမိလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



"သမီး မလိုက်ပါနဲ့ကွယ်"

ပန်းဓားယန်စီပန်ကပြောလိုက်၏။

ထိုအခါ တာလင်းက နှုတ်ခမ်းလေးစူလိုက်၏။

"ဟာ .... မေမေကလဲ သူက သိုင်းလောကကို အကျွမ်းတဝင် ရှိတာမှမဟုတ်တာ၊ နောက်ပြီး သူကရိုးတော့ သူများလှည့်စားတာကို ခံရနိုင်တယ်၊ သမီးကတော့ သိုင်းလောကထဲကို ခြေသလုံးအိမ်တိုင်ကိုထားသားအနေနဲ့ဝင်ခဲ့ဖူးတော့ သိုင်းလောကအကြောင်းအတော်အသင့်သိနေတယ်၊ သမီးပါတော့ သူ့ကိုသတိပေးနိုင်တာပေါ့"

"သမီးက သူ့တစ်ယောက်တည်း လွှတ်လိုက်ရမှာကို စိတ်မချဘူးဆိုပါတော့"

ပန်းဓားယန်စီပန်ကပြုံး၍မေးလိုက်ရာ ....

တာလင်းမှာရှက်သွေးတက်ပြီး မျက်နှာလေးနီရဲသွား၏။

"အို .... မေမေကလဲ"

သူမ ဒါပဲပြောနိုင်သည်။

သူမရင်ထဲတွင် ကြည်နူးစိတ်ကလေးဖြစ်ပေါ်လာသည်ကိုတော့ သူမ မငြင်းနိုင်ပါ။

သူသည် မိန်စုပင်ကို အမှန်တကယ်ချစ်နေမိပါသည်။

"ကဲပါလေ ..... သမီးကပါ လိုက်သွားချင်တယ်ဆိုရင်တော့ မေမေ မတားတော့ပါဘူး၊ မေမေ မတားတော့ပါဘူး၊ ဘယ့်နှယ်လဲ မိန်စုပင် .... မင်းကကော ဒေါ်ဒေါ်သမီးကိုခေါ်သွားချင်ရဲ့လား"



ယန်စီပန်က မိန်စုပင်အား မေးလိုက်သည်။

မိန်စုပင်သည် ရုတ်တရက် မည်သို့ဖြေရမှန်းမသိပေ။

အနည်းငယ် စဉ်းစားပြီးမှဖြေနိုင်သည်။

"သူလိုက်လာမယ်ဆိုရင်တော့ ကျွန်တော့်အတွက် အကျိုးရှိနိုင်တာပေါ့ ဒေါ်ဒေါ်၊ မျက်စိနှစ်လုံးထက်စာရင် မျက်စိလေးလုံးက ပိုမြင်တာပေါ့ ဒေါ်ဒေါ်၊ နားနှစ်ဖက်ထက် နားလေးဖက်က ပိုကြားနိုင်တာပေါ့၊ နောက်ပြီး သိုင်းပညာကျွမ်းကျင်မှု လျှင်မြန်ဖျတ်လတ်မှုကျတော့ ကျွန်တော်က တာလင်းကိုမမီပါဘူး"

ပန်းဓားယန်စီပန်က သမီးဖြစ်သူကိုကြည့်လိုက်သည်။

"သူက လိုက်စေချင်တယ်ဆိုတော့ သမီးလိုက်သွားပေါ့လေ၊ မေမေမတားပါဘူး"

"ဟုတ်ကဲ့မေမေ"

တာလင်းက သူ့အမေကိုခေါင်းညိတ်ပြလိုက်၏။

ထို့နောက် မိန်စုပင်ကိုခိုးကြည့်လိုက်သည်။

မိန်စုပင်ကလည်း ခိုးကြည့်ခိုက်ဖြစ်သဖြင့် နှစ်ယောက်စလုံး ရင်ခုန်မိသွားကြသည်။

ဤသည်ကို အကင်းပါးသောယန်စီပန်ကသိသည်။

သို့သော် မမြင်ဟန်ဆောင်နေသည်။

သူ့သမီးနှင့် မိန်စုပင်ကို ဘာမျှသဘောမတူစရာမရှိပါ။

သူ့ထံတွင် နှစ်လခန့်ရှိနေစဉ်အတွင်း ....

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိန်စုပင်ကို ကောင်းစွာအကဲခတ်ပြီးလေပြီ။

မိန်စုပင့်မှာ မိဘမျိုးရိုးကောင်းသည့်အပြင် ရဲရင့်သောစိတ်ထားလည်းရှိသည်။

စိတ်သဘောထားလည်း ဖြူစင်သည်။

အဓိက အကျဆုံးအချက်မှာ သူ့သမီး တာလင်းကိုယ်တိုင်က သဘောက နှစ်သက်နေခြင်းပင်ဖြစ်သည်။

မိန်စုပင်အား သဘောမကျစရာ အချက်မရှိသည့်အလျောက် သူမ သဘောတူရတော့မည်မဟုတ်ပါလား။

"မေမေ"

တာလင်းက ခေါ်လိုက်သဖြင့် ယန်စီပန်ထူးလိုက်သည်။

"ဘာလဲ .... သမီး"

"သမီးတို့မရှိတုန်း မေမေဘယ်ကိုမှမသွားပါနဲ့နော်၊ နယ်စားကြီးဝမ်ကျိုးဝေတို့က အင်နဲ့အားနဲ့လိုက်ရှာချင်ရှာနေကြမှာ"

"အင်းပါသမီးရယ် .... မေမေနားလည်ပါတယ်ကွယ်၊ သမီးတို့ ဘယ်တော့သွားကြမလဲ"

မိန်စုပင်က ခပ်သွက်သွက်ဝင်ဖြေလိုက်သည်။

"ကျွန်တော်တို့ မနက်ဖြန်ပဲသွားမယ်ခေါ်ခေါ်"

❁ ❁ ❁



မာစူးမြို့သည် နံနက်ခင်း နေရောင်ခြည်အောက်တွင် သက်ဝင်လှုပ်ရှားနေသည်။

မာစူးမြို့ဈေးသည် ဖူချောင်မြို့ဈေးလောက် ကြီးမားခြင်းမရှိသော်လည်း သူ့အထိုက်အလျောက်တော့ စည်ကားပေသည်။

ဈေးထဲတွင် သွားလာနေသောလူများကြားတွင် မိန်စုပင်နှင့် တာလင်းတို့လည်း ပါရှိကြလေ၏။

သူတို့၏မျက်လုံးများသည် ပတ်ဝန်းကျင်ကို အကဲခတ်နေကြလေ၏။

သို့သော် မသင်္ကာဖွယ်ရာ မည်သူတစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရချေ။

သူတို့နှစ်ဦးသည် စားများကိုနောက်ကျောတွင် သိုင်းလွယ်ထားသဖြင့် ....

သူတို့အား သိုင်းသမားမှန်းသိတာ တော်ရုံတန်ရုံလူများက ကွင်းရှောင်သွားကြသည်။

"မိန်စုပင် ...."

"ဘာလဲ .... တာလင်း"

"ကျွန်မဆာပြီ၊ တစ်ခုခုစားကြရအောင်"

"မင်းဆာတယ်ဆိုရင် တစ်ဆိုင်ဆိုင်ဝင်ကြတာပေါ့"

သူတို့သည် နီးရာဆိုင်ကိုကြည့်ကြပြီး ထိုဆိုင်သို့ဝင်၍ခြေသိမ်းပြင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

သူတို့ဝင်မည့်စားသောက်ဆိုင်တွင်းမှ လူနှစ်ယောက်ထွက်
လာကြသည်။

ထိုသူတို့သည် မည်သူ့ကိုမျှ ဂရုစိုက်ဟန်မရှိချေ။

ဆိုင်ထဲသို့လှမ်းဝင်လုဆဲဆဲ မိန်စုပင်၏ခြေထောက်များက
ရပ်တန့်သွားလေသည်။

ဆိုင်ထဲမှ ထွက်လာသူများသည် မိန်စုပင်ကို သတိမပြုမိဘဲ
ဖြတ်ကျော်သွားကြလေသည်။

မိန်စုပင်မှာ ထိုသူများကို မမှိတ်မသုန်ကြည့်နေမိလေသည်။

"လာလေ .... ဘာဖြစ်လို့ ရှင်ရပ်နေရတာလဲ"

တာလင်းက မိန်စုပင်၏လက်ကိုဆွဲကိုင်ပြီးခေါ်လေ၏။

"နေဦး .... တာလင်း၊ ဟိုမှာ .... ဟိုမှာ"

"ဘာလဲ ရှင် ဘယ်သူ့ကိုတွေ့လိုက်လို့လဲ"

"မဟုတ်ဘူး .... ငါလူနှစ်ယောက်ကိုတွေ့လိုက်ရတယ်၊ ဒီလူ
နှစ်ယောက်ကို ငါတွေ့ချင်နေတာအမှန်ပဲ"

"ဟုတ်လား ဘယ်သူတွေလဲ"

"မင်းကို ငါတစ်ခါက ပြောပြခဲ့ဖူးတယ်လေ၊ ငါ့ကို ဘိန်းချော
သယ်သွားပေးဖို့ သွေးဆောင်စည်းရုံးတဲ့လူနှစ်ယောက်လေ၊ ဝူချောင်
နဲ့ရှုစင်းဆိုတဲ့ လူနှစ်ယောက်ပဲ"

မိန်စုပင် အစဖော်ပေးလိုက်သည်နှင့် တစ်ပြိုင်နက်တာလင်း
က ချက်ချင်းအမှတ်ရသွားသည်။



"ဟာ .... ဟုတ်ပြီ၊ ကျွန်မမှတ်မိပြီ၊ အဲဒီလူနှစ်ယောက်က
အဲဒီကတည်းက .... တစ်ခါတည်း ခြေရာပျောက်သွားခဲ့ကြတယ်မ
ဟုတ်လား"

"ဟုတ်တယ်တာလင်း၊ ခု တိုက်တိုက်ဆိုင်ဆိုင် အဲဒီလူနှစ်
ယောက်ကို တွေ့နေကြရပြီ"

"အဲဒီလူနှစ်ယောက် ဘယ်မှာလဲ၊ ကျွန်မကို ပြောစမ်း"

မိန်စုပင်သည် သူ့ကို ဖြတ်ကျော်သွားပြီး အတော်ဝေးဝေး
သို့ရောက်နေသည့် လူနှစ်ယောက်ကို ညွှန်ပြလိုက်သည်။

"ဟောဟိုက လူနှစ်ယောက်ပဲ၊ ဝူချောင်နဲ့ရှုစင်းဆိုတဲ့လူ
...ယောက်ပဲ"

"လာလေ .... ဒါဆို သူတို့နောက်ကိုလိုက်ကြတာပေါ့၊ ဒီ
...တွေကို အလွတ်မပေးသင့်ဘူး"

သူတို့နှစ်ယောက်သည် ဖူချောင်နှင့်ရှုစင်းတို့နောက်သို့
...ကြလေတော့သည်။

ထို့နောက် .... သူတို့သည် လူသူရှင်းလင်းသည့်မြို့စွန်သို့
...ရှိလာကြလေတော့သည်။

"မိန်စုပင်၊ သူတို့ကိုလှမ်းခေါ်လိုက်တော့"

တာလင်းက လှမ်းပြောလိုက်သည်။

ထိုအခါ မိန်စုပင်ကလှမ်းခေါ်လိုက်သည်။

"ဟေ့လူတွေ ခဏနေကြဦး"

www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါ်သံကြောင့် ရှေ့မှသွားနေသော ဂူချောင်နှင့်ရှု
တို့သည် အံ့ဩသွားကြလေသည်။

ထို့နောက် .... ဂရုလောက်စရာမဟုတ်ဟု တွေးမိဟန်
ပြုံးလိုက်ကြလေသည်။

"ခင်ဗျားတို့နှစ်ယောက်ဟာ ဂူချောင်နဲ့ရှုစင်းတို့ မဟု
လား"

"ဟုတ်တယ်၊ အဲဒါဘာဖြစ်သလဲ"

"ဒါဖြင့် ခင်ဗျားတို့ ကျုပ်ကိုမှတ်မိမှာပေါ့နော်"

"မှတ်မိပါတယ်ကွာ၊ မင်းဟာ သံမဏိတံခွန်အာမခံအဖွဲ့
မိန်စုပင်မဟုတ်လား"

ဂူချောင်က ပြန်မေးလိုက်သည်။

မိန်စုပင်က ခေါင်းတစ်ချက်ညိတ်ပြီး ....

"ဟုတ်တယ်၊ ကျုပ်မိန်စုပင်ပဲ၊ ဒီထက်ရှင်းအောင်ပြော
တော့ ခင်ဗျားတို့ထောင်ချောက်ထဲထည့်ပစ်ခဲ့တဲ့ မိန်စုပင်ပေါ့"

ရှုစင်းက ....

"ထောင်ချောက်ဟုတ်လား၊ စကားကိုဆင်ဆင်ခြင်ခြင်
ပါကွာ၊ ငါတို့က ဘာထောင်ချောက်မှမလုပ်ပါဘူး၊ မင်းဟာမင်း
ဒဂ်ီးမက်ပြီး လုပ်တာပါ"

မိန်စုပင် ဒေါသထွက်သွားသည်။

"ကျုပ် အကျပ်အတည်းတွေ့နေတာကိုသိလို့ ခင်



ာမင်တကာ မြှူဆွယ်ခဲ့တာမဟုတ်လား"

"ငါတို့မြှူဆွယ်ခဲ့တယ်ဆိုပေမယ့် မင်းကိုယ်တိုင်ကသဘော
ာလို့ ဒီအလုပ်ကိုလက်ခံခဲ့တာပဲမဟုတ်လား"

"ကျုပ်က ခေါင်းပူနေတုန်းမို့ ဒီအလုပ်ကို လက်ခံမိခဲ့တာဗျ
င်ဗျားတို့ပစ္စည်းတွေကိုသယ်တော့ ကျုပ်တို့လမ်းမှာတင် မြင်းတပ်
ားတွေနဲ့တွေ့ပြီး အဖမ်းခံရတယ်ဗျ"

"ဒါကတော့ မင်းတို့ အသုံးမကျလို့ အဖမ်းခံရတာပဲကွ၊ ငါတို့
ာဆိုင်လို့လဲ၊ တကယ်ပြောရမယ်ဆိုရင် ငါတို့ပစ္စည်းတွေဆုံးရှုံး
တဲ့အတွက် မင်းမှာတောင် တာဝန်ရှိသေးတယ်"

သူ့ကိုပင် ဂူချောင်နှင့်ရှုစင်းက ပြန်လည်ခြိမ်းခြောက်လိုက်
ားသည်။

"ဘာ .... ခင်ဗျားတို့ပစ္စည်းတွေဆုံးရှုံးရတဲ့အတွက် ကျုပ်မှာ
ာဝန်ရှိတယ်ဟုတ်လား၊ ဒီမှာ ခင်ဗျားတို့နှစ်ယောက်ကို တစ်ခွန်း
ည်းပဲမေးမယ်၊ ခင်ဗျားတို့ ဘာကြောင့် ဘိန်းတွေသယ်ပေးဖို့ မြှူ
ယ်ခဲ့တာလဲ၊ ဒါဟာ တစ်စုံတစ်ခုသော ပယောဂကြောင့်ထင်တယ်၊
ျားတို့ကို တစ်ဆင့်ခိုင်းတဲ့လူရှိကိုရှိရမယ်၊ အဲဒီလူဟာ ဘယ်သူလဲ
ို ကျုပ်သိချင်တယ်"

မိန်စုပင်သည် စကားကို အတိုဆုံး အရှင်းဆုံး ပြောချလိုက်
ည်။ ဂူချောင်နှင့်ရှုစင်းတို့သည် ဟက်ဟက်ပက်ပက်ရယ်မောကြ
ာသည်။

www.burmeseclassic.com



"ဟား .... ဟား .... ဟား တော်တော်ရယ်စရာကောင်းတာပဲကွာ .... မင်းကများ ငါတို့ကိုလာပြီးခြိမ်းခြောက်ဟိန်းဟောက်နေရသေးတယ်၊ ဘာလဲ မပြောဘူးဆိုရင် မင်းလွယ်ထားတဲ့ဓားနဲ့ တို့ကိုခုတ်မလို့လား"

ဂူချောင်က လှောင်သလိုလိုမေးလေသည်။

ရှူစင်းကလည်း ....

"နေပါဦးကွ၊ မင်းကျောမှာဓားကြီးပါလာတာ ငါတို့တွေ့ပါတယ်၊ အဲဒီဓားကိုကော မင်းနိုင်အောင်ကိုင်နိုင်လို့လား"

ဂူချောင်နှင့်ရှူစင်းတို့သည် မိန်စုပင်ကို ယခင်ကမိန်စုပင်ဟုသာ သိထားကြသည်။

ယခု မိန်စုပင်သည် လူသစ်စိတ်သစ်ဖြစ်နေသည်ကို သူတို့မသိကြချေ။

"အို .... ပြောနေကြာပါတယ်ကွာ၊ ကဲ .... မင်းတို့နဲ့ ငါတို့နဲ့ တစ်ပွဲတစ်လမ်းအကဲစမ်းကြရအောင်"

ဂူချောင်ကပြောလိုက်ရာ ....

စိတ်မရှည်နိုင်ဖြစ်နေသော တာလင်းက ချက်ချင်းပင် ဓားကို ဆွဲထုတ်လိုက်သည်။

"ရှမ်း ...."

ဂူချောင်ကရယ်ကျဲကျဲဖြင့် ....

"အိုး .... မင်းကလဲ အလာကြီးပါလား"



မိန်စုပင်က တာလင်းကိုလှမ်းတားလိုက်၏။

"နေဦး .... တာလင်း၊ ငါသူတို့ကို ထပ်မေးလိုက်ဦးမယ်"

သူသည် ဂူချောင်နှင့် ရှူစင်းတို့ဘက်သို့လှည့်လိုက်ပြီး ....

"ကဲ .... ခင်ဗျားတို့ကို တစ်ကြိမ်ထပ်မေးမယ်၊ ခင်ဗျားတို့ခိုင်းတဲ့သူဟာ ဘယ်သူလဲ၊ ပြော၊ မပြောဘူးဆိုရင်တော့ ခင်ဗျားကိုတိုက်ခိုက်ရလိမ့်မယ်"

"ဟား .... ဟား .... ဟား တကယ်ရယ်ရတယ်၊ မင်းကကိုခြိမ်းခြောက်နေတာလား၊ ဒီမှာမိန်စုပင်၊ မင်းအသက်ကိုနမြောင် ဟောဒီနေရာက မင်းအမြန်ဆုံးထွက်သွားပေတော့၊ ဒီလိုမှမဟုတ်င်တော့ မင်းနောင်တအကြီးအကျယ်ရသွားလိမ့်မယ်"

"ကောင်းပြီလေ၊ ဒီလိုဆိုရင်တော့ ကျုပ်အလွန်မရှိတော့ဘူး၊ ျပ်ကောင်းကောင်းမေးတယ်၊ ခင်ဗျားတို့က ကောင်းကောင်းမဖြေး ကဲ .... ဂူချောင်ရေ ... ကြည့်ပြီးသာရှောင်ပေတော့"

မိန်စုပင်က ပြောပြီးသည်နှင့် ဓားကို ဖျတ်ခနဲ ဆွဲထုတ်ကာင်တိုက်ခိုက်တော့သည်။

ဂူချောင်သည် သူ့ထံသို့ လျှပ်တစ်ပြက် ဓားနှင့်ထိုးသွင်းနိုင်ည်ကို အံ့ဩနေလေသည်။

မိန်စုပင်ကို ဟုတ်တိပတ်တိ သိုင်းပညာတတ်ကျွမ်းလိမ့်မည်ထင်ခဲ့ပေ။ ထိုကဲ့သို့ လျင်မြန်သောလှုပ်ရှားမှုကို တွေ့မြင်လိုက်ရအခါ ရုတ်တရက်မျက်လုံးပြူးသွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် .... ပေါ့ပေါ့ဆဆသဘောမထားရဲတော့ဘဲ ဓားဆွဲကာ ခုခံရလေတော့သည်။

"ကဲ ....ရှင်ကကော ရှင်လက်နက်ထုတ်လေ"

တာလင်းက ဓားနှင့်ချိန်ပြီးပြောလိုက်ရာ ရှုစင်းသည် အင်္ကျီရင်ဘတ်ကြားမှ တစ်စုံတစ်ခုကိုဆွဲထုတ်လိုက်လေသည်။

သူ့လက်ထဲတွင် ပါရှိသည်က ခေါက်ယပ်တောင်တစ်ချောင်းပါလာသည်။

"ဒါကို ရှင်အသုံးပြုမယ်ပေါ့"

"အေး .... ဒါကိုအသုံးပြုမယ်"

ရှုစင်းက ယပ်တောင်ကိုဖြန့်၍ခတ်လိုက်သည်။

"ဒါဆိုရင် ကျွန်မစတိုက်ပြီ"

"ရတယ်၊ ငါကလဲအဆင်သင့်ပဲ"

တာလင်းက ရှုစင်းရှိရာသို့ဖျတ်ခနဲခုန်ဝင်ပြီး ဓားဖြင့်နှစ်ချက်ထိုးသွင်းလိုက်သည်။

ရှုစင်းက ဓားချက်နှစ်ချက်စလုံးကို လွတ်အောင်ရှောင်တိမ်းလိုက်သဖြင့် တာလင်းအံ့သြသွားသည်။

ရှုစင်း၏သိုင်းပညာမခေလှသည်ကို သိရှိသွားတော့၏။

❋ ❋ ❋



တာလင်းသည် ရှုစင်း၏သိုင်းပညာအခံကို ပို၍သိလိုသဖြင့် 'လေယူရာတိမ်း' ဓားကွက်များဖြင့် စမ်းသပ်တိုက်ခိုက်လေတော့၏။

ယိမ်းနွဲ့ပျော့ပျောင်းစွာတိုက်ခိုက်လာသော တာလင်းကို ကြည့်ကာ ရှုစင်းဒုက္ခရောက်ရတော့သည်။

သူ၏ယပ်တောင်သိုင်းကွက်မှာ အမာစားဖြစ်သည်။

အပျော့စား တာလင်း၏သိုင်းကွက်ကိုတွေ့ရသောအခါ သူ ဘာလုပ်၍ ဘာကိုင်ရမည်ကို မသိအောင်ဖြစ်ရလေတော့သည်။

ထိုအခိုက်မှာပင် ....

တာလင်း၏ဓားဦးက ရှုစင်း၏လည်မျိုဆီသို့ ဆတ်ခနဲတိုးဝင်သွားလေသည်။

ရှုစင်းက ကမန်းကတန်းပင် ရှောင်တိမ်းလိုက်ရသည်။

သို့သော် တာလင်း၏ဓားချက်မှာ ဤမျှနှင့်မပြီးချေ။

လည်မျိုဆီသို့ ရောက်လာသောအခါ ဓားချက်လွဲချော်သွားသည်နှင့် ဓားဦးက ခါးလည်ဆီသို့ရောက်ရှိသွားတော့သည်။

ဤတစ်ကြိမ်တွင်တော့ ရှုစင်းသည် ဓားကိုရှောင်တိမ်းခြင်း မပြုပေ။

ယပ်တောင်ဖြင့် ရိုက်ဖယ်လိုက်လေသည်။

"ခြွမ် ...."

ရှုစင်း၏ယပ်တောင်သည် သံယပ်တောင်တည်း။

သူရိုက်ဖယ်လိုက်သောအခါ ....

www.burmeseclassic.com

www.burmeseclassic.com



သံသံချင်း ထိသည့်အသံထွက်ပေါ်လာသည်။

ထို့နောက် ....

တာလင်းသည် ဘယ်လက်ဖြင့် ရှူစင်း၏ခါးဆီသို့ သိမ်းကျုံး ကန်ပစ်လိုက်သည်။

ထိုမျှနှင့်မရပ် ....

ဆက်တိုက်ပင် တာလင်းကတိုက်ခိုက်လေတော့သည်။

"ဗိုး ...."

တာလင်း၏တိုက်ခိုက်မှုမှာ ဇယ်စက်သလို မြန်ဆန်လွန်းလှသဖြင့် ရှူစင်းမှာ ရှောင်တိမ်းရခက်သွားလေသည်။

ရင်ဝသို့ရိုက်လိုက်သောလက်ဝါးကို ခါးကော့၍ရှောင်လိုက်သဖြင့် ခြေကန်ချက်ကို ရှောင်၍မလွတ်သောအနေအထားသို့ ရောက်ရှိသွားလေသည်။

တာလင်း၏ကန်ချက်မှာ ခါးလယ်သို့မထိသော်လည်း ....

ရှူစင်း၏ဘယ်ဘက်ပေါင်ရင်းကိုတော့ ထိသွားသည်။

ရှူစင်း၏ပေါင်မှာ မျက်ခနဲဖြစ်သွားသည်။

တာလင်း၏တိုက်ခိုက်မှုမှာ ပင်လယ်ဒီလှိုင်းကဲ့သို့ ဆင့်ကဲဆင့်ကဲရောက်ရှိလာသဖြင့် ရှူစင်းမှာ ကြိုးစားပမ်းစား ခုခံနေရလေတော့သည်။

တာလင်း၏သိုင်းပညာမှာ သူ့ထက်အဆင့်မြင့်သည်ကို သိရှိသွားပြီးနောက် ရှူစင်းမှာ ခံစစ်ကိုပိုမိုအားထားလေတော့၏။



ပေါင်တစ်ဖက်နာနေသည့်ကြားမှာ တာလင်းအား ခုခံနေရသဖြင့် တခဏအတွင်းမှာ ချွေးများစို့ရွှဲသွားလေတော့သည်။

"ရှမ်း ......"

"အား ......"

ရင်ဘတ်ဒဏ်ရာဆီသို့ တစ်ခဏအတွင်း စိတ်ရောက်သွားမိလေသည်။

ထိုတစ်ခဏအတွင်းမှာပင် တာလင်း၏ခြေကန်ချက်က သူ့ဝမ်းဗိုက်ဆီသို့ အရှိန်ပြင်းစွာဖြင့်ဝင်ရောက်လာလေတော့၏။

"ဗိုး ......"

"ဘုန်း ......"

"အင့် ......"

ရှူစင်းမှာ ရှောင်တိမ်းနိုင်ခြင်းမရှိတော့ချေ။

တာလင်း၏ခြေကန်ချက်က သူ့ဝမ်းဗိုက်ကို တန်းတန်းမတ်မတ်ထိသွားတော့သည်။

တာလင်းသည် အားကုန်သုံး ကန်ထည့်ခြင်းဖြစ်၍ ရှူစင်းမှာ မည်သို့မျှမတတ်နိုင်တော့ဘဲ မြေပေါ်သို့ ခြေနှစ်ချောင်းစလုံး မြောက်တက်လွင့်စဉ်သွားတော့သည်။

ထိုအချိန်တွင် ....

မိနစ်ပင်တို့မှာ .... တစ်ယောက်ကိုတစ်ယောက် သိအောင်မ တိုက်ခိုက်နိုင်ကြသေးဘဲရှိလေ၏။

www.burmeseclassic.com

www.burmeseclassic.com



မိန်စုပင်မှာ ဂူချောင်ထက် သိုင်းပညာအဆင့်သာလွန်၏။

သို့သော် .... အတွေ့အကြုံအရာတွင်မူကား ဂူချောင်ကပို၍ သာလွန်လေ၏။

ထို့ကြောင့် ....

မိန်စုပင်သည် ဂူချောင်ကိုအသာစီးရအောင် မတိုက်နိုင်ဘဲရှိ နေလေသည်။

**မိန်စုပင်မှာ စိတ်မရှည်တော့ပေ။**

**သူသည် ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း**တိုက်ခိုက်တော့သည်။

ထိုအခါကျမှ ....

ဂူချောင်သည် ဆက်တိုက်နောက်ဆုတ်ပေးရတော့သည်။

မိန်စုပင်သည် ဓားတစ်ချက်ကိုလျှပ်တစ်ပြက်ခုတ်လိုက်လေ သည်။

ထိုအခိုက် သူ့လူရှုစင်းလွင့်စဉ်သွားသည်ကို ဂူချောင်သတိ ပြုမိလိုက်သည်။

ဆက်လက်တိုက်ခိုက်နေလျှင် သူအကျိုးမရှိကြောင်း။

ရှုံးနိုင်ကြောင်း သူသိသွားသည်။

ရှုစင်းသေသွားလျှင် မိန်းကလေးနှင့်မိန်စုပင်သည် သူ့ကို ပူးပေါင်းတိုက်ခိုက်တော့မည်။

ထိုသို့ နှစ်ယောက်ပေါင်း၍တိုက်ခိုက်လျှင် သူမည်သို့မျှ ခုခံ နိုင်မည်မဟုတ်တော့ချေ။



ထိုသို့တွေးလိုက်မိသဖြင့် ....

ဂူချောင်သည် ဟန်ပြလေးငါးချက် သွက်သွက်လက်လက် ထိုးနှက်တိုက်ခိုက်လိုက်၏။

မိန်စုပင်နောက်ဆုတ်ရှောင်တိမ်းသည့်အခါကျမှ ....

ဂူချောင်သည် တိုက်ပွဲစည်းအတွင်းမှ တစ်ချိုးတည်းလစ် ပြေးတော့သည်။

မိန်စုပင်သည် ပြေးလိုက်ရန် ဟန်ပြင်လိုက်သေးသည်။

"မိန်စုပင် ဆက်မလိုက်နဲ့တော့၊ ဒီမှာတစ်ယောက်ကို ဖမ်းမိ ထားပြီ"

တာလင်းက လှမ်းတားသဖြင့် ....

မိန်စုပင် မလိုက်ဲတော့ချေ။

မြေပြင်ပေါ်တွင်လဲကျနေသောရှုစင်းရှိရာသို့ အသာအယာ လျှောက်ခဲ့လေသည်။

ရှုစင်းမှာ တာလင်း၏ဓားချက်တစ်ချက် ရင်ဘတ်တွင် ထိ သွားသဖြင့်လည်းကောင်း၊

ဝမ်းဗိုက်ကို ခြေကန်ချက်တစ်ချက်ထိထားသဖြင့် လည်း ကောင်း၊ မြေပြင်ပေါ်တွင် ပက်လက်ဖြစ်နေလေသည်။

သို့သော် မသေသေးပေ။

မိန်စုပင်သည် ရှုစင်း၏လည်ပင်းကိုဓားဦးဖြင့်ထောက် ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ .... ရှုစင်း၊ ကျုပ်သိချင်တာကိုပြောမှာလား။ ဒါမှမဟုတ် အသေခံမှာလား"

"ငါက ဘာပြောရမှာလဲ"

ရှုစင်း၏လေသံမှာ စောစောကလို မာကျောခြင်းမရှိတော့။

"ခင်ဗျားကိုဘယ်သူခိုင်းလိုက်သလဲ၊ အဲဒီ ခိုင်းလိုက်တဲ့လူကို ကျုပ်သိချင်တယ်"

"ငါ မသိဘူး"

မိန်စုပင်က ဓားဦးကိုပိုမိုဖိတောက်လိုက်၏။

ရှုစင်း၏မျက်လုံးများ ပြူးထွက်လာသည်။

"အခိပ္ပါယ်မဲ့မသေချင်ပါနဲ့၊ ကျုပ်မေးတာကိုမှန်မှန်ဖြေ၊ ဒါပဲ"

ဓားသွားကို ပိုမိုဖိတောက်လိုက်သောအခါ ရှုစင်းမှာ မနေနိုင်တော့ပေ။

"ငါ .... ငါဖြေပါ့မယ်၊ ဓားကိုနည်းနည်းလျှော့ပါ"

မိန်စုပင်သည် ဖိထားသည့်ဓားသွားကို လျှော့ပေးလေ၏။

"ကဲ .... ပြောပေတော့၊ ခင်ဗျားတို့ကို တစ်ဆင့်စေခိုင်းတဲ့သူက ဘယ်သူလဲ"

"ဟို .... ဟို .... နယ်စားကြီးဝမ်ကျိုးဝေပေါ့"

ရှုစင်း၏စကားကြောင့် မိန်စုပင် သူ့နားကိုသူ မယုံမိအောင် ဖြစ်သွားလေ၏။

"ဘာပြောတယ် နယ်စားကြီးဝမ်ကျိုးဝေ .... ဟုတ်လား"



မိန်စုပင်သည် ရှုစင်း၏စကားကိုယုံကြည်နိုင်ခြင်းမရှိသဖြင့် ထပ်မေးနေရလေ၏။

"နယ်စားကြီးဝမ်ကျိုးဝေဟုတ်လား၊ မဖြစ်နိုင်ဘူး၊ သူနဲ့ ကျုပ်အဖေက သိပ်ခင်တဲ့မိတ်ဆွေတွေဗျ၊ ခင်ဗျားပြောတာကို ကျုပ် ဘယ်နည်းနဲ့မှမယုံဘူး"

သူက ခါးခါးသီးသီးပြောလေ၏။

"ငါ တကယ်ပြောတာပါ၊ ငါ့ကိုခိုင်းစေတဲ့လူကဝမ်ကျိုးဝေမှ ဝမ်ကျိုးဝေအစစ်ပါ၊ မင်းမေးလို့သာ ပြောရတာပါ၊ ငါ မပြောချင်ပါဘူး"

ရှုစင်းက မျက်နှာသေကလေးဖြင့် ပြောသည်။

ယခုအခါ တွင်ဝေ့ သူ့မျက်နှာ၌ မာနရောင်တောက်ပခြင်း မရှိတော့ပေ။

"ခင်ဗျား တကယ်ပြောတာလား ... ခင်ဗျားစကားက အမှန်ချည်းပဲလား"

ရှုစင်းကခေါင်းညိတ်ပြသည်။

"ဒါဖြင့် နယ်စားကြီးဝမ်ကျိုးဝေမှာအကြံရှိရမယ် .... ဘာအကြံရှိသလဲ"

"ဒါတော့ငါမသိပါဘူး၊ ဒါပေမယ့် မွန်ဂိုစေရာစ်ပေးတဲ့ သက်ဆောင်သိုင်းကျမ်းနဲ့ပတ်သက်နေလိမ့်မယ်လို့ ထင်ပါတယ်"

ရှုစင်း၏စကားက စဉ်းစားစရာကောင်းလှတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



မိန့်စုပင်က တာလင်းကိုလှမ်းကြည့်လိုက်၏။

တာလင်းက ......

"သူပြောတာ ဖြစ်နိုင်လောက်တယ်"

မိန့်စုပင် တာလင်းထံသို့ အကြည့်တွင် ရှူစင်းကမထင်မှတ်

သောတိုက်ခိုက်မှုကို ပြုလုပ်လေ၏။

အနီးတွင်ကျနေသောဓားကိုကောက်ယူပြီး မိန့်စုပင်ကိုတိုက်

ခိုက်ခြင်းပေတည်း။

သို့သော် တာလင်းက သူ့ထက်မြန်သည်။

တာလင်းသည် ဓားကိုအသင့်ကိုင်ထားသည်ဖြစ်ရာ ရှူစင်း

လှုပ်ရှားလိုက်သည်နှင့် ဓားနှင့်ထိုးချလိုက်သည်။

"ရွပ် ......"

"အား ......"

ရှူစင်း၏အော်သံကြီးသည် လွင့်ပျံ့သွားလေတော့၏။

တာလင်းသာ မရှိလျှင် မိန့်စုပင်သည် ရှူစင်း၏ဓားချက်နှ[င့်]

သေရမည်ဖြစ်ပေသည်။

"ကျေးဇူးပဲတာလင်း"

"နောက်ကိုသတိရှိပါမိန့်စုပင် .... သူက ရှင့်ကိုတိုက်ခိုက်နိုင်

တယ်၊ အကြောပိတ်နိုင်တယ် .... ရန်သူကို ပေါ့ပေါ့ဆဆဘယ်တော့

သဘောမထားပါနဲ့"

"အင်း .... သူက ဒဏ်ရာရထားတော့ ငါ့ကိုပြန်မတိုက်နိုင်



[...]င်ဘူးလို့ထင်ထားတာ၊ ငါမှားပါတယ်"

မိန့်စုပင်က ဝန်ခံလိုက်၏။

တာလင်းသည် ရှူစင်း၏ဝမ်းဗိုက်တွင်စိုက်နေသောဓားကို

[...]ပြန်နှုတ်လိုက်သည်။

ထို့နောက် ရှူစင်း၏အင်္ကျီနှင့်ပင် သွေးများကိုသုတ်လိုက်၏။

ဓားကို ဓားအိမ်ထဲသို့ ကျင်လည်စွာထည့်သွင်းလိုက်သည်။

"သူသေသွားပြီမဟုတ်လား"

မိန့်စုပင်က ငြိမ်သက်နေသောရှူစင်းကိုကြည့်ပြီးမေး၏။

"ဟုတ်တယ် .... သူသေသွားပြီ ဒါပေမယ့် ကိစ္စမရှိပါဘူး၊

[...]သိချင်တာတွေ သူ့ဆီကသိခဲ့ရပြီပဲ"

"သူပြောတာမှန်နိုင်ပါ့မလား"

မိန့်စုပင်မှာ ယခုကိစ္စကိုဝေခွဲ၍မရသေးဘဲဖြစ်နေသည်။

တာလင်းကတော့ ရှူစင်းပြောသည့်စကားကိုယုံသည်။

ရှူစင်းသည် သေခါနီးလူဖြစ်နေသည်မဟုတ်ပါလော။

သေခါနီးလူများသည် အမှန်ကိုပင်ပြောတတ်သည်။

"သူပြောတာတွေ အမှန်ဖြစ်လိမ့်မယ်လို့ ကျွန်မထင်တယ်၊

[...]လဲ ရှင်ကယုံဖို့ခက်နေလို့လား"

"ဟုတ်တယ်တာလင်း ... ဝမ်ကျိုးဝေကခိုင်းတယ်ဆိုတာ[...]

[...]ယုံချင်ဘူးဖြစ်နေတယ်၊ သူဟာ ငါ့အဖေမိန့်ဂူးချန်နဲ့ အ[...]တန်

[...]င်ရင်းနှီးတဲ့မိတ်ဆွေပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အို .... ရှင်ကလဲ မိတ်ဆွေဖြစ်တာနဲ့ တစ်သက်လုံးသစ္စာ[illegible] ရတော့မလား၊ မိတ်ဆွေမပြောနဲ့ ညီအစ်ကိုအရင်းချင်းတောင် သစ္စာ[illegible] ဖောက်တာတွေရှိတယ်၊ မိတ်ဆွေဆိုတော့ပိုဆိုးတာပေါ့"

"ငါ ဘာဆက်လုပ်ရမလဲဟင်"

"ခု လောလောဆယ်မှာတော့ ဗိုက်ပြည့်ဖို့ပဲ အရေးကြီး[illegible] တယ်၊ ဒီတော့ မြို့ထဲကိုပြန်သွားပြီးစားသောက်ကြမယ်၊ စားသောက်[illegible] ပြီးမှ အေးအေးဆေးဆေးတိုင်ပင်ကြမယ်"

တာလင်းက ပြောလိုက်လေ၏။

☸ ☸ ☸



## ရှုပ်ပို့အကြံအစည်

"သခင်ကြီး .... သခင်ကြီး ...."

ဝမ်ကျိုးဝေသည် ညှော်ခန်းထဲတွင်ထိုင်နေ၏။

ရုတ်တရက် အထိတ်တလန့်အော်ခေါ်သံကြောင့် ထိတ်လန့်သွားပြီး အော်ခေါ်သူကို ငေါက်လိုက်၏။

"ဘာလဲကွ .... အလန့်တကြား"

"ဟို .... ဟို .... သခင်ကြီးကိုတွေ့ချင်တယ်ဆိုပြီး လူတစ်ယောက်ရောက်နေပါတယ်"

"ဟုတ်လား ဘယ်သူတဲ့လဲ"

"ပူချောင်လို့ပြောတာပဲ .... သခင်ကြီး ကောင်းကောင်းသိပါတယ်လို့ပြောပါတယ်"

ပူချောင်၏နာမည်ကိုကြားရသောအခါ ....

နယ်စားကြီးဝမ်ကျိုးဝေ မျက်မှောင်ကုတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"အေး .... ခေါ်ခဲ့"

အစောင့်ရဲမက်သည် ပြန်ထွက်သွားသည်။

နယ်စားကြီးဝမ်ကျိုးဝေနှင့် အတူတူထိုင်ကာ စကားပြောနေသောအဘိုးအိုက ....

"ဂူချောင်ဆိုတာဘယ်သူလဲ"

"ဟို ကျွန်တော့်လူယုံတွေထဲက တစ်ယောက်ဆိုပါတော့၊ ဆရာကြီးခွပ်ရှန်ကတော့ သိမှာမဟုတ်ပါဘူး"

နယ်စားကြီးဝမ်ကျိုးဝေက အဘိုးအိုအား တရိုတသေပြန်ပြောလိုက်၏။

ဝမ်ကျိုးဝေနှင့်ထိုင်၍ စကားစမြည်ပြောနေသော အဘိုးအိုမှာ အခြားအဘိုးအိုမဟုတ်ပေ။

သိုင်းလောက ထိပ်သီး ခြောက်ဦးတွင် အပါအဝင်ဖြစ်သော သိုင်းရာဇာသံဘီလူးခွပ်ရှန်ပင် ဖြစ်တော့သည်။

သံဘီလူးခွပ်ရှန်မှာ နယ်စားကြီးဝမ်ကျိုးဝေအားအကြံဉာဏ်များပေးနေသော ဝမ်ကျိုးဝေ၏ဆရာဖြစ်လေသည်။

မကြာမီ ဂူချောင်ရောက်ရှိလာသည်။

ဂူချောင်သည် အောက်ဖို့ဒူးထောက်ထိုင်လိုက်၏။

နယ်စားကြီးက ....

"ဆိုစမ်း .... ဘာတွေ အရေးကြီးလာသလဲ"

"အရေးကြီးပါတယ်နယ်စားကြီးခင်ဗျား၊ ဟိုတစ်နေ့က မာရှူးမြို့မှာ ကျွန်တော်တို့နှစ်ယောက်နဲ့မိန်စုပင် တွေ့ဆုံခဲ့ကြပါတယ်"



"မိန်စုပင်ဟုတ်လား"

"ဟုတ်ပါတယ် .... မိန်စုပင်နဲ့အတူ အသက်နှစ်ဆယ်အရွယ်လောက်ရှိတဲ့မိန်းကလေးတစ်ယောက်လဲ ပါလာပါတယ်"

"အင်း .... ဆိုစမ်းပါဦး"

"မိန်စုပင်က စကားတစ်ခွန်းပြောပါတယ်၊ အဲဒီစကားက ကျွန်တော်တို့ကိုစေခိုင်းလိုက်တဲ့သူဟာဘယ်သူတဲ့လဲ၊ ကျွန်တော်တို့ကို စေခိုင်းလိုက်တဲ့သူကို သိချင်တယ်တဲ့"

ဝမ်ကျိုးဝေမျက်နှာပျက်သွားလေ၏။

"သူ ဒီအတိုင်းမေးသလား"

"ဟုတ်ကဲ့ အဲဒီအတိုင်းမေးပါတယ်"

"မင်းတို့က ဘယ်လိုပြန်ဖြေလိုက်ကြသလဲ"

"ကျွန်တော်တို့က လုံးဝမဖြေပါဘူး၊ အဲဒီအခါမှာ သူတို့က တိုက်ခိုက်တော့တာပဲ"

"မိန်စုပင်က သိုင်းပညာတတ်တဲ့ကောင်မှမဟုတ်တာ၊ မင်းတို့ကို ဘယ်လိုတိုက်ခိုက်နိုင်မှာလဲ"

နယ်စားကြီးဝမ်ကျိုးဝေမှာ ....

မိန်စုပင် သိုင်းပညာလုံးဝမတတ်ဟုသိထားသဖြင့် ဤသို့မေးလိုက်ခြင်းဖြစ်သည်။

ဂူချောင်က ခေါင်းကိုသွက်သွက်ခါယမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို မဟုတ်ဘူး နယ်စားကြီး၊ ကျွန်တော်တို့ကလဲ နယ်စားကြီးတွက်သလိုပဲ တွက်ထားမိတယ်၊ အဲဒီတော့ ခပ်ပေါ့ပေါ့ပဲ သဘောထားတာပေါ့။ တကယ်တမ်း ရင်ဆိုင်တိုက်ခိုက်ကြည့်တော့မှ ဒီကောင့်သိုင်းပညာအဆင့်က မနိမ့်လှဘူးဆိုတာ သိရတာ၊ ရှင်းရှင်းပြောရရင် ဒီကောင့် သိုင်းပညာအဆင့်က ကျွန်တော့်ထက်တောင် မြင့်နေသေးတယ်"

"ဒါဖြင့် မင်း သူ့ကိုနိုင်အောင် မတိုက်နိုင်ခဲ့ဘူးပေါ့"

ဂူချောင်ခေါင်းငုံ့နေသည်။ ဆိတ်ဆိတ်နေဝန်ခံသည့်သဘောပင်။ နယ်စားကြီး ဝမ်ကျိုးဝေသည် အတော်ပင် မကျေမနပ်ဖြစ်သွားလေ၏။

"ဟိုတစ်ယောက်ကော ....."

ရှုစင်းအား မေးလိုက်ခြင်းဖြစ်သည်။ ဂူချောင်က .....

"ရှုစင်းကတော့ မိနစုပင်နဲ့အတူတူပါလာတဲ့မိန်းကလေးနဲ့ ရင်ဆိုင်တိုက်ခိုက်ရင်း တိုက်ပွဲမှာကျဆုံးသွားခဲ့ပါတယ်"

"တောက် ....."

နယ်စားကြီးဝမ်ကျိုးဝေသည် ပြင်းထန်စွာ တက်တစ်ချက်ခေါက်လိုက်၏။

တစ်ယောက်က သိုင်းပညာမတတ်သောသူအားရှုံး၍ ထွက်ပြေးလာပြီး ....

တစ်ယောက်က မိန်းကလေးအား သေရှုံးရှုံးရသဖြင့် ....



နယ်စားကြီးမှာ အကြီးအကျယ်မကျေမနပ်ဖြစ်သွားသည်။

"မင်းနောက်ကို သူတို့လိုက်မလာကြဘူးလား"

"ဟုတ်ကဲ့ လိုက်မလာပါဘူး"

"မင်း ထွက်ပြေးလာတော့ ရှုစင်း သေဆုံးသလား၊ မသေဆုံးသေးဘူးလား"

"ကျွန်တော် ထွက်ပြေးလာတဲ့အချိန်မှာ ရှုစင်း သေဆုံးသွားပြီလား၊ မသေဆုံးသေးဘူးလားဆိုတာကိုတော့ ကျွန်တော် မသိပါဘူး ခင်ဗျာ"

"ဟိုတစ်ယောက်မသေသေးရင် မိနစုပင်တို့နှစ်ယောက်က သူတို့လိုချင်တဲ့အဖြေကို မရရအောင် မေးမှာသေချာတယ်၊ ဟိုကောင်က သူ့အသက်ချမ်းသာရာရရင် ပြီးရောဆိုပြီး .... အမှန်အတိုင်းဖွင့်ဟ ဝန်ခံမှာသေချာတယ် .... အဲဒါဆိုရင် ဘယ်လိုလုပ်မလဲ .... မင်းတို့ နှစ်ယောက်စလုံး ဘာမှအသုံးမကျဘူး .... ကိုယ့်ထက် အများကြီး အသက်ငယ်တဲ့သူတွေကိုတောင် မတိုက်နိုင်ဘူးဆိုတော့ မင်းတို့ကို ဘယ်နေရာမှာအားကိုးရမှာလဲ .... မင်း အသက်ရှင်နေလဲ ငါ့အတွက် ဘာအကြောင်းမှ ထူးမှာမဟုတ်ဘူး။ ငါ့ရဲ့လျှို့ဝှက်ချက်တွေပေါက်ကြားစရာအကြောင်းပဲရှိတယ်"

ဝမ်ကျိုးဝေ၏စကားအသွားအလာကိုထောက်၍ ဂူချောင် ရိပ်မိတ်တော့မည်မှန်း သိသာပေသည်။

ဂူချောင်ကလည်း ရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လွှားခနဲခုန်ကာထွက်ပြေးလေတော့၏။

"ဝိုး ......"

"ရှပ် ......"

"အင့် ......"

ဝူချောင် ဘုန်းခနဲပြုတ်ကျသွားလေ၏။

သူသည် ဝမ်ကျိုးဝေ၏လက်နက်ပုန်းနှင့်ပစ်ခတ်တိုက်ခိုက်ခြင်းကိုခံလိုက်ရသည်။

ဝမ်ကျိုးဝေထံမှလွင့်ပျံလာသော လက်နက်ပုန်းကလေးက သူ၏လည်ပင်း၌ သွားရောက်စိုက်နေတော့သည်။

သူသည် အရှုပ်ကြိုးပြတ် လဲကျသွားလေ၏။

ဝမ်ကျိုးဝေကတော့ မည်သည့်လှုပ်ရှားမှုမျှမပြုလိုက်သည့်အလား ငြိမ်သက်စွာထိုင်ကြည့်နေလေ၏။

သံဘီလူးခွပ်ရှန်က ခေါင်းတဆတ်ဆတ်ညိတ်နေသည်။

ဝမ်ကျိုးဝေကား မည်သူနည်း။

ဝမ်ကျိုးဝေသည် မွန်ဂိုဧကရာဇ်ပေးသည့် သိုင်းကျမ်းကြီးကိုခိုးယူလိုက်သည့်သူသာ ဖြစ်တော့သည်။

နယ်စပ်မှရောက်ရှိလာသည့်သေတ္တာကို ရှောင်လင်ကျောင်းတော်သို့ပို့ပေးရမည့်တာဝန်ကိုယူခဲ့သူမှာ နယ်စားကြီးဝမ်ကျိုးဝေသာ ဖြစ်ပေသည်။

ထိုသို့ယူဆောင်လာရင်း ....



ရှောင်လင်ကျောင်းသို့မရောက်မီ လမ်းခရီး၌ ဝမ်ကျိုးဝေသည် ထိုသိုင်းကျမ်းကိုသေတ္တာထဲမှထုတ်ယူပြီး တခြားကျမ်းစာအုပ်ကို ထည့်ပေးလိုက်သည်။

သို့ဖြစ်ရာ ....

ရှောင်လင်ကျောင်းတော်သို့ရောက်သွားသည့် သေတ္တာကြီးထဲတွင် သိုင်းကျမ်းအစစ်မပါတော့ပေ။

ရှောင်လင်ကျောင်းတော်ကလည်း မစစ်ဆေးပေ။

နယ်စားကြီးဝမ်ကျိုးဝေ၏ ဂုဏ်သိက္ခာကို ယုံကြည်သောအားဖြင့် သေတ္တာအား လုံးဝဖွင့်မကြည့်ချေ။

ထို့နောက် ....

ဝမ်ကျိုးဝေသည် မိန့်ဝူးချန်ကို ခုတ်းလုပ် အသုံးချရန် အကြံရသွားပြီး ဝူချောင်နှင့်ရှုစင်းဆိုသူ တပည့်နှစ်ယောက်အား မိန့်စုပင်ကို သွားရောက်စည်းရုံးရန်စေခိုင်းခဲ့သည်။

မိန့်စုပင်က မစဉ်းမစားလက်ခံခဲ့ရာ မြင်းတပ်သားများအား ဝမ်ကျိုးဝေကပင် သတင်းပေးပြီးရှာဖွေခိုင်းခဲ့၏။

ဘိန်းကုန်ကူးမှုဖြင့် မိန့်ဝူးချန် အရေးယူခံရလုဆဲဆဲဖြစ်သွားခဲ့ရသည်။

ထိုအခါ ဝမ်ကျိုးဝေက ကြားမဝင်ရောက်ပြီး မိန့်ဝူးချန်အား ရှောင်လင်ကျောင်းတော်မှသိုင်းကျမ်းကိုသယ်ပေးရန် ပြောကြားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အောင်မြင်ခဲ့လျှင် ဘိန်းကုန်ကူးမှုကို ပပျောက်အောင် ဘုရင်ဇကေရာဇ်ထံတောင်းပန်ပေးမည်ဟုပြောခဲ့သည်။

မိန်ဝူးချုန်တို့အဖွဲ့ သယ်ယူသောအခါ သူသည် တစ်ဖက်သို့ လှည့်၍ ချိန်လီကျုန်တို့အား သတင်းပေးလိုက်တော့သည်။

နောက်ဆုံးတွင် သူမျှော်လင့်ထားသည့်အတိုင်း ချောချောမောမောဖြစ်လာခဲ့သည်။

ချိန်လီကျုန်ကဝင်တိုက်သဖြင့် ... မိန်ဝူးချုန်တို့အဖွဲ့ ကျမ်းစာအစ်ကြီးသာ ရရှိသွားသည်။ သို့သော် အားလုံးကမူ ချိန်လီကျုန်သည် သိုင်းကျမ်းကိုရရှိသွားသည်ဟုသာ အထင်ရှိနေခဲ့ကြသည်။

ချိန်လီကျုန်မှာ ဒုက္ခရောက်ရတော့သည်။

သူ ငြင်းဆိုသောအခါ တမင်ကွယ်ဝှက်လို၍ ငြင်းဆိုခြင်းဖြစ်သည်ဟုထင်ကြသည်။ ထိုကိစ္စကိုရှင်းလင်းရန် ....

ဘုရင်ဇကေရာဇ်က ငွေမှတ်ဆိတ်အမတ်ကြီးလင်ရှုနှင့် ....

တပ်မှူးကြီးဆူတုန်ပိုတို့ကို သူ့ထံစေလွှတ်လိုက်တော့သည်။

ဝမ်ကျိုးဝေသည် ချိန်လီကျုန်ကိုစွပ်စွဲပြီး သတ်ပစ်လိုက်ရာ အမတ်ကြီးနှင့်တပ်မှူးကြီးတို့မှာလည်း လက်သည်မဖော်နိုင် တော့ဘဲ ချိန်လီကျုန်ဆိဉ္ဆသာ လမ်းစပျောက်နေတော့သည်။

နယ်စားကြီးဝမ်ကျိုးဝေက သိုင်းကျမ်းကိုရယူထားသည်ဟု အမတ်ကြီးနှင့် တပ်မှူးကြီးတို့မှာ ထင်စရာအကြောင်းမရှိဘဲဖြစ်သွားတော့သည်။



ယခုလည်း အမတ်ကြီးနှင့်တပ်မှူးကြီးတို့ အပြင်သွားနေခိုက် သူ့တပည့်ဂူချောင်ကို နှုတ်ပိတ်ရှင်းလင်းပစ်လိုက်သည်။

နယ်စားကြီးဝမ်ကျိုးဝေသည် သူ့တပည့်များကိုလက်ခုပ်တီး၍ခေါ်ပြီး အမိန့်ပေးလိုက်၏။

"ဒီအလောင်းကိုရှင်းပစ်လိုက်"

"ဟုတ်ကဲ့ပါသခင်ကြီး"

အစောင့်များသည် ဂူချောင်၏အလောင်းကိုသယ်ထုတ်သွားလေတော့၏။

ပြီးစီးသောအခါ .... နယ်စားကြီးဝမ်ကျိုးဝေသည် သူ့ဆရာသမားဖြစ်သော သံဘီလူးခွပ်ရှန်ဘက်သို့ ပြန်လှည့်လိုက်၏။

"ဆရာကြီး .... ကျွန်တော်တို့အစီအစဉ် အောင်မြင်လိမ့်မယ်လို့ ထင်ပါတယ်နော်"

"ဟာ .... အောင်မြင်ရမှာပေါ့၊ ငါကိုယ်တိုင်ကြံစည်ဆောင်ရွက်ထားတဲ့ကိစ္စပဲကွ၊ အောင်ကိုအောင်မြင်ရမယ်"

သံဘီလူးခွပ်ရှန်သည် ရဲရဲဝံ့ဝံ့ပင်ပြောလိုက်သည်။

သံဘီလူးခွပ်ရှန် လုပ်ဆောင်နေသော ကြီးမားသော အကြံအစည်ကြီးတစ်ခုရှိသည်။

ထိုအစီအစဉ်ကား ....

သံဘီလူးခွပ်ရှန်သည် သိုင်းလောကတွင်ပြိုင်ဘက်ကင်းသိုင်း[illegible]တစ်ယောက်ဖြစ်လာအောင် လုပ်ဆောင်မည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်စထက်တစ်စ အင်အားကြီးမားလာသောအခါ ....

ဘုရင်ကိုလုပ်ကြံပြီး တပည့်ဖြစ်သူ နယ်စားကြီးဝမ်ကျိုးဝေကို နန်းတင်ပေးမည့်အစီအစဉ်ဖြစ်ပေသည်။

သံဘီလူးခွပ်ရှန်သည် ပြိုင်ဘက်သရဲတစ်ထောင်အိုချူးကို ရှင်းလင်းပစ်ပြီးပေပြီ။ နောက်တစ်ယောက်ဖြစ်သည့် မိုးကြိုးလက်တန်ချူးကိုလုပ်ကြံရပေမည်။

ထို့အတူ .... ဝမ်ကျိုးဝေမှာ မှန်ဝိုင်ကေရာစ်လက်ဆောင်ပေးလိုက်သည့်သိုင်းကျမ်းကြီးကို ပြည့်စုံအောင် လေ့ကျင့်နိုင်ခြင်းမရှိသေးပေ။ အမတ်ကြီးလင်ရှုနင့်တပ်မှူးကြီး ဆူတုန်ပိုတို့ ရှိနေသဖြင့် သိုင်းကျမ်းထဲမှပညာရပ်များကို လေ့ကျင့်ချိန်မရဘဲရှိနေလေသည်။

ထိုသိုင်းကျမ်းထဲမှ လက်နက်ပုန်းပစ်သည့်ပညာရပ်ကိုတော့ ဝမ်ကျိုးဝေရရှိထားပေပြီ။

ဝူချောင်ကိုလည်း ထိုလက်နက်ပုန်းပစ်သည့်ပညာဖြင့် ပစ်လိုက်ခြင်းဖြစ်သည်။ သူတို့ ဆရာတပည့်နှစ်ယောက်၏အကြံအစည် အောင်မြင်မည် မအောင်မြင်မည်ကိုတော့စောင့်ကြည့်ရပေမည်။

❁❁❁



## အဆိပ်မြှား

ဖူချောင်မြို့ပြင်ရှိတောအုပ်မှာ ငြိမ်သက်နေသည်။

သို့သော် တောအုပ်ထဲသို့ လူတစ်စုဝင်လာနေသည်။

သူတို့ဝင်လာပုံမှာလည်း ငြိမ်ငြိမ်သက်သက်ပင်။

ရှေ့ဆုံးမှလူနှစ်ယောက်သည် ရွှေရောင်နဂါးပုံရေးခြယ်ထားသည့်အလံနှစ်ခုကိုကိုင်ဆောင်ရင်း ရှေ့ဆက်လာနေသည်။

တောအုပ်တွင်းသို့ဝင်လာသည့် ထိုလူများမှာ ဆယ်ဦးခန့်ရှိပြီး လူလေးယောက်က သေတ္တာကြီးနှစ်လုံး တင်ဆောင်ထားသည့် မြင်းရထားကိုမောင်းနှင်လာကြသည်။

အခြားလူလေးယောက်က ထိုမြင်းရထားကို စောင့်ရှောက်လာကြသည်။

ထိုလေးယောက်မှာ ရွှေနဂါးဂိုဏ်း၏သိုင်းသမားများ ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုတောအုပ်ထဲသို့ဝင်စတွင် ....

မည်သည့်အနှောင့်အယှက်မျှမတွေ့ရသော်လည်း တောအုပ်အလယ်ခေါင်သို့ရောက်သည့်အခါတွင်မူ ....

သူတို့အတွက် အန္တရာယ်သည် မဖိတ်မခေါ်ဘဲ ရောက်ရှိလာလေတော့သည်။

သူတို့သွားနေသည့်လမ်းတွင် ဝတ်စုံနက်တစ်ယောက်သည် လမ်းပိတ်ဆို့ ရပ်နေသောကြောင့်တည်း။

လူလေးယောက်သည် ဓားများကိုဆွဲထုတ်လိုက်ကြသည်။

"ရှမ်း .... ရှမ်း .... ရှမ်း .... ရှမ်း ...."

ရှေ့ဆုံးမှအလံကိုင်နှစ်ယောက်တို့သည်လည်း သူတို့၏အလံများကိုမြေတွင်စိုက်ကာ ဓားများဆွဲထုတ်လိုက်၏။

"ရှမ်း .... ရှမ်း ...."

မြင်းရထားနှင့်ပါလာသူလေးယောက်အနက် နှစ်ယောက်သည် ရှေ့သို့လျှောက်လာကြလေ၏။

ဝတ်စုံနက်နှင့် ဆယ်ပေခန့်အကွာသို့ရောက်သောအခါ တစ်ယောက်ကမေးမြန်းလိုက်၏။

"မင်း ဘယ်သူလဲ"

ဝတ်စုံနက်သည် မဖြေချေ။

သူတို့ကိုသာကြည့်နေသည်။

"ဩော် .... မင်းက ဘယ်သူဘယ်ဝါဆိုတာမပြောဘူးပေ့



ဒါပေမယ့် ကိစ္စမရှိပါဘူး၊ ဒီနေ့တော့ မင်း ငါတို့လက်ထဲက ဘယ်လိုမှ မလွတ်နိုင်တော့ပါဘူး"

ဝတ်စုံနက်ရင်ထိတ်သွားသည်။

ထို့ကြောင့် ကပျာကယာ ပတ်ဝန်းကျင်ကိုကြည့်လိုက်၏။

ထိုအခါ သူသည် ထောင်ချောက်တစ်ခုအတွင်းသို့ ရောက်ရှိသွားပြီကိုသိရှိလိုက်တော့သည်။

သူ့ပတ်လည်တွင် နောက်ထပ်လူနှစ်ဆယ်ခန့် ဝိုင်းထားလိုက်ကြပြီမဟုတ်ပါလား။

လူသုံးဆယ်ခန့်ကို တစ်ယောက်တည်းနှင့်မနိုင်နိုင်ပါ။

ထိုလူသုံးဆယ်ထဲတွင် အဆင့်မြင့် သိုင်းသမားများလည်း ပါရှိနိုင်သည်။

ဝတ်စုံနက်အား စတင်စကားပြောသူမှာ ရွှေနဂါးအာမခံအဖွဲ့ပိုင်ရှင် အန်ပေါင်ကျောက်ဖြစ်ပါသည်။

အခြားတစ်ယောက်မှာ ပျံလွှားဓားတန်လင်ချူးဖြစ်၏။

ဝတ်စုံနက်သည် အတော်ကြီးထိတ်လန့်သွားပုံရသည်။

ဝတ်စုံနက်၏အပြုအမူကိုကြည့်၍ .... အန်ပေါင်ကျောက်က ကျေနပ်သဘောကျစွာရယ်သည်။

"ဘယ့်နှယ်လဲ .... ဒီအဝန်းအဝိုင်းထဲကပြေးလို့လွတ်နိုင်မယ်လို့များ ထင်နေသလား"

ဝတ်စုံနက်မှာ မည်သည့်စကားမျှမပြောပါ။

www.burmeseclassic.com

www.burmeseclassic.com



စားကိုလည်း မထုတ်ပါ။

ပွယောင်းယောင်း ဝတ်စုံနက်ကြီးကိုဝတ်ဆင်ထားသော်လည်း ဝတ်စုံနက်သည် မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း အန်ပေါင်ကျောက် အကဲခတ်မိသည်။

ထို့နည်းတူ သူ့ဘေးတွင်ရပ်နေသော တန်လင်ချူးကလည်း ရိပ်မိသည်။

ရိပ်မိသဖြင့် သူ့၌စိုးရိမ်စိတ်များဖြစ်ပေါ်နေရသည်။

ထိုမိန်းကလေးသည် မည်သူဖြစ်နိုင်သနည်း။

သူတို့သံမဏိတံခွန်အာမခံလုပ်ငန်းမှ မိန်ရူးချန့်၏သမီး မိန်ချန်ယူဖြစ်နိုင်ပါသည်။

သူတို့ အာမခံလုပ်ငန်း ပြိုကွဲပျက်စီးသွားသဖြင့် စိတ်နာနာနှင့် ရွှေနဂါးအာမခံလုပ်ငန်းကို အနှောင့်အယှက်ပေးနေခြင်း ဖြစ်နိုင်သည်။

ဤသို့ဆိုလျှင် သူ မည်သို့လုပ်ရပါမည်နည်း။

သူ့ဆရာအသစ် အန်ပေါင်ကျောက်နှင့် သူ့တပည့်များသည် မိန်ချန်ယူကို ဝိုင်းဝန်းတိုက်ခိုက်ကြပေတော့မည်။

ဤသည်ကို သူလက်ပိုက်ကြည့်နေနိုင်ပါမည်လော။

တူမတစ်ယောက်ပမာ ချစ်ခင်ခဲ့ရသည့်မိန်ချန်ယူကို သေချင်လျှင်သေပေရော့ဟု ပစ်ထားနိုင်ပါမည်လော။

တန်လင်ချူး၏စိတ်မှာ ....



ဆောက်တည်ရာမရဘဲ ယောက်ယက် ခတ်လျက်ရှိနေပေတော့သည်။

ထိုစဉ် အန်ပေါင်ကျောက်က ....

"ကဲ .... မိန်းကလေး၊ မင်းဘယ်သူလဲဆိုတာသိရအောင် ခေါင်းစွပ်ကိုချွတ်ပြတော့မလား"

ဝတ်စုံနက်ကခေါင်းခါသည်။

အန်ပေါင်ကျောက် ဒေါသူသွား၏။

"ဘာကွ မင်းက ငါနိုင်းတဲ့အတိုင်းမလုပ်ဘူးပေါ့၊ ဒီလိုဆိုရင် မင်းကို ငါတို့ ဝိုင်းပြီးတိုက်ရလိမ့်မယ်"

ဝတ်စုံနက်က ဘာမျှပြန်မပြောဘဲ ဓားကိုသာဆွဲထုတ်လိုက်လေတော့သည်။

"ရှမ်း ...."

"ဟား .... ဟား .... ဟား မင်းကခုခံမယ်ပေါ့၊ မင်းသတ္တိကိုတော့ချီးကျူးတယ်၊ ဒါပေမယ့် မင်း တို့လက်ကမလွတ်ပါဘူးကွာ၊ ဟဲ .... ငါ့လူတွေ ဝင်တိုက်ကြစမ်း"

အန်ပေါင်ကျောက်က သူ့လူများကိုအမိန့်ပေးလိုက်သည်။

ဓားသမားလေးဦးသည် ပြေးဝင်သွားကြသည်။

ဝတ်စုံနက်ကို လျှော့တွက်မိခြင်းမှာ ထိုသူများ၏အမှားပင်ဖြစ်လေသည်။

မိန်းကလေး၏ဓားရောင်သည် လင်းလက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝှီး .... ရှစ် .... ရှစ် "

"အား .... "

"အင့် ...."

"ဝုန်း ...."

အန်ပေါင်ကျော က် တပည့်လေးယောက်မှာ ဒဏ်ရာကိုယ်စီ ဖြင့် မြေပေါ်သို့ အတုံးအရုံးလဲကျကုန်တော့၏။

ထိုမြင်ကွင်းကိုကြည့်၍ အန်ပေါင်ကျောက်မှာ မျက်နှာတစ်ခု လုံး မည်းတက်သွားလေသည်။

"ဩော် .... မင်းကဘယ်သူလဲ၊ ဒီလိုဆိုတော့ မင်းကို ငါကိုယ်တိုင်ဆုံးမရတော့မှာပေ့ါ"

ပြောပြောဆိုဆို အန်ပေါင်ကျောက်သည် ဝတ်စုံနက်ရှိရာသို့ ခုန်ဝင်သွားလေသည်။

ဝတ်စုံနက်ကလည်း ဆီးကြိုတိုက်ခိုက်လိုက်လေသည်။

"ခွမ်း ...."

သံသံချင်းထိခတ်သံ ထွက်ပေါ်လာသည်။

ဝတ်စုံနက်မိန်းကလေး၏ဓားကိုင်ထားသောလက်မှာ ကျဉ် တက်သွားလေသည်။

ဤသည်ကိုကြည့်၍ ....

အန်ပေါင်ကျောက်သည် သူ့ထက် အတွင်းအားအရာတွင် သာလွန်သူဖြစ်ကြောင်း မိန်းကလေးသိရှိလိုက်ရသည်။



ထိုဝတ်စုံနက်မိန်းကလေးမှာ ပျံလွှားဓားတန်လင်ချူထင် သလို သူ့ဆရာဟောင်း မိန်ပွေးချန်၏သမီးမိန်ချန်ယူမဟုတ်ချေ။

လိပ်ပြာနှုတ်ခေဝီဆုတ်ခေါ်ဆောင်ရာသို့ လိုက်ပါသွားသည့် ချိန်ယင်ခုန်ပင်ဖြစ်တော့သည်။

ချိန်ယင်ခုန်သည် ဝတ်စုံနက်ကိုဝတ်ဆင်ထားပြီး နယ်စား ကြီးဝမ်ကျိုးဝေနှင့် အန်ပေါင်ကျောက်တို့၏ရွှေနဂါးအာမခံဌာနတို့ကို နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်နေသူဖြစ်သည်။

ချိန်ယင်ခုန်သည် လိပ်ပြာနှုတ်ခေဝီဆုတ်က ထပ်မံသင်ကြား ပေးထားသဖြင့် သိုင်းပညာအဆင့်မြင့်မြင့်တတ်ကျွမ်းနေလေပြီ။

သို့သော် အန်ပေါင်ကျောက်ကိုကား မီဖို့ လိုပါသေးသည်။

ချိန်ယင်ခုန်သည် အန်ပေါင်ကျောက်ကို လွယ်လွယ်နှင့် အ လျှော့ပေးမည်တော့ မဟုတ်ချေ။

အသေခံ၍ တိုက်ခိုက်မည်သာဖြစ်ပါသည်။

ထို့ကြောင့် ချိန်ယင်ခုန်သည် သက်တံ့ရောင်ဖြာဓားကွက်ကို သုံးလိုက်သည်။

ထိုသိုင်းကွက်တိုက်ကွက်တွင် ကွက်စိပ်လေးပေါင်း မြောက် မြားစွာပါရှိသဖြင့်အလွန်ထိရောက်သောတိုက်ကွက်ဖြစ်ပေသည်။

သူမ၏လက်ထဲမှဓားသည် အရောင်များဖြာထွက်သွားပြီး အန်ပေါင်ကျောက်အား ဓားများစွာဖြင့် တိုက်ခိုက်လိုက်သကဲ့သို့ ဖြစ် သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သိုင်းပညာအဆင့်မြင့်မားရုံမျှမက တိုက်ခိုက်မှုအတွေ့အ
ကြုံများပြားသောအန်ပေါင်ကျောက်သည် သံမဏိကျောက်ဖြား သိုင်း
ကွက်ကိုအသုံးပြု၍ခုခံလေသည်။

"ခြွမ်း .... ခြွမ်း .... ခြွမ်း"

ဓားချင်းထိလိုက်မိတိုင်း ချိန်ယင်ခုန်၏ လက်များ ကျဉ်ကျဉ်
တက်သွားသည်။

ထို့နောက် ချိန်ယင်ခုန်က အန်ပေါင်ကျောက်၏မျက်နှာကို
နှစ်ချက်ဆင့်ထိုးလိုက်လေသည်။

ထိုအခါ အန်ပေါင်ကျောက်က ခေါင်းငုံ့ရှောင်တိမ်းပြီး တိုး
ကြားနင်းလိုက်သိုင်းကွက်ဖြင့် ပြန်လှန်ထိုးနှက်တိုက်ခိုက်သည်။

အန်ပေါင်ကျောက်၏သိုင်းကွက်မှာ ဆန်းကြယ်လှသဖြင့် ချိန်
ယင်ခုန်မှာ မခုခံနိုင်တော့ဘဲ နောက်ဆုတ်ရှောင်တိမ်းရလေ၏။

သို့ရာတွင် ....

သူမသည် လွတ်အောင်မရှောင်နိုင်ချေ။

လက်မောင်းရင်းတွင် ပွန်းခနဲဖြစ်သွားပြီး လက်မောင်းက
ဓားထိသွားလေတော့သည်။

သူမ၏လက်မောင်းတွင် သွေးများဖြင့်နီရဲနေ၏။

"ဟား ..... ဟား ..... ဟား ..... ဘယ့်နှယ်လဲကွ၊ ငါတို့
အမြဲတမ်း အနှောင့်အယှက်ပေးနေတာ ခုတော့ ငါတို့လက်ထဲ
လွတ်အောင်ပြေးနိုင်သေးရဲ့လား"



အန်ပေါင်ကျောက်သည် အော်ပြောရင်း ချိန်ယင်ခုန်ဆီသို့
ခုန်ဝင်ကာ ဓားဖြင့်ပိုင်းချလိုက်သည်။

ထိုအခါ ကြားမှ ဓားတစ်ချောင်းကဝင်ခံလာ၏။

"ခြွမ်း ....."

အန်ပေါင်ကျောက်သည် ဝင်ရောက်ဟန့်တားသူကိုမြင်ရ
သောအခါ အံ့သြခြင်းနှင့်ဒေါသဖြစ်ခြင်းတို့ အတူတကွဖြစ်ပေါ်သွား
လေ၏။

"ဟင် .... တန်လင်ချူး၊ ဒါဘာလုပ်တာလဲကွ"

ပျံလွှားဓား တန်လင်ချူးသည် အန်ပေါင်ကျောက်ကို ဘာမျှ
ပြောဘဲ ဝတ်စုံနက်ကို ဤနေရာမှ အမြန်ဆုံးပြေးထွက်သွားရန်ကို
သာ အော်ဟစ်ပြောဆိုတော့၏။

"မိန်းကလေး .... သူတို့လက်ကလွတ်အောင် ပြေးပေတော့
တားနိုင်သမျှ တားထားပေးမယ်"

ချိန်ယင်ခုန်သည် တန်လင်ချူးကို လွန်စွာကျေးဇူးတင်သွား
၏၊ တန်လင်ချူးသာ မကယ်လျှင် သူမသည် ဤနေရာ၌ သေပွဲဝင်ရ
တော့မည်မဟုတ်ပါလား။

"ပြေးလေ ..... ဘာကြောင့်ကြည့်နေတာလဲ"

မျက်လုံးအကြောင်သားနှင့်ပြန်ကြည့်နေသော ချိန်ယင်ခုန်ကို
တန်လင်ချူးက အော်ပြောလိုက်၏။

ချိန်ယင်ခုန်သည် တန်လင်ချူးက ထိုသို့ ထပ်မံအော်ပြောမှ

www.burmeseclassic.com

www.burmeseclassic.com



သတိဝင်ကာ ထိုနေရာမှထွက်ပြေးတော့သည်။

အန်ပေါင်ကျောက်က လှမ်းအော်လိုက်၏။

"ဟော့ကောင်တွေ .... အဲဒီဝတ်စုံနက်ကိုမလွှတ်စေနဲ့"

ရွှေနဂါးဂိုဏ်းမှလူများသည် သူမအား ဝင်တားကြတော့၏။

သို့သော် သူမ၏သိုင်းပညာအဆင့်နှင့် သူတို့အဆင့်မှာ ကွာခြားလှသဖြင့် မည်သူမျှမတားနိုင်ကြချေ။

အားလုံးလိုလို အလဲလဲအပြိုပြိုဖြစ်သွားကြသည်။

အန်ပေါင်ကျောက်သည် သူမနောက်သို့ပြေးလိုက်ရသော်လည်း တန်လင်ချူးက တားဆီးထားသဖြင့် မလိုက်နိုင်ဘဲရှိသည်။

ထို့ကြောင့် တန်လင်ချူးကို ဒေါသဖြစ်ဖြစ်နှင့် ဖိတိုက်တော့၏။

ပျံ့လွှားအား တန်လင်ချူးမှာလည်း ဆရာဟောင်း၏သမီးဖြစ်သူ တူမကဲ့သို့ ချစ်ခင်သူလေးကို လွတ်မြောက်သွားစေလိုသဖြင့် သူ့ကိုယ်သူ သေလူလိုသဘောထားကာ တိုက်ခိုက်တော့သည်။

ကျန်ရွှေနဂါးအဖွဲ့သားများမှာ ချိန်ယင်ခုန်အား မတားဆီးနိုင်တော့သဖြင့် တန်လင်ချူးကိုသာ ဝိုင်းဝန်းတိုက်ခိုက်ကြတော့၏။

တန်လင်ချူးမှာ အများနှင့်တစ်ယောက် တိုက်ခိုက်ရလေတော့သည်။

သူ့လက်ချက်ဖြင့်ကျဆုံးသွားရသူများရှိသလို သူ့တွင်လည်း ဒဏ်ရာများစွာရရှိနေတော့သည်။



မကြာမီ ပျံ့လွှားဓား့တန်လင်ချူးမှာ အားအင်ကုန်ခန်းလာလေတော့၏။

အားအင်မကုန်ခန်းဘဲ အဘယ်တွင်ရှိပါမည်နည်း။

လူလေးဆယ်ခန့်က အလှည့်ကျတိုက်ခိုက်နေသဖြင့် ....

တန်လင်ချူးမှာ ဖွဲခတ်ပြီးမတိုက်နိုင်တော့ချေ။

အန်ပေါင်ကျောက်သည် အကောင်းဆုံးတိုက်ကွက်များကို ဆုတ်သုံးတိုက်ခိုက်သဖြင့် တန်လင်ချူးမှာ အန်ပေါင်ကျောက်၏တိုက်ခိုက်မှုကို မခုခံနိုင်တော့ချေ။

အန်ပေါင်ကျောက်၏ဓားချက်များသည် အကာအကွယ်မဲ့သော တန်လင်ချူး၏ကိုယ်ခန္ဓာပေါ်သို့ အဆက်မပြတ်ကျရောက်သွားလေတော့၏။

သို့သော် တန်လင်ချူးသည် အသက်ပြင်းသူဖြစ်သည်။

ဒဏ်ရာမြောက်မြားစွာရနေပါလျက် ဒယီးဒယိုင်ဖြင့် ခုခံတိုက်ခိုက်နိုင်ပေသေးသည်။

အန်ပေါက်ကျောက်နှင့် အပေါင်းအပါများသည် တန်လင်ချူးကို မနည်းတိုက်ခိုက်ကြရ၏။

ရွှေနဂါးအဖွဲ့ထဲမှ ဒဏ်ရာရသွားသူ အမြောက်အမြားပင်ရှိလေသည်။

နောက်ဆုံး တန်လင်ချူးလဲကျသွား၏။

သူ နောက်ဆုံး အသက်ထွက်သွားသည်အထိ ....

www.burmeseclassic.com

www.burmeseclassic.com



ဓားကိုင်လက်ကို အောက်သို့မချခဲ့ပေ။

အန်ပေါင်ကျောက်သည် တန်လင်ချူးအလောင်းကို မှန်းတီးစွာဖြင့်ကြည့်ကာ .....

"အလကားကောင် သစ္စာဖောက်၊ ဒင်းကြောင့် ဟိုကောင်မလေးလွတ်သွားတာ၊ နေနှင့်ဦးပေါ့ .... ဒီကောင်မလေး ငါ့လက်ထဲက မလွတ်ပါဘူးကွာ၊ တစ်နေ့မဟုတ်တစ်နေ့တော့ ငါနဲ့ပြန်တွေ့ရဦးမှာပါ၊ အန်ပေါင်ကျောက်ဟာ ဘယ်လိုပိုင်အောင်လုပ်တတ်တယ်ဆိုတာ တစ်နေ့သိရမယ်"

သူသည် ဤသို့ ကြိမ်းမောင်းလိုက်၏။

အန်ပေါင်ကျောက် ဒေါသဖြစ်နေသည်ကိုသိသဖြင့် အဖွဲ့သားများမှာ တုတ်တုတ်မျှ မလှုပ်ရဲကြချေ။ ထို့နောက် ဒဏ်ရာရသူများကို ဒဏ်ရာမရသူများက လိုက်လံပြုစုနေကြတော့၏။

❋ ❋ ❋



## ပြောပြုသောသာကား

ချိန်ယင်ခုန်သည် အန်ပေါင်ကျောက်တို့လက်မှလွတ်အောင် ပြေးခဲ့လေ၏။

အန်ပေါင်ကျောက်တို့အဖွဲ့တွင် .... အန်ပေါင်ကျောက် တစ်ယောက်တည်းသာ သိုင်းပညာကောင်းပြီး ကျန်အဖွဲ့သားများမှာ သိုင်းပညာမကောင်းသဖြင့်သာ တော်တော့သည်။

အန်ပေါင်ကျောက်ကိုလည်း ချိန်ယင်ခုန် မတားဆီးနိုင်ပေ။

တန်လင်ချူး ကြားထဲမှခုခံကာကွယ်သောကြောင့်သာ အန်ပေါင်ကျောက်၏လက်ထဲမှ လွတ်လာခဲ့ခြင်းဖြစ်သည်။

သူမသည် မသုံးသင့်သည့်အတွင်းအားထက် ပိုသုံးပြီး ပြေးသွားခဲ့ရသည့်အတွက် မောနေလေသည်။

သူမသည် အားကုန်ထုတ်ပြေးလွှားခဲ့ရာ အန်ပေါင်ကျောက်တို့လက်မှလွတ်မြောက်ပြီဆိုနိုင်သည့်နေရာသို့ ရောက်ရှိလာခဲ့လေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာ၌ တဝေါဝေါစီးကျနေသည့်ရေတံခွန်ကြီးတစ်ခု ရှိလေသည်။

သူမသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်၏။

လူသူကင်းရှင်းပြီးတိတ်ဆိတ်နေသည်ကိုတွေ့ရသဖြင့် ခေတ္တနားရန်ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် ကျောက်တစ်လုံးအနီးတွင်ဝင်ထိုင်လိုက်သည်။

သူမသည် ဖြစ်ပျက်ခဲ့သည်များကိုပြန်လည်တွေးတောနေမိလေတော့၏။

သူမဖခင်၏အပြုအမူများကို သူမ သဘောမတူခဲ့ပါ။

သို့သော် သူမ၏ဖခင်သေဆုံးရသည့်ကိစ္စအတွက်မူ နယ်စားကြီးဝမ်ကျိုးဝေကို အခဲမကျေနိုင်ပါ။

သူမ တတ်နိုင်သမျှ လက်စားချေရမည်သာဖြစ်ပါသည်။

သူမသည် နယ်စားကြီးဝမ်ကျိုးဝေ၏လူများကိုလည်း တိုက်ခိုက်ခဲ့၏။

ရွှေနဂါးအာမခံအဖွဲ့မှ အန်ပေါင်ကျောက်လည်း တိုက်ခိုက်ခဲ့သည်။

သူမမျှော်လင့်နေသည်မှာ ဝမ်ကျိုးဝေ၏တုံ့ပြန်မှုကိုသာဖြစ်၏။ အန်ပေါင်ကျောက်၏တုံ့ပြန်မှုမဟုတ်ချေ။

တကယ်တော့ .... သူမ အထင်နှင့်အမြင်လွဲမှားခဲ့ခြင်းသာဖြစ်လေသည်။



အန်ပေါင်ကျောက်က သူမအား ပရိယာယ်ဆင်၍ဖမ်းဆီးခဲ့လေပြီ။ ကံကောင်းထောက်မ၍သာ တန်လင်ချူး၏ကယ်တင်မှုဖြင့် သူမ လွတ်မြောက်ခဲ့ရသည်။

တကယ်တော့ တန်လင်ချူးကို သူမ မသိပါချေ။

တန်လင်ချူးကလည်း သူမအား သူ၏ဆရာဟောင်းသမီး ထင်၍သာ ကယ်တင်ခဲ့ခြင်းသာဖြစ်သည်။

ချိန်ယင်ခုန်သည် အတွေးဖြင့်ငေးမောနေရာမှ ခြေသံလိုလိုကြားလိုက်သဖြင့် ခေါင်းထောင်ကြည့်လိုက်မိလေ၏။

ထိုအခါ ....

ဤနေရာ၌ သူမတစ်ဦးတည်းရှိနေခြင်းမဟုတ်ကြောင်း သိရှိသွားတော့သည်။

လူသုံးယောက် ....

ချိန်ယင်ခုန်သည် အံ့သြသွားလေ၏။

လူသုံးယောက် သစ်ပင်များနောက်ကွယ်မှထွက်လာကြလေ၏။ ထိုသုံးယောက်တွင် အသက်ခြောက်ဆယ်ခန့်ရှိသော အဘိုးကြီးတစ်ဦး၊ လူငယ်တစ်ဦးနှင့် မိန်းကလေးတစ်ဦးတို့ပါရှိလေသည်။

ထိုသုံးယောက်အနက် ကျန်နှစ်ဦးကို မသိသော်လည်း ....

တစ်ဦးကိုကား ကောင်းစွာသိရှိလေ၏။

ထိုတစ်ဦးသည်ကား သူ၏ရန်သူ နယ်စားကြီးဝမ်ကျိုးဝေ၏ သားဖြစ်နေသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် .... ဆက်လက်တိုက်ခိုက်ရဦးမည်ကို သိရှိလိုက်သဖြင့် စိတ်မောသွားလေ၏။

သူမ၏ဘယ်လက်၌လည်း ဒဏ်ရာရရှိထားသည်မဟုတ်ပါလား။

ထိုဒဏ်ရာကို သူမသည် အဝတ်ဖြင့်စည်းနှောင်ထားပြီးလေပြီ။ သူမသည် ဘယ်လက်ဖြင့် တိုက်ခိုက်နိုင်တော့မည်မဟုတ် ချေ။

ညာလက်ဖြင့်သာ တိုက်ခိုက်ရပေလိမ့်မည်။

"မင်း ဘယ်သူလဲ"

အသက်ကြီးကြီးလူက မေးလိုက်ခြင်းဖြစ်သည်။

ချိန်ယင်ခုန် မဖြေပေ။

သူတို့သုံးယောက်ကား မိန်ဝူးချန်၊ မိန်ချန်ယွီနှင့်ဝမ်ထိုင်စန်တို့ပေတည်း။

မိန်ဝူးချန်က .....

"မင်းက သံမဏိတံခွန်အဖွဲ့ကလား"

"ဟုတ်တယ်"

ချိန်ယင်ခုန်က သံပြတ်နှင့်ဖြေသည်။

"ဒါဆို မင်းဟာသံမဏိတံခွန်အတုပဲဖြစ်ရမယ်"

"ဘာကြောင့်လဲ"

"ဘာကြောင့်လဲဆိုတော့ .... သံမဏိတံခွန်အဖွဲ့ကလူဟာ ငါဖြစ်နေတာကိုး"



မိန်ဝူးချန်က ခပ်ရှင်းရှင်းပင်ပြောလိုက်သည်။

ထို့ကြောင့် လိမ်ပြောမိသော ချိန်ယင်ခုန်မှာ တုန်လှုပ်သွားမိလေ၏။

"ဒါဖြင့် ရှင်ဘယ်သူလဲ"

"ငါလား ..... ငါ မိန်ဝူးချန်လေ၊ သံမဏိတံခွန်အာမခံလုပ်ငန်းပိုင်ရှင် မိန်ဝူးချန်ဆိုတာငါပဲ"

မိန်ဝူးချန်မှန်းသိလိုက်ရသဖြင့် ချိန်ယင်ခုန် ဘာဆက်ပြောရမည်မှန်းမသိတော့ပေ။

"မင်း ဘယ်သူလဲဆိုတာကိုသာပြောပြပါ မိန်းကလေး"

"ကျွန်မ ဘယ်သူဆိုတာပြောမပြရင်ကော ....."

"ဒါဆို သိအောင်လုပ်ရမှာပေါ့"

မိန်ဝူးချန်ကိုနိုင်အောင် တိုက်နိုင်မည်မဟုတ်သည်ကတော့ အသေအချာပင်။

မိန်ဝူးချန်သည် ထိပ်သီးသိုင်းသမားများတွင် တစ်ယောက်အပါအဝင်ဖြစ်ကြောင်း သူမ သိပေသည်။

သည်ကြားထဲ သူမ၏ဘယ်ဘက်လက်ကိုအသုံးပြု၍မရဘဲရှိနေသည်။

သို့သော် ချိန်ယင်ခုန်သည် အရှုံးမပေးချေ။

တိုက်ရင်းသေမည်ဟုဆုံးဖြတ်ထားသည်။

ထို့ကြောင့် သူကပင် စတိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် ......"

မိန်ဂူးချုန်က သူမ၏လက်ဝါးရိုက်ချက်ကို အသာကလေး ရှောင်တိမ်းသွားလေ၏။

မိန်ဂူးချုန်သည် ပြန်လှန်မတိုက်ခိုက်သေးဘဲ သုံးလေးကွက်မျှ ရှောင်တိမ်းပေးလေသည်။

နောက်မှ ပြန်လှန်တိုက်ခိုက်လေသည်။

"ဝုန်း ......"

မိန်ဂူးချုန် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်သောအခါ အင်အားပြင်းထန်လှသဖြင့် ချိန်ယင်ခုန်လန့်သွားသည်။

သူသည် ထိပ်တိုက်ရင်ဆိုင် မခုခံရဲပေ။

သူမသည် နောက်ဆုတ်ခုန်ရှောင်ရလေ၏။

သို့သော် မိန်ဂူးချုန် ဆက်တိုက်ခုန်လိုက်လာသည်။

ချိန်ယင်ခုန် ခြေတစ်ချက်ကန်လိုက်၏။

ထိုအခါ .... မိန်ဂူးချုန်က နောက်သို့တစ်ချက်လှမ်းဆုတ်ပြီး ရှောင်သည်။

ထိုသို့ရှောင်တိမ်းပြီးသည်နှင့် ချိန်ယင်ခုန်ရှိရာသို့ တိုးကပ်ကာ အကြောထိုးပိတ်လိုက်တော့သည်။

မိန်ဂူးချုန်မှာ သာမန်ထိပ်သီးသိုင်းသမားမဟုတ်တော့ပေ။ သရဲတစ်ထောင်အိုချူးက အဆင့်မြင့်သိုင်းပညာများ ထပ်မံသင်ပေးသဖြင့် သူသည် သိုင်းသမား အကျော်အမော်ဖြစ်နေလေပြီ။



သိုင်းရာဇာခြောက်ပါးကို မမိရုံသာရှိသည်။

ထို့ကြောင့် ချိန်ယင်ခုန်မှာ ရှောင်သော်လည်း မလွတ်တော့ပေ။ မိန်ဂူးချုန်၏သွေးကြောထိုးပိတ်ခြင်းကို ခံလိုက်ရတော့သည်။

ထိုအခါ .... မိန်ဂူးချုန်က သူမ၏ခေါင်းစွပ်အနက်ကြီးကို ဆွဲဖြုတ်လိုက်တော့သည်။

"ဟင် .... မင်းကိုး"

ဝမ်ထိုင်စန်က တအံ့တသြရေရွတ်လေ၏။

မိန်ချုန်ယူကလည်း သူမကို ချိန်လီကျန်၏သမီးမှန်းသိလေသည်။ မသိသည်မှာ မိန်ဂူးချုန်တစ်ယောက်တည်းသာ။ မိန်ဂူးချုန်က ဝမ်ထိုင်စန်အား လှည့်မေးလိုက်၏။

"မင်း သူ့ကိုသိလို့လား"

"ဟုတ်ကဲ့သိပါတယ်၊ လိပ်ပြာနှုတ်သိုင်းသမားချိန်လီကျန်ရဲ့သမီးချိန်ယင်ခုန်ဆိုတာ သူပေါ့"

မိန်ဂူးချုန်သည် ချိန်ယင်ခုန်ဘက်သို့ ပြန်လှည့်လိုက်၏။

"မင်းက ချိန်လီကျန်ရဲ့သမီးလား"

ချိန်ယင်ခုန်ကခေါင်းညိတ်ပြလိုက်လေ၏။

"ရွှေနဂါးအာမခံအဖွဲ့ကိုဒုက္ခပေးတဲ့သူဟာ မင်းလား"

"ဟုတ်တယ်"

"နယ်စားကြီးဝမ်ကျိုးဝေရဲ့နောက်လိုက်ကို လိုက်သတ်ဖြတ်နေတဲ့သူဟာလဲ မင်းပဲထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါတယ်"

ချိန်ယင်ခုန်သည် လှုပ်၍မရသော်လည်း စကားပြော၍တော့ ရသည်။ သူမသည် မိန်ဝူးချန်၏မေးခွန်းများကို ရဲရဲဝံ့ဝံ့ပင် ပြန်ဖြေနေသည်။ မိန်ဝူးချန်သည် ချိန်ယင်ခုန် ရဲရဲဝံ့ဝံ့ ပြန်ဖြေသည်ကို ကြည့်၍ စိတ်ထဲမှကျိတ်၍ချီးကျူးနေမိသည်။

"နယ်စားကြီး ဝမ်ကျိုးဝေရဲ့ လူတွေကို မင်း ဘာကြောင့် လိုက်သတ်နေရတာလဲ"

"ဝမ်ကျိုးဝေက ကျွန်မရဲ့ အဖေကိုသတ်ထားတော့ လက်စားချေတဲ့ အနေနဲ့ သူ့လူတွေကို ပြန်သတ်နေရတာပေါ့"

ချိန်ယင်ခုန်က ရဲရဲဝံ့ဝံ့ပင် ဖြေသည်။ ဝမ်ထိုင်စန်ကတော့ ချိန်ယင်ခုန်၏ ရဲဝံ့မှုကို ချီးကျူးသည်။ အကြောပိတ် ခံထားရသည့်တိုင် တစ်စက်ကလေးမျှ ကြောက်ရွံ့ဟန်မပြပေ။ ချိန်ယင်ခုန်သည် အမှန်တကယ် သတ္တိကောင်းသော မိန်းကလေးဖြစ်လေ၏။

"မင်းအဖေက ငါတို့ဆီကသိုင်းကျမ်းကိုလုသွားခဲ့တာကိုး ဒီတော့ ဝမ်ကျိုးဝေက မင်းအဖေကို တာဝန်ဝတ္တရားအရသုတ်သင်ရတော့တာပေါ့လေ၊ ဒါဟာ မတရားတဲ့အလုပ်လို့ မဆိုနိုင်ပါဘူး"

"ဘာရှင် ..... ကျွန်မ အဖေက သိုင်းကျမ်းကို လုယူသွားခဲ့တယ် ဟုတ်လား၊ အဲဒီ သေတ္တာထဲမှာ တခြား ကျမ်းစာအုပ်ထူကြီးကလွဲလို့ ဘာသိုင်းကျမ်းမှ မပါဘူးရှင့်၊ အဲဒါကိုတော့ ရှင်တို့အားလုံး မသိကြဘူး မဟုတ်လား"



ချိန်ယင်ခုန်က ဒေါသတကြီး ပြောလိုက်သည်။

မိန်ဝူးချန်က ခေါင်းခါသည်။

"ဒါတော့ မဖြစ်နိုင်ဘူး၊ သေတ္တာထဲမှာ ဘာသိုင်းကျမ်းမှ မပါလာဘူးဆိုတာကို လက်မခံဘူး၊ ဟို ..... တခြား ကျမ်းစာအုပ်ဆိုတဲ့ စာအုပ်ထူကြီးက ဘာကျမ်းလဲ"

"ဆေးကျမ်းပါ၊ အဲဒီ ဆေးကျမ်းက ဘာလုပ်ရမှာလဲ၊ ရှင်တို့ ရှောင်လင်ကျောင်းတော်က သယ်မလာခင် သေတ္တာကို ဖွင့်ကြည့်ခဲ့ကြရဲ့လား"

"အေး ..... သေတ္တာတော့ ဖွင့်မကြည့်ခဲ့မိဘူး၊ ဒါပေမယ့် သေတ္တာထဲမှာ သိုင်းကျမ်းရှိကိုရှိနေမှာပါ"

မိန်ဝူးချန်က ထိုသို့ပြောလိုက်သည်။

ချိန်ယင်ခုန်သည် မိန်ဝူးချန်ကမယုံကြည်သဖြင့် ဆက်မပြောတော့ချေ။

ထိုစဉ် မိန်ချန်ယူက .....

"ဖေဖေ ..... သူ့အဖေက သမီးနဲ့အစ်ကို မိန်စုပင်ကို ဖမ်းသွားတာဆိုတော့ အစ်ကို မိန်စုပင် ဘယ်ရောက်နေတယ်ဆိုတာ သူ သိလိမ့်မယ်၊ သူ့ကို မေးကြည့်ပါ"

"အေး ..... ဟုတ်တယ်၊ ကဲ ..... မိန်းကလေး၊ ငါ့သမီးမိန်ချန်ယူနဲ့ ငါ့သားမိန်စုပင်ကို မင်းအဖေဖမ်းသွားဖူးတယ်လို့ သိရတယ်၊ ငါ့သမီးလေးကိုတော့ ငါပြန်တွေ့နေရပြီ၊ ဒါပေမယ့် ငါ့သားကြီးကို

www.burmeseclassic.com

www.burmeseclassic.com



တော့ ပြန်မတွေ့ရသေးဘူး၊ ဘယ်ရောက်နေမှန်းလဲမသိဘူး၊ အဲဒီ တော့ ငါ့သားကြီးရှိတဲ့နေရာကိုပြောပြပါ၊ ဒါဆို မင်းကိုမသတ်ဘူး"

မိန့်ဂူးချုန်က ထိုသို့ ပြောလိုက်သောအခါမှ မိန်းကလေးမှာ မိန့်ဂူးချုန်၏သမီးဖြစ်ကြောင်း ချိန်ယင်ခုန်သိသွားသည်။

ချိန်ယင်ခုန်က .....

"ဦးရဲ့သားကို ကျွန်မအဖေဖမ်းသွားခဲ့ဖူးတယ်ဆိုတာ ကျွန်မ မငြင်းလိုပါဘူး၊ ဒါပေမယ့် ဦးရဲ့သားဟာ ဖမ်းဆီးထားရာကထွက်ပြေး လွတ်မြောက်သွားတာ ကြာပါပြီ"

"ကြာပြီဟုတ်လား"

"ဟုတ်ပါတယ်ကြာပါပြီ"

"သူ ဘယ်လိုလွတ်မြောက်သွားတာလဲ"

"သူ့ကို ကျာပွတ်နဲ့ရိုက်ပြီးနှိပ်စက်ခဲ့ပါတယ်၊ ဒဏ်ရာတွေနဲ့ သူ တော်တော့်ကိုခံရပါတယ်၊ နောက်ပြီး ဦးသားက သိုင်းပညာမှ တတ်တာ၊ အဲဒီတော့ ပိုခံရတာပေါ့၊ သူ့ကို ကျွန်မ လွှတ်ပေးလိုက်တာ ပါ၊ ဖေဖေဖမ်းထားတဲ့ မြေအောက်ခန်းထဲကထုတ်ပြီးတော့ ကျွန်မ လွှတ်ပေးလိုက်တာပါ"

မိန့်ဂူးချုန်တို့ သုံးယောက်မှာအံ့သြသွားကြသည်။

မိန့်ဂူးချုန်က .....

"မင်းက ငါ့သားကိုလွှတ်ပေးလိုက်တယ်ဟုတ်လား ---- မင်း စကားမှန်ကြောင်း ဘယ်လိုသက်သေပြနိုင်မလဲ၊ မင်းကိုသတ်မှာ



ကြံဖန်လီဆယ်ပြောနေတာပဲ"

ချိန်ယင်ခုန် ဒေါသဖြစ်သွားသည်။

သူမအား လိမ်ညာသည်ဟု စွပ်စွဲနေသည်မဟုတ်ပါလော။

သူမသည် ဒေါသသံနှင့်ပြောလေတော့၏။

"ဒီမှာ .... ဦး၊ ကျွန်မဟာ မမှန်တဲ့စကားကို ဘယ်တော့မှ ပြောဘူး၊ ဒါပေမယ့် ဦးကိုယုံပါလို့တော့ မတိုက်တွန်းပါဘူး၊ ဦးကို ခုတော့ ကျွန်မ အသေအချာပြောထားမယ်၊ ကျွန်မဟာ သေရမှာ လုံးဝကြောက်ရွံ့တဲ့သူ မဟုတ်ဘူးဆိုတာတော့ မှတ်ထားလိုက်ပါ၊ ကျွန်မ သေရမှာကြောက်ပြီး အသက်ချမ်းသာရာရအောင် လီဆယ် နေတာလို့ ထင်ရင်တော့ အကြီးအကျယ်ကိုမှားသွားလိမ့်မယ်၊ .... ဦး .... ကျွန်မကိုသတ်မှာလား၊ အချိန်မရွေးသတ်လို့ရတယ်၊ ကျွန်မသေရဲပါတယ်"

ချိန်ယင်ခုန်၏ရဲရဲတောက်စကားများကို ကြားသောအခါ ဂူးချုန်သည် ဤကလေးမသည် အမှန်များကိုသာပြောဆိုနေခြင်း ဖြစ်ကြောင်း သိသွားလေတော့၏။

"မင်းရဲ့သတ္တိရှိမှုကို ငါချီးကျူးပါတယ် ---- ဒီလိုရဲရင့်တဲ့ မိန်း ကလေးတစ်ယောက်ကို ငါမသတ်လိုဘူး၊ နောက်ပြီး .... မင်းပြောတဲ့ စကားတွေအားလုံး အမှန်တွေပဲဖြစ်လိမ့်မယ်ဆိုတာ ငါယုံတယ်"

မိန့်ဂူးချုန်သည် ထိုးပိတ်ထားသောသွေးကြောများကို ပြန် ဖြေလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချိန်ယင်ခုန်သည် အကြောများဆိုင်းမနေစေရန် ခြေလ[...] များကိုလှုပ်ရှားလိုက်သည်။

"ကျွန်မကိုအသက်ချမ်းသာခွင့်ပေးတဲ့အတွက် ဦးကို ကျွ[...] ကျေးဇူးတင်ပါတယ်၊ ကျွန်မ တစ်ချိန်ကျရင် ဒီကျေးဇူးကိုပြန်ဆပ်[...] မယ်"

မိန်ဝူးချန်က ....

"ကိစ္စမရှိပါဘူး .... မင်းက ဦးသားရဲ့အသက်ကိုကယ်ခဲ့[...] တယ်ဆိုတော့ ကျေးဇူးချင်းကျေသွားပြီပေါ့ကွာ၊ ဒါနဲ့ ဦးရဲ့သား လွ[...] သွားတာ အတော်ကိုကြာနေပြီလား"

"တော်တော်ကိုကြာပါပြီ၊ ဖမ်းထားပြီးတစ်ရက်ပဲ နှိပ်စ[...] ရသေးတယ်၊ သူ့ကို ကျွန်မကယ်ခဲ့တာပါ၊ သူ့ကို ဦးတို့အိမ်မှာ ပြ[...] နေဖို့တောင် သတိပေးလိုက်ပါသေးတယ်"

"ဒါပေမယ့် သူ့သတင်းကို ခုထိစုံစမ်းလို့ မရသေးဘူးဖြစ်[...] တယ်"

"ဒါကတော့ တစ်ယောက်နဲ့တစ်ယောက်ကပ်ပြီးလွဲချော်[...] တာလဲ ဖြစ်နိုင်တာပဲ၊ နောက်တစ်ကြောင်းက သူ ဒီပြည်နယ်ထ[...] ရှိနေသေးသလား မရှိဘူးလား ဘယ်သူမှမသိဘူး၊ တရုတ်ပြည်[...]ယ် တကယ်ကျယ်တာပဲ၊ လူတစ်ယောက်ကိုရှာရတာ ကောက်ရိုး[...] အပ်ပျောက်တာကိုရှာရတာထက် ခက်သေးတယ်"

"အေး ..... မင်းပြောတာလဲဖြစ်နိုင်တာပဲ၊ ဘာပဲဖြစ်[...]



[...]ရဲ့သား မသေသေးဘူးဆိုတာသိရတော့ ဦးအနေနဲ့ နည်းနည်း ပို [...]အားရှိတာပေါ့ကွယ်"

"ပထမလုပ်သင့်တာက ဦးရဲ့သား ဒီပြည်နယ်ထဲမှာရှိနိုင် မရှိ[...]င် အဆက်အသွယ်တွေကိုစုံစမ်းကြည့်သင့်တယ်၊ ဒီပြည်နယ်ထဲမှာ [...]ပြီဆိုရင်တော့ သူ့ကိုရှာဖို့လွယ်ပြီပေါ့၊ ဒီပြည်နယ်ထဲမှာ မရှိဘူးဆို[...]င်တော့ တော်တော်စိတ်ခတ်ကျစရာကောင်းပါတယ်၊ ကျွန်မကို [...]သွားခွင့်ပြုပါဦး"

ချိန်ယင်ခုန်သည် ရှာဖွေပုံ ရှာဖွေနည်းကိုပြောပြပြီးနောက် [...]တ်ဆက်လိုက်သည်။

"ဩော် ..... အေးအေး၊ ဒါထက် မိန်းကလေးရဲ့လက်မောင်း [...]ဒဏ်ရာ ....."

ချိန်ယင်ခုန်က စကားကိုဖြတ်ပြောလိုက်၏။

"ဟို လူရမ်းကားတစ်စုနဲ့တိုက်ခိုက်ပြီး ရလာတဲ့ဒဏ်ရာပါ၊ [...]ပေမယ့် စိုးရိမ်စရာမရှိပါဘူး"

"ဘာပဲပြောပြော ဆေးထည့်ဖို့တော့လိုလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျွန်မ နေရာပြန်ရောက်ရင် ဆေးထည့်လိုက်ပါ့"

ချိန်ယင်ခုန်သည် အလိုက်သင့် အလျားသင့် ပြောလိုက်၏။ ထို့နောက် မိန်ချန်ယူဆီသို့လှမ်းကြည့်လိုက်ကာ ....

"ညီမ .... မမကိုသွားခွင့်ပြုပါနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

မိန်ချုန်ယူကလည်း ခေါင်းညိတ်ရင်း ပြောလိုက်သည်။

သူမသည် ဝမ်ထိုင်စန်ကိုတော့ နှုတ်မဆက်တော့ပေ။

အဘယ်ကြောင့်ဆိုသော် ရန်သူ၏သားဖြစ်နေသောကြော တည်း။ ချိန်ယင်ခုန်သည် နေရာမှပြေးထွက်မည့်ဟန် ပြင်လိုက်လေ သည်။

သို့သော် သူမသည် တစ်စုံတစ်ရာကို သတိရလိုက်သည်။

ထို့ကြောင့် ကိုယ်ရှိန်ပြန်သတ်ပြီး မိန်ချုန်ယူ၏နားနား ကပ်ကာ တီးတိုးပြောလိုက်တော့သည်။

"ညီမလေးမိန်ချုန်ယူ ...... နယ်စားကြီးဝမ်ကျိုးဝေကို သတ ထား"

သူမ၏လေသံမှာ တိုးလွန်းလှသဖြင့် မိန်ချုန်ယူတစ်ဦးသာ ကြားလိုက်ရသည်။

မိန်ပွေးချုန်နှင့် ဝမ်ထိုင်စန်တို့ လုံးဝမကြားလိုက်ပေ။

ထို့နောက် .... ချိန်ယင်ခုန်သည် ကိုယ်ဖော့ပညာကိုသုံး ပြေးထွက်သွားလေတော့၏။

မိန်ချုန်ယူမှာ သူမ မျှော်လင့်မထားသည့်စကားကိုကြား လိုက်ရသဖြင့် လူမှာအူကြောင်ကြောင်ဖြစ်ကျန်ရစ်ခဲ့သည်။

"သမီး .... ချိန်ယင်ခုန်က ဘာပြောသွားတာလဲ"

ဝမ်ထိုင်စန်ရှိနေသည့်အဖြစ်ကို မိန်ချုန်ယူသတိရှိသည်။



"ဘာမှမဟုတ်ပါဘူး ဖေဖေ၊ သူက သမီးကို အရမ်းချစ်စရာ ကောင်းတယ်လို့ပြောသွားတာပါ"

ဖခင်က ယုံကြည်သည်။

ဝမ်ထိုင်စန်ကလည်း ပြုံးနေသည်။

ထိုအခါမှ မိန်ချုန်ယူ သက်ပြင်းချမိသည်။

ချိန်ယင်ခုန်ပြောသွားသည့်စကားလုံးများက ယခုတိုင် နား ထဲမှမထွက်သေးပေ။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းမကျ ပေါင်ပြ

မိန်စုပင်နှင့်တာလင်းတို့မှာလည်း မိန်ဂူးချန်နှင့်မိန်ချန်ယူတို့ကိုလိုက်လံရှာဖွေလျက်ရှိ၏။

သူတို့သည် တစ်မြို့ဝင်တစ်မြို့ထွက်လိုက်လံရှာဖွေလျက်ရှိရာ နောက်ဆုံးမတွေ့သောအခါ ဖူချောင်မြို့သို့ ပြန်လည်ဆိုက်ရောက်လာလေတော့၏။

သူတို့ရောက်ရှိလာချိန်မှာ နေ့လယ်ခင်းဖြစ်၍ ဖူချောင်မြို့ပတ်ဝန်းကျင်မှာ အနည်းငယ်ခြောက်သွေ့တိတ်ဆိတ်နေသည်။

လူသွားလူလာ ကင်းရှင်းနေသည်။

မိန်စုပင်မှာ ဝမ်ကျိုးဝေကို တရားခံအစစ်ဟုသိထားပြီဖြစ်သော်လည်း ထိုအကြောင်းကို ဖခင်နှင့်ညီမကို ပြောမပြရသေးပေ။

ဖခင်နှင့်ညီမကိုပြောပြချင်မိသည်။

သို့သော် ....

www.burmeseclassic.com

www.burmeseclassic.com



ဖခင်နှင့်ညီမတို့ကိုလည်း လုံးဝမတွေ့သဖြင့် စိတ်ဓာတ်ကျချင်ချင်ဖြစ်လာတော့သည်။

သူ လက်မလျှော့သေးပေ။

ဖခင်နှင့်ညီမဖြစ်သူကို တွေ့အောင်ရှာဖွေနေသေး၏။

မိန်စုပင်နှင့်တာလင်းတို့မှာ စားသောက်ဆိုင်တစ်ဆိုင်၌ ဝင်နားကြသည်။

စားသောက်ဆိုင်၌ လူသူကင်းရှင်းနေသဖြင့် သူတို့ လွတ်လွတ်လပ်လပ်စားသောက်ကြရသည်။

"တာလင်း ..... မြို့ထဲမှာ သတင်းစုံစမ်းကြရအောင်"

"စုံစမ်းလေ စုံစမ်းတာမများပါဘူး"

"ကဲ .... ဒါဖြင့် သွားကြမယ်"

သူတို့သည် ကျသင့်ငွေများကို ပေးချေပြီးနောက် မြို့ထဲသို့ထွက်လာခဲ့ကြသည်။

သူတို့ဝင်ရာလမ်းတွင် သိုင်းကျောင်းများရှိ၏။

ထိုသိုင်းကျောင်းများကို လွန်မှ လူစည်ကားရာအရပ်သို့ရောက်လေသည်။

ထိုသိုင်းကျောင်းများရှေ့မှ သူတို့ဖြတ်လျှောက်လာကြလေသည်။ ထိုသိုင်းကျောင်းထဲမှ လူတစ်စုထွက်လာကြသည်။

သူတို့သည် မမျှော်လင့်ဘဲနှင့်မျက်နှာချင်းဆိုင်မိသွား၏။

"ဟင် .... အန်ဟွာချူး"



ထိုလူစုကား .... ရွှေနဂါးအဖွဲ့ ပိုင်ရှင်၏သား အန်ဟွာချူးနှင့်အပေါင်းအပါ လေးယောက်တို့ပင်ဖြစ်လေ၏။

အန်ဟွာချူးသည် မိန်စုပင်ကိုတစ်ချက်ကြည့်ပြီး .....

"သြော .... မင်းကိုး"

သူက ဆက်လက်၍ပြောသည်။

"မင်းနဲ့တွေ့တာ အတော်ပဲ၊ မင်းကို ငါတွေ့ချင်နေတာကြာပြီကွ"

မိန်စုပင် မျက်မှောင်ကုပ်သွားသည်။

"ငါ့ကိုတွေ့ချင်နေတယ်ဟုတ်လား၊ ကိစ္စက ဘာကိစ္စလဲ"

"ကိစ္စကတော့ မင်းကိုဆုံးမချင်လို့ပဲ"

"ဟာ ..... ဆုံးမချင်ရအောင် ငါက ဘာလုပ်နေလို့လဲ"

"ဟော့ကောင် .... မိန်စုပင်၊ ခုမှ ဘာမှမသိသလို လုပ်မနေနဲ့၊ မင်းက ဝတ်စုံနက်ဝတ်ဆင်ပြီး ရွှေနဂါးအာမခံအဖွဲ့ကလူတွေကို အနှောင့်အယှက်ပေးနေတာ မင်းမဟုတ်လား"

အန်ဟွာချူးက မိန်စုပင်ကိုစွပ်စွဲလိုက်သည်။

"မဟုတ်တာကွာ၊ ငါက ဘာကြောင့် မင်းတို့ကိုအနှောင့်အယှက်ပေးရမှာလဲ၊ ငါက ဝတ်စုံနက်မဟုတ်ပါဘူး၊ ဒီပြင်တစ်ယောက်ယောက်ဖြစ်ပါလိမ့်မယ်"

"အပိုတွေပြောမနေနဲ့မိန်စုပင်၊ ဝတ်စုံနက်ဟာ မင်းပဲဖြစ်ရမယ်၊ ဒါဖြင့် .... တိုက်ခိုက်ပြီး ထွက်သွားပြီးတိုင်း ဘာဖြစ်လို့ သံမဏိ

www.burmeseclassic.com

www.burmeseclassic.com



တံခွန်ကလေးတွေကို ချချသွားရတာလဲ"

"ဟာ ..... သံမဏိတံခွန်က ပန်းပဲဖိုရှိတဲ့နေရာတိုင်း လုပ်လို့ရတာပဲ၊ ဒါကိုကြည့်ပြီး ငါလို့ယူဆရင်တော့ မင်းမှားလိမ့်မယ်"

မိန်စုပင်က ရှင်းပြလိုက်၏။

အန်ဟွာချူးက လက်မခံချေ။

"ဟော့ကောင်မိန်စုပင် .... မင်း ငြင်းကွယ်ဖို့ မကြိုးစားပါနဲ့တော့၊ ဝတ်စုံနက်ဟာ မင်းပဲဖြစ်ရမယ်၊ မင်းတို့ သံမဏိတံခွန်အာမခံအဖွဲ့ ပြိုပျက်သွားလို့ မနာလိုဝန်တိုစိတ်နဲ့ ငါတို့ရွှေနဂါးအဖွဲ့ကို အမျိုးမျိုး နှောင့်ယှက်နေတာပဲ"

"မဟုတ်ပါဘူးကွာ၊ ငါဟာ ငါ့ညီမလေးကိုလိုက်ရှာနေတာပါ၊ မင်းတို့ကိုတိုက်ခိုက်ဖို့လဲ စိတ်မကူးနိုင်ပါဘူး"

"အို .... မင်းဘာပဲပြောပြော ငါတော့မယုံဘူး"

"အေး ..... မင်းက ဒီလောက် တစ်ဖွတ်ထိုးစွပ်စွဲနေမှတော့ ငါရှင်းပြလဲ အပိုပဲနေမှာ၊ ဒီတော့ ငါရှင်းပြမနေဘူး၊ မင်းယူဆချင်သလို ယူဆပေတော့"

မိန်စုပင်က ဒေါသထွက်လာသဖြင့် မင်းသဘောအတိုင်းဟု ပြောလိုက်သည်။

ထိုအခါ ....

အန်ဟွာချူးမှာ ရှူးရှူးရှားရှားဖြစ်လာလေတော့သည်။

"မင်းက တယ်ပြီး သတ္တိကောင်းနေပါလား .... ငါကလဲ ဒီလို



လူမျိုးကိုမှ တွေ့ချင်နေတာကွ"

အန်ဟွာချူးသည် သန်လျက်ကိုဆွဲထုတ်လိုက်သည်။

"ရွှမ်း ......"

မိန်စုပင်ကလည်း သန်လျက်ကိုဆွဲထုတ်လိုက်သည်။

"ရွှမ်း ......"

ထိုအခါ တာလင်းက မိန်စုပင်ရှေ့သို့လာရပ်လိုက်၏။

"မိန်စုပင် .... ရှင်အသာနေ၊ ကျွန်မ သူ့ကိုဆုံးမလိုက်မယ်၊ ရှင်ကတော့ သူ့လူလေးယောက်ကို နိုင်အောင်ထိန်းထားပေတော့"

တာလင်းသည် အန်ဟွာချူးကိုကြည့်လိုက်၏။

"ကဲ .... ရှင် အသင့်သင့်ဖြစ်ပြီလား"

အန်ဟွာချူးသည် ချောမောလှပသောတာလင်းကိုကြည့်ပြီး အံ့သြသွားသည်။

"မင်း ဘယ်သူလဲ"

"ကျွန်မနာမည်တာလင်း"

"ငါတိုက်ချင်တာက မင်းမဟုတ်ဘူး မိန်စုပင်၊ မင်းဘေးဖယ်နေပါ"

"အို .... ကျွန်မနဲ့သူ အတူတူပဲရှင့်၊ ဘယ်သူ့ကိုပဲတိုက်တိုက် အကြောင်းမထူးပါဘူး၊ ကျွန်မတို့အတူသွား အတူစားပဲ"

"ဒါဖြင့် မင်းကသူ့ချစ်သူပေါ့"

တာလင်းမှာ ဘာပြန်ပြောရမှန်းမသိသဖြင့် ....

www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် ခေါင်းညိတ်လိုက်၏။

ပြီးမှ ....

မိန်စုပင်ကိုသတိရပြီး ရှက်သွေးဖြန်းသွားလေတော့သည်။

"ကောင်းပြီ .... ဒီလိုဆိုရင် မင်းကိုပဲစတိုက်မယ်၊ ပြီးမှ သူ့ကို ဆက်တိုက်မယ်၊ တိုက်ရတာချင်းအတူတူ မထူးပါဘူး"

"ရပါတယ်၊ ရှင်ကြိုက်သလိုလုပ်"

ထို့နောက် နှစ်ဦးနှစ်ဖက်စတင်တိုက်ခိုက်တော့၏။

❁ ❁ ❁



တာလင်းနှင့်အန်ဟွာချူးတို့တိုက်ခိုက်နေကြစဉ် မိန်စုပင်ကလည်း အန်ဟွာချူး၏ တပည့်လေးယောက်နှင့် ရင်ဆိုင်တိုက်ခိုက်နေရလေသည်။

လေးယောက်တစ်ယောက် တိုက်ခိုက်ခြင်းဖြစ်သော်လည်း အဆင့်ချင်းကွာခြားလှသဖြင့် မိန်စုပင်ကပင် အသာစီးရရှိနေသည်။

မိန်စုပင်၏ထက်မြက်သော ဓားသိုင်းပညာကြောင့် အန်ဟွာချူး၏တပည့်လေးယောက်တို့ ဖရိုဖရဲဖြစ်သွားစေသည်။

သို့သော် ....

အန်ဟွာချူး၏တပည့်လေးယောက်သည် ရုတ်ခြည်းပင် ပူးပေါင်းတိုက်ကွက်ကိုဖော်ထုတ်လိုက်ကြ၏။

သူတို့မှာ တစ်ယောက်ချင်း သိုင်းပညာညံ့သော်လည်း ပူးပေါင်းတိုက်ကွက်ဖော်ထုတ်ရာတွင်မူ မညံ့လှချေ။

ထို့ကြောင့် .... မိန်စုပင်မှာ သူတို့လေးယောက်အား အလွယ်တကူ အနိုင်မရဘဲရှိနေသည်။

တာလင်းနှင့်အန်ဟွာချူးတို့လည်း အပြင်းအထန်တိုက်ခိုက်နေကြသည်။

တာလင်းက အနည်းငယ်ပို၍အဆင့်မြင့်သည်။

အတွင်းအားနှင့်ကိုယ်ဖော့ပညာတွင် တန်းတူလောက်ရှိသော်လည်း သိုင်းပညာတွင်မူ တာလင်းကပို၍သာလေသည်။

ထို့ကြောင့် ....

www.burmeseclassic.com

www.burmeseclassic.com



ပထမ အကြိတ်အနယ် ယှဉ်ပြိုင်နေရသော်လည်း မကြာမီ တာလင်းက အသာစီးရသွားလေ၏။

အစွမ်းကုန် ခုခံတိုက်ခိုက်ရင်းမှပင် .... အန်ဟွာချူးသည် တာလင်း၏ဓားရိပ်အောက်မှ ရုန်းမထွက်နိုင်ဘဲဖြစ်နေလေ၏။

ပန်းပွင့်တစ်ပွင့်ပမာ ယိမ်းနွဲ့တိုက်ခိုက်နေသောတာလင်း၏ ဓားချက်များမှာ ကြောက်မက်ဖွယ်ရာပြင်းထန်လှ၏။

အန်ဟွာချူးမှာ ဇောချွေးများပြန်လာတော့သည်။

မကြာမီ အချိန်အတောအတွင်း သူဒဏ်ရာရရှိတော့မည်ဟု အလိုလိုတွက်ဆလာမိသည်။

ထို့ကြောင့် ....

တာလင်း၏ဓားချက်အောက်မှလွတ်အောင် ရုန်းထွက်ရန် အရေးကြီးသည်ဟုသိလာ၏။

သို့သော် ..... တကယ်တမ်း ရုန်းထွက်ကြည့်သောအခါ ရုန်းထွက်၍ မရတော့ချေ။

အန်ဟွာချူး အခက်တွေ့နေစဉ် တည်ငြိမ်ပြက်သားသော အမိန့်ပေး တားမြစ်သံထွက်ပေါ်လာလေသည်။

"ဟေ့ .... အားလုံးရပ်လိုက်ကြစမ်း"

အသံက ခြေဇာသံအပြည့်အဝပါသောအသံကြောင့် သူတို့ အားလုံး၏လှုပ်ရှားမှုများ ရပ်တန့်သွားကြ၏။

ထို့နောက် သူတို့လှည့်ကြည့်လိုက်ကြသည်။



ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ပန်းဓားယန်စီပန်ကိုတွေ့လိုက်ကြရလေ၏။

"ဟင် .... မေမေ"

တာလင်းက ဝမ်းသာအားရခေါ်လိုက်လေ၏။

ပန်းဓားယန်စီပန်သည် သူတို့ရှေ့နားသို့လျှောက်လာတော့၏။ ပန်းဓားယန်စီပန်မှာ ခေါင်းစွပ် စွပ်မထားသဖြင့် ရုပ်ပျက်နေသော သူမ၏မျက်နှာကြီး ပေါ်လွင်နေ၏။

အန်ဟွာချူးက ထိတ်လန့်စွာကြည့်နေ၏။

"မင်းက ရွှေနဂါး အာမခံအဖွဲ့ကလား"

"ဟုတ်တယ်"

"မင်းအဖေက အန်ပေါင်ကျောက်ဟုတ်လား"

"ဟုတ်တယ်၊ ကျွန်တော်က အန်ပေါင်ကျောက်ရဲ့သား အန်ဟွာချူးပဲ"

ပန်းဓားယန်စီပန်သည် တာလင်း၏မျက်နှာကိုကြည့်လိုက်လေ၏။

"သမီးက ဘာကြောင့် သူနဲ့သဲကြီးမဲကြီး တိုက်ခိုက်နေရတာလဲ"

"သူက သမီးတို့ကို အကြောင်းမဲ့ ရန်စလာလို့ ခုလိုဖြစ်ရတာ။ သူက မိန်စုပင်ကို ဝတ်စုံနက်ဝတ်ပြီး သူတို့လုပ်ငန်းကိုနှောင့်ယှက်နေတဲ့လူလို့ အတင်းစွပ်စွဲတယ်၊ မိန်စုပင်က မဟုတ်ပါဘူးလို့ ရှင်းပြလဲ

www.burmeseclassic.com

www.burmeseclassic.com



သူက လုံးဝလက်မခံဘူး၊ ဒါကြောင့် ခုလိုတိုက်ခိုက်ရတဲ့အထိဖြစ်သွား တာပါ”

တာလင်းက သွက်လက်စွာရှင်းပြလိုက်၏။

ယန်စိပန်က သက်ပြင်းချလိုက်သည်။

“ဟင်း .... ကံကောင်းလို့ ခြေလွန်လက်လွန် မဖြစ်ကြတာ အမေရောက်တာ နည်းနည်းစောပေလို့ပေါ့”

“ဘယ်လို .... မေမေ”

တာလင်းက မိခင်ပြောသည့်စကားကို နားမရှင်းသဖြင့် ပြ မေးလိုက်သည်။

“သမီးနဲ့တိုက်ခိုက်နေတဲ့သူဟာ တခြားသူမဟုတ်ဘူးသ ရဲ့၊ သမီးရဲ့ဖအေတူမအေကွဲမောင်လေးကွယ့် သိရဲ့လား”

တာလင်းမှာ အလွန်အံ့သြသွား၏။

တာလင်းထက်ပို၍ အံ့သြသူမှာ အန်ဟွာချူးဖြစ်သည်။

သူ့ဖခင် အန်ပေါင်ကျောက်တွင် နောက်မိန်းမတစ်ယော ရှိခဲ့သည်ဟူ၍ မကြားဖူးချေ။

သူနှင့်ယှဉ်ပြိုင်တိုက်ခိုက်သောမိန်းကလေးက သူ့အစ်မ ကလား။

အန်ဟွာချူး လုံးဝနားမလည်တော့ချေ။

ထို့နောက် ပန်းခားယန်စိပန်ကပင် ဆက်၍ရှင်းပြလိုက်၏

“သမီးဟာ အန်ပေါင်ကျောက်နဲ့မေမေကမွေးခဲ့သူဖြစ်တ



ဟောဒီ အန်ဟွာချူးကလဲ အန်ပေါက်ကျောက်နဲ့ သူ့ဒွေးသမီးစူအန်က မွေးခဲ့တဲ့သားဖြစ်တယ်၊ ဒီတော့ သမီးနဲ့သူဟာ ဖအေတူ မအေကွဲ မောင်နှမတော်နေတာပေါ့”

တာလင်း သဘောပေါက်သွားသည်။

အန်ဟွာချူးကတော့ နားမလည်သေးပေ။

အဘယ်ကြောင့်ဆိုသော် ....

သူ့ဖခင်ထံ၌ နောက်မိန်းမတစ်ယောက်ရှိသည်ဟု သူ မယုံ သေးသောကြောင့်ပေတည်း။

ထို့ကြောင့် ပန်းခားယန်စိပန်က .....

“အန်ဟွာချူး ..... ဒေါ်ဒေါ်က မင်းအဖေရဲ့ပထမမိန်းမပါ၊ ဒေါ်ဒေါ်နာမည်ကယန်စိပန်တဲ့၊ ဟောဒီက ဒေါ်ဒေါ့်သမီးလေးနာမည် က တာလင်းတဲ့၊ သူက ဒေါ်ဒေါ်နဲ့မင်းရဲ့အဖေ အန်ပေါင်ကျောက် တို့ကမွေးဖွားခဲ့တဲ့ မင်းရဲ့အစ်မပေါ့ကွယ်၊ ဒေါ်ဒေါ်နဲ့ မင်းအဖေဇာတ် ကြောင်းကိုသိချင်ရင် မင်းအဖေကို ပြန်မေးကြည့်ပေါ့၊ မင်းကတော့ စူအန်နဲ့ရခဲ့တဲ့သားပဲ”

“ဟုတ် .... ဟုတ်ကဲ့”

အန်ဟွာချူးမှာ ရောယောင် ခေါင်းညိတ်လိုက်ရသည်။

မျက်နှာအမာရွတ်များပြည့်နေသော မိန်းမကြီးသည် သူ့ဖခင် ၏ပထမ မယားကြီးတဲ့ ....

သူနှင့်သူသေကိုယ်သေတိုက်ခဲ့သော မိန်းကလေးက ....

www.burmeseclassic.com

www.burmeseclassic.com



သူ့အစ်မတဲ့ ....

ကြားရသောစကားများမှာ ယုံချင်စရာမရှိချေ။

"ဖအေတူ မအေကွဲ မောင်နှမနှစ်ယောက် အချင်းချင်း သူ တစ်ပြန် ကိုယ်တစ်ပြန်တိုက်ခိုက်နေတာကို ဒေါ်ဒေါ်လုံးဝမကြည့် ရက်ဘူး၊ ဒါကြောင့်မို့ အချိန်မီဝင်တားလိုက်ရတာပါ၊ အန်ဟွာချူး မင်း တပည့်တွေကိုလဲ ကောင်းကောင်းခေါ်သွားပါ၊ ကဲ .... ဒေါ်ဒေါ်တို့ သွားခွင့်ပြုပါဦး၊ လာ .... သွားမယ် သမီး၊ မိန်စုပင်ကလဲ ကျေလိုက် ပါတော့၊ လာ ..... မိန်စုပင် ငါတို့သွားကြမယ်"

ယန်စီပန်က တာလင်းနှင့်မိန်စုပင်ကိုခေါ်လိုက်သည်။

သူတို့နှစ်ယောက်စလုံး ဓားများကို ဓားအိမ်ထဲထည့်လိုက် ကြသည်။

ယန်စီပန်က အန်ဟွာချူးကိုပြောလိုက်၏။

"အန်ဟွာချူး ..... မင်းအဖေကို စကားတစ်ခွန်းတော့ ပြော ဖြစ်အောင်ပြောလိုက်စမ်းပါ၊ ပန်းဓားယန်စီပန်က သိပ်တွေ့ချင်နေ တယ်လို့"

အန်ဟွာချူးမှာ ခေါင်းညိတ်လိုက်ရ၏။

"ဟုတ် .... ဟုတ်ကဲ့"

ပြောပြီးသည်နှင့် သူတို့သုံးယောက်သည် ထိုနေရာမှ ထွက် ခွာလာကြလေသည်။ အန်ဟွာချူးကတော့ အူကြောင်ကြောင်ကြီး ကျန်ရစ်ခဲ့လေသည်။



ဤမိန်းမကြီး၏ပြောပုံဆိုပေါက်က သူ့ဖခင်၏ပထမဇနီးဖြစ် သည်ဟု ထင်စရာရှိသည်။ တကယ် ဟုတ်မဟုတ်တော့ အန်ဟွာချူး မသိပေ။

မျက်နှာကြီးကလည်း ကြောက်စရာကောင်းလှသည်။

ဤမိန်းမကြီးကို သူ့ဖခင်က ဇနီးအဖြစ်ယူခဲ့သည်ဆိုခြင်းမှာ အတော် သံသယဝင်စရာကောင်းသည်ဟုတွေးနေသည်။

အတန်ကြာမှ သူ့တပည့်လေးယောက်ဆီကိုလှည့်ပြီး .....

"ကဲ .... သွားကြမယ်ဟေ့"

အန်ဟွာချူးနှင့်တပည့်လေးယောက်တို့လည်း ထိုနေရာမှ ထွက်ခွာခဲ့ကြလေတော့၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## ဥက္ကာပါတ်ရှင်ပြဲသူ

နယ်စားကြီးဝမ်ကျိုးဝေ၏အိမ်ဂေဟာတွင် လူစုံတက်စုံ ရှိနေကြသည်။

နယ်စားကြီးဝမ်ကျိုးဝေ၊ သံဘီလူးခွပ်ရှန်၊ အမတ်ကြီး လင်ရှု နှင့် တပ်မှူးကြီးရွှေဓားဆူတုန်ပိုတို့လေးယောက် ဆုံစည်းနေကြလေသည်။

“ဘယ့်နှယ်လဲအမတ်ကြီး .... သိုင်းကျမ်းကိစ္စ စုံစမ်းလို့ ရခဲ့ရဲ့လား”

နယ်စားကြီးဝမ်ကျိုးဝေက မေးလိုက်သည်။

အမတ်ကြီးလင်ရှုက ခေါင်းခါသည်။

“စိတ်ပျက်ပါတယ်နယ်စားကြီးရာ .... ကျုပ်ရော ရွှေဓားဆူတုန်ပိုရော တတ်နိုင်သလောက် ကြိုးစားစုံစမ်းတာပါပဲ၊ ဒါပေမယ့် သိုင်းကျမ်းကိစ္စကို လုံးဝစုံစမ်းမရဘူးဖြစ်နေတယ်၊ မြေပေါ်လဲပျောက် မိုးလဲနောက်ဆိုတဲ့အတိုင်းပါပဲ”

www.burmeseclassic.com

www.burmeseclassic.com



ရွှေဓားဆူတုန်ပိုကလည်း .....

"ဟုတ်တယ်၊ အမတ်ကြီးလဲရှာ ကျုပ်လဲရှာ၊ ခွဲရှာကြတာပဲ ဒါပေမယ့် ဘာသဲလွန်စမှ မရဘူးဖြစ်နေတယ်၊ ကျုပ်တော့ စိတ်ဓာတ်တောင်ကျလာပြီ၊ ဘုရင်မင်းမြတ်ကို ကြောက်လို့သာ လိုက်စုံစမ်းနေတာ၊ ကျုပ်တော့ တော်တော်စိတ်ကုန်ပြီ"

ရွှေဓားဆူတုန်ပိုကလည်း ညည်းညည်းညူညူပင် ပြောဆိုလိုက်လေသည်။

ထိုအခါ .... သူတို့နှင့်အတူ အရက်ထိုင်သောက်နေသည့် သံဘီလူးခွပ်ရှန်က .....

"သိုင်းကျမ်းကိုလုသွားတာက ချိန်လီကျန်ပါ၊ သဲလွန်စက သူ့နောက်မှာရှိတယ်၊ သူ့နောက်ကိုပဲလိုက်ရမယ်"

"ဒါကိုတော့ ကျုပ်တို့သိပါတယ်၊ ချိန်လီကျန်တသေဆုံးသွားခဲ့ပြီဆိုတော့ လမ်းစက ပြတ်နေတယ်၊ နောက်ပြီး .... သိုင်းကျမ်းရှိနေတာကို ကိုယ်ကမျက်စိနဲ့ တပ်အပ်သေချာမြင်ထားတာ မဟုတ်ဘူး သူသိုင်းကျမ်းလုသွားတယ်ဆိုတာပဲ သိရတယ်၊ အဲဒီတော့ ... ခက်တာပေါ့"

အမတ်ကြီးလင်ရှု၏စကားမှာ ချိန်လီကျန်သိုင်းကျမ်းလုသွားသည့်ကိစ္စကို သံသယရှိပုံရနေလေ၏။

တပ်မှူးကြီး ဆူတုန်ပိုက .....

"ဟုတ်တယ်ဗျ ..... သံဘီလူးခွပ်ရှန်ရဲ့ ပြောဒီက အမတ်



ကြီးလင်ရှုပြောတာမှန်တယ်၊ ကျုပ်တို့က သူ့ဆီမှာ သိုင်းကျမ်းရှိနေတာကို မျက်စိနဲ့ တပ်အပ်မြင်ထားတာမဟုတ်ဘူး၊ နောက်ပြီး ချိန်လီကျန်က သူယူလာတဲ့ သေတ္တာထဲမှာ ဘာသိုင်းကျမ်းမှ ပါမလာဘူးလို့ ကျုပ်တို့ကိုပြောသွားတယ်၊ နယ်စားကြီးလဲကြားသားပဲ၊ ဒီစကားကို ကျုပ်တို့စဉ်းစားရမယ်"

ထိုအခါ နယ်စားကြီးဝမ်ကျုံးဝေက ပြောလိုက်လေသည်။

"ဟာ ..... ဒါတော့ အောက်လမ်းသိုင်းသမားရဲ့စကားကို သွားယုံစားလို့ဘယ်ဖြစ်မှာလဲ၊ အောက်လမ်းသိုင်းသမားတွေက လိမ်ညာကောက်ကျစ်တဲ့နေရာမှာ နှစ်ယောက်မရှိတဲ့ဥစ္စာ၊ သူခိုးက သူခိုးဘယ်လို့ ဘယ်မှာဝန်ခံမှာလဲ"

ဝမ်ကျုံးဝေက .... ချိန်လီကျန်ကို တရားခံအစစ်ဟုထင်မြင်ယူဆစေရန် အကျိုးအကြောင်းနှင့်ပြောလိုက်လေ၏။

သူ့စကားက မှန်သင့်သလောက်မှန်သဖြင့် အမတ်ကြီးလင်ရှုနှင့် ရွှေဓားဆူတုန်ပိုတို့မှာမပြောသာဘဲရှိလေ၏။

သူတို့ စကားပြောနေစဉ် ခြံဝင်းထဲမှ ဆူဆူညံညံအသံများကိုကြားလိုက်ရတော့၏။

"ရန်သူဟေ့ ..... ရန်သူ"

"ဝိုင်းကြဟေ့ ..... ဝိုင်းကြ"

"မိအောင်ဖမ်း ..... လုံးဝမလွှတ်စေနဲ့"

"ခြိမ်း ..... ခြိမ်း ....."

www.burmeseclassic.com

www.burmeseclassic.com



"အား ..... အီး ....."

အော်သံဟစ်သံ လက်နက်ချင်းထိခိုက်သည့်အသံများကို ကြားလိုက်ရသည်။

နယ်စားကြီး ဝမ်ကျိုးဝေသည် ထိုင်ရာမှ ဆတ်ခနဲ ထလိုက်မိလေသည်။

ကျန်သုံးယောက်လည်း ထရပ်မိသည်။

အစောင့်တစ်ယောက်သည် သူတို့ရှိရာသို့ ဒရောသောပါး ပြေးဝင်လာလေ၏။

"သခင်ကြီး ..... သခင်ကြီး၊ ဟို ..... ဟို ..... ရန်သူတွေဝင်လာပါတယ်"

"ဘာ ..... ရန်သူတွေ ဟုတ်လား"

"ဟုတ်ပါတယ်သခင်ကြီး"

"ရန်သူက ဘယ်နှယောက်လဲ"

"နှစ်ယောက်ပါ၊ တစ်ယောက်က အနက်ရောင်ဝတ်စုံကို ဝတ်ထားပါတယ်၊ နောက်တစ်ယောက်ကတော့ အသက်နှစ်ဆယ်လောက်ရှိတဲ့မိန်းကလေးပါ"

အစောင့်၏စကားထဲ၌ အနက်ရောင်ဝတ်စုံ **ဝတ်ဆင်ထား**သည်ဟူသော စကားပါလာသည်။

ထို့ကြောင့် ဝမ်ကျိုးဝေစိတ်ဝင်စားသွားသည်။

"ဝတ်စုံနက် ဝတ်ထားတယ်ဟုတ်လား၊ ဒါဆို ငါတို့လူတွေ



ကိုသတ်ဖြတ်တဲ့ ဝတ်စုံနက်ပဲဖြစ်မယ်၊ ခုတော့ ဆိုက်ဆိုက်မြိုက်မြိုက် ခြံထဲကိုရောက်လာပြီ၊ ဒီတော့ ..... အပင်ပန်းခံလိုက်ရှာနေစရာမလိုတော့ဘူးပေါ့ကွာ၊ ဟား ..... ဟား ..... ဟား ....."

နယ်စားကြီးသည် တစ်ယောက်တည်း ကျေနပ်စွာရယ်မောနေလေ၏။

သူတို့လေးဦးသည် ခြံထဲသို့ဆင်းလာကြ၏။ ခြံထဲတွင်ကား တိုက်ပွဲအတော်ပင် ပြင်းထန်၍နေသည်။

ဝတ်စုံနက်ဝတ်ဆင်သူ လူတစ်ယောက်နှင့်မိန်းကလေးတစ်ယောက်တို့ကို နယ်စားကြီး၏စစ်သည်တော်များကဝိုင်းဝန်းတိုက်ခိုက်နေသည်ကိုတွေ့ရလေ၏။

ကျူးကျော်ဝင်ရောက်လာသူများမှာ သိုင်းပညာအဆင့် မနိမ့်လှပေ။

အဘယ်ကြောင့်ဆိုသော် ....

စစ်သည်တော်များသည် အနီးကပ်မတိုက်ဝံ့ဘဲ အဝေးမှသာ တိုက်ခိုက်နေသောကြောင့်ဖြစ်သည်။

သူတို့လေးယောက်ထွက်လာသည်ကို အစောင့်စစ်သည်များ မြင်လိုက်ကြ၏။

ထိုအခါ အစောင့်စစ်သည်များသည် အားတက်သွားပြီး ရန်သူနှစ်ယောက်ကို ပြေးဝင်တိုက်ခိုက်ကြတော့၏။

သို့သော် တစ်ခဏအတွင်း တပ်လန်ကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုး ...... ဖုတ် ...... ရွမ်း ......"

"အား ...... အင့် ...... အင့် ......"

ပြေးဝင်တိုက်ခိုက်သူခြောက်ယောက်မှာ ဒဏ်ရာကိုယ်စီဖြင့် မြေပေါ်သို့ လဲကျကုန်သည်။

ထိုအခါ ....

နောက်လူများမှာ သခင်များအားကိုးဖြင့် ဝင်မတိုက်ရဲတော့ချေ။ ထိုမြင်ကွင်းကိုကြည့်ပြီး ဝမ်ကျိုးဝေ အကြီးအကျယ် မခံမရပ်နိုင်အောင်ဖြစ်သွားသည်။

"ဟေ့ကောင်တွေ ...... ဘေးဖယ်ကြစမ်း"

နယ်စားကြီးသည် ကိုယ်တိုင်ကိုယ်ကြပ်ဆုံးမရန် တိုက်ပွဲစည်းအတွင်းသို့ ဝင်လိုက်သည်။

သူ့ စစ်သည်တော်များသည် နောက်ဆုတ်သွားကြလေ၏။

သူတို့သည် အရင်ကတည်းက နောက်ဆုတ်ချင်နေကြသည်။

ဝမ်ကျိုးဝေတို့ ဆင်းလာသောအခါ သူတို့တိုက်ရဲပါသည်ဟု ပြချင်သဖြင့် ဝင်တိုက်ကြခြင်းဖြစ်သည်။

ထို့အတွက် လူခြောက်ဦး ဒဏ်ရာရသွားချေပြီ။

သို့သော် နယ်စားကြီးဝမ်ကျိုးဝေ သူ့အနီးသို့ ရောက်သွားသည်နှင့်တစ်ပြိုင်နက် ....

ဝတ်စုံနက်၏လက်မှာ ဖျတ်ခနဲလှုပ်ရှားသွားသည်။ အလင်းတန်းတစ်ခုသည် နယ်စားကြီးရှိရာသို့ပြေးဝင်လာလေ၏။



"ဗိုး ...."

"ဒေါက် ...."

ထိုအရာသည် သစ်ပင်တစ်ပင်၏ပင်စည်သို့သွားရောက်စိုက်ဝင်လေသည်။

နယ်စားကြီးဝမ်ကျိုးဝေသည် စိုက်နေသောအရာကို လှမ်းကြည့်လိုက်မိသည်။

သံမဏိတံခွန်လေးတစ်ခုပင်တည်း။

အရှည်တစ်ထွာခန့်သာရှိသော သံမဏိဖြင့်ပြုလုပ်ထားသည့် တံခွန်ကလေးဖြစ်သည်။

"ဩော် .... မင်းကလဲ သံမဏိတံခွန်ပဲကိုး၊ ဒါဆို ငါ့လူတွေကို မာစူးမြို့အဝင်မှာ သတ်သွားခဲ့တာမင်းပေါ့"

"ကျုပ် ဂရုမစိုက်ဘူး၊ ခင်ဗျား ထင်ချင်သလိုထင်နိုင်တယ်၊ ခင်ဗျားရဲ့အထင်အမြင်ကို ကျုပ်လုံးဝ ဂရုမစိုက်ဘူး"

ဝတ်စုံနက်က ခပ်ပြတ်ပြတ်ပင်ပြောလေ၏။

သူ့အသံမှာ ... လူရွယ်တစ်ယောက်၏အသံပင်ဖြစ်ကြောင်း နယ်စားကြီးဝမ်ကျိုးဝေသိသည်။

သို့သော် ....

ဘယ်သူဘယ်ဝါဖြစ်သည်ကိုတော့ မခန့်မှန်းနိုင်ပေ။

"အေး ...... သံမဏိတံခွန်ဆိုရင်တော့ ငါကလက်စားချေရမှာပဲ၊ ငါ့လူတွေအတွက် ငါက ပြန်လက်စားချေမယ့်တာဝန်ရှိတာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ငါ့မှာ အချိန်မရလို့ အဲဒီကိစ္စကိုမဆောင်ရွက်နိုင်တာ၊ အခု မင်း ရောက်လာတော့ အတော်ပဲဖြစ်သွားတာပေါ့"

"ဟား ..... ဟား ..... ဟား ..... ကြောက်တတ်ရင် ဒီခြံထဲ တောင်ဝင်မလာဘူး၊ နယ်စားကြီးကို ကျုပ်ဂရုမစိုက်ဘူးဗျ"

နယ်စားကြီး၏မျက်နှာ ညိုမည်းသွားသည်။

"သြော် ..... မင်းတို့က သိုင်းသတ္တိကောင်းနေတာပေါ့လေ ငါ့ကိုဂရုမစိုက်ဘူးဆိုတာ သိရလို့ ငါ ဝမ်းသာပါတယ်၊ ဒါပေမယ့် ငါ့ အစွမ်းကိုလဲ နည်းနည်းပြဦးမှဖြစ်မယ် ... ဒါမှ မင်းတို့ ဂရုစိုက်လာမှာ မဟုတ်လား"

နယ်စားကြီးသည် ကိုယ်ကိုလှုပ်လိုက်၏။

သူ၏ခန္ဓာကိုယ် ပေါ့ပါးစွာမြောက်တက်သွား၏။

သူသည် ဝတ်စုံနက်နှင့်မိန်းမပျိုလေးတို့အား လက်ဝါးတစ် ချက်ရိုက်ထုတ်လိုက်၏။

"ဝုန်း ....."

ဝတ်စုံနက်ဝတ်ထားသူနှင့်မိန်းမပျိုလေးတို့မှာ ထိပ်တိုက် မခုခံရဘဲ နောက်ဆုတ်သွားလေ၏။

ဝမ်ကျိုးဝေသည် ဆက်၍ဆက်၍တိုက်ခိုက်လေတော့၏။

ဝတ်စုံနက်ဝတ်ထားသူနှင့် မိန်းမပျိုလေးတို့သည် ဝမ်ကျိုး ဝေ၏တိုက်ခိုက်မှုကို အသည်းအသန် ရှောင်တိမ်းနေရတော့သည်။

ဝမ်ကျိုးဝေသည် ဝတ်စုံနက်ကို အထူးဂရုပြုမတိုက်ခိုက်ဘဲ



မိန်းမပျိုကလေးကိုသာ အထူးဂရုပြု၍တိုက်ခိုက်သည်။

မိန်းမပျိုလေးအား လက်ဝါးဖြင့် တစ်ချက်ရိုက်လိုက်လေ သည်။ ထိုအခါ မိန်းမပျိုလေးက ရှောင်တိမ်းလိုက်သည်၊ နောက်ထပ် ဘယ်လက်ဝါးဖြင့် ရိုက်လိုက်သည်။

သည့်တစ်ကြိမ်တွင် မိန်းမပျိုလေးသည် ရှောင်တိမ်းခြင်းမ ပြုတော့ဘဲ ကြိတ်၍မာန်သွင်းကာ ခုခံလိုက်၏။

ဝမ်ကျိုးဝေသည် သူ၏ဘယ်လက်ကို နှိမ့်ချလိုက်ကာ မိန်းမ ပျိုလေး၏ခါးလယ်ကို သိမ်းကန်လိုက်သည်။

သို့သော် မိန်းမပျိုလေး က ပါးနပ်သည်။

နောက်ကျွမ်းပစ်၍ ရှောင်တိမ်းသွားသည်။

ထို့ကြောင့် ဝမ်ကျိုးဝေ၏ကန်ချက်မှာ အချည်းအနှီးဖြစ်သွား ရလေတော့သည်။

ဝမ်ကျိုးဝေသည် ဝတ်စုံနက်ဝတ်ထားသူနှင့်မိန်းမပျိုလေး တို့၏သိုင်းပညာအဆင့်ကို ခန့်မှန်းကြည့်၏။

သူ့ကိုတော့ မတိုက်နိုင်။

သို့သော် ရှောင်တိမ်းတော့ရှောင်တိမ်းနိုင်သည်။

ထို့နောက် ....

ဝမ်ကျိုးဝေက ထိရောက်မှုရှိပြီး ရန်သူအကဲခတ်၍ မရနိုင် လောက်အောင် ဆန်းပြားသောသိုင်းကွက်များကို စတင်အသုံးပြု တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လှုပ်ရှားပုံမှာ လျှင်မြန်လွန်းလှသဖြင့် ရန်သူ နှစ်ယောက်သည် အလွန်အံ့ဩစွာကြည့်နေရတော့သည်။

ဝမ်ကျိုးဝေက လက်ငါးချောင်းကိုထိပ်စုလိုက်သည်။

ထိုလက်ချောင်းထိပ်များဖြင့် မိန်းမပျိုလေး၏ရင်ဝကိုထိုးစိုက်လိုက်သည်။

မိန်းမပျိုလေးမှာ ထိတ်လန့်ဖြစ်ကာ ဒရောသောပါး ရှောင်တိမ်းပေးလိုက်ရသည်။

ထိုအခါ နယ်စားကြီး၏တိုက်ခိုက်မှုမှာ ပွတ်ကာသီကာ လွဲသွားတော့သည်။

ထိုစဉ် ဝတ်စုံနက်က သူ့အားတိုက်ခိုက်လေ၏။

ထိုတိုက်ခိုက်မှုမှာ ပထမဆုံးအကြိမ်ဖြစ်လေသည်။

သူသည် လေတိုးသံကြားသည်နှင့် သူ့အား ဝတ်စုံနက်ဓားဖြင့်ထိုးလိုက်ပြီကိုသိရှိသည်။

ထို့ကြောင့် .... နယ်စားကြီးသည် ကိုယ်ကိုတစ်ပတ်လှည့်ပြီး ဝတ်စုံနက်၏ဓားချက်ကိုရှောင်လိုက်ရ၏။

သူသည် တစ်ဆက်တည်း ဝတ်စုံနက်၏မျက်နှာကိုကုတ်ခြစ်လိုက်သည်။

သို့သော် ....

ဝတ်စုံနက်က ခေါင်းငုံ့ရှောင်တိမ်းလိုက်သဖြင့် သူ့တိုက်ခိုက်မှုက ဝတ်စုံနက်၏မျက်နှာကိုမထိချေ။



သို့ရာတွင် ....

သူ၏လက်ချောင်းများက ဝတ်စုံနက်၏ခေါင်းစွပ်ကို ကုတ်ဆွဲလိုက်သလိုဖြစ်သွားသည်။

ထိုအခါ ဝတ်စုံနက်၏မျက်နှာမှာ ပကတိအတိုင်းပေါ်လွင်လာလေသည်။

နယ်စားကြီးဝမ်ကျိုးဝေမှာ အံ့အားသင့်သွားသည်။

"ဟင် ..... မင်း ..... မင်း ..... မိန်စုပင် မဟုတ်လား"

ဝမ်ကျိုးဝေ၏နှုတ်မှ တအံ့တဩအသံထွက်လာသည်။

မိန်စုပင်က နယ်စားကြီးအား စိုက်ကြည့်လိုက်ပြီး .....

"ဟုတ်တယ် .... သံမဏိတံခွန် အာမခံအဖွဲ့ပိုင်ရှင် မိန်ဝူးချန်ရဲ့သား မိန်စုပင်ပဲ"

ဝမ်ကျိုးဝေက .....

"ဘယ်လိုဖြစ်တာလဲငါ့တူရယ်၊ မင်းနဲ့ဦးနဲ့က ရန်သူတွေမှမဟုတ်တာပဲ၊ ဆွေမျိုးရင်းချာလို နေလာခဲ့တဲ့လူတွေပဲ မဟုတ်လား"

"ဦးပြောတာ အရင်ကတော့ ဟုတ်ကောင်းဟုတ်ပါလိမ့်မယ် ခုချိန်မှာတော့ ဦးဟာ ကျွန်တော်တို့ရဲ့မိတ်ဆွေမဟုတ်တော့ပါဘူး။ ရန်သူတွေ ဖြစ်နေကြပါပြီ"

"ဘယ်လို .... ငါ့တူ၊ ရန်သူတွေဖြစ်နေပြီဟုတ်လား၊ ဘယ်လိုကြောင့် ရန်သူဖြစ်သွားရတာလဲ၊ ငါ့တူပြောတာတွေကို ဦးဘယ်လို နားမလည်နိုင်တော့ပါဘူး"

www.burmeseclassic.com

နယ်စားကြီး ဝမ်ကျိုးဝေက ဘာမျှမသိသယောင်ဖြင့် ပြောဆိုလေ၏။

သူသည် အလွန်ဟန်ဆောင်ကောင်းသူဖြစ်သည်။

သူတပည့် ဂူချောင်ပြေးလာပြီး ပြောကတည်းက မိန်စုပင်သည် သူ့အကြောင်းသိသွားနိုင်သည်ဟု ကြိုတင်ရိပ်မိပြီးဖြစ်ပေသည်။

ယခု ...... အမှတ်ကြီးလင်ရှုနှင့်တပ်မှူးကြီးဆွတုန့်ပိုတို့ရှိနေသဖြင့် မှင်သေသေဖြင့် ဘာမျှမသိအောင် ဟန်ဆောင်မေးနေခြင်းဖြစ်ပေသည်။

မိန်စုပင်က အံကြိတ်၍ပြောလိုက်၏။

"အိပ်ချင်ယောင်ဆောင်နေတဲ့သူဟာ အနှိုးရခက်တယ်ဆိုတဲ့စကားဟာ သိပ်မှန်ပါကလား၊ ဒီမှာ ဦးကိုရှင်းရှင်းပဲပြောမယ်၊ ဦးခိုင်းလိုက်တဲ့ဂူချောင်နဲ့ရှုစင်းတို့နှစ်ယောက်ကို ကျွန်တော်တွေ့ခဲ့ပြီးပါပြီ၊ ရှုစင်းမသေခင်မှာ အမှန်အတိုင်းဝန်ခံသွားတယ်၊ သူတို့ကိုခိုင်းလိုက်တာ နယ်စားကြီးဝမ်ကျိုးဝေတဲ့၊ ကဲ ...... ဘာငြင်းချင်သေးလဲ"

နယ်စားကြီးဝမ်ကျိုးဝေသည် မျက်နှာပျက်သွားသည်။

သို့သော် ချက်ချင်းပင် မျက်နှာပြင်လိုက်၏။

ရယ်ရယ်မောမောဖြင့် ......

"ဟား ...... ဟား ...... ဟား ...... ငါ့တူက သူများစကားကို တယ်ယုံလွယ်တာကိုး၊ ငါ့တူပြောတဲ့ ဂူချောင်နဲ့ရှုစင်းဆိုတာ တစ်ခါမှတောင် မမြင်ဖူးဘူး၊ သေမယ့်လူတစ်ယောက်ယောက်က နယ်စားကြီးဝမ်ကျိုးဝေခိုင်းလို့ လုပ်ရပါတယ်လို့ပြောတိုင်း မင်းက ယုံတော့မလားကွာ"

"ဘယ်သူက အကြောင်းမယ့် နယ်စားကြီးခိုင်းတာပါလို့ ဝန်ခံပါ့မလဲ၊ သူတို့မှာအကြောင်းရှိနေလို့ ဝန်ခံခဲ့တာပေါ့၊ ဒီလို မတော်တရား လုပ်တာဟာ သိုင်းကျမ်းကြီးကို ခင်ဗျား အပိုင်စီးချင်လို့ပဲ မဟုတ်လား"

"ဟော့ကောင် ...... မင်းစကားတွေ တဖြည်းဖြည်း လွန်လာနေပြီ၊ ငါက တူလိုသားလို ခင်မင်လို့ ဒီလောက်အထိသည်းခံနေတာ၊ ဒီလိုသည်းခံနေတာကို မင်းထပ်ပြီးမစော်ကားနဲ့"

မိန်စုပင်သည် ရယ်မောလိုက်၏။

နယ်စားကြီး၏ဟန်ဆောင်မှုနောက်ကွယ်မှ ဘီလူးမျက်နှာကို သူကောင်းစွာသိပြီးလေပြီ။

"အမတ်ကြီးတွေက ဘာလုပ်ဖို့လာတာလဲ"

မိန်စုပင်သည် အမတ်ကြီးနှင့်တပ်မှူးကြီးကို မသိချေ။

ထို့ကြောင့် ဤသို့ပင်မေးလိုက်၏။

ဝမ်ကျိုးဝေက ......

"အမတ်ကြီးတို့ကို ဘုရင်ဧကရာဇ်ကစေလွှတ်လိုက်တာ၊ ပျောက်နေတဲ့သိုင်းကျမ်းကို စုံစမ်းဖို့ အမိန့်ပေးလိုက်တာပဲ"

"ဟား ...... ဟား ...... ဟား ...... ဒါဆိုရင် အတော်ပဲ၊ အမတ်ကြီးများ ခင်ဗျား ...... ဒီနယ်စားကြီးဟာ သိုင်းကျမ်းကို ခိုးယူထား

www.burmeseclassic.com



ပါတယ်၊ ကျွန်တော့်အဖေကို ဘိန်းသယ်တယ်ဆိုပြီး ထောင်ဖမ်းထား လဲ သူပါပဲ၊ ဘိန်းသယ်တဲ့အပြစ်ကလွတ်အောင် ဘုရင်မင်းမြတ်ကို လျှောက်ထားပေးမယ်၊ သိုင်းကျမ်းကို သံမဏိတံခွန်အဖွဲ့အနေနဲ့သယ် ပေးပါလို့ ပြောတာလဲ သူပါပဲ၊ သံမဏိတံခွန်သိုင်းကျမ်းကိုသယ်လာ တော့ လိပ်ပြာနှုတ်သိုင်းသမားချိန်လိကျန်ကို လက်ထောက်ချလိုက် တာလဲ သူပါပဲ”

“ဟော့ကောင် ..... မင်း ပါးစပ်ပိတ်ထားလိုက်စမ်း”

နယ်စားကြီးဝမ်ကျိုးဝေက မိုးခြိမ်းသံကဲ့သို့ အော်ဟစ်ပြော ဆိုလိုက်၏။

“ဘာလဲ ..... ခင်ဗျားရဲ့ ယုတ်မာကောက်ကျစ်မှုတွေ ပေါ်မှာ သိပ်ကြောက်နေပြီလား”

နယ်စားကြီးဝမ်ကျိုးဝေသည် ရုတ်တရက် သူ့လက်ကို လွှ ရှားလိုက်၏။

ထိုအခါ အလင်းတန်းကလေးများသည် ကြောက်မက်ဖွယ် ရာ အရှိန်အဟုန်ဖြင့် မိန်စုပင်ရှိရာသို့ဝင်သွားလေသည်။

သို့သော် .....

ထိုလက်နက်ပုန်းများသည် မိန်စုပင်ထံသို့ မရောက်ပေ ကြားမှလူတစ်ယောက်က ဝင်ရောက်ကာကွယ်တားဆီး လိုက်သဖြင့် မိန်စုပင်မှာ အသက်ချမ်းသာရာရသွား၏။

ဝင်ရောက်ကာကွယ် တားဆီးသူမှာ .....



အမတ်ကြီးလင်ရှုဖြစ်သည်။

သူ၏အင်္ကျီလက်စရှည်ဖြင့် ဝမ်ကျိုးဝေ၏လက်နက်ပုန်းများ ကို ရုတ်ထုတ်ပစ်လိုက်ခြင်းဖြစ်သည်။ လက်နက်ပုန်းများသည် မြေ ပေါ်သို့ လွင့်စဉ်ကျသွားလေသည်။

“အမတ်ကြီး ..... မဆိုင်ဘဲ ဘာကြောင့်ဝင်ရှုပ်ရတာလဲ”

ဝမ်ကျိုးဝေက အမတ်ကြီးလင်ရှုအား ဒေါသတကြီးဖြင့်မေး လိုက်၏။

ဝမ်ကျိုးဝေက ဒေါသကြီးသလောက် အမတ်ကြီးလင်ရှုက အေးဆေးနေ၏။

“ဝင်ရှုပ်ဆို ခင်ဗျားလုပ်ပုံကလဲ ဟုတ်မှမဟုတ်ဘဲကိုးဗျ”

“ကျုပ်က ဘာမဟုတ်တာတွေလုပ်နေလို့လဲ”

“ဒီကလေးတွေကို ခင်ဗျား အဆိပ်အပ်ထုတ်ပြီး မတိုက်ခိုက် သင့်ဘူး၊ သူတို့မှာ ဟုတ်တိပတ်တိ ဘာအပြစ်မှမရှိတာ”

“ကျုပ် ခြံဝင်းထဲကို ကျူးကျော်ဝင်ရောက်လာတယ်၊ ကျုပ် လူတွေကိုလဲ အဓိပ္ပါယ်မဲ့ သတ်ပစ်တယ်၊ ပြီးတော့ ကျုပ်ကိုလဲ မဟုတ် တရား စွပ်စွဲနေတယ်၊ ဒါတွေဟာ အပြစ်တွေပေါ့ဗျာ”

“ဟာ ..... ခင်ဗျားပဲ သူဟာ တုလိုသားလိုနေတဲ့သူဆို၊ တော်ရုံ နဲ့ရဲ့ အမှားလေးတွေကတော့ ရှိမှာပေါ့၊ ဒီတော့ ခင်ဗျား ဒီကလေး ယောက်ကို တိုက်ခိုက်ဖို့မကြိုးစားပါနဲ့တော့၊ သူတို့နှစ်ယောက်နဲ့ ကျုပ် အေးအေးဆေးဆေး စကားပြောချင်တယ်”

www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးလင်ရှူဝင်ပါခြင်းမှာ ဝမ်ကျိုးဝေက ချိန်လီကျ
အား လက်နက်ပုန်းဖြင့်ပစ်သတ်ခဲ့ခြင်းကို မကျေနပ်၍ဖြစ်ပေသည်
ချိန်လီကျန်သေပြီးသည့်အခါ သူတို့သည် မည်သူ့တိုက်ခြေ
ခံရမည်မှန်းမသိဘဲ ဖြစ်သွားခဲ့သည်မဟုတ်ပါလော။

ယခုလည်း စကားတစ်ခွန်းတစ်စပြောကြားသော မိန့်ရ
ကို ဝမ်ကျိုးဝေကသတ်ဖြတ်ရန် ကြံစည်နေသည်။

ဝမ်ကျိုးဝေက ခါးခါးသီးသီးပြောကြားလေ၏။

"အမတ်ကြီး .... သူတို့နှစ်ယောက်နဲ့စကားပြောကြည့်လို
တော့ ပရိမ်းပတာတွေပဲ ထွက်လာမှာပဲ၊ ကျုပ်ကို မဟုတ်ကဟုတ်
တွေ စွပ်စွဲမယ်၊ ဒါတွေပဲ အမတ်ကြီးတို့ ကြားကြရမှာပေါ့။ အမတ်ကြ
ဘေးဖယ်နေလိုက်ပါဗျာ၊ ကျုပ် သူတို့နှစ်ယောက်ကို ဆုံးမလိုက်
ပါရစေ"

"ဟား .... ဟား .... ဟား .... ခင်ဗျားက အသေသ
ဖြတ်ပြီး ဆုံးမ မလို့လား၊ တော်စမ်းပါဗျာ၊ ကျုပ်သူတို့ကိုမေးမြန်း
တယ်၊ စုံစမ်းချင်တယ်၊ ဒါမှ သိုင်းကျမ်းအတွက်သဲလွန်စရမှာပေါ့

"ဘာ သဲလွန်စရမှာလဲ၊ ဘာသဲလွန်စမှ ရမှာမဟုတ်ဘူး
ကောင်တွေဟာ ဦးနှောက်ပျက်နေတဲ့ကောင်တွေ၊ စကားကို
ပတ်ပြောနေတဲ့ကောင်တွေ၊ သူတစ်ပါးအကျိုး ပျက်စီးရာပျ
ကြောင်းပဲပြောမှာ၊ ဘာအကောင်းတစ်လုံးမှ ပြောမှာမဟုတ်ဘူး
တို့နဲ့ဆွေးနွေးမေးမြန်းနေလို့ အပိုပါပဲဗျာ"



အမတ်ကြီးလင်ရှူ၏မျက်နှာသည် တင်းမာခက်ထန်သွား
လေတော့သည်။

"ဝမ်ကျိုးဝေ ..... ခင်ဗျား သူတို့ကိုတိုက်ခိုက်ဖို့ မကြိုးစား
ပါနဲ့၊ သူတို့သေရင် ခင်ဗျားအပြစ်ပဲ၊ ကျုပ်အမိန့်ပေးနေတာယ်"

ခွတ်အတင်းတိုက်ခိုက်ရန်ဟန်ပြင်နေသော နယ်စားကြီးဝမ်
ကျိုးဝေကို အမတ်ကြီးလင်ရှူကအမိန့်ပေးလိုက်သည်။ နယ်စားကြီး
ဝမ်ကျိုးဝေမှာ ခေတ္တခဏမျှ ငြိမ်သက်သွားလေသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## အသေသချာခြင်း

နယ်စားကြီးဝမ်ကျိုးဝေသည် အတန်ကြာ တိတ်ဆိတ်ငြိမ်သက်နေပြီး နောက် မဲ့ပြုံးပြုံးလိုက်လေသည်။

"ဒီမှာအမတ်ကြီး"

အမတ်ကြီးသည် ဝမ်ကျိုးဝေရှိရာသို့ ကြည့်လိုက်သည်။

ဝမ်ကျိုးဝေက ......

"အမတ်ကြီး ...... ခင်ဗျားကအမိန့်ပေးရအောင် ဒီနေရာဟာဘယ်သူ့နေရာလဲဆိုတာ ကြည့်လိုက်စမ်းပါ၊ ခင်ဗျားရောက်နေတဲ့နေရာဟာ ကျုပ်ပိုင်နက်ဗျ"

အမတ်ကြီးလင်ရှု ဒေါသဖြစ်သွားလေ၏။

"ဘာပြောတယ်၊ ကျုပ်ကို ဘုရင်စောရှာစ်ကစေလွှတ်လိုက်တာ၊ ကျုပ်ကိုဆန့်ကျင်ရင် ဘုရင်စောရှာစ်ကိုဆန့်ကျင်တာပဲ ခင်ဗျားခဲ ဒါကိုသတိထားဖို့လိုလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကျိုးဝေက ဒေါသကြီးစွာပြောလိုက်၏။

"ခင်ဗျားဘေးဖယ်နေ၊ ဒီကိစ္စကို ကာကွယ်တားဆီးမ နဲ့၊ ကျုပ်ရဲ့ရန်သူတွေကို ကျုပ်တိုက်ခိုက်ရလိမ့်မယ်၊ ဒီကြားထဲ ခင်ဗျားပါ ရောညပ်သွားလိမ့်မယ်၊ ခင်ဗျားဘေးဖယ်ပါ"

အမတ်ကြီးဝမ်ကျိုးဝေ၏စကားကြောင့် အမတ်ကြီးလင် သည် တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာလေ၏။

"ရတယ်ဝမ်ကျိုးဝေ .... ခင်ဗျား တိုက်ချင်ရင်တိုက်ရတာ သူ့သေကိုယ်သေ တိုက်ကြတာပေါ့ဗျာ"

"ဩော် .... ခင်ဗျားကဒီလိုလား၊ ဒါဆိုလဲ တိုက်ကြတာပေ

ဝမ်ကျိုးဝေသည် ခုန်ထွက်ပြီး အမတ်ကြီးလင်ရှူအား တိ ခိုက်လေတော့၏။ သံဘီလူးခွပ်ရှန်ကလည်း .....

"မင်းတို့ ဒီလို ငါ့တပည့်ကို တိုက်တာကို ငါကြည့်နေ ဘယ်တရားမျှတရာ ကျပ့ါမလဲ၊ ငါ့တပည့်ကို တိုက်ရင် ငါ့ကိုတိုက် နဲ့အတူတူပဲ"

တပ်မှူးကြီး ဆူတုန်ပိုလည်း ဓားကိုရှမ်းခနဲဆွဲထုတ်၏ သံဘီလူးခွပ်ရှန်နှင့် မျက်နှာချင်းဆိုင်လိုက်ပြီး ....

"ဒီလိုဆိုရင် ခင်ဗျားနဲ့ကျုပ်လဲ တိုက်ကြရတော့မှာပေါ့

တိုက်ပွဲသည် စုံတွဲဖြစ်သွားလေတော့၏။ အမတ်ကြီးလ နှင့် နယ်စားကြီးဝမ်ကျိုးဝေ၊ တပ်မှူးကြီးဆူတုန်ပိုနှင့် သံဘီလူးခွ တို့အပြင်းအထန်တိုက်ခိုက်ကြတော့၏။



မိန်စုပင်နှင့် တာလင်းတို့မှာ မည်သူ့ကိုဝင်တိုက်ရမည်မှန်း မသိတော့ပေ။

ထို့နောက် တာလင်းက ဆုံးဖြတ်ချက်ချသံနှင့်ပြောလေ၏။

"မိန်စုပင် .... ရှင်ကဝမ်ကျိုးဝေကိုတိုက်၊ ကျွန်မက ဟိုအဘိုးကြီးကိုဝင်တိုက်မယ်"

"အေး ..... ကောင်းတယ်"

ထို့နောက် မိန်စုပင်နှင့်တာလင်းတို့သည် ဝမ်ကျိုးဝေနှင့် သံဘီလူးခွပ်ရှန်ကို ဝင်တိုက်ကြလေတော့၏။

အဆင့်မြင့်သိုင်းပညာရှင်များ၏တိုက်ပွဲဖြစ်၍ မိန်စုပင်နှင့် တာလင်းတို့မှာ တိုက်ပွဲတွင် ပါသည်ဆိုရုံမျှသာပါနိုင်သည်။

ဝမ်ကျိုးဝေ၏တပ်သားများကတော့ ဤတိုက်ပွဲတွင် လုံးဝ မပါဝင်နိုင်ချေ။

ဘေးမှသာ ပွဲကြည့်ပရိသတ်အဖြစ် ရပ်ကြည့်နေကြရသည်။

ဝမ်ကျိုးဝေကိုတိုက်ခိုက်နေသော အမတ်ကြီးလင်ရှူ၏သိုင်းပညာမှာ အဆင့်မနိမ့်လှသဖြင့် ဝမ်ကျိုးဝေကို တန်းတူရည်တူနီးပါး တိုက်ခိုက်နိုင်သည်။

ထိုအခါ မိန်စုပင်ကဝင်လာသောအခါ လုံးဝတန်းတူရည်တူ တိုက်ခိုက်နိုင်တော့သည်။

သံဘီလူးခွပ်ရှန်နှင့်တိုက်ခိုက်နေသော တပ်မှူးကြီးဆူတုန်ပို ကတော့ ထိုသို့မဟုတ်ပေ။

www.burmeseclassic.com



ဆူတုန်ပိုသည် သံဘီလူးခွပ်ရှန်ထက် အဆင့်နိမ့်၏။

ထို့ကြောင့် တာလင်းဝင်ကူသော်လည်း အရာမရောက်ဘဲ ဖြစ်နေသည်။

သံဘီလူးခွပ်ရှန်ကို ဆူတုန်ပိုသည် အထက်စည်းမှ အသာရအောင် မတိုက်နိုင်ပေ။

ဤသို့ မတိုက်နိုင်သည့်အတွက် ဆူတုန်ပိုအား အပြစ်ဆိုရန်မရှိပါ။

အဘယ်ကြောင့်ဆိုသော် ....

သံဘီလူးခွပ်ရှန်သည် သိုင်းလောက ရာဇာခြောက်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်နေသောကြောင့်ပေတည်း။

ထိုသို့ တိုက်ခိုက်နေရင်းမှ တိုးဝင်လာသောဓားကို သံဘီလူးခွပ်ရှန်သည် ဖမ်းဆွဲထားလိုက်၏။

တိုက်ခိုက်နေရင်း ဓားကိုဖမ်းဆွဲ ထားခြင်းမျိုးကို အဆင့်မြင့်သိုင်းပညာရှင်များသာပြုလုပ်နိုင်သည်။

ဆူတုန်ပိုသည် အတွင်းအားအပြည့်သုံးကာ ပြန်လည်ဆွဲယူသော်လည်း ဓားသည် ပြန်ပါမလာချေ။

သံဘီလူးခွပ်ရှန်၏ လက်မနှင့်လက်ညှိုးကြားတွင် ညပ်နေလေသည်။

ဆူတုန်ပိုသည် ဓားကိုပြန်ဆွဲခြင်းသာ တတ်နိုင်သည်။

ဘာမျှ မလုပ်နိုင်ချေ။



ထိုအခါ .... သံဘီလူးခွပ်ရှန်က ဓားကိုဆုတ်ခနဲချိုးဝင်လိုက်လေ၏။

"ဖြောင်း ....."

ဓားသည် အုံ့ဩဖွယ်ရာ အလယ်မှကျိုးသွားလေ၏။

ဓားကျိုးသွားသဖြင့် ဆူတုန်ပို ကြောင်နေတော့သည်။

ထိုခဏအတွင်းမှပင် ... သံဘီလူးခွပ်ရှန်သည် ဆူတုန်ပိုအား လက်ဝါးဖြင့် ရိုက်ချလိုက်လေတော့၏။

"ဗုန်း ....."

သံဘီလူးခွပ်ရှန်၏လက်ဝါးရိုက်ချက်ကို ဆူတုန်ပိုကလည်း အတွင်းအားထုတ်၍ ခုခံပေးလိုက်၏။

ထိုအခါ .... ခြေလှမ်းလေးငါးလှမ်းမျှ ဆူတုန်ပို ဆုတ်သွားရလေသည်။

သံဘီလူးခွပ်ရှန်ကတော့ နေရာတွင် မြဲမြဲစွာ ရပ်နေနိုင်လေ၏။ တပ်မှူးကြီး ဆူတုန်ပို ဒယီးဒယိုင် ဆုတ်ခွာသောအခါ တာလင်းသည် သံဘီလူးခွပ်ရှန်အား ဓားဖြင့်ဝင်ထိုးခုတ်လေတော့၏။

သံဘီလူးခွပ်ရှန်သည် တာလင်း၏ဓားချက်ကို အသာလေးရှောင်တိမ်းလိုက်၏။ တာလင်း၏ဓားချက်သည် နှစ်ချက်သုံးချက်ဆင့်ကာဝင်လာ၏။

ဒုတိယဓားချက်ကိုလည်း သံဘီလူးခွပ်ရှန်သည် လွယ်ကူစွာပင် ရှောင်တိမ်းနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သံဘီလူးခွပ်ရှန်သည် ကိုယ်ခွဲသိုင်းကွက်ဖြင့်တိုက်ခိုက်သော အခါ လူရိပ်နှစ်ရိပ် ဖြစ်နေသည်ဟု တာလင်းမြင်နေရသည်။

တာလင်းသည် ညာဘက်လူရိပ်ကို ဓားဖြင့်ထိုးချလိုက်၏။

ဓားသည် အချည်းအနှီးဖြစ်သွား၏။ ညာဘက်မှလူရိပ်သည် ယောင်ပြလူရိပ်ဖြစ်နေခြင်းကြောင့်တည်း။

ထိုစဉ် ဘယ်ဘက်မှလူရိပ်သည် လက်ဝါးတစ်ချက် ရိုက်ချလိုက်သည်။

"ဝုန်း ......"

တာလင်း မရှောင်နိုင်တော့ချေ။

လက်ဝါးရိုက်ချက်သည် သူ့ခန္ဓာကိုယ်အား ထိမိသွားပြီး မြေပေါ်သို့ လွင့်စဉ်သွားလေ၏။ တာလင်းသည် ပြန်ထရန် ကြိုးစားသော်လည်း မထနိုင်တော့ချေ။ နောက်ဆုံး သတိလစ်သွားလေ၏။

"အမတ်ကြီး ...... အမတ်ကြီး၊ ဟိုကလေးမလေး လက်ဝါးရိုက်ချက်ထိသွားပြီ၊ ခင်ဗျားရအောင်သယ်ပြီး ဒီနေရာက ထွက်ပြေးပါ၊ ကျုပ် သူတို့ကို တတ်နိုင်သမျှတားထားမယ်"

ထိုအခါကျမှ အမတ်ကြီးလင်ရှူသည် မြေပေါ်တွင်လဲကျနေသော တာလင်းကိုမြင်သွားသည်။

"လူကလေး ...... မင်း ကလေးမလေးကို ထမ်းပြီးပြေး၊ ဘာဘနဲ့ ဆူတုန်ပို သူတို့ကို တားထားမယ်၊ လူကလေးက အရင်လွတ်အောင်ပြေး"



အမတ်ကြီးလင်ရှူက မိန်စုပင်အား တိုးတိုးလှမ်းပြောလိုက်သည်။ အမတ်ကြီးလင်ရှူတွေးသည်။

ဆူတုန်ပိုတစ်ယောက်တည်း မခုခံနိုင်။

ထို့ကြောင့် သူပါရောပြီးခုခံရမည်။

ထို့နောက် တဖြည်းဖြည်းနောက်ဆုတ်ရမည်ဟုတွေး၏။

မိန်စုပင်ကလည်း သူတို့ဆက်တိုက်နေလျှင် သူတို့ပင်ရှုံးမည်ဟုတွေးသည်။ သံဘီလူးခွပ်ရှန်၏စွမ်းပကားက ကြီးမားလှသည် မဟုတ်ပါလော။

အမတ်ကြီးလင်ရှူပြောသည့် စကားကို မိန်စုပင်က လက်ခံလိုက်သည်။ ထို့ကြောင့် မိန်စုပင်သည် တာလင်းထံပြေးသွားပြီး ပခုံးပေါ်တင်လိုက်၏။

"လူလေး ...... ဘာဘတို့ ဖောက်ထွက်ရမယ်၊ ရှေ့ကတားတဲ့သူတွေကိုတော့ လူကလေးပဲ ရှင်းပစ်ပါ၊ ဘာဘတို့ နောက်ချန်ပြီး ခုတားကွယ်ထားမယ်၊ ပြီးမှ လိုက်ခဲ့မယ်"

မိန်စုပင်သည် တာလင်းကိုထမ်းလျက် ရှေ့မှတားဆီးထားသော ဝမ်ကျိုးဝေ၏ တပ်သားများကို တရမ်းကြမ်းတိုက်ခိုက်ဖောက်ထွက်သည်။

တပ်မှူးကြီး ရွှေဓားဆူတုန်ပိုနှင့် အမတ်ကြီး လင်ရှူတို့က သံဘီလူးခွပ်ရှန်နှင့် နယ်စားကြီးဝမ်ကျိုးဝေတို့ကို အပြင်းအထန်တားဆီးထားသဖြင့် မိန်စုပင်နောက်သို့ မလိုက်နိုင်ဘဲရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန့်စုပင်သည် နယ်စားကြီး၏အိမ်တော်နှင့် ဝေးရာသို့ပြေးသွားသည်။ အမတ်ကြီးလင်ရှုနှင့် တပ်မှူးကြီးဆူတုန်ပိုတို့ ခက်ခက်ခဲခဲထိန်းထားရသည်ကို သူသိသည်။

တပ်မှူးကြီး ဆူတုန်ပိုက ......

"အမတ်ကြီး ...... အမတ်ကြီး လိုက်သွားပါ၊ ကျုပ် သူတို့ကို တားဆီးထားမယ်၊ အမတ်ကြီးလိုက်သွား"

ဆူတုန်ပိုက အသံကုန် အော်ဟစ်လေသည်။

အမတ်ကြီးလင်ရှုသည် ပြင်းထန်သော ဓားချက်များ ရှောယမ်းပြီး မိန့်စုပင်နောက်သို့ ပြေးလိုက်သွား၏။ ထိုအခါ သံဘီလူးခွပ်ရှန်က အမတ်ကြီးနောက် ပြေးလိုက်မည်ပြုသည်။

ထိုအခါ တပ်မှူးကြီး ဆူတုန်ပိုက တားဆီးလိုက်၏။

"ဘယ်လိုက်မလို့လဲ၊ ကျုပ် တစ်ယောက်လုံး ရှိနေပါတယ်"

သံဘီလူးခွပ်ရှန် တန့်သွားသည်။

"မင်းက သေချင်လို့ ငါ့ကို တားတာလား"

"ဟား ...... ဟား ...... ဟား ...... ကျုပ်က အသေခံဖို့ စိတ်ပိုင်းဖြတ်ထားတာဗျ၊ ခင်ဗျားတို့နှစ်ယောက် ကျုပ်မသေသရွေ့ ဒီဝင်းထဲက ထွက်လို့မရဘူးမှတ်"

တပ်မှူးကြီးဆူတုန်ပိုသည် သူ့ကိုယ်သူ သေလူဟုသတ်မှတ်ထားသဖြင့် မီးကုန်ယမ်းကုန် သူသေကိုယ်သေတိုက်ကွက်ကို သုံး၍ တိုက်ခိုက်တော့၏။



ထိုအခါ ဝမ်ကျိုးဝေနှင့် သံဘီလူးခွပ်ရှန်တို့မှာ အခက်တွေ့နေတော့၏။ သေလူအဖြစ် အမှတ်ထားပြီးတိုက်ခိုက်နေသူကို သူတို့ လွယ်ကူစွာ မတိုက်နိုင်ချေ။

ထို့ကြောင့် ...... မိန့်စုပင်နှင့်အမတ်ကြီးလင်ရှုတို့ လွတ်မြောက်သွားလေ၏။

"အား ......"

တပ်မှူးကြီး ဆူတုန်ပို၏အော်သံနက်ကြီးသည် လွင့်ပျံလာသည်။ သူတို့သည် တပ်မှူးကြီးဆူတုန်ပိုကို ရှင်းပစ်လိုက်နိုင်သည်။

ထိုအခါတွင် မိန့်စုပင်နှင့်လင်ရှုတို့မှာ လွတ်မြောက်သွားချေပြီ။ တပ်မှူးကြီးဆူတုန်ပိုမှာ .... လူသုံးဦး၏အသက်ကို သူ့အသက်တစ်ချောင်းနှင့် လဲလှယ်ကယ်တင်ပြီး သူရဲကောင်းပီသစွာကျဆုံးသွားခဲ့ချေပြီ။

အမတ်ကြီးလင်ရှုနှင့် မိန့်စုပင်တို့မှာ မရပ်မနား ပြေးလွှားနေမိသည်။ ဆူတုန်ပို ကြာရှည်ခုခံထားနိုင်လျှင် ဝမ်ကျိုးဝေတို့ မလိုက်နိုင်။ ကြာရှည်မခုခံနိုင်လျှင် ဝမ်ကျိုးဝေတို့ လိုက်လာနိုင်သည်ကိုသိရှိသည်။

အမတ်ကြီးလင်ရှုက ......

"ရှေ့ဓားဆူတုန်ပိုဟာ သိုင်းပညာမနိမ့်ဘူး သူအသေခံပြီး တိုက်မယ်ဆိုရင် ဝမ်ကျိုးဝေတို့ကို အချိန်အတော်ကြာ ခုခံထားနိုင်မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာပြေးလာပြီးနောက် သူတို့သည် အရိပ်အာဝါသ ကောင်းသော သစ်ပင်ကြီးတစ်ပင်အောက်တွင် နားလိုက်လေသည်။

မိန်စုပင်က .....

"ဘဘ ..... ဝမ်ကျိုးဝေတို့ လိုက်လာမယ်မထင်ဘူးနော်"

"အဲဒီလိုအပြတ်ပြောလို့ မရဘူး၊ ဝမ်ကျိုးဝေဟာ သိပ်လည် တဲ့လူ၊ သူ့ကို လုံးဝလျှော့တွက်လို့မရဘူး"

"အင်း ..... မှန်တယ်၊ ဒီလူဟာဟန်ဆောင်သိပ်ကောင်း တယ်၊ ချိန်လီကျန်ရဲ့လက်ထဲမှာ သိုင်းကျမ်းရှိနေသယောင် သတင်း လွှင့်ထားတာကြည့်ပါလား၊ ချိန်လီကျန်ဟာ နာမည်ကြီးထမင်းဝေ ဖြစ်နေတော့ မခံနိုင်ဘူးပေါ့၊ သိုင်းကျမ်းကို တကယ်ခိုးယူထားတာ ချိန်လီကျန်မဟုတ်ဘူး၊ သူပါ"

မိန်စုပင်ကပြောပြလိုက်၏။

အမတ်ကြီးလင်ရှူကလည်း ခေါင်းညိတ်၏။

"ဟုတ်တယ်လူကလေး၊ ဒီလူဟန်ဆောင်ကောင်းတာတော့ အမှန်ပဲ၊ ပထမတုန်းက ချိန်လီကျန်အပေါ် အထင်လွဲခဲ့တယ်၊ သူ စိုးရိမ်လွန်ပြီး ချိန်လီကျန်ကိုသတ်ပစ်လိုက်တော့မှ သူ့အပေါ် ဘဘ သံသယရှိလာကြတာ"

"ဒါနဲ့ဘဘ၊ တာလင်းကိုကြည့်ပေးပါဦး"

မိန်စုပင်သည် သစ်ပင်ရင်းတွင် ခွေခွေလေးလဲကျနေသော တာလင်းကိုပြလိုက်၏။



အမတ်ကြီးလင်ရှူသည် တာလင်း၏လက်ကိုကိုင်၍ သွေးတိုး မတိုး စမ်းကြည့်လေ၏။

"အင်း ..... မိန်းကလေးက အသက်မသေသေးပါဘူး၊ ဒါပေ မယ့် အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန်ရသွားပုံရတယ်"

"ဟင် .... ဒါဆို သူ့ကိုဘယ်လိုကုရမလဲဟင်"

"သံဘီလူးခွပ်ရှန်က တကယ့်သိုင်းသမားဆိုတော့ ဒဏ်ရာ ကိုပြန်ကုသနိုင်ဖို့လဲ သံဘီလူးခွပ်ရှန်လောက်အဆင့်ရှိတဲ့လူမှဖြစ်လိမ့် မယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူရထားတဲ့ဒဏ်ရာဟာ အတွင်းအားနဲ့ ကုသရမှာမဟုတ်လား၊ ဒီတော့ အတွင်းအားပြည့်ဝတဲ့လူမှ သူ့ဒဏ်ရာ ပျောက်အောင်ကုသနိုင်မှာ"

မိန်စုပင်မှာ စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။

ထိပ်သီးသိုင်းပညာရှင်တစ်ယောက်ကို ရှာဖွေတွေ့ရှိရန်မှာ လောလောဆယ်၌ မလွယ်ပါ။

ထိုစဉ် မိန်စုပင်သည် တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက် မိလေသည်။

"ကျွန်တော်သတိရပြီ၊ သူ့အမေ ပန်းအားယန့်စီဝန်ရဲ့ဆရာ ဟာ ထိပ်သီးသိုင်းပညာရှင်ကြီးတစ်ယောက်ပဲ"

"ဟုတ်လား"

"ဟုတ်တယ်၊ ပန်းနတ်သမီးသိုင်းလို့ခေါ်တယ်၊ အဘွားကြီး ဖူးမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကြားဖူးပါတယ် ..... သိုင်းထိပ်သီးခြောက်ယောက်ထဲမှာပါတယ်မဟုတ်လား၊ အဲဒီလီပိုးဟာ သူ့အမေရဲ့ဆရာဟုတ်လား"

"ဟုတ်တယ်ဘဘ၊ သူ့တပည့်ရင်းရဲ့သမီးဆိုတော့ သေချာပေါက် ကူသပေးပါလိမ့်မယ်"

"ကူသပေးမှာပေါ့ကွာ"

"ကဲ ..... ဒါဖြင့် ကျွန်တော်တို့သွားကြရအောင်"

"ဘယ်ကိုသွားရမှာလဲ၊ ပန်းနတ်သမီးလီပိုးဆီကိုလား"

"ဘယ်ဖြစ်မလဲ ..... သူ့အမေ ပန်းဓားယန်စီပန်ဆီသွားရမှာပေါ့၊ သူ့အမေနဲ့ကျမှ ပန်းနတ်သမီးလီပိုးဆီသွားရမယ်"

"ဘယ်မှာနေတာလဲ"

"ဖူချောင်မြို့ပြင်ကသစ်တောကြီးထဲမှာ၊ တောက သိပ်နက်ပါတယ်"

"ကဲ ..... ဒါဖြင့်သွားကြစို့"

မိန်စုပင်သည် တာလင်းကိုထမ်းလိုက်လေ၏။

"ပေး ..... ပေး ..... ဘဘကိုတစ်လှည့်ပေး၊ ဘဘထမ်းဦးမယ်၊ မင်းထမ်းလာရတာ ခရီးကတော်တော်ရှည်တယ်၊ မင်း မောရောပေါ့"

"ဟာ ..... ရပါတယ်ဘဘ၊ ကျွန်တော်ပဲထမ်းပါ့မယ်၊ ရှေ့ခရီးက ဝေးစရာမှ မလိုတော့ဘဲ၊ ခပ်သွက်သွက်ကလေးလျှောက်ရင် ရနေပြီပဲဥစ္စာ၊ ဖူချောင်မြို့ကလဲ သိပ်မှမဝေးတော့တာ"



"အေး ..... လူကလေးရဲ့ သဘောပါပဲကွာ"

မိန်စုပင်သည် လမ်းလျှောက်ရင်း အမတ်ကြီးလင်ရှူအား ပန်းဓားယန်စီပန်နှင့် အန်ပေါင်ကျောက်တို့၏ ဇာတ်ကြောင်းကို ပြောပြသွား၏။

"ဩော် ..... ပန်းဓားယန်စီပန်က အန်ပေါင်ကျောက်ကို နာကြည်းမယ်ဆိုလဲ နာကြည်းလောက်စရာပဲ၊ အန်ပေါက်ကျောက်က ဘာသံယောဇဉ်မှ မရှိဘဲကိုး"

မိန်စုပင်က .....

"တော်တော်ဆိုးတဲ့လူပါ ဘဘရယ်၊ ဒါပေမယ့် အခုတော့ သူဝဋ်လည်နေပါပြီ၊ သူ့ရွှေနဂါးအာမခံအဖွဲ့လဲ ထပ်တလဲလဲ အတိုက်ခံနေရပါပြီ"

သူတို့သည် စကားတပြောပြောနှင့် ဖူချောင်မြို့ တောအုပ်ဆီသို့ လျှောက်လာကြလေတော့၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



## အခန်း

ဖူးချောင်မြို့ပြင်ရှိ တောအုပ်၌ ပန်းဓားယန်စီပန်သည် မျက်
ပျက်မျက်နှာပျက်ဖြစ်နေလေ၏။

မိန်စုပင်က အကြောင်းစုံရှင်းပြလိုက်သောအခါ သက်ပြင်
ချပြီး သမီးဖြစ်သူ၏အခြေအနေကို စမ်းသပ်ကြည့်ရှုလေသည်။

"သူ့ ဒဏ်ရာကသိပ်ပြင်းတယ်၊ အတွင်းအားကြည့်တဲ့
ကုသမှုရမယ်၊ ငါလဲမကုနိုင်ဘူး"

မိန်စုပင်က ......

"ဒေါ်ဒေါ် ...... ဒီက ဘဘက အဲဒီအကြောင်းကိုပြောပြီး
ပါပြီ .... ဒေါ်ဒေါ်ရဲ့ဆရာ ပန်းနတ်သမီးလီပိုးဆီကိုခေါ်သွားပါလ
ဒေါ်ဒေါ်ရယ်"

ပန်းဓားယန်စီပန်ကလည်း ထိုသို့ပင်စဉ်းစားပြီးလေပြီ။

"အေးလေ .... ငါ့ဆရာဆီပဲ ခေါ်သွားရတော့မှာပေါ့၊ သူ
ကုသပေးမှာသေချာပါတယ်၊ အဲ .... ပန်းကမ္ဘာတောင်မှာ သူရှိ



သေးတယ်ဆိုရင်ပေါ့လေ"

"သူရှိနေဦးမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"

"အဲဒီလိုပဲဆုတောင်းရတော့မှာပေါ့ကွယ်"

ပန်းဓားယန်စီပန်သည် သမီးဖြစ်သူ တာလင်းကိုငုံ့ကြည့်
လေ၏။ ထို့နောက် ဂရုဏာသက်စွာတီးတိုးပြောလေတော့သည်။

"သြော် .... သမီးလေး .... သမီးလေး၊ ကံကောင်းထောက်မ
ပြီး သမီးလေး အသက်ရှင်ဖို့ မေမေဆုတောင်းပါတယ်ကွယ်"

သူသည် မိန်စုပင်အား စိုက်ကြည့်လိုက်ပြီး .....

"ဒါနဲ့နေစမ်းပါဦး၊ သိုင်းပညာရှင်း အဆင့်ဒီလောက်ကွာခြား
နေတာကိုသိလျက်နဲ့ မင်းတို့က ဝမ်ကျိုးဝေရဲ့အိမ်တော်ထဲကိုဝင်ပြီး
ဘာဖြစ်လို့တိုက်ခိုက်ရတာလဲ"

မိန်စုပင်မှာ ခေါင်းငုံ့နေရသည်။ သူတို့သည် အမှန်တကယ်
မဆင်မခြင်ဝင်တိုက်မိခဲ့ကြသည်မဟုတ်ပါလော။

"ကျွန်တော်တို့ မဆင်မခြင်ဝင်တိုက်မိခဲ့ပါတယ်၊ ကျွန်တော့်
ကြောင့် တာလင်းဒဏ်ရာရသွားတဲ့အတွက် ကျွန်တော်စိတ်မကောင်း
ပါဘူး"

မိန်စုပင်မှာ တာလင်းအတွက် အမှန်ပင် စိတ်ထိခိုက်နေမိ
သည်။ ထိုအခါ အမတ်ကြီးလင်ရှုက ......

"လူငယ်ဆိုတာ တစ်ခါတစ်ရံဒီလိုပဲမှားတတ်ပါတယ်၊ ဝမ်
ကျိုးဝေတစ်ယောက်တည်းဆိုရင်ပြဿနာမရှိဘူး သူ့ဆရာသံဘီလူး

www.burmeseclassic.com

www.burmeseclassic.com



ခွပ်ရှန်ရှိနေလို့ အားလုံးအတွက်အခြေအနေဆိုးသွားတာပါ။ ကျူပ်လူ တပ်မှူးကြီးဆူတုန်ပိုဆိုရင် အသက်စွန့်ပြီးခုခံကာကွယ်ခဲ့တယ်၊ ခု ဆိုရင် သူသေလောက်နေပါပြီ"

ပန်းခားယန်စီပန်သည် စိတ်ကိုလျှော့လိုက်၏။ အမတ်ကြီး လင်ရှုက တာလင်းဒဏ်ရာရသည်မှာမှန်သည်။ သူကတော့ လူရင်း တစ်ယောက်ပင် ဆုံးသွားခဲ့ရပြီဟုပြောလိုခြင်းဖြစ်သည်။

ဤသည်ကို ပန်းခားယန်စီပန်ကလည်း နားလည်လိုက်ပါ သည်။

"ခုလိုကြားရတဲ့အတွက် ကျွန်မစိတ်မကောင်းပါဘူးရှင်၊ ဝမ် ကျိုးဝေကတော့ အင်မတန် ယုတ်မာတဲ့လူပါ.... သူ့ဆရာ သံဘီလူး ခွပ်ရှန်ကလဲ ရက်စက်တဲ့လူပါ။ တကယ်တော့ ကျွန်မသမီးလေးဟာ သူ့မြေးအရွယ်လောက်ပဲ ရှိပါသေးတယ်၊ နောက်ပြီး သိုင်းပညာအဆင့် ကလဲ ကွာခြားလှပါတယ်၊ အဲဒါကိုသိလျက်နဲ့ မညှာမတာတိုက်ခိုက် လိုက်တာကိုတော့ ကျွန်မ လုံးဝမကျေနပ်ပါဘူးရှင်"

ယန်စီပန်၏မျက်နှာသည် ထိုသို့ပြောဆိုနေစဉ်တွင် ဒေါသ အရောင်လွှမ်းနေသည်။ အမတ်ကြီးလင်ရှုက .....

"ဒီလူတွေ ရက်စက်ယုတ်မာတာတော့မှန်ပါတယ်၊ ဒါပေ မယ့် ဒီလူတွေကိုယှဉ်ပြိုင်တိုက်ခိုက်ဖို့ကျတော့ မလွယ်ပြန်ဘူး၊ သူတို့ ထိပ်သီးခြောက်ယောက်ထဲက လူတွေပြန်တိုက်မှပဲဖြစ်လိမ့်မယ်၊ ထိပ် သီးခြောက်ယောက်တိုက်ဖို့ဆိုတာကလဲ မလွယ်ဘူးလေ"



"အို ..... ဒီအတွက်တော့ မပူပါနဲ့ရှင်၊ ကျွန်မ သမီးလေးကို ကုသရင်းနဲ့ တစ်လက်စတည်း ကျွန်မဆရာကိုပါ ဒီကိုခေါ်လာခဲ့ပါ့ မယ်"

အမတ်ကြီးလင်ရှုသည် ဝမ်းသာအားရဖြစ်သွားလေသည်။

"ဟုတ်တယ်၊ နမကြီးအကြံသိပ်ကောင်းတာပဲ၊ ရာဇာသုံးပါး ထဲက တစ်ပါးအပါအဝင်ဖြစ်တဲ့ သံဘီလူးခွပ်ရှန်ကို ဒေဝီသုံးပါးထဲက တစ်ပါးအပါအဝင်ဖြစ်တဲ့ ပန်းနတ်သမီးလီပိုးမှပဲ ကောင်းကောင်းယှဉ် ပြိုင်နိုင်လိမ့်မယ်၊ ဒါထက် နမကြီး ..... ပန်းနတ်သမီးလီပိုးဆီသွားရင် ခပ်မြန်မြန်သွားမှသင့်မယ်၊ တော်ကြာ ကုသဖို့ အချိန်လွန်သွားရင် ...."

"စိတ်ချပါ၊ ကျွန်မတို့ ခုပဲသွားကြပါမယ်"

"ကဲ ..... ဒါဆိုရင် ကျုပ်ကိုလဲခွင့်ပြုပါဦး"

မိန်စုပင် အံ့သြသွားသည်။

"ဟင် .... ဘဘကဘယ်ကိုသွားမှာလဲ၊ ကျွန်တော်တို့နဲ့အတူ ပန်းနတ်မီးလီပိုးဆီမလိုက်ဘူးလား"

"ဘဘ လူလေးတို့နဲ့ အတူတူမလိုက်နိုင်ဘူးကွဲ့၊ ဘဘမှာ ဆောင်ရွက်စရာတွေရှိသေးတယ်"

"ဘာတွေဆောင်ရွက်ရမှာလဲ"

"ရှိတာပေ့ါလူလေးရယ်၊ ဝမ်ကျိုးဝေရဲ့ ထိမ်လည်မှုကိုဘုရင် ဧကရာဇ်သိအောင်လျှောက်ထားရမယ်၊ အခု ဝမ်ကျိုးဝေက ဘုရင် ဧကရာဇ်ကို အာခံမယ့်ဟန်ရှိနေတယ်၊ နေပြည်တော်က တပ်တွေနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကျိုးဝေကိုထိန်းသိမ်းရမယ်"

"ဒါဆို ဘဘနေပြည်တော်ရောက်အောင် ပြန်ရမှာပေါ့"

"ဒါပေါ့"

"နေပြည်တော်ပြန်ရင် မြင်းတစ်စီးရှာသွားဖို့တော့ လိုတယ်နော်"

"အေးပ၊ ကျိုန်းလီမြို့ရောက်ရင် မြင်းတစ်စီးရှာမှာပါ"

"သတိထားနော်၊ ရှန်စီးပြည်နယ်ထဲမှာ ဝမ်ကျိုးဝေရဲ့လူတွေ ရှုပ်နေတယ်"

"ဘဘသိတာပေါ့ကွယ်၊ သူတို့ဟာ ဘဘကို မြေလှန်ရှာကြမှာ၊ ဒါမှ ကေရာဇ်မသိမှာမဟုတ်လား၊ ဘဘ ရုပ်ဖျက်သွားမှာပါ၊ လူလေးတို့သာ သတိထားသွားပါ၊ ကဲ .... သွားပြီ"

အမတ်ကြီးလင်ရှုသည် ပန်းခါးယန်စီပန်ကိုလည်းနှုတ်ဆက်ကာ ထွက်ခွာသွားတော့သည်။

ပန်းခါးယန်စီပန်နှင့် မိန်စုပင်တို့လည်း ပန်းကမ္ဘာတောင်သို့ ခရီးထွက်ရန်ပြင်ဆင်ကြတော့သည်။

❁ ❁ ❁



မိန်စုပင်ကိုလိုက်လံရှာဖွေနေသော မိန်ဂူးချန်တို့သုံးဦးမှာလည်း ကျိုန်းလီမြို့သို့ရောက်ရှိနေကြသည်။

ကျိုန်းလီသည် ဖူချောင်၊ ဖန်ရှာနှင့်ဆက်နေသည်။

ဖန်ရှာမြို့ရောက်လျှင် နယ်စားကြီး၏အိမ်တော်သို့ရောက်ပြီဖြစ်၍ မိန်ဂူးချန်က ဝမ်ထိုင်စန်နှင့်မိန်ချန်ယူတို့ကိုပြန်လွှတ်ရန် အကြံဖြစ်ပေါ်မိသည်။

စားသောက်ဆိုင်တစ်ဆိုင်တွင် မိန်ဂူးချန်က သမီးဖြစ်သူ မိန်ချန်ယူကိုပြောလိုက်သည်။

"ကဲ .... သမီးတို့ ဒီကနေ ဖန်ရှာကိုသွားကြပေတော့"

"ဟင် .... ဖေဖေကကော"

"ဖေဖေက သမီးအစ်ကိုကိုတွေ့အောင်ရှာရဦးမယ်"

"ဖေဖေကလဲ .... သမီးတို့လဲ ဖေဖေနဲ့အတူတူ အစ်ကိုကို လိုက်ရှာမှာပေါ့"

"ဖေဖေပြောတာနားထောင်၊ တောင်ကျွန်းစုက ပြန်လာကတည်းက သမီးတို့ ခုချိန်ထိနားရသေးတာမဟုတ်ဘူး၊ ဒါကြောင့် ဖေဖေက သမီးတို့ကိုနားစေချင်တယ်၊ နောက်တစ်ခုက နယ်စားကြီး ဝမ်ကျိုးဝေကလဲ သူ့သားကိုမျှော်နေမှာပေါ့။ [illegible] ဘေးကင်းရန်ကင်းပြန်ရောက်ပါ့မလားနဲ့ စိတ်ပူနေမှာပေါ့"

မိန်ဂူးချန်၏စကားမှာ အကျိုးအကြောင်းဆီလျော်နေသဖြင့် မိန်ချန်ယူမှာ ဆင်ခြေမပေးနိုင်တော့ပေ။

www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ …. ဒါဆိုရင် သမီးပြန်နှင့်မယ်၊ ဒါပဲနော် ဖေဖေ မကြာခင်လိုက်လာရမယ်"

"စိတ်ချပါသမီးရယ် …. သမီး အစ်ကိုကိုတွေ့ပြီးတာနဲ့ သမီး ဆီလိုက်လာမယ်"

မိန့်ပူးချွန်သည် ဝမ်ထိုင်စန်ဘက်သို့လှည့်၍ ….

"ကဲ …. လူလေး၊ လူလေးက သမီးကိုခေါ်ပြီးပြန် ဟုတ်လား၊ မင်းဖေဖေကိုလဲ အကျိုးအကြောင်းရှင်းပြလိုက်၊ ကြားလား"

"စိတ်ချပါဦးကြီး၊ ဦးကြီးမှာလိုက်တဲ့အတိုင်း ကျွန်တော် ပြန် ပြောပြပါ့မယ်"

"ကဲ …. ဒါဆို သမီးတို့သွားကြပေတော့"

"သမီးတို့သွားမယ်ဖေဖေ"

"ကျွန်တော်တို့ကိုခွင့်ပြုပါနော်"

မိန်ချန်ယူနှင့်ဝမ်ထိုင်စန်တို့သည် မိန့်ပူးချွန်ကိုနှုတ်ဆက်ကာ ထွက်သွားကြလေတော့၏။

မိန့်ပူးချွန်သည် ၎င်းတို့ပျောက်ကွယ်သွားသည်အထိ ငေး မောကြည့်ရင်း နောက်ဆုံး ပျောက်ကွယ်သွားသောအခါမှ ကျောခိုင်း ထွက်လာလေတော့၏။

သမီးဖြစ်သူနှင့်လမ်းခွဲထွက်လာပြီးသောအခါ မိန့်ပူးချွန် သည် ထိုနေ့တစ်နေ့လုံး ကျိန်းလီမြို့တွင်သာလှည့်ပတ်ရှာဖွေနေခဲ့လေ သည်။



မိန်စုပင် ရောက်မရောက် တွေ့မတွေ့ကိုမေးမြန်းစုံစမ်း သော်လည်း မည်သူမျှမဖြေကြားနိုင်ပေ။

ဤသို့ဖြင့် ကျိန်းလီမြို့ တည်းခိုရိပ်သာတစ်ခုတွင် မိန့်ပူးချွန် အိပ်စက်ရလေတော့သည်။

နောက်တစ်နေ့ မနက်စောစောတွင် တည်းခိုရိပ်သာမှ မိန့် ပူးချွန်ထွက်လာခဲ့သည်။

ကျိန်းလီမြို့ လမ်းမကြီးအတိုင်း မိန့်ပူးချွန် လျှောက်လာမိ တော့၏။

ထိုစဉ် …. ခမောက်ကြီးကို ခပ်ငိုက်ငိုက်ဆောင်း၍ မြင်းစီး လာသောလူတစ်ယောက်ကို မိန့်ပူးချွန်သတိပြုမိတော့သည်။

ထိုလူသည် အဝတ်အစားများ ညစ်ထေးစွာဝတ်ဆင်ထား သဖြင့် တော်ရုံတန်ရုံလူက သူ့အား ဆေးဖော်ကြောဖက်ပြုလုပ်လိမ့် မည်မဟုတ်ချေ။

ထူးခြားမှုရှိနေသဖြင့် မိန့်ပူးချွန်သည် ထိုသူကို စိတ်ဝင်စား သွားမိသည်။

သူ့စိတ်ထဲတွင် သူ၏သားကြီးမိန်စုပင်များ ဖြစ်နေမလားဟု တွေးနေလေ၏။

မြင်းဖြူကြီးအနားကပ်လာသောအခါ မိန့်ပူးချွန်သည် ထို လူအားမော့ကြည့်လိုက်၏။

သူတွေ့ရသည်မှာ လူငယ်တစ်ယောက်မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ထက် အသက်အနည်းငယ်ကြီးသော လူကြီးတစ်ယောက်ဖြစ်နေကြောင်းတွေ့ရ၏။

ထို့ကြောင့် .... မိန်ဝူးချန်သည် စိတ်ပျက်လက်ပျက်ခေါင်းခါယမ်းလိုက်မိလေသည်။

သူသည် လမ်းဆက်လျှောက်သွားလေ၏။

"ဗျို့ ..... ဆရာကြီး ခဏနေပါဦး"

လှမ်းအော်ဟန့်တားလိုက်သည့်အသံကြောင့် မိန်ဝူးချန်သည် အံ့သြသွား၏။

ဘေးဘီကို လှမ်းကြည့်လိုက်သည်။

မည်သူမျှရှိမနေပေ။

သူ့ကိုခေါ်နေကြောင်း သေချာသွား၏။

မိန်ဝူးချန်က မြင်းပေါ်မှလူကိုမေးလိုက်၏။

"ကျုပ်ကိုခေါ်တာလား"

"ဟုတ်တယ်၊ ခင်ဗျားကိုခေါ်တာ၊ ဒါနဲ့ ခင်ဗျားဟာ သံမဏိတံခွန်အဖွဲ့ကမိန်ဝူးချန်မဟုတ်လား"

မိန်ဝူးချန် အံ့သြသွားသည်။

လူစိမ်းဟုထင်ထားသူက သူ့နာမည်ကိုသိနေသည် မဟုတ်ပါလော။

"ဟုတ်ပါတယ်ဗျာ၊ ကျုပ်မိန်ဝူးချန်ပါ၊ ဒါနဲ့ ခင်ဗျားကကော ဘယ်သူလဲ"



ထိုလူကြီးသည် ခမောက်ကြီးကိုချွတ်လိုက်၏။

"ကျုပ်ကို သေသေချာချာလေကြည့်စမ်းပါဦးဗျာ၊ ခင်ဗျား မမှတ်မိဘူးလား"

မိန်ဝူးချန် ခေါင်းခါလိုက်သည်။

"ဟင့်အင်း .... မမှတ်မိဘူး"

"ကျုပ် ငွေမုတ်ဆိတ်လင်ရှုလေ"

"ဟင် .... အမတ်ကြီးလင်ရှုလား"

မိန်ဝူးချန်သည် သေချာစွာကြည့်လေ၏။

ထိုအခါမှ အမတ်ကြီး၏ရုပ်သွင်ကို ပြန်ဖမ်းမိလေ၏။

"ဟာ .... မှတ်မိပြီ၊ အမတ်ကြီးက မုတ်ဆိတ်ရိတ်ထားတာကိုး၊ မုတ်ဆိတ်မွေး ပါးမြိုင်းမွေး အားလုံးပြောင်နေတော့ ရုတ်တရက် ဘယ်မှတ်မိတော့မလဲ"

အမတ်ကြီးလင်ရှုက .....

"ဒါတော့ မလွဲမရှောင်သာတဲ့အကြောင်းကိုစွတစ်ခုကြောင့်ပေါ့ဗျာ"

မိန်ဝူးချန် မျက်မှောင်ကုပ်သွားသည်။

"မလွဲမရှောင်သာတဲ့အကြောင်း .... အမတ်ကြီး [illegible] အဆန်းပါလား၊ အစတ်အစားတွေကလဲစုတ်ပြတ်လို့ [illegible] ဘယ်လိုဖြစ်လာတာလဲ၊ တပည့်တပန်းအခြွေအရံ [illegible] မြင်ကွင်းကတော့ တော်တော်ထူးဆန်း [illegible] တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတွေအားလုံးကို ခင်ဗျားနားလည်အောင် ကျုပ်ရှင်းပြပါမယ်၊ ဒါပေမယ့် ခုလိုလမ်းမကြီးမှာရပ်စကားပြောလို့ကတော့ သိပ်မကောင်းပါဘူး။ ဒီတော့ လူရှင်းတဲ့စားသောက်ဆိုင်တစ်ဆိုင်မှာ သွားစကားပြောရအောင်၊ ပြောမယ့်သာပြောတာ၊ ဒီအချိန်မှာ စားသောက်ဆိုင်တွေဖွင့်တောင်မှ ဖွင့်ပါဦးမလား မသိဘူး"

မိန့်ဝူးချန်က ....

"ကျုပ်လျှောက်လာရင်းနဲ့ ဟိုဘက်မှာ ဆိုင်တစ်ဆိုင်ဖွင့်နေတာကိုတွေ့ခဲ့ရတယ်၊ ခုအမတ်ကြီးက စကားပြောချင်တယ်ဆိုတော့ အဲဒီဆိုင်ကိုသွားကြတာပေါ့"

"ကဲ .... သွားကြတာပေါ့"

အမတ်ကြီးလင်ရှုသည် မြင်းပေါ်မှခုန်ဆင်းပြီး မြင်းဇက်ကြိုးကိုဆွဲကာ လမ်းလျှောက်တော့သည်။

တစ်ခဏအကြာတွင် .... သူတို့နှစ်ဦးသည် စားသောက်ဆိုင်လေးသို့ရောက်လာသည်။

မိန့်ဝူးချန်က စားစရာသောက်စရာများကိုလှမ်းမှာလိုက်၏။ များမကြာမီ စားစရာသောက်စရာများကို စားပွဲထိုးက လာချပေး၏။

စားသောက်ရင်း အမတ်ကြီးလင်ရှုက နယ်စားကြီးဝမ်ကျိုးဝေ၏ကောက်ကျစ်ယုတ်မာပုံများကိုပြောပြလေသည်။

"ကျုပ်က ချိန်လီကျန်ကိုသူသုတ်သင်လိုက်တော့ စိတ်ထဲမှာသံသယရှိသွားတယ်၊ ကျုပ်တို့က ချိန်လီကျန်နဲ့ မေးမြန်းစုံစမ်းရမှာ



မဟုတ်လား"

မိန့်ဝူးချန်မှာအံ့သြလွန်းသဖြင့် သူ့နားကိုသူ မယုံနိုင်အောင်ဖြစ်သွားရလေ၏။

"ခင်ဗျားစကားကြားရတာ ကျုပ်တောင် ကြက်သီးထမိပါတယ်ဗျာ"

"ကျုပ်ပြောတာ အမှန်တွေချည်းပဲ မိန့်ဝူးချန်၊ ကျုပ်မုသားမသုံးတတ်ပါဘူး"

"အေးဗျာ ..... အမတ်ကြီးပြောလို့သာယုံရတယ်၊ ကျုပ်ဖြင့်ယုံတောင်မယုံချင်ဘူး"

"သူယုတ်မာတာကိုတော့မပြောနဲ့တော့၊ ကျုပ်ရဲ့မိတ်ဆွေဆွတုန်ပိုလဲ ကျဆုံးသွားခဲ့ရရှာပြီ"

"ဟာ .... ဒုက္ခပဲ"

"ဘာဒုက္ခလဲ"

"ကျုပ်သမီးလေးကို သူ့သားနဲ့အတူအိမ်ကိုထည့်လိုက်မိပြီ"

မိန့်ဝူးချန်သည် သမီးအတွက်စိုးရိမ်ပူပန်စွာပြောလိုက်၏။

"ခင်ဗျားသမီးက မနေ့ကပဲဒီမြို့ကထွက်သွားပြီမဟုတ်လား။ ခုဆို သူ့အိမ်ကိုရောက်နေလောက်ပြီပေါ့။ ခုချိန်ကျမှ ခင်ဗျားလိုက်သွားလို့လဲအပိုပဲ၊ ခုလောက်ဆိုရင် ခင်ဗျားသမီးကို သူဖမ်းဆီးပြီးရော့"

အမတ်ကြီးလင်ရှုက တွေးတွေးဆဆဖြင့်ပြောလိုက်သည်။ ဖြစ်နိုင်သည့်စကားဖြစ်၍ မိန့်ဝူးချန် စိတ်ကိုလျှော့လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ဘာလုပ်ရကောင်းမလဲ၊ ကျုပ်ကိုအကြံလေးဘာ
ပေးပါဦးဗျာ"

ဦးနှောက်ခြောက်နေသည့်မိန်ဂူးချန်က အမတ်ကြီးလင်ရှ
အကြံဉာဏ်တောင်းလိုက်သည်။

အမတ်ကြီးလင်ရှသည် ခေတ္တမျှစဉ်းစားပြီး ......

"ခင်ဗျား ခုလောလောဆယ်မှာ ခင်ဗျားသားကြီးကို သိ
တွေ့ချင်နေတယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ သိပ်တွေ့ချင်နေပါတယ်"

"ဒါဆို ခင်ဗျားသားရှိတဲ့နေရာကိုလိုက်သွားပေါ့"

"ကျုပ်သားက ......"

"ပန်းကမ္ဘာတောင်မှာရှိလိမ့်မယ်၊ သူ့ချစ်သူကောင်မ
ဟာ သံဘီလူးခွပ်ရှန်ရဲ့လက်ချက်နဲ့ အပြင်းအထန်ဒဏ်ရာရသွားတ
သူ့ချစ်သူကို နတ်သမီးလိပိုးရဲ့အကူအသခံယူဖို့လိုလိမ့်မယ်၊ အဲဒီ
ကောင်မလေးနဲ့အတူတူရှိနေလိမ့်မယ်"

"ကောင်းပါပြီ .... ဒီလိုဆိုရင် ပန်းကမ္ဘာတောင်ထိပ်ကို ကျ
လိုက်သွားတော့မယ်၊ မတွေ့ရတာကြာပြီဆိုတော့ ကျုပ်သားကို ကျ
သိပ်တွေ့ချင်နေမိတယ်၊ ဘာပဲဖြစ်ဖြစ် ကျုပ်သားအသက်ရှင်လျ
ရှိနေသေးတယ်ဆိုတာသိရလို့ ကျုပ်စိတ်အေးသွားတာတော့ အမှန်
ကျုပ်သားနဲ့တွေ့ပြီးတော့မှပဲ ကျုပ်သမီးကို ပြန်ထုယ်တင်နိုင်ဖို့ ဆ
နွေးရတော့မယ်"



"ကောင်းတယ်၊ အဲဒီအစီအစဉ်ကောင်းတယ်၊ ကဲ .... ကျုပ်
တို့လဲ ဒီနေရာကလမ်းခွဲကြစို့"

"ဟုတ်ကဲ့ ကျုပ်လဲ ပန်းကမ္ဘာတောင်ကိုခရီးဆက်ရဦးမယ်"

"မြင်းတော့ လိုလိမ့်မယ်နော်"

"ဒီမြို့မှာပဲ မြင်းကိုဝယ်မှာပါ၊ ဒီမြို့မှာမြင်းပေါပါတယ်"

"ကဲ .... ကဲ ကျုပ်တို့လမ်းခွဲကြစို့၊ နေပြည်တော်ရောက်ဖို့က
ကျုပ်အတွက်အရေးကြီးတယ်"

အမတ်ကြီးလင်ရှုက နေပြည်တော်ဘက်သို့လည်းကောင်း၊
မိန်ဂူးချန်ကမြင်းဝယ်ရန်လည်းကောင်း လမ်းခွဲထွက်ခဲ့ကြလေတော့
သည်။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



အန်ပေါင်ကျောက်သည် .... ဟိုလျှောက်သည်လျှောက်နှင့် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်။

"အဲဒီမိန်းမက သူ့ကိုယ်သူ ပန်းဓားယန်စီပန်လို့ ပြောသွားတယ်ဟုတ်လား"

အန်ဟွာချူးကခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် .... အဲဒီမိန်းမကြီးက အဲဒီအတိုင်းပဲပြောသွားတယ်ဖေဖေ"

"မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ဘူး"

"ဘာမဖြစ်နိုင်တာလဲဖေဖေ"

"မဟုတ်ပါဘူးကွာ၊ မင်းမသိပါဘူး"

အန်ပေါင်ကျောက်သည် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်နေသည်။ သူသည် အတိတ်ကိုပြန်တွေးနေသည်။ သူချောက်ထဲတွန်းချခဲ့သည်။ သေပြီဟုထင်ခဲ့သည်။



ယခုသေပြီဟုထင်ထားခဲ့သူက နှစ်နှစ်ဆယ်ကျော်ကြာသော အခါ ပြန်ပေါ်လာသည်။

"အဲဒီမိန်းမရဲ့ရုပ်ရည်က ဘယ်လိုရှိသလဲ"

အန်ပေါင်ကျောက်က မေးလိုက်သည်။

"အဲဒီမိန်းမကြီးဟာ ဖေဖေ့အသက်လောက်ပဲ ရှိလိမ့်မယ်၊ သူ့မျက်နှာပေါ်မှာ ဒဏ်ရာဒဏ်ချက်တွေရှိတယ်၊ မျက်နှာကတော့ တော်တော်ရုပ်ပျက်နေတယ်၊ ဒဏ်ရာဒဏ်ချက်လွတ်တဲ့နေရာကတော့ တော်တော်ကလေးချောတာတွေ့ရတယ်"

အန်ပေါင်ကျောက်ယုံလိုက်ပါပြီ၊

ယန်စီပန်မှ ယန်စီပန်အစစ်ပင်။ ယခုဒဏ်ရာများမှာ သူချောက်ထဲတွန်းချစဉ်က ရရှိသွားသောဒဏ်ရာများဖြစ်ပေလိမ့်မည်။

"သူက ဖေဖေရဲ့ပထမမိန်းမလို့ပြောသွားတယ်၊ အဲဒါ အမှန်ပဲလာလားဖေဖေ"

"ဟုတ်တယ်သား၊ မင်းအမေနဲ့ အဖေမရခင်က သူနဲ့ [illegible] ဦးဆုံးရခဲ့ဖူးတယ်"

"ဒါဆို .... အဲဒီနေ့ကယှဉ်ပြိုင်တိုက်ခိုက်ခဲ့တဲ့ [illegible] မိန်းကလေးဟာ ဖေဖေရဲ့သမီးအရင်းပဲပေါ့"

"အင်း ... သားပြောတာဖြစ်နိုင်ပါတယ် [illegible] ယန်စီပန်၊ မင်းက တယ်ပြီးအသက်ပြင်းတာ[illegible]"

"အဲဒီအကြောင်းတွေ သားသိ[illegible]"

www.burmeseclassic.com

www.burmeseclassic.com



အန်ပေါင်ကျောက်က ဦးခေါင်းကိုခါယမ်းလိုက်သည်။

"ဒါတွေကို သားမသိချင်ပါနဲ့ကွာ၊ ဒါတွေသိလာလို့လဲ ဘာမှ အကြောင်းထူးလာမှာမဟုတ်ပါဘူး"

ဤအကြောင်းများကို ပြန်ပြောင်းပြောပြ၍ တကယ်လည်း အကြောင်းထူးလာမှာမဟုတ်ပါ။ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းရာ ကျ ပါလိမ့်မည်။ မိမိ၏စိတ်ထားကောက်ကျစ်ယုတ်မာပုံကိုသာ သားအား အသိပေးသလိုဖြစ်သွားလိမ့်မည်။

အန်ဟွာချုံးမှာ ထပ်မမေးရဲတော့ချေ။

အန်ဟွာချုံးက ....

"ဖေဖေတို့ အတိတ်ကဘာဖြစ်ခဲ့တယ်ဆိုတာ ကျွန်တော် မသိပါဘူး၊ ဒါပေမယ့် အဲဒီအမျိုးသမီးကြီးကို ကြည့်ရတာ ဖေဖေကို နာကြည်းနေပုံရတယ်၊ ပန်းဓားယန်စီပန်က တွေ့ချင်နေတယ်ဆိုတာ ပြောလိုက်ပါဆိုပြီး ကျွန်တော့်ကိုပြောလိုက်တဲ့မျက်လုံးတွေကို ဖေဖေ တွေ့စေချင်တယ်၊ အရောင်တလက်လက်ထွက်နေတယ်"

အန်ဟွာချုံးသည် စိတ်ထဲတွင်ရှိသည့်အတိုင်းပြောလိုက် ခြင်းဖြစ်သော်လည်း အန်ပေါင်ကျောက်အဖို့ အရိုးထဲကစိမ့်စရာဖြစ် နေလေသည်။

ပန်းဓားယန်စီပန်သည် လက်စားချေချင်နေပုံရသည်။

ကိုယ့်ကိုသတ်ပစ်ခဲ့သည့် လူတစ်ယောက်ကို မည်သို့သော လူမျိုးက ခွင့်လွှတ်ပါမည်နည်း။



"အင်း .... ဒါဆိုရင် သူဟာ မကြာခင်ရက်ပိုင်းအတွင်းမှာ ကိုတောင်ရောက်ချင်ရောက်လာနိုင်တယ်၊ ဒါနဲ့ သူတို့က မိန်စုပင် တစ်ဖွဲ့တည်းဖြစ်နေတယ်ပေါ့ ဟုတ်လား အန်ဟွာချုံး"

"ဟုတ်တယ်ဖေဖေ၊ ကျွန်တော်က မိန်စုပင်ကိုစိန်ခေါ်တော့ ျန်တော်နဲ့ဖအေတူမအေကွဲဆိုတဲ့တာလင်းက ကျွန်တော့်ကို အတင်း ိက်တော့တာပဲ၊ မိန်စုပင်ဟာ သူချစ်သူတဲ့၊ ဒါကြောင့် မိန်စုပင် ိုယ်စားတိုက်တာလို့ပြောတယ်"

"အဲဒီ တာလင်းဆိုတဲ့မိန်းကလေးက မင်းထက် သိုင်းပညာ တသလား"

"သာတယ်ဖေဖေ၊ သူ့ကို ကျွန်တော် ဘယ်လိုမှမယှဉ်နိုင်ဘူး၊ န်းဓားယန်စီပန်ဆိုတဲ့မိန်းမကြီးသာ ရောက်မလာရင် ကျွန်တော် ာ့ မလွယ်ဘူး"

အန်ဟွာချုံးသည် မွင့်မွင့်လင်းလင်းပင်ဝန်ခံလိုက်သည်။

အန်ပေါင်ကျောက်သည် ခေတ္တမျှ ငြိမ်၍စဉ်းစားနေလိုက်၏။

တအင်္ဂမျှကြာသောအခါ ....

"ဒီလိုဆိုရင် မိန်စုပင်က ပန်းဓားယန်စီပန်နဲ့ပူးပေါင်းသွားပြီ ို့ တွက်ရတော့မှာပေါ့"

"ဖေဖေပြောတာဖြစ်နိုင်ပါတယ်၊ ကျွန်တော်တို့ရွှေနဂါးအဖွဲ့ ကိုဒုက္ခပေးနေတဲ့ဝတ်စုံနက်ဆိုတာတွေဟာလဲ သူတို့ပဲဖြစ်လိမ့်မယ်လို့ ျွန်တော်ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး .... ဟုတ်တယ်၊ ငါ့သားပြောမှသတိရတယ်၊ ဒါဆို ဟိုတလောက ဖမ်းမိတော့မလိုဖြစ်ပြီးမှ .... တန်လင်ချူးဝင်ရှုပ်လို့ လွတ်သွားတဲ့မိန်းကလေးဟာလဲ သားနဲ့ယှဉ်ပြိုင်ခဲ့တဲ့တာလင်းဆိုတဲ့ ကလေးမပဲဖြစ်မယ်"

အန်ပေါင်ကျောက်သည့် သူ့စိတ်အထင်ကိုပြောလိုက်သည်။

အန်ဟွာချူးကလည်း ဘုမသိဘမသိဖြင့် ထောက်ခံလိုက်လေသည်။

"ဟုတ်နိုင်တယ်ဖေဖေ၊ ဒါဆို သူတို့ရဲ့သိုင်းပညာအဆင့်ဟာ မသေးဘူးလို့ ဆိုရမယ်၊ နောက်ပြီး မိန်စုပင်ရဲ့ညီမမိန်ချန်ယူဆိုတာလဲ ရှိသေးတယ်၊ သူတို့အားလုံးစုပေါင်းတိုက်ခိုက်လာရင် ကျွန်တော်တို့ ခုခံဖို့မလွယ်ဘူး"

အန်ပေါင်ကျောက်မှ သူ့အန္တရာယ်အတွက်လည်း ကျော့စိမ့်နေသည်ဖြစ်ရာ အန်ဟွာချူး၏စကားမှာ သူ့အား အမြဲချောက်လှန့်သလိုဖြစ်သွားလေသည်။

ပန်းနတ်သမီးလီပိုး ....

ယန်စီယန်နှင့် အန်ပေါင်ကျောက်တို့၏ဆရာဖြစ်လေသည်။

ဤဆရာမ ပါလာမည်ကို အန်ပေါင်ကျောက် ကြောက်ရွံ့နေခြင်းဖြစ်သည်။

"ငါတစ်ခုတွေးမိပြီ"

"ဘာတွေးမိတာလဲဖေဖေ"



"နယ်စားကြီးဝမ်ကျိုးဝေကိုတိုက်ခိုက်နေတဲ့လူစုဟာ သူတို့လူစုပဲဖြစ်လိမ့်မယ်"

"အဲဒါ ဘာဖြစ်သလဲဖေဖေ"

"သားကလဲညံ့လိုက်တာ၊ ဝတ်စုံနက်တွေဟာ နယ်စားကြီးရဲ့လူတွေကိုတိုက်ခိုက်နေတဲ့လူတွေပါလို့ပြောပြီး နယ်စားကြီးနဲ့ သွားပေါင်းလိုက်ရင် သူတို့ရန်ကို ကောင်းကောင်းကြီးခုခံကာကွယ်နိုင်ပြီပေါ့"

"ဟုတ်တယ် ဖေဖေ့အကြံကောင်းတယ်"

သားဖြစ်သူက ဝမ်းသာအားရထောက်ခံလာသည်။

ထိုအခါကျမှ သူ၏ပူပန်လှုပ်ရှားနေသောစိတ်အစဉ်သည် အနည်းငယ်ငြိမ်သက်သွားလေတော့သည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



မကောင်းမှုဒဏ်

နယ်စားကြီးဝမ်ကျိုးဝေနှင့် သူ့ဆရာသံဘီလူးခွပ်ရှန်တို့သည် ထိုင်၍ဆွေးနွေးနေကြသည်။

"မင်းပြောတုန်းက မိန့်ဝူးချန်သေပြီဆို၊ ခုတော့ ဘယ်လိုက နေဘယ်လို ပြန်ပေါ်လာရတာလဲ"

သံဘီလူးခွပ်ရှန်ကမေးလိုက်သည်။

ဝမ်ကျိုးဝေစိတ်အိုက်နေသည်။

"ကျုပ်လဲ အဲဒီအတွက်ပဲစိတ်အိုက်နေမိတာပေါ့၊ သူ့သမီး ပြောပုံဆိုပုံအရတော့ မိန့်ဝူးချန်ဟာ ဒီသိုင်းကျမ်းကိစ္စကိုဖော်ထုတ်ချင်လို့ သေပြီဆိုပြီး ဇာတ်မြှုပ်ရှောင်ပုန်းနေတာတဲ့"

"ဒါဖြင့် သူက သိုင်းကျမ်းကိစ္စကို ဘယ်သူလက်သည်အစစ်ဖြစ်တယ်ဆိုတာသိသွားပြီလား"

"ဒါကိုသိပုံမရသေးဘူး၊ ဒါကြောင့် သူ့သမီးကို ကျုပ်အိမ်မှာနေဖို့ ကျုပ်သားနဲ့စိတ်ချလက်ချထည့်ပေးလိုက်တာပဲ၊ ဒါပေမယ့်



မိန့်ဝူးချန်ဟာ သူ့သားကိုတွေ့အောင်လိုက်ရှာဦးမယ်ဆိုတော့ သူ့သားနဲ့တွေ့ခဲ့ရင် ကျုပ်တို့အကြောင်းအားလုံးသိသွားမှာသေချာတယ်"

"ဒါဆို မိန့်ဝူးချန် ဒီကိုလိုက်လာမှာပေါ့၊ ဒီမှာတိုက်ခိုက်လိမ့်မယ်လို့ မင်းထင်တယ်ပေါ့"

နယ်စားကြီးဝမ်ကျိုးဝေသည် ခေါင်းညိတ်လိုက်သည်။

"ကျုပ်ကတော့ မကြာခင် သူတို့အားလုံး ဒီကိုရောက်လာလိမ့်မယ်လို့ တစ်ထစ်ချယုံကြည်နေတယ်"

"လိုက်လာတော့လဲ ဘာအရေးလဲကွာ .... မင်းအနားမှာ ငါတစ်ယောက်လုံးရှိနေတာပဲ၊ ဒီကောင်တွေကို တစ်ခါတည်း မပြန်လမ်းပို့လိုက်မယ်"

သံဘီလူးခွပ်ရှန်က အလေးမထားဂရုမစိုက်ဘဲ ပြောလိုက်လေသည်။ ဝမ်ကျိုးဝေကမူ သံဘီလူးခွပ်ရှန်ကဲ့သို့ ခပ်ပေါ့ပေါ့ သဘောမထားရဲချေ။

ရန်သူကိုလျှော့တွက်လို့မရနိုင်ကြောင်း ဝမ်ကျိုးဝေသဘောပေါက်နားလည်ပြီးလေပြီ။

"ရန်သူကိုအထင်မကြီးသင့်ပါဘူး၊ ဒါပေမယ့် အထင်သေးပြီးလျှော့တွက်လို့လဲမရဘူး၊ ဒါကို ဆရာကြီးခွပ်ရှန်သတိထားဦး"

တပည့်လုပ်သူက ပြန်လည်သတိပေးနေခြင်းဖြစ်၍ သံဘီလူးခွပ်ရှန် မျက်နှာထားတင်းမာသွားလေသည်။

"ဘယ်လိုလဲ —— မင်းက မိန့်ဝူးချန်တို့လူကို ရင်မဆိုင်ရခင်

www.burmeseclassic.com



ကတည်းက တွေးပြီးကြောက်နေတာလား"

သံဘီလူးခွပ်ရှန်၏အသံက တင်းမာခက်ထန်နေသည်။

"မဟုတ်ပါဘူးဆရာကြီး၊ သတင်းအရသူတို့လူစုဟာ တော်တော်အားကောင်းနေပြီလို့သိရတယ်၊ ပန်းကမ္ဘာတောင်မှာ သူတို့လူစုစုစည်းမိနေပြီတဲ့၊ သူတို့လူစုဟာ ဒီကိုပေါက်ချလာမှာပဲ၊ ဒါကြောင့် ကျုပ်ဂရုစိုက်နေတာပါ"

"အဲဒီလူစုထဲမှာ ဘယ်သူများပါမှာမို့လို့လဲ"

"ဆရာကြီးတိုက်ခိုက်မှုကြောင့် ဒဏ်ရာရသွားတဲ့ ကောင်မလေးရယ်၊ သူ့အမေပန်းဓားယန်စီပန်ရယ်၊ ယန်စီပန်ရဲ့ဆရာမပန်းနုတ်သမီးလီပိုးရယ်၊ သူတို့ကတင် သုံးယောက်ဖြစ်နေပြီ"

"နောက်ပြီးတော့ကော"

"နောက်ပြီးတော့ မိန်ဝူးချန်ရယ်။ သူ့သားမိန်စုပင်ရယ်၊ သူတို့ရဲ့မိတ်ဆွေမိုးကြိုးလက်တန်ချူးဆိုတာရယ်၊ သူတို့ကသုံးယောက်"

"ဩော် .... တန်ချူးပါ အဲဒီအဖွဲ့ထဲရောက်နေတာကိုး"

"ဟုတ်တယ်ဆရာကြီး၊ ဒါကြောင့်မို့ သူတို့ကိုလျှော့တွက်လို့မရဘူးလို့ ကျုပ်ကပြောတာပါ၊ ခုဆိုရင် သူတို့အဖွဲ့ထဲမှာ ရာဇာသုံးပါးထဲကတစ်ယောက်၊ ဒေဝီသုံးပါးထဲက တစ်ယောက်ပါနေပြီ၊ နောက်ပြီး ပန်းဓားယန်စီပန်ကလဲ သိုင်းပညာ အတော့်အဆင့်မြင့်နေတယ်လို့ သိရတယ်၊ မိန်ဝူးချန်ဆိုရင်လဲ အလျှင်တုန်းကလို သိုင်းပညာအဆင့်မဟုတ်တော့ဘူးတဲ့၊ သူ့ရဲ့ဆရာသူရဲတစ်ထောင်အိုချူးက ထပ်သင်



ပေးထားလို့ ထိပ်တန်းသိုင်းပညာရှင်တစ်ယောက်ဖြစ်နေပြီလို့ ကျုပ်သားက ကျုပ်ကိုပြောပြထားပါတယ်"

"ဒါပေမယ့် ငါတို့ဘက်မှာ ရွှေနဂါးအာမခံအဖွဲ့က အန်ပေါင်ကျောက်ရှိနေတယ်မဟုတ်လား"

"အန်ပေါင်ကျောက်ကအလကားပါ၊ မိန်ဝူးချန်တို့နဲ့ယှဉ်လိုက်ရင်ဖွဲ့ပါ၊ ဘာမှသုံးလို့မရပါဘူး၊ ဒါတောင် ချိန်လီကျန်ရဲ့သမီးနဲ့ ချိန်လီကျန်ရဲ့ဆရာမ လိပ်ပြာနှုတ်ခေဝီဆုတီကိုထည့်တွက်မထားသေးဘူး၊ သူတို့လဲ ရောက်ချင်ရောက်လာလိမ့်မယ်၊ သူတို့သာရောက်လာရင်တော့ ကျုပ်တို့အခက်ပဲ"

ဝမ်ကျိုးဝေက သူဂရုစိုက်ရခြင်းမကြောင်းကို ရှင်းလင်းပြလိုက်သည်။ ထိုအခါ သံဘီလူးခွပ်ရှန်သည် ဘာမျှမပြောတော့ချေ။

"အေးလေ မင်းစိတ်ထဲမှာ ရန်သူအင်အားသိပ်များနေပြီ လို့ထင်ရင် ငါ့မိတ်ဆွေတစ်ယောက်ကို ငါလှမ်းခေါ်ထားလိုက်ပါ့မယ်"

"ဆရာကြီးရဲ့ မိတ်ဆွေက ဘယ်သူများလဲ"

"ဒေဝီသုံးပါးထဲက တစ်ပါးအပါအဝင်ဖြစ်တဲ့ ဒေဝီဖူပန်လေ"

"ဟာ .... ဒီလိုဆိုရင်တော့ သိပ်ကောင်းတာပေါ့၊ ကျုပ်တို့အတွက် တစ်အားပဲပေါ့၊ ဒါနဲ့ ဆရာကြီးကခေါ်လိုက်ရင် ရဲ့ဒေဝီဖူပန်က အလွယ်တကူလိုက်လာမှာလား"

"ဒါတော့စိတ်ချပါကွာ ရဲ့ဒေဝီဖူပန်ဟာ ငါ့ရဲ့ခင်မင်ရင်းနှီးဆုံး မိတ်ဆွေပါ၊ ငါသွားခေါ်ရင် သူငြင်းမှာမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်ကျိုးဝေ ဝမ်းသာနေသည်။

"ငရဲဒေဝီဖူ့ပြန်ပါလာရင်တော့ အကောင်းဆုံးပေါ့ ဆရာကြီးရာ"

"နောက်ပြီး .... ငါတို့အတွက် နိုင်ကွက်တစ်ကွက်လဲရှိပါသေးတယ်ကွ၊ မင်း ဒါကိုမစဉ်းစားမိဘူးလား"

သံဘီလူးခွပ်ရှန်၏အပြောကို နယ်စားကြီးသည် ချက်ချင်းသဘောပေါက်လိုက်သည်။

"ဘာလဲဆရာကြီး၊ မိန်ချုန်ယူကိုပြောတာမဟုတ်လား"

သံဘီလူးခွပ်ရှန်သည် ဟက်ဟက်ပက်ပက်ရယ်မောလေတော့သည်။

"မင်းဟာ တော်တော်ပါးနပ်တာပဲ၊ ဟုတ်တယ် မင်းအိမ်မှာရောက်နေတဲ့မိန်ဂူချုန်ဟာ ငါတို့အတွက် နိုင်ကွက်ပေါ့၊ သူ့ကိုဓားစာခံလုပ်ထားရင် ဒီလူတွေထင်တိုင်းကြံ့ရဲပါ့မလား"

နယ်စားကြီးဝမ်ကျိုးဝေက ....

"ဟုတ်တယ်ဆရာကြီးပြောတာမှန်ပါတယ်၊ မိန်ဂူးချုန်က သူ့သမီးကို သိပ်ချစ်တာဆိုတော့ သူ့သမီးကိုဓားစာခံလုပ်ထားရင် သူရှေ့တိုးရဲမှာမဟုတ်ဘူး"

"ဒါပေါ့ကွ၊ ဒါနဲ့ မိန်ဂူချုန်ဘယ်နေရာနေသလဲ၊ သူ့ကိုဂရုစိုက်ပြီးစောင့်ကြည့်နေ၊ တော်ကြာ ငါတို့အကြံအစည်တွေကိုရိပ်မိပြီး ထွက်ပြေးသွားရင် ပြန်လိုက်ဖမ်းဖို့ကလွယ်မှာမဟုတ်ဘူး"



"သူထွက်ပြေးမှာမဟုတ်ပါဘူးဆရာကြီး၊ သူက ကျုပ်တို့ကို ကယ်တင်ရှင်ကြီးတွေလို့ထင်နေတာ၊ အခုလဲ ကျုပ်သား ဝမ်ထိုင်စန်နဲ့ ဈေးထဲကိုသွားနေပါတယ်၊ မကြာခင်ပြန်လာပါလိမ့်မယ်"

သံဘီလူးခွပ်ရှန်ကျေနပ်သွားသည်။

သို့သော် သူ့မျက်နှာသည် ချက်ချင်းတည်သွားသည်။

"ဒါနဲ့ ဝမ်ထိုင်စန်နဲ့ ဒီကလေးမလေးက ဘယ်လိုအခြေအနေမျိုးရှိသလဲ၊ ချစ်သူတွေများဖြစ်နေသလား၊ အဲဒါကိုသိချင်တယ်"

"ချစ်သူတွေတော့မဖြစ်သေးပါဘူး၊ ငယ်ငယ်ကတည်းက အတူနေလာခဲ့တဲ့လူတွေဆိုတော့ သံယောဇဉ်တော့ရှိမှာပေါ့"

"ဒါဆို ဒီကိစ္စကို မင်း သားသိသွားလို့လုံးဝမဖြစ်ဘူး၊ တော်ကြာ ကောင်မလေးကို ပြန်ပြောပြလိုက်ရင် .... ငါတို့အစီအစဉ်တွေ အားလုံးပျက်သွားနိုင်တယ်"

"စိတ်ချပါဆရာကြီး၊ကျုပ်သားကို လုံးဝအသိမပေးပါဘူး"

"အဲဒီလိုအသိမပေးဘဲလုပ်တာတောင်မှ ကောင်မလေးကို ဓားစာခံလုပ်တဲ့အခါမှာ မင်းရဲ့သားကဝင်ရှုပ်ချင်ရှုပ်လာနိုင်တယ်"

"ကျုပ်သားက ဒီလောက်တော့မိုက်မဲလိမ့်မယ်လို့မထင်ပါဘူးဗျာ"

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com



နောက်သုံးရက်ကြာသောအခါ .... နယ်စားကြီးဝမ်ကျိုးဝေ မျှော်လင့်ထားသည့်အတိုင်း နံနက်ခင်းအချိန်၌ မိန်ဂူးချန်တို့လူစု အမှန်တကယ်ပင် ရောက်ရှိလာလေသည်။

ခြံပေါက်ဝတွင်စောင့်နေသော အစောင့်လေးယောက်က လာရောက်အကြောင်းကြားသဖြင့် ဝမ်းကျိုးဝေက တံခါးဖွင့်ပေးရန် အမိန့်ပေးလိုက်သည်။

ဝမ်ကျိုးဝေတို့လူစုလည်း ချက်ချင်းခြံထဲသို့ဆင်းလာသည်။

ထိုအခါ ခြံထဲသို့ဝင်လာသော မိန်ဂူးချန်တို့လူစုနှင့်မျက်နှာချင်းဆိုင်တွေ့ဆုံသည်။

မိန်ဂူးချန်တို့လူစုနှင့် စုစုပေါင်းခြောက်ယောက်ပါသည်။

မိန်ဂူးချန်၊ မိန်စုပင်၊ ပန်းဓားယန်စီပန်၊ တာလင်း၊ ပန်းနတ်သမီးလီပိုးနှင့် မိုးကြိုးလက်တန်ချူးတို့ဖြစ်ကြသည်။

မူလကပင် အကြံရှိထားသောဝမ်ကျိုးဝေသည် မိန်ချန်ယူ၏လက်ကို ကိုင်ထားသည်။

ဝမ်ထိုင်စန်မှာ သူ့ဘေးတွင်ရှိနေသော လည်း အုပ်စုနှစ်စုကိုကြည့်ပြီး သဘောမပေါက်ချေ။

သူ့အဖေနှင့်အစ်ကိုကို မြင်လိုက်ရသည့်တစ်ခဏတွင် ဝမ်ကျိုးဝေ၏လက်မှရုန်းထွက်ကာ အဖေနှင့်အစ်ကိုထံသို့ ပြေးသွားရန် ကြိုးစားသည်။

သူ၏ ကြိုးစားမှုမှာ အချည်းအနှီးသာတည်း။



နယ်စားကြီး ဝမ်ကျိုးဝေက ပြတ်ကူတဲ့သို့ သန်မာသော လက်များဖြင့် ဖမ်းချုပ် ထားရာ သူမမှာ ရုန်းထွက်၍ မရတော့ချေ။

"ဦးကြီး သမီးကိုလွှတ်ပေးပါ"

မိန်ချန်ယူက တောင်းပန်၏။ နယ်စားကြီးဝမ်ကျိုးဝေက မကြားယောက်ပြုကာ ဆက်ချုပ်မြဲချုပ်ထား၏။

ဝမ်ထိုင်စန်မနေသာတော့ပေ။

"ဖေဖေ .... မိန်ချန်ယူဟာ သူ့အဖေနဲ့ သူ့အစ်ကိုကို တွေ့ချင်နေတာပါ။ ဟိုမှာ သူ့အဖေနဲ့ သူ့အစ်ကိုလာနေပါပြီ၊ သူ့ကို လွှတ်ပေးလိုက်ပါတော့"

ဝမ်ကျိုးဝေက သားဖြစ်သူဝမ်ထိုင်စန်အား ငေါက်လိုက်၏။

"ဟေ့ကောင် မင်းပါးစပ်ပိတ်ထားစမ်း"

ဝမ်ထိုင်စန်မှာ ကြက်သေသေသွားသည်။ သူ့ဖခင်သည် သူ့အား ဤသို့ တစ်ကြိမ်မျှ အအော်ငေါက်ခဲ့ဖူးပေ။

သူ့မျက်နှာ သွေးဆုတ်ဖြူရော်နေစဉ် မိန်ဂူးချန်က ဒေါသတကြီးအော်ဟစ်လိုက်သည်။

"ဟေ့လူ ဝမ်ကျိုးဝေ၊ ကျုပ်သမီးကို လွှတ်ပေးစမ်း"

"ဒီလိုပြောရုံနဲ့ ကျုပ်က လွှတ်ပေးရမှာလား၊ ဟား .... ဟား ဟား၊ ခင်ဗျားရဲ့ သမီးအသက် ကျုပ်လက်ထဲမှာရှိတယ်ဆိုတာ သိထားစမ်းပါ၊ ဟောဒီမှာကြည့် ...."

ဝမ်ကျိုးဝေသည် မိန်ချန်ယူ၏အကြောတစ်ခုကို ထောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရာ မိန်ချန်ယူက နာကျင်စွာအော်ဟစ်လိုက်သည်။

မိန်ဝူချန်မှာ မျက်နှာသွေးဆုတ်သွားသည်။

သမီးဖြစ်သူ ဒုက္ခနေပြီမဟုတ်ပါလား။

"ဟေ့လူ .... လူယုတ်မာ ၊ ခင်ဗျားမယုတ်မာနဲ့"

ဝမ်ကျိုးဝေသည် ဓားမြှောင်ကိုထုတ်လိုက်ပြီး မိန်ချန်ယူ၏ လည်တိုင်လေးကိုထောက်ပြလိုက်သည်။

"ဒါကလူပြိန်းသတ်နည်း၊ ခင်ဗျားရှေ့တိုးမလာနဲ့ တွေ့လား လူပြိန်းသတ်နည်းနဲ့သတ်လိုက်ရင် ခင်ဗျားသမီး သေသွားမယ်"

ရှေ့သို့တိုးနေသောမိန်ဝူချန်မှာ ရပ်တန့်သွားလေသည်။

မိန်စုပင်မှာ ညီမဖြစ်သူ ဒုက္ခရောက်နေသည်ကိုမြင်ရသော်လည်း ဘာလုပ်၍ဘာကိုင်ရမှန်းမသိဖြစ်နေသည်။

ဝမ်ကျိုးဝေ၏ဘေးတွင် ရပ်နေသူများမှာ သံဘီလူးခွပ်ရှ ငရဲဒေဝီဖူပန်၊ အန်ပေါင်ကျောက်နှင့်အန်ဟွာချူးတို့ပင်ဖြစ်ကြ၏။

ထိုသူအားလုံးသည် ဝမ်းကျိုးဝေ၏လုပ်ရပ်ကိုကြည့်ပြီး ပြ နေကြသည်။

ထိုသူများကဲ့သို့ မပြုံးနိုင်သောသူတစ်ယောက်ရှိသည်။

ထိုသူမှာ ဝမ်ဆိုင်စန်ပင်ဖြစ်သည်။

သူသည် ငယ်စဉ်ကာလမှစ၍ မိန်ချန်ယူကို ခင်မင်ခဲ့သည်

ထို့ကြောင့် မိန်ချန်ယူဒုက္ခရောက်နေသောအခါ သူ့ရင် မှာလောင်လှတော့သည်။



ဖခင်ဖြစ်သူအား တောင်းပန်၍ရတော့မည်မဟုတ်ဟု ဝမ်ဆိုင်စန်သိသည်။

ထို့ကြောင့် မိန်ချန်ယူလွတ်မြောက်စေရန် အကြံကို ကြံတ်ကြံနေမိတော့သည်။

"ဟေ့လူဝမ်ကျိုးဝေ၊ ကျုပ်သမီးကိုလွှတ်ပါ၊ ဘာဖြစ်လို့ မင်းဓားစာခံလုပ်ထားရတာလဲ"

မိန်ဝူချန်ကလှမ်းမေးလိုက်သည်။

ဝမ်ကျိုးဝေက လှောင်ပြုံးပြုံးလိုက်သည်။

"ကျုပ်လိုချင်တာက ခင်ဗျားတို့ခြောက်ယောက်စလုံးရဲ့အသက်တွေပဲ"

မိန်ဝူချန်က တက်ခေါက်လိုက်သည်။

လူယုတ်မာဝမ်ကျိုးဝေ၏အသက်ကို တစ်စစီဖြစ်အောင် ချေဖျက်ချင်သော်လည်း သမီးဖြစ်သူ၏အသက်က သူ့လက်ထဲတွင်ရှိနေသဖြင့် မိန်ဝူချန်မှာမလှုပ်ရှားရဲချေ။

ထိုအချိန်မှာပင် ခြံထဲသို့ နောက်ထပ်လူနှစ်ယောက်ပြေးဝင်လာကြသည်။

လိပ်ပြာနှုတ်ခေဝီဆုတီနှင့် ချိန်ယင်ခုန်တို့ပေတည်း။

ဝမ်ကျိုးဝေက ....

"ဟား .... ဟား ..... ဟား ကျုပ်ကိုတိုက်ခိုက်ချင်နေတဲ့ လူတွေတောင် ပိုများလာပါလား"

www.burmeseclassic.com

www.burmeseclassic.com



နောက်မှရောက်လာသည့်လိပ်ပြာနှုတ်ဆိတ်က ....

"ဟုတ်တယ် .... ငါ့တပည့်ကိုသတ်ခဲ့တဲ့အတွက် မင်းကို လက်စားချေရမယ်၊ သိုင်းကျမ်းကို ကိုယ့်ဘာသာကိုယ် ခိုးယူထားပြီး ဟိုလူယူသလိုလို၊ ဒီလူယူသလိုလိုနဲ့ လျှောက်လုပ်နေတာဟာ တကယ် အောက်တန်းကျတယ်၊ မင်းအစားငါရှက်လှသကွာ"

လိပ်ပြာနှုတ်ဒေဝီဆိတ်၏ စကားကိုကြားရသောအခါ ....

ဝမ်ထိုင်စန် အံ့သြသွားလေသည်။

သူ့အဖေကို သိုင်းကျမ်းခိုးယူသူဟု စွပ်စွဲပြောဆိုနေသည် မဟုတ်ပါလော။

သူ့အဖေဖြင်းမည်ကို သူမျှော်လင့်နေမိသည်။

သို့သော် သူ့အဖေက မငြင်းချေ။

တဟားဟားအော်ဟစ်ပြောဆိုလိုက်သည့်စကားကြောင့် ဝမ်ထိုင်စန်မှာ ရုတ်တရက် မြေမျိုသလိုခံလိုက်ရသလို ခံစားလိုက်ရ လေသည်။

"ဟုတ်တယ် သိုင်းကျမ်းကို ခိုးခဲ့တယ်၊ အဲဒါဘာဖြစ်သလဲ"

ဝမ်ထိုင်စန်အကြီးအကျယ်ရှက်သွားမိသည်။

အလို ငါ့အဖေဟာ မတော်မတရားတဲ့အမှုကိုပြုသူ ဖြစ်နေ ပါကလား ....

ဝမ်ထိုင်စန် ထိုသို့ပင်တွေးသည်။ ဝမ်ထိုင်စန်သည် အဖေ တရားဘက်ကရပ်သင့်သည်ဟုဆုံးဖြတ်လိုက်၏။



သူသည် ချက်ချင်း ပင် သူ့ဖခင်ဆီသို့ ခုန်ဝင်ကာ မိန်ချုန်ယူကို တွန်းလွှတ်လိုက်သည်။

"ပြေး .... ပြေး .... မင်းအဖေဆီကိုပြေး"

မိန်ချုန်ယူသည် လဲကျနေရာမှ သူ့ဖခင်မိန်ဝူးချုန်ရှိရာသို့ ပြေး လေတော့သည်။ ထိုသို့ပြေးနေသည်ကို ဝမ်ကျိုးဝေကြည့်နေသည်။

ဝမ်ကျိုးဝေ၏အကြည့်ကို ဝမ်ထိုင်စန်သိလိုက်သည်။

ထိုခဏအတွင်း လွှားခနဲခုန်လိုက်သည်။ မိန်ချုန်ယူရှိရာသို့ ဖြစ်သည်။ ထိုခဏအတွင်းမှာပင် .... ဝမ်ကျိုးဝေကလည်း သူ့လက် သဲမှများကို ပေါက်ပြီးဖြစ်နေသည်။

"အား ...."

နာနာကျင်ကျင်အော်လိုက်သည့် ဝမ်ထိုင်စန်၏အသံသည် တော်ဝန်းကျင်တစ်ခုလုံးပျံ့သွားသည်။

"ဟင် ...."

"ဟာ ...."

"အို ...."

ထိုမြင်ကွင်းကိုကြည့်ကာ နှစ်ဖက်စလုံးမှလူများ ကြက်သေ သေကုန်သည်။ နောက်မှ .... မိန်ဝူးချုန်သည်သတိဝင်ပြီး လဲကျနေ သည့်သမီးဖြစ်သူ မိန်ချုန်ယူအား ပြေးပွေ့လိုက်သည်။

မိန်ချုန်ယူအား သူ့အုပ်စုထဲသို့ လွှဲပြောင်းပေးလိုက်ပြီး ကျော အားဒဏ်ရာဖြင့်လဲကျနေသော ဝမ်ထိုင်စန်အား ရွေ့ချိုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လူလေး .... ဝမ်ထိုင် ... စန်"

ဝမ်ထိုင်စန်က အားယူ၍မျက်လုံးဖွင့်ကြည့်လိုက်သည်။

မားမြှောင်က သူ့ကျောခြံ နက်ရှိုင်းစွာစူးဝင်နေပြီဖြစ်၍ မချိတရိအားယူဖြုံးလိုက်ပြီး ငြိမ်ကျသွားလေတော့သည်။

"ဝမ်ထိုင်စန် .... လူလေး .... ဝမ်ထိုင်စန်"

မိန်ဝူးချန်သည် ဝမ်ထိုင်စန်ကိုလှုပ်နှိုးသည်။ ဝမ်ထိုင်စန်ကား သေဆုံးသွားလေပြီ။ မိန်ဝူးချန်သည် ဝမ်ကျိုးဝေအား မီးဝင်းဝင်းတောက်သောမျက်လုံးများဖြင့် မော့ကြည့်လိုက်သည်။

"တောက် .... ခင်ဗျား လူစိတ်မရှိသေးရဲ့လား။ ဒီမှာကြည့်စမ်း။ ခင်ဗျားလက်ချက်နဲ့ အပြစ်မဲ့တဲ့ခင်ဗျားသား သေဆုံးသွားခဲ့ရပြီ၊ ခင်ဗျားသိရဲ့လား"

မိန်ဝူးချန်က မချိတင်ကဲအော်လိုက်သည်။

ဝမ်ကျိုးဝေမှာ .... သူမျှော်လင့်မထားသည့်တို့ဖြစ်သွားခဲ့ရာ တဒင်္ဂမျှ ကြက်သေသေသွားသည်။ သို့သော် ....

"အဲဒါ မင်းတို့ကြောင့်ဖြစ်ရတာ၊ ငါ့သားသေသလို မင်းတို့သေရမယ်"

ကျယ်လောင်စွာအော်ဟစ်ပြီး မိန်ဝူးချန်ထံသို့ ခုန်ဝင်တိုက်ခိုက်လိုက်လေတော့သည်။

❁❁❁



## ဆိုးယုတ်သူတို့၏ဇာတ်သိမ်း

တိုက်ပွဲကြီးကား စတင်လေပြီ။

ကျန်လူများလည်း အသီးသီးတိုက်ခိုက်ကြလေပြီ။

မိုးကြိုးလက်တန်ချူးကား နဂိုကတည်းက အငြိုးအတေးရှိ ားသူ သံဘီလူးခွပ်ရှန်နှင့် ရင်ဆိုင်တိုက်ခိုက်လေ၏။

သံဘီလူးခွပ်ရှန်သည် သရဲတစ်ထောင်အိုချူးကိုလုပ်ကြံပြီး ာက်ထပ် သိုင်းရာဇာ၊ သိုင်းဒေဝီများကိုလုပ်ကြံမည့်သူဖြစ်သည်။

ထို့ကြောင့် .... သံဘီလူးခွပ်ရှန်အားအပြတ်ရှင်းလိုသဖြင့် ဘီလူးခွပ်ရှန်နှင့် ရင်ဆိုင်ခြင်းဖြစ်လေသည်။

နောက်ထပ်ကြီးမားသောအငြိုးအတေးရှိထားသူမှာ ....

ပန်းဓား ယန်စီပန်ဖြစ်လေ၏။ ပန်းဓားယန်စီပန်နှင့် ရင်ဆိုင် မှာ အန်ပေါင်ကျောက်ဖြစ်သည်။ သူ့အား ချောက်ကမ်းပါးပေါ်မှ န်းချခဲ့သူမှာ အန်ပေါင်ကျောက်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အန်ပေါင်ကျောက်အပေါ် မပြေသောအငြိုးရှိခဲ့သည်။

သူ့အား လက်စားချေရန် အခွင့်အရေးသည် ပေါ်ပေါက်လာပြီဖြစ်သည်။

ငရဲဒေဝီဖူပန်ကိုရင်ဆိုင်သူမှာ ပန်းနတ်သမီးလီပိုးဖြစ်၏။

ပန်းနတ်သမီးသည် အအေးဖြစ်၏။

ငရဲဒေဝီဖူပန်မှာမူ အပူဖြစ်သည်။

ပန်းနတ်သမီး၏ယှဉ်ရှားတိုက်ခိုက်မှုမှာ ရက်စက်ကြမ်းတမ်းသည်။ တစ်ချက်နှစ်ချက်သာ တိုက်ခိုက်ရသေးသည်။

လိပ်ပြာနတ်ဒေဝီဆုတီက ပန်းနတ်သမီးလီပိုးအား တောင်းပန်မေတ္တာရပ်ခံလေသည်။

"ရှင်က ဆုံးရှုံးထားတာဘာမှမရှိပါဘူး၊ ကျွန်မကတော့ တပည့်တစ်ယောက် ဆုံးရှုံးထားရပါတယ်၊ ကျွန်မပဲရင်ဆိုင်ပါရစေ"

လိပ်ပြာနတ်ဒေဝီဆုတီစကားက မှန်ပေသည်။

သူ့တပည့်ဖြစ်သောလိပ်ပြာနတ်သိုင်းသမား ချိန်လီကျန်းသေဆုံးသွားရသည်မဟုတ်ပါလော။

ပန်းနတ်သမီးလီပိုးသည် အသာပင် နောက်ဆုတ်ပေးလိုက်၏။ ဆုတီကကျေနပ်စွာပြုံးရင်း ......

"ခုလိုရှောင်ပေးတဲ့အတွက် ကျေးဇူးပါပဲရှင်၊ ရှင်က ဟောဟိုကလေးတွေရဲ့ လုံခြုံရေးကို တာဝန်ယူလိုက်စမ်းပါ၊ ကျွန်မ သူ့ကို စိတ်ဖြောင့်ဖြောင့်တိုက်စမ်းပါရစေ"



"စိတ်ချပါ ... ကလေးတွေ တစ်စုံတစ်ခုဖြစ်မသွားဖို့ ကျွန်မ တာဝန်ယူပါတယ်"

ပန်းနတ်သမီးလီပိုးက ရဲရဲတင်းတင်းကတိပေးလိုက်၏။

ထို့နောက် တာလင်း၊ မိန်စုပင်၊ မိန်ချန်ယူနှင့် ချိန်ယင်ခုန်တို့အနီး၌ သွားရပ်နေလိုက်သည်။

တာလင်း၊ မိန်စုပင်၊ မိန်ချန်ယူနှင့်ချိန်ယင်ခုန်တို့မှာ တိုက်ခိုက်သူမရှိဘဲ သူတို့ရှေ့၌တိုက်ပွဲကြီးဖြစ်သည်ကိုသာ ငေးကြည့်နေရတော့သည်။

ဝမ်ကျိုးဝေ၏တပည့်သားများမှာ အဝေး၌ရပ်နေကြ၏။

ဤတိုက်ပွဲများ၌ သူတို့ အနားမကပ်နိုင်ကြောင်း သူတို့သိသည်။ ထိုစဉ် အန်ဟွာချူးသည် ရုတ်တရက် ရှေ့တိုးလာပြီး ......

"ကဲ ...... မိန်စုပင်၊ မင်းနဲ့ငါ လက်ရည်စမ်းကြည့်လိုက်ကြရအောင်"

မိန်စုပင်ကလည်း အံကြိတ်၍ပြောလိုက်၏။

"ရတယ်အန်ဟွာချူး၊ ငါကလဲ အဆင်သင့်ပဲ"

မိန်စုပင်က ဓားကိုဆွဲထုတ်လိုက်သည်။

"ရှမ်း ......"

သို့သော် သူတို့နှစ်ယောက်တိုက်ခိုက်ခွင့်မရလိုက်ပါ။

တာလင်းက သူတို့နှစ်ယောက်အကြားသို့ ဝင်ရောက်လာသောကြောင့်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့နှစ်ယောက်စလုံးကို ကျွန်မတောင်းပန်ပါတယ်ရှင်၊ တစ်ယောက်နဲ့တစ်ယောက် မတိုက်ခိုက်ကြပါနဲ့၊ အန်ဟွာချူးဟာ ကျွန်မရဲ့ဖအေတူမအေကွဲ မောင်နှမဖြစ်နေသလို မိန်စုပင်ဟာလဲ ကျွန်မရဲ့ချစ်သူဖြစ်နေတယ်၊ ဒါကြောင့် ရှင်တို့နှစ်ယောက်တိုက်ခိုက်နေတာကို ကျွန်မ လုံးဝမမြင်ချင်ဘူး"

တာလင်းက ထိုသို့ပြောလာသဖြင့် အန်ဟွာချူးနှင့်မိန်စုပင်တို့မှာ ဓားများကိုသိမ်းဆည်းလိုက်ရသည်။

မိန်စုပင်သည် ညီမဘက်သို့လှည့်ကြည့်လိုက်သည်။

ညီမဖြစ်သူ မိန်ချန်ယူသည် ဝမ်ထိုင်စန်အလောင်းကို ပွေ့ဖက်ထားသည်ကို တွေ့ရှိလိုက်လေသည်။

ထို့ကြောင့် မိန်စုပင်ရင်နင့်သွားသည်။

ဝမ်ထိုင်စန်သည် ညီမလေးမိန်ချန်ယူအပေါ် သံယောဇဉ်ရှိကြောင်းကို အသက်နှင့်လဲ၍ပြသသွားသည်။

ညီမလေး ရင်နာရမည်ပေါ့။

ညီမလေး မခံစားရအောင် သူနှစ်သိမ့်မှုပေးတတ်ပါ၏။

"ညီမလေး"

မိန်စုပင်သည် ညီမလေးမိန်ချန်ယူ၏ပခုံးကိုဖက်၍ခေါ်လိုက်၏။ မိန်ချန်ယူက အစ်ကိုဖြစ်သူအား မော့ကြည့်သည်။

မိန်ချန်ယူ၏မျက်ဝန်းအိမ်တွင်ကား မျက်ရည်များပြည့်လျှံနေလေသည်။



"အစ်ကို .... သူလေ .... သူ ညီမလေးအသက်ကိုကယ်ရင်းနဲ့ သေဆုံးသွားခဲ့ရပြီ၊ ညီမလေး ဘယ်လိုဖြေရမလဲအစ်ကိုရယ်"

မိန်ချန်ယူသည် ငိုရှိုက်ရင်း သူ့ရင်ခွင်ထဲသို့ ခေါင်းတိုးဝင်လာသဖြင့် ညီမဖြစ်သူကိုပွေ့ဖက်ထားလိုက်ရသည်။

မိန်စုပင် ဆုတောင်းမိသည်။

နောင်ဘဝ၌ ဤအဖြစ်ဆိုးမျိုးမကြုံရပါစေနဲ့။

ပျော်ရွှင်စွာ ပေါင်းသင်းနိုင်ကြပါစေဟု ဆုတောင်းမိသည်။

ထိုအချိန်တွင် တိုက်ပွဲများက လွန်စွာပြင်းထန်လှတော့သည်။

နယ်စားကြီးဝမ်ကျိုးဝေနှင့် မိန်ဂူးချန်တို့မှာ သိုင်းကွက် နှစ်ဆယ်မျှတိုက်ခိုက်ပြီးသော်လည်း မည်သူ့ကို မည်သူကမျှ အသာစီးတိုက်ခိုက်နိုင်ခြင်းမရှိသေးပေ။

သို့သော် မိန်ဂူးချန်က သိုင်းပညာရော အတွင်းအားပညာပါ သာလွန်နေသည်။

ဤအချက်ကိုတော့ ဝမ်ကျိုးဝေကောင်းစွာသိနေသည်။

ထို့ကြောင့် ဝမ်ကျိုးဝေသည် အမှားမခံရဲချေ။

သတိကြီးစွာထား၍တိုက်နေရသည်။

မိန်ဂူးချန်ကလည်း ထိုအဖြစ်ကို ရိပ်စားမိသည်။

ဝမ်ကျိုးဝေ အမှားမလုပ်မိရန်အရေးကြီးသည်။

အမှားလုပ်လျှင် စောစောစီးစီးပွဲသိမ်းနိုင်မည်။

ထို့ကြောင့် မိန်ဂူးချန်က ....

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ်လဲ ဝမ်ကျိုးဝေ၊ မဟုတ်တာလုပ်တုန်းကတော့ မိတ်ဆွေမျက်နှာတောင်မှမထောက်၊ မဟုတ်တာတွေကို လုပ်လိုက်တာ၊ ခု ခံရတော့မယ့်အလှည့်ရောက်တော့ ကြောက်နေပြီလား"

ဝမ်ကျိုးဝေက ဒေါသဖြင့်ပြန်အော်သည်။

"အပိုတွေပြောမနေနဲ့မိန်ဂူးချန်၊ ခင်ဗျား ကျူပ်ကို ခုချိန်ထိ နိုင်အောင်မတိုက်နိုင်သေးပါဘူး"

ဝမ်ကျိုးဝေက မိန်ဂူးချန်အား ဂရုမထားသယောင် ပြန်ပြောလေ၏။

"လာမယ်လေ ..... မကြာခင်မှာ ခင်ဗျားရှုံးနိမ့်တော့မှာပါ"

"ဟား ..... ဟား ..... ဟား ..... ခင်ဗျား ပြောတိုင်းသာ ဖြစ်နေရမယ်ဆိုရင်တော့ ကမ္ဘာပျက်လိမ့်မယ်ဗျို့"

"မကြာခင် ခင်ဗျားသိစေရမယ်"

မိန်ဂူးချန်သည် မိုးခွဲလက်ချောင်းသိုင်းပညာကို စတင်အသုံးပြုတော့သည်။

ထိုမိုးခွဲလက်ချောင်းသိုင်းပညာတွင် စုစုပေါင်း သိုင်းကွက် ခုနစ်ကွက်ပါပြီး တစ်ကွက်တစ်ကွက်စီတွင် ဆင့်ပြောင်းသိုင်းကွက် လေးကွက်စီပါရှိ၏။

မိန်ဂူးချန်သည် ရှေးဦးစွာ တိမ်ဖြိုလက်ချောင်းသိုင်းကွက်ဖြင့် စတင်တိုက်ခိုက်၏။

အတွင်းအားအပြည့်ပါသော လက်ချောင်းများသည် ....



ဝမ်ကျိုးဝေ၏လည်မျိုဆီသို့ လျှပ်တစ်ပြက်ဝင်ရောက်သွားတော့သည်။

"ဗိုး ....."

ဝမ်ကျိုးဝေက ညာခြေကို နောက်တစ်လှမ်းဆုတ်ပြီး တိမ်းရှောင်ပေးသည်။

သည်တွင် မိန်ဂူးချန်က ဒုတိယသိုင်းကွက်ဖြစ်သော နတ်သမီးကကြိုးသိုင်းကွက်ဖြင့် ဆက်လက်တိုက်ခိုက်လိုက်၏။

ဝမ်ကျိုးဝေသည် ထိုသိုင်းကွက်ကိုလည်း တိမ်းရှောင်ပြီး ....

တစ်ဖန်ပြန်လည်တိုက်ခိုက်လေ၏။ သူသည် ပြင်းထန်သော အရှိန်အဟုန်ဖြင့် ကန်ချက်ကစ်ချက်ကိုကန်ထုတ်လိုက်သည်။

မိန်ဂူးချန်သည် သူ့ခါးလယ်သို့ဖြတ်ဝင်လာသောကန်ချက်ကို အသာရှောင်ပြီး တတိယမြောက်သိုင်းကွက်ကိုအသုံးပြုလေတော့၏။

ထိုသို့ မိုးခွဲလက်ချောင်းသိုင်းကွက် တစ်ကွက်ပြီးတစ်ကွက် ထုတ်သုံးသွားသော်လည်း မိန်ဂူးချန်သည် ဝမ်ကျိုးဝေကိုအနိုင်ယူခြင်း မရှိသေးချေ။

ဝမ်ကျိုးဝေမှာ ထိုသိုင်းကွက်များကိုတွေ့ကြုံဖူးထားသဖြင့် မိန်ဂူးချန် အနိုင်မတိုက်နိုင်တဲ့ရှိခဲ့ရသည်။

ပထမတွင် မိန်ဂူးချန် အံ့ဩသွားရသည်။

သို့သော် ... နောက်တွင် တဖြည်းဖြည်းသဘောပေါက်လာသဖြင့် မရဏကျွန်းတွင် သရဲတစ်ထောင်အိုချူးသင်ပေးခဲ့သော သိုင်း

www.burmeseclassic.com

www.burmeseclassic.com



ကွက်များကိုအသုံးပြုရန် ဆုံးဖြတ်လိုက်တော့၏။

ပန်းဓားယန်စီပန်နှင့်အန်ပေါင်ကျောက်တို့၏ တိုက်ပွဲမှာလည်း ပြင်းထန်နေသည်။

ပန်းဓားယန်စီပန်က ခနဲ့လိုက်သည်။

"ဘယ်လိုလဲ ..... အန်ပေါင်ကျောက်"

"ဘာ .... ဘယ်လိုလဲ"

"ခု ရှင်သေရမှာကြောက်နေပြီ မဟုတ်လား"

"ဟင်း .... ဘာလို့သေရမှာကြောက်ရမှာလဲ"

"ရှင် ကျွန်မကို ချောက်ထဲတွန်းချခဲ့တုန်းကတော့ ဒီမျက်နှာမျိုးမဟုတ်ပါဘူး"

အန်ပေါင်ကျောက်မှာ သူမ၏လက်ချက်ဖြင့် ဒဏ်ရာနှစ်ချက်ရရှိခဲ့လေပြီ။ တစ်ချက်က ရင်ဝတွင်ထိသည်။ တစ်ချက်က ဘယ်လက်တွင်ရရှိထားသည်။

အန်ပေါက်ကျောက်မှာ .... ပန်းနတ်သမီးလီပိုးထံတွင် သိုင်းပညာထပ်မံသင်ယူထားသည့်ယန်စီပန်အား မည်သို့မျှမယှဉ်နိုင်ချေ။

သို့သော် .... သူ့ကို ကြောက်သည်ဟုစွပ်စွဲလာခြင်းကိုတော့ မခံနိုင်ချေ။ ပန်းဓားယန်စီပန်ကို ခက်ထန်စွာကြည့်လိုက်ပြီး .....

"မင်းက အသာစီးရလို့ဘဝင်မြင့်နေတာလား၊ အရှုံးအနိုင်ဆိုတာ တိုက်ပွဲမပြီးသေးဘဲနဲ့ ဆုံးဖြတ်လို့ မရဘူး၊ ဒါကို မင်းမြဲမြဲမှတ်ထားစမ်းပါ"



"ဒီပြင်တိုက်ပွဲတွေအတွက်ကတော့ ရှင်ပြောသလို ဟုတ်ချင်ဟုတ်မယ်၊ ရှင်နဲ့ကျွန်မရဲ့တိုက်ပွဲကတော့ ကြိုတင်ဆုံးဖြတ်လို့ရနေတာပဲဥစ္စာ၊ ခုပဲ ရှင့်မှာဒဏ်ရာနှစ်ချက်တောင် ရထားပြီးပြီပဲ"

ပန်းဓားယန်စီပန်က အန်ပေါင်ကျောက် ဒေါသဖြစ်သထက်ဖြစ်လာအောင် တမင်ဆွပေးလိုက်၏။ သူမ ယူဆထားသည့်အတိုင်း အန်ပေါင်ကျောက် ရှူးရှူးရှားရှားဖြစ်လာတော့၏။

"မင်းက တယ်ပြီး ကိုယ့်ကိုယ်ကိုအထင်ကြီးတာကိုး၊ ဒီမှာ ယန်စီပန် လွန်ခဲ့တဲ့နှစ်နှစ်ဆယ်လောက်တုန်းက မင်း ကံကောင်းပြီး အသက်ရှင်ခဲ့ပေမယ့် ဒီနေ့တော့ ငါ့လက်ချက်နဲ့ သေကိုသေရမယ်"

အန်ပေါင်ကျောက်ကပြောလိုက်၏။

ထို့နောက် မုန်တိုင်းစက်ဝိုင်းသိုင်းကွက်ဖြင့် တိုက်ခိုက်တော့သည်။ ပန်းဓားယန်စီပန်က နောက်ဆုတ်ရှောင်တိမ်းလိုက်ရ၏။

ပန်းဓားယန်စီပန် နောက်ဆုတ်သွားသည်ကိုမြင်သည်နှင့် အန်ပေါင်ကျောက် အားတက်သွားသည်။ ရှေ့တိုးပြီးတိုက်ခိုက်တော့သည်။ တကယ်တော့ ပန်းဓားယန်စီပန် ထောင်ချောက်ဆင်ခြင်းသာဖြစ်သည်။

ယန်စီပန်သည် အန်ပေါင်ကျောက်၏ခြေထောက်များကို ရှတ်တရက်သိမ်း၍ခုတ်ချလိုက်သည်။

အန်ပေါင်ကျောက်၏တိုက်ခိုက်မှုအရှိန် ရပ်သွား၏။

ထိုအခါ ....

www.burmeseclassic.com

www.burmeseclassic.com



ယန်စီပန်က ပန်းကြွေမြေထိသိုင်းကွက်ဖြင့် လျှပ်တစ်ပြက် တိုက်ခိုက်တော့သည်။

ထိုအခါ အန်ပေါင်ကျောက်မှာ အထိတ်တလန့်ဖြင့် ထပ်မံရှောင်တိမ်းလိုက်ရပြန်၏။ ထိုသိုင်းကွက်လွဲသွားသည်နှင့် ပန်းဓားယန်စီပန်သည် လေယူရာသိမ်းဓားကွက်ဖြင့် ထပ်မံတိုက်ခိုက်တော့၏။

ပန်းဓားယန်စီပန်၏တိုက်ခိုက်ဟန်မှာ လွန်စွာပျော့ပျောင်းသည်။ ပျော့ပျောင်းသော်လည်းလျင်မြန်မှုရှိသည်။ အန်ပေါင်ကျောက်၏ဓားကိုင်လက်ကိုထိပြီး ဓားမှာမြေပြင်သို့လွတ်ကျသွားတော့၏။

"အား ....."

အန်ပေါင်ကျောက်မှာ သူ့အခြေအနေမလှတော့သည်ကို ချက်ချင်းရိပ်စားမိသွား၏။

ဓားဖြင့်ပင် မယှဉ်နိုင်ဟုဆိုပါက ဓားမပါဘဲ လက်ချည်းဖြင့် သက်သက်ယှဉ်ပြိုင်ဖို့ကတော့ ခက်လှသည်။

သို့ဖြစ်၍ အန်ပေါင်ကျောက်သည် တိုက်ပွဲစည်းတွင်းမှထွက်ပြေးရန်ဆုံးဖြတ်လိုက်တော့သည်။ မူလနေရာမှ ခုန်ထွက်သည်။

သို့သော် ပန်းဓားယန်စီပန်က သူ့အကြံကိုရိပ်မိလိုက်၏။

"ဒီလိုပြေးလို့ ဘယ်လွတ်ပါ့မလဲ အန်ပေါင်ကျောက်ရယ်"

ပန်းဓားယန်စီပန်သည် တီးတိုးရေရွတ်ပြီးနောက် အန်ပေါင်ကျောက်ရှေ့သို့ ဖျတ်ခနဲခုန်ဝင်ကာ ဓားဖြင့်ခုတ်လိုက်၏။

"ရှမ်း ......"



အန်ပေါင်ကျောက်သည် မူလနေရာ၌ မလှုပ်မယှက်ရပ်နေသည်ကိုတွေ့ရသည်။ ခဏအကြာတွင် လည်မျိုရှိဓားဒဏ်ရာမှ သွေးများပန်းထွက်လာပြီး အသံပင်မထွက်နိုင်တော့ဘဲ ဝုန်းခနဲ လဲကျသေဆုံးလေပြီ။

သံဘီလူးခွပ်ရှန်နှင့်မိုးကြိုးလက်တန်ချူးတို့မှာ တိုက်ချိန်ပိုမိုကြာမြင့်လာသည်နှင့်အမျှ တိုက်ပွဲအရှိန်သည် မြင့်သထက်မြင့်လာသည်။ သိုင်းလောကထိပ်သီးများဖြစ်သည့်အလျောက် သူတို့၏လှုပ်ရှားမှုတိုင်းတွင် လေတိုးသံများထွက်ပေါ်ကာ ပတ်ဝန်းကျင်တွင် ကျောက်မှုန့် ဖုန်မှုန့်များတထောင်းထောင်းထနေသည်။

"သံဘီလူး ခွပ်ရှန် ခင်ဗျား သရဲတစ်ထောင်အိုချူးကို အဆိပ်ခတ်သတ်ခဲ့တယ်မဟုတ်လား"

မိုးကြိုးလက်တန်ချူးကမေးလိုက်၏။

"ဟုတ်တယ် ကျုပ်သတ်တယ်၊ တစ်ဦးတည်းသော သိုင်းရာဇာဘွဲ့ကိုခံနိုင်ဖို့ သရဲတစ်ထောင်အိုချူးကိုသတ်တယ်၊ ခင်ဗျားကိုသတ်ပြီးရင် ပြိုင်ဘက်ကင်းသိုင်းရာဇာဖြစ်ပြီ"

သံဘီလူးခွပ်ရှန်က ကိုယ့်ကိုယ်ကိုယုံကြည်စွာပြောလေ၏။

မိုးကြိုးလက်တန်ချူးကရယ်လိုက်သည်။

"ခင်ဗျားက အောက်လမ်းသိုင်းသမား၊ ကျုပ်က အထက်လမ်းသိုင်းသမား၊ ကျုပ်က အမှန်တရားဘက်ကအမြဲရပ်တည်တဲ့လူ၊ ခင်ဗျား ကျုပ်ကိုမနိုင်နိုင်ပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ..... ဟား ..... ဟား ..... အောင်မြင်တဲ့လူဟာ အမှန်တရားဘက်ကရပ်တည်တဲ့လူဗျ"

"ဒီလိုဆိုရင် အမှန်တရားအတွက် သက်သေပြရဦးမှာပဲ"

ပြောပြောဆိုဆို မိုးကြိုးလက်တန်ချူးသည် လေပွေလက်ဝါးသိုင်းကွက်ဖြင့် စတင်တိုက်ခိုက်တော့၏။

သံဘီလူးခွပ်ရှန်သည် ထိုလက်ဝါးရိုက်ချက်များကို လက်ဝါးရိုက်ချက်တစ်ချက်ဖြင့်ခုခံလိုက်၏။

ထိုအခါ မိုးကြိုးလက်တန်ချူးကလည်း သူ့အတွင်းအားကို အကုန်ထုတ်၍ သံဘီလူး၏ရိုက်ချက်ကိုခုခံလိုက်သည်။

"ဝုန်း ....."

ပြင်းထန်သောအသံကြီးထွက်ပေါ်လာပြီးနောက် သံဘီလူးခွပ်ရှန်သည် နောက်သို့ခြေတစ်လှမ်း ဆုတ်သွားလေ၏။ မိုးကြိုးလက်တန်ချူးကတော့ ရပ်မြဲအတိုင်းသာ။

မိုးကြိုးလက်တန်ချူး၏လက်နှင့်ထိမိသော သံဘီလူးခွပ်ရှန်၏လက်မှာ ထုံကျဉ်သွားသည်။ ရင်ဝတွင်လည်း အောင့်သွား၏။ အသက်ရှူမဝသလိုဖြစ်သွားသည်။ မိုးကြိုးလက်တန်ချူးမှာ အတွင်းအား သူ့ထက်မြင့်မားသဖြင့် အတွင်းဒဏ်ကို သူခံလိုက်ရခြင်းဖြစ်၏။

အသက်ကို မှန်မှန်ရှူ၍ အတွင်းဒဏ်ကို ပြန်လည်ကုစားနေခိုက်မှာပင် မိုးကြိုးလက်တန်ချူးသည် လျှပ်တစ်ပြက်ထပ်မံတိုက်ခိုက်လာတော့သည်။



မိုးကြိုးလက်တန်ချူးအသုံးပြုတိုက်ခိုက်သော သိုင်းကွက်မှာ ရောင်စဉ်ပြိုးပြက် ကြယ်ညီနောင်သိုင်းကွက်ဖြစ်လေ၏။

ထိုသိုင်းကွက်မှာဆန်းကြယ်သဖြင့် သံဘီလူးခွပ်ရှန်မှာ အကျပ်အတည်းတွေ့သွားလေတော့သည်။ သံဘီလူးခွပ်ရှန်သည် ထိုအကျပ်အတည်းမှလွတ်မြောက်ရန် အပြင်းအထန်စဉ်းစားရတော့၏။

သူသည် ပျံလွှားငှက်ကြယ်သိုင်းကွက်ကိုသုံးကာ လေထဲတွင် တစောင်းလှည့်၍ခုန်ထွက်သွားလေသည်။ သို့သော် သူမြေပေါ် ပြန်အကျတွင် မိုးကြိုးလက်တန်ချူးသည် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။ လက်သည် ရင်ဝသို့ ဦးတည်ရာမှ လမ်းကြောင်းပြောင်းပြီး ဝမ်းဗိုက်ဆီသို့ ရိုက်ချလိုက်လေတော့သည်။

"ဗွိ ....."

"ဘုတ် ....."

"အင့် ....."

သံဘီလူးခွပ်ရှန် ဘာမျှမတတ်နိုင်တော့ပါ။

မိုးကြိုးလက်တန်ချူး၏ လက်ဝါးသည် သူ့ကိုဒုက္ခပေးသွားပါပြီ။ သူ၏ဝမ်းဗိုက်သို့ တည့်တည့်မတ်မတ်ရိုက်ချလိုက်သဖြင့် သံဘီလူးခွပ်ရှန်သည် မြေပြင်ပေါ်သို့ သုံးလေးပတ်မျှလွင့်စဉ်သွားသည်။

သူ့နှုတ်ခမ်းထောင့်မှ သွေးများယိုစီးကျလာသည်။ သူ့တွင် အားမရှိသလို ခံစားရသည်။ သည်တော့မှ မိုးကြိုးလက်ဟု ခေါ်တွင်ရသည့်အကြောင်းကို သူသိရှိရတော့၏။

www.burmeseclassic.com

www.burmeseclassic.com



တန်ချူး၏ရိုက်ချက်တစ်ချက်သည် မိုးကြိုးပစ်သကဲ့သို့ ပြင်းထန်ပြီး ကြောက်မက်ဖွယ်ကောင်းလှသည်ကို သူသည်ကိုယ်တွေ့ ကြုံလိုက်ရလေပြီ။ ထို့ကြောင့် တန်ချူးအား မိုးကြိုးလက်တန်ချူးဟု ခေါ်တွင်ခြင်းဖြစ်ပေသည်တကား။

သံဘီလူးခွပ်ရှန်သည် မောဟိုက်စွာ အသက်ရှူနေရ၏။

ထိုစဉ် မိုးကြိုးလက်တန်ချူးသည် သူ့ဆီ ရိပ်ခနဲခုန်ဝင်လာသည်ကို တွေ့လိုက်ရတော့သည်။ သူသည် မှုန်ဝါးသည့်အကြည့်ဖြင့် အားတင်း၍စိုက်ကြည့်လိုက်၏။ မိုးကြိုးလက်တန်ချူး၏လက်ဝါး မြှောက်တက်သွားသည်ကို တွေ့ရသည်။

သူသည် တိမ်းရှောင်ရန် ကြိုးစားသော်လည်း အင်အားများ ကုန်ခမ်းသွားသလိုခံစားနေရသဖြင့် သူ၏တိမ်းရှောင်မှုမှာနှေးကွေး နေရသည်။

"ဗုန်း ......"

မိုးကြိုးလက်တန်ချူး၏လက်ဝါးသည် သံဘီလူးခွပ်ရှန်၏ ဦးခေါင်းပေါ်သို့ရောက်လေတော့၏။ ဦးခေါင်းကြေကွဲသံပေါ်လာသည်။ သံဘီလူးခွပ်ရှန်၏သက်မဲ့ကိုယ်ခန္ဓာကြီးသည် မြေပြင်ပေါ်၌ ပက်လက်လန်ကျသွားလေတော့သည်။

❁ ❁ ❁



## နောက်ဆုံးတိုက်ပွဲ

ငရဲဒေဝီဖူပန်သည် လိပ်ပြာနှုတ်ဒေဝီဆုတီနှင့်တိုက်ခိုက်နေရင်းမှ သူ့လူများတစ်ယောက်ပြီးတစ်ယောက်လဲကျသေဆုံးကုန်သည်ကို မြင်နေရသည်။

သူကိုယ်တိုင်လည်း လိပ်ပြာနှုတ်ဒေဝီ၏တိုက်ခိုက်မှုကြောင့် ညာဘက်ပခုံးစွန်းတွင် ဒဏ်ရာတစ်ချက်ရနေသဖြင့် သူ့တိုက်ခိုက်မှုကို အပြည့်အဝမတိုက်ခိုက်နိုင်ဘဲ ဖြစ်နေသည်။

ဤအတိုင်းသာဆိုလျှင် သူ့လူများနောက်သို့ သူလိုက်ရတော့မည်။ ငရဲဒေဝီဖူပန် တွေးလိုက်လေ၏။

လိပ်ပြာနှုတ်ဒေဝီသည် အလွန်ပြင်းထန်သောတိုက်ကွက်တစ်ကွက်ကို ထုတ်လိုက်၏။

ထိုအခါ ....

ငရဲဒေဝီဖူပန်သည် နောက်သို့ခုန်ဆုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် လက်နှစ်ဖက်ဆုပ်ပြီး လိပ်ပြာနှုတ်ဒေဝီဆုတီကို ဂါရဝပြုလိုက်၏။

"ရှင့်ကို ကျွန်မအရှုံးပေးပါတယ် .... ရှင်ကကျွန်မထက် သိုင်းပညာအရာမှာ တော်တော်ကြီးကိုသာလွန်နေပါတယ်၊ ကျွန်မ ဆက်ပြီးတိုက်လဲ့ ရှင့်ကိုမနိုင်နိုင်ပါဘူး"

လိပ်ပြာနှုတ်ဒေဝီသည် သူမအားပြင်းထန်စွာတိုက်ခိုက်လိုက်သဖြင့် တိုက်ရှန်မြွှင့်ပြီဟုထင်လိုက်သည်။ သို့သော် နောက်ပိုင်းတွင် ငရဲဒေဝီ၏ပြောင်းလဲသွားသောအခြေအနေကို သူမတွေ့ရှိရသည်။

ငရဲဒေဝီဖူပန်သည် အရှုံးပေးသွားလေပြီ။

ငရဲဒေဝီဖူပန်မှာ သံဘီလူးခွပ်ရှန်ဘက်မှဝင်ကူသော်လည်း မည်သူ့ကိုမျှသတ်ဖြတ်ခဲ့ခြင်းမရှိ၍ ခွင့်လွှတ်ရန်ဆုံးဖြတ်လိုက်သည်။

"ကောင်းပြီ၊ ရှင်က အရှုံးပေးတယ်ဆိုမှတော့ ကျွန်မကခွင့်လွှတ်ရတော့မှာပေ့ါ၊ ဒါပေမယ့် တစ်ခုတော့ ကျွန်မပြောလိုက်မယ်၊ နောက်ကို မတရားတဲ့ဘက်ကရပ်တည်ဖို့ ဘယ်တော့မှမကြိုးစားပါနဲ့၊ အဲဒီကတိကို ရှင်ပေးရလိမ့်မယ်"

လိပ်ပြာနှုတ်ဒေဝီဆုတီက ကတိတောင်းလိုက်သည်။ ငရဲဒေဝီဖူပန်က တုံ့နှေးခြင်းမရှိဘဲ သွက်လက်စွာ ကတိပေးလိုက်သည်။

"ရှင်တောင်းတဲ့ကတိကို ပေးပါတယ်၊ နောက်ကို မတရားတဲ့ဘက်က လုံးဝမရပ်တည်တော့ပါဘူး"

လိပ်ပြာနှုတ်ဒေဝီဆုတီက ......



"ခုလို ကတိစကားကို ကြားရတဲ့အတွက် ကျွန်မဝမ်းသာပါတယ်၊ ရှင်သွားချင်ရာကို သွားလို့ရပါပြီ"

ငရဲဒေဝီဖူပန်သည် ပန်းနုတ်သမီးလီပိုးကို အရိုအသေပြုလိုက်သည်။ မိန်စုပင်ကလည်း ပြုး၍နှုတ်ဆက်သည်။ ထို့နောက် ဝမ်ကျိုးဝေ၏အိမ်တော်မှ သွက်လက်စွာထွက်ခွာသွားတော့၏။

ဝမ်ကျိုးဝေနှင့်မိန်ပူးချန်တို့ကား တိုက်ခိုက်နေဆဲဖြစ်သည်။ အားလုံးသောလူများသည် သူတို့၏တိုက်ပွဲကိုသာ အာရုံမပြတ်တမ်းစိုက်ကြည့်နေကြလေ၏။

မိန်ပူးချန်နှင့်ဝမ်ကျိုးဝေတို့သည် တစ်ဦးကိုတစ်ဦးအနိုင်ရရှိရန် မီးကုန်ယမ်းကုန်တိုက်ခိုက်နေကြတော့သည်။

မိန်ပူးချန်သည် သရဲတစ်ထောင်အိုချုး၏တိုက်ကွက်များကို ထုတ်သုံးနေသဖြင့် ဝမ်ကျိုးဝေမှာဖရိုဖရဲခုခံနေရသည်။

မိန်ပူးချန်သည် သိုင်းကွက်နှစ်ကွက်နင်းကာ နှစ်ချက်ဆင့်ကန်တိုက်ခိုက်လိုက်၏။ ဝမ်ကျိုးဝေကလည်း လွတ်ရုံရှောင်တိမ်းကာ မိန်ပူးချန်၏ရင်ဝဆီသို့ ခြေကန်ချက်တစ်ချက်ကန်လိုက်၏။

"ဗွိုး ......"

ပြင်းထန်သောကန်ချက်ဖြစ်၍ လေတိုးသံထွက်ပေါ်လာ၏။ မိန်ပူးချန်လည်း ရှောင်ရသည်။ မရှောင်လျှင် မှောက်သွားနိုင်သည်။ မိန်ပူးချန်ရှောင်ပြီးသည်နှင့် လင်းယုန်ကဲ့သို့ လေယဲတင်ပျံသန်းကာ လက်ဝါးဖြင့်နှစ်ချက်ရိုက်လိုက်၏။

www.burmeseclassic.com



အလွန်လျင်မြန်သောတိုက်ခိုက်မှုဖြစ်၍ ဝမ်ကျိုးဝေ အခက်တွေ့သွား၏။ ထို့ပြင် ထိုသိုင်းကွက်မျိုးကိုမတွေ့ဖူးသဖြင့် ဝမ်ကျိုးဝေ အံ့ဩစွာစိုက်ကြည့်နေမိသည်။

ထို့နောက် သူသည် ရှောင်တိမ်းထွက်လိုက်၏။

သို့သော် သူ့ရှောင်ထွက်မှုမှာမဆိုစလောက် နောက်ကျသွား၏။ မိန်ဂူးချန်၏လက်ဝါးရိုက်ချက်သည် သူ့ညာပုခုံးစွန်းသို့ ရှပ်၍ထိသွားသည်။ အကျီစုတ်ပြဲသွားပြီး ထိသောနေရာတွင်လည်း နီရဲသွားသည်။

"ဘယ့်နှယ်လဲဝမ်ကျိုးဝေ .... ခင်ဗျား အေးအေးဆေးဆေး အဖမ်းခံပါ"

မိန်ဂူးချန်သည် ထပ်မံတိုက်ခိုက်ခြင်းမပြုဘဲ ဝမ်ကျိုးဝေကို မေးလိုက်၏။ ဝမ်ကျိုးဝေမှာ ဒေါသထွက်နေလေပြီ။ သူသည် မိန်ဂူးချန်ကို မနိုင်နိုင်သော်လည်း မခံချင်စိတ်ကတိုက်တွန်းလှုံ့ဆော်နေသဖြင့် သေသည်အထိ တိုက်ရန်ဆုံးဖြတ်လိုက်သည်။

"ဒီလောက်ထိရုံလောက်နဲ့တော့ ကျုပ်အရှုံးမပေးသေးဘူး၊ ခင်ဗျား ထပ်တိုက်ကြည့်ပါဦး၊ အရှုံးအနိုင်ဆိုတာ ပွဲဆုံးမှအဖြေပေါ်တာကလား"

"ကောင်းပြီ၊ ခင်ဗျားက တိုက်ဆိုတော့ ထပ်တိုက်ရတာပေါ့"

သူတို့တိုက်ပွဲသည် ပြန်လည်စတင်တော့သည်။ ဝမ်ကျိုးဝေသည် တိုက်ခိုက်နေရင်းမှ သူ့အားထားသည့်လက်နက်ပုန်းများကို



ထုတ်သုံးရန် စိတ်ကူးလိုက်မိသည်။

ထိုသို့ စိတ်ကူးမိလိုက်သည့်ခဏ၌ မိန်ဂူးချန်အား ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းတိုက်ခိုက်လိုက်တော့သည်။

မူလက တစ်ဆုတ်တည်းဆုတ်။ တရှောင်တည်းရှောင် လုပ်နေခဲ့သော ဝမ်ကျိုးဝေသည် သူ့အား တရကြမ်းတိုက်ခိုက်လာသဖြင့် မိန်ဂူးချန် စဉ်းစားရခက်သွားသည်။

ထိုအခိုက်မှာပင် ဝမ်ကျိုးဝေသည် လေထဲသို့ ခုန်တက်သွားပြီး ငွေရောင်အဆိပ်လက်နက်ပုန်းငါးခုကို လျှပ်တစ်ပြက်ပစ်လွှတ်လိုက်တော့သည်။

"ဝှစ် .... ဝှစ် .... ဝှစ် ....."

"ဝှစ် .... ဝှစ် ...."

ဝမ်ကျိုးဝေမှာ လက်နက်ပုန်းပစ်ခတ်မှုတွင် အထူးပင် ကျွမ်းကျင်လှသည်။ ဤလက်နက်ပုန်းပစ်ခတ်သည့်ပညာမှာ မွန်ဂိုဧကရာဇ် ပေးပို့လိုက်သည့်သိုင်းကျမ်းတွင်ပါသော ပညာဖြစ်သည်။

ထို့ပြင် ဝမ်ကျိုးဝေသည် အဆိပ်လက်နက်ပုန်းများကို မြေပြင်၌ရပ်ပြီး ပစ်ခတ်ခြင်းမဟုတ်ပေ။ လေထဲမှပစ်ခတ်ခြင်းကို တော်ရုံတန်ရုံလူ မလုပ်နိုင်ချေ။

ရှောင်တိမ်းသူအနေနှင့်လည်း ပစ်ခတ်သူသည် လေထဲ၌ပျံဝဲနေသဖြင့် သူ့အား မပစ်ခတ်နိုင်ဟုအထင်ရှိကြသည့်အရှောက် ရှောင်တိမ်းရန် မေ့လျော့နေတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် မိန်ဝူးချန်ကား ထိုသို့မဟုတ်ပေ။

သူသည် သရဲတစ်ထောင်အိုချုံးထံမှ ပညာထပ်မသင်မီကပင် ထိပ်သီးသိုင်းသမားဖြစ်နေသည်။ သရဲတစ်ထောင်အိုချုံးထံမှ ပညာထပ်သင်ပြီးသောအခါ သူ့အထက်တွင် သိုင်းရာဇာသုံးပါးနှင့် သိုင်းဒေဝီသုံးပါးတို့သာ ရှိတော့သည်။

သူသည် ဝမ်ကျိုးဝေ ဖြင်းပြင်းထန်ထန်တိုက်ခိုက်ကတည်းက တစ်စုံတစ်ခုအကြံရှိသည်ကိုသိသည်။ သူသည် အထူးသတိထားနေခိုက် ဝမ်ကျိုးဝေက လက်နက်ပုန်းနှင့်ပစ်ခတ်ခဲ့သောအခါ အကျိုလက်စရှည်ဖြင့် ခါယမ်းပစ်နိုင်သည်။

ငွေရောင်အဆိပ်လက်နက်ပုန်းလေးများသည် ဘေးဘက်သို့ လွင့်စဉ်ထွက်သွားသည်။ ထိုအခါ ဝမ်ကျိုးဝေသည် အကြီးအကျယ် မျက်နှာပျက်သွား တော့၏။ သူသည် ဤလက်နက်ပုန်းကလေးများကို အလွန်အားကိုးခဲ့သည်မဟုတ်ပါလော။

သို့သော် သူသည် ကြာရှည်စိတ်မာတ်ကျချိန်မရပေ။

မိန်ဝူးချန်က ဝင်ရောက်တိုက်ခိုက်လာသဖြင့် ရှောင်တိမ်းရပြန်တော့သည်။

မိန်ဝူးချန်သည် လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်၏။ သူ၏ ရိုက်ချက်မှာ ဟန်ပြရိုက်ချက်သာဖြစ်သည်။ ဤသည်ကိုရိပ်စားမိခြင်း မရှိသောဝမ်ကျိုးဝေသည် မိန်ဝူးချန်၏ရိုက်ချက်ကို အထူးဂရုစိုက်၍ ရှောင်တိမ်းလိုက်၏။



မိန်ဝူးချန်သည် အောက်ပိုင်းကို ခြေထောက်ဖြင့်ကန်ထုတ်လိုက်၏။ မထင်မှတ်သောတိုက်ကွက်ဖြစ်သဖြင့် ဝမ်ကျိုးဝေမှာ ရှောင်တိမ်းနိုင်ခြင်းမရှိတော့ချေ။

"ဖြောင်း ......"

"အား ......"

ဝမ်ကျိုးဝေမှာ နာကျင်လွန်းသဖြင့် မတ်တပ်ပင် မရပ်နိုင်တော့ချေ။ ထိုသို့ဟန်ချက်အပျက်တွင် မိန်ဝူးချန်၏ဘယ်ခြေကန်ချက်သည် ခါးလယ်သို့ဝင်ရောက်သွားပြန်လေ၏။

"ဖြောင်း ......"

"အား ......"

ဝမ်ကျိုးဝေမှာ မြေပြင်ပေါ်လိမ့်ဆင်းသွားသည်။

အသက်မသေသေးသော်လည်း မထနိုင်တော့ချေ။

"ဘယ်လိုလဲဝမ့်ကျိုးဝေ .... ခင်ဗျား ကျုပ်ကိုအရှုံးပေးပြီမဟုတ်လား"

နာကျင်မှုကြောင့် ဝမ်ကျိုးဝေ မလှုပ်ချင်တော့ပေ။

သို့သော် ကြိုးစားပြီး ခေါင်းညိတ်ပြလေ၏။

နယ်စားကြီးဟူ၍ မာန်မာနထောင်လွှားခြင်းမရှိတော့ပေ။

"ဖေဖေ ဟိုမှာ ဘုရင့်မြင်းတပ်လာနေပြီ"

မိန်စုပင်က အော်ပြောလိုက်၏။

မှန်သည်။ ◌

www.burmeseclassic.com



မြင်းတပ်သားတစ်ရာခန့်သည် ....

အမတ်ကြီးလင်ရှု၏ဦးဆောင်မှုဖြင့် ချီတက်လာနေပြီ။

အဓိကတရားခံ နယ်စားကြီးဝမ်ကျိုးဝေသည်လည်း မြေပြင်ပေါ်၌လဲကျနေလေပြီ။

❀ ❀ ❀

ယခုအခါ ပြဿနာအားလုံး ပြေလည်သွားလေပြီ။

ဝမ်ကျိုးဝေသည် သိုင်းကျမ်းကိုခိုးယူမိခဲ့သည်ကို ဝန်ခံ၍ သူဝှက်ထားသည့်သိုင်းကျမ်းကြီးကို အမတ်ကြီးလင်ရှုထံ ပြန်၍အပ်နှံခဲ့၏။ ထို့ကြောင့် ....

အမတ်ကြီးလင်ရှုသည် မွန်ဂိုဧကရာဇ်က လက်ဆောင်ပါး လိုက်သည့်သိုင်းကျမ်းကို နေပြည်တော်သို့ယူဆောင်ပြီး ဝမ်ကျိုးဝေကိုပါ တစ်ပါတည်းဖမ်းဆီးခေါ်ဆောင်သွားလေတော့သည်။

ဝမ်ကျိုးဝေမရှိတော့၍ လစ်လပ်သွားသည့်ရှန်စီးနယ်စားကြီးနေရာကို ဘုရင်ဧကရာဇ်အမိန့်ဖြင့် မိန်ဝူးချန်အား ခန့်ထားလိုက်သည်။ ထိုအမိန့်ကို အမတ်ကြီးလင်ရှုပင် ယူလာခဲ့သည်။

သို့ဖြစ်၍ .... ဝမ်ကျိုးဝေနေထိုင်သွားသည့် အိမ်တော်ကြီးသို့ မိန်ဝူးချန်တို့သားအဖပြောင်းရွှေ့လျက်နေထိုင်ကြသည်။

ကျန်လူများအနက်မှ ချိန်လီကျန်၏သမီး ချိန်ယင်ခုန်သည်



သူ့ဖခင်၏ဆရာဖြစ်သူ လိပ်ပြာနှုတ်ခမ်းဒေဝီနေထိုင်ရာသို့ လိုက်ပါသွားတော့မည်ဖြစ်ကြောင်း လာရောက်ပြောကြားသည်။

သိုင်းရာဇာကြီးမိုးကြိုးလက်တန်ချူးသည် တရုတ်ပြည်အနှံ့အပြားသို့ခရီးထွက်သွားသည်။ သူ့ခရီးစဉ်မှာ .... မကောင်းသူပယ်ကောင်းသူကယ်ခရီးစဉ်သာဖြစ်မည်ဖြစ်ကြောင်း မိန်ဝူးချန့်ကောင်းစွာသိလေသည်။

ပန်းစားယန်စီပန်ကတော့ သမီးဖြစ်သူတာလင်းကို မိန်စုပင်နှင့်လက်ထပ်ပေးခဲ့သည်။ သူမကတော့ သူမ၏ဆရာပန်းနှုတ်သမီးလီပိုးနှင့်အတူ ပန်းကမ္ဘာတောင်တွင် ထာဝရနေထိုင်သွားတော့မည်ဟုပြောဆိုကာ ထွက်သွားခဲ့ပေသည်။

တာလင်းက ငိုယို၍တားမြစ်သောအခါ ....

"သမီး မေမေ့ကိုလွမ်းရင် ပန်းကမ္ဘာတောင်ကိုလိုက်လာနိုင်တာပဲ၊ မေမေပန်းကမ္ဘာတောင်မှာပဲရှိနေမှာပါ၊ ဘယ်မှမသွားပါဘူး။ မေမေဟာ ဆရာ့ကိုခြေဆုပ်လက်နယ်ပြုသင့်နေတာကြာပါပြီ၊ အခုဆိုရင်တော့ မေမေ့ဘဝဟာ အဆင်ပြေသွားပါပြီ၊ သမီးတို့အဆင်ပြေတဲ့တစ်နေ့ ပန်းကမ္ဘာတောင်ကိုလိုက်လာခဲ့ကြပါ"

သို့ဖြစ်သောကြောင့် ရှန်စီးနယ်စားကြီးမိန်ဝူးချန်၏စံအိမ်တော်ကြီးတွင် မိန်ဝူးချန်၊ လက်ထပ်ပြီးကာစ မိန်စုပင်နှင့်တာလင်း မိန်ချန်ယူတို့လေးယောက်နေထိုင်ကြသည်။ မိန်စုပင်နှင့်တာလင်းတို့သည် ခြံထဲ၌လမ်းလျှောက်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ....."

"ဗျာ ....."

"ညီမလေးမိန်ချန်ယူ ခုလောက်ဆိုရင် သူ့အခန်းထဲမှာ တစ်ယောက်တည်းပျင်းနေရောပေါ့၊ သူ့ဆီကိုသွားပြီး စကားလေး ဘာလေးပြောကြရအောင်"

"သွားလေ တာလင်းသဘောပဲ"

မိန်စုပင်တို့လင်မယားသည် ခြံထဲမှတက်လာပြီး မိန်ချန်ယူ၏အခန်းဆီသို့ တက်လာခဲ့ကြသည်။

မိန်ချန်ယူ၏အခန်းဆီသို့ ရောက်သောအခါ မိန်စုပင်သည် အခန်းထဲသို့ တန်းမဝင်ဘဲ တံခါးကွယ်၌ အခန်းထဲသို့ချောင်းကြည့်လိုက်သည်။ ထိုအခါ အိပ်ရာထက်တွင် ကွေးကွေးကလေးအိပ်နေသောညီမဖြစ်သူကို တွေ့လိုက်ရလေသည်။

သူမ၏မျက်ဝန်းအိမ်၌ မျက်ရည်များရစ်ဝိုင်းနေသည်ကို မိန်စုပင် တွေ့လိုက်ရသည်။ မျက်နှာကလေးမှာလည်း နေရောင်ခြည်မရသောပန်းကလေးကဲ့သို့ ညှိုးနွမ်းနေလေသည်။

မိန်စုပင်သည် စိတ်မကောင်းခြင်းကြီးစွာဖြစ်သွားပြီး သက်ပြင်းကိုဖြည်းညင်းစွာချလိုက်သည်။ သူ့နောက်တွင်ရပ်ကြည့်နေသောချစ်ဇနီးတာလင်း၏လက်ဖဝါးနုနုကို ကိုင်လိုက်သည်။

"လာပါတာလင်းရယ်၊ ကိုယ်တို့ ဒီနေရာကလှည့်ပြန်ကြတာ ပဲကောင်းပါတယ်"



"ဘာဖြစ်လို့လဲ အစ်ကိုရယ်"

တာလင်းက နားမလည်နိုင်သလို ကြည့်လိုက်၏။

မိန်စုပင်က ဖြည်းညင်းစွာရှင်းပြလိုက်သည်။

"ညီမလေးဟာ သူ့ရဲ့ချစ်သူအကြောင်းတွေးရင်း ဆွေးနေတယ်လေ၊ သူ့ခံစားမှုနဲ့သူ ငြိမ်ငြိမ်သက်သက်ရှိနေတာပဲ ကောင်းပါတယ်၊ ငါတို့ ညီမလေးကိုသွားစကားပြောရင် သူ့ကိုနှောင့်ယှက်ရာကျသွားလိမ့်မယ်"

"ဟာ ..... အစ်ကိုမှားပြီ၊ တာလင်းတို့က သူဆွေးနေတာကို ပျောက်သွားအောင် သွားပြီး ရယ်စရာတွေပြောသင့်တာပေါ့"

မိန်စုပင်က ခေါင်းယမ်းလိုက်သည်။

"ငါတို့ ရယ်စရာမောစရာတွေသွားပြောလို့ ညီမလေးရင်ထဲကဝေဒနာတွေ ပျောက်သွားမှာမဟုတ်ဘူး ..... ရယ်တာကတခြား ဝေဒနာကတခြား ဖြစ်နေလိမ့်မယ်၊ နောက်ပြီး ငါတို့နှစ်ယောက် သူ့ဆီကို ပျော်ပျော်ရွှင်ရွှင်သွားရင် ညီမလေးဟာ သူ့ချစ်သူကိုပိုပြီးသတိရသွားလိမ့်မယ်၊ ဘာဖြစ်လို့လဲဆိုတော့ ..... ငါတို့ကစုံတွဲဖြစ်ပြီး သူက ဘက်ပဲ့နေတာကိုး"

"ဒါဆို ညီမလေးဆွေးနေတာကို အစ်ကို တစ်သက်လုံး ထိုင်ကြည့်နေမယ်ပေါ့ ဟုတ်လား"

မိန်စုပင်က ဦးခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်သည်။

"ညီမလေးက တစ်သက်လုံးတော့ ဘယ်ဆွေးနိုင်ပါ့မလဲ၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပျောက်သောသူရှာရင်တွေ့ သေသောသူကြာရင်မေ့ဆိုတဲ့စကားအတိုင်း သူ ကြာရင်မေ့သွားမှာပဲ၊ အချိန်က အကောင်းဆုံးသမားတော်ကြီးပါ၊ အချိန်က သူ့ကိုကုသသွားပါလိမ့်မယ်၊ ခုလောလောဆယ်မှာတော့ သူဆွေးပါစေဦး"

တာလင်းသည် ချစ်စဖွယ်ပြုံး၍ခေါင်းညိတ်ပြလိုက်လေ၏။

သူမသည် မိန်ချုန်ယူ၏ဝေဒနာကိုကုသဖို့ အချိန်လိုသည်ကို သဘောပေါက်သွားလေပြီ။

မိန်ရုပင်သည် သူ၏ညီမလေး ပျော်ပျော်ရွှင်ရွှင်ဖြစ်လာမည့်နေ့ရက်ကိုကြည့်ချင်နေပါသည်။ ထိုနေ့ရက် မြန်မြန်ရောက်လာပါစေဟု ဆုတောင်းနေပါသည်။ ယခုတော့ အချိန်စောပါသေးသည်။

သူ့ညီမလေး လွမ်းပါ ဆွေးပါစေဦး ....

*ပြီး၏။*

*တက္ကသိုလ်နေလင်းအောင်*

BURMESE CLASSIC .com

www.burmeseclassic.com